






Every life has a story

ဗလာဒီမာပူတင်

# သံမဏိအပြုံးနှင့်လူ

An Astonishingly Frank Self Portrait by

RUSSIA'S PRESIDENT



# FIRST PERSON

VLADIMIR PUTIN

အောင်မင်းသိုက် မြန်မာပြန်သည်

## စာအုပ်ပုံနှိပ်ခြင်းဆိုင်ရာ မှတ်တမ်း

၂၀၀၃ ခုနှစ်၊ မေလ၊ ပထမအကြိမ်
အုပ်ရေ (၁၀၀၀)
စာမူခွင့်ပြုချက်အမှတ် - ၁၁/၂၀၀၂(၄)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၂/၂၀၀၂(၅)

မျက်နှာဖုံးဒီဇိုင်း - ဆုပြည့်
မျက်နှာဖုံးကာလာခွဲ - Alpha
အတွင်းစာစီနှင့်အပြင်အဆင် - ဆုပြည့်

❑

ပုံနှိပ်သူ
ဦးမြတ်ကျော်၊ စာလုပ်ငန်းပုံနှိပ်တိုက် (၀၅၅၅)
၁၉၄၊ ၃၃လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

❑

ထုတ်ဝေသူ
ဦးသန်းမြင့်၊ လင်းလင်းစာပေ
၄/၂၉၊ မြဝတီမင်းကြီးလမ်း၊ (၁၀) မိုင်ကုန်း၊
အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။

❑

အတွင်းဖလင် - ဇင်ဦးနှင့်ညီများ
စာအုပ်ချုပ် - ကိုမြင့်၊ ညီဝင်းမြင့်

❑

စာမူ မူပိုင် © ပြည့်စုံစာအုပ်တိုက်
မျိုးအောင်(ရတနာ) ၏ စီစဉ်ထုတ်လုပ်မှု
[တန်ဖိုး - K 3900

# ဗလာဒီမာပူတင်

(သို့မဟုတ်)

# သံမဏိအပြုံးနှင့်လူ

ဗလာဒီမာ ပူမာတင်နဲ့ စာရေးသူတွေဟာ (၆) ကြိမ်ခဲ့ပြီး တွေ့ခဲ့ကြပါတယ်။ တစ်ခါတွေ့ရင် (၄)နာရီလောက် ကြာပါတယ်။ ဒီလိုတွေ့တဲ့နေရာမှာ သူရော စာရေးသူတို့ပါ စိတ်ရှည် သည်းခံရတာရှိသလို စိတ်ဆိုးမာန်ဆိုး ဖြစ်ရတာလည်း ကြုံရပါတယ်။ မေးတဲ့မေးခွန်းက သိပ်ပြီး စိတ်အနှောက်အယှက်ဖြစ်စေပါတယ်။ အဲဒါမျိုးဆိုရင် 'ဒါက ပုဂ္ဂိုလ်ရေး သိပ်ဆန်တယ်' လို့ ပူတင်က ပြောပါတယ်။

တွေ့ဆုံတဲ့နေရာမှာ အဝတ်အစားတွေကစပြီး ပေါ့ပေါ့ပါးပါး ဝတ်ထားကြပါတယ်။ ဆိုချင်တာက ကုတ်အင်္ကျီတွေ ဝတ်မထားကြဘူး။ လည်စည်းတော့ ဝတ်ထားကြတာပေါ့။ တွေ့ဆုံတဲ့အချိန်က များသောအားဖြင့် ညဘက်ပိုင်းမှာ ဖြစ်တယ်။ ကရင်မလင်မှာရှိတဲ့ သူ့ရုံးခန်းထဲမှာ တွေ့ကြတာပါ။

ဘာလို့ သူနဲ့ တွေ့ဆုံရတာလဲ။ တစ်ခါကတော့ ထရူဒီ ရှဘင်က **ဖီလာဒဲဖီးယားအင်ကွာရာမဂ္ဂဇင်းမှာ** 'ပူတင် ဘယ်သူလဲ' လို့ မေးထားတာရှိပါတယ်။ ရှဘင့်မေးခွန်းက ရုရှနိုင်ငံမှာရှိတဲ့ ထင်ရှားတဲ့ နိုင်ငံရေးသမား၊ စီးပွားရေးသမားတွေရဲ့ အကြောင်း မေးထားတာ။ ခုတာရားဝင် အဖြေပေးလိုက်ပါပြီ။ မစ္စတာပူတင်ဆိုတာ ဘယ်လိုလူလည်း ဆိုတာကို။

ပူတင်ဘဝနဲ့ ပတ်သက်လို့ မေးခဲ့ပါတယ်။ အဲဒါကတော့ ရုရှလူမျိုးတွေ အများဆုံး လုပ်လေ့ရှိတဲ့ ညစာထမင်းဝိုင်း ပုံစံမျိုးပါ။ မေးမြန်းရတာ ကြာတော့ ညောင်းညာလာကြတယ်။ မျက်ခွံတွေ လေးလံလာကြတယ်။ ဒါပေမယ့် ပူတင်က စကားဝိုင်းကို မရပ်ပစ်ပါဘူး။ တစ်ကြိမ်တော့ တွေ့ဆုံပုံက သန်းကောင်ယံ ကျော်သွားတာမို့ သူက ယဉ်ကျေးစွာနဲ့ 'တခြားစကား ပြောကြရအောင်ဗျာ' လို့ တောင်းပန်ခဲ့ပါတယ်။

**အောင်မင်းသိုက်**

တစ်ခါတစ်ခါတော့ မေးတဲ့မေးခွန်းကို စဉ်းစားနေပါတယ်။ ဒါပေမယ့် ချက်ချင်းပဲပြန်ဖြေပါတယ်။ ဥပမာ– 'ခင်ဗျား သစ္စာဖောက်ခံရဖူးသလား' ဆိုတဲ့ မေးခွန်းပေါ့။ သူ့အတန်ကြာ ငြိမ်သက်သွားပါတယ်။ နောက်ဆုံးတော့မှ 'မဖောက်ဖူး' လို့ တုံးတိတိဖြေတယ်။ ပြီးမှ 'ကျွန်တော့်သူငယ်ချင်းတွေက ကျွန်တော့်ကို သစ္စာမဖောက်ဘူး' လို့ ပြောပါတယ်။

စာရေးသူတို့တစ်သိုက်ဟာ ပူတင်နဲ့ ရင်းနှီးတဲ့ မိတ်ဆွေတွေ၊ သူ့ဘဝမှာ အရေးပါတဲ့လူတွေနဲ့လဲ တွေ့ဆုံခဲ့ပါတယ်။ ပူတင် နေအိမ်လည်း ရောက်တယ်။ သူ့ဇနီး လျူ(ဒ)မီလာ၊ သမီးနှစ်ယောက် မာရှာ၊ ကာတျာနဲ့လည်းတွေ့တယ်။ ပြီးတော့ ခွေးကလေး တော့(စ)ကာနဲ့လည်း တွေ့ရပါတယ်။

ဒီစာအုပ်မှာ အယ်ဒီတာရဲ့ လုပ်ပိုင်ခွင့် ဘာဖြည့်စွက်ချက်မှ မပြုခဲ့ပါဘူး။ စာရေးသူတို့တစ်တွေ မေးတဲ့ မေးခွန်းတွေပဲ အဓိက ဖော်ပြထားပါတယ်။ ပူတင်ကို ပဲဖြစ်ဖြစ်၊ သူ့မိတ်သင်္ဂဟ၊ ဆွေမျိုးတွေကိုပဲဖြစ်ဖြစ် မေးခွန်းနဲ့ ပတ်သက်ပြီး သံသယ ဖြစ်နေတာတို့၊ တွေဝေနေတာတို့၊ စဉ်းစားနေတာတို့ ကြုံနေရချိန်တွေ ရှိပါတယ်။ စာရေးသူတို့က ဘာမှ ကြားဖြတ်ပြောဆိုတာ မရှိပါဘူး။ ဒါကြောင့် ဒီစာအုပ်မှာ လူတွေမေးမြန်းထားတာတွေ တစ်ကိုယ်တည်းပြောစကားတွေ တွေ့ရမှာ ဖြစ်ပါတယ်။

ခုတွေ့ဆုံမေးမြန်းထားချက်တွေဟာ 'မစ္စတာပူတင်ဟာ ဘယ်သူလဲ၊ ဘယ်လိုလူစားလဲ' ဆိုတဲ့ ပဟေဠိဆန်တဲ့ မေးခွန်းကို အပြည့်အဝ မဖြေရှင်းနိုင်ရင်တောင်မှ ရုရှသမ္မတသစ် ပူတင်ရဲ့အကြောင်းကိုတော့ တစ်ပိုင်းတစ တွေ့မြင် သိရှိခွင့်ရမှာ ဖြစ်ပါတယ်။

နာတာလီယာ ဂျီဗိုကာယန်
နာတာလီယာ တီမာခိုဝါ
အွန်ဒရေ ကိုလက်နီကော့(ဗ)

ဗလာဒီမာပူတင် သံမဏိအပြုံးနှင့်လူ

ဤစာအုပ်ပါ အထင်ကရပုဂ္ဂိုလ်များ

* **ဗာဒင် ဗစ်တိုရိုဗစ်(ချ) ဘာ့ကတင်**
  ဆိုဗီယက် ဆိုရှယ်လစ်ပြည်ထောင်စု ပြည်ထဲရေး ဝန်ကြီး (၁၉၈၈–၁၉၉၀)။ ကေဂျီဘီ ဥက္ကဋ္ဌ (၁၉၉၁) သမ္မတရွေးကောက်ပွဲဝင်။
* **ဘောရစ် အေဘရာမိုဗစ်(ချ) ဘီရီဇော့(ဗ)စကီး**
  ထင်ရှားသော စီးပွားရေးသမား၊ နိုင်ငံရေးကိစ္စများပေါ် ဩဇာညောင်းသူ။ အစိုးရလိုလားသော ရုပ်သံပိုင်ရှင်။ လုံခြုံရေးကောင်စီ၏ တွဲဘက်အတွင်းရေးမှူး (၁၉၉၆ အောက်တိုဘာ– ၁၉၉၇ နိုဝင်ဘာ)။ ချေချင်းညာပြဿနာ မှာပါဝင်။ လွတ်လပ်သောနိုင်ငံများ၏ ဓနသဟာယ၏အတွင်းရေးမှူး။ ၁၉၉၉ မတ်လတွင် ယဲ့ဆင်က သူ့ကို ရာထူးမှဖယ်ရှားခဲ့။ ၁၉၉၉ ဒီဇင်ဘာလတွင် ကာရာချာယေဗို– ချာကီစီယာကိုယ်စားပြု၍ ပါလီမန်အမတ်အဖြစ်အရွေးခံခဲ့။
* **ပေဗယ် ပါလိုဗစ်(ချ) ဘိုရိုဒင်**
  ၁၉၉၃– ၂၀၀၀ထိ သမ္မတရုံး၏ ရုံးအဖွဲ့မှူး။ ဇန္နဝါရီ **၂၀၀၀တွင်** ဘီလာရုနှင့် ရုရှသမဂ္ဂ၏ အတွင်းရေးမှူး။
* **လီယိုနစ် အီလျစ် ဘရက်ဇနက်**
  ၁၉၆၄–၁၉၈၂ ခုနှစ်ထိ ဆိုဗီယက်ပြည်ထောင်စု ကွန်မြူနစ်ပါတီ အထွေထွေ အတွင်းရေးမှူး။
* **အနာတိုလီ ဘောရစ်စိုဗစ်(ချ) ချူဆိုင်း**
  ချာမြာနိုဒင် အစိုးရလက်ထက် (၁၉၉၂) တွင် ဒုသမ္မတ၊ ပုဂ္ဂလိကပိုင် ပြုလုပ်ရေးနှင့် တည်ဆောက်ရေး ထိန်းချုပ်မှု ကော်မရှင်အဖွဲ့ဝင်။ ၁၉၉၄ ခုနှစ်တွင် အစိုးရရုံးအဖွဲ့ဝင် ပထမလက်ထောက်အတွင်းဝန် (၁၉၉၆တွင် ယဲ့ဆင်က ၎င်းအား ထိုရာထူးမှ ဖယ်ရှား။) ၁၉၉၆ခုနှစ် သမ္မတရွေးကောက်ပွဲတွင် သမ္မတရုံးအဖွဲ့မှူးတာဝန်ပေးအပ်ခဲ့။ ၁၉၉၇ခုနှစ် မတ်လမှ နိုဝင်ဘာလအထိ ဘဏ္ဍာရေးဝန်ကြီး တာဝန်ထမ်းဆောင်ခဲ့။
* **ဗလာဒီမာချူရော့(ဖ)**
  ဆိုချက်အုပ်ချုပ်ရေးခေတ်ကာလ စိန့်ပီတာစဘတ်မြို့တော်ဝန်ရုံး နိုင်ငံခြားဆက်သွယ်ရေးကော်မရှင်၏ တွဲဘက်အတွင်းဝန်။
* **မိုက်ကယ် ဖရိုလော့(ဖ)**
  အငြိမ်းစား ဗိုလ်မှူးကြီး။ အင်ဒရိုပေါ့ တံခွန်နီသိပ္ပံကျောင်းမှ ပူတင်၏ နည်းပြဆရာ။

**ဗီရာ ဒီမီထရီဗဲညာ တူရေဗစ်(ချ)**

စိန့်ပီတာစဘတ်မြို့ရှိ အမှတ် ၁၉၃ ကျောင်းမှ ဆရာမ။ ပူတင်ကို (၄)တန်းမှ (၈)တန်းထိ ပညာသင်ပေးခဲ့သူ။

**ဆာရဂေး ဘောရစ်ဆိုဗစ်(ချ) အီဗန်နော့**

နိုင်ငံခြားထောက်လှမ်းရေးဌာနမှ ဒုတိယဗိုလ်မှူးကြီး။ ၁၉၉၈ ခုနှစ်တွင် [illegible]ဆင်တီထောက်လှမ်းရေးဌာန၏ တွဲဘက်ညွှန်ကြားရေးမှူး။ ၁၉၉၉ နိုဝင်ဘာတွင် လုံခြုံရေးကောင်စီ၏ အတွင်းရေးမှူး။

**ကာတျာ**

ပူတင်၏ သမီးငယ်။

**ဆာရဂေး ဗလာဒီလီနိုဗစ်(ချ) ကီရီယန်ကို**

၁၉၉၇တွင် ပထမလက်ထောက် စွမ်းအင်ဝန်ကြီး။ ၁၉၉၈ ခုနှစ်တွင် (ဝန်ကြီးချုပ်ရုံး)ဥက္ကဋ္ဌ။ ၁၉၉၈ ဩဂုတ်တွင် ယဲ့ဆင်က ရာထူးမှ ဖယ်ရှားပစ်ခဲ့။ လက်ျာအင်အားစု သမဂ္ဂကိုယ်စားပြုပြီး ပါလီမန်မှာ ရွေးချယ်ခံခဲ့ရ။

**အယ်လက်ဆန့်ဒါ ဗာဆီယေဗစ်(ချ) ခိုရာဇာကော့(ဖ)**

၁၉၈၅ ခုနှစ် ယဲ့ဆင် မော်စကိုမြို့ ပါတီကော်မီတီ ပထမအတွင်းရေးမှူးဘဝက ကိုယ်ရံတော်အဖြစ် ငှားရမ်းထားခြင်းခံရသူ။ သည့်နောက် လုံခြုံရေးကိစ္စများ ဆက်လက် ထမ်းဆောင်ခဲ့ရ။ ၁၉၉၂တွင် ဗိုလ်ချုပ်ကြီးဖြစ်လာ။ ၁၉၉၆ ယဲ့ဆင်ရွေးကောက်ပွဲဝင်ရေး ကိစ္စမှာ ပါဝင်ခဲ့။ ၁၉၉၆ ဇွန်လတွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ သဘောထားကွဲပြီး ရာထူးမှ ဖယ်ရှားခံရ။

**ဗလာဒီမာ အလက်ဇန့်ဒရိုဗစ်(ချ) ကရူချော့(ဖ)**

ဆိုဗီယက်ကေဂျီဘီ ဥက္ကဋ္ဌ (၁၉၈၈-၉၁) ၁၉၉၁ဩဂုတ်လ အာဏာ သိမ်းပွဲတွင် အဖမ်းခံရ။ ၁၉၉၄တွင် လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် လွတ်လာ။

**ယူရီ လု(ခ)ကော့(ဖ)**

မော်စကိုမြို့တော်ဝန်

**မာရှာ**

ပူတင်၏သမီးကြီး။

အီ(ဖ)ဂျင်နီ မာ့ဆီမိုဗစ်(ချ) ပရိုင်မာကော့(ဖ)

**ပရာဗါဒါ:** သတင်းစာ ကော်လံစား စာရေးဆရာနှင့် ဆိုဗီယက်ဆိုရှယ်လစ်ပြည်ထောင်စုသမ္မတနိုင်ငံ အရှေ့တိုင်းလေ့လာရေးနှင့် ကမ္ဘာ့စီးပွားရေးနှင့် နိုင်ငံတကာဆက်ဆံရေး ညွှန်ကြားရေးမှူးဟောင်း။ ၁၉၉၁ ကေဂျီဘီ ပထမတွဲဘက်ဥက္ကဋ္ဌ။ သည့်နောက် ဆိုဗီယက် ဗဟိုထောက်လှမ်းရေး ညွှန်ကြားရေး

မှူး (၁၉၉၁)။ ပြီးမှ ရုရှနိုင်ငံခြားထောက်လှမ်းရေးဌာန ညွှန်ကြားရေးမှူး (၁၉၉၁–၁၉၉၆)။ ၁၉၉၆ တွင်တစ်ကြိမ် ၁၉၉၁တွင် တစ်ကြိမ်တွင် နိုင်ငံခြားရေးဝန်ကြီး။ ဝန်ကြီးချုပ်ရုံး– ညွှန်ကြားရေးမှူးအဖြစ် ယဲ့ဆင်က အမိန့်ဒီကရီ ပြဋ္ဌာန်းပြီး ခန့်အပ်။ (၁၉၉၈– စက်တင်ဘာ)။ ၁၉၉၉ မေလတွင် ယဲ့ဆင်က ၎င်းအား ရာထူးမှ ဖယ်ရှားခဲ့။ ရုရှပါလီမန်တွင် အဖနိုင်ငံတော် ရုရှနိုင်ငံလုံးဆိုင်ရာ ပါတီမှ ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရ။ (၁၉၉၉–ဒီဇင်ဘာ)။

- **လျူဒ်မီလာ ပူတင်နာ**
  ဗလာဒီမာ ပူတင်၏ဇနီး။
- **ဆာရဂေး ရိုလ်ဒူဂင်**
  မာရင်စကီးပြဇာတ်မှ ဆင်ဖိုနီတေးဂီတဝိုင်းတွင် တယောခေါင်းဆောင်။ ပူတင်၏ သူငယ်ချင်း။ ပူတင်သမီးကြီး မာရှာ၏ ဦးကိုင်ဘခင်။
- **အက်ဒဝပ် အမ်ဗရိုဆီယေဗစ်(ချ) ရှီဗါ့(ဒ)နာဇေ**
  ဆိုဗီယက်နိုင်ငံခြားရေး ဝန်ကြီးဟောင်း (၁၉၈၅–၉၁)၊ ဒီမိုကရက်တစ် ပြုပြင်ရေး လှုပ်ရှားမှု တွဲဖက်အတွင်းရေးမှူး (၁၉၉၁–၉၂)။ ဂျော်ဂျီယာပါလီမာန် ဥက္ကဋ္ဌနှင့် နိုင်ငံတော်ခေါင်းဆောင်။
- အနာတိုလီ အယ်လက်ဇန်ဒရိုဗစ်(ချ) ဆိုချက်
  စိန့်ပီတာစဘတ်မြို့တော်ဝန်နှင့် အစိုးရအဖွဲ့၏ ဥက္ကဋ္ဌ။ (၁၉၉၁–၁၉၉၆)။ ဒီမိုကရက်တစ် ပြုပြင်ရေးလှုပ်ရှားမှုတွဲဘက်ဥက္ကဋ္ဌ (၁၉၉၁–၁၉၉၂)။ ၁၉၉၂ ခုနှစ်ထိ ရုရှသမ္မတရွေးကောက်ပွဲကောင်စီအဖွဲ့ဝင်။ ဖေဖော်ဝါရီလ ၂၀၀၀ တွင် သေဆုံး။ သူ့ဇနီးက လျူ(ဒ)မီလာ ဘောရစ်နိုဗာ။
- **အိုလက် နီကိုလိုင်ဗစ်(ချ) ဆိုကိုဗက်။**
  ၁၉၉၃ခုနှစ်တွင် အစိုးရ ဒုဝန်ကြီးချုပ်။ ဝန်ကြီးဌာန(၁၄)ခု။ စွမ်းအင်နှင့် သယ်ယူပို့ဆောင်ရေး အပိုင်းကို တာဝန်ယူထားရသူ။ ၁၉၉၄ ချေချင်းညှာ ပဋိပက္ခကို တာဝန်ယူဖြေရှင်းရသူ။ ၁၉၉၆ ယဲ့ဆင်သမ္မတ ရွေးကောက်ပွဲ အနိုင်ရရေးအဖွဲ့မှာ ပါဝင်။ ၁၉၉၆ မတ်လတွင် ထိုအဖွဲ့မှ ဖယ်ရှားခံရ။ ဒုဝန်ကြီးချုပ်မှလည်း ဖြုတ်ချ။
- **ယူရီ ဆကူရာတော့(ဖ)**
  ဗိုလ်ချုပ်ကြီးဟောင်း။ ပြည့်တန်ဆာနှစ်ဦးနှင့် ရေပူကန်ထဲ ရေချိုးနေပုံ သတင်းစာထဲ ဖော်ပြခံရ၍ ဖြုတ်သွား။
- **ဗလာဒီမာ အနာတိုလီဗစ်(ချ) ယာကိုလက်(ဖ)**
  စိန့်ပီတာစဘတ်မြို့၏ ဒုတိယ မြို့တော်ဝန် (၁၉၉၃–၁၂၉၉၆)

၁၉၉၆တွင် မြို့တော်ဝန်အဖြစ် ရွေးချယ်ခံရ။

**မာရီနှာ ယန်တာဆီဗာ**

ပွတင်၏ အတွင်းရေးမှူး၊ စိန့်ပီတာမြို့တော်ကောင်စီရုံး (၁၉၉၁-၉၆)

**ဗာလင်တင် ယူမာရှက်(ဗ)**

ယဲ့ဆင်အုပ်ချုပ်ရေးရုံး၏ ရုံးအဖွဲ့မှူး။



ယော်စင်ကာ ပူတင်


PUTIN'S R
Ballantine's
РАДОСТЬ ВС
ПЕРЕХОД
Marlboro


ဗလာဒီမာပူတင်
သံမဏိအမြုံးနှင့်လူ
FIRST PERSON
VLADIMIR PUTIN
РЕЧИ



ပူတင်၏ မိခင်



ပူတင်၏ ဖခင်



လီနင်နှင့် စတာလင်တို့၏ စားတော်ကဲ ပူတင်၏ အဘိုး



စစ်ပွဲတွင် ဒဏ်ရာရထားသောပူတင်၏ဖခင် စုပေါင်းလယ်ယာတွင် အလုပ်လုပ်စဉ်




၁၉၃၂ - ရေတပ်ထဲမှာ
ပူတင် တာဝန်ထမ်းဆောင်ခဲ့စဉ်က



ကေဂျီဘီဘဝက ဓါတ်ပုံ(၃)ပုံ







ပူတင်နှင့် မိခင်(၁၉၅၈)



၁၉၈၅ - ဂျာမဏီမသွားခင် မိဘနှစ်ပါးနှင့်အတူ



ပူတင်၏အဖွားနှင့် ဇနီး



ပူတင်နှင့်ဆရာဂရီဂိုရီယက်(ညာ)တို့ အတူတကွ



လျူ(ဒ)မီလာ၏ပုံ



ပူတင်တို့ ဇနီးမောင်နှံ မင်္ဂလာပုံ (၁၉၈၃)



၁၉၈၅-သမီးဦး မာရာနှင့်အတူ




ဇနီးနှင့်သမီးနှစ်ယောက်



ခွေးကလေးတော့(ခ)ကာနှင့် ပူတင်



မာရှာနှင့်ကာတျာ



ဂျူဒိုဝတ်စုံနှင့် ပူတင်



ရုရှားသမ္မတ ဗလာဒီမာပူတင်



ကလင်တန်နှင့်ပူတင် (၁၉၉၉)



ယဲ့ဆင်မွေးနေ့ပွဲမှာ ယဲ့ဆင်နှင့် ပူတင်
(၂၀၀၀ - ဖေဖော်ဝါရီ ၁ ရက်နေ့ )



ယဲ့ဆင်နှင့်ပူတင်တို့အတူတကွရှိနေစဉ်



အမေရိကန်သမ္မတဂျော့ဘုရှ်နှင့်အတူ



ရုရှားသမ္မတ ဗလာဒီမာပူတင်

တကယ်တော့ ကျွန်တော့်ဘဝက အင်မတန် ရိုးစင်းလှပါရဲ့။ တွေ့ကြုံခဲ့ရသမျှ အားလုံးဟာ ဖွင့်ထားတဲ့ စာအုပ် တစ်အုပ်ပဲ ဖြစ်ပါတယ်။

အထက်တန်းကျောင်း ပြီးဆုံးသွားတော့ တက္ကသိုလ်တက်ခဲ့ပါတယ်။

တက္ကသိုလ်က ဘွဲ့ရခဲ့ပါတယ်။ ဒီနောက် ကောဂျီဘီထဲ ဝင်ရောက်ခဲ့တယ်။

ကောဂျီဘီက နုတ်ထွက်ပြီးတဲ့အခါမှာ တက္ကသိုလ်ပြန် ခြေချခဲ့ပါတယ်။

တက္ကသိုလ်ကနေ ထွက်ပြီးတော့ ဆိုချက်ထံမှာ အလုပ် ဝင်ခဲ့ပါတယ်။

ဆိုချက်ဆီကနေ မော်စကိုမြို့ကိုပြောင်းခဲ့တယ်။ တရားရေးဌာနမှာ အလုပ် ဝင်တယ်။

အဲဒီကနေ သမ္မတရဲ့ ရုံးအဖွဲ့ကို ရောက်တယ်။

အဲဒီကနေ နိုင်ငံတော် လုံခြုံရေးဌာနကို ရောက်ခဲ့ပါတယ်။

ဒီနောက်တော့ ကျွန်တော်ဟာ ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခြင်း ခံရပါတယ်။

ခုတော့ သမ္မတတာဝန်ယူထားရတယ်။ ဒါပါပဲ။

'ဒါပေမယ့် အသေးစိတ်တွေ ရှိရဦးမှာပေါ့'

'ဟုတ်ကဲ့၊ ရှိတာပေါ့'

## အပိုင်း (၁)

### သားယောက်ျား

ပူတင်က မိသားစုများအကြောင်း ပြောပြသည်။ ဒုတိယကမ္ဘာစစ်ပွဲတွင် သူ့ဖခင်က ရန်သူတပ်များ ဖျက်ဆီးမှု စစ်ဆင်ရေးတွင် ပါဝင်ခဲ့ရပုံများ၊ လီနင်ဂရက်မြို့သိမ်းတိုက်ပွဲတွင် ပါဝင်ခဲ့ပုံများ၊ စစ်ပွဲကြီး ပြီးဆုံးသည့်အခါတွင် စုပေါင်းအိမ်ရာစနစ်ဖြင့် လူအများ စုပေါင်းနေထိုင်ရသော တိုက်များတွင် နေထိုင်ခဲ့ရပုံများကို ရှင်းပြသည်။ သူတို့ နေထိုင်ရသည့် ဘဝက မသက်သာ။ ရေပူမရှိ၊ ရေချိုးခန်းမရှိ။ နံစော်နေသော အိမ်သာ။ အမြဲမပြတ် ဆူညံနေသည့် အသံဗလံများ။ ပူတင်သည် ကလေးဘဝတွင် အချိန်တော်များများကို လှေခါးထစ်တွင် တုတ်တစ်ချောင်းဖြင့် ကြွက်မောင်းသည့် အလုပ်ကို လုပ်နေရ၏။

ကျွန်တော်က အမေရဲ့မိသားစုထက် အဖေဘက်က မိသားစုဆွေမျိုးအကြောင်း ပိုသိပါတယ်။ ကျွန်တော့်အဖေရဲ့အဖေ၊ ကျွန်တော့်အဘိုးက စိန့်ပီတာစဘတ်ဇာတိ ဖြစ်ပြီး ထမင်းချက်အဖြစ် လုပ်ကိုင်ခဲ့ပါတယ်။ အဘိုးတို့ မိသားစုဟာ သာမန်မိသားစုမျှသာ ဖြစ်ပါတယ်။ ထမင်းချက်ဆိုတာ အမြဲထမင်းချက်၊ ပါပဲ။ ဒါပေမယ့် အဘိုးက အချက်ပြုတ် ကျွမ်းကျင်တာမို့ အခြေအနေကောင်းခဲ့ပါတယ်။ ပထမကမ္ဘာစစ်လဲပြီးရော မော်စကိုမြို့ပြင်မှာရှိတဲ့ ဂေါင်ကုန်းဒေသမှာ ထမင်းချက်အလုပ် ရရှိပါတယ်။ အဲဒီဒေသမှာ ဦးလျာနော့(ဖ) လီနင်တို့ မိသားစု နေခဲ့ပါတယ်။ လီနင် အနိစ္စရောက်တာနဲ့ အဘိုးက စတာလင်နေတဲ့ နေအိမ်ကို ပြောင်းခဲ့ပါတယ်။ အချိန်အတော်ကြာတဲ့အထိ အဲဒီမှာ အလုပ်လုပ်ခဲ့ပါတယ်။

■ **ဖြုတ်ထုတ်သတ်မှာ မပါခဲ့ဖူးလား။**

မပါခဲ့ပါဘူး။ အကြောင်းတစ်ခုခုနဲ့ သက်သာခွင့်ပြုတာပဲ ဖြစ်မှာပါ။ စတာလင်နဲ့အတူ အချိန်အတော်ကြာအောင် နေခဲ့တဲ့ လူတချို့ဟာ ခလုတ်မထိ ဆူးမငြိဘဲ လွတ်မြောက်ခဲ့ပါတယ်။ အဲဒီလူတွေထဲမှာ အဘိုးလဲပါတယ်။ အဘိုးက စတာလင်နဲ့ အကြာကြီး လက်တွဲခဲ့ပါတယ်။ အဘိုးဟာ အသက်ကြီးလာပြီး အနားယူမဲ့ အချိန်ကျတော့ အီလင်စကိုယေမှာရှိတဲ့ မော်စကိုမြို့တော် ပါတီကော်မတီဆေးရုံမှာ စားဖိုမှူးတာဝန်ထမ်းဆောင်ခဲ့ပါတယ်။

■ **ခင်ဗျားရဲ့ မိဘတွေကကော သူတို့အဖေ၊ ခင်ဗျားအဘိုးအကြောင်း ဘာတွေများ ပြောခဲ့သလဲ။**

အီလင်စကိုယေနဲ့ ပတ်သက်လို့ ကျွန်တော့်အမြင်အာရုံမှာ ရှင်းရှင်းလင်းလင်း မြင်နေရပါတယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီနေရာကို ကျွန်တော် မကြာခဏ

သွားလည်ပတ်လေ့ ရှိလို့ပါပဲ။ အဘိုးက သူ့ဘဝဇာတ်ကြောင်း သိုသိုသိပ်သိပ်ထား ရှိပါတယ်။ အဘိုးလိုပဲ ကျွန်တော့်မိဘတွေကလဲ အတိတ်အကြောင်းကို သိပ်မပြောဘဲ ရှောင်ထားကြပါတယ်။ ဒီတော့ လူတွေကလဲ သိပ်မမေးကြပါဘူး။ ဒါပေမယ့် ဆွေမျိုးသားချင်းတွေ အိမ်ကို လာလည်ကြတဲ့အခါမှာတော့ စားပွဲမှာထိုင်ပြီး စကားဝိုင်းအကြာကြီး ဖွဲ့ကြပါတယ်။ ပြောကြတဲ့ စကားတွေထဲက အပိုင်းအစတချို့ကို ကျွန်တော် တေးမှတ်ထားတာ ရှိပါတယ်။ ဒါပေမယ့် ကျွန်တော့်မိဘတွေဟာ သူတို့အကြောင်းတွေ မြှောက်ပြောတာ မရှိပါဘူး။ အထူးသဖြင့် ကျွန်တော့်ရဲ့ဖခင် ဖြစ်ပါတယ်။ သူက စကားနည်းတယ်လေ။

ကျွန်တော့်အဖေကို ၁၉၁၁ ခုနှစ်မှာ စိန့်ပီတာစဘတ်မြို့မှာ မွေးဖွားခဲ့ပါတယ်။ ပထမကမ္ဘာစစ် ဖြစ်လာချိန်မှာ စိန့်ပီတာစဘတ်မြို့တော်ရဲ့ လူနေမှုဘဝဟာ ကြပ်တည်းကျဉ်းမြောင်းလှပါတယ်။ လူတွေ ဆင်းရဲငတ်ပြတ်နေကြတယ်။ ကျွန်တော်တို့ မိသားတစ်စုလုံး တီဗာအရပ်က ကျွန်တော့်အဘွားရှိတဲ့ ပိုမိနိုဗိုကျေးရွာရှိ နေအိမ်ကို ပြောင်းရွှေ့ခဲ့ကြပါတယ်။ အဘွားရဲ့နေအိမ်က ခုချိန်ထိ ရှိနေပါသေးတယ်။ ကျွန်တော်တို့ မိသားစုဝင်တွေဟာ အားလပ်ရက် အပန်းဖြေခရီးထွက်ရင် အဘွားနေအိမ်ကိုပဲ သွားကြပါတယ်။ ကျွန်တော်ရဲ့ ဖခင်နဲ့မိခင် စတင်တွေ့ဆုံတဲ့နေရာကလဲ ဒီပိုမိနိုဗိုကျေးရွာမှာပဲ ဖြစ်ပါတယ်။ လက်ထပ်ချိန်မှာ သူတို့ နှစ်ယောက်ရဲ့ အသက်က ၁၇ နှစ် ရှိနေပါပြီ။

## ■ ဘာလို့ လက်ထပ်ကြတာလဲ။ ဘာအကြောင်းရှိလို့လဲဗျ။

မပြောတတ်ဘူးလေ။ လက်ထပ်ဖို့ ကိစ္စမှာ အကြောင်းပြချက် လိုသေးလို့လား။ အဓိက အကြောင်းပြချက်က အချစ်ပဲ။ ပြီးတော့ အဖေက မကြာခင် စစ်ထွက်ရတော့မယ်လေ။ ဒီတော့ သူတို့နှစ်ယောက် တစ်ယောက်နဲ့တစ်ယောက် လုံခြုံမှုရှိအောင် အာမခံချက်ထားတာလဲ ဖြစ်နိုင်တာပဲ။ ကျွန်တော်တော့ ဘာမှ မသိဘူးဗျ။

ဗီရာ ဒီမိတရီမဲညာ ဂူရေဗစ် (ချ) ။ ။

[ဗလာဒီမာ ပူတင်၏ ဆရာမ။ ကျောင်းအမှတ် ၁၉၃။ (သူငယ်တန်းအဆင့် ၄ မှ အလယ်တန်းအဆင့် ၈ ထိ သင်ကြားပြခဲ့သူ) ဗလာဒီမာရဲ့ မိဘတွေဟာ ဆင်းရဲနွမ်းပါးကြတယ်။ ဘဝကို ခက်ခက်ခဲခဲ ရုန်းကန်နေကြရတယ်။ အသက် ၄၁ နှစ်ကျမှ သားသမီးယူရတဲ့ ဗလာဒီမာရဲ့ မိခင်ဟာ ဘယ်လောက် သဘောကောင်းလိုက်သလဲ။ ဗလာဒီမာရဲ့ ဖခင်က ကျွန်မကို ယခုလို ပြောဖူးတယ်။ 'ကျွန်တော်တို့ရဲ့ သားတစ်ယောက်ဟာ ဆရာမနဲ့ ရွယ်တူလောက် ရှိမယ်' တဲ့။ ကျွန်မ ထင်တာကတော့ စစ်အတွင်းတုန်းက ကလေးတစ်ယောက် ဆုံးပါးခဲ့ပုံရတယ်။ ကျွန်မလဲ မေးရမှာ အားနာတာကြောင့် မမေးဘဲ ထားခဲ့ပါတယ်။

၁၉၃၂ ခုနှစ်မှာ ပူတင်ရဲ့ မိဘတွေဟာ စိန့်ပီတာစဘတ်မြို့ကို ပြောင်းရွှေ့လာခဲ့ကြပါတယ်။ သူတို့ဟာ မြို့ရဲ့ ဆင်ခြေဖုံးရပ်ကွက်ဖြစ်တဲ့ ပီတာဟော့(ဖ) မှာ နေပါတယ်။ သူ့ရဲ့ မိခင်က စက်ရုံမှာ အလုပ်သွားလုပ်ရတယ်။ အဖေကလဲ စစ်တပ်မှာ အမှုထမ်းနေရတုန်းပေါ့။ ရေငုပ်သင်္ဘောမှာ တာဝန်ထမ်းဆောင်နေရတယ်။ တစ်နှစ်အကြာ သူပြန်ရောက်လာတယ်။ သားနှစ်ယောက် ထွန်းကားတယ်။ တစ်ယောက်က မွေးဖွားပြီးပြီးချင်း သေဆုံးသွားတယ်။]

■ **စစ်ပွဲလဲဖြစ်ကော ခင်ဗျားအဖေဟာ ရုတ်တရက် စစ်ထဲလိုက်သွားရတယ် မဟုတ်လား။ သူက ရေငုပ်သင်္ဘောမှာ နှစ်စေ့တဲ့အထိ တာဝန်ယူခဲ့တယ် မဟုတ်လား။**

ဟုတ်တယ်။ ရှေ့တန်းစစ်မျက်နှာကို အပျော်တမ်း သွားရောက်ခဲ့တာ ဖြစ်ပါတယ်။

■ **ခင်ဗျားရဲ့ မိခင်ကကော။**

မေမေက ဟိုဟိုဒီဒီ သွားလေ့ မရှိပါဘူး။ ပီတာဟော့(ဖ)မှာရှိတဲ့ နေအိမ်မှာပဲ နေလေ့ ရှိပါတယ်။ ဒါပေမယ့် အဲဒီမှာနေဖို့ အန္တရာယ်ရှိလာတဲ့အခါမှာတော့ သူ့အစ်ကို ပီတာက အမေ့ကို ခေါ်ထုတ်သွားပါတယ်။ အဲဒီအစ်ကိုက စမို(လ)နီမှာ အခြေစိုက်ထားတဲ့ ရေတပ်မတော်က ရေတပ်ဗိုလ်တစ်ယောက် ဖြစ်ပါတယ်။ အဲဒီအစ်ကိုပဲ သူ့ညီမနဲ့ တူတွေကို သေနတ်သံ၊ ဗုံးဆန်တွေကြားက ကယ်ခဲ့ပါတယ်။

■ **အော်ဒါနဲ့ ခင်ဗျားအဘိုး စားတော်ကဲကြီးကော။ သူကကော ဘာအကူအညီမှ မတောင်းဖူးလား။**

ဘာမှ အကူအညီ မတောင်းဘူး။ ပြည်သူတွေအနေနဲ့ ယေဘုယျအားဖြင့်

...အခွင့်အရေးမှ မတောင်းဆိုကြပါဘူး။ ကျွန်တော့်အထင် ပြောရမယ်ဆိုရင် အဲဒီ ...ကန်းက အခြေအနေမှာ အကူအညီပေးဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ကျွန်တော့်အဘိုး ...က ကလေးတွေ အများကြီးရှိပြီး သူ့သားအားလုံး ရှေ့တန်းစစ်မျက်နှာ ရောက် ...နေတယ်ဗျ။

■ ဒါနဲ့ ခင်ဗျားအမေကော၊ အစ်ကိုကော ပိုင်းဝန်းပိတ်ဆို့ခံထားရတဲ့ ပီတာဟော့(ဗ) ကနေ အဲဒီလိုပဲ ပိတ်ဆို့ထားခံရတဲ့ လီနင်ဂရက်မြို့ကို ခေါ်သွားခံရတယ်ပေါ့။

ဒါပေါ့၊ သူတို့မှာ ပြေးစရာ မြေမရှိဘူးလေ။ မေမေကတော့ ဒီလို ပြောပြဖူး ...တယ်။ လီနင်ဂရက်မြို့မှာ ကလေးတွေရဲ့ အသက်ကို ကယ်တင်ဖို့ ဗုံးခိုကျင်းတွေ ...ထားတယ်လို့ ပြောပါတယ်။ အဲဒီဗုံးခိုကျင်းတွေဟာ ကလေးတွေရဲ့ ကွန်းခိုရာ ...အိမ်ဖြစ်ပြီး ကျွန်တော့်ရဲ့ ဒုတိယညီဟာ ဆုံဆို့နာရောဂါဖြစ်ပြီး အဲဒီ ဗုံးခိုကျင်းထဲမှာ ...သေဆုံး ခဲ့ရပါတယ်။

■ ခင်ဗျားအမေကကော ဘယ်လို အသက်ရှင်ခဲ့ပါသလဲ။

ကျွန်တော့်ဦးလေးက အကူညီပေးခဲ့ပါတယ်။ ဦးလေးဟာ သူ ရရှိတဲ့ ဝေစုတွေ ...ကို ကျွန်တော့်မိခင်ကို ကျွေးမွေးခဲ့ပါတယ်။ ကျွန်တော့်ဦးလေး တခြားပြောင်းရွှေ့ ...မှုထမ်းရတဲ့အချိန်မှာတော့ ကျွန်တော့်မိခင်ဟာ အစာ ငတ်မွတ်ခေါင်းပါးမှုဒဏ် ...ရေလုနီးပါး ဖြစ်ခဲ့ပါတယ်။ အဲဒါ ချဲ့ကားပြောတာ မဟုတ်ပါဘူး။ တစ်ကြိမ်မတော့ ...အမေဟာ အစာရေစာ ပြတ်လပ်ပြီး မူးမေ့လဲကျသွားခဲ့ဖူးပါတယ်။ လူတွေက ...အမေကို သေသွားပြီလို့ ထင်ပြီး တခြား လူသေကောင်တွေနဲ့အတူရောပြီး ထား ...လိုက်ကြပါတယ်။ ကံကောင်းထောက်မစွာပဲ အမေဟာ သတိပြန်ဝင်လာပြီး ညည်းညူ ...လိုက်ပါတယ်။ မျက်လှည့်ပြလိုက်သလိုပဲ အမေ အသက်ပြန်ရှင်လာပါတယ်။ အမေ ...က လီနင်ဂရက်မြို့ကြီး ဝိုင်းဝန်း ပိတ်ဆို့ခံရတဲ့ ကာလတစ်လျှောက်လုံး ဗုံးခိုကျင်းထဲ ...မှာပဲ နေခဲ့ရပါတယ်။ ဘေးအန္တရာယ် ကင်းရှင်းသရွေ့ အပြင်မထွက်ပါဘူး။

■ ခင်ဗျားရဲ့ အဖေက ဘယ်ရောက်နေသလဲ။

တစ်ချိန်လုံး အဖေက တိုက်ပွဲတွေနဲ့ နပမ်းလုံးနေရတယ်။ စတာလင်ခေတ် ...မြို့ဝက်ရဲတပ်ဖွဲ့က ဦးဆောင်တဲ့ ဖျက်ဆီးရေးတိုက်ပွဲများမှာ တာဝန်ပေးအပ်ခြင်းခံရ ...တယ်။ ဆင်နွှဲရတဲ့ တိုက်ပွဲကတော့ ရှေ့တန်း ဂျာမန်စခန်းတွေကို ကြားဖြတ်တိုက်ခိုက် ...ချေမှုန်းတာပဲ ဖြစ်တယ်။ အဖေက အဲဒီ စစ်ဆေးရေးတစ်ခုမှာ ပါဝင်ပတ်သက်နေတယ်။ ...သူတို့ အဖွဲ့မှာ လူ ၂၈ ယောက်ရှိတယ်။ သူတို့အုပ်စုကို ကင်ဂီဆက်(ပ) ကို

လှုတ်လိုက်တယ်။ အဲဒီဒေသကို သူတို့အဖွဲ့က လှေလှော်ကြပြီး တောအုပ်ထဲမှာ ခေန်းချကြတယ်။ အစားရေစာ ပြတ်လပ်ချိန်နီးမှာ ရန်သူ လက်နက်ခဲယမ်း သိုလှောင်ရုံကို ဖောက်ခွဲဖျက်ဆီးတယ်။ ပြီးတာနဲ့ သူတို့အုပ်စုဟာ အက်(စ)တိုးနီးယန်း လူမျိုးတွေနေတဲ့ ဒေသကို ဖြတ်ပြေးခဲ့ကြတယ်။ သူတို့ကို မြို့ခံလူတွေက အစားအစာတွေ ပေးကြတယ်။ ဒါပေမယ့် နောက်ပိုင်းကျတော့ ဂျာမန်တွေလက်ထဲကို အပ်လိုက်ကြပါတယ်။

သူတို့အုပ်စုဟာ အသက်ရှင်သန်ဖို့ အခွင့်လမ်း မရှိကြတော့ဘူး။ ဂျာမန်တွေက အစက်ဖက်က ဝန်းရံထားကြတယ်။ အဲဒီလို ဂျာမန်တွေ ဝန်းရံထားတဲ့ကြားက လူအနည်းအကျဉ်းလောက်သာ ထိုးဖောက်ထွက်လာနိုင်တယ်။ အဲဒီလူအနည်းစုထဲမှာ ကျွန်တော့် အဖေလည်းပါတယ်။ ဒီလိုနဲ့ ပြေးတမ်းလိုက်တမ်း ကစားကြတော့တာပါပဲ။ အုပ်စုထဲက ကြွင်းကျန်တဲ့ အုပ်စုဟာ ရှေ့တန်းကို ဦးတည်ထွက်သွားကြတယ်။ နီးတက်ရာ လမ်းမတစ်လျှောက်မှ သူတို့ထဲက လူတချို့ ထပ်မံသေဆုံးသွားကြသေးတယ်။ ဒါကြောင့် သူတို့အုပ်စုဟာ လူစုခွဲဖို့ ဆုံးဖြတ်လိုက်ကြပါတယ်။ ကျွန်တော့် အဖေဟာ ရွှံ့အိုင်ထဲ ခုန်ချလိုက်တယ်။ ရေထဲငုတ်ပြီးနေတယ်။ ကျူရိုးနဲ့ အသက်ရှူရတယ်။ ဒီလိုနဲ့ ရေအောက်မှာ ဂျာမန်စစ်ခွေးတွေ ကျော်ဖြတ်သွားတာကို စောင့်ခဲ့ရတယ်။ အဖေဟာ ဒီလိုနည်းနဲ့ အသက်ရှင် သန်ခဲ့ရပါတယ်။ ဒီလိုနဲ့ လူ နှစ်ဆယ့်ရှစ်ယောက်အနက် လေးယောက်ပဲ အသက်ရှင်ပြီး အိမ်ပြန်ရောက်ခဲ့ပါတယ်ဗျာ။

## ■ ဒီနောက် ခင်ဗျားရဲ့ မိခင်ကို ရှာမွေတွေ့တာပေါ့။ သားအဖတွေ ပြန်ပေါင်းစည်းကြတယ်ပေါ့။

မတွေ့ပါဘူး။ အဖေဖြစ်သူဟာ ဇနီးကို တွေ့ဖို့ အခွင့်အရေး မရခဲ့ပါဘူး။ အဖေကို သက်ဆိုင်ရာက တိုက်ပွဲရှိရာကို ပို့လိုက်ပြန်ပါတယ်။ အဖေကို ဒီတစ်ခါ ပို့လိုက်တဲ့နေရာ နီဗားနစ်ကယ်အရပ် ဖြစ်ပြီး ပိုပြီး ကြပ်တည်း ပြင်းထန်တဲ့ နေရာပါပဲ။ အဲဒီနေရာက သေးငယ်တဲ့ စက်ဝိုင်းပုံသဏ္ဌာန် နေရာဖြစ်တယ်။ လာဒိုဂါ ရေကန်ကို ကျောပေးရပ် နေမယ်ဆိုရင် ဒီ နီဗားနစ်ကယ်ဟာ နီဗားမြစ်ရဲ့ လက်ဝဲဘက်ကမ်းခြေမှာ ရှိတယ်။ ဂျာမန်စစ်တပ်တွေဟာ ကျန်နေရာအားလုံးကို သိမ်းပိုက်ထားနိုင်လိုက်ပြီဖြစ်ပေမယ့် ဒီနေရာလေးတော့ မသိမ်းပိုက်နိုင်သေးပါဘူး။ ကျွန်တော်တို့ တပ်ဖွဲ့ဝင်တွေက ဒီနေရာလေးကို သိမ်းပိုက်ထားခဲ့ပါတယ်။ သဘောကတော့ ဂျာမန်တွေကို နောက်ဆုံး ထိုးစစ်ဆင်နွှဲဖို့ ဒီနေရာကနေ ခြေကုပ်ယူထားတဲ့ သဘောပါပဲ။ ဂျာမန်တွေကလဲ ဒီနေရာလေးကို သိမ်းပိုက်ဖို့ ကြိုးစားနေကြပါတယ်။ ဒီအရပ်ဒေသရဲ့ နေရာအနှံ့ ခြေတစ်လက်မ မကျန်အောင် ဂျာမန်တွေက ဗုံးမိုးတွေ ရွာသွန်းဖြိုးလိုက်တာ

စစ်ပွဲမှာ စံချိန်ကျိုးသွားပါလေရောဗျာ။ တကယ့်ကို ကြောက်လန့်စရာကောင်းတဲ့ သတ်ဖြတ်ပွဲကြီးပါပဲ။ ဒါပေမယ့် နီဗားနစ်ကယ်(လ) အရပ်ဟာ တကယ့်ကို အရေးပါတဲ့ အခန်းကဏ္ဍက ပါဝင်ခဲ့ပါတယ်။

■ **ဒီ မြေလေးတစ်ကွက်အတွက် ကျွန်တော်တို့ ပေးဆပ်ရတာတွေ များလွန်းတယ်လို့ ခင်ဗျား မထင်ဖူးလား။**

ဒီစစ်ပွဲမှာ အမှားတော်တော်များများ လုပ်ခဲ့တယ်လို့ ကျွန်တော်ယူဆထားပါတယ်။ ဒါကလဲ ရှောင်လို့ မရပါဘူး။ ဒါပေမယ့် တိုက်ပွဲဝင်နေချိန်မှာ ခင်ဗျားနဲ့ဘေးမှာရှိနေတဲ့ လူတွေဟာ အမှားတွေ ပြုလုပ်နေကြတယ်ဆိုတဲ့ အတွေးဝင်လိုက်တာနဲ့ အဲဒီတိုက်ပွဲဟာ နိုင်မှာ မဟုတ်တော့ပါဘူး။ ဒီတော့ ခင်ဗျားအနေနဲ့ လက်တွေ့ကျတဲ့ သဘောထားတစ်ရပ် ထားရှိဖို့ လိုအပ်ပါတယ်။ ပြီးတော့ နိုင်ရမယ်ဆိုတဲ့ အောင်စိတ်လဲ မွေးမြူထားဖို့ လိုအပ်ပါတယ်။ အဲဒီတုန်းက တိုက်ပွဲဝင်နေသူတွေရဲ့ စိတ်ထဲမှာ အောင်မြင်ရေးကိုပဲ တွေးတောနေကြပါတယ်။

ကျွန်တော့်အဖေဟာ နစ်ကယ်(လ်)တိုက်ပွဲမှာ ဒဏ်ရာ ပြင်းထန်စွာ ရခဲ့ပါတယ်။ တစ်ကြိမ်မှာ အဖေနဲ့ တခြားစစ်သားတစ်ယောက်တို့ ရန်သူစစ်သားတစ်ယောက်ကို ဖမ်းပြီး သိချင်တာတွေ စစ်မေးဖို့ဆိုပြီး အမိန့်ချမှတ်ခဲ့ပါတယ်။ ဒါကြောင့် အဖေနဲ့ တခြား စစ်သားဟာ ကတုတ်ကျင်းထဲဝင်ပြီး ရန်သူကို ချောင်းမြောင်းနေခဲ့ပါတယ်။ ဖြုန်းဆို ဂျာမန်စစ်သား တစ်ယောက် ရောက်ချလာတယ်။ ဂျာမန်စစ်သားကော၊ အဖေကော ပြိုင်တူဆိုသလို အံ့အားသင့်သွားကြတယ်။ ပထမဆုံး သတိဝင်သွားသူက ဂျာမန်စစ်သားပဲ ဖြစ်ပါတယ်။ သူက အိတ်ထဲက လက်ပစ်ဗုံးကို ဆွဲထုတ်ပြီး အဖေနဲ့ တခြားစစ်သားရှိတဲ့ နေရာကို ပစ်လိုက်တယ်။ ပြီးတာနဲ့ သူ့လမ်းသူ ပြန်လည် ထွက်ခွာသွားပါတယ်။ တကယ်တော့ လူ့ဘဝဆိုတာ အဲသလို သေးသေးမွှားမွှားလေးပါပဲ။

■ **အဲဒါတွေကို ခင်ဗျား ဘယ်လိုသိခဲ့သလဲ။ ခင်ဗျား ပြောခဲ့တယ်လေ၊ ခင်ဗျားမိဘတွေဟာ သူတို့အကြောင်း ပြောရတာ မနှစ်မြို့ကြဘူးဆိုတာ။**

ဒီအကြောင်းဟာ အဖေက ကျွန်တော့်ကို ပြောပြခဲ့တဲ့ တစ်ပုဒ်တည်းသော ဇာတ်လမ်း ဖြစ်ပါတယ်။ အဲဒီဂျာမန်စစ်သားကတော့ ရုရှားတွေကို အပြတ်ရှင်းနိုင်လိုက်ပြီလို့ ထင်နေမှာပဲ ဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော့်အဖေက သေကံမရောက် သက်မပျောက်ခဲ့ပါဘူး။ ဒါပေမယ့် အဖေရဲ့ခြေသလုံးတွေကတော့ ဗုံးဆန်တွေ မှန်ထားတယ်။ နာရီများစွာကြာမှ ရုရှစစ်သားတွေက အဖေ့ကို ရှာတွေ့ပြီး ဒရွတ်တိုက်ဆွဲခေါ်ခဲ့ကြရတာ ဖြစ်ပါသတဲ့။

## ■ ရှေ့တန်းစစ်မျက်နှာကို ဖြတ်ခဲ့ကြရတယ်လေ၊၊

စဉ်းစားသာကြည့်ပါတော့။ အနီးစပ်ဆုံး ဆေးရုံဆိုတာက မြို့မှာမှရှိတာ။ ဒီတော့ မြို့ရောက်ဖို့အတွက် သူတို့တစ်တွေဟာ အမေ့ကို နီဗားတစ်လျှောက် ဆွဲခေါ် သွားရတယ်။

ဒီလို သွားတာဟာ ကိုယ့်ကိုယ်ကို သတ်သေတာပဲလို့ လူတွေ သဘောပေါက် ထားကြပါတယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီနယ်မြေရဲ့ မြေတစ်လက်မမှ မကျန် အောင် ပစ်ခတ်နေလို့ပါပဲ။ ဘယ်သူကမှ အမေ့ကို သယ်သွားဖို့ အမိန့်မပေးကြပါဘူး။ ဘယ်သူကမှလဲ အပျော်တမ်း ဆောင်ရွက်ကြတာ မဟုတ်ပါဘူး။ အမေ့ဒဏ်ရာက သွေးထွက်လွန်နေပြီ။ ဒီအတိုင်းထားရင် မကြာခင် သေဆုံးသွားမှာ ဖြစ်ပါတယ်။

တိုက်တိုက်ဆိုင်ဆိုင်ပါပဲဗျာ။ စစ်ပွဲက ပြန်လာတဲ့ ရဲဘော်တစ်ယောက်က အမေ့ကို တွေ့သွားခဲ့တယ်။ အဲဒီစစ်သားကြီးက ဘာမှ ပြောမနေဘဲ အခြေနေကို လေ့လာပြီးတော့ ဒဏ်ရာရနေတဲ့ အမေ့ကို သူ့ကျောပေါ်တင်ပြီး အေးခဲနေတဲ့ နီဗားမြစ်ပြင်ကို ဖြတ်ပြီး တစ်ဘက်ကမ်းကို ရောက်အောင် သွားခဲ့ပါတယ်။ သူတို့ဟာ ပြေပစ်မှတ်တစ်ခုထားပြီး ရအောင် လုပ်ခဲ့ကြပါတယ်။ ဒီလိုနဲ့ သူတို့နှစ်ယောက် အသက် ရှင်သန်ခဲ့ကြပါတယ်။ အဲဒီ ရဲဘော်ဟာ အမေ့ကို ဆေးရုံမှာ တင်ထားပြီး တာနဲ့ ရှေ့တန်းကို ပြန်ထွက်သွားခဲ့တယ်ဗျ။ သူနဲ့ အဖေဟာ ပြန်ဆုံမှာ မဟုတ်တော့ ဘူးလို့ သူက ပြောခဲ့ပါတယ်။ အမေ့အနေနဲ့က နိုကယ်မှာ အသက်ရှင်ဖွယ် မရှိဘူးလို့ သူ ယူဆထားခဲ့သလို၊ အမေ့အနေနဲ့ကလဲ အသက်ရှင်ဖို့ အခွင့်အရေး သူ့မှာ ရှိ လိမ့်မယ်လို့ မထင်ထားခဲ့ပါဘူး။

## ■ အဲဒီပုဂ္ဂိုလ်မှားသလား။

မှားတယ်လေ။ အဖေက အသက်မသေအောင် ကြိုးစားခဲ့ပါတယ်။ လအတန် ကြာအောင် ဆေးရုံမှာ နေပြီး ဆေးကုသခံခဲ့ရတယ်။ အမေက အမေ့ကို ဆေးရုံတက် နေမှန်းသိရတယ်။ ဒီလိုနဲ့ နေ့တိုင်း ဆေးရုံတက်နေတဲ့ အဖေကို ပြုစုခဲ့ရတယ်။

မေမေရဲ့ ကျန်းမာရေးအခြေအနေက မကောင်းဘူး။ သေလုသေခင် ဖြစ်နေပြီ။ အမေရဲ့အခြေအနေကို သိထားတဲ့အဖေက သူနာပြုဆရာမတွေ မသိရအောင် သူ့ အတွက် ရထားတဲ့ အစားအစာတွေကို အမေ့ကျွေးရတယ်။ အဲဒါကို ဆရာဝန်တွေက မိမိသွားတယ်။ အဲဒါကတော့ အဖေဟာ အစာရေစာ ပြတ်လပ်ပြီး အားနည်းနေတာ ကို သတိပြုမိတာပါပဲ။ ဒီမှာတင် ဘာကြောင့် ဒီလိုဖြစ်ရတယ်ဆိုတာ သူတို့တစ်တွေ သိသွားပြီး အမေ့ကို သတိပေးစကား ပြင်းပြင်းထန်ထန် ပြောကြားခဲ့ကြတယ်။ ရက်အတန်ကြာတော့ အမေနဲ့အဖေတို့ တွေ့ခွင့်မပြုကြဘူး။ နောက်ဆုံးရလဒ်ကတော့

အဖေကော အမေပါ အသက်မသေဘဲ ရှင်သန်ခဲ့ကြတာ ဖြစ်ပါတယ်။ အမေ့ခြေထောက်တွေဟာ ဗုံးဆန်မှာခဲ့တဲ့ ဒဏ်ရာကြောင့် တစ်သက်လုံး ထော့ကျိုး ထော့ကျိုးနဲ့ ဖြစ်နေရပါတော့တယ်။

■ **ကျည်းတဲ့ ပုဂ္ဂိုလ်ကော။**

အဲဒီရဲဘော် အသက်မသေပါဘူး။ ရန်သူတွေက နီကယ်ကို ဝိုင်းဝန်းပိတ်ဆို့တိုက်ခိုက်တဲ့အခါမှာ သူတို့တစ်တွေလဲ တခြားမြို့ကို ပြောင်းရွှေ့သွားကြပါတယ်။ နောင် အနှစ် ၂၀ ကြာတဲ့အခါမှာတော့ အဲဒီပုဂ္ဂိုလ်နဲ့ အဖေဟာ မမျှော်လင့်ဘဲ လီနင်ဂရက် မြို့မှာ ပြန်ဆုံခဲ့ကြပါတယ်။ ခင်ဗျား မှန်းသာကြည့်ပေတော့။

ဗီရာ ဒီမီထရီဗညာ ဂူရေဗစ်(ချ)။ ။

[ပူတင်ရဲ့ မိခင်ဟာ အင်မတန်မှ သဘောသဘာဝကောင်းတဲ့ မိန်းမ ဖြစ်ပါတယ်။ မှန်တယ်။ သနားညှာတာတတ်တယ်။ ကိုယ်ကျိုး မကြည့်ဘူး။ စိတ်ရင်း စေတနာကောင်းတယ်။ ပညာတော့ သိပ်မတတ်ရှာပါဘူး။ ကျွန်မအထင်တော့ ပဉ္စမအဆင့်တောင် အောင်ရဲ့လား မပြောတတ်ပါဘူး။ သူ့ခမျာ တစ်သက်လုံး အလုပ်ပင်ပင်ပန်းပန်း လုပ်ခဲ့ရပါတယ်။ သူလုပ်ရတဲ့ အလုပ်က အဆောက်အဦးတွေကို စောင့်ရတဲ့ အစောင့်ပါ။ ညဘက်ဆိုရင် ပေါင်မုန့်ဖုတ်ရုံမှာ ဖုတ်ပြီးသား ပေါင်မုန့်တွေကို လိုက်ပို့ရတယ်။ ဒါ့အပြင် ဓာတ်ခွဲခန်းတွေမှာ စမ်းသပ်ဖန်ပြွန်တွေကို ဆေးကြောပေးရတယ်။ ကျွန်မအထင်တော့ စတိုးဆိုင်မှာ အစောင့်လုပ်ခဲ့သေးတယ် ထင်တာပဲ။

ပူတင်ရဲ့ အဖေကတော့ စက်ရုံမှာ စက်ပစ္စည်းကိရိယာတွေကို ထုတ်လုပ်ရတဲ့ အလုပ်သမား တစ်ယောက်ဖြစ်ပါတယ်။ သူကတော့ လူချစ်လူခင်များတယ်။ အလုပ် မရွေးသလို အလုပ်လဲ ကြိုးစားလုပ်တဲ့အတွက် လူအများရဲ့ ချီးကျူးခြင်းခံရသူ ဖြစ်ပါတယ်။ ခြေတစ်ဖက် မသန်တဲ့ကြားကနေ အချိန်တော်တော်ကြာအောင် သူ့အနေနဲ့ အလုပ်ကို ပင်ပင်ပန်းပန်း လုပ်ခဲ့ပါတယ်။ အိမ်မှာနေတော့လဲ ထမင်းဟင်းကို သူကပဲ ချက်ပြုတ်ခဲ့ပါတယ်။ ပူတင်ရဲ့ အဖေဟာ အံ့ဩဖွယ်ကောင်းတဲ့ အသားရည်နဲ့ ပြုလုပ်ထားတဲ့ ကျောက်ကျောလို ဟင်းလျာကို လုပ်လေ့ရှိပါတယ်။ ကျွန်မတို့အနေနဲ့ ကနေ့ထက်ထိ ပူတင်ရဲ့ အသားရည်နဲ့ ပြုလုပ်ထားတဲ့ ကျောက်ကျောလို ဟင်းလျာကို အမှတ်တရ ရှိနေတုန်းပါပဲ။ ပူတင်အဖေ ပြုလုပ်ပေးတဲ့ အသားရည်နဲ့ ပြုလုပ်ထားတဲ့ ကျောက်ကျောလို ဟင်းလျာမျိုး ဘယ်သူမှ မပြုလုပ်နိုင်ပါဘူး။]

စစ်ပွဲကြီး ပြီးဆုံးတဲ့အခါမှာ ကျွန်တော့်အဖေဟာ တပ်က နုတ်ပယ်ခြင်းခံရပါတယ်။ ယီဂိုရော့(ဖ) မြို့မှာရှိတဲ့ မီးရထားစက်ရုံမှာ ကျွန်းကျင်လုပ်သားအဖြစ် လုပ်ကိုင်ခဲ့ပါတယ်။ ဓာတ်ရထားတွေမှာ တပ်ဆင်ထားတဲ့ စာတမ်းတွေ ရှိပါတယ်။ 'ဤကား အမှတ်........ကို ယီဂိုရော့(ဖ) ရထားစက်ရုံမှ ထုတ်လုပ်သည်' ဆိုတဲ့ စာတမ်း ဖြစ်ပါတယ်။

စက်ရုံကတော့ အဖေ့အတွက် အများစုပေါင်းနေရတဲ့ တိုက်ခန်းမှာ ပေးထားပါတယ်။ အဲဒီတိုက်ခန်းက မြို့ရဲ့ အလယ်ခေါင်က ဘာစကော့ ရိပ်သာမှာရှိတဲ့ စိန့်ပီတာစဘတ်မြို့က အဆောက်အဦပုံစံပါပဲဗျာ။ ကျွန်တော်တို့ မိသားစုက ပဌမထပ်မှာ နေပါတယ်။ ဒီတိုက်မှာ ဓာတ်လှေခါး မပါရှိပါဘူး။ စစ်ပွဲကြီး မဖြစ်ခင်က ကျွန်တော့်မိဘတွေမှာ ကိုယ်ပိုင်အိမ် ရှိတယ်။ ပီတာဟော့(ဖ) မှာ ရှိတဲ့ နေအိမ်ပါပဲ။ ကျွန်တော့်မိဘတွေဟာ သူတို့ရဲ့ နေအိမ်လေးကိုကြည့်ပြီး သူတို့ရဲ့ လူနေမှုဘဝကို အတော်လေး ဂုဏ်ယူနေခဲ့ပါတယ်။ စစ်ပြီးတော့ သူတို့ရဲ့ လူနေမှုဘဝဟာ တစ်ဆင့်နိမ့်သွားခဲ့ပါတယ်။

ဗီရာ ဒီမီထရီဗညာ ဂူရေဗစ်(ချ)။ ။

[ပူတင်ရဲ့ မိဘနှစ်ပါးနေတဲ့ တိုက်ခန်းက အင်မတန်မှ စိတ်ပျက်စရာကောင်းလှပါတယ်။ လူအများကြီး စုပေါင်းနေရတဲ့ တိုက်ခန်း ဖြစ်တယ်။ အိမ်အသုံးအဆောင်ဆိုလို့ ဘာတစ်ခုမှ မရှိဘူး။ ရေပူ မရဘူး။ ရေချိုးကန် မပါဘူး။ ရေအိမ်ကလဲ ဆိုးဝါးတာ လွန်ပါလေရော။ တိုက်ခန်းကို လှေကားနဲ့တက်ရတယ်။ တိုက်ခန်းက အေးလိုက်တာ အရမ်းပါပဲ။ ကြောက်စရာလည်း ကောင်းတယ်။ လှေခါးထစ်ကို အင်မတန် အေးစက်တဲ့ သံလက်ရန်းတွေ တပ်ထားတယ်။ လှေခါးထစ်တွေကလဲ မခိုင်ဘူး။ တချို့နေရာတွေမှာ လှေခါးထစ်တွေ မရှိဘူး။ ကျိုးပဲ့နေပါတယ်။]

အဲဒီလှေခါးထစ်ပေါ်မှာ ကျွန်တော်ဟာ 'သက်ဆိုင်မှု' ဆိုတဲ့ ဝေါဟာရရဲ့ အနက် အဓိပ္ပာယ်ကို လျင်မြန်စွာ သိလိုက်ရပါတယ်။ တိုက်ခန်းရှေ့ဝင်ပေါက်မှာ ကြွက်တွေ တစ်ပြုံကြီး ရှိနေပါတယ်။ ကျွန်တော်နဲ့ ကျွန်တော့်သူငယ်ချင်း တစ်သိုက်ဟာ တုတ်တစ်ချောင်းနဲ့ကြွက်တွေ လိုက်ရိုက်ဖူးပါတယ်။ တစ်ကြိမ်တော့ အင်မတန်ကြီးတဲ့ ကြွက်တစ်ကောင်ကို ခြေရာခံမိပါတယ်။ ဒါနဲ့ အဲဒီကြွက်ကို ခန်းမထဲရောက်အောင် ဖြားယောင်းလိုက်ပါတယ်။ ပြီးတာနဲ့ အခန်းထောင့်မှာ ချောင်ပိတ်မိအောင် သွင်းထားလိုက်တယ်။ ရုတ်တရက်ဆိုသလို ကြွက်က ကိုယ်ကို တစ်ပတ်လှည့်ပြီး ကျွန်တော့်ဆီကို တိုးဝင်လာတယ်။ ကျွန်တော်လဲပဲ အံ့အားသင့်၊ ကြောက်

လည်း ကြောက်သွားပါတယ်။ ကြွက်က ကျွန်တော့်နောက်ကို တကောက်ကောက် လိုက်နေပါတော့တယ်။ ကြွက်က လေ့ခါးထစ်တွေပေါ်မှာ ပြေးဆင်းနေပါတော့တယ်။ ကံကောင်းတာက ကျွန်တော်ပြေးတာက ကြွက်ထက်ပိုမြန်နေတယ်။ တိုက်ခန်းထဲ ဝင်ပြီး တံခါးကို မြန်မြန်ပိတ်လိုက်ရပါတော့တယ်။

| |
|---|
| ဗီရာ ဒီမိထရီဗညာ ဂူရေဗစ်(ချ)။ ။<br>[တိုက်ခန်းမှာ မီးဖိုချောင်မရှိဘူး။ တိုက်ခန်းက လေးထောင့် စပ်စပ်။ မှောင်မိုက်တဲ့ ခန်းမတစ်ခုဖြစ်တယ်။ ပြတင်းပေါက်လဲ မပါရှိဘူး။ ဓာတ်ငွေ့သုံး မီးဖိုက တစ်ဘက်မှာရှိပြီး မျက်နှာချင်းဆိုင်မှာက ရေဇလုံ ရှိတယ်။<br>မီးဖိုချောင်လို့ မည်ကာမတ္တဆိုရမည့် အခန်းနောက်ဘက်တွင် မိသားစုသုံးယောက်ရှိတယ်။ မိသားစု တစ်စုရှိတယ်။ တစ်ဘက်ခန်းရှိ မိသားစုမှာ လူလတ်ပိုင်း မိသားစု ဖြစ်ပါတယ်။ တိုက်ခန်းက လူအများ စုပေါင်းနေရတဲ့ တိုက်တန်းလျား ဖြစ်ပါတယ်။ ပူတင်တို့ မိသားစုဟာ အခန်းတစ်ခန်းထဲမှာ ကြပ်ကြပ်တည်းတည်း နေကြရပါတယ်။ အဲဒီခေတ် ရဲ့ စံချိန်နဲ့ကြည့်ရင် ဒီတိုက်ခန်းဟာ အဆင်ပြေတယ်ဆိုရမှာ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ တိုက်ခန်းဟာ မီတာ ၂၀ ပတ်လည် ရှိလို့ပါ ပဲ။] |

ဂျူးမိသားစု တစ်စုလဲ ကျွန်တော်တို့ တိုက်ခန်းမှာ ရှိပါတယ်။ လင်မယားနှစ် ယောက်က အသက်ကြီးလှပြီ ဖြစ်တယ်။ ဟာဗာအမည်ရှိတဲ့ သမီးတစ်ယောက်ရှိပါ တယ်။ ဟာဗာက အရွယ်ရောက်နေပြီ။ ဒါပေမယ့် လူကြီးတွေပြောတဲ့ စကားတစ်ခွန်း ရှိပါတယ်။ ဒီကောင်မလေး လင်ကောင်း၊ သားကောင်းရမှာ မဟုတ်ဘူးတဲ့။ ဟာဗာ ဟာ အိမ်ထောင်လုံးဝမပြုပါဘူး။ သူ့မိဘတွေနဲ့ပဲ အတူနေပါတယ်။

ဟာဗာရဲ့ဖခင်က အင်္ကျီချုပ်ပါတယ်။ အရွယ်ထောက်နေပေမယ့် အပ်ချုပ်စက် မှာထိုင်ပြီး တစ်နေကုန် စက်ချုပ်နေနိုင်ပါတယ်။ သူတို့တစ်တွေက ဘာသာတရား ကိုင်းရှိုင်းတဲ့ ရဟူဒီလူမျိုးတွေ ဖြစ်ပါတယ်။ ဥပုသ်နေ့မှာ အလုပ်မလုပ်ပါဘူး။ အဘိုးကြီးက တစ်နေကုန်ဆိုသလို ရွတ်ဖတ်သရဇ္ဈာယ်ပြီး နေပါတော့တယ်။ တစ်ကြိမ် မှာတော့ ကျွန်တော်သိချင်တဲ့စိတ် ပြင်းပျလာတာကြောင့် သူဘာတွေ ရေရွတ်နေရတာ လဲလို့ မေးလိုက်ပါတယ်။ အဘိုးကြီး တရားစာဆိုတာ ဘာလဲလို့ ရှင်းပြပါတယ်။ ကျွန်တော် ချက်ချင်းဆိုသလိုပဲ စိတ်မဝင်စားပါဘူး။

လူတွေအများကြီးစုနေရတဲ့ တိုက်ခန်းဖြစ်တာကြောင့် လူတွေ မကြာခဏ ဆိုသလို ခိုက်ရန်ဖြစ်ပွားကြပါတယ်။ ကျွန်တော်ဟာ ရန်ပွဲတွေမှာ မိဘတွေဘက်က

ရပ်တည် ခုခံခဲ့ပါတယ်။ သူတို့ကိုယ်စား ချေပစကားပြောကြားခဲ့ပါတယ်။ ကျွန်တော်ဟာ အိမ်နီးနားချင်း သက်ကြီးရွယ်အို ဇနီးမောင်နှံနဲ့လဲ အများကြီး အဆင်ပြေတယ်။ သူတို့အခန်းမှာတောင် သွားဆော့ခဲ့ပါတယ်။ တစ်နေ့ အဲဒီ အဘိုးကြီး ဇနီးမောင်နှံနဲ့ ကျွန်တော့်မိဘတွေ စကားများနေပါရော။ အဲဒီ စကားများတဲ့ထဲ ကျွန်တော် ဝင်ပါလိုက်တယ်။ ကျွန်တော့်မိဘတွေက အရမ်းဒေါသဖြစ်နေကြတယ်လေ။ ကျွန်တော်တောင် နားမလည်နိုင်သလို ကြက်သေ သေနေမိတယ်။ ဘာကြောင့် ဒီလောက်တောင်ဖြစ်နေရသလဲ ဆိုတာ နားမလည်မိဘူး။ ကျွန်တော်က မိဘနှစ်ပါးဘက်ကနေ ဝင်ပါခဲ့ပါတယ်။ ဒါပေမယ့် သူတို့က ကျွန်တော့်ကို နှင်ထုတ်လိုက်ပါတယ်။ 'ကိုယ့်အလုပ် ကိုယ်လုပ်စမ်း' တဲ့။ ဘာလို့ အဲဒီလို ပြောရတာလဲ။ ကျွန်တော် သဘောမပေါက်ပါဘူး။ နောက်တော့မှ ကျွန်တော် သဘောပေါက်လာခဲ့ပါတယ်။ အဲဒါက ဘာလဲဆိုတော့ ကျွန်တော့်မိဘနှစ်ပါးအနေနဲ့ ကျွန်တော်နဲ့ အဘိုးကြီး ဇနီးမောင်နှံတို့ ရင်းနှီးမှုကို နားလည်သဘောပေါက်ထားကြတယ်။ အဲဒီအဘိုးကြီး ဇနီးမောင်နှံကလည်း ကျွန်တော့်အပေါ် သံယောဇဉ်ရှိတာ သူတို့သိထားကြတယ်။ အဲဒါတွေက ဘာမဟုတ်တဲ့ မီးဖိုချောင် ကိစ္စတွေ၊ အရေးမကြီးကြောင်း ကျွန်တော့်မိဘတွေက သိထားလို့ပါပဲ။ အဲဒီအဖြစ်အပျက်ဖြစ်ပြီးတဲ့နောက်မှာ ကျွန်တော်ဟာ မီးဖိုချောင်ကိစ္စနဲ့ ပတ်သက်ပြီး ရန်ဖြစ်ရင် လုံးဝ ဝင်မပါခဲ့တော့ပါဘူး။ ရန်ဖြစ်ပြီဆိုတာနဲ့ ကျွန်တော် ကိုယ့်အခန်းထဲ ကိုယ်ပြန်ဝင်ခဲ့ပါတယ်။ ဒါမှမဟုတ် အဘိုးကြီးဇနီးမောင်နှံ အခန်းထဲ ဝင်သွားခဲ့ပါတယ်။ ရန်ပွဲက ကျွန်တော်နဲ့ ဘာမှ မပတ်သက်တော့ပါဘူး။

ကျွန်တော်တို့ တိုက်ခန်းမှာ တခြား ပင်စင်စားပုဂ္ဂိုလ်တွေလည်း ရှိနေပါတယ်။ ဒါပေမယ့် သူတို့က ကြာကြာမနေပါဘူး။ သူတို့ဟာ ကျွန်တော် ရေဖျန်း ခရစ်ယာန်ဘာသာဝင်ဖြစ်တဲ့ ကိစ္စမှာ အဓိက အခန်းကဏ္ဍကနေ ပါဝင်ခဲ့ကြပါတယ်။ ဘာဘာအန်ညာက ဘာသာတရားကို ကိုင်းရှိုင်းတဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်။ ဒီအဘွားအိုကြီးက ဘုရားကျောင်းကို မှန်မှန်သွားလေ့ ရှိပါတယ်။ ကျွန်တော်လဲ မွေးဖွားပြီးရော ဒီဘာဘာအန်ညာနဲ့ ကျွန်တော့်မိခင်က ရေဖျန်းပေးခဲ့တာ ဖြစ်ပါတယ်။ အဲဒီ ကိစ္စကို အဖေ မသိရလေအောင် သူတို့က ဖုံးကွယ်ထားခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ အဖေက ကွန်မြူနစ်ပါတီဝင် တစ်ယောက်ဖြစ်တဲ့အပြင် စက်ရုံပါတီစိတ်မှာ ပါတီအတွင်းရေးမှူး တာဝန်ယူထားသူ ဖြစ်နေလို့ပါပဲ။

နှစ်တွေ အတော်များများ ကုန်လွန်သွားခဲ့ပြီး ၁၉၉၃ ခုနှစ် ကျွန်တော် လီနင်ဂရက်မြို့တော်ကောင်စီမှာ တာဝန်ထမ်းဆောင်နေစဉ်က ဖြစ်ပါတယ်။ ကျွန်တော်ဟာ အစိုးရ ဧည့်သည်တော်အဖြစ်နဲ့ အစ္စရေးကို သွားရောက်ခဲ့ပါတယ်။ မေမေက ကျွန်တော့်ကို လက်ဝါးကတ်တိုင် တစ်ခုကို ပေးပါတယ်။ အဲဒီလက်ဝါး ကတ်တိုင်ကို

ယေရှုဘုရား သခင်ရဲ့ ဂူမှာ ကောင်းချီးမင်္ဂလာယူ– သိဒ္ဓိတင်တဲ့အနေနဲ့ တို့ထိဖို့ပါပဲ။ မေမေမှာတဲ့အတိုင်း ပြုလုပ်ပြီး အဲဒီလက်ဝါးကတ်တိုင်ကို ကျွန်တော့်လည်မှာ ဆွဲထားခဲ့ပါတယ်။ ဘယ်တော့မှ မဖြုတ်ပစ်ပါဘူး။

* * *

အပိုင်း (၂)

ကျောင်းသားပေါက်စ

ပူတင်၏ ကျောင်းဆရာမနှင့် တွေ့ဆုံမေးမြန်းသည့်အခါတွင် ထူးချွန်ထက်မြက်သော စိတ်ဓာတ်ရှိပြီး ကျောင်းသားဆိုးတစ်ယောက်ဟု ထုတ်ပြောခဲ့သည်။ ပူတင်သည် ကျောင်း အမြဲတမ်းနောက်ကျပြီး ရှေ့ဆောင်လူငယ်လုပ်ငန်းများတွင်လည်း ပါဝင်ခြင်း မရှိ။ အသက် ၁၈ နှစ်တွင် လက်နက်မဲ့ တိုက်ခိုက်သည့် အတတ်ပညာရပ်များကို လေ့လာတွေ့ရှိသွားခဲ့၏။ စုံထောက်ဝတ္ထုများနှင့် ရုပ်ရှင်များကြည့်ပြီး ကေဂျီဘီအဖွဲ့ အစည်းထဲဝင်ရန် ရည်မှန်းချက်ကြီးကြီးသာ သူ့ခေါင်းထဲမှာ ကိန်းအောင်းနေတော့၏။ အသက် ၁၆ နှစ်သားတွင် ကေဂျီဘီ ဌာနချုပ်ရှိရာသို့ သွားရောက်ပြီး ယင်းအဖွဲ့အစည်းထဲ ဝင်လိုကြောင်း ပြောသည့်အခါတွင် ဥပဒေကျောင်းတက်ဖို့နှင့် စုံထောက် ဖြစ်လိုလျှင် နှုတ်မဖွာဖို့လိုကြောင်း တာဝန်ရှိသူများက ပြောကြားလိုက်သည်။ မိဘများနှင့် ဂျူဒို နည်းပြဆရာများက ချော့တစ်ခါ၊ ခြောက်တစ်လှည့် ပြောသည့်ကြားက ပူတင်သည် ကေဂျီဘီအဖွဲ့အစည်းထဲ ဝင်ရန် ဆုံးဖြတ်ထားချက်ကို လုံးဝမပြင်ခဲ့ချေ။

■ **ပထမအဆင့် ကျောင်းသားဘဝ မှတ်မိသလောက်လေး ပြောစမ်းပါ။**

ကျွန်တော့်ကို အောက်တိုဘာလမှာ မွေးတယ်။ အသက် ၈ နှစ်သားထိ ကျောင်းမနေရသေးဘူးဗျ။ ကျွန်တော်တို့ မိသားစု စုရိုက်ထားတဲ့ ဓာတ်ပုံတစ်ပုံ မိသားစုဝင်တွေရဲ့ ရှေးဟောင်းမှတ်တမ်းဖိုင်ထဲမှာ ရှိနေသေးတယ်။ ကျွန်တော် အညိုရောင် ကျောင်းဝတ်စုံ ဝတ်ထားတယ်။ ပုံတုံးတုံး ဝတ်စုံပေါ့။ ကျောင်းဝတ်စုံပုံစံက စစ်ဝတ်စုံ ပုံစံနဲ့ ခပ်ဆင်ဆင်ပါပဲ။ ပြီးတော့ ကျွန်တော့်လက်ထဲမှာ ပန်းအိုးကိုင်ထားတယ်။ ပန်းစည်းကိုင်ထားတာ မဟုတ်ဘူး။ ပန်းအိုးဗျ။

■ **ကျောင်းကော တက်ချင်လို့လား။**

ဟင့်အင်း။ သိပ်ဆန္ဒမရှိဘူး။ ကျွန်တော်ကတော့ အိမ်ရှေ့ကွက်လပ်ထဲမှာ ဆော့ကစားရတာ သဘောကျတယ်။ မြေကွက်လပ်နှစ်ခုက ဆက်ထားတယ်။ air shaft လိုပါပဲ။ ကျွန်တော့်ရဲ့ ဘဝတာဟာ အဲဒီနေရာမှာပဲ ကုန်လွန်ခဲ့ပါတယ်။ မေမေက တစ်ခါတစ်ရံ ပြတင်းပေါက်ကနေ ခေါင်းပြူကြည့်ရင်း 'သား မင်း ခြံဝင်းထဲမှာလားဟေ့' လို့ အော်မေးလေ့ ရှိပါတယ်။ ကျွန်တော်ကလဲ ခြံဝင်းထဲ အမြဲ ရောက်နေလေ့ ရှိပါရဲ့။ ကျွန်တော် ခြံဝင်းအပြင်ဘက် မသွားသ၍ ခြံဝင်းထဲမှာ ဆော့ကစားဖို့ အမေထံမှာ ခွင့်တောင်းဖို့ မလိုပါဘူး။

■ **အမေ့စကားကို တစ်ခါမှ ကလန်ကဆန် မလုပ်ဖူးဘူးလား။**

ကျွန်တော် အသက် ၅ နှစ် ၆ နှစ်လောက်က လမ်းမကျယ်ကြီးတစ်ခုရဲ့ လမ်းထောင့်ရှိရာကို မိဘတွေရဲ့ ခွင့်ပြုချက် မရဘဲ လမ်းလျှောက်သွားခဲ့ပါတယ်။ အဲဒီနေ့က မေလတစ်ရက်နေ့ ဖြစ်ပါတယ်။ ကျွန်တော် ဘေးပတ်ဝန်းကျင်ကို ကြည့်လိုက်ပါတယ်။ လူတွေ တိုးဝှေ့နေကြတယ်။ အသံတွေကလဲ ဆူညံနေတယ်။

လမ်းမကြီးမှာ အုတ်အော်သောင်းနင်း ဖြစ်နေတယ်။ ကျွန်တော် အနည်းငယ် ကြောက်လန့်နေခဲ့ပါတယ်။

ဒီနောက် ဆောင်းတွင်းကာလတစ်ခု။ ကျွန်တော် အသက်နဲ့နဲ ကြီးလာပါပြီ။ ကျွန်တော်နဲ့ ကျွန်တော့်သူငယ်ချင်းတွေဟာ မိဘတွေ အသိမပေးဘဲ မြို့ကနေ အသာလေး လစ်ထွက်ခဲ့ကြပါတယ်။ ကျွန်တော်တို့ ခရီးတစ်ခု ထွက်ခဲ့ကြတာဖြစ်တယ်။ တစ်နေရာရောက်တော့ ရထားပေါ်က ဆင်းလိုက်ကြတယ်။ လမ်းစပျောက်ပြီး ဘယ်ဆက်သွားရမှန်း မသိကြတော့ဘူးလေ။ အပြင်မှာက အေးနေတယ်။ မီးခြစ်ဝယ်ပြီး သစ်ကိုင်းခြောက်တွေနဲ့ မီးဖိုလုပ်ရတယ်။ စားစရာ ဘာမှ ပါမလာကြဘူး။ လူကလည်း ခိုက်ခိုက်တုန်အောင် ချမ်းလှပြီ။ ဒါနဲ့ ရထားစီးပြီး အိမ်ပြန်လာခဲ့ကြတယ်။ အဲဒီလို စတန့်ထွင်ပြီး သွားတဲ့အတွက် ကျွန်တော်တို့ နှစ်ယောက်လဲ အရိုက်ခံရတော့တာပါပဲ။ အဲဒီလို ခရီးထွက်တာမျိုး နောက် မလုပ်ကြတော့ဘူး။

## ■ စွန့်စားခန်းတွေ မလုပ်တော့ဘဲ ရပ်လိုက်တယ်ပေါ့။

အခိုက်အတန့်ပေါ့။ ကျောင်းတက်နေရချိန်တွေမှာ ရပ်ထားတယ်။ ပထမတန်းကနေ ရှစ်တန်းအထိ ကျွန်တော် အမှတ် ၁၉၃ ကျောင်းမှာ တက်ရောက်ခဲ့ရတယ်။ ကျောင်းက ကျွန်တော်တို့နေအိမ်ရဲ့ လမ်းထဲမှာပဲ ရှိတယ်။ ၇ မိနစ်လောက် လျှောက်သွားရင် ရောက်ပါတယ်။ ကျွန်တော်က ကျောင်းအမြဲနောက်ကျပါတယ်။ ဆောင်းကာလ ဆိုပေမယ့် အနွေးထည် ဝတ်မထားဘူး။ အဝတ်အစားဝတ်ရင် အချိန်အများကြီးပေးရတယ်။ ဒါကြောင့် ကျောင်းကို နောက်ကျမှာစိုးလို့ ပြေးသွားရတယ်။ ကျောင်းရောက်တာနဲ့ ကုတ်အင်္ကျီကို ချွတ်ပစ်ရတယ်။ ဒီတော့ အချိန်မကုန်ရအောင် ကျွန်တော် ကုတ်အင်္ကျီ ဘယ်တော့မှ မဝတ်ဘူး။ အိမ်ကနေ ကျောင်းကို ပြောင်းဝက ပစ်လိုက်တဲ့ ကျည်ဆန်လို တဟုန်ထိုး ပြေးထွက်လာခဲ့တယ်။ ကျောင်းရောက်တာနဲ့ စားပွဲခုံမှာ တန်းထိုင်လိုက်ရတယ်။

## ■ ကျောင်းတက်ရတာ သဘောကျရဲ့လား။

အခိုက်အတန့်တော့ သဘောကျတာပေါ့။ မနည်းကြိုးစားပြီး ကျောင်းတက်ရတာပေါ့ဗျာ။ ဘယ်လိုခေါ်သလဲ၊ စကားမပြောတတ်တဲ့ ခေါင်းဆောင်ပေါ့။ ကျောင်းက ကျွန်တော့်နေအိမ်နဲ့ မဝေးဘူး။ ဒီတော့ ခြံဝင်းထဲက မြေကွက်လပ်ဟာ ကျွန်တော့်အတွက် ပုန်းခိုရာပဲပေါ့။ ကျွန်တော့်ကို အကူအညီပေးတဲ့ နေရာပဲလေ။

## ■ တခြားလူတွေကကော ခင်ဗျားရဲ့ ဩဇာကို နာခံကြရဲ့လား။

ကျွန်တော် တခြားလူတွေအပေါ်မှာ ဩဇာပေးဖို့ မကြိုးစားခဲ့ပါဘူး။ ကျွန်တော်

ရဲ့ လွတ်လပ်မှု ထိန်းသိမ်းဖို့က ပိုပြီး အရေးကြီးပါတယ်။ ကျွန်တော့်ရဲ့ လူကြီးဘဝ ရဲ့ နှိုင်းယှဉ်ပြောရမယ်ဆိုရင် ကလေးဘဝက ကျွန်တော်ပါဝင်တဲ့ အခန်းကဏ္ဍဟာ ဥပဒေဌာနမှာ တာဝန်ထမ်းဆောင်နေရတာမျိုး ဖြစ်တယ်။ အုပ်ချုပ်တဲ့ အခန်းကဏ္ဍ မပါဝင်ဘူး။ ဒီတော့ အဲဒီတာဝန်ကို ထမ်းဆောင်နေရတာဖြစ်လို့ ကျောင်းတက်ရတာ ကို ကျွန်တော် သဘောကျတယ်။

ဒါပေမယ့် တာရှည်မခံဘူး။ အိမ်မြေကွက်လပ်မှာ ဆော့ကစားနည်းတွေ ဈားမလည်လို့ တခြား အားကစားနည်းတွေ စတင်ကစားခဲ့ပါတယ်။ ပြီးတော့ ကျွန်တော့်ရဲ့ လူမှုရေးအဆင့်အတန်းကို ထိန်းသိမ်းဖို့ ကျွန်တော်ကျောင်းမှာ ကြိုးစားပြီး ကောင်းမွန်စွာနေခဲ့ပါတယ်။ ရိုးရိုးသားသား ပြောရရင် ၆ တန်း မရောက်မီထိ ကျွန်တော်ဟာ ဖြစ်သလို ကြုံသလို နေတတ်တဲ့ ကျောင်းသားတစ်ယောက်ပဲ ဖြစ်ခဲ့ ပါတယ်။

ဗီရာ၊ ဒီမီထရီဗညာ၊ ဂူရေဗစ်(ချ)။ ။

[ကျွန်မ ပူတင်ကို လေးတန်းထဲက သိကျွမ်းခဲ့တာ ဖြစ်တယ်။ တာမာရာ ပါဗလိုညာ ချီဗဟိုဗက ကျွန်မကို ယခုလိုပြောခဲ့ဖူးတယ်။ 'ဗီရာ ဒီမီထရီဗညာ– ကျွန်မအတန်းကို ယူလိုက်ပါ။ ကလေးတွေက သိပ်မဆိုးလှပါဘူး။

ကျွန်မ အဲဒီစာသင်ခန်းကို သွားရောက်လည်ပတ်ပြီး ဂျာမန် ဘာသာစကားအဖွဲ့ တစ်ဖွဲ့ တည်ထောင်ပေးခဲ့တယ်။ အဲဒီအဖွဲ့မှာ ခေါင်းဆောင်မယ့် ကျောင်းသား ဘယ်သူလဲလို့ မှန်းဆရတဲ့ ကိစ္စက စိတ်ဝင်စားစရာပါပဲ။ ကျောင်းသား ၁၀ ယောက် ၁၂ ယောက်ခန့် စာသင်ခန်းထဲ ဝင်လာကြပါတယ်။ အဲဒီမှာတင် ဆရာမ တာမာရာက ယခုလို မေးပါတယ်။ ဒီချာတိတ်က ဘယ်သူလဲတဲ့။ ဗလာဒီမာပူတင် လေလို့ ပြန်ပြောလိုက်ရတယ်။ ဆရာမ တာမာရာ အံ့အားသင့်သွားပြီး 'အော် ဗလာဒီမာကို။ သူလို့ မထင်ရဘူး' လို့ ပြောပါတယ်။ ပူတင် ဟာ ဂျာမန်ဘာသာ သင်ခန်းစာတွေကို အရမ်းကို စိတ်ဝင်စားဟန် ပြပါတယ်။

ဆရာမ တာမာရာက 'ကဲ ခနစောင့်။ သူက မင်းတို့ကို ပြသ လိမ့်မယ်' လို့ ပြောလိုက်ပါတယ်။ 'ဆရာမက ဘာဆိုလိုတာလဲ' လို့ ကျွန်မ ပြန်မေးလိုက်ပါတယ်။ ဆရာ တာမာရာက ပူတင်ဟာ ကလိမ် ကညစ်ဉာဏ်များကြောင့် ဆုံးမရခက်ကြောင်း ပြောပါတယ်။ ရှေ့ဆောင် လူငယ်အဖွဲ့မှာ မပါဘူးလို့ ပြောပါတယ်။ တတိယတန်းမှာ ရှေ့ဆောင် လူငယ်တွေ လက်ခံနေပြီပဲလေလို့ ကျွန်မက ပြောပါတယ်။ ဒါပေမယ့် ပူတင်က ရှေ့ဆောင်လူငယ်အဖွဲ့ဝင် မဖြစ်ခဲ့ပါဘူး။ သူက အဲဒီလို ဆုံးမရခက်တာ။

စာသင်ခန်းတွေက တစ်ခန်းနဲ့ တစ်ခန်း မတူကြဘူး။ တချို့က အင်္ဂလိပ်ဘာသာ သင်ကြတယ်။ တချို့က ဂျာမန်ဘာသာ။ ဂျာမန်ဘာသာထက် အင်္ဂလိပ်ဘာသာကို လူကြိုက်များတယ်။ ဒီတော့ အင်္ဂလိပ်ဘာသာ စာသင်ခန်းက ပိုများပါတယ်။ ဗလာဒီမာက ကျွန်မ စာသင်ခန်းမှာ နှစ်ကုန်တဲ့အထိ နေသွားခဲ့ပါတယ်။ ပဌမအဆင့်မှာတော့ ပူတင်ဟာ ကြိုးစားအားထုတ်မှု သိပ်မတွေ့ရပါဘူး။ ဒါပေမယ့် ဒီကလေးဟာ အရည်အချင်းရှိမှန်း၊ တဇိစ္ဆာကောင်းမှန်း သတိပြုမိခဲ့ပါတယ်။ ဘာသာစကားကိုလဲ အလွန်အမင်း စိတ်ဝင်စားမှန်း သတိပြုမိပါတယ်။ ဂျာမန်ဘာသာ စကားကို လွယ်လင့်တကူ သင်ယူတတ်မြောက်ခဲ့တယ်။ သူက မှတ်ဉာဏ်အရမ်းထက်မြက်တယ်။ ဉာဏ်ရည်ထက်တယ်။ တတ်လွယ်တယ်။

ကျွန်မ ခုလို တွေးမိပါရဲ့။ ချာတိတ်ဟာ သူ့ဘာသာသူ တစ်ခုခု လုပ်မယ် ပုံစံပဲ။ ကျွန်မ ပူတင်အပေါ်မှာ ပိုပြီး စိတ်ဝင်စားဖို့ ဆုံးဖြတ်လိုက်ပါတယ်။ အခြားကလေးတွေနဲ့အတူ လမ်းပေါ်မှာ လျှောက်ဆော့နေတာကိုတော့ မနှစ်သက်ပါဘူး။ အိမ်နီးနားချင်း ညီအစ်ကို နှစ်ယောက်နဲ့ ပူတင်ဟာ သူငယ်ချင်း ဖြစ်သွားပါတယ်။ ကိုရှေ့(ဗ) ညီအစ်ကိုပါ။ အဲဒီ ညီအစ်ကိုနှစ်ယောက်နဲ့ ပူတင် ပေါင်းပြီး ကားကိုဒေါင် ခေါင်မိုးပေါ်တက် ဆော့ကစားကြတယ်။ ပူတင်ရဲ့အဖေက အဲဒီ ချာတိတ်နှစ်ယောက်ကို သဘောမကျဘူး။ သူ့အဖေက ကိုယ်ကျင့်တရားကို အလေးအနက်ထားတယ်။ ဒါပေမယ့် ပူတင်က ဒီချာတိတ်နှစ်ယောက်နဲ့ ခွဲလို့ မရဘဲဖြစ်နေတယ်။

ပူတင်အဖေဟာ စည်းကမ်းကလနားကြီးတယ်။ တစ်ခါတလေ မျက်နှာက မှုန်ကုပ်ကုပ်ရှိပြီး ဒေါသဖြစ်နေတဲ့ပုံစံ ပေါက်နေတယ်။ ပူတင်အဖေနဲ့ ကျွန်မ ပထမဆုံးအကြိမ် တွေ့လိုက်တဲ့ အခါမှာ ကျွန်မ အထိတ်တလန့် ဖြစ်သွားပါတယ်။ 'တကယ်ဖယောင်းကြီးတဲ့လူပဲ' လို့ ကျွန်မ တွေးတောနေမိပါရဲ့။ စည်းစနစ်ကြီးတာကို ဖယ်လိုက်ရင် သူဟာ တကယ့်ကို သဘောသဏ္ဌာယကောင်းပြီး ကြင်နာသနားတတ်တဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်။ သူက ကျွန်မကို နမ်းရှုတ်တာတွေ ဘာတွေ မရှိဘူး။ ပူတင်တို့ နေအိမ်မှာ ကြင်ကြင်နာနာ၊ နွေးနွေးထွေးထွေး မရှိပါဘူး။

ကျွန်မ သူတို့အိမ်ကို ရောက်တဲ့အချိန်မှာ ကျွန်မက ပူတင်ရဲ့အဖေကို ယခုလို ပြောပါတယ်။ 'ရှင့်သားက အရည်အချင်းရှိသလောက် မစွမ်းဆောင်ဘူး'။ အဲဒီအခါ ပူတင်ရဲ့ အဖေက 'ဟုတ်လား၊ ကျုပ် ဘာလုပ်ရမလဲ၊ ဒီကောင့်ကို သတ်ပစ်ရမလား'လို့ ပြန်ဖြေပါတယ်။ ဒီတော့ ကျွန်မက 'လူကြီးမင်းအနေနဲ့ ပူတင်ကို စကားစမြည်ပြောဖို့ လိုပါတယ်။ ကျွန်မတို့နှစ်ယောက် လက်တွဲလုပ်ကြပါစို့လား။ ရှင်က အိမ်မှာ တာဝန်ယူ၊ ကျွန်မက ကျောင်းမှာ တာဝန်ယူမယ်။ အဲဒါဆိုရင် သူလဲ ပိုပြီးတော်လာမှာပါ။ သူ့အနေနဲ့ ပျံသန်းနေတဲ့ အရာအားလုံးကို

ဖမ်းနိုင်လိမ့်မယ်' လို့ ပြောလိုက်ပါတယ်။ ဘာပဲဖြစ်ဖြစ် ကျွန်မတို့နှစ်ယောက် ပူးတွဲလုပ်ဆောင်ကြပါတယ်။ ဒါပေမယ့် ကျွန်မတို့နှစ်ယောက်စလုံး ပူတင်အပေါ် ပြဲဇာမလွှမ်းနိုင်ခဲ့ပါဘူး။

ဆဌမအဆင့်လဲ ရောက်ကော ပူတင်ဟာ ရုတ်တရက်ဆိုသလို သိသိသာသာကြီး ပြောင်းလဲလာပါတယ်။ သိသာတဲ့အချက်ကတော့ သူဟာ ပန်းတိုင်တစ်ခုကို ချမှတ်ထားလိုက်တဲ့သဘောပါပဲ။ သူ့ဘဝအတွက် တစ်ခုခုတော့ လုပ်မှဖြစ်မယ်လို့ နားလည်သဘောပေါက်လာခဲ့ပါတယ်။ ပူတင်ဟာ စာမေးပွဲမှာလဲ အဆင့်တွေ ပိုမြင့်လာတယ်။ လွယ်လင့်တကူနဲ့ ဆောင်ရွက်နိုင်ပါတယ်။

နောက်ဆုံးတော့ ပူတင်ဟာ ရှေ့ဆောင်လူငယ်ထဲ ဝင်ခွင့် ရရှိသွားပါတယ်။ ကျွန်မတို့ အခမ်းအနားတစ်ခု ကျင်းပခဲ့ပါတယ်။ ကျွန်မတို့တစ်တွေဟာ လီနင်နေအိမ်ကို လေ့လာရေးခရီး ထွက်ခဲ့ကြပါတယ်။ အဲဒီနေရာမှာပဲ ရှေ့ဆောင်လူငယ် ဝင်ခဲ့ကြတာ ဖြစ်တယ်။ ဒီနောက်တော့ ပူတင်ဟာ ရှေ့ဆောင်လူငယ်အဖွဲ့ရဲ့ ဥက္ကဋ္ဌ ဖြစ်ခဲ့ပါတယ်။

■ **ဆဌမအဆင့် မရောက်မီ အချိန်ထိ ဘာလို့ ရှေ့ဆောင်လူငယ်ထဲ ဝင်ခွင့် မရတာလဲ။ အရမ်းကိုပဲ ဆိုးနေခဲ့လို့လား။**

ဆိုပါတော့၊ ကျွန်တော်က ကလေကချေ၊ လမ်းသူရဲလေ။ ရှေ့ဆောင်လူငယ်တစ်ယောက် မဟုတ်ဘူး။

■ **ခင်ဗျားဟာ ပြောရဆိုရခက်တဲ့ လူငယ်တစ်ယောက်ပေါ့၊**

ဒါ ကျွန်တော့်ကို စော်ကားတာပဲ။ ကျွန်တော်က တကယ်ကို ဆိုးတဲ့ ချာတိတ်တစ်ကောင်ဗျ။

ဗီရာ ဒီမီထရီပညာ၊ ဂူရေဗစ်(၃)။ ။

[ကလေးအများစုဟာ ကမ္ဘာသွားရတာ သဘောကျတယ်။ ကျောင်းမှာ ညဘက်ဆိုရင် ပွဲလမ်းသဘင်တွေ ကျင်းပကြတယ်။ အဲဒီ ကာလကို သလင်းကျောက်ကာလလို့ အမည်ပေးထားတယ်။ ကျွန်တော်တို့တစ်တွေ ပြဇာတ်တွေ ကပြကြတယ်။ ဒါပေမယ့် ပူတင်ကတော့ ဒီကာလမှာ ပါဝင်ပတ်သက်ခြင်း မရှိဘူး။ ဘယ် အခန်းကဏ္ဍကမှ မပါဘူး။ ပူတင်ရဲ့ အဖေက သူ့သားကို အကော်ဒီယံ တီးစေချင်တာ။ အရင်အတန်းတွေထဲက အကော်ဒီယံကို အတင်းအကြပ် သင်ခိုင်းပါတယ်။ ဂီတဆိုရင် ပူတင်က ဂစ်တာခေါက်တာ ဖါသနာပါတယ်လေ။ သူ သီဆိုလေ့ရှိတဲ့ သီချင်းက နာမည်ကျော် ကျေးလက်သီချင်း အဆိုကျော် ဗလာဒီမာ

ဗီဆော့စကီးရဲ့ သီချင်းပါ။ သူ ဆိုတဲ့သီချင်းက ဒေါင်လိုက် သီချင်း အယ်လယ်ထဲမှာပါတဲ့ သီချင်း။ သီချင်း အကြောင်းအရာက ကြယ်ပွင့်တွေအကြောင်း။ မာလယာ ဘရွန်နညာယ လမ်းမှာနေတဲ့ ဆာရှိဇဟာ အကြောင်း သီချင်းတွေပါပဲ။

ပူတင်က လူတွေနဲ့ အရောတဝင်နေလေ့ မရှိဘူး။ သူက အားကစားကို ပိုစိတ်ထက်သန်တယ်။ ကိုယ့်ကိုယ်ကို ကာကွယ်ဖို့အတွက် လက်နက်မဲ့ ခုခံမှု ပညာရပ်တွေကို အတင်းလေ့လာခဲ့တယ်။ ဖင်လန် ဘူတာရုံအနားမှာရှိတဲ့ လက်နက်မဲ့ ခုခံမှု အတတ်ပညာသင်တန်းတွေ တစ်ပတ်လေးကြိမ် သွားသင်ယူခဲ့တယ်။ သူ အတော်လေး လေ့ကျင့်နိုင်တယ်။ ပူတင်က ဆမ်ဘိုကစားနည်းကို နှစ်သက်သွားပါတော့တယ်။ အဲဒီနောက်မှာတော့ ပူတင်ဟာ ပြိုင်ပွဲတွေ ဝင်ရောက်ယှဉ်ပြိုင်တယ်။ ဒါတော့ မကြာခဏဆိုသလို တခြား မြို့တွေကို ခရီးထွက်ရတော့တာပါပဲ။]

ကျွန်တော့်အသက် ၁၀ နှစ် ၁၁ နှစ်မှာ အားကစားကို စိတ်ဝင်စားခဲ့ပါတယ်။ ရန်လိုတဲ့စိတ်ရှိတာ ကျွန်တော့်ရဲ့ စရိုက်ဖြစ်ပါတယ်။ အဲဒီစိတ်ဟာ အိမ်ခြံဝင်းမှာဖြစ်စေ၊ ကျောင်းမှာရှိတဲ့ ကစားကွင်းမှာဖြစ်စေ တစ်ဘက်သားတွေ အနိုင်ယူပြီး ဘုရင်ဖြစ်ချင်တာလောက်နဲ့ ရပ်တန့်မနေဘူးဆိုတာ ကိုယ့်ဖာသာကိုယ် သိလိုက်ပါတယ်။ အဲဒီမှာတင် လက်ဝှေ့ထိုးဖို့ ဆုံးဖြတ်ချက်ချလိုက်ပါတယ်။ ဒါပေမယ့် လက်ဝှေ့ကြိုးဝိုင်းထဲမှာ ကြာကြာမနေခဲ့ပါဘူး။ ကျွန်တော့် နှာခေါင်းသွင်သွင်ကျိုးသွားခဲ့တယ်။ ဝေဒနာက တကယ်ကို မချိမဆန့်ခံရတာ။ နှာခေါင်းထိပ်ကို လက်နဲ့ မထိဝံ့အောင် နာတာ။ အားလုံးက နှာခေါင်းခွဲ စိတ်ကုသဖို့ လိုအပ်ကြောင်း တိုက်တွန်းကြပါတယ်။ ဒါပေမယ့် ကျွန်တော် ဆရာဝန်နဲ့ သွားမတွေ့ခဲ့ပါဘူး။ ဘာဖြစ်လို့လဲ။ ကိုယ့်ဖာသာကိုယ် ကုသရင် ပျောက်ကင်းမယ်လို့ ယုံကြည်ထားလို့ပါပဲ။ ပျောက်လည်း ပျောက်သွားပါတယ်။

ဒီနောက်တော့ ဆမ်ဘို လေ့ကျင့်မယ်လို့ ဆုံးဖြတ်လိုက်ပါတယ်။ ဆမ်ဘိုဆိုတာက ဂျူဒိုနဲ့နပမ်း ရောထားတဲ့ ဆိုဗီယက်တွေရဲ့ ကစားနည်းတစ်ရပ်ပါပဲ။ အဲဒီအချိန်မှာ လက်နက်မဲ့ ခုခံမှုပညာရပ်တွေ ခေတ်စားနေတယ်လေ။ ကျွန်တော့် အိမ်နားမှာ ဖွင့်ထားတဲ့ အဲဒီဆမ်ဘို ကလပ်မှာသွားပြီး ဆမ်ဘို ကစားတော့တာပါပဲ။ ထရုအားကစားကလပ်က ပိုင်ဆိုင်တဲ့ အားကစားရုံမှာ ပုံမှန်လေ့ကျင့် ကစားပါတယ်။ အဲဒီမှာ အားကစားနည်းပြ ကောင်းကောင်း ရှိတယ်။ သူ့နာမည်က အနာတိုလီ ဆီမြွန်နိဗစ်(ချ) ရာ့(ခ) လင် ဖြစ်ပါတယ်။ ထရာ ရာ့(ခ)လင်ဟာ သူ့ဘဝတစ်ခုလုံးကို ဆမ်ဘို ကစားနည်းထဲမှာ နှစ်ထားသူပါ။ ခုချိန်ထိ မိန်းကလေးတွေကော၊ ယောကျ်ားလေးတွေကိုပါ ဆမ်ဘိုကစားနည်းသင်ကြားပေးလျက် ရှိပါတယ်။

ရှာ(ခ)လင်ဟာ ကျွန်တော့်ဘဝမှာ အရေးပါတဲ့ အခန်းကဏ္ဍက ပါဝင်ခဲ့ပါတယ်။ တကယ်လို့သာ ကျွန်တော် အားကစား မလိုက်စားခဲ့ဘူးဆိုရင် ကျွန်တော့်ဘဝတစ်မျိုးတစ်ဖုံ ပြောင်းလဲစရာ မရှိပါဘူး။ လမ်းပေါ် လေလွင့်နေတဲ့ ကျွန်တော့်ကို အားကစားက ဆွဲတင်ခဲ့ပါတယ်။ အမှန်တိုင်း ဝန်ခံရရင် အိမ်ခြံဝင်း ခြေကွက်လပ်ဟာ ကလေးသူငယ်တစ်ယောက်အတွက် ပတ်ဝန်းကျင်ကောင်း တစ်ခု မဟုတ်ပါဘူးဗျာ။

ပထမတော့ ကျွန်တော် ဆမ်ဘိုကစားခဲ့ပါတယ်။ နောက်တော့ ဂျူဒိုကစားပါတယ်၊ နည်းပြဆရာက ကျွန်တော်တို့တစ်တွေကို ဆမ်ဘိုကစားရာကနေပြီး ဂျူဒို ပြောင်းကစားဖို့ စီစဉ်ပေးခဲ့တယ်။ ဒါနဲ့ ကျွန်တော်တို့ ပြောင်းလိုက်တာပါပဲ။

သိတဲ့အတိုင်းပဲ ဂျူဒိုဟာ အားကစားနည်း တစ်ရပ်မျှသာ မဟုတ်ဘူး။ အသိနပညာရပ်လဲ ဖြစ်ပါတယ်။ အရင့်အရင်က လူတွေ၊ အသက်ရွယ်ကြီးရင့်သူတွေ၊ ပြိုင်ဘက်တွေကို ရိုသေလေးစားရပါတယ်။ ဂျူဒိုဟာ ခွန်အားချိန်နဲ့တဲ့လူတွေ ကစားလို့ မရပါဘူး။ ဂျူဒိုမှာရှိတဲ့ အရာအားလုံးဟာ လေးလေးစားစားနဲ့ ဆောင်ရွက်ရတဲ့ သဘောရှိပါတယ်။ ဂျူဒိုကစားဖို့အတွက် ဖျာပေါ်မှာ ထိုင်ချရတယ်။ ပြီးတာနဲ့ တစ်ယောက်ကိုတစ်ယောက် ကိုယ်ကို ညွတ်ကိုင်းပြီး အရိုအသေပေးကြရတယ်။ အစမ်းအနားရဲ့ စည်းကမ်းကို လိုက်နာကြရတယ်။ သိတဲ့အတိုင်း တမူးထူးခြားစွာ မှုရတယ်။ ပြိုင်ဘက်ကို အရိုအသေပေးမှဲ့အစား သူ့ရဲ့နဖူးကို ဖြန်းကနဲ ထိုးနိုင်တယ်။

## ■ ဆေးလိပ်သောက်ဖူးလား။

အကြိမ်တော်တော်များများ ကြိုးစားကြည့်ဖူးပါတယ်။ ပုံမှန်သောက်လေ့သောက်ထ မရှိဘူး။ ကျွန်တော် အားကစားလိုက်စားတဲ့အချိန်မှာ ဆေးလိပ်ဖြတ်ပစ်လိုက်ပါတယ်။ နေ့တိုင်း အားကစား လေ့ကျင့်တယ်။ ကျွန်တော့်မှာ အချိန်အားဆိုတာ မရှိတော့ဘူး။ ကျွန်တော့်မှာ တခြား ဦးစားပေး လုပ်ဆောင်စရာတွေလဲ ရှိသေးတယ်။ အားကစားနဲ့ ပတ်သက်ပြီး ထူးချွန်အောင်အားထုတ်ရမယ်။ တစ်စုံတစ်ခု စွမ်းဆောင်မှုလုပ်ပြရမယ်။ ကျွန်တော် ရည်မှန်းချက်တွေ၊ ပန်းတိုင်တွေ ချထားတယ်။ အားကစားဟာ ကျွန်တော့် အပေါ် တကယ်ပဲ လွှမ်းမိုးထားခဲ့တယ်ဗျ။

## ■ ကရာတေးကော ကစားဖူးသလား၊ အဲဒီအချိန်က ကရာတေး မကစားရလို့ စိတ်ပင်ခြင်း ခံရတယ်။ ဒါပေမယ့် လူငယ်တွေကြားမှာ ကရာတေးကစားနည်းလည်း ခေတ်စားနေတယ် မဟုတ်လား။

ကရာတေးကော တခြား အားကစားနည်းတွေဟာ ဘဲလေးနဲ့တူပါတယ်။ အားကစားလေ့ကျင့်တာဆို ချွေးတွေသံတွေ တရွှဲရွှဲနဲ့ အပြင်းအထန် လေ့ကျင့်ရတဲ့ ကစားနည်းပဲ ဖြစ်ပါတယ်။

ကရာတေး ကစားနည်းဟာ လူကြိုက်များလာတယ်။ ကရာတေး သင်တန်းကျောင်းတွေ မှိုလိုပေါက်လာတယ်။ အဲဒါဟာ လုံးဝကိုပဲ ငွေရှာတဲ့ စီးပွားရေးလုပ်ငန်းတစ်ခုပါပဲ။ အဲ ကျွန်တော်တို့ ကစားတဲ့ အားကစားနည်း သင်တန်းတွေက ပိုက်ဆံတစ်ပြားတစ်ချပ်မှ မပေးရဘူး။ ကျွန်တော်နဲ့အတူ သင်တန်းသားတွေဟာ ဆင်းရဲသား မိသားစုက ပေါက်ဖွားကြသူတွေ ဖြစ်ကြပါတယ်။ ကရာတေးသင်တန်းဟာ သင်တန်း စတက်ပြီဆိုတာနဲ့ ပိုက်ဆံကုန်ပြီလို့သာ မှတ်ပေတော့။ ဒါပေမယ့် ကရာတေးသင်တဲ့ ချာတိတ်တွေရဲ့ စိတ်ထဲမှာကတော့ သူတို့ဟာ ပထမတန်းစားတွေလို ထင်သွားကြတယ်။

တစ်ကြိမ်မှာတော့ ထရုဒ်ရဲ့ အထက်တန်းသင်တန်းဆရာ လီယိုနစ် အီသိုနီမစ်(ချ)နဲ့အတူ အားကစားရုံကို သွားခဲ့ပါတယ်။ ကရာတေး ကစားသမားတွေဟာ ဖျာတွေပေါ်မှာ ကရာတေး ကစားနေကြပါတယ်။ ဒါပေမယ့် ဒီအချိန်က ကျွန်တော်တို့ ကစားရမယ့် အချိန်ပါ။ ဒါကြောင့် လီယိုနစ်က ကရာတေးသင်တန်းဆရာရှိရာ သွားပြီး ခုအလှည့်က ကျွန်တော်တို့ ကစားရမယ့်အချိန်လို့ ပြောလိုက်ပါတယ်။ ကရာတေးဆရာက ဘာမှ ပြန်မပြောဘဲ ဆက်လေ့ကျင့်နေပါတယ်။ အဲဒီတော့ လီယိုနစ်က ဘာမှ ဆက်ပြောမနေတော့ဘဲ ကရာတေးဆရာကို သာသာဖွဖွ ချုပ်ကိုင်ပြီး ကြမ်းပြင်ပေါ်ပေါက်ချလိုက်တယ်။ ကရာတေး နည်းပြဆရာ ကြမ်းပြင်ပေါ်မှာ ပိုးလိုးပက်လက် လဲကျနေတယ်။ သတိမရတော့ဘူး။ အဲဒီအချိန်မှာ ကျွန်တော်တို့ဆရာ လီယိုနစ်က 'ငါ့ကောင်ကွ၊ နေရာအသင့်ယူကြ၊ ကစားကြမယ်' လို့ ပြောလိုက်ပါတယ်။ အဲဒါကတော့ ကရာတေးပေါ်ထားတဲ့ ကျွန်တော်တို့ရဲ့ သဘောထားပါပဲ။

■ **ခင်ဗျားရဲ့ မိဘတွေကကော ဂျူဒိုကစားတာကို သဘောကျရဲ့လား။ အားကော အားပေးရဲ့လား။**

ဟင့်အင်း။ အားမပေးပါဘူး။ ပထမတော့ ကျွန်တော့်အပေါ် သံသယရှိနေပါတယ်။ ကျွန်တော်ဟာ လမ်းမပေါ်မှာ မဟုတ်မဟတ် အရုပ်ဆိုး အကျည်းတန်တဲ့ ကစားနည်းတွေကို လုပ်နေပြန်ပြီလို့ ထင်ထားကြပါတယ်။ နောက်တော့မှ ကျွန်တော်တို့ရဲ့ သင်တန်းဆရာနဲ့ ဆုံမိကြတယ်။ ဆရာက အိမ်လာလည်တယ်။ ဒီတော့မှ ကျွန်တော့်မိဘတွေရဲ့ သဘောထားအမြင်တွေလဲ ပြောင်းသွားပါတော့တယ်။ ပြိုင်ပွဲမှာ ကျွန်တော် ပထမဆုံးအကြိမ် အောင်မြင်မှုလဲရရော ကျွန်တော် ဂျူဒို ကစားနည်းဟာ လေးလဲလေးနက်၊ အသုံးလည်းတည့်တဲ့ အတတ်ပညာ တစ်ခုအဖြစ် ကျွန်တော့် မိဘတွေက သဘောထားခဲ့ကြပါတယ်။

## ■ စတင်အနိုင်ရတဲ့ နှစ်ကကော။

ဂျူဒို အားကစားသင်ပြီး တစ်နှစ်– နှစ်နှစ်အတွင်းမှာပဲ အနိုင်ရခဲ့တာ ဖြစ်ပါတယ်။

> ဗီရာ ဒီမီထရီဗညာ ဂူရေဗစ်(ချ)။ ။
>
> [ကျွန်မက ပူတင်ကို ငါးတန်းကနေ ရှစ်တန်းထိ သင်ကြားခဲ့ရတဲ့ ဆရာမ ဖြစ်ပါတယ်။ ပြီးတာနဲ့ ပူတင်ကို ဘယ်ကျောင်း ပို့ရမလဲ ဆိုတာကို ဆုံးဖြတ်ဖို့ လိုအပ်လာပါတယ်။ ကျောင်းသားအများစုကတော့ ဗီထရာ လာ့(ဗ)ဂိုဗာလမ်းပေါ်မှာရှိတဲ့ အမှတ် ၁၉၇ ကျောင်းမှာပဲ တက်ကြပါတယ်။ ဒါပေမယ့် ပူတင်နဲ့ ဆလာဗာယာကော့လက်(ဖ)က ဓာတုဗေဒကို အဓိကထားပြီး သင်တဲ့ ကျောင်းမှာ တက်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ကျွန်မအထင်တော့ ပူတင်ကို ဆလာဗာက ဆွယ်ခဲ့တာပဲ ထင်ပါရဲ့။
>
> အဲဒီအချိန်မှာ ကျွန်မ အံ့သြနေမိပါတယ်။ ဒါပေမယ့် ပူတင်က ခုလို ပြောခဲ့ပါတယ်။ 'ကျွန်တော်တို့ ခဏတဖြုတ် တက်ကြည့်မယ်။ ဒီတော့မှ ကျွန်တော်တို့ သိကြရမှာ ဆရာမတဲ့'။ သူက ဘယ်တော့မှ ကသောကမျော မလုပ်ဘူး။ အဲဒီကျောင်းမှာလဲ သူဟာ အဆင့်ကောင်းကောင်းနဲ့ အောင်တယ်။ ပူတင်မှာ အံ့သြစရာကောင်းတဲ့ ဆရာမတစ်ယောက်ရှိတယ်။ သူ့နာမည်က မီနာ မိုင်စေယဲ့ဗနာ ယူဒီစတာယာ ဖြစ်တယ်။ ယူဒီစတာယာက ဂျာမန်ဘာသာသင်တဲ့ ဆရာမ။ ဒီနောက်တော့ ကျွန်မလည်း ပူတင်တို့ နေတဲ့အိမ်ကို အရင်တထက် ပိုရောက်ခဲ့ပြီး ပူတင်ကို ဂျာမန်ဘာသာ ကူပြီး သင်ပေးခဲ့ပါတယ်။ ကျွန်မအနေနဲ့ ပူတင်ကို ဂျာမန်ဘာသာ ကျွမ်းကျွမ်းကျင်ကျင် တတ်စေချင်တယ်။ ပူတင်ကလဲ ကျွန်မကို အထောက်အကူပြုပါတယ်။ ကျွန်မဟာ မူလတန်းဆရာမဖြစ်ပေမယ့် ညနေဘက်တွေမှာ ဇိသုကာနဲ့ ဆောက်လုပ်ရေးဘာသာရပ်သင်တဲ့ စက်မှုလက်မှုသင်တန်းကျောင်းမှာလဲ စာပြရပါတယ်။ ကျွန်မခင်ပွန်းက စီးပွားရေးလုပ်ငန်းခရီး မကြာခဏ ထွက်ရပါတယ်။ ကျွန်မရဲ့ သမီးတွေကလည်း အဲဒီတုန်းက ငယ်ငယ်ပဲ ရှိကြသေးတယ်။ ဒါကြောင့် 'ပူတင် ဆရာမကို တစ်ခုကူညီရမယ်နော်။ ဆရာမက ကျောင်းပြန်နောက်ကျတယ်။ ဆရာမသမီးတွေ အိပ်ရာကနိုးရင် ကြောက်လန့်မှာ စိုးရိမ်ရတယ်။ ဒါကြောင့် ဆရာမအိမ်မှာ ကလေးတွေကို စောင့်ရှောက်ပေးနော်' လို့ မှာရတယ်။ ဒီလိုနဲ့ ပူတင်က ကျွန်မသမီးတွေ လာစောင့်ရှောက်ပေးရတယ်။ တစ်ခါတစ်ရံမှာ ညအတော်မိုးချုပ်ထိ နေရတယ်။
>
> ပူတင်ဟာ အင်မတန်မှ သဘောသဘာဝကောင်းတဲ့ ကလေးလို့ ထင်ပါတယ်။ ဒါပေမယ့် တစ်ခုတော့ ရှိတယ်။ သူ့အပေါ်

အကောက်ကြံတဲ့လူ၊ သစ္စာမရှိတဲ့ လူတွေကို ခွင့်မလွှတ်တတ်ဘူး။

ကျောင်းသစ်မှာ ပူတင်ဟာ မထင်ရှားလှပါဘူး။ ဒါပေမယ့် ပူတင်ဟာ စာပေသင်တန်းအတွက် ဆရာတစ်ယောက် ရှိထားပါတယ်။ ဆရာနာမည်က ကိုရှာက်ဖြစ်ပြီး သူ့ရဲ့ သင်တန်းဟာ တကယ်လည်း စိတ်ဝင်စားဖို့ ကောင်းသလို၊ ဖန်တီးဆန်းသစ်မှုတွေ အပြည့်ရှိတယ်။ ဆရာကိုရှာက်က သူ့တပည့်တွေကို ရေးနိုင်တဲ့ စာစီစာကုံးတစ်ခုရဲ့ ခေါင်းစဉ်ကို ကျွန်မ မှတ်မိနေပါသေးတယ်။ အဲဒီအချိန်တုန်းက သူပေးတဲ့ ခေါင်းစဉ်က တစ်မျိုးတစ်ဘာသာ ဆန်းနေတယ်။ 'တော်လှန်ရေးတွင် အစရှိသည်၊ တော်လှန်ရေးတွင် အဆုံးနိဂုံးမရှိ' လို့ ဖြစ်ပါတယ်။

အဲဒီကျောင်းကနေ အထက်တန်းအောင်ပြီးတဲ့အခါမှာ ပူတင်က ဥပဒေ တက္ကသိုလ်တက်မယ်လို့ ပြောလာပါတယ်။ ဘာလို့ အဲဒီလို ရွေးချယ်ရတာလဲ၊ ဘယ်သူ့ ဩဇာကြောင့်လဲ ဆိုတာတော့ ကျွန်မ မပြောတတ်ပါဘူး။ ဘာလို့ ဥပဒေ တက္ကသိုလ်တက်ရတာလဲ။ ကျွန်မတို့အထင်ကတော့ ပူတင်သာ ဓာတုဗေဒကျောင်းပဲ တက်လိမ့်မယ်လို့ ထင်ထားခဲ့ပါတယ်။ ပူတင်နဲ့ ခင်တဲ့ လီနာ ဂရာဇနီဗာက ဓာတုဗေဒ သင်တန်းကျောင်း တက်ခဲ့ပါတယ်။ ပူတင်နဲ့ ဂရာဇနီဗာဟာ သိပ်ရင်းနှီးကြပါတယ်။ ခြောက်တန်းကတည်းက ဂရာဇနီဗာက ပူတင်အိမ်ကို လာလည်နေကြဖြစ်တယ်။ ပူတင်ကတော့ မိန်းကလေးတွေကို သိပ်စိတ်မဝင်စားပါဘူး။ ဒါပေမယ့် မိန်းကလေးတွေကျတော့ ပူတင်ကို စိတ်ဝင်စားမှု ရှိပါတယ်။

ပူတင်က အားလုံးကို ယခုလို ကြွေးကြော်လိုက်ပါတယ်။ 'ကျွန်တော် တက္ကသိုလ်တက်မယ်' ဆိုတဲ့ စကားပါပဲ။ 'မင်း ဘယ်လို တက်မှာလဲ'လို့ ကျွန်မ ကမေးလိုက်ပါတယ်။ 'အဲဒီပြဿနာ ကျွန်တော်ဟာသာ ဖြေရှင်းမယ် ဆရာမ' လို့ ပူတင်က ဖြေပါတယ်။]

ကျွန်တော် တက္ကသိုလ်ကနေ ဘွဲ့မရခင်မှာပဲ ထောက်လှမ်းရေး တာဝန် ထမ်းဆောင်လိုတဲ့ဆန္ဒ ကျွန်တော့်မှာ ကိန်းအောင်းနေပါတယ်။ ထောက်လှမ်းရေး တာဝန်ထမ်းဆောင်ဖို့ဆိုတာ ကျွန်တော်ရဲ့ အိပ်မက်ပါပဲ။ အင်္ဂလိပ်ကို သွားတဲ့ ခရီးနဲ့လည်း တူနေပါတယ်။ ကျွန်တော့် ရည်မှန်းချက်တွေကလည်း မကြာခဏ ပြောင်းလဲတတ်ပါတယ်။ ကျွန်တော် သင်္ဘောသားပဲ ဖြစ်ချင်ပါတယ်။ လေယာဉ်ပျံ မောင်းသမားလည်း ဖြစ်ချင်ခဲ့ပါရဲ့။

လေကြောင်းသိပ္ပံ အကယ်ဒမီက လီနင်ဂရက်မြို့မှာ ရှိပါတယ်။ အဲဒီကျောင်း တက်ချင်တာ တစ်ပိုင်းသေနေခဲ့ပါတယ်။ လေယာဉ်ပျံသန်းမှုဆိုင်ရာ စာပေတွေ ဖတ်ရှုခဲ့ပါတယ်။ လေကြောင်းပညာ ဂျာနယ်ကိုလည်း လစဉ်ဝယ်ဖတ်ခဲ့ပါတယ်။ အဲဒီ နောက်မှာတော့ သူလျှိုဝတ္ထုတွေ ဖတ်ခဲ့ပါတယ်။ သူလျှိုရုပ်ရှင်တွေလည်း

ကြည့်ခဲ့ပါတယ်။ ဓားသွားနဲ့ ဒိုင်းဆိုတဲ့ သူလျှိုရုပ်ရှင်ကားဟာ ကျွန်တော့်ရဲ့ စိတ်ကူးစိတ်သန်းတွေကို အမိအရ ဖမ်းချုပ်ထားနိုင်ခဲ့ပါတယ်။ တခြားလူတွေ မလုပ်နိုင်တဲ့ အလုပ်ကို သူလျှိုတစ်ယောက်က လုပ်နိုင်တယ်ဆိုတာ သိလာရပါတယ်။ သဘောကတော့ သူလျှိုတစ်ယောက်၊ ထောက်လှမ်းရေးသမားတစ်ယောက်က ထောင်ပေါင်းများစွာသော လူတွေရဲ့ ကံကြမ္မာကို ပြောင်းလဲပစ်နိုင်တယ်။ ကျွန်တော်ကတော့ အဲဒီလိုပဲ နားလည်သဘောပေါက်ခဲ့ပါတယ်။

ဒီတော့ လေကြောင်းသိပ္ပံတက်ရေးဆိုတဲ့ အာသာဆန္ဒတွေ တဖြေးဖြေး ယုတ်လျော့သွားပါတော့တယ်။ ဒီမှာတင် ကျွန်တော် တစ်ခုခုကို ရွေးချယ်လိုက်ပါတယ်။ ကျွန်တော် ထောက်လှမ်းရေးသမားတစ်ယောက် ဖြစ်ချင်နေပါပြီ။

ကျွန်တော့်ရဲ့မိဘတွေကတော့ ကျွန်တော့်ရဲ့ မှန်ကန်တဲ့ ရွေးချယ်မှုကို သဘောပေါက် နားမလည်ကြဘူး။ ကျွန်တော်ရဲ့ အားကစားသင်တန်းနည်းပြဆရာက ကျွန်တော့်မိဘတွေနဲ့ သွားတွေ့တယ်။ အားကစားထူးချွန်တဲ့ ကျွန်တော်ဟာ စာမေးပွဲမအောင်ပေမယ့် လေကြောင်းသိပ္ပံကို တက်နိုင်တယ်လို့ ပြောခဲ့ပါတယ်။ ဒီမှာတင် ကျွန်တော့်မိဘတွေက လေကြောင်းသိပ္ပံတက်ဖို့ နားချတော့တာပါပဲ။ ကျွန်တော့်ရဲ့ အားကစားနည်းပြကလည်း မိဘတွေနဲ့ သဘောထားခြင်း တူကြတယ်။ ကျွန်တော့် အားကစားဆရာကလည်း ကျွန်တော်ဘာကြောင့် အဲဒီသိပ္ပံမတက်ချင်တာကို သဘောမပေါက်ဘူး။ 'ပူတင်ဟာ လေကြောင်းသိပ္ပံဝင်ခွင့်ဟာ ရာနှုန်းပြည့် ကျိန်းသေတယ်၊ တကယ်လို့ ပူတင်ဟာ တက္ကသိုလ်မတက်ခဲ့ဘူးဆိုရင် သူ စစ်ထဲဝင်ဖို့ ကောင်းတယ်' လို့ ဆရာက ပြောပါတယ်။

အခြေအနေက အတော်ခက်ခဲနေပါရဲ့။ ကျွန်တော့်အပေါက ဩဇာပေးရတာ သိပ်သဘောကျတာ။ ဒါပေမယ့် ကျွန်တော်ဆိုတဲ့ ကောင်ဟာ ကိုယ့်ခြေထောက်ကိုယ် ရပ်ချင်တဲ့ လူ။ ကျွန်တော်က ဆုံးဖြတ်ချက်ချပြီးပြီလို့ ပြောလိုက်ပါတယ်။

ဒီနောက် ထရ(ဒ်)ကလပ်က ကျွန်တော့်ရဲ့ နောက်ဆရာတစ်ယောက်ဖြစ်တဲ့ လီယိုနစ် အီနိုဗစ်(ချ်)က အိမ်လာလည်တယ်။ ဆရာက အင်မတန်မှ ထူးချွန်ထက်မြက်ပါတယ်။ 'ကောင်းပြီ၊ မင်း ဘာဆက်လုပ်မှာလဲ' တဲ့။ ဆရာက ကျွန်တော့် အကြောင်း သိထားပြီးလောက်ပါပြီ။ သူက မသိဟန်ဆောင်ပြီး မေးနေတာပါ။ 'တက္ကသိုလ်' လို့ ဖြေလိုက်ပါတယ်။ 'ကောင်းတာပေါ့၊ သိပ်ကောင်း၊ ဒါနဲ့ ဘယ် ဘာသာရပ် သင်ယူမှာလဲ' လို့ ဆရာက မေးပါတယ်။ 'ဥပဒေပါ' လို့ ကျွန်တော်က ဖြေလိုက်ပါတယ်။ ဒီမှာတင် သူက အထိတ်တလန့် အော်ပါတော့တယ်။ 'ဘာပြောတယ်။ လူတွေ ဖမ်းမလို့လား။ မင်း ဘာတွေ လုပ်နေတာလဲ။ မင်း ရဲဖြစ်သွားတော့မှာပေါ့။ မင်း သဘောပေါက်ရဲ့လား' တဲ့။ ဒီမှာပဲ ကျွန်တော် မခံမရပ်နိုင် ဖြစ်သွားတယ်။ 'ကျွန်တော် ရဲမလုပ်ဘူး' လို့ ပြန်အော်လိုက်ပါတယ်။

တစ်နှစ်လောက်တော့ ကျွန်တော့်မိဘတွေက ကျွန်တော့်အပေါ်မှာ ဖိအားပေးကြပါတယ်။ ကျွန်တော့်စိတ်ထဲမှာတော့ ဥပဒေတက္ကသိုလ် တက်ရောက်ဖို့ ဆန္ဒပဲ ရှိနေပါတယ်။ ဘာကြောင့် ကျွန်တော် ဥပဒေတက္ကသိုလ်ကို ရွေးချယ်လိုက်ရတာလဲ။ ကျွန်တော် ရှင်းပြပါရစေ။

ကျွန်တော် သူလျှိုလုပ်ချင်တဲ့ ဝါသနာကြောင့် ၉ တန်းကျောင်းသားဘဝမှာလည်း သူလျှို ဘယ်လိုလုပ်ရမလဲဆိုတာ လက်တွေ့လုပ်ခဲ့ပါတယ်။ ကျွန်တော် ကေဂျီဘီ ထောက်လှမ်းရေးဌာနကို သွားရောက်ခဲ့ပါတယ်။ လူတစ်ယောက်နဲ့ တွေ့တယ်။ ကျွန်တော်ပြောတာကို သူက နားထောင်နေပါတယ်။

'ကျွန်တော် ထောက်လှမ်းရေးအဖွဲ့မှာ အလုပ်လုပ်ချင်ပါတယ်'

လို့ ပြောလိုက်ပါတယ်။

'အေး၊ တကယ်ကို ထိတ်လန့်စရာပါလား။ အေး ဒါပေမယ့် တို့မှာ တခြားပြဿနာတွေ ရှိနေသေးတယ်။ ပထမအချက် ကိုယ့်စိတ်ဆန္ဒသဘောနဲ့ တို့အဖွဲ့ထဲ လာသူတွေကို လက်မခံဘူး။ ဒုတိယအချက်၊ မင်း စစ်တပ်ထဲဝင်ပြီးမှ ဒါမှမဟုတ် အရပ်သားအဖြစ်နဲ့ ဘွဲ့တစ်ခုရပြီးမှ တို့အဖွဲ့ထဲ ဝင်လာလို့ ရမယ်' လို့ သူက ထပ်ပြောပါတယ်။

ကျွန်တော် နားမလည်ဘူး။

'ဘယ်လို ဘွဲ့မျိုးလဲ' လို့ မေးလိုက်ပါတယ်။

'ဘာဘွဲ့ဖြစ်ဖြစ် ရတယ်' လို့ သူက ပြောပါတယ်။

တကယ်တော့ သူက ကျွန်တော့်ကို အမြန်ဆုံး ထွက်သွားစေချင်ပြီလေ။

'ဘယ်လို ဘွဲ့မျိုးဆိုရင် ပိုအဆင်ပြေမလဲ ခင်ဗျ'

လို့ ကျွန်တော်က မေးလိုက်ပါတယ်။

'ဥပဒေဘွဲ့'

ဒါပါပဲ။ အဲဒီအချိန်ကစပြီး လီနင်ဂရက်တက္ကသိုလ်မှာရှိတဲ့ ဥပဒေဌာနကို တက်ဖို့ ပြင်ဆင်ခဲ့ပါတယ်။ ဘယ်သူကမှ တားလို့ မရတော့ပါဘူး။

ကျွန်တော့် မိဘတွေကကော၊ အားကစားသင်တန်း နည်းပြဆရာကကော တားဖို့ ကြိုးစားကြပါတယ်။ စစ်တပ်ထဲမှာ ကြာရှည်အမှုထမ်းရင် ဖြစ်လာမယ့် အကျိုးဆက်တွေ ပြောပြတယ်။ ကျွန်တော် စစ်ထဲဝင်တာ အဆင်ပြေမယ်ဆိုတာ သူတို့တစ်တွေ မသိကြပါဘူး။ ဘာပဲဖြစ်ဖြစ် သူတို့ တားမြစ်ချက်တွေဟာ ကျွန်တော့်ရဲ့ ဖြစ်ပေါ်တိုးတက်မှုကို အတန်ငယ် နှောင့်နှေးစေပေမယ့်၊ ကျွန်တော့်ရဲ့ ဆုံးဖြတ်ချက် သံမဏိဌာန်ကို ပျက်အောင် မဖျက်နိုင်ပါဘူး။

တက္ကသိုလ်မှာရှိတဲ့ အားကစားသင်တန်း နည်းပြဆရာတွေဟာ သူတို့ဘက်ပါအောင် နည်းမျိုးစုံနဲ့ ကြိုးစားကြပါတယ်။ တက္ကသိုလ်ဝင်ခွင့် လျှောက်လွှာ

တင်တဲ့အခါမှာ အားကစားနည်းတစ်ခုခုကို ဝင်ရောက်ကစားခဲ့တဲ့လူဟာ တက္ကသိုလ် ဝင်တဲ့ နေရာမှာ ပိုပြီး အခွင့်လမ်းသာကြောင်း ကျွန်တော် သတိပြုမိပါတယ်။ ကျွန်တော်က ဘယ်အားကစား နည်းမှ မပါဘူး။ ကျွန်တော် တက္ကသိုလ် ဝင်ခွင့်တင်တဲ့အချိန်မှာ အားကစားဆရာက ဘူရီဗက်(စ)နစ် အားကစား ကလပ်ထဲ ဝင်ရောက်ဖို့ ပြောလာပါတယ်။

'အဲဒီကလပ်ဝင်ပါပြီတဲ့ ဘာများ ထူးခြားမှာမို့လဲ'

လို့ ကျွန်တော်က မေးခွန်းထုတ်လိုက်ပါတယ်။

'ဟာ တို့က မင်းကို တက္ကသိုလ်ဝင်ခွင့်ရအောင် ကူညီနိုင်တယ်၊ ဒီတော့ မင်းတို့ ကလပ်ထဲသာ ဝင်လိုက်ပါ'

လို့ ပြောပါတယ်။ တစ်ခုခုတော့ လွဲချော်နေပြီလို့ ကျွန်တော် ယူဆလိုက်ပါတယ်။

ကျွန်တော် တက္ကသိုလ်ကျောင်းအုပ်ကြီးကို သွားတွေ့ပါတယ်။ တွေ့တာနဲ့ ကျွန်တော်က ပွင့်ပွင့်လင်းလင်း ပြောချလိုက်ပါတယ်။

'ကျွန်တော့်ကို အတင်းအကြပ်ပဲ ဘူရီဗက်(စ်)နစ်ကလပ်ထဲ ဝင်ခိုင်းနေပါတယ် ဆရာကြီး။ ကျွန်တော် မလုပ်ချင်ပါဘူး'

အဲဒီအခါမှာ သဘောသဘာဝ အလွန်ကောင်းတဲ့ ကျောင်းအုပ်ကြီး ပါမောက္ခ အလက်(ခ)ဆေယက်(ဖ)က ခုလို ပြောလိုက်ပါတယ်။

'သူတို့က မင်းကို ဘာလို့ အတင်းအကြပ် တိုက်တွန်းနေရတာလဲ'

'သူတို့က အားကစားသမားဆိုရင် တက္ကသိုလ်ဝင်ခွင့် လွယ်လင့်တကူ ရမယ်လို့ ပြောပြီး ဝင်ခွင့်အောင် လုပ်ပေးခဲ့ပါတယ်။ ခု ကျွန်တော်က အဲဒီကျေးဇူးထောက်ပြီး သူတို့ရဲ့ ဘူရီဗက်(စ)နစ်ကလပ်ထဲ ဝင်ရမှာ ဖြစ်ပါတယ်'

'ဒါ အမှန်ပဲလားကွ။ ဒီလိုလုပ်လို့ ဘယ်ရမလဲ။ လူတိုင်း တက္ကသိုလ်ဝင်ခွင့် အညီအမျှ ရှိတယ်။ ပညာအရည်အချင်းပေါ် မူတည်ပြီးတော့ ဝင်ခွင့်ရွေးတာ။ အားကစားနဲ့ ဘာမှ မပတ်သက်ဘူး။ ခဏနေဦး၊ ငါရှာကြည့်မယ်'

လို့ ဆရာကြီးက ပြောပါတယ်။

စကားဆုံးတာနဲ့ အံဆွဲကို ဖွင့်ပြီး စာရင်းစာရွက်တစ်ရွက် ယူကြည့်တယ်။ ပြီးမှ ကျွန်တော့်ရဲ့ နောက်ဆုံး နာမည်ကို မေးတယ်။

'မင်းနာမည်က စာရင်းထဲမှာ မပါဘူး။ မင်းစိတ်အေးအေးထားပြီး တခြားလူတွေကို တက္ကသိုလ်ဝင်ခွင့်နဲ့ အားကစား ဘာမှ မပတ်သက်ဘူးဆိုတာ လိုက်ပြောပေတော့ကွာ'

လို့ ဆရာကြီးက ပြောပါတယ်။ ကျွန်တော်လည်း ဆရာကြီးပြောတဲ့အတိုင်း လုပ်ပါတယ်။

ဘာပဲဖြစ်ဖြစ် တက္ကသိုလ်အားကစားပွဲတွေမှာ ကျွန်တော်ဟာ တက္ကသိုလ်ကိုယ်စားပြုအသင်းမှာ ပါဝင်ကစားခဲ့ပါတယ်။ ကျွန်တော်အနေနဲ့လည်း အားကစားအသင်းအဖွဲ့ ပြောင်းရွှေ့စရာ မလိုခဲ့ပါဘူး။ ဒါပေမယ့် အားကစားနည်းပြတွေကတော့ သူတို့ အသင်းအဖွဲ့ထဲဝင်ဖို့ စွဲဆောင်တိုက်တွန်းမှုတွေကို လက်မလျှော့ကြပါဘူး။ ကျွန်တော် ထရာဒ်အဖွဲ့ကနေ တခြား ဘယ်အဖွဲ့မှ မဝင်ဘူး။ မပြောင်းရွှေ့ဘူးဆိုတာကို အကြိမ်တစ်ရာမက ပြောခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ ထရာဒ်မှာ ကျွန်တော့်သူငယ်ချင်းတွေ ရှိတယ်။ ကျွန်တော့်ရဲ့ အားကစားလက်ဦးဆရာ ရှိနေလို့ပါပဲ။ ဒါကြောင့် တခြား ဘယ်အဖွဲ့ကိုမှ ဘယ်တော့မှ မပြောင်းဘူးလို့ အပြတ်ပြောခဲ့တာ ဖြစ်ပါတယ်။ ကျွန်တော် နှစ်သက်သဘောကျတဲ့ အားကစားနည်းကိုပဲ ကစားချင်ပါတယ်။

* * *

## အပိုင်း (၃)

### တက္ကသိုလ်ကျောင်းသား

တက္ကသိုလ်တွင် ပူတင်သည် အပတ်တကုတ် ကြိုးစားသင်ယူ လေ့လာသည်။ ဂျူဒို ပြိုင်ပွဲများတွင် ပါဝင်ဆင်နွှဲသည်။ နွေရာသီ အားလပ်ရက်များတွင် သူငယ်ချင်းများနှင့်အတူ တည်ဆောက်ရေး လုပ်ငန်းခွင်သို့ သွားရောက်လုပ်အားပေးသည်။ အချစ်ကိစ္စများ ကြုံတွေ့သည်။ ချစ်သူနှင့်လည်း ကွေကွင်းခဲ့ရသည်။ သို့သော်မယ့် သူ့ မူလ အာသီသဖြစ်သော ထောက်လှမ်းရေးသမားဖြစ်လိုသော ဆန္ဒက ပျောက်ကွယ်မသွား။ ကေဂျီဘီအဖွဲ့သို့ ဘယ်လိုဝင်ရောက်ရပါမလဲဆိုသော နည်းလမ်းကိုရှာကြံနေဆဲ။

### ■ တက္ကသိုလ်ဝင်ခွင့်က အတော်ခက်ခဲပါသလား။

ဟုတ်တယ်။ အတော်ခက်ပါတယ်။ ကျောင်းသားဦးရေ ၁၀၀ ကျော် လိုအပ်နေပေမယ့် အထက်တန်းကျောင်းသားတွေအတွက် ၁၀ နေရာပဲ ရှိပါတယ်။ ကျန်ကိုးဆယ်လောက်က စစ်တပ်အတွက် ဖြစ်ပါတယ်။ ဒီတော့ အထက်တန်းကျောင်းသားတွေဖြစ်တဲ့ ကျွန်တော်တို့အဖို့ တက္ကသိုလ်ဝင်ခွင့်ဟာ အတော်ခက်တယ်။ အတော်လေးခက်ခဲတဲ့ ယှဉ်ပြိုင်မှု တစ်ခုပါပဲ။ လူလေးဆယ်လောက်မှ တစ်ယောက် ဝင်ခွင့်ရတဲ့ ကိန်းဆိုက်နေတယ်။ ကျွန်တော်က စာစီစာကုံးမှာ ‘ခ’ အဆင့်ရတယ်။ ဒါပေမယ့် တခြားဘာသာရပ်တွေမှာ ‘က’ အဆင့်ရတာကြောင့် ကျွန်တော် တက္ကသိုလ်ဝင်ခွင့်ရတော့တာပါပဲ။ အဲဒီအချိန်တုန်းက လျှောက်လွှာရှင်တွေရဲ့ ရမှတ်တွေကို ပေါင်းပြီး ပျမ်းမျှရမှတ်တွက်တဲ့ စံနစ်မျိုး မရှိသေးပါဘူး။ ၁၀ တန်းကျောင်းသားဘဝမှာ ဘာသာရပ်အကုန်လုံး အမှတ်ကောင်းကောင်းရအောင် ကြိုးစားခဲ့တယ်။ ဒါမှ တက္ကသိုလ်ဝင်ခွင့်ရမှာ ဖြစ်ပါတယ်။ တခြား ဘာသာရပ်တွေမှာ အမှတ်ကောင်းခဲ့ရင် တက္ကသိုလ်ဝင်ခွင့် ရမှာ မဟုတ်ဘူး။

ဘုရားသခင်ရဲ့ ကျေးဇူးပါပဲ။ ကျွန်တော်တို့ ကျောင်းမှာ စာအသင်အပြ ထူးချွန်တဲ့ဆရာ၊ ဆရာမကောင်းတွေ ရှိတယ်။ ဆရာ၊ ဆရာမတွေရဲ့ အဓိကရည်မှန်းချက်ပန်းတိုင်ကတော့ တပည့်တွေ တက္ကသိုလ်ဝင်ခွင့် ရရှိရေးအတွက် သင်ကြားပြသဖို့ပါပဲ။ ကျွန်တော်က ဓာတုဗေဒပညာ ဝါသနာမပါဘူး။ တခြား ဘာသာရပ် လူမှုသိပ္ပံပညာဖြစ်တဲ့ ဝိဇ္ဇာဘာသာရပ်တွေကို နှစ်သက်နေတယ်ဆိုတာ သိကြတဲ့အခါမှာ ဆရာ၊ ဆရာမတွေက ဘာမှ မပြောကြဘူး။ အနှောက်အယှက် မပေးကြဘူး။ သူတို့ကတော့ အားပေးကြသေးတယ်။

■ **အနာဂတ်အတွက် ရည်မှန်းချက်ထားပြီး တက္ကသိုလ်မှာ ကြိုးစားအားထုတ်ခဲ့ပါသလား။**

ဟုတ်ပါတယ်။ ကျွန်တော်ပြင်းပြင်းထန်ထန် လေ့လာခဲ့ပါတယ်။ ကျောင်းစာ ပြင်ပကိစ္စရပ်တွေ ကျွန်တော် စိတ်မဝင်စားခဲ့ဘူး။ မပတ်သက်ခဲ့ပါဘူးဆိုပါတော့။ ကျွန်တော်ဟာ ကွန်ဆိုမိုလ်လို့ခေါ်တဲ့ လူငယ်အဖွဲ့အစည်းလဲ မဝင်ခဲ့ပါဘူး။

■ **ခင်ဗျားရတဲ့ ထောက်ပံ့ကြေးကော စားစရိတ် နေစရိတ်ကို ကာမိရဲ့လား။**

ဘယ်လောက်လိမ့်မလဲဗျာ။ ပထမမှာတော့ မိဘတွေကတောင် ထောက်ပံ့နေရသဗျ။ ကျွန်တော်က ကျောင်းသား။ ခြူးတစ်ပြားမှ မရှိဘူး။ ဒီတော့ သုံးနိုင်စွဲနိုင်ဖို့ တခြားလူတွေ လုပ်သလိုမျိုး ဆောက်လုပ်ရေးလုပ်ငန်းမှာ ဝင်လုပ်ရပါတယ်။ ကျွန်တော် ဘာပြောချင်တာလို့ ထင်ပါသလဲ။ ဒီလိုပါ။ ကျွန်တော်ဟာ တစ်ခါတုန်းက ဆောက်လုပ်ရေးလုပ်သားတစ်ယောက် ဖြစ်ခဲ့ဖူးပါတယ်။ ကျွန်တော် ကိုမိမြို့သွားပြီး အလုပ်လုပ်ခဲ့ပါတယ်။ သစ်လုပ်ငန်းမှာ သစ်ပင်ခုတ်ဖူးတယ်။ အိမ်တွေလဲ လိုက်ပြင်ဖူးတယ်။ လုပ်ငန်းပြီးတဲ့ အချိန်မှာတော့ သူတို့က ကျွန်တော့် လက်ထဲကို ရူဘယ်ငွေ တစ်ထောင်လောက် ထည့်ပေးတယ်လေ။ အဲဒီအချိန်က မော်တော်ကားတစ်စီးမှ ရူဘယ် ၃၅၀၀၊ ၄၀၀၀ လောက်ပဲရှိတာ။ ဒီတော့ မြက်မြက်လေးရတယ်လို့ ဆိုရမှာပဲ။ တကယ်လဲ ထိုက်တန်တဲ့ ငွေကြေးပါ။

ကျွန်တော်တို့ တက္ကသိုလ်ကျောင်းသားတွေ အလုပ်လုပ်ပြီး ဝင်ငွေရှာခဲ့ကြပါတယ်။ ရတဲ့ ပိုက်ဆံကိုလဲ ဖြုန်းကြပါတယ်။ ကျွန်တော်နဲ့ ကျွန်တော့်သူငယ်ချင်းနှစ်ယောက် ဂါဂရီကို အပျော်ခရီးထွက်ခဲ့ကြတယ်။ ဂါဂရီမြို့ကို ရောက်ရောက်ချင်းနေ့မှာပဲ ကျွန်တော်တို့တစ်တွေ မူးနေကြပြီ။

ဒီနောက် ဘာဆက်လုပ်ရမလဲလို့ စဉ်းစားကြတယ်။ ညဘက် ဘယ်မှာ အချိန်ဖြုန်းရပါ့မလဲပေါ့။ ဟိုတယ်တွေတော့ အနားတစ်ဝိုက်မှာ ရှိနေပါရဲ့။ ဒါပေမယ့် ဟိုတယ်မှာ တည်းခိုနိုင်ဖို့ မလွယ်ပါဘူး။ ည အတော်မိုးချုပ်မှ အမယ်အိုတစ်ယောက်နဲ့ တွေ့တယ်။ သူ့အခန်းမှာ အိပ်ဖို့ သဘောတူတာမို့ သူ့အခန်းကို လိုက်သွားကြပါတယ်။

ဒီလိုနဲ့ ရက်အတော်ကြာကြာ ရေကူးလိုက်၊ ဇိမ်ခံလိုက်နဲ့ နေခဲ့ပါတယ်။ ဒါပေမယ့် အဲဒီနေရာက စွန့်ခွာပြီး အိမ်ပြန်ဖို့ အချိန်တန်နေပါပြီ။ ကျွန်တော်တို့မှာ ပိုက်ဆံကလည်း ပြတ်လတ်နေပြီ ဖြစ်တယ်။ ဒီမှာ ကျွန်တော်တို့ အကြံတစ်ခုရပြီး အဲဒီအကြံအစည်ကို လက်တွေ့ပြုလုပ်ဖို့ စိတ်ကူးလိုက်ကြပါတယ်။ အိုဒက်ဆာကို ပြန်မယ့် သင်္ဘောပေါ်မှာ အခန်းတစ်ခန်းရအောင် လုပ်မယ်။ ပြီးမှ စိန်ပီတာ

...တာကို ရထားစီးပြန်မယ်။ ဈေးအပေါ်ဆုံးဖြစ်တဲ့ အိပ်စင်ကနေ လိုက်ပါမယ်လို့ ...ဖြတ်ခဲ့ကြပါတယ်။

ကျွန်တော်တို့ လမ်းမှာသုံးဖို့စားဖို့ အိတ်ကပ်ထဲမှာရှိတဲ့ ပိုက်ဆံတွေကို စုကြ ...တယ်။ ဘယ်သူမှာမှ ပိုက်ဆံများများစားစား မရှိကြပါဘူး။ စားဖို့သောက်ဖို့၊ ...မဲသွပ်ဗူးတွေဝယ်ဖို့ ဆုံးဖြတ်လိုက်ကြပါတယ်။ ကျွန်တော်တို့အဖွဲ့ထဲက တစ် ...ယောက်က အတော်လေး စေ့စေ့စပ်စပ် ရှိပါတယ်။ သူ့မှာ တခြား လူတွေထက် ...က်ဆံပိုပြီး ရှိနေပါတယ်။ လက်လဲဖွာတယ်။ ကျွန်တော်တို့ အဖွဲ့ထဲက ပိုက်ဆံ ...တဲ့တဲ့ တစ်ယောက်ကို သူ့အစားအစာ မျှကျွေးဖို့ပြောတော့ သူက ယခုလို ...ပြန်ပြောပါတယ်။ 'အမဲသား စည်သွပ်ဗူးက အစာမကြေတတ်ဘူး။ အဲဒီတော့ ...ဝယ်သင့်ဘူးလို့' ပြောပါတယ်။ မင်းဘာပဲပြောနေနေ၊ တို့တစ်တွေ ခရီးဆက်ကြ ...မှာပဲ' လို့ ကျွန်တော်တို့က ပြောလိုက်ရပါတယ်။

ကျွန်တော်တို့အုပ်စု ဆိပ်ကမ်းရောက်ချိန်မှာတော့ ဆိပ်ကမ်းမှာ လူတွေ ...နေပါပြီ။ သင်္ဘောက အတော်ကြီးမားပါတယ်။ လှပတဲ့ သမုဒ္ဒရာဖြတ်သွားနိုင်တဲ့ ...သင်္ဘောကြီးပါ။ ခရီးသွား လက်မှတ်ရှိသူတွေသာ သင်္ဘောပေါ်တက်ခွင့်ပေးမယ်လို့ ...ပြောပါတယ်။ ခရီးသည်အားလုံးလက်ထဲမှာ စက္ကူထူထူနဲ့ လုပ်ထားတဲ့ လက်မှတ် ...သေးသေးလေးတွေ ရှိပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ရဲ့ လက်ထဲမှာကတော့ ...တို့ကိုင်တဲ့ လက်မှတ်ထက် နဲနဲပိုကြီးနေပါတယ်။ သင်္ဘောကတော့ ပထမတန်း ...း ခရီးသည်တွေ ကိုင်ဆောင်ထားတဲ့ လက်မှတ်နဲ့ ခပ်ဆင်ဆင် တူနေပါတယ်။

စည်သွပ်အမဲသား မစားချင်ဘူးပြောတဲ့ သူငယ်ချင်းက ယခုလိုပြောပါတယ်။

'ဟော့ကောင်၊ ပုံစံကြည့်ရတာ သိပ်မနိပ်လှဘူး။ တို့လက်ထဲက လက်မှတ်က ...ဲ ဘာမှ အရာရောက်ပုံ မရဘူး။ ခုပဲ ဒီနေရာက ထွက်သွားကြရအောင်'

'ဟာ ဘယ်ဖြစ်မလဲ၊ ဒီနေရာမှာပဲ ဆက်ရပ်နေပြီး တို့ အလှည့်စောင့်ကြတာ ...ပါ'

လို့ ကျွန်တော်က ပြောလိုက်ပါတယ်။

'အေး မင်းဘာသာရပ်ချင်ရပ်နေခဲ့တော့၊ တို့ကတော့ သွားတော့မယ်'

ကျွန်တော့်သူငယ်ချင်းက ပြောပါတယ်။

လက်မှတ်သိမ်းက ကျွန်တော်တို့ဆီမှာ ဘယ်လို လက်မှတ်အမျိုးအစားတွေ ...သလဲလို့ မေးပါတယ်။

'ကျွန်တော်တို့မှာ အကြီးစားပါပါတယ်'

ကျွန်တော်တို့က ဖြေလိုက်ပါတယ်။ သူက လက်ကိုဝှေ့ရမ်းပြလိုက်ပါတယ်။

ဒီလိုနဲ့ ကျွန်တော်တို့တစ်တွေ အထက်တန်းခရီးသည်များ စီးရတဲ့ နေရာမှာ

နေခွင့်ရသွားပါတော့တယ်။ ဒီနောက် စက်ဆရာလား၊ ဒါမှမဟုတ် တစ်စုံတစ်ယောက်လား မသိဘူး၊ ခုလို အော်ပြောလိုက်ပါတယ်။

'ပထမတန်းစား ခရီးသည်တွေ ရှိပါသလား' တဲ့

ဆိပ်ခံတံတားမှာရှိနေတဲ့ လူအုပ်ကြီးက ငြိမ်သက်နေကြပါတယ်။

သူက နောက်တစ်ကြိမ် ထပ်မေးပါတယ်။

'ကုန်းပတ်စီးခရီးသည်တွေပဲ ကျန်ခဲ့တာပဲပေါ့'

လူအုပ်ကြီးက သူတို့ကို လိုက်ပါခွင့် မရဘူးထင်ပြီး စိတ်လှုပ်ရှားစွာနဲ့ အော်ဟစ်ကြပါတယ်။

'ဟုတ်ပါတယ်။ ကုန်းပတ်စီးခရီးသည်တွေပါပဲ' လို့ အော်ကြပါတယ်။

သူက ခုလိုပြောလိုက်ပါတယ်။

'ကုန်းဘောင်ကို တင်လိုက်'

သင်္ဘောသားတွေက ကုန်းဘောင်ကို ဆွဲတင်လိုက်ပါတယ်။ ရုတ်ချည်းဆိုသလိုပဲ သင်္ဘောကုန်းပတ်ပေါ်မှာ လူအုပ်ကြီးက အထိတ်တလန့်ဖြစ်သွားကြပါတယ်။ လူအုပ်ကြီးက ဒေါသထွက်နေကြပါတယ်။ သူတို့တစ်တွေ လိမ်ညာခံရပြီဆိုတာ သိလိုက်ကြပါတယ်။ သူတို့တစ်တွေက ပိုက်ဆံလည်း ပေးပြီးကြပြီ။ ဒါပေမယ့် သင်္ဘောပေါ် တက်ရောက်စီးနင်းခွင့် မရကြပါဘူး။

အတန်ကြာတော့ ခရီးသည်တွေပြည့်နေပြီ။ အလေးချိန်ကလည်း သတ်မှတ်ထားတာထက် ပိုလျှံနေနေပြီတဲ့။

ကျွန်တော်တို့ဟာ ကိုယ်ပိုင်နည်းနဲ့သာ မလုပ်ခဲ့ရင် ဆိပ်ခံတံတားပေါ်မှာ ကျန်ရစ်ခဲ့မှာ ဖြစ်ပါတယ်။ ဒီတော့ ကျွန်တော်တို့မှာ ခြူးတစ်ပြားတောင် မကျန်တော့ဘူးလေ။ ကျွန်တော်တို့ ဘာဆက်လုပ်ရမယ်ဆိုတာ ကျွန်တော် နားမလည်တော့ပါဘူး။

ကျွန်တော်တို့တစ်တွေ အသက်ကယ်လှေထဲမှာ နေရာယူလိုက်ကြပါတယ်။ အသက်ကယ်လှေက ရေပြင်ပေါ်မှာ ချိတ်ဆွဲထားပါတယ်။ ကျွန်တော်တို့ တစ်တွေဟာ အဝတ်ပုခက်ထဲမှာ အိပ်ရသလို အိပ်ခဲ့ရပါတယ်။ ကျွန်တော်တို့ရဲ့ အိမ်အပြန်ခရီးက အဲဒီလို ဖြစ်ပါတယ်။ နှစ်ရက်လုံးလုံး ကျွန်တော် ကောင်းကင်ပြင်က ကြယ်ပွင့်ကို ငေးကြည့်လာခဲ့ပါတယ်။ ကျွန်တော့်ရဲ့ အကြည့်တွေကို လွှဲမပစ်နိုင်ခဲ့ပါဘူး။ သင်္ဘောက မှန်မှန်ခုတ်မောင်းနေပါတယ်။ ကြယ်ပွင့်တွေကလည်း ကောင်းကင်မှာ ချိတ်ဆွဲထားသလို ရှိနေပါတယ်။ ကျွန်တော် ဘာပြောချင်တယ်ဆိုတာ သင်္ဘောပေါက်ရဲ့လား မသိဘူး။ သင်္ဘောသားတွေကတော့ ကျွန်တော်တွေ့ရတဲ့ မြင်ကွင်း ရိုးနေပြီ။ ကျွန်တော့်အဖို့ကတော့ ထူးဆန်းတဲ့ ရှုခင်းတွေ့ရှိမှုပါပဲ။

ပထမညနေခင်းမှာတော့ ကျွန်တော်တို့တစ်တွေဟာ ကုန်းပတ်ပေါ်မှာရှိတဲ့

ခရီးသည်တွေကို စိုးဝှက်ကြည့်ခဲ့ကြပါတယ်။ သူတို့ရဲ့ ဘဝက ဘယ်လိုရှိနေတယ် ဆိုတာ ဉာဏ်နဲ့ အကဲခတ်ကြည့်တာပါ။

ကျွန်တော်တို့ရဲ့ ကပ်စေးနဲသူငယ်ချင်းမှာ အမဲသား စည်သွပ်ဗူးတွေ မရှိတော့ ပါဘူး။ သူ သည်းမခံနိုင်တော့တာနဲ့ စားသောက်ဆိုင်ရှိရာကို ထွက်သွားခဲ့ပါတယ်။ ဒါပေမယ့် ဈေးက အရမ်းကြီးနေတာမို့ ချက်ချင်းပဲ ပြန်လာခဲ့ရပါတယ်။ သူက ရှုမဆိုက်တဲ့ လေသံနဲ့ 'ကောင်းပြီ၊ ဗူးနဲ့ပဲ ကျေနပ်ရတော့မှာလား' လို့ ပြောပါတယ်။ ဒါပေမယ့် စည်းကမ်းကို အတိအကျ လိုက်နာတဲ့ သူငယ်ချင်းကတော့ 'မင်းလည်း သိသားပဲ။ မင်းဗိုက်ကို မင်း ဂရုစိုက်ရမှာပေါ့။ အစာ မစားဘဲနေရင် မကောင်း ဘူး' လို့ ပြောပါတယ်။ သူပြောပေမယ့် ဟိုကောင်က ဘာမှ မစားဘဲ အစာငတ်ခံနေခဲ့ ပါတယ်။ ဒီလိုလုပ်တာ ရက်စက်တာတော့ မှန်ပါတယ်။ ဒါပေမယ့် တရားမျှတ တယ်လို့ ပြောရမှာ ဖြစ်ပါရဲ့။

ကျွန်တော် တက္ကသိုလ်ပြန်ရောက်တဲ့အခါမှာ ကျောင်းစာကိုပဲ အာရုံစူးစိုက် ခဲ့ပါတယ်။ ကျောင်းစာပြီးရင် ဒုတိယဦးစားပေးက အားကစားပဲ ဖြစ်ပါတယ်။ ဒါပေမယ့် အားကစားကို ပုံမှန်လေ့ကျင့်ပါတယ်။ တက္ကသိုလ်ပေါင်းစုံ အားကစား ပြိုင်ပွဲမှာလဲ ဝင်ရောက်ပြိုင်ဆိုင်ခဲ့ပါတယ်။ ဒါက ကျွန်တော်ရဲ့ ဓလေ့ပါပဲ။

၁၉၇၆ ခုနှစ်မှာတော့ ကျွန်တော်ဟာ မြို့တော်ရဲ့ ချန်ပီယံ ဖြစ်ခဲ့ပါတယ်။ ကျွန်တော်နဲ့ ယှဉ်ပြိုင်ရတဲ့ လူတွေက ကျွန်တော့်လို အပျော်တမ်းတွေတင်မကဘူး။ ကြေးစားတွေလည်း ပါတယ်။ ဥရောပချန်ပီယံ၊ အိုလံပစ်ချန်ပီယံတွေလဲ ပါကြတယ်။ ဆမ်ဘိုကော- ဂျူဒိုအားကစားသမားတွေပဲပေါ့ဗျာ။

ဆမ်ဘိုမှာလည်း ကျွန်တော်က တက္ကသိုလ်ကထွက်တဲ့အချိန်မှာ ခါးပတ်နက် အဆင့်ပါပဲ။ နောက်နှစ်နှစ်ခန့်အကြာမှာတော့ ဂျူဒိုနည်းပြဆရာ ဖြစ်ခဲ့ပါတယ်။ ခုခေတ်မှာတော့ ဘယ်လိုနည်းစံနစ်တွေ၊ ပုံစံတွေနဲ့ ပြုလုပ်နေတယ်ဆိုတာ ကျွန်တော် မသိတော့ပါဘူး။ တစ်ခုသေချာတာကတော့ အဆင့်တစ်ဆင့်မှာတော့ ပြိုင်ဖက်များစွာ ကို ရင်ဆိုင်အနိုင်ယူဖို့ လိုအပ်ပါတယ်။ ပြိုင်ပွဲတွေကတော့ တကယ်ကို ပြင်းပြင်း ထန်ထန် ယှဉ်ပြိုင်ရတဲ့ ပြိုင်ပွဲတွေ ဖြစ်ပါတယ်။ ဥပမာ မြို့မှာ ပထမ၊ ဒုတိယ၊ တတိယဆိုတဲ့ အဆင့်ရဖို့ လိုအပ်ပါတယ်။

ကျွန်တော် ယှဉ်ပြိုင်ခဲ့ရတဲ့ ပြိုင်ပွဲတွေကို ကျွန်တော် မှတ်မိနေပါတယ်။ တစ်ပွဲဆိုရင် ကျွန်တော် အသက်တောင် မရှုနိုင်ခဲ့အောင် ဖြစ်ခဲ့ပါတယ်။ ကျွန်တော် ခံမရပ်နိုင်လို့ ညည်းညူခဲ့ရပါတယ်။ ကျွန်တော်နဲ့ ပြိုင်ရတဲ့ ဝေါက သန်သန်မာမာ ထွားထွားကျိုင်းကျိုင်းဗျ။ ကျွန်တော့်စွမ်းအားတွေကို အကုန်ထုတ်သုံးရတယ်။ ကျွန်တော်ဟာ အသက်ကို ပြင်းပြင်းထန်ထန် ရှူသွင်းရတယ်။ ရှူထုတ်ရတယ်။

ကျွန်တော် ပြိုင်ဘက်ကို အနိုင်ရပါတယ်။ ဒါပေမယ့် ပွက်ကာသီကာ နိုင်ခဲ့တာ ဖြစ်ပါတယ်။

ကမ္ဘာ့ချန်ပီယံ ဇော်လိုဒါယာ ကူလီနင်ကို ကျွန်တော် ရှုံးနိမ့်ဖူးပါတယ်။ နောက်ပိုင်းမှာတော့ ကူလီနင်ဟာ အရက်သမားလုံးလုံး ဖြစ်သွားခဲ့ပါတယ်။ လမ်းမ ပေါ်မှာပဲ အသတ်ခံခဲ့ရပါတယ်။ တက္ကသိုလ်မှာရှိနေစဉ်မှာကတော့ သူက အင်မတန်မှ တော်တဲ့ အားကစားသမား တစ်ယောက်ပါ။ ထူးလည်း ထူးချွန်တယ်။ အရည်အချင်း ရှိတဲ့ လူတစ်ယောက်ပါ။ ကျွန်တော်နဲ့သူ ယှဉ်ပြိုင်ချိန်တုန်းက သူဟာ အရက်သမား မဖြစ်သေးပါဘူး။ သူနဲ့ကျွန်တော်ဟာ မြို့တော်ချန်ပီယံပြိုင်ပွဲမှာ ဝင်ရောက် ယှဉ် ပြိုင်ကြတာ ဖြစ်ပါတယ်။ အဲဒီအချိန်မှာ သူက ကမ္ဘာ့ချန်ပီယံဖြစ်ပြီးနေပါပြီ။ ပြိုင် ပွဲစတဲ့ ပထမမိနစ်မှာပဲ ကျွန်တော် သူ့ကို ကိုင်ပေါက်လိုက်ပါတယ်။ အဲဒါကို လုလုပပ၊ ပေါ့ပေါ့ပါးပါးလေး လုပ်လိုက်တာပါပဲ။ ပြိုင်ပွဲစည်းကမ်းအရဆိုရင် အဲဒီ အချိန်မှာပဲ ပွဲက ပြီးသွားပြီ။ ဒါပေမယ့် ကူလီနင်က ကမ္ဘာ့ချန်ပီယံဆိုတော့ ဒီလောက် နဲ့ ပွဲသိမ်းလို့ မဖြစ်ဘူးလေ။ သူတို့က ကျွန်တော့်ကို အမှတ်အနည်းငယ်ပေးတယ်။ ပွဲဆက်ကစားရတယ်။ ကူလီနင် ကျွန်တော့်ထက် သန်မာထွားကျိုင်းပေမယ့် ကျွန်တော် က ပြင်းပြင်းထန်ထန် တိုက်ခိုက်ခဲ့ပါတယ်။ လက်နက်မဲ့ ကစားနည်းရဲ့ စည်းကမ်း ချက် တစ်ခုရှိတယ်။ ဘယ်လိုပုံစံနဲ့ပဲ အော်ဟစ်ညည်းညူ အဲဒါ ရှုံးနိမ့်ခြင်းရဲ့ သင်္ကေတလို့ သတ်မှတ်ထားတာ ရှိတယ်ဗျ။ ကူလီနင်က ကျွန်တော့်ရဲ့ တတောင်ကို နောက်ကနေ လိမ်လိုက်လို့ ကျွန်တော်က ညည်းညူလိုက်တယ်။ အဲဒါကို ဒိုင်က ကြားသွားတယ်။ ဒီလိုနဲ့ ကူလီနင်က အောင်ပွဲဆင် အနိုင်ရသူ ဖြစ်သွားပါတယ်။ အဲဒီနေ့က ပွဲကို ကျွန်တော် မမေ့ဘူး။ ကနေ့ထိ သတိရနေတုန်းပဲ။ ကမ္ဘာ့ချန်ပီယံကို ရှုံးနိမ့်ရတဲ့အတွက် ကျွန်တော် မရှက်ပါဘူး။ ကျွန်တော့်ဘဝ တစ်သက်တာမှာ မေ့မရနိုင်တဲ့ ပွဲတစ်ပွဲရှိပါသေးတယ်။ အဲဒီပွဲက ကျွန်တော် ကိုယ်တိုင် ပါဝင်ခြင်းမရှိတဲ့ ပွဲပါပဲ။ တက္ကသိုလ်မှာ ကျွန်တော့်သူငယ်ချင်း တစ်ယောက် ရှိပါတယ်။ ကျွန်တော်ကပဲ သူ့ကို အားကစားစိတ်ဝင်စားလာအောင် ပြောခဲ့တာ။ ပထမ သူက ဂျူဒိုကစားတယ်။ ကောင်းကောင်းလည်း ကစားနိုင်တယ်။ ပြိုင်ပွဲတစ်ခု ရှိတာမို့ သူက ဝင်ပြိုင်ပါတယ်။ သူက ရှေ့ခုန်ဝင်လိုက်တယ်။ ကြမ်းပြင်ပေါ်ကို ခေါင်းနဲ့ကျသွားတယ်။ သူ့အကြော တွေ ထိခိုက်ပြီး လေဖြတ်သလို ဖြစ်သွားခဲ့တယ်။ အဲဒီနေ့ကစပြီး ဂျူဒိုဆိုတဲ့စကား သူ့ကို မပြောခဲ့တော့ပါဘူး။

ပြိုင်ပွဲမှာ ခြေတွေ လက်တွေ ကျိုးကြတာ ရှိပါတယ်။ ပြိုင်ပွဲဆိုတာ တကယ် တော့ ညှဉ်းပန်းနှိပ်စက်တဲ့ ပုံစံတစ်ခုပါပဲ။ လေ့ကျင့်ရတာလဲ အင်မတန်မှ ပြင်းထန် လှပါတယ်။ လီနင်ဂရက်မြို့အပြင်ဘက်ရှိ ခပီရာဗီရေကန်မှာရှိတဲ့ အားကစားရုံကို

သွားပြီး အားကစားလှေကျင့်ကြပါတယ်။ အဲဒီ ခစ်ဗီရာပီ ရေကန်က အတော်လေး ကျယ်ပါတယ်။ ၁၇ ကီလိုမီတာ ကျယ်ပါတယ်။ မနက်မိုးလင်း အိပ်ရာက ထတာနဲ့ ရေကန်နဘေးပတ်ပြီး ပြေးကြပါတယ်။ ပြေးပြီးတာနဲ့ လှေကျင့်ခန်းကို စတင်ရပါတယ်။ ပြီးတော့ ဆရာသင်ပြတာကို လုပ်ရပါတယ်။ မနက်စာစား။ ပိုပြီး လှေကျင့်။ နေ့လည်စာ စား။ စားပြီးနား ပြီးတာနဲ့ လှေကျင့်ခန်း ပြန်ဝင်ရပါတယ်။

ကျွန်တော်တို့ နိုင်ငံအနှံ့အပြား အလည်အပတ်ရောက်ခဲ့ပါတယ်။ တစ်ကြိမ်မှာတော့ ဆိုဗီယက်ပြည်ထောင်စုရဲ့ စပါတာကီယတ် Spartakiad အားကစားပြိုင်ပွဲကြီးတွင်အစမ်း လှေကျင့်ပွဲကို မို(လ)ဒါးဗီးယားပြည်နယ် ကျင်းပဖို့ရှိတာမို့ ကျွန်တော်တို့ ရောက်ခဲ့ပါတယ်။ အဲဒီမှာ ကျွန်တော့်က သူငယ်ချင်း ဗာစယာနဲ့ လှေကျင့်ဖို့ အပြင်ထွက်လာခဲ့ပါတယ်။ ဝိုင်အရက်ကတော့ ပေါမှပေါ။ နေရာအနှံ့မှာ ဝယ်လို့ရတယ်။ ဗာစယာက ကျွန်တော့်ကို ပြောပါတယ်။ 'တစ်ခွက် တစ်ဖလားလောက် ဆော့ကြရအောင်'တဲ့။

'အပြင်မှာ အရမ်းပူတယ်ကွ'

ကျွန်တော်က ပြောလိုက်ပါတယ်။

'ဟေး- အနားယူကြရအောင်ပါ'

ဗာစယာက ပြောပါတယ်။

'အေး- အေး သွားမော့ကြတာပေါ့'

လို့ ကျွန်တော်က ပြောလိုက်ပါတယ်။

ကျွန်တော်တို့ ဝိုင်ပုလင်း သွားဝယ်ကြပြီး ကိုယ့်အခန်းထဲ ပြန်ဝင်လာခဲ့ကြပါတယ်။ ပြီးတာနဲ့ ခုတင်ပေါ်မှာ ထိုင်လိုက်ကြပါတယ်။ ဗာစယာက ဝိုင်ပုလင်းကို ဖောက်ပါတယ်။

'သိပ်အိုက်တာပဲ'

လို့ သူက ပြောလိုက်ပါတယ်။

'အေး ငါတော့ မသောက်ချင်ဘူး'

ကျွန်တော်က ပြောလိုက်ပါတယ်။

'တကယ်လား၊ ဒါတော့ မင်းသဘောပဲ'

ဗာစယာက ပြောပါတယ်။

ဗာစယာက ပုလင်းကိုယူပြီး တစ်ကြိုက်မော့လိုက်ပါတယ်။ ပြီးမှ ကျွန်တော့်ကို စိုက်ကြည့်ပါတယ်။

'မင်း တကယ်ပဲ နည်းနည်းလေးမှ မသောက်ချင်ဘူးလား၊ သေချာရဲ့လား'

လို့ ဗာစယာ မေးပါတယ်။

'ဟေး၊ သိပ်သေချာတာပေါ့'

လို့ ကျွန်တော်က ပြောလိုက်ပါတယ်။

ဗာစယာ ဒုတိယပုလင်းတစ်ပုလင်း ထပ်မှော့ချလိုက်ပါတယ်။ ပြီးတာနဲ့ ပုလင်းလွတ်တွေကို စားပွဲပေါ် တင်ထားပါတယ်။ ရုတ်ချည်းဆိုသလိုပဲ ဗာစယာဟာ ခုတင်ပေါ် မှာ လှဲအိပ်လိုက်ပါတယ်။ ပြီးတာနဲ့ တခေါခေါနဲ့ ဟောက်နေလေရဲ့။ သူနဲ့အတူ အရက်မသောက်ဖြစ်တဲ့အတွက် ကျွန်တော် နေ့ခင်းတမရပါဘူး။ ကျွန်တော် ဂနာမငြိမ် ဖြစ်နေပါတယ်။ ကျွန်တော် သည်းမခံနိုင်တော့ပါဘူး။ ဒါကြောင့် သူ့ကို ပုတ်နိုးလိုက်ပါတယ်။

'ဟေ့ကောင်- ဟောက်မနေနဲ့၊ မင်း ဟောက်နေတာက ဆင်တစ်ကောင် လိုပဲ'

ကျွန်တော်နဲ့ ဗာစယာက သိပ်မတွဲဖြစ်တော့ပါဘူး။ အရက်အလွန်အကျွံ သောက်တဲ့အတွက် လေ့ကျင့်ရတာ ပိုခက်ခဲလာပါတယ်။ ကျွန်တော်တို့နဲ့အတူ လေ့ကျင့်တဲ့နေရာမှာ အလွန်ထွားကျိုင်းတဲ့ ငနဲ တစ်ကောင် ရှိပါတယ်။ သူ့နာမည်က နိုလယာ။ လူကောင်ကတင် ထွားကျိုင်းတာ မဟုတ်ဘူး။ သူ့မျက်နှာကလည်း မျက်နှာကြောတင်းတင်းနဲ့ ရှိလှပါတယ်။ မေးရိုးကလည်း ထွားထွားရှိပါတယ်။ မျက်ခုံးကလည်း ထူထူထဲထဲ ရှိပါတယ်။ တစ်ညတော့ လူပေလူတေက မှောင်ရိပ်လမ်း ကြားထဲမှာ တွေ့ပြီး ရန်စပါတယ်။ ဒီတော့ သူက

'ဟေ့ စိတ်အေးအေးထား။ ခဏလောက်တော့ သည်းခံပါဗျာ'

လို့ ပြောလိုက်ပါတယ်။

ပြီးတာနဲ့ သူက ယမ်းမီးခြစ်ဗူးကို ထုတ်ပြီး မီးခြစ်ဆံတစ်ဆံကို ခြစ်ပြီး သူ့မျက်နှာကို ပြလိုက်ပါတယ်။

'ကဲ- ကြည့်ပါဦး'

လို့ ပြောပါတယ်။ ဒီလိုနဲ့ အဖြစ်အပျက်က ပြီးဆုံးသွားခဲ့ပါတယ်။

ဆာရဂေး ရှိဒူဂင် (မာလင်စကီးပြဇာတ်ရုံ ဆီဖိုနီ အော်ခက် စထရာမှ တီးပိုင်းဆရာ။ ပူတင်မိသားစုနှင့် ခင်မင်ရင်းနှီးသော မိတ်ဆွေ။ ပူတင်သမီးကြီး မာရှီ၏ ဦးကိုင်ဖခင်။

[ပူတင်က ကျွန်တော့်အစ်ကိုနဲ့အတူ ကျောင်းသွားရပါတယ်။ ကျွန်တော်တို့ လီနင်ဂရက် ပြောင်းလာကြတဲ့အခါမှာ ကျွန်တော့် အစ်ကို က ပူတင်အကြောင်း ပြောပြပါတယ်။ အစ်ကိုက ပူတင်ကို ကျွန်တော်တို့ အိမ် ခေါ်လာပါတယ်။ ဒီနောက် ခင်မင်သွားကြပါတယ်။ ကျွန်တော့် အထင်တော့ ၁၉၇၇ ခုနှစ်က ဖြစ်မယ်ထင်ပါရဲ့။ ဒီနောက် ပူတင်နဲ့

ကျွန်တော်တို့ဟာ ညီအစ်ကိုလို ခင်မင်သွားကြပါတယ်။ ကျွန်တော် တခြားသွားစရာ မရှိရင် ပူတင်တို့နေအိမ် သွားလည်ပါတယ်။ ပူတင်တို့ အိမ်မှာ ထမင်းစားပါတယ်၊ အိပ်ပါတယ်။

ကျွန်တော် စစ်ထဲ ရောက်သွားပါတယ်။ လီနင်ဂရက်မှာ တာဝန်ကျပါတယ်။ တစ်ကြိမ်မှာတော့ ပူတင်က သူ့ရဲ့ ဇာပိုရိုဇက်ကားနဲ့ ကျွန်တော့်ကို လာတွေ့ပါတယ်။ ကျွန်တော်က သံဆူးကြိုးပေါ်ကျော်ပြီး ပူတင်နဲ့အတူ အပြင်ထွက်ခဲ့ပါတယ်။ တစ်ညလုံး လီနင်ဂရက်မြို့မှာ လည်ခဲ့ပါတယ်။ မာဇလာလည်း ဆုတ်ပြဲသွားတယ်။ တစ်ယောက်ကို တစ်ယောက်ဖက်ပြီး သီချင်းတွေ ဆိုကြတယ်။ ကျွန်တော်တို့ဆိုတဲ့ သီချင်းကို ကျွန်တော် ခုထက်တိုင် မှတ်မိနေပါရဲ့။

'တို့မှာ တစ်ညထဲပဲ ရှိပါတယ်။

တစ်စုံတစ်ယောက်ရဲ့ ရထားက ဒီမနက်မှာပဲ ထွက်သွားခဲ့ပါတယ်။

ပြီးတော့ တစ်စုံတစ်ယောက်ရဲ့ လေယာဉ် နည်းနည်း နောက်ကျပျံသန်းသွားတယ်'

ကျွန်တော်တို့ သီချင်းကို အလွန်ကျယ်လောင်စွာ အော်ဆိုနေခဲ့ကြတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဘာမှ ချုပ်တီးမထားကြပါဘူး။ ဒီနောက်တော့ မာဇလာက ဆုတ်ပြဲသွားပါတယ်။]

တစ်နေ့တော့ ကျွန်တော့်မိခင်ဟာ ကာဖေးဆိုင်က ငွေ အကြွေပြန်အမ်းရမယ့်အစား အစိုးရ ထီလက်မှတ်တစ်စောင် ရလိုက်ပါတယ်။ ပေါက်တဲ့ ထီလက်မှတ်က ဇာပိုရိုဇက်ကားဖြစ်ပါတယ်။ အဲဒီအချိန်မှာ ကျွန်တော်က တက္ကသိုလ် တတိယနှစ် တက်ရောက်နေပါတယ်။ အဲဒီမော်တော်ကားကို ဘာလုပ်ရမလဲဆိုတာ ကျွန်တော်တို့ အချိန်တော်ကြာအောင် မသိခဲ့ပါဘူး။ ကျွန်တော်တို့က ရိုးရိုးကုတ်ကုတ်ပဲနေကြပါတယ်။ တည်ဆောက်ရေးလုပ်ငန်းက ပြန်လာခဲ့ပြီးတဲ့ နောက်မှာ ကျွန်တော်က ပထမဆုံး ကုတ်အင်္ကျီကို ဝယ်ဝတ်ခဲ့ပါတယ်။ ကျွန်တော့်သူငယ်ချင်းတွေနဲ့အတူ ကနီမှာ အပန်းဖြေခရီးထွက်ပြီး ပြန်လာတဲ့အချိန်ပါပဲ။ ကုတ်အင်္ကျီက ကျွန်တော့်ရဲ့ အကောင်းဆုံး ကုတ်အင်္ကျီပါပဲ။ ကျွန်တော်တို့ မိသားစုက သိပ်မချောင်လည်ဘူး။ ငွေကြေးကို စိစစ်ပြီး သုံးစွဲနေကြရပါတယ်။ မော်တော်ကားကို ကျွန်တော့်တို့ စီးဖို့ဆေးအာက တကယ့်ကို ရူးသွပ်စေပါရဲ့။ တကယ်တော့ မော်တော်ကားကို ပြန်ရောင်းဖို့ ကောင်းပါတယ်။ ရောင်းရင် ရူဘယ် ၃,၅၀၀၀ ခန့် ရမှာ ဖြစ်ပါတယ်။ ဒါဆိုရင် မိသားစု ငွေကြေးအတော်သင့် ချောင်လည်သွားမှာ ဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော့် မိဘများက ကျွန်တော့်ကို ပျက်စီးစေချင်ပုံ ရပါတယ်။ ဒါကြောင့် ဇာပိုရိုဇက်ကားကို ကျွန်တော့်ပေးလိုက်တာပါပဲ၊ ဒီကားနဲ့ ကျွန်တော် စတိုင်ကျကျ နေခဲ့ရပါတယ်။

ဘယ်နေရာသွားသွား မော်တော်ကားနဲ့ သွားခဲ့ပါတယ်။ အားကစား ပြိုင်ပွဲတွေကိုလဲ မော်တော်ကားနဲ့ သွားခဲ့ပါတယ်။

■ **ခင်ဗျား မော်တော်ယာဉ် မတော်တဆ တိုက်မိတယ်ဆို။ လူတစ်ယောက်ကို ဝင်တိုက်မိတာ မဟုတ်လား။**

ဒါ ကျွန်တော့်အပြစ် မဟုတ်ပါဘူး။ ဒီလူက ကျွန်တော့်ကားရှေ့ကို ရောက်လာတာ။ သူ့ကိုယ်သူ သတ်သေတာလဲ ဖြစ်မှာပါ။ သူ ဘာစိတ်ကူးပေါက်လို့ လုပ်လိုက်တယ်ဆိုတာ ကျွန်တော် မသိဘူး။ ဒီလူက အရူးပဲ။ သူပြေးဝင်လာတော့ တိုက်မိတာပဲပေါ့ဗျာ။

■ **တချို့ကပြောတော့ ခင်ဗျားက သူ့ ဝင်တိုက်တာဆိုပါလား။**

ဘာဗျ၊ ကျွန်တော်က ပြေးတဲ့လူနောက် ကားနဲ့ လိုက်တိုက်ရမှာလား။ မဟုတ်တာဗျာ။ ကျွန်တော်က တိရစ္ဆာန်တစ်ကောင်မှ မဟုတ်တာ။ အခင်းဖြစ်တာနဲ့ ကျွန်တော်ကားပေါ်ကနေ အောက်ဆင်းခဲ့တာပါပဲ။

■ **ဒီလို အကြပ်အတည်း ဖြစ်နေချိန်မှာ ခင်ဗျား သွေးအေးအေးနဲ့ တည်တည်ငြိမ်ငြိမ် ရှိနေပါသလား။**

ဟုတ်ပါတယ်။ ကျွန်တော် တည်တည်ငြိမ်ငြိမ် ရှိနေခဲ့ပါတယ်။ သိပ်ကို တည်ငြိမ်အေးဆေးနေတာပေါ့ဗျာ။ ဒီနောက်တော့ ကျွန်တော် ထောက်လှမ်းရေး သင်တန်းကျောင်း တက်ခဲ့ပါတယ်။ အဲဒီမှာ အန္တရာယ်နဲ့ ကြုံလာရင် ဂရုမစိုက်မှုကို ကြီးမားတဲ့ အပြစ်တစ်ခုလို့ သတ်မှတ်ထားပါတယ်။ ဘေးကြပ်နံကြပ်ဖြစ်တဲ့ အခြေအနေမျိုးမှာ မှန်မှန်ကန်ကန် ဆုံးဖြတ် လုပ်ကိုင်နိုင်ရမှာ ဖြစ်ပါတယ်။ ထိတ်လန့်မှုဆိုတာ နာကျင်တဲ့ ဝေဒနာတစ်ခု ဖြစ်ပါတယ်။ အဲဒါဟာ အချက်ပြ ကိရိယာပါပဲ။ တစ်စုံတစ်ရာ ထိခိုက်မိပြီ ဆိုရင် ခန္ဓာကိုယ်မှာ အမှားအယွင်း တစ်စုံတစ်ခု ဖြစ်ပြီဆိုတဲ့သဘောပါပဲ။ ကျွန်တော် အချိန်အတော်ကြာကြာ ဘေးအန္တရာယ်နဲ့ပတ်သက်တဲ့ အာရုံခံစားမှုကို လက်တွေ့ ဆောင်ရွက်ခဲ့ပါတယ်။

■ **ခင်ဗျားက လောင်းကစားသမားတစ်ယောက် မဟုတ်တာ သေချာပါတယ်နော်။**

ဟုတ်ပါတယ်။ ကျွန်တော် လောင်းကစားသမားတစ်ယောက် မဟုတ်ပါဘူး။ တက္ကသိုလ် ပညာသင်နှစ် ပြီးဆုံးခါနီးမှာ ကျွန်တော်တို့ဟာ စစ်သင်တန်းကို စစ်စခန်းမှာ သွားရောက် သင်ယူရပါတယ်။ အဲဒီမှာ ကျွန်တော့်သူငယ်ချင်းနှစ်ယောက်လဲ ရှိနေတယ်။ တစ်ယောက်က ဂါဂရီကို ကျွန်တော်နဲ့အတူ သွားခဲ့တဲ့ ပုဂ္ဂိုလ်ပါ

ပဲ။ သင်တန်းက ၂ လကြာပါတယ်။ စစ်သင်တန်းက အားကစားလေ့ကျင့်ခန်း ခင်ရတာထက် သက်သာပါတယ်။ ကျွန်တော်တို့ ပျင်းရိငြီးငွေ့လာကြပါတယ်။ ဒီတော့ အပန်းဖြေဖို့ အဓိက အရာကတော့ ဖဲရိုက်တာပါပဲ။ ဖဲရိုက်လို့ နိုင်တဲ့လူက ရွာထဲသွားပြီး အဘွားကြီးဆီကနေ နွားနို့တွေ ဝယ်ရတာပါပဲ။ ကျွန်တော်က ဖဲရိုက်ခဲ့ခေါ်ရင် ငြင်းပါတယ်။ သူတို့မှာ ပိုက်ဆံတစ်ပြားတစ်ချပ်မှ မကျန်တော့တာနဲ့ ကျွန်တော့်ဆီ လာပြီး ပိုက်ဆံချေးတော့တာပါပဲ။ သူတို့ကမှ တကယ့် လောင်းကစားသမားတွေ ဖြစ်ကြပါတယ်။ ကျွန်တော်က ကိုယ့်ကိုယ်ကို မေးကြည့်ပါတယ်။

'ငါ သူတို့လို ချေးငှားရမလား။ သူတို့ ဆက်ကစားရင် ရှုံးဦးမှာပဲ'

ဒီတော့ သူတို့က ခုလိုပြောကြပါလိမ့်မယ်။

'နားထောင်၊ မင်း ပိုက်ဆံက ဘာမှ မဖြစ်လောက်ပါဘူး၊ ဘာလို့ မချေးရတာလဲ'

'အေးပါ။ ငါကတော့ အန္တရာယ် ဂရုမထားဘူး' လို့ ပြောလိုက်ပါတယ်။

ပြီးတာနဲ့ ပိုက်ဆံကို ထုတ်ပေးလိုက်ပါတယ်။

ဒီကောင်တွေ လုပ်ပုံက ဓားပြတွေလိုပဲဗျ။ နိုင်ချင်လို့ ကစားတာ ရှုံးနေကြတော့တာပါပဲ။ ညတိုင်း ရွာထဲက အဘွားကြီးဆီမှာ နွားနို့သွားဝယ်နေကြရတော့တာပါပဲ။

■ **တက္ကသိုလ်ဆိုတာ အချစ်ဇာတ်လမ်းတွေ ဖန်တီးရာ အရပ်လေ။ ခင်ဗျားကော အချစ်ဇာတ်လမ်းများ မရှိခဲ့ဘူးလား။**

မရှိ ဘယ်နေပါ့မလဲ။ ဒါပေမယ့် သိပ်ပြီးတော့ အလေးအနက် မရှိခဲ့ပါဘူး။

■ **အချစ်ဦးပေါ့။**

ဟုတ်ပ။ သူနဲ့ကျွန်တော် အချစ်နှောင်ထုံး ဖွဲ့နှောင်ဖို့ ကြိုးစားခဲ့ကြတာပေါ့ဗျာ။

■ **ဘယ်တုန်းက အဲဒီလို ဖြစ်သွားကြတာလဲ။**

ကျွန်တော် တကယ် လက်မထပ်ခင် လေးနှစ်တုန်းကပေါ့။

■ **လက်မထပ်ဖြစ်ဘူးပေါ့။**

မှန်တာပေါ့ဗျာ။

■ **ဘာများက ဝင်နှောက်လို့လဲ။**

တစ်စုံတစ်ခုပေါ့။ မသမာမှု တစ်ခုခုပေါ့ဗျာ။

■ **သူက တစ်ယောက်ယောက်နဲ့ အိမ်ထောင်ပြုသွားသလား။**

တစ်ယောက်ယောက်နဲ့။ ဟုတ်လား။ ဟုတ်တယ်။ နောက်ပိုင်းမှာပေါ့။

■ **လက်မထပ်ရအောင် ဘယ်သူက ဆုံးဖြတ်ပေးလိုက်တာလဲ။**

ကျွန်တော့်ဘာသာ ဆုံးဖြတ်တာပါ။ ကျွန်တော်တို့ လက်ထပ်ခွင့် လိုင်စင်ကို လျှောက်ထားခဲ့ပါတယ်။ အားလုံး အဆင်သင့်ဖြစ်နေပါပြီ။ နှစ်ဘက်မိဘတွေကလဲ လိုအပ်တာတွေ ဝယ်ထားကြပြီးပါပြီ။ လက်စွပ်၊ ဝတ်စုံ၊ မင်္ဂလာဝတ်စုံ အားလုံးပေါ့ဗျာ။ လက်ထပ်ပွဲ ဖျက်လိုက်ရတာဟာ ကျွန်တော့်ဘဝမှာ အလွန်ခက်ခဲတဲ့ ကိစ္စပါပဲ။ တကယ်လည်း ခက်ခဲပါတယ်။ ကျွန်တော် အမှန်တကယ် စိတ်ထိခိုက်ခဲ့ပါတယ်။

■ **ဒါဆို ခင်ဗျား တကယ်ပဲ ထွက်ပြေးခဲ့တယ်ပေါ့။ ကောင်မလေးကို ယစ်ပလ္လင်ပေါ်မှာ စွန့်ထားခဲ့တာပေါ့။**

ကျွန်တော် ထွက်ပြေးတာ မဟုတ်ပါဘူး။ ကျွန်တော် သူ့ကို အမှန်တရားရှင်းပြခဲ့တယ်။ ကျွန်တော့်အနေနဲ့ လိုအပ်တာတွေ မှန်သမျှကို လုပ်ခဲ့တာပါလို့။

■ **အဲဒီအဖြစ်အပျက်ကို ခင်ဗျား မပြောပြချင်ဘူးပေါ့။**

ကျွန်တော် မပြောချင်ဘူး။ ဓာတ်လမ်းက အတော်ရှုပ်ထွေးပါတယ်။ သူ့သဘောနဲ့သူ ဆောင်နေတာပါ။ တကယ့်ကို ခက်ခဲလှပါတယ်။

■ **ခင်ဗျားနောင်တ မရဘူးလား။**

မရပါဘူး။

ဆာရဂေ ရှိဒူဂင်။ ။

[ကျွန်တော် ပူတင်ရဲ့ရည်းစားကို သဘောကျတယ်။ သူက အရမ်းလှတယ်။ ဆေးကျောင်းသူ။ စိတ်ဓာတ်လည်း နိုင်မာဖြောင့်မတ်တယ်။ သူက ပူတင်ရဲ့ မိတ်ဆွေလည်း ဖြစ်တယ်။ ပူတင်ကို စောင့်ရှောက်တဲ့ မိန်းကလေးလည်း ဖြစ်တယ်။ ဒါပေမယ့် သူက ပူတင်ကို ချစ်ရဲ့လား။ ကျွန်တော် မပြောတတ်ဘူး။ ပူတင်ရဲ့ဇနီး လျူဒါ ဒါမှမဟုတ် ကျွန်တော်တို့အခေါ် လျူဒစ်ကတော့ ပူတင်ကို တကယ်ချစ်တာ။

> အဲဒီဆေးကျောင်းသူနဲ့ ကျွန်တော် သိနေတာကြာပါပြီ။ သူ့နာမည်ကလဲ လျူဒါလို့ ကျွန်တော်ထင်တာပဲ။ သူက ပူတင်ရဲ့ ကျန်းမာရေးအတွက် စိတ်ပူနေတာ။ 'အချစ်ရေ မင်း ဘယ်နယ်နေသေးလဲ' လို့မေးလိုက်တာနဲ့ လျူဒါက 'ရှင်ရဲ့ ဝမ်းဗိုက်မကောင်းဘူးလို့ ကျွန်မပြောနိုင်တယ်' လို့ ပြောလိုက်မှာ ဖြစ်ပါတယ်။ သူတို့နှစ်ယောက်ကြား ဘယ်လိုဖြစ်သွားရတယ်ဆိုတာတော့ ကျွန်တော် မပြောတတ်ပါဘူး။ ပူတင်က ကျွန်တော့်ကို ဘာမှ မပြောပါဘူး။ အားလုံးပြီးသွားပြီလို့ပဲ ပြောပါတယ်။ လူကြီးတွေကတော့ သူတို့နှစ်ယောက်ကို သဘောတူထားပြီးသား ဖြစ်တယ်။ သူတို့နှစ်ယောက်ကြားမှာ ပြဿနာက ဖြစ်ပုံရတယ်။
>
> ပူတင်လဲ အတော်ခံစားလိုက်ရသဗျ။ သူကော ကျွန်တော်ကော တူရာသီဖွားတွေဗျ။ အသဲနှလုံးနဲ့ ခံစားဖြေရှင်းကြတဲ့ လူတွေ။ အဲဒီအချိန်တုန်းက ပူတင်ဟာ အရမ်းကို စိတ်လှုပ်ရှားတတ်တဲ့လူ။ ဒါပေမယ့် သူ့ရင်ထဲက ခံစားချက်တွေကို ထုတ်မပြောနိုင်ခဲ့ဘူး။ သူ့နှုတ်ကနေ ထုတ်ပြောရမှာကို အရမ်းကို တုန်လှုပ်နေတယ်လို့ ပြောခဲ့ပါတယ်။ သူ ဘာကြောင့် ထုတ်ပြောရမှာကို တုန်လှုပ်နေရပါလိမ့်။
>
> ကျွန်တော်က ပူတင်ကို ယခုလို ရှင်းပြပါတယ်။ 'မင်းစကားပြောတာ သိပ်မြန်တယ်။ အဲဒီလို မြန်မြန် မပြောသင့်ဘူး' လို့။ ဇာတ်ခုံပေါ်မှာ တင်ဆက် ကပြနေရတဲ့ လူတစ်ယောက် အနေနဲ့ သူ့ကို ကယ်တင်ရမယ်လို့ ခံယူထားပါတယ်။ ပူတင်မှာ အင်မတန်မှ ပြင်းထန်တဲ့ စိတ်ခံစားချက်တွေ ရှိနေပါတယ်။ အဲဒါတွေကို ပူတင်က ပုံစံတစ်ရပ်အနေနဲ့ မဖော်ဆောင်နိုင်ပါဘူး။ ကျွန်တော့် အထင်ကတော့ သူ့ရဲ့လုပ်ငန်းက သူ့ပြောစကားတွေကို ပြဌာန်းထားတာပဲလို့ ယူဆပါတယ်။ ခုတော့ ပူတင်ဟာ စကားကို လှလှပပ ပြောတတ်ပါပြီ။ ပညာသားပါပါလဲ ပြောတတ်ပါပြီ။ ခံစားမှုနဲ့လည်း ပြောတတ်လာပါတယ်။ အဲဒီလို ပြောတတ်အောင် ဘယ်မှာများ သင်ယူခဲ့ပါလိမ့်။]

- **ဘွဲ့မရသေးခင်မှာတော့ ခင်ဗျား ကေဂျီဘီနဲ့ မဆက်သွယ်ရသေးဘူး ဆိုပါတော့။**

သူတို့က ကျွန်တော့်ကို သူတို့အဖွဲ့အစည်းထဲ ဝင်ဖို့၊ ဝင်ခွင့်ပြုဖို့ မဆက်သွယ်ကြသေးပါဘူး။ ဒါပေမယ့် တက္ကသိုလ်ကျောင်းသားတွေကို ကေဂျီဘီ ထောက်လှမ်းရေးသမားတွေကအဖြစ် စည်းရုံးသိမ်းသွင်းတဲ့ အလေ့အထက ပျံ့နှံ့နေတာ ကြာလှပါပြီ။ ထောက်လှမ်းရေးအဖွဲ့အစည်းတွေနဲ့ အဆက်အသွယ် ပြုထားတဲ့ ကျောင်းသားတွေ အများအပြား ရှိပါတယ်။ သာမန်ပြည်သူတွေအနေနဲ့ ထောက်လှမ်းရေးအဖွဲ့အစည်းနဲ့ ဆက်သွယ်ခြင်းဟာ ထောက်လှမ်းရေးလုပ်ငန်းအတွက် အင်မတန်

အရေးပါတဲ့ လက်နက်တစ်ခုပဲ ဖြစ်ပါတယ်။ ဆက်(စ)ကော့ Sekost ဆိုတာ ဘာလဲဆိုတာ သိကြရဲ့လား။

■ **လျှို့ဝှက်လုပ်ဖော်ကိုင်ဖက် ဒါမှမဟုတ် ပူးပေါင်းဆောင်ရွက်သူပေါ့။**

မှန်တယ်။ ဘာလို့ အဲဒီအသုံးကို သုံးရတာလဲ။

■ **ဘာလို့လဲဆိုတော့ ဒီလျှို့ဝှက်လုပ်ဖော်ကိုင်ဖက် (ဝါ) ပူးပေါင်းဆောင်ရွက်သူဟာ တစ်စုံတစ်ခုသော လုပ်ငန်းကို လုပ်ပေးရပါတယ်။**

ဘာလုပ်ငန်းလဲဗျ။

■ **အယူဝါဒရေးရာပဲပေါ့။**

ဟုတ်တယ်။ အယူဝါဒရေးရာပဲ။ သူတို့လုပ်ပေးရတာက နိုင်ငံရေး လုပ်တာ။ ထောက်လှမ်းရေး လုပ်ငန်းဟာ စိတ်ဝင်စားစရာကောင်းတယ်လို့ လူတွေက ထင်ကြတယ်။ ထောက်လှမ်းရေး သတင်းတွေထဲက ၉၀% ဟာ သာမန် ဆိုဗီယက်ပြည်သူလူထု ထောက်လှမ်းရေးကွန်ယက်ထဲက ရတာဆိုရင် ခင်ဗျား ယုံကြည်ပါ့မလား။ ဒီ ထောက်လှမ်းရေးတွေဟာ နိုင်ငံတော်ရဲ့ အကျိုးစီးပွားအတွက် အလုပ်လုပ်နေကြတာ။ အဲဒီအလုပ်ကို ဘယ်လို နာမည်တပ်တပ် ဂရုမစိုက်ကြဘူး။ အရေးကြီးတဲ့ အချက်က ပူးပေါင်းဆောင်ရွက်မှုရဲ့ အခြေခံက ဘာလဲဆိုတာ ဖြစ်တယ်။ တကယ်လို့ သစ္စာဖောက်မှုနဲ့ ရုပ်ဝတ္ထု အကျိုးအမြတ် ရယူမှုက ကိစ္စတစ်ရပ်။ တကယ်လို့ စိတ်ကူးယဉ်တဲ့ စည်းမျဉ်းတွေအပေါ်မှာ အခြေခံမယ်ဆိုရင် တစ်မျိုးပေါ့။ ပုန်ကန် ထကြွမှုတွေကို ဘယ်လိုလုပ်မလဲ။ ထောက်လှမ်းရေးသမားတွေ မရှိဘဲနဲ့ ဘာမှလုပ်လို့ မရဘူး။[၁]

■ **ခင်ဗျား ကေဂျီဘီနဲ့ ဘယ်အချိန်က ဆက်သွယ်ပတ်သက်ခဲ့ပါသလဲ။**

တက္ကသိုလ်တက်နေချိန်မှာ ကျွန်တော်ဟာ ကေဂျီဘီ ရုံးခန်းက လူတွေ ကျွန်တော့်ကို မှတ်မိပြီး ဆက်သွယ်မယ့်အချိန်ကို စောင့်နေခဲ့ပါတယ်။ တစ်ချိန်က ကျွန်တော် ဆက်သွယ်ထားတဲ့ ပုဂ္ဂိုလ်က ကျွန်တော့်ကို မှတ်မိပုံ မရတော့ပါဘူး။ ကျွန်တော်က အဲဒီပုဂ္ဂိုလ်ကို ကျောင်းသားတစ်ယောက်အဖြစ်နဲ့ သွားရောက် တွေ့ဆုံခဲ့ပါတယ်။ ကျွန်တော်ဟာ သတ္တိကောင်းတဲ့ လူတစ်ယောက်လို့ ထင်ပါ့မလား။

---

၁။ ဖော်ပြပါ မေးခွန်းနဲ့ အဖြေဟာ သတင်းစာထဲမှာ ဖော်ပြထားတဲ့ စာပိုဒ်များ ဖြစ်ပါတယ်။ ရုရှားဘာသာနဲ့ ထုတ်ဝေတဲ့ 'ပထမလူ' စာအုပ်မှာ မပါဝင်ပါဘူး။ သတင်းစာထဲမှာ ဖော်ပြထားတာတွေကို ဖော်ပြထားတာ ဖြစ်ပါတယ်။

ဒါပေမယ့် ကျွန်တော် စဉ်းစားမိတာက ကောဂျီဘီတွေဟာ မိမိရဲ့ စွမ်းအင်ကို ထုတ်ဖော်ပြတဲ့ လူတွေကို သဘောကျမှာ မဟုတ်ဘူးဆိုတာပါပဲ။ ဒီတော့ ကျွန်တော့်ကိုယ်ကျွန်တော် ထုတ်ဖော်မပြတော့ဘူး။ ကျွန်တော် တိတ်တိတ်ပဲ နေလိုက်ပါတယ်။

ဒီလိုနဲ့ လေးနှစ်လွန်မြောက်ခဲ့ပါပြီ။ ဘာမှ မဖြစ်ခဲ့ပါဘူး။ ကျွန်တော်ရဲ့ ကျောက်လွှာက ပြီးပြတ်သွားပြီလို့ သတ်မှတ်လိုက်ပါတယ်။ ဒီတော့ တခြားလုပ်ငန်းမှာ အလုပ်လုပ်ရတော့မှာ ဖြစ်ပါတယ်။ ကျွန်တော် ရွေးတဲ့ အလုပ်က အစိုးရရှေ့နေဖြစ်ဖြစ်၊ ဒါမှမဟုတ် ဥပဒေအကျိုးဆောင်ဖြစ်ဖြစ် လုပ်ဖို့ စိတ်ကူးလိုက်ပါတယ်။ နှစ်ခုစလုံးက ဂုဏ်သိက္ခာရှိတဲ့ လုပ်ငန်းတွေပါပဲ။

ဒါပေမယ့် တက္ကသိုလ်ရောက်ပြီး စတုတ္ထနှစ်မှာ ကျွန်တော့်ဆီ လူတစ်ယောက် ရောက်လာပြီး ကျွန်တော်နဲ့ တွေ့ခွင့်တောင်းပါတယ်။ သူကိုယ်သူ ဘယ်သူဘယ်ဝါဆိုတာ မပြောပြပါဘူး။ သူ ဘယ်သူ ဘယ်ဝါဆိုတာ ကျွန်တော် တန်းသိလိုက်ပါတယ်။ ဘာကြောင့်လဲ ဆိုတော့ သူက ယခုလိုပြောလိုက်လို့ပါပဲ။

'မောင်ရင်ရဲ့ ဘဝရှေ့ရေးလုပ်ငန်းနဲ့ ပတ်သက်ပြီး ပြောချင်လို့ပဲ။ အဲဒီအလုပ်က ဘာလဲဆိုတာတော့ အတိအကျ မပြောနိုင်ဘူး'

ကျွန်တော် ချက်ဆို နားကွက်က မီးတောက်သွားခဲ့ပါတယ်။ သူတို့အနေနဲ့ 'ဘယ်မှာ' ကို ထုတ်မပြောဘူးဆိုရင် 'ဟိုမှာ' လို့ အဓိပ္ပာယ်ကောက်ယူရလို့ပါပဲ။

ကျွန်တော်တို့နှစ်ယောက် တက္ကသိုလ်မှာရှိတဲ့ ဌာနတစ်ခုရဲ့ အခန်းထဲမှာ တွေ့ဖို့ ချိန်းလိုက်ပါတယ်။ သူက နောက်ကျနေပါတယ်။ ကျွန်တော် မိနစ် ၂၀ လောက် စောင့်နေရပါတယ်။ အလကားလူလို့ ကျွန်တော့်စိတ်ထဲက တွေးနေမိပါရဲ့။ ဒါမှ မဟုတ်ရင် ဒီလူက ငါ့ကို သက်သက် လာနောက်နေတာပဲလား။ ကျွန်တော် ထွက်သွားဖို့ ဆုံးဖြတ်လိုက်ပါတယ်။ အဲဒီအချိန်မှာ ချိန်းထားတဲ့ ပုဂ္ဂိုလ်က အသက်လုမတတ် ပြေးလွှားရောက်ရှိလာပါတယ်။

'ကျွန်တော် တောင်းပန်ပါတယ်'

လို့ သူက ပြောပါတယ်။

ကျွန်တော် သဘောကျသွားတယ်။

'အားလုံး စီစဉ်ထားပြီးပြီ။ အချိန်တွေလဲ အများကြီး ရှိနေပါတယ်။ ထောက်လှမ်းရေးအဖွဲ့အစည်းတစ်ခုမှာ ဝင်ရောက်လုပ်ကိုင်ဖို့ ဖိတ်ကြားခံရရင် ဘယ်လိုခံစားရမှာလဲ'

ကျွန်တော် ကလေးဘဝ မူလတန်းကျောင်းသားထဲက ထောက်လှမ်းရေးသမားတစ်ယောက်ဖြစ်ဖို့ အိပ်မက်မက်ခဲ့တာကို ရှင်းပြမနေတော့ပါဘူး။ နောက် သူ့ကို ကျွန်တော် မပြောတာက ဟိုးတစ်ချိန်တုန်းထဲက ကေဂျီဘီ ရုံးခန်းထဲမှာ ပြောခဲ့ဖူးတဲ့ စကားလုံးတွေပါပဲ။

'ကိုယ့်ဆန္ဒနဲ့ကိုယ် လာရောက်ဆက်သွယ်သူတွေကို ကျုပ်တို့ လက်မခံဘူး' ဆိုတဲ့ စကား။

■ **ခင်ဗျား ကေဂျီဘီ အဖွဲ့အစည်းကို ဝင်ရောက်တဲ့အခါမှာ ၁၉၃၇ ခုနှစ်ကို စဉ်းစားမိပါသလား။**

ရိုးရိုးသားသား ပြောမယ်ဗျာ။ ကျွန်တော် အဲဒီအကြောင်းကို မစဉ်းစားမိပါဘူး။ မကြာသေးခင်မှာပဲ ကေဂျီဘီဌာနက ဝန်ထမ်းဟောင်းတွေနဲ့ ဆုံမိပါတယ်။ ကျွန်တော့် အထင်ကတော့ သူတို့တစ်တွေဟာ ကေဂျီဘီ စတင်ထောင်ကတည်းက ပါတဲ့လူတွေ ဖြစ်ကြတယ်ဆိုတာပဲ။ သူတို့နဲ့ ကျွန်တော် အဲဒီအကြောင်းကိုပဲ ပြောပြကြပါတယ်။ သူတို့ကို ကျွန်တော် ပြောခဲ့တဲ့စကားကို ကျွန်တော် ပြောပြပါမယ်။ ကေဂျီဘီ ဌာနချုပ် ပုဂ္ဂိုလ်ရေးဌာနက အဆိုပြုလွှာရတဲ့ အချိန်မှာ (ကျွန်တော့်ကို ဆက်သွယ် ခေါ်ယူတဲ့ ပုဂ္ဂိုလ်ကို တက္ကသိုလ်တွေကို ကိုင်တွယ်ရတဲ့ ဌာနခွဲက ဖြစ်တယ်) ကျွန်တော် ခင်ဗျားပြောတဲ့ ၁၉၃၇ ခုနှစ် စတာလင်ရဲ့ ဖြုတ်ထုတ်သတ် ကိစ္စတွေကို မစဉ်းစားတော့ပါဘူးဆိုတဲ့ အကြောင်းပြောပြခဲ့ပါတယ်။ ကေဂျီဘီကို ကျွန်တော် စိတ်ဝင်စားတာက သူလျှိုထောက်လှမ်းရေး ဝတ္ထုတွေဖတ်ပြီး ဖြစ်ပေါ်လာတဲ့ စိတ်ကူ ယဉ်ကျေးမှုပဲဗျ။ ကျွန်တော် ကေဂျီဘီထဲ ရောက်လာတာက ဆိုဗီယက်မျိုးချစ်ပညာ ရေးစနစ်က အသန့်စင်ဆုံး၊ အအောင်မြင်ဆုံး မွေးထုတ်ပေးတဲ့ ထုတ်ကုန်တစ် ပါပဲဗျာ။

■ **ဖြုတ်ထုတ်သတ်တွေကို ခင်ဗျား ဘာမှ မသိဘူးပေါ့။**

ကျွန်တော် ဘာမှ သေသေချာချာ မသိပါဘူး။ ကျွန်တော်တစ်ခု သိပါတယ် အဲဒါကတော့ စတာလင်ရဲ့ ပုဂ္ဂိုလ်ရေး ဆည်းကပ်ကိုးကွယ်မှု ကိစ္စပါပဲ။ အဲ စတာလင် ပုဂ္ဂိုလ်ရေး ဆည်းကပ်ကိုးကွယ်မှုစနစ်ကြောင့် လူတွေ ဒုက္ခရောက်ခဲ့ရပ တယ်။ ကျွန်တော်က ငတုံးငအ တစ်ကောင်တော့ မဟုတ်ပါဘူး။ ခင်ဗျားသိထား ရမှာက ကျွန်တော် တက္ကသိုလ်စတက်တော့ အသက် ၁၈ နှစ်ရှိပြီ။ ဘွဲ့ရတော အသက်က ၂၃ နှစ်။

■ **ဒါပေမယ့် ဂရုတစိုက် လေ့လာတဲ့ လူမှန်သမျှ အားလုံးသိကြပါတယ်။**

ကျွန်တော်တို့တစ်တွေက တစ်ပါတီ အာဏာရှင်စနစ်အောက်မှာ နေလာရသ တွေ ဖြစ်ကြပါတယ်။ အစစအရာရာကို လျှို့ဝှက်ထားတယ်။ ပုဂ္ဂိုလ်ရေး ဆည်းကပ် ကိုးကွယ်မှုက ဘယ်လောက် နက်ရှိုင်းလိုက်သလဲ။ ဘယ်လောက် လေးနက်မှု လိုက်သလဲ။ ကျွန်တော်နဲ့ကျွန်တော့် သူငယ်ချင်းတွေက အဲဒါတွေကို မစဉ်းစားမိဘူး

ကျွန်တော်တို့ စိတ်ထဲမှာက ထောက်လှမ်းရေး တစ်ယောက် လုပ်ငန်းအပေါ် စိတ်ကူး ယဉ်ပုံရိပ်ကြီးကြီးထားပြီး ကေဂျီဘီထဲ ဝင်ခဲ့တာ ဖြစ်တယ်။

ကျွန်တော်နဲ့ ထောက်လှမ်းရေး ပုဂ္ဂိုလ်တို့ အခန်းထဲမှာ စကားပြောပြီးတာနဲ့ သူ့အကြောင်း လုံးဝ မကြားရတော့ဘူး။ အဲဒီလူ ပျောက်ကွယ်သွားပါတော့တယ်။ ဒီနောက်တော့ တယ်လီဖုန်း ဝင်လာပါတယ်။ တက္ကသိုလ်ကျောင်းသားရေးရာဌာနက ခေါ်တာပါ။ အဲဒီမှာ လူတစ်ယောက်နဲ့ တွေ့ရပါတယ်။ သူက ဒီမီထရီ ဂန်ဆာရော့(ဖ်) ပါ။ သူ့နာမည်ကို ကျွန်တော် မှတ်မိနေပါတယ်။ သူက ကျွန်တော့်ကို စကားပြောပါ တယ်။

ဒါပေမယ့် အလုပ်သမား ရှာဖွေရေးကော်မရှင်မှာ **ပြဿနာလေး**တွေ ရှိနေ ပါတယ်။ သူတို့က ကျွန်တော့်နာမည်ကို သိလိုက်တာနဲ့ တစ်ပြိုင်နက် ဥပဒေဌာနမှ ပုဂ္ဂိုလ်တစ်ယောက်က ခုလိုပြောပါတယ်။

'ဟုတ်တယ်၊ သူ့ကို ကျွန်တော်တို့က တရားရေးမှာ ထားမလို့'

အဲဒီမှာတင် တက္ကသိုလ်ကျောင်းသားတွေ စုဆောင်းရတဲ့ ဌာနက ပုဂ္ဂိုလ်က အိပ်ရာမှ လန့်နိုးပါတယ်။ သူက ချောင်တစ်ချောင်မှာ အိပ်ပျော်နေပုံရတယ်။ သူက–

'မဖြစ်ဘူး၊ မဖြစ်ဘူး၊ ဒီ ကိစ္စက ရှင်းပြီးသား။ ကေဂျီဘီမှာ တာဝန်ထမ်း ဆောင်ဖို့ ပူတင်ကို ငှားရမ်းထားပြီးပြီ'

လို့ ပြောလိုက်ပါတယ်။

သူက အလုပ်သမားရှာဖွေရေးဌာန လူတွေရှေ့မှာ အသံကျယ်ကျယ် လောင်လောင်နဲ့ ပြောလိုက်ပါတယ်။

ဒီနောက် ရက်အနည်းငယ်ကြာတဲ့အခါမှာ ကျွန်တော် လျှောက်လွှာပုံစံတွေ ဖြည့်ရတော့တာပါပဲ။

**■ ကေဂျီဘီမှာ သုံးဖို့ ငှားရမ်းတယ်လို့ သူတို့က ခင်ဗျားကို ပြောခဲ့ပါသလား။**

တကယ်တော့ မဟုတ်ပါဘူး။ အားလုံး သေသေချာချာ စနစ်တကျ စီစဉ် လုပ်ဆောင်တာပါ။ သူတို့က ခုလို စီစဉ်တာ။ 'ငါတို့ စီစဉ်တဲ့ နယ်မြေရဲ့ လုပ်ငန်း တာဝန်ထမ်းဆောင်ဖို့ မင်းကို ရွေးချယ်လိုက်ပြီ။ မင်း အသင့်ဖြစ်နေပြီလား'

တကယ်လို့ လျှောက်ထားသူက မပြတ်မသား ဖြစ်နေမယ်ဆိုရင် မစဉ်းစား တော့ဘူး။ နောက်တစ်ခါမှ စဉ်းစားမယ်လို့ ပြောမှာ ဖြစ်ပါတယ်။ အဲဒီလူဟာ နောက်တစ်ကြိမ် အခွင့်အရေး ရရှိုးထုံးစံ မရှိပါဘူး။

'ကျွန်တော် ဒါလုပ်ချင်တယ်၊ ဒါမလုပ်ချင်ဘူး' လို့ ပြောခွင့် မရှိပါဘူး။ အဲဒီလို လူမျိုးကိုလည်း အသုံးပြုလေ့ မရှိပါဘူး။

■ ဘယ်နေရာပို့ပို့ အသင့်ဖြစ်နေပြီဆိုတဲ့ သဘောပေါ့။

ဟုတ်ပါတယ်။ တကယ်တော့ သူ့တို့လဲ ကျွန်တော့်ကို ဘယ်နေရာမှာ အသုံးပြုရမယ်ဆိုတာ မသိသေးပါဘူး။ သူတို့က လူသစ်တွေ စုနေတာ။ ငွားရမ်း နေတာ။ လုပ်ရိုးလုပ်စဉ် သဘောလုပ်နေတာ။ လူစုဆောင်းနေတာ။ ဘယ်သူကို ပို့ရမယ်ဆိုတာ လုပ်နေတာ။ ကျွန်တော်လဲ လုပ်ရိုးလုပ်စဉ် အဆိုပြုလွှာကို လုပ် လိုက်ရတာ ဖြစ်တယ်။

> ဆာရဂေး ရိုလ်ဒူဂင်။ ။
>
> ပူတင်က သူ ကေဂျီဘီထဲ ဝင်တော့မယ်ဆိုတဲ့အကြောင်း ကျွန်တော့်ကို ပြောပြခဲ့ပါတယ်။ တကယ်လဲ ဝင်လုပ်ခဲ့ပါတယ်။ ကေဂျီဘီ ထဲ ဝင်မလုပ်တဲ့ ပုံစံပါပဲ။ တခြားလူတွေကို ရဲထဲဝင်လုပ်နေတယ်လို့ ပြောထားပါတယ်။ ကျွန်တော်ကတော့ ထောက်လှမ်းရေးက လူတွေနဲ့ သတိထား ဆက်ဆံနေရပါတယ်။ ဘာလို့လဲဆိုတော့ သူတို့နဲ့ ပြဿနာ တက်ထားတာတွေ ရှိလို့ပါပဲ။ ကျွန်တော်က ခရီးမကြာခဏ ထွက်ရလေ့ ရှိတယ်။ အဲဒီမှာ ထောက်လှမ်းရေးက လူတွေ၊ ယဉ်ကျေးမှုဝန်ကြီးဌာနက ပုဂ္ဂိုလ်တွေနဲ့လဲ ကြုံခဲ့ရပါတယ်။ သူနဲ့ဆုံရင် ပါးစပ်ပိတ်ထားတာ အကောင်းဆုံးပါပဲ။
>
> ကျွန်တော့်လုပ်ဖော်ကိုင်ဘက် တစ်ယောက်က ယခုလို ပြောပြ ထားရပါတယ်။
>
> 'သူတို့က သဘောကောင်းပါတယ်။ ဘာပဲဖြစ်ဖြစ် ခင်ဗျားက စကားများများပြောလေ သူတို့က ခင်ဗျားရဲ့အကြောင်းကို အမှတ် ၄ လီတိန်နီက ဖိုင်တွဲထဲ[1] ထည့်ထားမှာ ဖြစ်တယ်'
>
> လို့ ကျွန်တော့် သူငယ်ချင်းက ပြောပါတယ်။
>
> ကျွန်တော် ပူတင်ကို သူ့လုပ်ငန်းအကြောင်း မမေးဖြစ်ပါဘူး။ ကျွန်တော် သိချင်တာလည်း အမှန်ပါပဲ။ တစ်ကြိမ်မှာတော့ ကျွန်တော် သူ့ကို ချောင်ပိတ်မိအောင်လုပ်ပြီး အထူးစစ်ဆင်ရေးတစ်ခု လုပ်မယ် လို့ ကြံစည်ခဲ့ဖူးပါတယ်။ ဒါပေမယ့် မဖြစ်ခဲ့ပါဘူး။
>
> နောက်ပိုင်းမှာတော့ ကျွန်တော်က ပူတင်ကို ယခုလို ပြောခဲ့ပါ တယ်။

၁။ အမှတ် ၄၊ လီတိန်နီလမ်းဆိုတာက လီနင်ဂရက်မြို့မှာရှိတဲ့ ကေဂျီဘီ ဌာနချုပ်ရှိသည့် နေရာ ဖြစ်ပါတယ်။ ခုချိန်မှာတော့ အက်(ဖ)အက်(စ)ဘီ F. S. B (ဖက်ဒရယ်လုံခြုံရေး ဌာန) ဖြစ်နေပါပြီ။

'ငါက တယောပညာရှင်။ တယောထိုးတယ်။ ငါ သမားတော် ဘယ်တော့မှ ဖြစ်မှာ မဟုတ်ဘူး။ ခုချိန်ထိ ငါဟာ တယောသမား ကောင်း တစ်ယောက် ဖြစ်နေတုန်းပဲ။ ဒါနဲ့ မင်းရဲ့ လုပ်ငန်းကကော ဘာလဲ။ မင်း သူလျှိုဆိုတာ ငါသိထားတယ်။ အဲဒါ ဘာလဲ ဆိုတာ တော့ ငါလဲ မသိဘူး။ မင်း ဘယ်သူလဲ။ မင်း ဘာလုပ်သလဲ။

ဒီတော့ ပူတင်က ယခုလို ပြန်ဖြေပါတယ်။

'ငါက လူထုဆက်သွယ်ရေး လုပ်ငန်းက ကျွမ်းကျင်သူကွ' တဲ့။ အဲဒီမှာတင် သူနဲ့ ကျွန်တော် စကားပြောတာလည်း အဆက်ပြတ်သွား ပါတယ်။ သူ့ကိုယ်သူလည်း ပုဂ္ဂိုလ်ရေးကိစ္စတွေကို ဆုံးဖြတ်တဲ့နေရာမှာ ကျွမ်းကျင်သူလို့ မှတ်ယူထားပါတယ်။ ကျွန်တော်ဟာ ကျွန်တော်ရဲ့ ပထမဇနီး အိုင်ရင်နာနဲ့ ကွာရှင်းတဲ့အခါမှာ ပူတင်က ယခုလို ပြောပါ တယ်။

'အဲဒီလို ဖြစ်မယ်ဆိုတာ ငါ ကြိုတင်ဟောထားပြီး ဖြစ်တယ်တဲ့'

လို့ ပူတင်က ပြောခဲ့ပါတယ်။

ကျွန်တော် သူနဲ့ အယူအဆ ကွဲလွဲပါတယ်။

'ငါနဲ့ အိုင်ရင်နာတို့ အနေအထား အစကတည်းက ဘယ်လိုရှိ နေတယ်ဆိုတာ မင်း မသိပါဘူးကွာ'

လို့ ကျွန်တော်က ပြောလိုက်ပါတယ်။

ဒါပေမယ့် သူ့ဝေဖန်ချက်ကို ကျွန်တော် အရမ်းလေးစားသွားခဲ့ ပါတယ်။ သူဟာ လူထုဆက်ဆံရေးကိစ္စရပ်တွေမှာ ကျွမ်းကျင်သူ တစ် ယောက်ပါပဲ။

* * *

## အပိုင်း (၄)

### ယေဲရှယ်သောကျွမ်းကျင်ပညာရှင်

တန်ပြန်ထောက်လှမ်းရေးဌာနတွင် ငြီးငွေ့ဖွယ်ကောင်းသော တစ်ယူသန်အချို့နှင့်အတူ လက်တွဲခဲ့ပြီးသည့်နောက် ပူတင်သည် မော်စကိုမြို့ရှိ အင်ဒရိုပေါ့(ဗ) အော်လီနီကျောင်းသို့ မွမ်းမံသင်တန်း တက်ခဲ့ရပြန်သည်။ သင်တန်းမှ အရာရှိများသည် သွက်လက်ချက်ချာသော၊ ထက်မြက်သော လူငယ်လေးကို သတိပြုမိသွားသည်။ ပူတင်က လူကြိုက်များသော ဌာနများကို တောင်းဆိုခဲ့သည်။ ပူတင် တောင်းဆိုသော နေရာက နိုင်ငံရပ်ခြား ထောက်လှမ်းရေး။ ထိုအချိန်မှာပဲ ပူတင်က မိန်းမချောလေးတစ်ယောက်နှင့် ဆုံစည်းမိသည်။ မိန်းမပျို လေယာဉ်မယ်။ ပူတင်က မိန်းမပျိုလေးကို လက်မှတ်ဝယ်ရ အလွန်ခက်ခဲသော ပြဇာတ်ရုံဝင်ခွင့် လက်မှတ်များကို ကေဂျီဘီ အဆက်အသွယ်များဖြင့် ဝယ်ယူပြီး သုံးညတိုင်တိုင် လိုက်လံပို့ဆောင်ခဲ့သည်။ ပူတင်က လျူ(ဒ)မီလာကို သုံးနှစ်ကြာအောင် ပိုးပန်းခဲ့ရ၏။ ပူတင် နိုင်ငံခြားသို့ ထောက်လှမ်းရေးတာဝန်ကျသော နှစ်တွင် လက်ထပ်ခဲ့ကြသည်။ ပူတင် တာဝန်ကျသောနိုင်ငံမှာ အရှေ့ဂျာမဏီ၊ ဒရက်(စ)ဒန်မြို့။

ပထမတော့ သူတို့က ကျွန်တော့်ကို ထောက်လှမ်းရေးဌာန အတွင်းဝန်ရုံးမှာ တာဝန်ပေးခဲ့ပါတယ်။ ပြီးတော့မှ တန်ပြန်ထောက်လှမ်းရေးဌာနကို ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရပါတယ်။ အဲဒီ တန်ပြန်ထောက်လှမ်းရေးဌာနမှာ (၅) လကြာခဲ့ပါတယ်။

- **ထောက်လှမ်းရေးမှာ တာဝန်ယူရတာ ခင်ဗျား စိတ်ကူးထဲမှန်းဆထားတာနဲ့ တူတူပဲလား။ ခင်ဗျား ဘာတွေ မျှော်လင့်ထားပါသလဲ။**

ကျွန်တော် မျှော်မှန်းထားတာနဲ့ မတူပါဘူး။ ကျွန်တော်က တက္ကသိုလ်က ထွက်လာခဲ့တာပဲဗျာ။ ကျွန်တော် ဘေးပတ်လည်မှာ ရင်ဆိုင်တွေ့လိုက်ရတာက အတိုးကြီးတွေပဲဗျ။ သူတို့က ဒီလုပ်ငန်းကို ဟိုးခေတ်ကာလ ထမ်းဆောင်ခဲ့ကြတာဗျ။ တချို့ဆိုရင် မကြာခင် ပင်စင်သွားကြတော့မှာ။

တစ်ချိန်မှာ အုပ်စုတစ်စုက ဓာတ်လမ်းတစ်ပုဒ်ကို ရေးဆွဲနေကြတယ်။ အဲဒီဆွေးနွေးပွဲကို ကျွန်တော့်ကို တက်ဖို့ ဖိတ်ကြားခဲ့ပါတယ်။ အသေးစိတ်တော့ မမှတ်မိတော့ပါဘူး။ ဒါပေမယ့် မှတ်မိနေတာကတော့ ထောက်လှမ်းရေးငနဲကြီးပေါ့ဗျာ။ သူက စီမံကိန်းတစ်ခုကို ဟိုလိုလုပ်၊ ဒီလိုလုပ်လို့ ပြောနေပါတယ်။ အဲဒီမှာတင် ကျွန်တော်က ခုလို ထောက်လိုက်တယ်။

'အဲဒါ မဟုတ်ဘူး'

'မင်း ဘာပြောတာလဲ'

လို့ သူက ပြောပါတယ်။

'အဲဒါ ဥပဒေနဲ့ မညီဘူး'

ကျွန်တော်က ပြောလိုက်ပါတယ်။

'ဘာ ဥပဒေလဲ'

သူက ပြန်ပြောလိုက်တယ်။

ကျွန်တော်က ဉပဒေကို ရေရွတ်ပြလိုက်ပါတယ်။

'အေး ဒါပေမယ့် ငါတို့ဆီ ညွှန်ကြားချက်တွေ ရောက်နေပြီကွ'

သူက ပြောလိုက်ပါတယ်။ ကျွန်တော်က ဉပဒေကို ထပ်မံရေရွတ်လိုက်ပါတယ်။ အခန်းထဲမှာ ရှိနေတဲ့ လူတွေဟာ ကျွန်တော် ဘာပြောချင်တယ်ဆိုတာ သဘောပေါက်ကြပုံ မရပါဘူး။ အဆိုပါ ပုဂ္ဂိုလ်ကြီးက အတည်ပေါက် မျက်နှာနဲ့ ဆက်ပြောပါတယ်။

'ငါတို့အဖို့ အမိန့်က ဉပဒေပဲကွ'

အဲဒါပါပဲဗျာ။ သူတို့တစ်တွေ အဲဒီလို ကြီးပြင်းလာခဲ့ကြရတယ်။ အဲဒီပုံစံမျိုးနဲ့ အလုပ်လုပ်ကြတာပါပဲဗျာ။ ဒါပေမယ့် ကျွန်တော်တို့ကတော့ အဲဒီပုံစံမျိုး မလုပ်နိုင်ဘူး။ ကျွန်တော်တင် မဟုတ်ဘူး။ လက်တွေ့မှာ တခြား ထောက်လှမ်းရေးတွေကလဲ ကျွန်တော့်လိုပဲ ခံစားနေကြရပါတယ်။

လအတော်ကြာအောင် အရင်လုပ်ထုံးလုပ်နည်းတွေအတိုင်း လုပ်ခဲ့ရပါတယ်။ တချို့အလုပ်ကို ကျွန်တော် မလုပ်ဘဲ ထားလိုက်တယ်။ ဒီနောက် ကျွန်တော့်ကို သင်တန်းခြောက်လ တက်ခိုင်းပါတယ်။ သင်တန်းတက်ရတဲ့ ကျောင်းက လီနင်ဂရက်မြို့မှာ ရှိပါတယ်။ ဒီနောက် ကျွန်တော့်အထက်အရာရှိတွေက ကျွန်တော်ဟာ ထောက်လှမ်းရေး အခြေခံတွေကိုတော့ ကျွမ်းကျင်နိုင်နင်းနေပြီ ဖြစ်ပေမယ့် ကျွန်တော်ဟာ တချို့လက်တွေ့ ကွင်းဆင်းလုပ်ဆောင်ရတဲ့ ကိစ္စတွေမှာ လိုအပ်တာတွေ ရှိနေသေးတယ်။ ဒါနဲ့ မော်စကိုမှာသွားပြီး သင်တန်းတက်ရတယ်။ ဒီနောက် စိန့်ပီတာစဘတ်ကို ပြန်လာပြီး တန်ပြန်ထောက်လှမ်းရေးဌာနမှာ ၁ နှစ်လောက် တာဝန်ထမ်းဆောင်ခဲ့ရပါတယ်။

■ **ဘယ်နှစ်ခုနှစ်လောက်ကပါလိမ့်။**

ဘယ်လောက်တုန်းကလဲ။ ၁၉၇၀ ခုနှစ် နှစ်ကုန်ပိုင်းလောက်မှာပါ။ လီယိုနစ်ဘရက်ဇနေ့က ဝက်အူတွေ တင်းတင်းရစ်တဲ့နှစ်၊ အုပ်ချုပ်ရေးအာဏာကို ခပ်တင်းတင်း ခပ်ကြမ်းကြမ်း လုပ်တဲ့နှစ်ဆိုပါတော့။ ဒါပေမယ့် အဲဒါကို သိပ် သတိမပြုမိကြဘူး။

■ **ခင်ဗျား ကေဂျီဘီမှာ တာဝန်ထမ်းဆောင်နေစဉ်မှာ ကွန်မြူနစ်ပါတီဝင်ခဲ့ပါသလား။**

ထောက်လှမ်းရေးမှာ တာဝန်ထမ်းဆောင်မယ်ဆိုရင် ကွန်မြူနစ်ပါတီဝင် ဖြစ်ရမယ်ဗျ။ အဲဒီအတွက် ချွင်းချက်မရှိဘူး။ အဲဒီဉပဒေသက ထူးဆန်းတဲ့ အဖြစ်

အချက်တချို့အတွက် ဖန်တီးထားတာ ဖြစ်တယ်။ ဥပမာ လူတစ်ယောက်ဟာ နန်းတော်ရဲ့ လုံခြုံရေးဌာနမှာ တစ်နှစ်ထက် လျော့နည်းပြီး တာဝန်ထမ်းဆောင် ခဲ့တယ်ဆိုပါတော့။ ပြီးတာနဲ့ တခြား ဌာနတစ်ခုကို ပြောင်းရွှေ့ အမှုထမ်းနေတယ် ဆိုရင် အဲဒီလို ဌာနတစ်ခုက တခြားတစ်ခု ပြောင်းရွှေ့တဲ့ကာလ ကြားကာလ ကွန်ဆိုဗိုလ် ပါတီလူငယ် အသက်လွန်လာပြီလို့ ဆိုရမှာ ဖြစ်ပါတယ်။ ပြောချင် တာက လုပ်သက်တစ်နှစ် မပြည့်ဘဲ ဖြစ်နေတာမို့ အဲဒီလူကို ပါတီဝင်ဖို့ ဘယ်သူကမှ ထောက်ခံချက်ပေးမှာ မဟုတ်ဘူး။ ထောက်ခံချက်ရယူချင်ရင် အလုပ်ကို တစ်နှစ် တိတိ ပြည့်ပြည့်ဝဝ လုပ်ကိုင်ဖို့ လိုအပ်ပါတယ်။ လူတစ်ယောက်ဟာ အလုပ် တာဝန်ကို တစ်နှစ်တိတိ ပြည့်မှီအောင် တာဝန်မထမ်းဆောင်နိုင်တဲ့အတွက် ဘယ်သူက မှ ပါတီဝင်ဖြစ်ဖို့ ထောက်ခံချက်ပေးမှာ မဟုတ်ပါဘူး။ သူက ကွန်ဆိုဗို ပါတီ လူငယ်အဖြစ်လဲ မပြည့်မီသလို၊ ပါတီဝင်ဖြစ်ဖို့လဲ အရည်အချင်း မပြည့်မီပဲ ဖြစ်နေ ပါတယ်။ ထောက်လှမ်းရေးသမားတစ်ယောက်ကတော့ ပါတီဝင်ဖြစ်ရမယ်၊ ဒီတော့ သူတို့ လုံခြုံရေးဌာနကနေ ထုတ်ပယ်ပြီး ဖြစ်နေပါတယ်။ ယုံဖို့တော့ မကောင်းပေ မယ့် ဒါ အမှန်ပဲ။

■ **လုံခြုံရေးဌာနက ပုဂ္ဂိုလ်တွေက ပါတီခန့် ပုဂ္ဂိုလ်တွေကို သဘောမတွေ့ဘူး လို့ ပြောတာ မှန်ပါသလား။**

မှန်ပါတယ်။ ပါတီခန့် ပုဂ္ဂိုလ်တွေကို မနှစ်သက်ကြတာ အမှန်ပါပဲ။ ထောက် လှမ်းရေးဌာနကို တင်းပြည့်ပါတီဝင်တွေ ရောက်လာကြတာ ရှိပါတယ်။ အဲဒီ လူတွေဟာ တကယ်တော့ ဘာမှ အသုံးမကျပါဘူး။ သူတို့ဟာ ဂလေဂချေတွေ၊ အချောင်သမားတွေပဲ။ သူတို့တစ်တွေ ဘယ်လိုပုံစံနဲ့ပဲရှိရှိ ပါတီခန့် ပုဂ္ဂိုလ်တွေဟာ အလွန်အတ္တကြီးမားတဲ့ လူတွေ။ ပါတီမှာတုန်းက ထိပ်ပိုင်းနေရာ မရဘဲ အလယ် အလတ်ပိုင်းလောက် ရခဲ့ကြပေမယ့် ထောက်လှမ်းရေး ဌာနလဲ ရောက်ပါကော အဆင့်မြင့် ရာထူးတွေ ရကြတော့တာပါပဲ။ သူတို့ပုံစံက အလွန်ကြီးမားတဲ့ ညွှန် ကြားရေးမှူးပုံစံတွေ ဖမ်းထားကြတယ်။ သူတို့က ဘာတစ်ခုမှ လက်တွေ့လုပ်ဆောင် ချင်စိတ် မရှိကြဘူး။ အဲဒီပုဂ္ဂိုလ်တွေဟာ တကယ် ကျွမ်းကျင်တဲ့ ထောက်လှမ်းရေး သမားတွေကြားမှာ စိတ်ဝမ်းကွဲအောင် လုပ်နေကြတယ်။

■ **ကျွမ်းကျင်တဲ့ထောက်လှမ်းရေးသမားတွေကြားမှာ မကျေမနပ်ဖြစ်စရာတွေ ဖြစ်စေတဲ့ တခြားအကြောင်းရင်းကကော ဘာလဲဗျ။**

သိပ်ပြီး မထင်ပေါ် မကျော်ကြားတဲ့ ပန်းချီဆရာတွေကို စိတ်အနှောက် အယှက်ပေးတဲ့ အလုပ်ကို သူတို့လုပ်ကြတယ်ဆိုတဲ့ အချက်ကို ကျွန်တော် သိထား

ပါတယ်။ မော်စကိုမှာဆိုရင် ဘူဒိဇာစက်တွေနဲ့ ပန်းချီကားတွေကို ဖယ်ရှားဖျက်ဆီး ပစ်ကြတယ်။ အဲဒီလို စိတ်ကူးမျိုး ဘာကြောင့် အဲဒီလို စိတ်ကူးမျိုး အဲဒီအလုပ် လုပ်နိုင်းတဲ့ ပုဂ္ဂိုလ်မှာ ရှိနေပါလိမ့်ဆိုတာ ကျွန်တော် သဘောမပေါက်ပါဘူး။ ကျွန်တော့်အထင်ကတော့ ပါတီဒေသဆိုင်ရာနဲ့ ပါတီဌာနချုပ်က သဘောတရားရေး ဆရာကြီးတွေရဲ့ အယူအဆ သဘောတရားပဲ ဖြစ်ပါလိမ့်မယ်။ အဲဒါကို ကေဂျီဘီ က သဘောမတူဘူး၊ ကန့်ကွက်ခဲ့ပါတယ်။ အဓိပ္ပာယ်မရှိတဲ့ ရူးကြောင်ကြောင် လုပ်ရပ်လို့ပဲ ပြောခဲ့ပါတယ်။ ဒါပေမယ့် ပါတီ ဗဟိုကော်မတီ ဌာနချုပ်မှာရှိတဲ့ သဘောတရားဆိုင်ရာ ဌာနက ပုဂ္ဂိုလ်တွေကတော့ ကျွန်တော်တို့မှာ မလုပ်နိုင်တဲ့ လုပ်ရပ်တွေကို လုပ်ခဲ့ရပါရဲ့။ အဲဒီပုဂ္ဂိုလ်က ဒေသပါတီ ကော်မတီဝင်၊ ကွန်ဆာဗေး တစ်ပဲဗျ။ ကေဂျီဘီက ပါတီရဲ့ လက်အောက်ခံ ဌာနကြီးတစ်ခုအဖြစ် သဘောထားခဲ့ တယ်။ ကေဂျီဘီက ပါတီ ခိုင်းတာပဲ လုပ်နေရပါတယ်။

■ **ခင်ဗျားအနေနဲ့ အစိုးရဆန့်ကျင်ရေးသမားတွေကို ဘယ်လို ယူဆထားပါသလဲ။**

အကောင်းဘက်ကပဲ ဖြစ်ဖြစ်၊ အဆိုးဘက်ကပဲ ဖြစ်ဖြစ် ကျွန်တော်ဟာ ပါတီနဲ့ သဘောထားမတူတဲ့ ပုဂ္ဂိုလ်တွေနဲ့ မပတ်သက်ပါဘူး။ ကျွန်တော်လုပ်ငန်းက အဆင်ချောနေတယ်။ ခင်ဗျားတို့လဲ သိပါလိမ့်မယ်။ ကျွန်တော်တို့ရဲ့ တရားဥပဒေ ရေးရာဌာနက ပုဂ္ဂိုလ်တွေဟာ ၁၉၇၀ ခုနှစ်လောက်ကတည်းက အစိုးရဆန့်ကျင်ရေး လုပ်တဲ့ လူတွေ ထောက်ခံခြင်း မရှိခဲ့ဘူး။ ခင်ဗျားကို ဥပမာ တစ်ခုပဲ ပြမယ်။ အစိုးရဆန့်ကျင်ရေးသမား တစ်စုက လီနင်ဂရက်မြို့မှာ ဆန္ဒပြပွဲတစ်ခုလုပ်တယ်။ သူတို့ လုပ်တဲ့ ဆန္ဒပြပွဲက ပီတာဘုရင်မင်းမြတ် မွေးနေ့နဲ့ သွားတိုက်ဆိုင်နေတယ်။ စိန့်ပီတာစဘတ်မှာရှိတဲ့ အစိုးရဆန့်ကျင်ရေးသမားတွေဟာ ဆန္ဒပြပွဲတွေကို ရာဇဝင်ရှိ တဲ့ နေ့ရက်တွေနဲ့ တိုက်ဆိုင်ပြီး လုပ်လေ့ရှိကြတယ်။ ရုရှနိုင်ငံမှာရှိတဲ့ ဒီဇင်ဘာ ဝါဒီတွေ နှစ်သက်လက်ခံတဲ့ နှစ်ပတ်လည် အခမ်းအနားရက်တွေကို သဘောကျကြပါ တယ်။

အစိုးရဆန့်ကျင်ရေးသမားတွေက ဆန္ဒပြပွဲတွေ ပြုလုပ်ကြမယ်။ အဲဒီဆန္ဒ ပြပွဲကို နိုင်ငံခြားသံတမန်တွေ သိရှိခွင့်ရအောင် ပြုလုပ်ပြီး နိုင်ငံတကာ အသိုင်းအဝန်း က သိရှိအောင် ပြုလုပ်ကြတဲ့ သဘောဖြစ်ပါတယ်။ ဒီတော့ ကျွန်တော်တို့ ဘာလုပ် ကြရမှာလဲ။ အဲဒီဆန္ဒပြပွဲကို ဖြိုခွင်းပစ်လို့ မရပါဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန် တော်တို့ကို ဘာအမိန့်မှ မပေးလို့ပါပဲ။ သတ်မှတ်ထားတဲ့ နေ့ရက်၊ သတ်မှတ်ထား တဲ့ နေရာမှာ ပန်းခွေသွားချကြပါတယ်။ အဲဒီနေရာမှာ သတင်းထောက်တွေလည်း အချိန်မီရောက်ရှိနေကြပါတယ်။ ကျွန်တော်တို့က ပါတီကော်မတီ၊ အလုပ်သမား သမဂ္ဂနဲ့ ရဲတွေကို ကြိုတင်အကြောင်းကြားထားပြီး ဖြစ်တယ်။ ကျွန်တော်တို့က

...င်ရာအဖွဲ့ထဲမှာ ပါရပါတယ်။ ပြီးတာနဲ့ ပန်းခွေချတယ်။ သတင်းထောက်တွေ၊ ...တမန်တွေဟာ မတ်တတ်ရပ်ပြီး ကြည့်ဖြစ်တယ်။ မကြာခဏ လာကြပါတယ်။ ပြီးတာနဲ့ အိမ်ပြန်သွားကြပါတယ်။ သူတို့ ပြန်သွားမှ ဆန္ဒပြပွဲတားဆီးရေး စီစဉ်ထား ...တွေကို ပြန်ရုတ်သိမ်းကြတယ်။ အဲဒါကို ဘယ်သူမှ မရိပ်စားမိကြပါဘူး။

■ **ခင်ဗျားကော အဲဒီလှုပ်ရှားမှုတွေပါသလား။**

ကျွန်တော်တို့ အုပ်စုက အဲဒီလှုပ်ရှားမှုတွေမှာ ပါဝင်ဆောင်ရွက်ခွင့် မရကြပါဘူး။

■ **ဒါဖြစ်ရင် အဲဒီလို အသေးစိတ် အချက်အလက်တွေ ခင်ဗျား ဘယ်လို သိသလဲ။**

ဘယ်သူမှ လျှို့ဝှက်ထားလို့မှ မရတာ။ ကျွန်တော်တို့တစ်တွေ (ထောက်လှမ်းရေးတွေ) ဟာ ကဖေးဆိုင်တွေမှာ ပွင့်ပွင့်လင်းလင်း ပြောနေကြတာပဲဟာ။ ...ကြောင့် ကျွန်တော် အဲဒါတွေ ပြောနေရဟာယ်သိလား။ ထောက်လှမ်းရေးတွေ လုပ်တာ ...ခဲ့လို့ပဲ။ ထောက်လှမ်းရေးတွေဟာ တစ်ပါတီအာဏာရှင်စနစ်ကို ထုတ်ဖော် ...င်ပြနေကြရသူတွေ ဖြစ်ကြတယ်။ ဒါပေမယ့် သူတို့တစ်တွေလုပ်တဲ့ နည်းက ...လျှို့ကွယ်လျှို့ လုပ်နေကြရတာ ဖြစ်တယ်။ ကိစ္စတိုင်းကတော့ ကြမ်းတမ်းရိုင်း ...င်းတယ်လို့ ပြောလို့ မရပါဘူး။

■ **ဒါဖြင့် ဆာခါရော့(ဖ)[၁]အရေးအခင်းကကော မကြမ်းတမ်းဘူးလား။**

အင်း ဆာခါရော့(ဖ) အရေးအခင်းကတော့ တကယ်ကို ကြမ်းတမ်းပါရဲ့ဗျာ။

---

[၁] ဒေါက်တာ ဆာခါရော့(ဖ) မှာ ထင်ရှားတဲ့ ရုရှ ရူပဗေဒပညာရှင်တစ်ယောက် ဖြစ်သလို လူ့အခွင့်အရေးနှင့် ရေးလှုပ်ရှားမှု ခေါင်းဆောင်တစ်ယောက်လဲ ဖြစ်ပါတယ်။ ဒေါက်တာ ဆာခါရော့(ဖ)ဟာ ကေဂျီဘီရဲ့ အမြဲတစေ စောင့်ကြပ်ကြည့်ရှုလိုခံရပါတယ်။ အကြောင်းရင်းကတော့ ၁၉၇၀ မှ ၁၉၈၀ ခုနှစ်အတွင်းမှာ ဆာခါရော့(ဖ) အစိုးရဆန့်ကျင်ရေး လှုပ်ရှားမှုကြောင့် ခုဆို စောင့်ကြပ်ကြည့်ရှုခြင်း ခံရတာဖြစ်ပါတယ်။ ၁၉၈၀ ခုနှစ်မှာ ဆိုဗီယက်ပြည်ထောင်စုက အာဖဂန်နစ္စတန်ကို ဝင်တိုက်ခြင်းနဲ့ ပတ်သက်ပြီး ဆန့်ကျင်တာကြောင့် ဖမ်းဆီးခြင်းခံရပါတယ်။ တရားရုံးမှ မချမှတ်ရပါဘဲနဲ့ ပြည်နှင်ဒဏ်ခံခဲ့ရပါတယ်။ ဆိုဗီယက်သမ္မတ မစ်ဟိုင်းဂေါ် ဘာချော့ က ဒေါက်တာ ဆာခါရော့(ဖ) ကို ပြည်နှင်ဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့် ပေးလိုက်ပါတယ်။ ခုနှစ်က ၁၉၈၆ ခုနှစ်။ ဒီနောက် ဆိုဗီယက် ပါလီမန်အမတ် ဖြစ်လာပါတယ်။ ဒီနောက် ဆိုဗီယက်ပြည်ထောင်စုမှာ လူအခွင့်အရေး ချိုးဖောက်မှုတွေ၊ ဒီမိုကရေစီရေး ဖိနှိပ်မှုတွေကို ဝေဖန်ကန့်ကွက်ခဲ့ပါတယ်။ ၁၉၈၉ ခုနှစ်မှာ ကွယ်လွန်ခဲ့ပါတယ်။

ဆာရဂေး ရှိ(လ်)ဒူဂင်။ ။

[တစ်ခါတစ်ရံမှာ အလုပ်ပြီးတာနဲ့ ကျွန်တော်နဲ့ ပူတင်တို့ တူရိယာဝိုင်းကို သွားခဲ့ပါတယ်။ ပူတင်က ကျွန်တော့်ကို ဆင်ဖိုနီ တေးဂီတ စနစ်တကျ နားထောင်နည်းကို မေးပါတယ်။ ကျွန်တော်က သူ့ကို ကြိုးစားပြီး ရှင်းပြရပါတယ်။ တကယ်လို့ တစ်စုံတစ်ယောက်က ရှိုစတာကိုဗစ်(ချ်) ရဲ့ ပဥ္စမဆင်ဖိုနီဂီတ မေးလာမယ်ဆိုရင် ပူတင်က အတော်ကို ပြည့်ပြည့်စုံစုံ ဖြေကြားနိုင်မှာ ဖြစ်ပါတယ်။ ဘာကြောင့်လဲ ဆိုတော့ အဲဒီတေးဂီတကို စတင်ကြားရချိန်မှာလဲ ပူတင်က အရမ်းကို နှစ်သက်သဘောကျသွားလို့ပါပဲ။ ကျွန်တော် အဲဒီတော့ တေးဂီတအကြောင်း သူ့ကို ရှင်းပြခဲ့ရပါတယ်။ ဒီနောက်တော့ ကတ္တာကော၊ မာရှာပါ ဂီတကို ချစ်ခင်သွားတယ်။ အဲဒါ ကျွန်တော့်ရဲ့ အပြစ်ပါပဲ။

ကျွန်တော်တို့တစ်တွေရဲ့ တေးဂီတဆိုင်ရာ ပို့ချချက်တွေဟာ လေလုံးထွားထွား ခပ်ကြွားကြွား ပြောခဲ့တာမို့ အမှားတွေ အများကြီး ပါနေမယ်ဆိုတာတော့ ကျွန်တော် ဝန်ခံပါတယ်။ ဂန္ထဝင်ဂီတနဲ့ ပတ်သက်ပြီး ဝါဒဖြန့်ချိရေးဆိုင်ရာ ကိစ္စတွေက တကယ် အမှတ်လက္ခဏာနဲ့ ကင်းဝေးပါတယ်။ ကျွန်တော်က ပူတင်ကို သာမန် လူတစ်ယောက် မြင်ပုံနဲ့ ကြားပုံတွေကို ပြောပြပါတယ်။ ကျွန်တော်က ခုလို ပြောလိုက်ပါတယ်။

'နားထောင်။ တေးဂီတ စနေပြီ။ ဒါဟာ အင်မတန် အေးချမ်းသာယာတဲ့ ဘဝပဲ။ သူတို့ ကွန်မြူနစ်ဝါဒ တည်ထောင်နေကြတာ။ တေးသွားကို ကြားတယ် မဟုတ်လား။ တာ–တီး ပါ– ပါ။ အဲဒီနောက်တော့ အကြောင်းအရာ ပေါ်ပေါက်လာတော့တယ်။ နားထောင်၊ ကြေးတူရိယာတွေနဲ့ တီးမှုတ်နေကြတာ။ အကြောင်းအရာက တဖြည်းဖြည်း ကြီးထွားလာနေတယ်။ အဦးအစထဲက ငြိမ်းချမ်းရေး အကြောင်းမှာ ပါရှိနေတယ်။ အဲဒီနောက် အကြောင်းအရာနဲ့ တေးသွား ပဋိပက္ခ ဖြစ်တော့မယ်။ အဲဒါကို ပူတင်က အရမ်းသဘောကျတာ။'

၁။ ရှိုစတာကိုဗစ်(ချ်) ရဲ့ ပဥ္စမမြောက် ဆင်ဖိုနီကို ၁၉၃၇ ခုနှစ်မှာ ရေးသားခဲ့တ
ဖြစ်ပါတယ်။ အဲဒီကာလက စတာလင်ရဲ့ ဘုန်းသမ္ဘာနဲ့ အာဏာ ကြီးထွားနေတဲ့အချိ
စတာလင်ရဲ့ ဖြုတ်ထုတ်ခေတ်ကာလအချိန်ပါပဲ။ လူသန်းပေါင်းများစွာ အသ
ခံကြရသလို အကျဉ်းစခန်းနဲ့ အလုပ်ကြမ်း စခန်းတွေကိုလဲ ပို့ခံကြရပါတယ်။ 'မင့်(
ခရိုင်ကလေဒီမက်ဘတ်'ဆိုတဲ့ တေးသွားကို အစိုးရအာဘော် သတင်းစာ ပရာဗ
ကနေပြီး ၁၉၃၆ ခုနှစ်မှာ ဝေဖန်ရှုတ်ချခဲ့ပါတယ်။ အဲဒီ ပဥ္စမမြောက် ဆင်ဖိုနီ
ရှိစတာကိုဗစ်(ချ်)ဟာ သူ့ကို ဝေဖန်တာကိုကော၊ သူ့အပေါင်းအသင်းများကို ဆန့်ကျ
ဖြုတ်ထုတ်၊ ပြစ်ဒဏ်ပေးတာကို တုန့်ပြန်ထားတာ ဖြစ်ပါတယ်။

ပူတင်ဟာ အင်မတန်မှ စိတ်ဓာတ်ခိုင်မာတယ်။ ကျွန်တော်ကတော့ ဘောလုံးကစားတဲ့လူ။ ကျွန်တော်သူ့ကို လွှတ်ပေးမထားနိုင်ဘူး။ ဘာကြောင့်လဲဆိုတော့ သူက ချွေးဘီလူးတစ်ကောင်လို မြဲမြံတယ်။ သူက ကျွန်တော့်ကို လဲသွားအောင် လုပ်နိုင်တယ်။ ကျွန်တော် သူ့ဆီကနေ ဘောလုံး (၃) ကြိမ် လုယူသွားတာနဲ့ သူက (၃) ကြိမ် ပြန်ရအောင် လုယူတော့တာပါပဲ။ သူက မဟုတ်မခံတဲ့ စရိုက် သဘာဝရှိတယ်။ မေ့ပစ်ထားလို့ မရတာ တစ်ခုရှိတယ်။ ၁၉၇၆ ခုနှစ် လီနင်ဂရက်မြို့မှာ ကျင်းပတဲ့ ဂျူဒိုပြိုင်ပွဲမှာ ဂျူဒိုချန်ပီယံ ဖြစ်ဖူးတယ်။

ပူတင် ဂျာမနီမသွားခင် သူနဲ့ ကျွန်တော်တို့ ဗာဆယာ ရှိစတာကော့(ဖ)ရှိတဲ့ အားကစားကွင်းရှိရာကို သွားလည်ပတ်ခဲ့ပါတယ်။ ဗာဆယာက ကလေးတွေရဲ့ သင်တန်းနည်းပြဖြစ်တယ်။ ကျွန်တော်တို့ အဲဒီနေရာကို ညဘက်မှ ရောက်သွားခဲ့တယ်။ ဗာဆယာက ကျွန်တော်တို့ကို ညဘက် အိပ်ပျော်အောင် ကုတင်လေးတွေ ထုတ်ပေးတယ်။ မနက်မိုးလင်းတာနဲ့ စခန်းသွင်းထားတဲ့ ကလေးတွေက စောစီး နိုးတော့တာပါပဲ။

'ဟေ့ ဟိုလူနှစ်ယောက်ကို ကြည့်လိုက်။ တို့ သူတို့နှစ်ယောက်ကို ချွေးမထွက်ဘဲ ဖမ်းကြရအောင်'

လို့ ပြောပါတယ်။

ကလေးတွေက ဖျာပေါ်ကိုသွားရောက်ကြပါတယ်။ ကလေး တွေ ဂျူဒိုကစားနေကြတာ ဖြစ်ပါတယ်။ ဗာဆယာက ပူတင်ကို ပြောလိုက်တယ်။

'မင်း မကစားချင်ဘူးလား' တဲ့။

'ဘာ မင်းနောက်နေတာလား။ ငါ ဒီဖျာပေါ်မှာ မတ်တတ်မရပ်ဘဲ နေတာ နှစ်အတော်ကြာပြီကွ'

လို့ ပူတင်က ပြောလိုက်ပါတယ်။

အဲဒီမှာတင် ကျွန်တော်က ကြားဝင်ပြောရပါတယ်။

'ကဲပါ။ မင်း ဘာဖြစ်နေရတာလဲ ပူတင်၊ ချာတိတ်တွေ ပြောတာ ကြားတယ် မဟုတ်လား။ တို့နှစ်ယောက်ကို ချွေးမထွက်ပဲ ဖမ်းကြမယ် ဆိုတာ'

ဗာဆယာကတော့ စိန်ခေါ်နေတုန်းပါပဲ။

'ကောင်းပြီ ကောင်းပြီ၊ မင်းက ငါ့ကို စိန်ခေါ်တာပေါ့'

နောက်ဆုံးမတော့ ပူတင်က ပြောလိုက်ပါတယ်။

ပူတင်က ကီမိုနိုဝတ်ရုံ လိုချင်တယ်။ ဒါကြောင့် ချာတိတ်တစ်ယောက်ဆီ သွားပြီး

'မင်း ဝတ်စုံ ငါ့ ငှားပါလား။ ငါ- ချချင်လို့'

လို့ ပြောလိုက်တယ်။

ချာတိတ်က မချေမင် ပြန်ပြောတယ်။

'တခြားသူဆီမှာ သွားငှားပါလား'

ဒါနဲ့ ပူတင်က တခြားတစ်ယောက်ဆီက ကီမိုနိုဝတ်စုံကို သွား ငှားရတယ်။ အဝတ်အစား ဝတ်ပြီးတာနဲ့ ဖျာပေါ်မှာ ထိုင်ချလိုက်တယ်။ ပူတင်နဲ့ ပြိုင်ရမှာက မချေမင် ပြောတဲ့ ချာတိတ်ပဲ။

ပူတင်က ချာတိတ်ကို ချုပ်ပြီး ကိုင်ပေါက်ပစ်လိုက်တယ်။ တခဏချင်းပဲ အနိုင်ရသွားပါတယ်။ ဘာစယာက စကားပြောခွက်ကို လက်မှာ ကိုင်ပြီး

'ဒီပွဲမှာ အနိုင်ရသွားသူက ၁၉၇၆ ခုနှစ် လီနင်ဂရက် ချန်ပီယံ ဆရာ ပူတင်ပါပဲ'

လို့ ပြောလိုက်ပါတယ်။

ပူတင်က ဂျူဒိုဝတ်စုံကို ပိုင်ရှင်ကို ပြန်ပေးပါတယ်။ တည်ငြိမ်တဲ့ ခြေလှမ်းတွေနဲ့ လျှောက်သွားပါတယ်။ ကျွန်တော် ချာတိတ်ကလေး ရှိရာ လျှောက်သွားပြီး ယခုလို ပြောလိုက်ပါတယ်။

'မင်း ကံကောင်းတာကတော့ ငါနဲ့ မယှဉ်ပြိုင်ရတာပဲ'

တစ်ချိန်မှာတော့ အီစတာပွဲတော်ကာလမှာ ပူတင်က ကျွန်တော့်ကို ဘာသာရေး အခမ်းအနား တစ်ခုကို ခေါ်သွားခဲ့ပါတယ်။ သူက အဲဒီ အခမ်းအနားထဲမှာ ပါဝင်နေပြီး အမိန့်တွေ ပေးနေပါတယ်။ သူက ကျွန်တော့်ကို စင်မြင့်အနားလာပြီး ကြည့်မလားလို့ မေးလိုက်ပါတယ်။ ကျွန်တော်ကလည်း ကြည့်ချင်တယ်လို့ ပြောလိုက်ပါတယ်။ သူ့မျက်နှာပြင်မှာ ကလေးတစ်ယောက်လို ရက်ရွှတဲ့ပုံစံ ပေါ်နေပါတယ်။

'အဲဒီ ပလ္လင်ကို ဘယ်သူမှသွားခွင့်မရဘူး။ ဒါပေမယ့် ငါတို့တော့ သွားနိုင်မယ် ထင်တာပဲ'

လို့ ပြောပါတယ်။

ကျွန်တော်တို့ ဝတ်ပြုလှည့်လည်ပွဲကို ပြီးဆုံးတဲ့အထိ ကြည့်နေခဲ့ကြပါတယ်။ ပြီးတာနဲ့ အိမ်ဘက်ကို ခြေဦးလှည့်ခဲ့ကြပါတယ်။ ကျွန်တော်တို့ ဘတ်(စ်)ကား မှတ်တိုင်မှာ ရပ်ပြီး ကားစောင့် နေခဲ့ကြပါတယ်။ လူတချို့ ကျွန်တော်တို့ရှိတဲ့ နေရာ ရောက်လာကြပါတယ်။ သူတို့တစ်တွေက သူခိုးသူဝှက်တွေ မဟုတ်ကြပါဘူး။ အရက် မူးနေတဲ့ ကျောင်းသားတွေ ဖြစ်ကြပါတယ်။

'စီးကရက်တစ်လိပ်လောက်ပေးပါလား'

လို့ တစ်ယောက်က ပြောပါတယ်။

ကျွန်တော်က ဆိတ်ဆိတ်နေလိုက်ပါတယ်။

'မပေးနိုင်ဘူး'

လို့ ပူတင်က ပြောလိုက်ပါတယ်။

'မင်း ဘာလို့ အဲဒီစကား ပြောတာလဲ'

လို့ အဲဒီငနဲက ပြောပါတယ်။

'ပြောချင်လို့'

ပူတင်က ပြန်ဖြေလိုက်ပါတယ်။

ဒီနောက်တော့ အဖြစ်အပျက်က ကျွန်တော် မယုံနိုင်လောက်အောင် ဖြစ်ခဲ့ပါရဲ့။ သူတို့ထဲက တစ်ယောက်က ပူတင်ကို တွန်းထိုးလိုက်ပုံရပါတယ်။ ရုတ်တရက် ဆိုသလို ကျွန်တော့် မျက်စေ့ရှေ့မှောက်ကို တစ်စုံတစ်ယောက် တိုးဝှေ့ပြတ်သန်းသွားပါတယ်။ ငနဲတစ်ကောင် တစ်နေရာကို လှည့်ထွက်သွားပါတယ်။ ပူတင်က အေးအေးဆေးဆေး ပုံစံနဲ့–

'ကဲ သွားကြစို့'

လို့ ပူတင်က ပြောလိုက်ပါတယ်။

ကျွန်တော်တို့ လှည့်ထွက်လာခဲ့ပါတယ်။

ပူတင် အဲဒီချာတိတ်ကို တွန်းလှဲပစ်လိုက်တာကို ကျွန်တော် သဘောကျပါတယ်။ ပူတင် တစ်ချက် လှုပ်ရှားလိုက်တာနဲ့ အဲဒီ ချာတိတ်ရဲ့ ခြေထောက်က လေထဲမှာ ဝဲပျံသွားတော့တယ်။]

ကျွန်တော် တန်ပြန်ထောက်လှမ်းရေး သင်တန်း တက်နေတဲ့ကာလ ၆ လမှာ နိုင်ငံခြား ထောက်လှမ်းရေး ဌာနကိုင်တဲ့ အရာရှိတွေက ကျွန်တော့်ကို မျက်စေ့ကျသွားပါတယ်။ သူတို့က ကျွန်တော်နဲ့ စကားပြောချင်နေကြပါတယ်။ ပထမတစ်ကြိမ်၊ နောက်ဒုတိယ၊ တတိယ၊ စတုတ္ထ ဆက်တိုက်ပါပဲ။ ထောက်လှမ်းရေးဌာန ဆိုတာက လူတွေအမြဲမပြတ် ကြည့်နေရပါတယ်။ လုံခြုံရေးဌာနတွေက လူတွေထဲကလည်း ရှာဖွေပြီး ခေါ်ယူအသုံးချရပါတယ်။ သူတို့ ရှာဖွေတဲ့ လူက ငယ်ရွယ်ရမယ်။ ဆိုက်သင့်တဲ့ အရည်အချင်းတွေ ပြည့်မီရမယ်။

နိုင်ငံခြား ထောက်လှမ်းရေးကိစ္စကို ကျွန်တော် စိတ်ဝင်စားတယ်။ လုပ်ချင်ပါတယ်။ သဘောကတော့ ဆိုဗီယက် ယူနီယံပြည်ထောင်စု တစ်ခွင်လုံး ခရီးလှည့်လည်ခွင့် ရလို့ပါပဲ။ ပြီးတော့ နိုင်ငံခြားမှာ သူလျှိုလုပ်ရတာဟာ ထောက်လှမ်းရေးလုပ်ငန်းထဲမှာတော့ သက်သာတဲ့ လုပ်ငန်း။ ကော်လာဖြူလုပ်ငန်းလို့ ခေါ်ရမှာဖြစ်ပါတယ်။ ဒါကြောင့် လူတော်တော်များများဟာ အဲဒီရာထူးကို အခြေခံပြီး နိုင်ငံခြားဖြစ် ကုန်ပစ္စည်းတွေကို ကုန်သွယ်ခဲ့ကြတာပါပဲ။ အဲဒါကတော့ မကောင်းတဲ့ အချက်တစ်ချက်ပါပဲဗျာ။

ပင်ကိုယ် သဘာဝအားဖြင့် ကျွန်တော် နိုင်ငံခြား ထောက်လှမ်းရေးကိစ္စကို စိတ်ဝင်စားပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော် စိတ်ဝင်စားလို့ ဖြစ်ပါတယ်။ မော်စကိုမြို့မှာ အထူးသင်တန်းတက်ဖို့ ကျွန်တော့်ကို စေလွှတ်လိုက်ပါတယ်။ ပြီးမှ

ကျွန်တော် လီနင်ဂရက်မြို့ကို ပြန်လာခဲ့ပါတယ်။ ပြီးမှ 'ပထမဌာန' လို့ သတ်မှတ်ထားတဲ့ ထောက်လှမ်းရေးဌာနမှာ အမှုထမ်းရပါတယ်။ 'ပထမဌာန' ဆိုတာက ထောက်လှမ်းရေးဆိုင်ရာ ပထမ ဗဟိုဌာန ဖြစ်ပါတယ်။ ဆိုဗီယက်ပြည်ထောင်စု တစ်ဝှမ်းလုံးမှာ ဌာနခွဲတွေ အမြောက်အမြား ရှိပါတယ်။ လီနင်ဂရက်မြို့လည်း အပါအဝင် ဖြစ်ပါတယ်။ ကျွန်တော်က အဲဒီ 'ပထမ' ဌာနခွဲမှာ သုံးနှစ်ခွဲ လေးနှစ်နီးပါး တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ပြီးမှ မော်စကိုမြို့မှာရှိတဲ့ အင်ဒရိုပေါ့ တဲခွန်နီ သိပ္ပံမှာ သင်တန်းထပ်တက်ခဲ့ရပါတယ်။ အဲဒီ သင်တန်းကျောင်းကို ယခု နိုင်ငံခြား ထောက်လှမ်းရေး အကယ်ဒမီလို့ ခေါ်ပါတယ်။

[မစ်ဟိုင်း ဖရိုလော့(ဗ)။ (ဗိုလ်မှူးကြီး အငြိမ်းစား။ အင်ဒရိုပေါ့ မော်တဲခွန်နီ သိပ္ပံမှ နည်းပြဆရာ။) ။ ။

[ကျွန်တော် တဲခွန်နီ သိပ္ပံမှာ ၁၃ နှစ် အမှုထမ်းခဲ့ပါတယ်။ ပူတင်က ဗိုလ်မှူးအဆင့်နဲ့ တဲခွန်နီကျောင်းကို ရောက်လာခဲ့ပါတယ်။ လီနင်ဂရက်မြို့ ကေဂျီဘီ ကိုယ်စားပြုလာတက်တာပါပဲ။

ကျွန်တော်က သူ့ကို တပ်ခွဲမှူးအဖြစ် တာဝန်ပေးခဲ့ပါတယ်။ မော်တဲခွန်နီ သိပ္ပံမှာ တပ်ခွဲမှူးဆိုတာ နာမည်သက်သက် ပေးထားရုံ ပေးထားတာမျိုး မဟုတ်ပါဘူး။ ကိစ္စတော်တော်များများက တပ်ခွဲမှူး ပေါ်မှာ မူတည်နေပါတယ်။ တပ်ခွဲမှူးတစ်ယောက်မှာ စည်းရုံးရေး စွမ်းရည် ရှိရပါမယ်။ နည်းပရိယာယ်လည်း ကြွယ်ဝရမယ်။ လုပ်ငန်း မန်နေဂျာ တစ်ယောက်ရဲ့ အမြင်မျိုးလည်း ရှိရမယ်။ အဲဒါတွေအားလုံး ပူတင်မှာ ရှိနေပါတယ်။ ပူတင်က ဖြေးဖြေးမှန်မှန် လေ့ကျင့်တဲ့ ကျောင်းသားတစ်ယောက် ဖြစ်တယ်။ မှားယွင်းမှု ချွတ်ချော်မှု မရှိဘူး။ ဘာပြဿနာမှ မရှိဘူး။ ပူတင်ရဲ့ ရိုးသားမှုနဲ့ ဖြောင့်မတ်မှု သံသယဝင်စရာ တစ်စိုးတစ်စေ့မျှ မတွေ့ရဘူး။

ကျွန်တော် မှတ်မိနေတာ ရှိတယ်။ ကျွန်တော် စာသင်နေတဲ့ စာသင်ခန်းထဲကို ပူတင်က စတိုင်ကျကျ ဝတ်စုံပြည့်ဝတ်ပြီး ရောက်လာပါတယ်။ တကယ်တော့ အပြင်ဘက် လမ်းပေါ်မှာက အရမ်းပူနေတာ။ ကျွန်တော်ကိုယ်တိုင်က အပေါ်ဒဏ်ကို လက်တိုအင်္ကျီနဲ့ သည်းခံနေရတယ်။ ပူတင်ကတော့ စီးပွားရေး ဝတ်စုံ သပ်သပ်ယပ်ယပ် ဝတ်လာရမယ်လို့ အထင်ရောက်နေဖို့ပါပဲ။ ဒါကြောင့် တခြား သင်တန်းသားတွေ နမူနာယူစရာ စံပြပုဂ္ဂိုလ်အဖြစ် လက်ညှိုးထိုးပြလိုက်ပါတယ်။

'ရဲဘော် ပလာတော့ကို ခုချက်ချင်း ကြည့်လိုက်စမ်း'

သင်တန်းကျောင်းမှာ သင်တန်းသားတွေကို နာမည်ရင်း မခေါ်ကြပါဘူး။ ဒါကြောင့် ပူတင်က ပူတင်မဖြစ်ဘဲ နေရတာ။ ပူတင်အစား

ပလာတော့ ဖြစ်နေရပါတယ်။ ပူတင်ဆိုတဲ့ နာမည်ရှေ့စာလုံးက ပီဖြစ်လေတော့ ခုပေးထားတဲ့ နာမည် သစ်ကလည်း ပီနဲ့ပဲ ထားရတာပေါ့။ ကျွန်တော် သင်တန်းကျောင်းမှာ ဆိုရင် ကျွန်တော့်နာမည်က ဖရိုလော့(ဗ) မှာ မဟုတ်ဘဲ။ ပီ(လ)ဗို နော့(ဗ) ဖြစ်နေပါတယ်။

တံခွန်နီ သိပ္ပံကျောင်းမှာ ထောက်လှမ်းရေးနဲ့ တန်ပြန်ထောက်လှမ်းရေး ဥပဒေသတွေသာ သင်ကြားပေးတာ မဟုတ်ပါဘူး။ သင်တန်းကျောင်းက ဆရာတွေက သင်တန်းသားတွေကို ပြန်လည်လေ့လာရပါတယ်။ သင်တန်းသားတွေရဲ့ ပုဂ္ဂိုလ်ရေး တန်ဖိုးတွေ၊ အရည်အချင်းတွေကို သုံးသပ်လေ့လာကြပါတယ်။ ပြီးတော့မှ နိဂုံးချုပ်အနေနဲ့ သင်တန်းသားဟာ ထောက်လှမ်းရေးလုပ်ငန်းနဲ့ သင့်တော်မှု ရှိ မရှိကို ဆုံးဖြတ်ကြပါတယ်။

ကျွန်တော်တို့ သင်တန်းကျောင်းဟာ စမ်းသပ်ခံနယ်မြေ တစ်ခုလည်း ဖြစ်ပါတယ်။ ကျွန်တော်က ထောက်လှမ်းရေး အတတ်ပညာရပ်ကို သင်ကြားပေးပါတယ်။ ဥပမာ– ထောက်လှမ်းရေးဆိုတာ ဘာလဲဆိုတဲ့ မေးခွန်းမျိုး ဖြစ်ပါတယ်။ ထောက်လှမ်းရေးဆိုတာက လူတွေနဲ့ ထိတွေ့ဆက်ဆံရတဲ့ အရည်အချင်းပဲ ဖြစ်ပါတယ်။ ဤ တွေ့ဆုံရတဲ့ လူတွေကို ရွေးချယ်တဲ့ အရည်အချင်း၊ တိုင်းပြည်နဲ့ ခေါင်းဆောင်တွေရဲ့ အကျိုးစီးပွားကို ဖြစ်ထွန်းစေမယ့် မေးခွန်းတွေကို မေးတတ်တဲ့ အရည်အချင်း၊ စိတ္တဗေဒ ပညာရှင်တစ်ယောက်လို အရည်အချင်း စတာတွေ ပြည့်စုံရပါ မယ်။ ဒီတော့ သင်တန်းနည်းပြ ဆရာတွေအနေနဲ့ သင်တန်းသားတစ်ယောက်ချင်းကို လေ့လာရပါတယ်။ နောက်ဆုံးမှာတော့ သင်တန်းသားတွေအပေါ်မှာ မိမိရဲ့ ဆုံးဖြတ်ချက် တန်ဖိုး သတ်မှတ်ချက်တွေ ပေးရပါတယ်။ အဲဒါတွေ သင်တန်းသား တစ်ယောက်ရဲ့ ကံကြမ္မာကို အဆုံးအဖြတ်ပေးတာပါပဲဗျာ။

တန်ပြန် ထောက်လှမ်းရေး ဌာနမှာရှိတဲ့ သင်တန်းဆရာတွေ အားလုံးပြီးတော့ ကာယလေ့ကျင့်မှုသင်တန်း ဌာနက ဆရာပါမကျန် သူတို့တစ်တွေရဲ့ ကျောင်းသားတစ်ယောက်ချင်းအပေါ် ထားရှိတဲ့ သဘောထား၊ မှတ်ချက်တွေကို စာနဲ့ရေးသားပေးပို့ရပါတယ်။ အဲဒီ အစီရင်ခံစာတွေကို သင်တန်းနည်းပြဆရာတွေက ဖတ်ရှုရပါတယ်။ ပြီးတာနဲ့ သူ့ရဲ့ မှတ်ချက်ကို ရေးသားပေးပါတယ်။ ကျောင်းသားတစ် ယောက်ချင်းစီအပေါ်မှာ မြင်တဲ့အမြင် သဘောထားတွေကို မချွင်းမချန် အသေးစိတ် ရေးသားရပါတယ်။

တကယ်ကို ပင်ပန်းတဲ့ အလုပ်ပါပဲ။ တန်ဖိုးသတ်မှတ်ချက် အစီရင်ခံစာက လက်နှိပ်စက် လေးမျက်နှာရှိပါတယ်။ ဒါပေမယ့် အဲဒီထဲမှာ ပါတဲ့အချက်အလက် မှန်သမျှဟာ အသေးစိတ် လေ့လာ ရေးတွေချည်းပါပဲ။ ကျော်လွှားလို့ မရပါဘူး။ ကျောင်းသားတစ် ယောက်ချင်းရဲ့ ပုဂ္ဂိုလ်ရေး

အရည်အချင်းတွေ၊ လုပ်ငန်းဆိုင်ရာ အရည်အချင်းတွေပါ ပါရှိနေပါတယ်။ ဒီတော့ ကျွန်တော်တို့ကျောင်း နှစ်ပတ်လောက် ပိတ်ထားရပါတယ်။ စားပွဲခုံမှာ ထိုင်ပြီး အစီရင်ခံစာတွေကိုသာ ရေးပြီးရင်း ရေးနေရတော့တာပါပဲ။ နောက်ဆုံးမှာတော့ ကျောင်းသားက ထောက်လှမ်းရေးသမား တစ်ယောက် ဖြစ်သင့်တယ်၊ မဖြစ်သင့်ဘူးဆိုတဲ့ တနိုး သတ်မှတ်ချက်ကို ကျွန်တော်တို့က ပေးလိုက်ရတာပါပဲ။

တချို့ဆိုပါတော့။ သင်တန်းသား တစ်ယောက်ဟာ ကျွန်တော်တို့ နိုင်းတဲ့လုပ်ငန်းကိစ္စတွေကို နာရီလက်တံလှည့်သလို ၂၄ နာရီလုံးလုံး လုပ်နိုင်တယ်။ သူ့ ရဲ့ ခွဲခြမ်းစိတ်ဖြာနိုင်တဲ့ စိတ်ဓာတ်ကလည်း ဆုံးဖြတ်ချက်တွေကို လျင်မြန်စွာ ဆုံးဖြတ်ချက် ချနိုင်ပါတယ်။ ဒီတော့ သူက သိပ်မြန်တယ်။ မေးခွန်းမေးမယ် မကြေသေးဘူး။ အဖြေက အသင့်ရှိနေတဲ့ အနေအထားမျိုး ရှိနေပါတယ်။ ဒါပေမယ့် ပြဿနာရပ် တစ်ခုကို ဖြေရှင်းပေးနိုင်တာဟာ အမြင့်မားဆုံး အားသာချက် မဟုတ်ပါဘူး။ နောက်ဆုံးတော့ ကျွန်တော်က သူ့ရဲ့ အနေအထားကို လေ့လာပြီးတော့ ထောက်လှမ်းရေးသမား မဖြစ်နိုင်ဘူးဆိုတဲ့ မှတ်ချက် ရေးပေးလိုက်ပါတယ်။ ကံဆိုးတာကတော့ ပုဂ္ဂလိက အရည်အသွေး ရှိတဲ့သူ။ ဒါပေမယ့် သူဟာ လုပ်ငန်းနဲ့ ပတ်သက်ပြီးဖြစ်စေ၊ ရဲဘော်များ အပေါ်မှာဖြစ်စေ မရိုးသားမှု၊ သစ္စာမရှိဘူးဆိုရင် သူ့ကို ချက်ချင်းပဲ ထောက်လှမ်းရေးအဖြစ် အရည်အချင်း မပြည့်မီဘူးလို့ ဆုံးဖြတ်လိုက်ကြပါတယ်။

ဒီတော့ သင်တန်းသား တစ်ယောက်ချင်းအပေါ်မှာ တနိုးဖြတ် သတ်မှတ်ချက်ဟာ ကောင်းကင်ပြင်ထက်မှာ လျှပ်စီးလက်လိုက်သလိုပါပဲ။ တနိုးဖြတ် သတ်မှတ်ရေးလုပ်ငန်းကြောင်းကို သိသိသာသာကြီး ပိတ်ဆို့သလို ဖြစ်နေပါတယ်။ သူဟာ ထောက်လှမ်းရေးသမား တစ်ယောက် အဖြစ်နဲ့ တရားဝင် လုပ်ခွင့်မရပါဘူး။ အဲဒီလို လူငယ် တစ်ယောက်ရှိနေရင် ပြဿနာရပ်တွေ ဖြစ်ပေါ်လာနိုင်တဲ့ အနေအထားမျိုး ရှိနေတယ်လေ။ တက်တက်ကြွကြွ လုပ်ချင်တဲ့ လူတွေကို တားဆီးသလိုမျိုး ဖြစ်နေတတ်တယ်။ ဒါကြောင့် အဲဒီလို သင်တန်းသားကို မသင့်တော်ဘူးဆိုတဲ့ သတ်မှတ်ချက်ပေးလိုက်ရပါတယ်။

ဗလာဒီဗာ ဗလာဒီမီရိုဗစ်(ချ်) ပူတင်ကတော့ သူဟာ အခွင့်အရေးသမားလို့ မပြောနိုင်ပါဘူး။ ဒါပေမယ့် ကျွန်တော် မှတ်မိနေတာကတော့ သူ့အပေါ်မှာ အဖျက်သဘော၊ မသင့်လျော်ဆိုတဲ့ မှတ်ချက်တွေ ပေးခဲ့ဖူးပါတယ်။ သဘောကတော့ ပူတင်ဟာ ဆက်ဆံရတာ ခက်ခဲတယ်၊ ရောရောထွေးထွေး မရှိဘူးလို့ ကျွန်တော် ယူဆထားလို့ပါပဲ။ ဘာပဲဖြစ်ဖြစ် အဲဒီအဖြစ်က ကောင်းတယ်လို့ ပြောနိုင်သလို၊ မကောင်းဘူးလို့လဲ ပြောနိုင်ပါတယ်။ သူ့ရဲ့ အဖျက်သဘောဆောင်တဲ့

ကိစ္စရပ်တွေထဲမှာပဲ တစ်စုံတစ်ခုသော အကယ်ဒမစ် ပညာရပ်ဆိုင်ရာ အချက်အလက်တွေကို တွေ့နေရပါတယ်။ သူဟာ ခြောက်သွေ့တဲ့ လူတစ်ယောက်လို့ ပြောနေတာ မဟုတ်ပါဘူး။ သူက ဉာဏ်ရည် ထက်မြက်တယ်။

ဘွဲ့ပေးရေး အလွှန်အဆင့်မြင့်တဲ့ ကော်မရှင်က သင်တန်းသား တွေ ဘယ်လို အသုံးချရမယ်ဆိုတာကို ဆုံးဖြတ်ပြဋ္ဌာန်းပေးပါတယ်။ တန်ဖိုးဖြတ် သတ်မှတ်ချက် အစီရင်ခံသလို ဖတ်ရှုပြီးမှ သင်တန်းသား ကို ကေဂျီဘီ ဘယ်ဌာနမှာ ခန့်ရမယ် ဆိုတာ ဆုံးဖြတ်ပါတယ်။ အဲဒီလိုနဲ့ သင်တန်းသား ဗလာဒီမာ ဗလာဒီမီရိုဗစ်(ချ်) ကို ဂျာမန်ဒီမို ကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ (အရှေ့ဂျာမဏီ)မှာ ကေဂျီဘီ ထောက် လှမ်းရေးသမားအဖြစ် တာဝန်ပေးအပ်လိုက်တာပါပဲ။]

ကျွန်တော် တံခွန်နီမှာ သင်တန်းတက်နေစဉ်မှာပဲ ကျွန်တော့်ကို ဂျာမနီ အစောပိုင်းထဲက စီစဉ်ထားပုံရပါတယ်။ သူတို့က ကျွန်တော့်ကို ဂျာမန်ဘာသာ စကား သင်ယူခိုင်းတာပါပဲ။ တစ်ခုရှိတာက ကျွန်တော့် ကို ဂျီ-ဒီ-အာ ဆိုတဲ့ ဂျာမန်ဒီမိုကရက်တစ် ပြည်ထောင်စုကို ပို့မှာလား- ဖက်အာဂျီဆိုတဲ့ ဖက်ဒရယ် ပြည်ထောင်စုလား (အရှေ့ဂျာမဏီလား- အနောက် ဂျာမနီလား) ဆိုတာ မသေချာ ပါဘူး။

ဖက်အာဂျီကို သွားမယ်ဆိုရင် ကေဂျီဘီ ဌာနချုပ်မှာရှိတဲ့ သီးသန့်ဌာနမှာ အလုပ်ဝင်ရမှာ ဖြစ်ပါတယ်။ အဲဒီနေရာမှာ ၂ နှစ် ၃ နှစ်လောက် ကုတ်ကပ်နေရမယ်။ အဲဒါကတော့ လူပေါ်မှာ မူတည်နေတယ်။ အားသာချက် တစ်ခုတော့ ရှိပါတယ်။ အဲဒါကို ကျွန်တော် လုပ်နိုင်သလား။ သဘောတရားအရကတော့ ဟုတ်ပါရဲ့။

ဒုတိယရွေးချယ်စရာကတော့ ရုတ်ချည်းဆိုသလို ဂျီဒီအာ သွားဖို့ပါပဲ။ အဲဒီလို သွားရတာ ကောင်းမယ်ထင်တယ်လို့ ကျွန်တော် ဆုံးဖြတ်ချက် ချလိုက်ပါတယ်။

■ **အဲဒီတုန်းက လက်ထပ်ပြီးပြီလား။**

ဟုတ်တယ်။

စိန့်ပီတာစဘတ်မြို့ရဲ့ ပထမဌာနမှာ အမှုထမ်းနေစဉ်တုန်းက ကျွန်တော့်ရဲ့ မိတ်ဆွေတစ်ယောက်က လူရွှင်တော် အာကာဒီ ရေကင်ရဲ့ သရုပ်ဆောင်ချက်တွေကို ပြဇာတ်ရုံမှာ ကြည့်ဖို့ ဖိတ်ကြားလိုက်ပါတယ်။ သူ့မှာက ပြဇာတ်လက်မှတ် သုံးစောင် ရှိတယ်လေ။ ပြီးတော့ သူက ပြောသေးတယ်။ ကောင်မလေးတွေလဲ ရှိနေမှာ ...။ ကျွန်တော်တို့ ပြဇာတ်ရုံကို ရောက်သွားကြတယ်။ ဟုတ်တယ်၊ ကောင်မလေး နှစ်ယောက် ရှိနေတယ်လေ။

နောက်တစ်နေ့ ပြခန်းတော်ရဲ့ကို နောက်တစ်ကြိမ် ထပ်သွားခဲ့ပါတယ်။ ဒီတစ်ချိန်တော့ ပြခန်းတော်လက်မှတ်က ကျွန်တော့်ဆီမှာ ရှိနေတယ်လေ။ ပြီးတော့ တတိယအကြိမ် သွားကြည့်တယ်။ ကောင်မလေးတွေထဲက တစ်ယောက်ကို ကျွန်တော်အချိန်းအချက် ပြုလုပ်ခဲ့ပါတယ်။ ကျွန်တော်တို့ မိတ်ဆွေတွေ ဖြစ်သွားကြပါတယ်။ အဲဒီမိန်းမပျိုကတော့ လျူဒါ။ နောက်တစ်ချိန် ကျွန်တော့်ဇနီးဖြစ်လာမယ့် လျူဒါပါပဲ။

■ **ခင်ဗျားတို့ ချိန်းတွေ့ကြတာ ဘယ်လောက်များ ကြာပါသလဲ။**

အတော်လေး ကြာပါတယ်။ သုံးနှစ်လောက်တော့ ရှိမယ်ထင်ပါရဲ့။ ကျွန်တော့်အသက်က ၂၉ နှစ်ရှိနေပါပြီ။ ခြေလှမ်းတိုင်းကို စီမံကိန်းချ လုပ်ဆောင်နေပါတယ်။ ဒါပေမယ့် သူငယ်ချင်းတွေက ခုလိုပြောလာပါတယ်။

'ဟေ့ကောင်၊ ဒီလောက် တွဲနေရရင် တော်ပြီ။ မင်းတို့ လက်ထပ်ဖို့ ကောင်းပြီတဲ့'

■ **သူငယ်ချင်းတွေက မနှာလိုတာလည်း ဖြစ်နိုင်တာပေါ့။**

ဖြစ်နိုင်ပါတယ်။ ဒါပေမယ့် ကျွန်တော် စဉ်းစားမိတာက နောက် ၂ နှစ် ၃ နှစ်အတွင်း လက်မထပ်ဖြစ်ဘူးဆိုရင် ဘယ်တော့မှ လက်ထပ်ဖြစ်တော့မယ်မဟုတ်ဘူး ဆိုတာပါပဲ။ ကျွန်တော်က လူပျိုလှုလွှတ်ဘဝကို တပ်မက်နေတာ။ အဲဒါကို လျူမိလာက ပြောင်းလဲပစ်လိုက်တာပါပဲ။

> လျူဒ်မာ ပူတင်နာ (ပူတင်ဇနီး)။ ။
>
> [ကျွန်မက ကာလင်နင်ဂရဒ်မြို့သူ ဖြစ်ပါတယ်။ ကျွန်မက ပြည်တွင်းလေကြောင်းလိုင်းက လေယာဉ်မယ် ဖြစ်ပါတယ်။ ကာလင်နင်ဂရဒ်ကို ပြည်ပ လေကြောင်းလိုင်း ပျံသန်းတာ မရှိပါဘူး။ ကျွန်မတို့မြို့က ဝိတ်ထားတဲ့ မြို့ပါရှင်။ ကျွန်မတို့ လေယာဉ်မယ်တွေကလည်း သိပ်မများပါဘူး။ အားလုံးငယ်ရွယ်ကြပါတယ်။
>
> ကျွန်မနဲ့ ကျွန်မသူငယ်ချင်းဟာ လီနင်ဂရက်ကို ၃ ရက်လောက် သွားရောက်ခဲ့ရပါတယ်။ သူက ကျွန်မလိုပဲ လေယာဉ်မယ်ပါပဲ။ သူကပဲ ကျွန်မကို လီနင်ဂရက်မှာရှိတဲ့ လင်းဆိုဗီယက်ပြခန်းတော်ရဲ့ (Lensoviet) မှာ အာကာဒီရေကင်ရဲ့ ကပြပွဲကို လိုက်ကြည့်ဖို့ ဖိတ်ခေါ်ပါတယ်။ သူကိုလည်း ယောက်ျားပျိုတစ်ယောက်က ပြခန်းတော်ကြည့်ဖို့ ဖိတ်ကြားတာ ဖြစ်ပါတယ်။ သူက တစ်ယောက်ထဲ သွားရမှာ ကြောက်တာမို့ ကျွန်မကို အဖော်အဖြစ် လိုက်ပေးဖို့ ခေါ်တာပါ။ သူကပဲ ဖော်လိုဒယာကို ခေါ်တဲ့ ပူတင်ကိုပါ ခေါ်လာတော့တာပါပဲ။

ကျွန်မတို့သုံးယောက် ကျွန်မ၊ ကျွန်မသူငယ်ချင်းနဲ့ သူ့ရည်းစား တို့ဟာ ဒူးမားလွှတ်တော်နဘေးမှာရှိတဲ့ ညက်စကီးကွက်လပ်မှာ ဆုံတွေ့ခဲ့ကြပါတယ်။ အဲဒီနေရာမှာက ပြဇာတ်ရုံ လက်မှတ်ရောင်းပါ တယ်။ ပူတင်က လက်မှတ်ရုံရှေ့ လှေကားတစ်ကွေ့မှာ ရပ်နေပါတယ်။ ပူတင်ဝတ်ထားတာက ခပ်နုံနုံပဲ ဖြစ်ပါတယ်။ မညာတမ်း ပြောရရင်တော့ ဝတ်ထားတာ နွမ်းနွမ်းပါးပါး ဖြစ်ပါတယ်။ သူကြည့်ရတာက သာမန်ပါပဲ။ လမ်းမပေါ်မှာ တွေ့ရမယ်ဆိုရင် သူ့ကို ဂရုစိုက်မိမှာ မဟုတ်ပါဘူး။

ပြွဲ ပထမပိုင်း တစ်နာရီကြည့်ပါတယ်။ အားလပ်ချိန်ပေးတော့ ဘူးဖေး သွားစားကြပါတယ်။ ကျွန်မက လူတွေအားလုံး ပျော်ရအောင် နိုစရာတွေ ပြောခဲ့ကြပါတယ်။ တကယ့်ကို စိတ်ဝင်စားစရာ ကောင်းတဲ့ အချိန်ပါပဲ။ ဒါပေမယ့် ကျွန်မက ဟာသသရုပ်ဆောင် ရောက် မဟုတ် ဘူးလေ။ ဒီတော့ ဘယ်သူကမှ သိပ်အလေးအနက် မထားကြဘူး။ ဒါပေမယ့် ကျွန်မ စိတ်မပျက်ခဲ့ပါဘူး။

ပြွဲကြည့်ပြီးတဲ့အခါမှာတော့ နောက်တစ်ကြိမ် ထပ်ဆုံဖို့ သဘော တူခဲ့ကြပါတယ်။ ပြွဲကို ထပ်ကြည့်ကြဖို့ပါပဲ။ ကျွန်မနဲ့ ကျွန်မ သူငယ်ချင်း သုံးရက်တိတိ လာခဲ့ကြပါတယ်။ ကျွန်မတို့ လီနင်ဂရက်မြို့မှာရှိတဲ့ ယဉ်ကျေးမှုလက်ရာတွေကို လေ့လာကြည့်ရှုချင်တာလည်း ပါပါတယ်။ ပူတင်ဟာ ဘယ်ပြဇာတ်ရုံမှာမဆို လက်မှတ် လွယ်လင့်တကူ ဝယ်ယူနိုင် တယ်ဆိုတာ သဘောပေါက်ခဲ့ကြပါတယ်။

နောက်နေ့ ကျွန်မတို့ ထပ်မံတွေ့ဆုံခဲ့ကြပါတယ်။ ဒါပေမယ့် ကျွန်မကို ပူတင်နဲ့ မိတ်ဆက်ပေးတဲ့ သူငယ်ချင်းက ရောက်မလာခဲ့ပါ ဘူးရှင်။]

ဆာရဂေး ရို(လ)ဒူဂင်။ ။

[ကျွန်တော့်ရဲ့ ပထမဆုံး မော်တော်ကား ဇီဂူလီကို ကျွန်တော် ဝယ်ယူခဲ့ပါတယ်။ ကျွန်တော်ဟာ သစ်ပင်စိုက်ပျိုးဖို့ မှန်လုံအဆောက် အဦးတွေ ဆောက်ပြီးခဲ့ပြီး ဖြစ်တယ်။ ပြီးတာနဲ့ မရာဖင်စကီး စုပေါင်း လယ်ယာမြေမှာ ခြေချခဲ့ပါတယ်။ ဒီနောက်တော့ ကျွန်တော် ဂျပန်နဲ့ တခြား အရပ်ဘက်တွေ ခရီးထွက်ခဲ့ပါတယ်။ ကျွန်တော်က ပူတင်ထက် ပိုက်ဆံပိုရှိပါတယ်။ နိုင်ငံခြားက ပြန်လာတဲ့အခါမှာ သူ့အတွက် နိုင်ငံခြား လက်ဆောင်အဖြစ် တီရှပ်တွေကို ဝယ်ယူခဲ့ပါတယ်။

တစ်ကြိမ်မှာတော့ ပူတင်နဲ့ ညဲစကီးမှာ တွေ့ဆုံဖို့ အချိန်းအချက် ယူခဲ့ပါတယ်။ သူက ခုလိုပြောပါတယ်။

'မိနီးမပျို့နှစ်ယောက် ရောက်လာလိမ့်မယ်။ သူတို့က ငါနဲ့အတူ ရှိမှာ ဖြစ်တယ်။ ငါ ၁၅ မိနစ်အတွင်း အရောက်လာခဲ့မယ်။ ပြီးရင် ပြဇာတ်ရုံသွားကြတာပေါ့'

လို့ ပြောပါတယ်။

မိန်းမပျိုနှစ်ယောက်က ရှိန်းထားတဲ့အတိုင်း အချိန်မီ ရောက်လာကြပါတယ်။ သူတို့ထဲက တစ်ယောက်က လျူဒါ ဖြစ်ပါတယ်။ သူက အရမ်းကို ယဉ်ကျေးသိမ်မွေ့ပါတယ်။ ကျွန်တော်တို့ မော်တော်ကားထဲ လာနေပြီး ပူတင်ကို စောင့်နေခဲ့ပါတယ်။ ပထမတော့ မိန်းကလေး နှစ်ယောက်နဲ့အတူ ကားထဲ ထိုင်နေရတာ အရမ်းကို ကျဉ်းကြပ်သလို ခံစားနေရပါတယ်။ တချို့ သူငယ်ချင်းတွေ ကားဘေးက ဖြတ်သွားကြတယ်။ တချို့ကဆို မှတ်မိသွားကြပါရဲ့။ အဲဒါ ကံမကောင်း အကြောင်း မလှတာပါပဲ။ တစ်နာရီလောက် ကားထဲကနေ စောင့်ဆိုင်းနေရပါတယ်။ ဒီမိန်းကလေးတွေနဲ့ ထိုင်ပြီး စကားပြောနေရပါတယ်။ စိတ်မောမောနဲ့ ဖြစ်ပါတယ်။

နောက်ဆုံးတော့ ပူတင် ပေါက်ချလာပါတယ်။ သူက အမြဲတမ်း နောက်ကျမှ ထွက်လာလေ့ ရှိပါတယ်။ ကျွန်တော်တို့ ပြဇာတ်ရုံထဲ ဝင်သွားကြပါတယ်။ ဘာကြည့်ခဲ့တယ်ဆိုတာ ကျွန်တော် မမှတ်မိတော့ပါဘူး။ ကျွန်တော် မှတ်မိနေတာက ကျွန်တော်တို့ကား နဘေးက ဖြတ်သွားတဲ့ သူငယ်ချင်းတွေ၊ သူတို့ ကျွန်တော့်ကို မှတ်မိသွားခဲ့တာ တွေပဲ မှတ်မိနေပါတယ်။]

လျူ(ဒ)မီလာပူတင်နာ။ ။

[ဒုတိယနေ့ကျတော့ ကျွန်မတို့ လီနင်ဂရက် ဂီတရုံကို သွားရောက်ကြည့်ရှုခဲ့ပါတယ်။ တတိယနေ့ကျတော့ လင်(န) ဆိုဗီယက် ပြဇာတ်ရုံမှာ ဖြစ်ပါတယ်။ သုံးရက် ပြဇာတ်ရုံ ၃ ရုံ။ တတိယနေ့ကျတော့ နှုတ်ဆက်စကား ပြောကြရပြီလေ။ ကျွန်မတို့ မြေအောက် ဘူတာရုံမှာ လမ်းခွဲကြပါတယ်။ ပူတင်ရဲ့ သူငယ်ချင်းတွေက ခပ်လှမ်းလှမ်းမှာ ရပ်နေပါတယ်။ ပူတင်က သူ့အကြောင်း တစ်ပါးသူကို ဖွင့်မပြောတတ်တဲ့ လူဆိုတာ သူငယ်ချင်းတွေက သိထားကြပါတယ်။ ယုတ်စွအဆုံး ပူတင်က သူ့ရဲ့ တယ်လီဖုန်းနံပါတ်ကိုတောင် ပေးမထားပါဘူး။ ဒါပေမယ့် ပူတင်က ကျွန်မကို သူ့ရဲ့ တယ်လီဖုန်းနံပါတ် ပေးနေတာကို သူ့ သူငယ်ချင်းက တွေ့သွားပါတယ်။ ကျွန်မလဲ ပြန်လာခဲ့ရော– အဲဒီသူငယ်ချင်းက ပူတင်ကို ယခုလို ပြောလိုက်ပါသတဲ့။

'ပူတင် မင်းရူးနေပြီလား'

လို့ မေးပါတယ်။

ပူတင်က ယခုလို အလုပ်မျိုး မလုပ်ဘူးလို့ပါပဲ။]

■ **လျူ(ဒ)မီလာ– ခင်ဗျားယောကျ်ားက ခင်ဗျားကို ပြန်ပြောခဲ့တယ်ပေါ့။**

ဒါပေါ့ရှင်။

**■ သူဘယ်မှာ အလုပ် လုပ်တယ်ဆိုတာကို ပြောပြပါသလား။**

ပြောပါတယ်။ ရဲဘက်မှာရှိတဲ့ မှုခင်းထောက်လှမ်းရေးဌာနကလို့ ပြောပါတယ်။ နောက်မှာ ကျွန်မ သိလာရတာက သူ ကေဂျီဘီမှာရှိတဲ့ နိုင်ငံခြားထောက်လှမ်းရေးဌာနမှာ တာဝန်ထမ်းဆောင်နေတယ်ဆိုတာပါပဲ။ ကျွန်မအဖို့ကတော့ အဲဒီအချိန်တုန်းက ဘယ်မှာပဲလုပ်လုပ် အကြောင်းမဟုတ်ပါဘူးရှင်။ ခုတော့ ကေဂျီဘီနဲ့ ရဲတပ်ဖွဲ့ မတူဘူးဆိုတာ သိလာခဲ့ပါပြီ။

ကျွန်တော်က လျူ(ဒ)မီလာကို ရဲဘက်မှာ တာဝန်ထမ်းဆောင်နေတယ်လို့ ပြောခဲ့ပါတယ်။ အဲဒါကတော့ ထောက်လှမ်းရေးတွေ၊ လုံခြုံရေးဝန်ထမ်းတွေ အသုံးပြုတဲ့ မျက်နှာဖုံးပါပဲ။ တကယ်လို့ မိမိဘယ်မှာ တာဝန်ထမ်းဆောင်နေတယ်ဆိုတာ ချောင်လိုက်ရင် ဘယ်တော့မှ နိုင်ငံခြားကို စေလွှတ်တော့မှာ မဟုတ်ပါဘူး။ ဒီတော့ ထောက်လှမ်းရေး မှန်သမျှမှာ မှုခင်းထောက်လှမ်းရေးဌာနမှာ တာဝန်ထမ်းဆောင်နေပါတယ်ဆိုတဲ့ သက်သေခံ ကဒ်ပြား ရှိနေတယ်လေ။ ဒါကြောင့်လဲ ကျွန်တော်က လျူ(ဒ)မီလာကို အဲဒီအတိုင်း ပြောခဲ့တာပဲပေါ့ဗျာ။ ကျွန်တော်နဲ့ လျူ(ဒ)မီလာဆက်ဆံရေး ပျက်သွားမှာကို ဘယ်သူက သိမှာမို့လို့လဲ။

| |
|---|
| လျူ(ဒ)မီလာ ပူတင်နာ။ ။<br>[ပထမတစ်ခေါက်ရောက်ဖူးရုံနဲ့ပဲ လီနင်ဂရက်မြို့ကို ကျွန်မ သဘောကျသွားပါတယ်။ ဘာကြောင့်ဆိုတော့ ကျွန်မ အချိန်တော်တော်များများ ရလို့ ဖြစ်ပါတယ်။ မြို့က အတော်သာယာလှပါတယ်။ လူတွေကလည်း ခင်မင်နှစ်လိုဖွယ် ကောင်းပါတယ်။] |

**■ ဒါပေမယ့် ခင်ဗျားအနေနဲ့ ဖွတီးဖွကျ ဖြစ်သလိုဝတ်ထားတဲ့ ငနဲသားကို ချစ်သွားတယ် မဟုတ်လား။**

နောက်ပိုင်း**ကျမှ** ချစ်သွားတာပါရှင်။ ဒါပေမယ့် တွေ့တွေ့ချင်းတော့ မဟုတ်ပါဘူး။ ပထမတော့ သာမန် မိတ်ဆွေမျှသာပါပဲ။

**■ ခင်ဗျားလို ရိုးသားတဲ့ မိန်းကလေးကတော့ တယ်လီဖုန်းနံပါတ် မပေးဘူးလား။**

ကာလင်နင်ဂရဒ်မှာ ကျွန်မ တယ်လီဖုန်း မရှိပါဘူး။ ပထမပိုင်းမှာတော့ ကျွန်မကပဲ သူ့ဆီကို တယ်လီဖုန်းနဲ့ ခေါ်ခဲ့တာပါ။ ဒါပေမယ့် လီနင်ဂရက်မြို့မှာ ချိန်းတွေ့ဖို့ လေယာဉ်ပျံနဲ့ လာခဲ့ရပါတယ်။ လူတော်တော်များများက ချိန်းတွေ့ဖို့ ဘယ်လို ခရီးသွားကြပါသလဲ။ **ရထား**လား၊ ဘက်(စ)ကားလား။ တက္ကစီ ကားလား။ ကျွန်မကတော့ လေယာဉ်ပျံနဲ့ သွားခဲ့တာပါ။

ကာလင်နင်ဂရဒ်မှာရှိတဲ့ လေယာဉ်မယ်တွေအနေနဲ့ လီနင်ဂရက် ခရီး မရှိပါဘူး။ ဒါကြောင့် လီနင်ဂရက်ကို လေယာဉ်မယ်အဖြစ်နဲ့ လာခဲ့တာ မဟုတ် ဘူး။ ခွင့်ရက် သုံးရက် လေးရက်ရတာနဲ့ သာမန် ခရီးသည်အဖြစ်နဲ့ လေယာဉ် ပြီး လီနင်ဂရက်ကို လာခဲ့တာပါ။ ပူတင်ကို နှစ်သက်သဘောကျစေတဲ့ အချ ကျွန်မမှာ ရှိပါတယ်။ သုံးလေးလအတွင်းမှာပဲ သူဟာ ကျွန်မအတွက် အမျိုးသ တစ်ယောက်ဆိုတာ ကျွန်မဆုံးဖြတ်လိုက်ပါတယ်ရှင်။

■ **ဘာလို့လဲ၊ ခင်ဗျားပဲ ပြောခဲ့တယ်လေ၊ သူက ခပ်ရိုးရိုး၊ ခပ်တုံးတုံး နေ့လို**

ကျွန်မသဘောကျတာက သူ့ရဲ့ အတွင်းခွန်အားပါ။ အဲဒီစွမ်းရည်ကပဲ လူ သူ့ဘက်ပါလာကြတာ ဖြစ်ပါရဲ့။

■ **ခင်ဗျား အိမ်ထောင်ပြုချင်စိတ် ရှိပါသလား။**

အိမ်ထောင်ပြုဖို့ သက်သက်ဆိုရင်တော့ စိတ်မပါဘူး။ ပူတင်နဲ့ဆိုရင်တော လက်ထပ်ချင်တာပေါ့ရှင်။

■ **ဒါပေမယ့် သုံးနှစ်ကျော်မှ လက်ထပ်ခဲ့တာ မဟုတ်လား။ အဲဒီသုံးနှစ်ခွဲအချိ မှာ ဘာတွေ လုပ်နေခဲ့ပါသလဲ။**

ကျွန်မ သူ့ကို နောက်ပိုးနေတာပေါ့ရှင်။

■ **နောက်ဆုံး ပူတင်က ဘယ်လိုဆုံးဖြတ်လိုက်တာလဲ။**

တစ်ည ကျွန်မတို့ သူ့အိမ်မှာ ထိုင်စကားပြောနေကြပါတယ်။

'ကိုယ် ဘယ်လို လူစားဆိုတာ မင်း သိပါပြီကွာ။ ယေဘုယျ ပြောရရင်တော ကိုယ်က သိပ်လွယ်တဲ့လူ မဟုတ်ဘူး'

လို့ ပူတင်က ပြောပါတယ်။

သူက ကိုယ့်ကိုယ်ကိုယ် ဝေဖန်ရေး လုပ်ပြနေတာပါ။ သူဟာ ဆိတ်ဆိတ် နေတဲ့ ပုဂ္ဂိုလ်ဖြစ်ကြောင်း၊ ဒါပေမယ့် တချို့ကိစ္စတွေမှာ ဖြန်းစားကြီး လုပ်တတ် ကြောင်း၊ တခြားလူတွေကို စော်ကားသလို ဖြစ်တတ်ကြောင်းတွေ ပြောပြပါတယ် သူဟာ ဘေးအန္တရာယ်များတဲ့ ဘဝကြင်ဖော်တစ်ယောက်ဖြစ်ကြောင်း ပြောပါတယ် ပြီးမှ ခုလို ထပ်ဖြည့်ပြီး ပြောပါတယ်။

'ဒီ သုံးနှစ်ကျော်ကျော်ကာလမှာ မင်းဆုံးဖြတ်ချက် ချပြီးနေရောပေါ့နော် တဲ့။

သူပြောတဲ့ စကားတွေက ကျွန်မတို့နှစ်ယောက် ကွေကွင်းကြဖို့အချိန်တန်ပြီ ဆိုတဲ့ သဘောမျိုး သက်ရောက်နေပါတယ်။

'ဟုတ်တယ်၊ ဆုံးဖြတ်ပြီးပြီ'

လို့ ကျွန်မက ပြောလိုက်ပါတယ်။

သူသံသယတွေ ဝင်တဲ့ပုံစံနဲ့

'အင်း'

လို့ ပြောပါတယ်။

ကျွန်မတို့နှစ်ယောက် ပြတ်ဖို့သေချာပြီလို့ ကျွန်မ ယုံကြည်သွားပါတော့ တယ်။

ဒါပေမယ့် သူပြောလိုက်တဲ့ စကားက–

'ကောင်းပြီ အဲသလို ဆုံးဖြတ်ပြီးပြီဆိုရင် ကိုယ် မင်းကို ချစ်တယ်။ ကိုယ်တို့ နှစ်ယောက် လက်ထပ်ဖို့ ကိုယ်တောင်းခံပါတယ်' တဲ့။

ကျွန်မ အရမ်းကိုပဲ အံ့အားသင့်သွားပါတယ်။

ကျွန်မ် သဘောတူလိုက်ပါတယ်။ သုံးလလဲ ကြာတော့ ကျွန်မတို့ လက်ထပ် ပါတယ်။ ကျွန်မတို့ရဲ့ လက်ထပ်မင်္ဂလာပွဲကို ရေပေါ်စားသောက်ဆိုင်မှာ ကျင်းပခဲ့ ပါတယ်။ မြစ်ကမ်းနံဘေးမှာ ကြိုးနဲ့ချည်ထားတဲ့ သင်္ဘောကလေး တစ်ခုပေါ်က စားသောက်ဆိုင်လေးပေါ့ရှင်။

လက်ထပ်မင်္ဂလာပွဲကို ကျွန်မတို့နှစ်ယောက် အလေးအနက်ထားခဲ့ကြပါ တယ်။ လက်ထပ်ပွဲမှာ ရိုက်ထားတဲ့ ပုံကြည့်ရင် အရမ်း အရမ်းကို လေးနက်နေပုံ ကို သတိထားမိနိုင်ပါတယ်။ ကျွန်မ့အဖို့ကတော့ လက်ထပ်မင်္ဂလာပွဲဟာ ပေါ့ပေါ့ ပါးပါး လုပ်ခဲ့ရတာ မဟုတ်ပါဘူး။ ပူတင်အဖို့လဲ အဲဒီလိုပါပဲ။ မင်္ဂလာဆောင်ဟာ တာဝန်ယူတဲ့ ရပ်တည်ချက်သဘောထားတစ်ခုအဖြစ် သဘောထားတဲ့ လူတွေ ရှိကြ ပါတယ်။

## ■ ပူတင်ကကော တာဝန်ယူတဲ့ အားကိုးရတဲ့ ရှေ့ရေး စီမံကိန်းချမှတ်ထားတဲ့ လူတစ်ယောက် ဖြစ်ရဲ့လား။

ဘာစီမံကိန်းမှ မရှိဘူး။ ကျွန်မတို့ ပူတင်မိဘများဆီမှာ လိုက်နေကြပါ တယ်။ တိုက်က ၂၇ မီတာပတ်လည်ရှိတဲ့ အခန်းပါပဲ။ ကျွန်မတို့ အခေါ်ကတော့ လှောင်အိမ်။ ဘယ်လိုပုံစံလဲဆိုတော့ ပြတင်းပေါက်ဘောင်တွေက အမြင့်ကြီး ဖြစ်ပါ တယ်။ အဲဒီတိုက်ခန်းမှာရှိတဲ့ ပြတင်းပေါက်တွေပျက်ရင် တခြား ပစ္စည်းအသစ် နဲ့ လဲတပ်ဖို့ မရပါဘူး။ တိုက်ခန်းတစ်ခန်းမှာလဲ လေသာဆောင်ရှိတယ်။ မီးဖိုချောင်

နဲ့ တခြားအခန်းက ပြတင်းပေါက်က မျက်နှာကျက်နဲ့ ကပ်နေပါတယ်ရှင်။ ပြတင်းပေါက်က မြင့်နေတော့ ကုလားထိုင်မှာ ထိုင်နေရင် လမ်းကို မမြင်ရပါဘူး။ မျက်နှာ ရှေ့တည့်တည့်မှာ နံရံပဲ ရှိနေပါရဲ့။

ပူတင်ရဲ့ မိဘနှစ်ပါးက ၁၅ မီတာပတ်လည်အခန်းမှာ နေကြပါတယ်။ အဲဒီအခန်းမှာက လေသာဆောင်ရှိပါတယ်။ ကျွန်မတို့ လင်မယားနေရတဲ့ အခန်းက ၁၂ မီတာပတ်လည် ရှိပြီး လေသာဆောင် မပါရှိပါဘူး။ ဒီတိုက်ခန်းက ခရိုင်မှာ အသစ်ဆောက်လုပ်ပြီးဖြစ်တဲ့ တိုက်ခန်းတွေ ဖြစ်ပါတယ်။ အဲဒီတိုက်ခန်းတွေကို အဲ့(ဗ)တိုဗိုလို့ ခေါ်ပါတယ်။ ဒီတိုက်ခန်းကို ပူတင်အဖေက စစ်ပြန်မို့လို့ ရထား တဲ့ တိုက်ခန်းဖြစ်ပါတယ်။

■ **ခင်ဗျား ယောက္ခမတွေနဲ့ကော အဆင်ပြေရဲ့လား။**

အဆင်ပြေပါတယ်။ သားဖြစ်သူ သဘောကျ ရွေးထားတဲ့ ဇနီးအဖြစ် ကောင်း ကောင်းမွန်မွန် ဆက်ဆံပါတယ်ရှင်။ ပူတင်က မိဘနှစ်ပါးရဲ့ အမြင်မှာတော့ နေ လ၊ ကြယ်တာရာပါပဲ။ သားအတွက်ဆိုရင် အားလုံးဖြည့်ဆည်းလုပ်ကိုင်ပေးပါတယ်။ ဘယ်သူမှ သူတို့လောက် သားဖြစ်သူကို လုပ်မပေးနိုင်ကြပါဘူး။ မိဘနှစ်ပါးက သူတို့ဘဝကို သားအပေါ်မှာပဲ မြှုပ်နှံထားခဲ့ပါတယ်။ ပူတင်ရဲ့ မိဘနှစ်ပါးဖြစ်တဲ့ ဗလာဒီမာ စပိရိဒို နိုဗစ်(ချ) နဲ့ မာရီယာ အီဗန်နိုဗာတို့ဟာ အရမ်းကို သဘော ကောင်းတဲ့ မိဘနှစ်ပါး ဖြစ်ပါတယ်ရှင်။

■ **ပူတင်ကကော ဘယ်လိုဆက်ဆံသလဲ။**

အရမ်းကို မနာလိုစရာပါပဲ။ ပူတင်က မိဘနှစ်ပါးအပေါ် အရမ်းကို ကြင် နာတာရှင်။ သားဖြစ်သူက မိဘတွေနဲ့ သဘောမတိုက်ဆိုင်တာမျိုး ကြုံလာခဲ့ရင် ပူတင်က နှုတ်ကို ထိန်းပြီး ဘာမှမပြောဘဲ ကျိတ်မှိတ်နေခဲ့ပါတယ်။

■ **အိမ်ထောင်ဦးကာလ အစောပိုင်းကာလတွေမှာ ဘယ်လိုနေခဲ့ကြပါသလဲ။**

ပထမနှစ်က အရမ်းကို အဆင်ပြေပါတယ်။ လိုက်ဖက်ညီညွတ်ပါတယ်။ အားလပ်ရက်ခရီးသွားရတာကို အရမ်းကို ပျော်ရပါတယ်။ ဒီနောက်က သမီးကြီး မာရှာကိုယ်ဝန် ရှိပါတယ်။ ကျွန်မ တက္ကသိုလ် စတုတ္ထနှစ်မှာပဲ မာရှာကို မွေးခဲ့တာ ဖြစ်ပါတယ်။ ပူတင်က မော်စကိုမှာ တစ်နှစ်သင်တန်းသွားတက်နေရပါတယ်။

■ **တစ်ယောက်နဲ့ တစ်ယောက် တစ်ချိန်လုံး မတွေ့ရဘူးပေါ့။**

ကျွန်မ မော်စကိုမြို့တော်ကို တစ်လတစ်ကြိမ် သွားခဲ့ပါတယ်။ သူကလည်း ကျွန်မဆီကို နှစ်ကြိမ် သုံးကြိမ် လာလည်ခဲ့ပါတယ်။ သူက မကြာမကြာ လာဖို့ အခက်အခဲ ရှိပါတယ်။

ဆာရှရေး ရှိ(လ)ဒူဂင်။ ။

[တစ်နေ့ သူ မော်စကိုမြို့တော်ကို ရက်အတန်ကြာ နေဖို့ ရောက်လာခဲ့ပါတယ်။ အဲဒီမှာတင် သူ လက်မောင်းကျိုးသွားတော့တာပါပဲ။ မြေအောက်ရထားပေါ်မှာ ဂျိုးတွေက ပူတင်ကို ဝင်လုတယ်။ ပူတင်က အဲဒီကောင်တွေကို ကိုင်ပေါက်လိုက်တယ်။ ရလာဒ်ကတော့ လက်မောင်းကျိုးသွားတာပါပဲ။ ပူတင်က အရမ်းစိတ်မကောင်း ဖြစ်သွားတယ်။

'မော်စကိုမှာ ဒီအဖြစ် ဖြစ်တယ်ဆိုတာ သဘောမပေါက်ကြဘူး။ ကျွန်တော် စိတ်ပူတာ အဲဒီဖြစ်ရပ်နဲ့ ပတ်သက်တဲ့ အကျိုးဆက်တွေပဲ'

လို့ ပြောလိုက်ပါတယ်။

အမှန်တကယ်ပဲ စိတ်မကောင်းစရာ အဖြစ်အပျက်တွေ ဖြစ်ခဲ့ပါတယ်။ ဒါပေမယ့် ပူတင်က အသေးစိတ် မပြောကြပါဘူး။ နောက်ဆုံးမတော့ အားလုံး အစဉ်ပြေသွားပါတော့တယ်။]

လျူ(ဒ)မီလာ ပူတင်နာ။ ။

[ပူတင်က ဂျာမနီနိုင်ငံကို သင်တန်းတက်ဖို့ ခရီးထွက်သွားရပါတယ်။ ပထမတော့ သူ ဘာလင်သွားဖို့ပါ။ ဒါပေမယ့် ပူတင်ရဲ့ အပေါင်းအသင်း တစ်ယောက်က ပူတင်ကို ဒရက်(စ)ဒင်မြို့မှာထားဖို့ ထောက်ခံချက်ပေးပါတယ်။ ပူတင်ရဲ့ သူငယ်ချင်းက လီနင်ဂရက်မြို့သား ဖြစ်ပါတယ်။ သူလဲ ဒရက်(စ)ဒင်မှာ အလုပ် လုပ်နေရသူ ဖြစ်ပါတယ်။ သူ့ခရီးစဉ် လုပ်ငန်းတာဝန်က ပြီးဆုံးသွားပြီလို့ သူ့နေရာမှာ ပူတင်ကို အစားထိုးဖို့ ထောက်ခံချက်ပေးလိုက်တာပဲ ဖြစ်ပါတယ်။ ဘာလင်မှာရှိတဲ့ အလုပ်က ပိုလဲဂုဏ်ရှိပါတယ်။ ပိုပြီးလည်း စိတ်ဝင်စားစရာ ကောင်းပါတယ်။ အနောက် ဘာလင်ကိုလည်း ခရီးထွက်နိုင်တယ်။ ကျွန်မက အချက်အလက်တွေ သိပ်သိတာ မဟုတ်ဘူး။ ပူတင်ကလည်း ဘယ်တော့မှ မပြောပါဘူး အလုပ်တွေနဲ့ ပတ်သက်ပြီး ကျွန်မတို့ စကားမပြောဖြစ်ကြပါဘူး။]

ဆာရှရေး ရှိ(လ)ဒူဂင်။ ။

[သူတို့က လျူ(ဒ)မီလာကို အားလုံး ထိန်ချန်ထားပုံရပါတယ်။ နောက်ပိုင်းကျတော့ လျူ(ဒ)မီလာက စိတ်တိုလာပုံ ရပါတယ်။ သူက မှန်တာပြောဖို့ မကြောက်လန့်ဘူးလေ။ ပြီးတော့ သူ့အကြောင်း ထုတ်ပြောရမှာလဲ ဝန်လေးတဲ့မိန်းမ မဟုတ်ဘူး။ တစ်ကြိမ်တော့ ကျွန်တော်က လှပ်ကုလားထိုင်တစ်လုံး ဝယ်ယူခဲ့ပါတယ်။ အဲဒီကုလားထိုင်က မော်တော်ကားနောက်ခန်းမှာ ထည့်ပေမယ့် ဘယ်လိုမှ မထည့်နိုင်အောင် ဖြစ်နေပါတယ်။ ဒီတော့ လျူ(ဒ)မီလာက ကျွန်တော့်ကို ခုလို အကြံပေးခဲ့ပါတယ်။

'ဒီလိုပြောင်းထည့်ကြည့်ပါလား'

လို့ လျူ(ဒ)မီလာက အကြံဉာဏ်ပေးပါတယ်။

တကယ်တော့ ဘယ်လိုပဲ ပြောင်းပြီးထည့်ထည့် ကားနောက်ခန်းထဲ သွင်းလို့ မရပါဘူး။ အရမ်းလဲ လေးနေတယ်။

'လျူ(ဒ)မီလာ တိတ်တိတ်နေစမ်းပါ'

လို့ ကျွန်တော်က ပြောလိုက်ပါတယ်။

လျူ(ဒ)မီလာက စိတ်မထိန်းနိုင်တော့ဘဲ

'ယောက်ျားတွေ ဘာကြောင့် အသိဉာဏ်ခေါင်းပါးရတာလဲ'

လျူ(ဒ)မီလာက အော်ဟစ်လိုက်ပါတယ်။

လျူ(ဒ)မီလာက တကယ်ကို ကျွမ်းကျင်တဲ့ လေယာဉ်မယ် ဖြစ်ပါတယ်။ ကျွန်တော် သူ့တို့ဆီ လည်ပတ်တဲ့အချိန်တိုင်း လျူ(ဒ)မီလာက လုပ်စရာတွေကို မြန်မြန်ဆန်ဆန် လုပ်တတ်ပါတယ်။ သူဟာ တကယ့်ကို ဗိုဟ်မိန်းမသား တစ်ယောက်ပါပဲ။ တစ်ညလုံးလုံး ကျွန်တော် တို့နဲ့အတူ ရှိနေပေးမယ့် အခန်းတစ်ခုလုံး လှည်းကျင်းပေးတယ်။ နောက် နေ့မနက်ကျရင် ချက်ပြုတ်ရပြန်ပါတယ်']

လျူ(ဒ)မီလာက ကျွန်တော့်ထက် (၅) နှစ် ငယ်ပါတယ်။ လျူ(ဒ)မီလာက လေယာဉ်မယ် မဖြစ်မီက စက်မှုလက်မှုကျောင်းသူတစ်ယောက် ဖြစ်ပါတယ်။ တတိယနှစ်မှာပဲ အဲဒီသင်တန်းကျောင်းကနေ ထွက်လိုက်ပါတယ်။ ကျွန်တော်နဲ့ သူတို့တွေ့ကြတဲ့အချိန်မှာ ဘာလုပ်ရမယ်ဆိုတာ လျူ(ဒ)မီလာက မဆုံးဖြတ်ရသေးပါဘူး။ ဘယ်သင်တန်းတက်ရမလဲ ဆိုတာ ကျွန်တော့်ဆီက အကြံဉာဏ်တောင်းပါတယ်။ တက္ကသိုလ်တက်ဖို့ အကြံပေးပါတယ်။ ပထမတော့ လျူ(ဒ)မီလာက ဘာသာစကားသိပ္ပံတက်ဖို့ ဆုံးဖြတ်ပြီး လျှောက်လွှာတင်လိုက်ပါတယ်။ သူက စပိန်ဘာသာစကားဌာနသွားပြီး လျှောက်လွှာတင်ပါတယ်။သူက စပိန်ဘာသာစကားနဲ့ ပြင်သစ်ဘာသာစကား သင်ယူပါတယ်။ အဲဒီမှာက ပေါ်တူဂီဘာသာစကားပါ သင်ကြားပေးပါတယ်။ ကျွန်တော်တို့ ဂျာမနီရောက်သွားတော့ လျူ(ဒ)မီလာက ဂျာမန်ဘာသာစကားကို ကျွမ်းကျင်တတ်မြောက်စွာ သင်ယူခဲ့ပါတယ်။

ဆာရဂေး ရို(လ)ဒူဂင်။ ။

[သူတို့ ဂျာမနီမပြောင်းခင်မှာပဲ မာရှာမွေးဖွားခဲ့ပါတယ်။ ကျွန်တော့်အရင် ယောက္ခမထီးကြီးက ဗိဘော့(ဂ)အနီးမှာ အနားယူ စခန်းတိုက်တစ်လုံး ရှိပါတယ်။ အဲဒီနေရာက အင်မတန် ထူးဆန်းတဲ့ နေရာတစ်ခုဖြစ်ပါတယ်။ လျူ(ဒ)မီလာကို ဆေးရုံကနေ ပြန်ခေါ်လာပြီးတဲ့အခါမှာ

အဲဒီအနားယူစခန်းက တိုက်မှာ သွားရောက် နေထိုင်ခဲ့ကြပါတယ်။ ကျွန်တော်၊ ပူတင်၊ လျူ(ဒ)မီလာနဲ့ ကျွန်တော့်ဇနီးတို့ အဲဒီမှာ သွားရောက် နေထိုင်ကြတာ ဖြစ်ပါတယ်။ ညနေခင်းမှာ ကျွန်တော်တို့ ကကြပါတယ်။]

ကျွန်တော်တို့ ဂျာမနီ မထွက်ခွာမီမှာဘဲ လျူ(ဒ)မီလာကို လုံခြုံရေးဆိုင်ရာ ကင်းရှင်းကြောင်း ထောက်ခံစာတွေ လုပ်ရပါတယ်။ ကျွန်တော် မော်စကိုမှာ သင်တန်း တက်နေရစဉ်မှာပဲ သက်ဆိုင်ရာတွေက လုပ်စရာတွေကို လုပ်ဆောင်နေကြပါတယ်။ ကျွန်တော့်ကို ဘယ်နေရာမှာ တာဝန်ချထားမယ်ဆိုတာ ကျွန်တော် မသိရပါဘူး။ ဘယ်နေရာမှပဲဖြစ်ဖြစ် ကျွန်တော့်အဖို့ကတော့ မိသားစုအတွက်ကိုပါ ထည့်သွင်း စဉ်းစားရပါတယ်။ ဥပမာ– ဇနီးသည်က ကျန်းမာရေးကောင်းရမယ်။ ပူအိုက်တဲ့ ရာသီမှာ လုပ်ငန်းတာဝန် ထမ်းဆောင်နိုင်ရမယ်။ ၅ နှစ်နီးပါး သင်တန်းဆင်းပြီးပြီ ဆိုတာနဲ့ နိုင်ငံရပ်ခြားမှာ တာဝန်ထမ်းဆောင်ဖို့ အသင့်ဖြစ်နေပြီ။ အဲဒီမှာ ကွင်းဆင်း လုပ်ကိုင်ရမှာ ဖြစ်တဲ့အတွက် ဇနီးသည်က ကျန်းမာရေးကောင်းဖို့ လိုအပ်လာပါ တယ်။ ကျန်းမာရေးမကောင်းလို့ကတော့ မလွယ်ကူလှပါဘူး။

သက်ဆိုင်ရာက လျူ(ဒ)မီလာကို သေသေချာချာ စစ်ထားကြပါတယ်။ အဲဒါကို လျူ(ဒ)မီလာကို လုံးဝ အသိမပေးပါဘူး။ သူတို့က လျူ(ဒ)မီလာကို တက္ကသိုလ်မှာရှိတဲ့ ကျောင်းသားရေးရာဌာနမှာ ခေါ်တွေ့ပြီး စစ်ဆေးရေးကိစ္စတွေအား လုံး ပြီးစီးပြီဖြစ်ကြောင်း ပြောပြပါတယ်။ ပြီးတာနဲ့ ကျွန်တော်တို့ ဂျာမနီကို ထွက်ခွာခဲ့ကြပါတယ်။

* * *

## အပိုင်း (၅)

### သူလို့။

လူနေမှုအဆင့်အတန်းက မြင့်သည်ဖြစ်စေ၊ ဘီယာကကောင်းသည်ဖြစ်စေ၊ အရှေ့ဂျာမနီသည် ခေတ်နောက်ကျသည့် နိုင်ငံတစ်ခုအဖြစ် ပူတင်က ရှာဖွေတွေ့ရှိခဲ့သည်။ လွန်ခဲ့သည့် ဆယ်စုနှစ်သုံးခု (နှစ်ပေါင်း ၃၀ ခန့်က) ရုရှတို့ စွန့်လွှတ်ခဲ့သည့် တစ်ပါတီ အာဏာရှင်စံနစ်ကို ကျင့်သုံးနေ၏။ ကြောက်မက်ဖွယ်ရာကောင်းသည့် အခြေအနေနှင့် တိုးတက်မှုမရှိဘဲ ရပ်တန့်နေသည့် အခြေအနေတို့ကို ကြည့်ပြီး ပူတင်မှာ တုန်လှုပ်ချောက်ချားလျက်ရှိသည်။ ထို့နောက် ဘာလင်တံတိုင်းကြီး ပြိုကျသွားတော့သည်။ နိုင်ငံမှာလည်း ကသောင်းကနင်း ဖြစ်သွားလေသည်။ လူအုပ်ကြီးသည် ကေဂျီဘီ ထောက်လှမ်းရေးဌာနချုပ်ကို ဝန်းရံလိုက်သည်။ ပူတင်က စစ်တပ် အကူအညီတောင်းခံလိုက်သည်။ သို့သော်လည်း သူကြားရသည်က မကောင်းသတင်း ဖြစ်သည်။ (မော်စကိုက တိတ်ဆိတ်ငြိမ်သက်နေသည်။) အစစအရာရာတစ်စစီ ပြိုကွဲ ပျက်စီးနေသည့်အဖြစ်ကို ပူတင် ခံစားသိရှိလိုက်သည်။ ဆိုဗီယက်ပြည်ထောင်စုသည် ရိုးရှင်းစွာနှင့်ပင် ကွယ်ပျောက်သွားခဲ့လေ၏။

■ **ခင်ဗျား ကေဂျီဘီကို ၁၉၇၅ ခုနှစ်မှာ ဝင်ခဲ့ပါတယ်။ ၁၉၉၁ ခုနှစ်မှာ နုတ်ထွက်ခဲ့တယ်နော်။ ခင်ဗျား ကေဂျီဘီလုပ်သက်က ၁၆ နှစ် ရှိတယ်။**

ကျွန်တော်က အရှေ့ဂျာမဏီမှာပဲ တာဝန်ထမ်းဆောင်ခဲ့ဖူးပါတယ်။ ဒရက်(စ) ဒင်မြို့မှာပါ။ ၁၉၈၅ ခုမှာ တာဝန်ထမ်းဆောင်ပြီး ဘာလင်တံတိုင်းပြိုကျတဲ့ ၁၉၉၀ ခုနှစ်မှာ ဂျာမနီကနေ ပြန်လာခဲ့ရပါတယ်။

■ **ခင်ဗျား နိုင်ငံခြား သွားချင်သလား။**

သွားချင်ပါတယ်။

■ **ဒါပေမယ့် ကေဂျီဘီက အရှေ့ဂျာမနီနဲ့ တခြားဆိုရှယ်လစ်နိုင်ငံတွေမှာ တရားဝင် ဌာနခွဲတွေ ဖွင့်လှစ်လုပ်ကိုင်နေခဲ့တယ်။ ခင်ဗျားရဲ့ မိတ်ဆွေ ကေဂျီဘီတွေက ခုလိုပြောထားတာ ရှိပါတယ်။ နိုင်ငံခြား ထောက်လှမ်းရေး စုစည်းတဲ့ လုပ်ငန်း လုပ်ဆောင်တဲ့နေရာမှာ အရှေ့ဂျာမနီဟာ ပြည်နယ်လေး တစ်ခုမျှသာ ဖြစ်တယ်တဲ့။**

ဖြစ်နိုင်ပါတယ်။ ခင်ဗျားပြောတဲ့ အမြင်မျိုးနဲ့ ကြည့်မယ်ဆိုရင် လီနင်ဂရက်ဟာလဲ ပြည်နယ်လေးတစ်ခုပဲ မဟုတ်လားဗျ။ ဒါပေမယ့် အဲဒီပြည်နယ်တွေမှာ ကျွန်တော်ဟာ အမြဲတမ်း အတော်အတန် အောင်မြင်မှု ရရှိပါတယ်။

■ **ဒါပေမယ့် 'ဓားနဲ့ဒိုင်း' နဲ့တော့ မတူဘူး မဟုတ်လား။ ထောက်လှမ်းရေး လုပ်ငန်းရဲ့ စိတ်ကူးယဉ်မှုဟာ ဘယ်လိုပါလိမ့်။**

တစ်ခုတော့ မမေ့နဲ့ပေါ့ဗျာ။ ကျွန်တော် ထောက်လှမ်းရေးလုပ်ငန်းကို ၁၀ နှစ်အမှုထမ်းပါတယ်။ အဲဒီ ၁၀ နှစ်ကို ဘယ်လောက် ရိုမန်တစ် ဖြစ်တယ်လို့ ထင်ပါသလဲ။

နိုင်ငံခြားထောက်လှမ်းရေးလုပ်ငန်းဟာ ကေဂျီဘီမှာ အလုပဆုံး၊ အဆန်းကျယ်ဆုံး အဖွဲ့အစည်းတစ်ခု ဖြစ်ပါတယ်။ ထောက်လှမ်းရေးသမား၊ သူလျှိုတွေဟာ နိုင်ငံရပ်ခြား တိုင်းတစ်ပါးမှာ နှစ်နဲ့ချီပြီး နေကြရပါတယ်။ အရင်းရှင်နိုင်ငံမှာ သုံးနှစ်ခန့်၊ ဒါမှမဟုတ် ဆိုရှယ်လစ်နိုင်ငံတွေမှာ လေးနှစ်ကနေ ငါးနှစ်အထိ တာဝန်ထမ်းဆောင်ကြရပါတယ်။ ပြီးတာနဲ့ မော်စကိုမှာ မွမ်းမံသင်တန်း (၉)လ တက်ကြရပါတယ်။ ပြီးရင် နိုင်ငံခြားပြန်ထွက်ရပါတယ်။ ကျွန်တော့်သူငယ်ချင်းတစ်ယောက်ဆိုရင် ဂျာမနီမှာ အနှစ် (၂၀) ခန့် ကြာသွားခဲ့ပြီး တခြားတစ်ယောက်ဆိုရင် (၂၅) နှစ်ခန့် ကြာသွားပါတယ်။ ဇာတိမှာ ၉ လ သင်တန်း လာတက်ချိန်မှာ အဲဒီလူအဖို့ ပုံမှန်ဘဝထဲကို လုံးဝဥဿုံ ပြန်မရောက်နိုင်သေးပါဘူး။ နိုင်ငံရပ်ခြားမှာ တာဝန်ထမ်းဆောင်ပြီးကိုယ့်တိုင်းပြည် ကိုယ်ပြန်လာခဲ့ချိန်မှာ အရှိတရားကို လက်ခံနိုင်ဖို့ အတော်လေး ခက်ခဲနေပါတယ်။ ဘာတွေ ဖြစ်နေတယ်ဆိုတာကို ဂရုပြုဖို့ လိုအပ်ပါတယ်။ ကျွန်တော်တို့လို လူရွယ်တွေဟာ မိမိထက် အသက်ရွယ်ကြီးရင့်တဲ့ လုပ်ဖော်ကိုင်ဘက်တွေနဲ့ စကားစမြည် ပြောကြဖို့ လိုအပ်ပါတယ်။ အသက်ရွယ်ကြီးရင့်တဲ့ လုပ်ဖော်ကိုင်ဘက်ဆိုတာ စတာလင်ခေတ်ကာလကို မီလိုက်တဲ့ ပုဂ္ဂိုလ်တွေကို ရည်ညွှန်း ပြောဆိုနေတာ မဟုတ်ပါဘူး။ အတွေ့အကြုံ ရင့်ကျက်တဲ့ ထောက်လှမ်းရေးသမားကြီးတွေကို ပြောဆိုတာ ဖြစ်ပါတယ်။ အဲဒီပုဂ္ဂိုလ်ကြီးတွေဟာ ကျွန်တော်တို့နဲ့ လုံးဝဥဿုံ ကွဲပြားခြားနားတဲ့ အမြင်တွေ၊ တန်ဖိုးတွေနဲ့ ခံစားမှုတွေ ရှိနေကြပါတယ်။

ကျွန်တော့်သူငယ်ချင်းတစ်ယောက်က အာဖဂန်နစ္စတန်မှာရှိတဲ့ ထောက်လှမ်းရေးဌာနရဲ့ ခေါင်းဆောင်အဖြစ် တာဝန်ယူနေပါတယ်။ သူ မော်စကိုပြန်ရောက်လာတော့ ကျွန်တော်တို့မှာ သူ့ကို ဝိုင်းပြီး မေးမြန်းကြတယ်။ အဲဒီမှာ နေရတာ ဘယ်လိုလဲ။ အာဖဂန်နစ္စတန်နဲ့ ပတ်သက်ပြီး ထာဝရကြားနေရတာကတော့ အော်သံနဲ့ ညြဘာပေးတာပါပဲ။ ကျွန်တော်တို့ မျိုးချစ်စိတ်တွေ ဝင်လာသလို ခံစားရပါတယ်။ ဒါနဲ့ပဲ သူနဲ့ ကျွန်တော် စကားပြောဖြစ်ကြပါတယ်။ အာဖဂန်မှာ ထောက်လှမ်းရေးလုပ်ငန်းလုပ်ရတာ ဘယ်လို ခံစားရပါသလဲလို့ မေးလိုက်ပါတယ်။ မှန်ပါရဲ့။ သူ ရေးထိုးပေးရတဲ့ လက်မှတ်တွေက တိုက်ချင်းပစ် ဒုံးပျံတွေ ပေးဖို့ပါပဲ။ သူ့လက်မှတ်မပါရင် ဗုံးကြဲဖို့ ဆုံးဖြတ်ချက်တောင် ချလို့မရပါဘူး။ ကျွန်တော့်ရဲ့အမေးကို သူပြန်ဖြေပုံက တုန်လှုပ်ချောက်ချားစရာ ကောင်းလှပါတယ်။

'မင်းသိပါတယ်။ ငါလုပ်ရမယ့်လုပ်ငန်းနဲ့ ပတ်သက်ပြီး ဆုံးဖြတ်ချက်ပေးတဲ့နေရာမှာ ငါ လက်မှတ်မထိုးထားတဲ့ အထောက်အထား စာရွက်စာတမ်း အရေအတွက်ပေါ်မှာ မူတည်ပြီး ဆုံးဖြတ်တာကွ' တဲ့။

ကျွန်တော် တကယ့်ကို ကြက်သေ သေသွားခဲ့ပါတယ်။ အဲဒီလို စကားစမြည် ပြောဆိုပြီးတာနဲ့ စဉ်းစားတာတွေကို ပြုလုပ်ရပါတော့တယ်။ အပြန်ပြန်အလှန်လှန်

တွေးတောဖို့ လိုလာပါပြီ။ ကျွန်တော်တို့ လေးစားတဲ့ပုဂ္ဂိုလ်က ယခုလို ပြောပါတယ်။ အဲဒီပုဂ္ဂိုလ်တွေဟာ အသင့်တော်ဆုံး စကားလုံးတွေ ပြောရရင် အာဏာပိုင်တွေပဲ ဖြစ်ပါတယ်။ သူတို့ရဲ့ သဘောထား ခံယူချက်တွေဟာ ထုံးတမ်းစဉ်လာနဲ့လည်း မကိုက်ညီပါဘူး။ သူတို့ရဲ့နည်းက ဆီသည်မ လက်သုပ်ဖတ် ဖြစ်နေတဲ့နည်းတွေပါပဲ။ အဲဒီအချိန်တုန်းက ထောက်လှမ်းရေးလောကမှာ စဉ်းစားတွေးတောပုံတစ်ပုံစံတည်း မဖြစ်စေဘဲ မထူးခြားနား ကွဲပြားတဲ့ စဉ်းစားတွေးတောပုံတွေကို ပြုထားပါတယ်။ သာမန် ပြည်သူလူထုတွေတောင်မှပဲ ပြောချင်တာတွေ ပြောဆိုခွင့်ကို ပြုထားပါတယ်။

လျူ(ဒ)မီလာ ပုတင်နာ။ ။

ကျွန်မတို့ ဒရက်(စ)ဒင်မြို့ကို ၁၉၈၆ ခုနှစ်မှာ ရောက်ခဲ့ပါတယ်။ အဲဒီအချိန်မှာ ကျွန်မ တက္ကသိုလ်က ဘွဲ့ရပြီး ဖြစ်နေပါပြီ။ ကျွန်မတို့ရဲ့ ရင်သွေး မာရှာကလည်း ၁ နှစ်သမီး ရှိနေပြီ။ ဒုတိယ ရင်သွေးကို မျှော်လင့်နေတဲ့ အချိန်ပေါ့။ ဒုတိယကလေး ကာတျာက ဒရက်(စ)ဒင်မြို့မှာ မွေးဖွားတာ ဖြစ်ပါတယ်။ ဂျာမန်ဘာသာစကားကလည်း ကျောင်းမှာ သင်ထားသလောက်ပဲ တတ်ပါတယ်။ ဒီထက်မပိုပါဘူးရှင်။

အဲဒီ ဒရက်(စ)ဒင်ခရီး မထွက်ခွာမီ ကျွန်မအနေနဲ့ အထူးမှာကြားချက်တွေ ဘာတစ်ခုမှ မရခဲ့ပါဘူး။ ဆေးစစ်ဆေးမှုပဲ ပြုလုပ်ခဲ့ရပါတယ်။ ကျွန်မတို့ လူတွေက ဂျီဒီအာမှာ တရားဝင် ဥပဒေဘောင်တွင်းက လုပ်ကိုင်နေကြတာပါ။ ဂျာမန်အစိုးရ လုံခြုံရေးဌာနကပေးထားတဲ့ အိမ်မှာ ကျွန်မတို့ နေကြရပါတယ်။ ကျွန်မတို့ အိမ်နီးနားချင်းတွေက ကျွန်မယောက်ျား ဘယ်ဌာနမှာ အလုပ်လုပ်တယ်ဆိုတာ သိကြပါတယ်။ ပြုပြင်ပြောင်းလဲရေးတွေ ဆိုဗီယက်ဆိုရှယ်လစ်ပြည်ထောင်စုမှာ စတင်နေခဲ့ပေမယ့် ထောက်လှမ်းရေးတွေအနေနဲ့ကတော့ အနာဂတ်မှာ တောက်ပတဲ့ ကွန်မြူနစ်ဝါဒ ရှိနေဆဲလို့ ယုံကြည်နေကြပါသေးတယ်။]

■ ဂျာမနီမှာ ခင်ဗျား ဘာလုပ်ခဲ့ပါသလဲ။

ကျွန်တော့်လုပ်ငန်းက နိုင်ငံရေးထောက်လှမ်းမှု ဖြစ်ပါတယ်။ နိုင်ငံရေးသမားတွေအကြောင်း သတင်းအချက်အလက်တွေ စုဆောင်းရတယ်။ ဖြစ်ပေါ်လာနိုင်တဲ့ ဆန့်ကျင်ဘက်တွေအကြောင်းနဲ့ ပတ်သက်ပြီး စီမံကိန်းတွေ ရေးဆွဲရတယ်။

**■ 'ဒေသဆိုင်ရာ ထောက်လှမ်းရေး'နဲ့လည်း ပတ်သက်ခဲ့တယ်ဆိုတာကော မှန်ပါသလား။**

ခင်ဗျားပြောတဲ့ စကားအဓိပ္ပာယ်က ဆိုဗီယက် ဆိုရှယ်လစ်ပြည်ထောင် သမ္မတနိုင်ငံတွင်းမှာရှိတဲ့ ထောက်လှမ်းရေး တစ်ယောက်က တခြားနိုင်ငံက သတင်း အချက်အလက်တွေကို စုဆောင်းရတယ်ဆိုတဲ့ အဓိပ္ပာယ်ပါပဲ။ ကျွန်တော်လုပ် တာရတာက အရှေ့ဂျာမနီပိုင်နက်ထဲမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့က မိမိ အဓိကရန်ဘက်နဲ့ ပတ်သက်တဲ့ သတင်းအချက်အလက်ကို စိတ်ဝင်တစားနဲ့ စုဆော ရပါတယ်။ အဓိက ရန်ဘက်ဆိုတာကတော့ နေတိုးပဲ ဖြစ်ပါတယ်။

**■ ခင်ဗျား အနောက်ဂျာမနီကိုကော ခရီးသွားဖူးပါသလား။**

ကျွန်တော် အရှေ့ဂျာမနီမှာ ရှိနေစဉ်က လုံးဝ မရောက်ဖူးပါဘူး။

**■ ခင်ဗျား အရှေ့ဂျာမနီမှာ ဘာတွေ လုပ်သလဲ တိတိကျကျ ပြောပြပါလား ဗျာ။**

ကျွန်တော် လုပ်ရတာကတော့ သာမန်ထောက်လှမ်းရေးလုပ်ရှားမှုတွေ ဖြ ပါတယ်။ သတင်းအချက်အလက် ဇာစ်မြစ်တွေ စုဆောင်းတာ၊ သတင်းတွေ လက်ခံရယူတာ၊ ရတဲ့ စုဆောင်းထားတဲ့ သတင်းတွေကို ခွဲခြမ်းစိတ်ဖြာရတာ၊ ပြ တာနဲ့ မော်စကိုကို ပေးပို့ရတာ ဖြစ်ပါတယ်။ နိုင်ငံရေးပါတီတွေနဲ့ ပတ်သက် သတင်းတွေကို ရှာဖွေစုဆောင်းရပါတယ်။ အဲဒီပါတီတွင်းရှိတဲ့ ရပ်တည်ချက် သဘော ထားတွေ၊ ပါတီခေါင်းဆောင်တွေအကြောင်းကို လေ့လာရပါတယ်။ ကနေ့ ခေါ ဆောင်က ဘယ်သူဖြစ်တယ်။ နောင်တစ်ချိန်မှာ ခေါင်းဆောင်ဘယ်သူ ဖြစ်လာနို တယ်။ ပြီးတော့ ပါတီတွင်းမှာကော၊ အစိုးရပိုင်းမှာပါ ဘယ်သူက အဓိက ရာထူ တာဝန်ရနိုင်တယ်ဆိုတာတွေကို ဆန်းစစ်လေ့လာရပါတယ်။ ပြီးတော့ နိုင်ငံ တစ်နိုင် ရဲ့ နိုင်ငံခြားရေးဝန်ကြီးဌာနမှာ ဘာတွေ ဖြစ်နေသလဲ၊ ဘယ်သူက ဘယ်တာဝန် ထားသလဲ၊ ဘယ်လိုလုပ်ကိုင်နေသလဲ၊ သက်ဆိုင်ရာ နိုင်ငံရဲ့ နိုင်ငံခြားရေးဝါဒ နိုင်ငံခြားရေးဌာနက ဘယ်လို တာဝန်ယူဆောင်ရွက်နေသလဲ၊ လက်နက် ဖျက်သိ ရေးနဲ့ ပတ်သက်လို့ ကျွန်တော်တို့ရဲ့ မိတ်ဖက်နိုင်ငံတွေရဲ့ နိုင်ငံခြားရေးဌာန ဘယ်လို တုန့်ပြန်နေသလဲ ဆိုတာတွေကို သေသေချာချာ ဆန်းစစ်ရပါတယ် အဲဒီတော့ သတင်းအချက်အလက်တွေ ရနိုင်ဖို့အတွက် ဇစ်မြစ်ကို ရှာဖွေရပါတယ် သတင်းဇစ်မြစ်တွေကို စုဆောင်းတာ၊ သတင်းအချက်အလက်တွေ ပေးပို့ဖြန့် တာ၊ သတင်းတွေကို ချုပ်ကိုင်ထားတာ၊ ဆန်းစစ်လေ့လာတာဟာ လုပ်ငန်း အဓိကအစိတ်အပိုင်းတွေပဲ ဖြစ်ပါတယ်။ ဒါဟာ ပုံမှန်လုပ်ငန်းတစ်ခုလဲ ဖြစ်ပါတယ်

**လျူ(ဒ)မီလာ ပူတင်နာ။ ။**

ကျွန်မတို့ လင်မယားဟာ အိမ်မှာ အလုပ်ကိစ္စတွေ မပြောဖြစ်ကြပါဘူး။ ကျွန်မယောက်ျားရဲ့ လုပ်ငန်းသဘာဝကိုက တစ်မူခြားသွားစေတယ်လို့ ထင်ပါတယ်။ ကေဂျီဘီမှာ နည်းလမ်းတစ်ခု၊ စည်းကမ်းချက်တစ်ခု ရှိပါတယ်။ အဲဒါကတော့ လုပ်ငန်းကိစ္စတွေကို မိန်းမတွေ မသိပါစေနဲ့ ဆိုတဲ့ စကားပါပဲ။ လျှို့ဝှက်ထားရမှာတွေကို မလျှို့ဝှက်ထားဘဲ ပွင့်ပွင့်လင်းလင်း ပြောလိုက်တဲ့အတွက် ဆိုးကျိုးတွေ ဖြစ်ပေါ်လာရတဲ့ အကြောင်းတွေ ပြောပြထားတာ ရှိပါတယ်။ မိန်းမဖြစ်သူက အလုပ်ကိစ္စ တစ်ခုမှ မသိဘဲနေလေ ပိုပြီး အိမ်ချော်လေ ဆိုတဲ့ စကားရပ်ရှိပါတယ်။ ကျွန်မက ဂျာမန်တွေနဲ့ ခင်ခင်မင်မင် နေထိုင်ပါတယ်။ ကျွန်မရဲ့ အိမ်နီးနားချင်းတွေထဲမှာ မပေါင်းသင်းအပ်တဲ့ လူတွေရှိနေတယ်ဆိုရင် ပူတင်က ကြိုတင်ပြီး သတိပေးပါတယ်ရှင်။]

■ **အရှေ့ဂျာမနီမှာ နေရထိုင်ရတာက စိန့်ပီတာစဘတ်မှာ ပိုအဆင်ပြေပါသလား။**

အဆင်ပြေပါတယ်။ ကျွန်တော်တို့က ရုရှကနေ ထွက်လာခဲ့တာပါ။ ရုရှမှာက ရှေ့ည်းတွေ တန်းစီဝယ်ရတယ်။ အစားအသောက်လည်း သိပ်မဖူလုံဘူး။ အရှေ့ဂျာမနီမှာကတော့ အားလုံးပေါပေါလောလော ရှိတယ်။ ကျွန်တော်ဆိုရင် နှစ်ဆယ့်ငါးပေါင် တိုးလာတယ်။ အလေးချိန်က ၁၆၅ ပေါင် ရှိပါတယ်။

■ **ခုကော ပေါင်ချိန် ဘယ်လောက် ရှိသလဲ။**

၁၆၅ ပေါင်။

■ **ဘယ်လိုဖြစ်လို့လဲ။**

ပွင့်ပွင့်လင်းလင်းပြောရရင်

■ **ဘီယာတန်ခိုးထင်ပါရဲ့။**

ဟုတ်ပ။ ကျွန်တော်တို့ ရာဒဲဘယ့်(ဂ)ဆိုတဲ့ မြို့ကလေးကို သွားလည်လေ့ရှိပါတယ်။ အဲဒီမြို့ကလေးက အရှေ့ဂျာမနီနိုင်ငံရဲ့ အကောင်းဆုံး ဘီယာတွေ ထုတ်တဲ့ မြို့ထဲမှာ တစ်မြို့အပါအဝင်ပဲ ဖြစ်တယ်။ ကျွန်တော်က သုံးလီတာဆန့်တဲ့ ဘီယာစည်လေးကိုမှာပြီးမှ စည်မှာတပ်ထားတဲ့ အဆို့ကို ဖွင့်ပြီး တဟုန်ထိုး မော့သောက်ရတာပေါ့ဗျာ။ တစ်ပတ်ကို ကျွန်တော် ဘီယာ ၃.၈ လီတာ သောက်တယ်။ ကျွန်တော့် အလုပ်ကလည်း တံခါးပေါက်ကနေ ၂ လှမ်းလောက် လှမ်းတာနဲ့ ရောက်တာဗျ။ ဒီတော့ အားအင်လည်း သိပ်မကုန်ခမ်းဘူးပေါ့ဗျာ။

■ **အားကစားကော မလုပ်ဘူးလား။**

ပစ္စည်းပစ္စယ မစုံလင်ဘူးလေ။ ပြီးတော့ အလုပ်ကလဲ သိပ်ရှုပ်တယ်။

လျူ(ဒ)မီယာ ပူတင်နာ။ ။

ကျွန်မတို့က ဝန်ထမ်းရိပ်သာမှာ နေရတာရှင့်။ ဝင်ပေါက် ၁၂ ပေါက် ရှိပါတယ်။ ကျွန်မတို့ ကေဂျီဘီ အုပ်စုက တိုက်ခန်း ၅ ခန်း ယူထားကြပါတယ်။ ပူတင်ရဲ့ ကားမောင်းသမားနဲ့ မိန်းမက တခြား အဆောက်အဦးမှာ နေကြပါတယ်။ ထောက်လှမ်းရေးသမားတွေက ကျွန်မတို့တိုက်နဲ့ မနီးမဝေးတိုက်မှာ နေထိုင်ကြပါတယ်။ ကျန်တဲ့ လူတွေ ကတော့ အရှေ့ဂျာမနီနိုင်ငံရဲ့ နိုင်ငံတော်လုံခြုံရေးဌာနက အမှုထမ်းတွေပဲ ဖြစ်ပါတယ်။

ပူတင်တို့အုပ်စုက သီးခြား အဆောက်အဦးတစ်ခုမှာ အလုပ် လုပ်ကြပါတယ်။ ဂျာမန်ပုံစံ အိမ်ကြီးတစ်အိမ် ဖြစ်ပါရဲ့။ အိမ်ကြီးရဲ့ လေးဘက်လေတန် ပတ်ပတ်လည်မှာ အုတ်တံတိုင်းကာရံထားပါတယ်။ အထပ်ကတော့ သုံးထပ်လား လေးထပ်လား မသိပါဘူး။ ကျွန်မ မေ့တော့တော့ ဖြစ်နေပါတယ်။ ကျွန်မတို့ တိုက်ခန်းနဲ့ အဲဒီအိမ်က ၅ မိနစ်လောက် လျှောက်သွားရင် ရောက်ပါတယ်။ ပူတင်ရုံးခန်းကနေ မျှော်ကြည့်လိုက်ရင် ကာတျာရဲ့ မူကြိုကျောင်း တွေ့ရမှာ ဖြစ်ပါတယ်။ မနက်ဘက်မှာ ပူတင်က မာရှာကို နေ့ကလေးထိန်းဌာနကို ခေါ်သွားပါ တယ်။ မာရှာရဲ့ နေ့ကလေးထိန်းဌာနက ကျွန်မတို့ တိုက်ခန်းအောက်ဆုံးက ညာဘက်စွန်းမှာ ရှိတယ်။ ပြီးမှ ကာတျာကို မူကြိုကျောင်းသွားပို့ရပါတယ်။

ကလေးနှစ်ယောက်ကော သူတို့အဖေပါ နေ့လည်စာကို အိမ်ပြန် စားကြပါတယ်။ ကျန်လူအားလုံးလဲ အိမ်မှာ ပြန်စားကြပါတယ်။ ပူတင်ရဲ့ လုပ်ဖော်ကိုင်ဘက် ရုရှားတွေကော၊ ဂျာမန်တွေပါ တစ်ခါတစ်ရံမှာ ညနေ ဘက် အိမ်ကို လိုက်လာပြီး စားကြသောက်ကြပါတယ်။ ကျွန်မတို့ မိသားစု တော်တော်များများ ရင်းနှီးပါတယ်။ အားလုံးတွေ့ဆုံရတာ ပျော်စရာပါ။ ကျွန်မတို့ ထူးထူးထွေထွေ ပြောစရာစကား မရှိကြပါဘူး။ ဟာသတွေ၊ ပုံတိုပတ်စတွေ ပြောကြပါတယ်။

နှုတ်ပိတ်ရက်တွေမှာတော့ မြို့ပြင်ဘက် ထွက်လည်ကြပါတယ်။ ကျွန်မတို့မှာ ရုံးသုံးကား ဇီဂူလီတစ်စီး ရှိပါတယ်။ အဲဒီကားက အရှေ့

ဂျာမနီမှာတော့ အတော်ကောင်းတဲ့ ကားလို့ ပြောရမှာ ဖြစ်ပါတယ်။ ပြည်တွင်းဖြစ် ထရာဘင့်တွေထက်သာတာ အမှန်ပါပဲ။ ဆိုဗီယက် ပြည်ထောင်စုမှာလိုပဲ အရှေ့ဂျာမနီမှာ ကားတစ်စီး ရဖို့ဆိုတာ အင်မတန် ခက်လှပါတယ်ရှင်။ ရုံးပိတ်ရက်မှာ ကျွန်မတို့ မိသားစုတွေ ကားတစ်စီးနဲ့ လျှောက်လည်ပတ်ကြပါတယ်။ ဒရက်(စ)ဒင်မြို့ဘက်မှာ လှပတဲ့ နေရာတွေ အများကြီး ရှိပါတယ်။ ဆက်ဆိုနီဆိုရင် မိနစ်နှစ်ဆယ်၊ သုံးဆယ် လောက်သွားရင် ရောက်ပါတယ်။ ဆက်ဆိုနီကို လမ်းလျှောက်သွားပါ တယ်။ စားသောက်စရာအဖြစ် ဘီယာ၊ အသားညှပ်ပေါင်မုန့်တွေ ယူသွား ကြပါတယ်။]

■ **ဒရက်(စ)ဒင်မှာ ခင်ဗျားရဲ့ လုပ်ငန်း အောင်မြင်တွေ့ရှိခဲ့တယ်နော်။**

ကျွန်တော့်လုပ်ငန်းက အဆင်ပြေပါတယ်။ နိုင်ငံခြားမှာ တာဝန်ထမ်းဆောင်နေတဲ့အတွက် ရာထူးတိုးတာကတော့ ပုံမှန်ပါပဲ။ ကျွန်တော် ရာထူး နှစ်ကြိမ် တိုးခဲ့ပါတယ်။

■ **အရှေ့ဂျာမနီ ရောက်တော့ ခင်ဗျား လုပ်ငန်းရာထူးက ဘာလဲ။**

ကျွန်တော်က အကြီးတန်းအရာရှိပါ။ ရာထူးတက်တော့ ကေဂျီဘီဌာနမှူးရဲ့ လက်ထောက်အဖြစ် တာဝန်ယူရတာ ဖြစ်ပါတယ်။ ရာထူးတိုးတာ အဆင်ပြေတယ်ပေါ့ဗျာ။ ပြီးတော့မှ အကြီးတန်း လက်ထောက် ဖြစ်ပါခဲ့ပါတယ်။ ဒီထက်ကြီးတာ မရှိတော့ပါဘူး။ ကျွန်တော့်အထက်မှာ ထိပ်ပိုင်းအုပ်ချုပ်ရေးမှူးပဲ ရှိပါတယ်။ ကျွန်တော်တို့ရဲ့ အထက်မှာ အကြီးကဲ တစ်ယောက်ပဲ ရှိပါတယ်။ လုပ်ငန်းသဘောအရ အရှေ့ဂျာမနီနိုင်ငံရဲ့ ပါတီကော်မတီဝင်တစ်ယောက်အဖြစ် ကေဂျီဘီ ကိုယ်စားပြု ပါဝင်ရပါတယ်။

■ **ခင်ဗျားဟာ အလင်းရောင်တန်းလို့ အမည်ပေးထားတဲ့ စစ်ဆင်ရေးမှာ ခင်ဗျား ပါဝင်ခဲ့တယ်လို့ အစီရင်ခံစာတွေမှာ ဖော်ပြထားတယ်။**

ကျွန်တော် အဲဒါကို အတိအကျ မသိပါဘူး။ ကျွန်တော် အဲဒီ စစ်ဆင်ရေးမှာ မပါဝင်ခဲ့ပါဘူး။ အဲဒီစစ်ဆင်ရေးကို ဖျက်သိမ်းလိုက်သလား၊ မဖျက်ဘဲထားသလားဆိုတာ မသိပါဘူး။ ကျွန်တော် မှတ်မိသလောက် ပြောရရင် ခင်ဗျားပြောတဲ့ စစ်ဆင်ရေးက အရှေ့ဂျာမနီနိုင်ငံရဲ့ နိုင်ငံရေးခေါင်းဆောင်ထိပ်ပိုင်း ပုဂ္ဂိုလ်တွေလုပ်တဲ့ အလုပ်ပဲ။ ကျွန်တော်နဲ့ အဲဒီကိစ္စ ဘယ်လိုမှ မပတ်သက်ခဲ့ဘူးဗျ။

■ **ဒါပေမယ့် လူတွေ စွပ်စွဲပြောကြားတာကတော့ ဒရက်(စ)ဒင် ပါတီဒေသကော်မတီအတွင်းရေးမှူး ဟန်း(စ)မော့(ဒ)ရိုး[၁]ကို ခင်ဗျားက နောက်ကွယ်ကနေ ကြိုးကိုင်ထားတယ် ဆိုပါလားဗျ။**

ကျွန်တော် မော့(ဒ)ရိုးနဲ့ တရားဝင် ညှိခံပွဲတွေမှာ တွေ့ဆုံဖူးပါတယ်။ အဲဒါကတော့ ရင်းနှီးမှုကို တိုးပွားစေတာပါပဲ။ မော့(ဒ)ရိုးဟာ အဆင့်အတန်း အမျိုးမျိုးမှာရှိတဲ့ ပုဂ္ဂိုလ်တွေကို တရင်းတနှီး ပေါင်းပါတယ်။ ဆိုပါတော့ စစ်တပ်မှာရှိတဲ့ တပ်မှူး၊ ပြီးတော့ ဆက်သွယ်ရေးအရာရှိ စတာတွေကို ပြောတာ ဖြစ်ပါတယ်။ ကျွန်တော်နဲ့ သူဟာ ပါတီလုပ်ငန်း၊ ပါတီရေးရာ ကိစ္စရပ်တွေမှာ မပတ်သက်ဖူးပါဘူး။ ကျွန်တော့်ရဲ့လုပ်ငန်းကိစ္စနဲ့လည်း မပတ်သက်ခဲ့ပါဘူး။ အဲဒါကတော့ တားမြစ်ထားတဲ့ ကိစ္စပါ။

■ **ပြီးတော့ ဥရောပတိုက် ဗုံးကြဲလေယာဉ်နဲ့ ပတ်သက်လို့ သတင်းမှတ်တမ်း ပြုစုဖို့ ခင်ဗျား မပါခဲ့ပါဘူးနော်။**

ကျွန်တော်က နည်းပညာကိစ္စ ထောက်လှမ်းရေးသမား မဟုတ်ပါဘူး။ အဲဒီလုပ်ငန်းကလည်း ကျွန်တော့်လိုင်း၊ လမ်းကြောင်း မဟုတ်ပါဘူး။ ကျွန်တော့်ကို ဘာကြောင့် ဒီလောက်မဲနေကြတာလဲဗျာ။ အဲဒီ စွပ်စွဲချက်က လုံးဝ မဟုတ်ဘူး။

■ **ကဲ ခင်ဗျားကို သူတို့က စုပါသူလျှိုလို့ သမုတ်ချင်ကြတယ်။ ခင်ဗျားကလည်း တစ်ခုမှ ဝန်မခံဘဲ ငြင်းနေတယ်။ ဒါပေမယ့် ခင်ဗျား ဘာလို့ ရာထူးတွေ တိုးနေရတာလဲ။**

ကျွန်တော့်ရဲ့ လုပ်ငန်းများရဲ့ တိကျခိုင်မာတဲ့ ရလဒ်ကို သူတို့ ပြောနေတာ ဖြစ်မယ် ထင်ပါရဲ့။ အောင်မြင်မှုကတော့ သတင်းအချက်အလက်ဆိုင်ရာ ယှုနစ်များ

---

၁။ ၁၉၈၉ ခုနှစ် တွင် ဟန်း(စ) မော့(ဒ)ရိုးသည် ဒရက်(စ)ဒင်မြို့ရဲ့ ဒေသပါတီကော်မတီ အတွင်းရေးမှူး ဖြစ်လာခဲ့ပါတယ်။ ပြီးတော့ အဲဒီကာလရဲ့ 'အရေးပေါ် အခြေအနေ' များနဲ့ ပတ်သက်ပြီး တာဝန်ရှိသူ တစ်ယောက်လည်း ဖြစ်ခဲ့ပါတယ်။ ဘာလဲဆိုတော့ ၁၉၈၉ ခုနှစ်မှာ အရှေ့ဂျာမနီနိုင်ငံမှာ ငြိမ်းချမ်းစွာ ဆန္ဒပြပွဲတွေဟာ ညစဉ်ဆိုသလို ဖြစ်ပွားခဲ့လို့ပါပဲ။ သူက အစိုးရ ဆန့်ကျင်ရေး ဆန္ဒပြပွဲတွေကို နှိပ်ကွပ်တာ မလုပ်ဘဲ ရှောင်ရှားခဲ့ပါတယ်။ ကွန်မြူနစ်အစိုးရ ဆန့်ကျင်ရေး အထွတ်အထိပ်ရောက်နေတဲ့ ကာလ ၁၉၈၉– ၁၉၉၀ ခုနှစ်မှာ မော့(ဒ)ရိုးဟာ နိုင်ငံတော် ဝန်ကြီးချုပ် ဖြစ်လာပါတယ်။ သူ့ရဲ့ အစိုးရနဲ့ ပါတီဟာ ဂျာမနီ နှစ်နိုင်ငံ ပေါင်းစည်းတဲ့အချိန်မှာ လုံးဝ ဥဿုံ ပျက်သုဉ်းသွားခဲ့ပါတော့တယ်။

ကို နားလည်သဘောပေါက်မှုဖြစ်တယ်။ လက်လှမ်းမမီတဲ့ နေရာက သတင်းအချက်အလက်တွေကို ရအောင်ယူ၊ ပြီးတာနဲ့ သတင်းထွက်ပေါ်လာတဲ့ မူလ ဇစ်မြစ်ကို ဆန်းစစ်ရမယ်။ ပြီးတာနဲ့ သတင်းတွေကို စုစည်းပြီး သက်ဆိုင်ရာ ဌာနတွေကိုပေးပို့ရမယ်။ ကိုယ့်ဘာသာကိုယ်လဲ အဲဒီသတင်းအချက်အလက်တွေကို တန်ဖိုးစိစစ်နိုင်ရမှာ ဖြစ်ပါတယ်။

■ **ခင်ဗျားဟာ ထောက်လှမ်းရေးအရာရှိလိုပဲ ဖြေနေပါလားဗျာ။ တစ်နည်းပြောရင် ခင်ဗျား တကယ်အဖြေပေးနေတာ မဟုတ်သေးပါဘူး။ ဥပမာဗျာ– အရှေ့ဂျာမနီနိုင်ငံရဲ့ ထောက်လှမ်းရေးအကြီးအကဲဟောင်း မားကု(စ)ဝု(လ)ဖကို နမူနာကြည့်။ သူက ခင်ဗျားကို ဝေဖန်တိုက်ခိုက်ထားတာ ရှိတယ်။ သူက ဘာပြောသလဲဆိုတော့ ခင်ဗျား လက်ခံရရှိထားတဲ့ ကြေးတံဆိပ်မှာက ဟောသလို စာထွင်းထုထားတာ ရှိတယ်။ ‘အရှေ့ဂျာမနီနိုင်ငံ၊ အမျိုးသားပြည်သူ့တပ်မတော်အတွက် အမှုထမ်းကောင်း’ ဆိုတဲ့ စာတမ်းပါပဲ။ အဲဒီတံဆိပ်က အတွင်းရေးမှူးကိုမှ ပေးတာ။ ပြီးတော့ အဲဒီပုဂ္ဂိုလ်က ဖြစ်မှုလုံးဝ ကျူးလွန်မှု ကင်းရမှာ ဖြစ်ပါတယ်။**

မားကု(စ) ဝု(လ) ဖ ပြောတာ လုံးဝ ဥသုံ မှန်ပါတယ်။ သူပြောတာကို ငြင်းစရာ မရှိပါဘူး။ အဲ မတူညီနိုင်တဲ့ ဆန့်ကျင်တဲ့အချက်ကိုပဲ ပြောချင်ပါတယ်။ ကျွန်တော့်ရဲ့ လုပ်ငန်းမှတ်တမ်းမှာ ဖြစ်မှုချိုးဖောက်မှု လုံးဝ မရှိဘူးလို့ ပြောထားတာ ရှိပါတယ်။ ပြောစရာ ဖြစ်နေတာက ကျွန်တော့်ရဲ့ ဆုတံဆိပ်ပါပဲ။ ကျွန်တော် ယုံကြည်ထားတာက ‘ကျွန်တော့်ရဲ့လုပ်ငန်းတာဝန် ထမ်းဆောင်မှုအတွက်’ လို့ မပြောဘဲ ‘အရှေ့ဂျာမနီနိုင်ငံ အမျိုးသား ပြည်သူ့တပ်မတော်အတွက် ထူးထူးချွန်ချွန်ထမ်းဆောင်မှု’ လို့ သုံးလိုက်တာပဲ ဖြစ်ပါတယ်။

■ **ဂျာမနီမှာ ရှိစဉ်က ခင်ဗျားအကြောင်း စိတ်လှုပ်ရှားစရာကောင်းတဲ့ ဖြစ်ရပ်တွေ ရေးသားထုတ်ဝေဖို့ မျှော်လင့်မထားဘူးနော်။**

မမျှော်လင့်ထားပါဘူး။ အရိုးသားဆုံး ဝန်ခံရရင် မရှိပါဘူး။

ရေးထားသမျှ စာတမ်းတွေကို အကုန် လိုက်ဖတ်နေတာကြောင့်ပဲ ဖြစ်တယ်ဗျ။ ကျွန်တော် စုစည်းထားတဲ့ ထောက်လှမ်းရေးတွေကို အနောက်နိုင်ငံတွေက ရှာဖွေနေတယ်ဆိုတဲ့ အရေးအသားတွေကို ဖတ်ရတာ ဦးနှောက်ခြောက်စေပါတယ်။ အဲဒီလို ရေးသားချက်တွေဟာ အဓိပ္ပာယ် မရှိပါဘူး။ ကျွန်တော်တို့ရဲ့ မိတ်ဆွေ– အရှေ့ဂျာမနီမှာရှိတဲ့ ထောက်လှမ်းရေးတွေမှာ ကျွန်တော်တို့ ထုတ်ပေးတဲ့ သတင်း

အချက်အလက်ဆိုင်ရာ စာရွက်စာတမ်းတွေ အကုန်ရှိပါတယ်။ အဲဒီစာရွက်စာတမ်းတွေကို အမျိုးသားမော်ကွန်းမှတ်တမ်းဌာနမှာ သိမ်းဆည်းထားပါတယ်။ ဒီတော့ အရှေ့ဂျာမနီက ဒေသဆိုင်ရာ ထောက်လှမ်းရေးတွေကော၊ တခြား ထောက်လှမ်းရေးတွေပါ လက်လှမ်းမမီနိုင်တဲ့ ကိစ္စမို့ ကျွန်တော်ဟာ လျှို့ဝှက်စာစောင်ရေး ကိစ္စတွေမှာ ပါဝင်ပတ်သက်နေတယ်လို့ ပြောတာဟာ မှားပါတယ်။ ကျွန်တော့်ရဲ့ လုပ်ငန်းတော်တော်များများဟာ အရှေ့ဂျာမနီနိုင်ငံမှာရှိတဲ့ ပြည်သူပြည်သားတွေကတစ်ဆင့် ဆက်သွယ်လုပ်ကိုင်တာ ဖြစ်ပါတယ်။ အားလုံးဟာ အလုည်ကျ တာဝန်ယူလုပ်နေရတာပါ။ အားလုံးဟာ မြင်သာလွယ်ပါတယ်။ နားလည်သဘောပေါက်လည်းလွယ်တယ်။ ပြီးတော့ ကျွန်တော်တို့ လုပ်ငန်းကို ဂျာမန်တန်ပြန်ထောက်လှမ်းရေးတွေကလည်း သိထားပါတယ်။

ကျွန်တော်ဟာ အရှေ့ဂျာမနီရဲ့ အကျိုးစီးပွားရေးကို ဆန့်ကျင်ပြီး မလုပ်ပါဘူး။ အဲဒါက အရမ်းကို ထင်ရှားပါတယ်။ အဲဒီလို မဟုတ်ခဲ့ရင် ကျွန်တော့်ကို အနောက်ပိုင်းနိုင်ငံတွေကို သွားရောက်လည်ပတ်ခွင့်ပေးမှာ မဟုတ်ပါဘူး။ ကျွန်တော်က အဆင့်မြင့်ရာထူးရှိတဲ့ ပုဂ္ဂိုလ်မဟုတ်ပါဘူး။ ဒါပေမယ့် ဂျာမနီအပါအဝင် တခြားတိုင်းပြည်တွေကို အလည်အပတ် ရောက်ဖြစ်ခဲ့ပါတယ်။ တချို့ အရှေ့ဂျာမနီက လုံခြုံရေးအရာရှိတွေကလည်း စိန့်ပီတာစဘတ်မြို့ရဲ့ ကျွန်တော်ဟာ ဒုတိယမြို့တော်ဝန်အဖြစ် ကျွန်တော် တာဝန်ယူနေချိန်မှာ စာတွေရေးကြပါတယ်။ ညစ်ခံပွဲတစ်ခုမှာ ဂျာမန်သံရုံး ဝန်ထမ်းတစ်ယောက်ကို ကျွန်တော် အခုလို ပြောလိုက်ပါတယ်။

'ခင်ဗျားတို့ရေးတဲ့ စာတွေ ကျွန်တော် လက်ခံရပါတယ်။ အဲဒီစာတွေဟာ ကျွန်တော့်ရဲ့ ပုဂ္ဂိုလ်ရေး ဆက်သွယ်မှုတွေ ဖြစ်ပါတယ်။ အရင်က နိုင်ငံတော်ရဲ့ လုံခြုံရေးဝန်ထမ်းတွေကို ကန့်ကွက်ဆန့်ကျင်တဲ့ တိုက်ပွဲတစ်ရပ် ခင်ဗျားဆင်နွှဲနေတယ်ဆိုတာ ကျွန်တော် နားလည်ပါတယ်။ ထောက်လှမ်းရေးသမားတွေဟာ နိုင်ငံရေးကိစ္စကြောင့် အဖမ်းခံကြရပါတယ်။ ညှဉ်းဆဲနှိပ်စက်ခံကြရတာ ဖြစ်ပါတယ်။ အဲဒီလူတွေဟာ ကျွန်တော်ရဲ့ သူငယ်ချင်းတွေ ဖြစ်ကြပါတယ်။ သူတို့ကို ကျွန်တော် အပြစ်တင်ခြင်း၊ အပုပ်ချခြင်း မပြုလုပ်ပါဘူး'

အဲဒီတော့ သူက ခုလို ပြန်ပြောပါတယ်။

'ကျွန်တော်တို့ အားလုံး သဘောပေါက်ပါတယ် မစ္စတာပူတင်။ အားလုံးရှင်းသွားပါပြီဗျ'

သူတို့ ကျွန်တော် ဘယ်ကလာတာ၊ ဘယ်သူဆိုတာ သိထားကြပါတယ်။ ကျွန်တော် ဘာမှ ဖုံးကွယ်မထားပါဘူး။

လျူ(ဒ)မီလာ ပူတင်နာ။ ။

[အရှေ့ဂျာမနီမှာ နေခဲ့ရတဲ့ဘဝဟာ ရုရှမှာ နေထိုင်ရတဲ့ ဘဝနဲ့ အရမ်းကို ကွာခြားခဲ့ပါတယ်ရှင်။ ပြတင်းပေါက်ဆိုရင် တစ်ပတ်တစ်ကြိမ် သန့်ရှင်းရေး လုပ်ပေးတယ်။ ကုန်ပစ္စည်းကလည်း ပေါမှပေါ့။ အနောက်ဂျာမနီမှာရှိတာတွေနဲ့တော့ ကွာတာပေါ့နော်။ ဒါပေမယ့် ရုရှမှာရှိတဲ့ ပစ္စည်းထက်တော့ သာတာပေါ့လေ။ ကျွန်မ အံ့ဩစေတဲ့ ကိစ္စတစ်ခုရှိပါတယ်။ အဲဒါက အသေးအဖွဲ့ ပစ္စည်းလေးတွေပါပဲ။ ကျွန်မပြောပြပြီးပြီလား မသိဘူး။ ဂျာမန် အမျိုးသမီးတွေ အဝတ်တွေတန်းမှာ လှန်းထားတာပါပဲ။ အလုပ်မသွားခင် မနက်စောစော ၇ နာရီလောက်မှာ မိန်းမတွေဟာ တိုက်နောက်ဖေး မြေကွက်လပ်ထဲမှာ ရှိနေကြပါတယ်။ အိမ်ထောင်ရှင်မတိုင်းက သံမဏိတိုင်တွေနဲ့ အဝတ်လှမ်းဖို့ ကြိုးတန်းတွေတန်းပြီး အဝတ်အစားတွေ လှန်းတော့တာပါပဲ။ အဝတ်ကြိုးတန်းတွေဟာ ညီလည်းညီညာ၊ သန့်လည်းသန့်ရှင်းပါတယ်။ အဝတ်ညှပ်တဲ့ ကလစ်လေးတွေ ညှပ်ထားပါတယ်။ အားလုံးက တစ်ပုံစံတည်းပါပဲရှင်။

ဂျာမန်တွေဟာ သူတို့ရဲ့ နေ့စဉ် လူနေမှုဘဝကို စည်းကမ်းတကျ နေထိုင်လေ့ရှိပါတယ်။ သူတို့ရဲ့ လူနေမှုဘဝက ကျွန်မတို့ ရုရှပြည်သူတွေထက် သာလွန် ကောင်းမွန်ပါတယ်။ ကျွန်မအထင်တော့ အရှေ့ဂျာမနီမှာရှိတဲ့ ထောက်လှမ်းရေး ဝန်ထမ်းတွေရဲ့ လစာငွေက ရုရှမှာရှိတဲ့ ထောက်လှမ်းရေးသမားတွေထက်တောင် ကောင်းပါတယ်။ အဲဒါတွေကို အိမ်နီးနားချင်း ဂျာမန်တွေရဲ့ လူနေမှုဘဝကို ကြည့်ပြီး ဆုံးဖြတ်တာပါ။ ကျွန်မတို့ အစားအသောက် ခြိုးခြံချွေတာခဲ့ ပါတယ်။ ဒီလိုနဲ့ မော်တော်ကားတစ်စီး ဝယ်နိုင်ဖို့ စုဆောင်းခဲ့ပါတယ်။ အဲဒီနောက်တော့ ကျွန်မတို့ ပြည်တော်ပြန်ခဲ့ကြပါတယ်။ ကျွန်မတို့ ဗောလဂါကားတစ်စီးဝယ်စီးပါတယ်။ ပူတင်ရဲ့ ဝင်ငွေတချို့က ဂျာမန် မတ်ငွေနဲ့ရတာ ဖြစ်ပါတယ်။ ကျန် တချို့က ဒေါ်လာနဲ့ရတာပါ။ ကျွန်မတို့ ပိုက်ဆံကို အရမ်းကာရော မသုံးစွဲပါဘူး။ အစားအစာကတော့ လုံလောက်အောင် စားပါတယ်။ တခြား အကုန်ကျငွေ မရှိပါဘူး။ ကျွန်မတို့နေတာက အစိုးရပိုင် တိုက်ခန်းမှာပါ။

လက်တွေ့မှာတော့ အဝတ်အစားသေတ္တာကို ဖင်ခုထိုင်ရင်း အိမ်ပြန်ဖို့ စိတ်ကူးယဉ်အိပ်မက် မက်ခဲ့ပါတယ်။ ဂျာမနီရောက်စကတော့ အိမ်ကို လွမ်းနေပါတယ်။ နောက်ပိုင်းကျတော့ အရှေ့ဂျာမနီမှာ နေရတာ အဆင်ပြေပါတယ်။ နိုင်ငံရပ်ခြားမှာ လေးနှစ်ကြာတော့ ကိုယ့်အိမ်ကိုယ့်ယာလို ရင်းနှီးလာပါတယ်။ အဲ ဘာလင်တံတိုင်း ကြီးလဲပြိုကျသွားတော့ အားလုံး ပြီးဆုံးသွားပြီဆိုတာ သိလိုက်ရပါတယ်။ ကျွန်မတို့ရဲ့ နေအိမ်သဖွယ် ဖြစ်နေတဲ့ နေရာဒေသတစ်ခုဟာ မတည်ရှိတော့ပါကလား ဆိုတဲ့ ထိတ်လန့်တုန်လှုပ်ဖွယ်ကောင်းတဲ့ ခံစားမှုကို ခံစားလိုက်ရပါတော့တယ်။]

တကယ်လို့ ဂျာမန်တန်ပြန်ထောက်လှမ်းရေးတွေက ကျွန်တော်တို့ရဲ့ လှုပ်ရှားမှုတွေ အားလုံးကို သိနေတယ်ဆိုရင်၊ ဆိုလိုတဲ့ သဘောကတော့ သူတို့က တစ်ခုမကျန် အကုန်သိနေပြီ၊ မိမိလုပ်နေတဲ့ ထောက်လှမ်းရေးအုပ်စုကြီး တစ်ခုလုံးကို သိနေပြီဆိုတဲ့ အချက်ပါပဲဗျာ။ အဲဒါဆိုရင် ထောက်လှမ်းရေး ကွန်ယက်က ပျက်ပြီ။

ကျွန်တော်တို့အားလုံး ဖျက်ဆီးပစ်ခဲ့ပါတယ်။ ကျွန်တော်တို့ရဲ့ အဆက်အသွယ်တွေ၊ အဆက်အသွယ်စာရင်းနဲ့ ထောက်လှမ်းရေးကွန်ယက်တွေအားလုံး တစ်ခုမကျန် ဖျက်ဆီးပစ်ခဲ့တာ ဖြစ်ပါတယ်။ ကျွန်တော်တို့ကိုယ်တိုင် ပစ္စည်း အမြောက်အမြားကို မီးရှို့ဖျက်ဆီးပစ်ခဲ့ပါတယ်။ ရှို့တဲ့ပစ္စည်းတွေက များလွန်းတော့ မီးဖိုတောင် ပေါက်ကွဲလုမတတ်ပါပဲဗျာ။

နေ့ရော ညပါ စာရွက်စာတမ်းတွေ မီးရှို့ခဲ့ရပါတယ်။ အင်မတန်မှ အရေးကြီးတဲ့ ပစ္စည်းတွေကိုတော့ မော်စကိုကို သယ်ယူသွားခဲ့ပါတယ်။ ဒါပေမယ့် အဲဒီပစ္စည်းတွေက ထောက်လှမ်းရေးလုပ်ငန်းနဲ့ မဆက်စပ် မပတ်သက်တော့ပါဘူး။ အဆက်အသွယ်တွေ အားလုံးကို ဖြတ်တောက်ပစ်လိုက်ပါပြီ။ သတင်းဧစ်မြစ်တွေကိုလည်း ဆက်ပြီး အသုံးမပြုတော့ပါဘူး။ အဆက်အသွယ် မပြုတော့တာကတော့ လုံခြုံရေးနဲ့ ပတ်သက်လို့ပါပဲ။ တချို့ အထောက်အထား စာရွက်စာတမ်းတွေ၊ ပစ္စည်းတွေကို ဖျက်ဆီးပစ်ခဲ့တာတွေ ရှိသလို၊ ဖော်ကွန်ဌာနကို ပေးပို့ထားတာလည်း ရှိပါတယ်။

■ **အဲဒါတွေက ဘယ်တုန်းက ဖြစ်တာလဲ။**

၁၉၈၉ ခုနှစ် ဖြစ်ပါတယ်။ ဆန္ဒပြသူတွေက အရှေ့ဂျာမနီမှာရှိတဲ့ လုံခြုံရေးဝန်ကြီးရဲ့ ဌာနချုပ်ကို ဝင်ရောက်ကျူးကျော်တဲ့ ကာလမှာပေါ့ဗျာ။ အဲဒီလူတွေက ကျွန်တော်တို့ဆီကို ကျူးကျော်လာမှာကို စိုးရိမ်နေရပါတယ်။

■ **အဲဒီ လုံခြုံရေးဝန်ကြီးဌာနကို ကျူးကျော်တဲ့ လူတွေကို ခင်ဗျား နားလည်နိုင်တယ် မဟုတ်လား။**

နားလည်နိုင်ပါတယ်။

ကျွန်တော် လူအုပ်ကြီးထဲမှာ မတ်တပ်ရပ်ရင်း အဖြစ်အပျက်တွေကို ကြည့်နေခဲ့ပါတယ်။ လူတွေက လုံခြုံရေးဝန်ကြီးဌာနထဲ ကျူးကျော်ချိုးဖောက် ဝင်ရောက်နေကြပါတယ်။ မိန်းမတစ်ယောက်က ယခုလို အော်ဟစ်လိုက်ပါတယ်။

'အယ်(လ)ဘ အောက်မှာရှိတဲ့ လူသွားစင်္ကြံကို ကြည့်ကြ။ အဲဒီအောက်မှာ အကျဉ်းသားတွေ ရှိတယ်။ ဒူးကို ရေထဲကို နှစ်ပြီး ညှဉ်းပန်းထားတယ်'

ဘာအကျဉ်းသားတွေလဲ။ အဲ(လ)ဘာ အောက်မှာ ဘာကြောင့် ရှိနေရတာလဲ။ ဟုတ်တယ်။ စစ်ဆေးမေးမြန်းတဲ့ အကျဉ်းစခန်းတွေ ရှိတယ်။ ဒါပေမယ့် အယ်(လ)ဘာရဲ့ အောက်ဘက်မှာတော့ မရှိပါဘူး။

အဲဒါကတော့ နောက်ပြန်ကန်ချက်ပါပဲ။ အဲဒီလူတွေကို ကျွန်တော် သဘောပေါက်ပါတယ်။ သူတို့ကို အမ်ဂျီဘီခေါ်တဲ့ ထောက်လှမ်းရေးက စောင့်ကြပ်ကြည့်ရှုခံနေရလို့ ပင်ပန်းနေတဲ့ လူပါပဲ။ သူတို့ကို နောက်ယောင်ခံလိုက်နေတာက လုံးဝဥဿုံပါပဲ။သူတို့က အမ်ဂျီဘီကို သူ့ရဲ့သူ့ဘက်တွေလို့ မြင်ထားကြတာဗျ။

ဒါပေမယ့် အမ်ဂျီဘီ လူ့အဖွဲ့အစည်းရဲ့ အစိတ်အပိုင်းတစ်ရပ်ပါပဲ။ အမ်ဂျီဘီဟာလည်း လူ့အဖွဲ့အစည်းကိုလိုပဲ ရောဂါဝေဒနာ ရရှိပြီး ဖျားနာနေပါပြီ။ အမ်ဂျီဘီမှာ လူတန်းစားပေါင်းစုံ ဝင်ရောက်တာဝန်ထမ်းဆောင်နေကြပါတယ်။ သူတို့တစ်တွေဟာ ရည်ရည်မွန်မွန်ရှိတဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်။ ကျွန်တော်နဲ့ ရင်းနှီးသူတွေ အမ်ဂျီဘီထဲမှာ ရှိပါတယ်။ အဲဒီလူတွေကို ပစ်တင်ဝေဖန်ရတဲ့ ကိစ္စကို ကျွန်တော်စဉ်းစားကြည့်မိပါတယ်။ အရှေ့ဂျာမနီမှာရှိတဲ့ ပြည်သူတွေနဲ့ လူ့အဖွဲ့အစည်းအပေါ်မှာ အမ်ဂျီဘီက ကျင့်သုံးတဲ့ နည်းစနစ်အတိုင်း ပြန်လည် ခံစားရတာပါပဲ။

မှန်တယ်။ အမ်ဂျီဘီ ထောက်လှမ်းရေးတချို့က ပြည်သူလူထုကို ရက်ရက်စက်စက် ညှဉ်းပန်းနှိပ်စက်မှုတွေ လုပ်တဲ့အထဲမှာ ပါတယ်။ ကျွန်တော့် မျက်စေ့နဲ့ တပ်အပ်မြင်တာတော့ မဟုတ်ဘူး။ အဲသလို အဖြစ်အပျက် မဖြစ်ပျက်ဘူးလို့လည်း ဘူးမပြောချင်ဘူး။ ဒါပေမယ့် ပုဂ္ဂိုလ်ရေးအရတော့ ကျွန်တော် တပ်အပ်မြင်တာမျိုး မရှိပါဘူး။

ဘာပဲပြောပြော အရှေ့ဂျာမနီက အရေးအခင်းနဲ့ အဖြစ်အပျက်က ကျွန်တော့်ကို မျက်စိဖွင့်ပေးလိုက်ပါတယ်။ ဥရောပရဲ့ အလယ်ဗဟိုမှာရှိတဲ့ အရှေ့ဥရောပနိုင်ငံတွေကို သွားရတာပဲလို့ တွေးထင်ခဲ့ပါတယ်။ ကျွန်တော် ရောက်တဲ့အချိန်က ၁၉၈၀ ပြည့်နှစ် နောက်ပိုင်းကာလ။ ကျွန်တော်နဲ့ အမ်ဂျီဘီ ထောက်လှမ်းရေးက လူတွေနဲ့ စကားမပြည် ပြောကြည့်တဲ့အခါမှာ ရုတ်တရက်ဆိုသလို သိလိုက်ရတဲ့ အသိတစ်ရပ်က ဆိုဗီယက်မှာ အရင်က ဖြစ်ပျက်တဲ့ အခြေအနေတွေကို အရှေ့ဂျာမနီက ရင်ဆိုင်နေရတယ်ဆိုတဲ့ အချက်ပါပဲ။

အရှေ့ဂျာမနီဟာ လွန်ခဲ့တဲ့ နှစ် ၃၀ ကာလက ဆိုဗီယက်ပြည်ထောင်စု တစ်ပါတီအာဏာရှင် နိုင်ငံနဲ့ တူနေပါတယ်။ ဝမ်းနည်းစရာ ကောင်းတာက ပြည်သူအများစုဟာ ကွန်မြူနစ်ဝါဒ စံပြ ရည်မှန်းချက်တွေကို ရိုးသားစွာနဲ့ ယုံကြည်နေကြတဲ့ အချက်ပဲ ဖြစ်ပါတယ်။ ကျွန်တော် အဲဒီအချိန်တုန်းက ၈၀၀၈၀ ဖြစ်နေပါတယ်။ အဲဒါက ဘာလဲဆိုတော့ အကယ်၍များ ဆိုဗီယက်ပြည်ထောင်စုမှာ တစ်စုံ

တစ်ရာ ပြောင်းလဲခဲ့တာတွေ ဖြစ်လာခဲ့ရင် အရှေ့ဂျာမနီက ပြည်သူတွေအပေါ် ဘယ်လိုများ ရိုက်ခတ်မှာလဲဆိုတဲ့ အချက်ပါပဲ။ ကြိုတင်မှန်းဆမှု ဝါဒီတွေက သွားခဲ့ပါရဲ့။ အဲဒီလို ရုတ်ချည်းပြောင်းလဲမှုတွေက အရှေ့ဂျာမနီ ဖြစ်လာမယ် ဆိုတာ ခဲယဉ်းပါတယ်။ မည်သူကမှ အဲသလို ဖြစ်လိမ့်မယ်လို့ မှန်းဆမထားပါဘူး။ ကျွန်တော်တို့ကလဲ ဘယ်လို အဆုံးသတ်မယ်ဆိုတာ မမှန်းဆနိုင်ပါဘူး။ ကျွန်တော် တို့အနေနဲ့ ယုံမှားသံသယ ဝင်နေတာကတော့ တစ်ပါတီအာဏာရှင်စနစ် အုပ် ချုပ်မှုဟာ သက်စိုးမရှည်ကြာတော့ဘူးဆိုတာပါပဲ။ စီးပွားရေး ပြုပြင်ပြောင်းလဲရေး တွေ ကျွန်တော်တို့နိုင်ငံမှာ စတင်ခဲ့ပြီး ဖြစ်ပါတယ်။ တချို့ ဖုံးကွယ်ထားတဲ့ ကြောင်းရပ်တွေဟာ ခုချိန်မှာ ပွင့်ပွင့်လင်းလင်း ပြောဆိုဆွေးနွေးလို့ ရလာပါပြီ။ ဒါပေမယ့် အရှေ့ဂျာမနီမှာတော့ အဲဒီလို ပြောဆိုခွင့်တွေ မရသေးပါဘူး။ မိသား တွေက တကွဲတပြား ဖြစ်နေကြပါတယ်။ ဆွေမျိုးတချို့က တံတိုင်းရဲ့ ဟိုမှာဘက် မှာ ရှိနေပါတယ်။ တချို့က ဒီဘက်မှာ။ လူတိုင်း နောက်ကနေ နောက်ယောင်ခံ လိုက်နေပါတယ်။ အဲဒါက ပုံမှန်အနေအထား မဟုတ်ဘူး။ သဘာဝလဲ မကျပါဘူး။

**■ ဆန္ဒပြသမားတွေက အမ်ဂျီဘီ ဌာနချုပ်ထဲ ဝင်ရောက်တော့ ခင်ဗျားကို ဘာမှ မလုပ်ကြဘူးလား။**

ဟုတ်ပ။ ဆန္ဒပြသမားတွေက ကျွန်တော်တို့ရှိတဲ့ အဆောက်အဦကိုလည်း ဝန်းရံထားတာပေါ့ဗျာ။ မှန်တယ်။ ဂျာမန်လူမျိုးတွေကလဲ အမ်ဂျီဘီ အဖွဲ့အစည်း ကို ဖျက်သိမ်းပစ်လိုက်တာပဲ။ အဲဒါကတော့ သူတို့ရဲ့ ပြည်တွင်းရေးကိစ္စပဲ ဖြစ် ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ဟာ သူတို့ရဲ့ ပြည်တွင်းရေး ကိစ္စနဲ့ ပတ်သက်ခြင်း မရှိပါဘူး။ လူအုပ်ကြီးကတော့ ပြင်းပြင်းထန်ထန်နဲ့ ခြိမ်းခြောက်နေပါတယ်။ ကျွန်တော်တို့ရဲ့ အဆောက်အဦထဲမှာ စာရွက်စာတမ်း အထောက်အထားတွေ ရှိနေ ပါတယ်။ ဘယ်သူကမှ ကျွန်တော်တို့နေရာကို အကာအကွယ်ပေးပါမယ်လို့ လက်ညှိုး မထောင်ပြခဲ့ပါဘူး။

လူအုပ်ကြီးရန်ကနေ ကိုယ့်ဘာသာကိုယ် ကာကွယ်မယ်လို့ ပြင်ဆင်ထား ပါတယ်။ ကျွန်တော်တို့ဟာ ကိုယ်လုပ်ပိုင်ခွင့်ဘောင်ထဲကနေ ကိုယ့်ဘာသာကိုယ် ကာကွယ်ကြတာပါပဲ။ သဘောကတော့ နိုင်ငံတော်အစိုးရချုပ်၊ ဝန်ကြီးဌာနချုပ် သဘောတူညီထားတဲ့ လုပ်ပိုင်ခွင့်ဘောင်ထဲကနေ လုပ်ခဲ့တာပါပဲ။ ဒီတော့ မိမိရဲ့ အဆောက်အဦကို ကာကွယ်ဖို့ အသင့်ပြင်ထားပြီး ဖြစ်ပါတယ်။ အဲဒီဆုံးဖြတ်ချက် သံမိဏ္ဍာန်ကြောင့် ဆန္ဒပြသူတွေအပေါ်မှာ သြဇာလွှမ်းနိုင်ခဲ့ပါတယ်။

■ **ခင်ဗျားမှာ အစောင့်စစ်သားတွေ ရှိပါသလား။**

အတန်သင့် ရှိပါတယ်။

■ **ဆန္ဒပြပွဲမှာ ပါတဲ့ လူတွေနဲ့ စကားပြောကြည့်ဖို့ မကြိုးစားဘူးလား။**

အချိန်အနည်းငယ်ကြာတော့ လူအုပ်ကြီးက ဒေါသထွက်လာပါတယ်။ ကျွန်တော်က တိုက်ခန်းအပြင်ဘက်ထွက်ပြီး ခင်ဗျားတို့ ဘာလိုချင်ကြတာလဲလို့ မေးရပါတယ်။ ကျွန်တော် သူတို့ကို ရှင်းပြရတာကတော့ ဒီအဆောက်အဦနဲ့ ရှိနေတဲ့ လူတွေက ဆိုဗီယက် စစ်ဘက်ဆိုင်ရာ အဖွဲ့အစည်းဖြစ်တယ်ဆိုတဲ့ အချက်ပါပဲ။ လူအုပ်ထဲက တချို့က ခုလို အော်ဟစ်ပါတယ်။

'ဒါဖြင့် မော်တော်ယာဉ်ထားတဲ့နေရာမှာ ရပ်ထားတဲ့ ကားတွေက ဂျာမန်လိုင်စင် ကားနံပါတ်တွေ ဖြစ်နေရတာလဲ'

'ခင်ဗျား ဘာလာလုပ်နေတာလဲ'

သူတို့ပြောနေတဲ့ စကားရဲ့ အဓိပ္ပာယ်က

'ခင်ဗျားတို့ ဘာတွေလဲဆိုတာ ကျုပ်တို့ သိတယ်'

ဆိုတဲ့ သဘောပါပဲ။

ကျွန်တော်က ဂျာမန်လိုင်စင်ကားနံပါတ်တွေ သုံးဖို့ နှစ်နိုင်ငံ သဘောတူညီချက်ထားရှိပြီးဖြစ်ကြောင်း ရှင်းပြခဲ့ပါတယ်။

'သူတို့က–

'ခင်ဗျား ဘယ်သူလဲ'

လို့ အော်ဟစ်ကြပါတယ်။

'ဂျာမန်လို ပြောတာလဲ မွတ်နေတာပဲ'

လို့ ပြောကြပါတယ်။

ကျွန်တော်က ဘာသာပြန် ပုဂ္ဂိုလ်ပါလို့ ဖြေလိုက်ပါတယ်။

လူထုကြီးက အင်မတန်မှကို ဒေါသသူပုန်ထနေပါတယ်။ ကျွန်တော်က မိမိရဲ့တပ်စုကိုခေါ်ပြီး အခြေအနေမှန်ကို ရှင်းပြလိုက်ပါတယ်။ ကျွန်တော်က ခုလို ပြောပြလိုက်ပါတယ်။

'မော်စကိုက အမိန့်တစ်စုံတစ်ရာ မရမချင်း တို့ ဘာမှ မလုပ်နိုင်ဘူး။ မော်စကိုကလည်း ဘာမှ ညွှန်ကြားချက် မပေးဘူး။ ငြိမ်သက်နေတယ်'

နာရီများစွာကြာမှ ကျွန်တော်တို့ရဲ့ တပ်စုက လူအုပ်ကြီးရှိတဲ့နေရာကို ရောက်သွားပါတယ်။ ဒီတော့မှပဲ လူအုပ်ကြီး 'ရှဲ' သွားပါတယ်။ ဒါပေမယ့် 'မော်စကိုက တိတ်ဆိတ်ငြိမ်သက်'နေတာကို စဉ်းစားမိတဲ့အခါမှာ ဆိုဗီယက် ပြည်ထောင်စုကြီးဟာ ဆုံးဝတည်ရှိခြင်း မရှိတော့ပါကလားဆိုတဲ့ ခံစားချက် ဝင်ရောက်လာပါတယ်။

ဟုတ်တယ်။ ပျောက်ဆုံးသွားပါပြီ။ ပြည်ထောင်စုကြီးဟာ ကုလို့မရအောင် ဖျားနာနေပြီ။ ဆေးကုသလို့ မရတဲ့ ဝေဒနာခံစားနေရပါပြီ။ အာဏာ သွက်ချာပါဒလိုက်တဲ့ ရောဂါပါပဲ။

လျှူ(၁) မီလာ ပူတင်နာ။ ။

[အရှေ့ဂျာမနီမှာ တော်လှန်ရေး အဖြစ်အပျက်တွေ ဖြစ်ပေါ်နေချိန်မှာ ကျွန်မတို့ရဲ့ အိမ်နီးနားချင်းတွေ ဘယ်လို ဖြစ်ပျက်ခဲ့ပုံကို ကျွန်မတွေ့မြင်ခဲ့ရပါတယ်။ ကျွန်မ အိမ်နီးချင်း မိတ်ဆွေအမျိုးသမီး ဆိုရင် တစ်ပတ်လောက် ငိုကြွေးနေခဲ့ပါတယ်။ သူ အော်ဟစ်ငိုယိုရတဲ့ အကြောင်းကတော့ ရည်မှန်းချက်တွေ ပျောက်ဆုံးလို့ ငိုတာ။ သူမ ဘဝတစ်သက်တာ ယုံကြည်မျှော်လင့်ထားတာတွေ ပျက်သုဉ်းလို့ ငိုကြွေးရတာ ဖြစ်ပါတယ်။ သူမတို့အဖို့ အစစ ပြိုကွဲပျက်စီးတာပါပဲ။ သူတို့ရဲ့ဘဝ။ သူတို့ရဲ့ လုပ်ငန်း။ အားလုံး အလုပ်လက်မဲ့ဘဝ ရောက်ကုန်ပါတယ်။ သူတို့ရဲ့ လုပ်ငန်းတွေလည်း ပိတ်ပင်ခြင်း ခံကြရပါတယ်။ ကတ္တာမှာ ဆရာမတစ်ယောက် ရှိပါတယ်။ အဲဒီ ဆရာမက ကျောင်းဆရာမပါ။ ဒါပေမယ့် ဘာလင်တံတိုင်းကြီး ပြိုကျပျက်စီးသွားပြီးတဲ့ နောက်ပိုင်းမှာတော့ အဲဒီဆရာမဟာ နေ့ကလေးထိန်းဌာနမှာ ဆရာမအဖြစ် လုပ်ခွင့် မရတော့ပါဘူး။ ဘာလို့လဲဆိုတော့ ဆရာ– ဆရာမတွေ၊ ဝန်ထမ်းတွေ အတော်များများက အမ်ဂျီဘီ ထောက်လှမ်းရေးအဖွဲ့ဝင်တွေ ဖြစ်နေလို့ပါပဲ။ သူမဟာ စိတ်ဓာတ် အတော်လေး ပျက်ပြားသွားခဲ့ပါတယ်။ မနည်းကို အားတင်းပြီးမှ အစိုးရ အမှုထမ်းတွေအိမ်မှာ အိမ်ဖော်သွားလုပ်ခဲ့ပါတယ်။

အရှေ့ဂျာမနီက မိတ်ဆွေတစ်ယောက်ကတော့ အနောက်တိုင်းကုမ္ပဏီမှာ အလုပ်ရသွားခဲ့ပါတယ်။ သူမက အဲဒီမှာ အချိန်တော်တော်ကြာ အမှုထမ်းခဲ့ပါတယ်။ အောင်မြင်မှုလဲ ရခဲ့ပါတယ်။ ရုတ်တရက်ဆိုသလို သူမရဲ့ အလုပ်ရှင်က ဆွေးနွေးပွဲ တစ်ခုမှာ အရှေ့ဂျာမနီက လူတွေမှာ ဉာဏ်တုံးတယ်၊ အရည်အချင်း မရှိဘူး။ ဒုတိယတန်းစား နိုင်ငံသားတွေ ဖြစ်တယ်လို့ ပြောလိုက်ပါတယ်။ သူမက သူဌေးပြောတာကို နားထောင်နေပါတယ်။ ပြီးမှ

'ဆရာ– ကျွန်မကလဲ အရှေ့ဂျာမနီကပါ။ ကျွန်မကော အရည်အချင်း မရှိဘူးလို့ ပြောချင်တာလား'

လို့ သူမက မေးလိုက်ပါတယ်။

သူမရဲ့ သူဌေး ငြိမ်ကျသွားပါတယ်။ သူဌေးက ဘာမှ အတွန့်မတက်ပါတော့ဘူး။ ဘာကြောင့်လဲဆိုတော့ သူမဟာ အလုပ် လုပ်တဲ့နေရာမှာ ဘာမှ အမှားအယွင်း မဖြစ်လို့ပါပဲ။

■ **ဘာလင်တံတိုင်း ပြိုကျသွားတဲ့အတွက် ခင်ဗျား ခံစားရပါသလား။**

အမှန်ပြောရင် အဖြစ်အပျက်ကြီးတစ်ခုလုံး မယုံနိုင်စရာ ကောင်းလှပါတယ်။ အရိုးသားဆုံးပြောရရင် ဥရောပတိုက်မှာ ဆိုဗီယက်ပြည်ထောင်စုရဲ့ ဩဇာနဲ့ အနေအထား ပျောက်ဆုံးသွားပြီးလို့ ခံစားရပါတယ်။ ဒါပေမယ့် အသိဉာဏ်နဲ့ ယှဉ်ခိုင်းစားကြည့်လိုက်တဲ့အခါမှာတော့ အုတ်တံတိုင်းကြီးတွေ၊ ခွဲခြမ်းမှုတွေနဲ့ လုပ်ထားသမျှ ကြာရှည်မခံတော့ဘူးဆိုတာ ကျွန်တော် သဘောပေါက်ခဲ့ပါတယ်။ အဲဒီ ပြိုကျသွားတဲ့နေရာမှာ အရင်ကနဲ့မတူတဲ့ အခြေအနေတစ်မျိုး အစားထိုးဝင်ရောက်ခေ ချင်ပါတယ်။ ဒါပေမယ့် မတူခြားနားတဲ့ အခြေအနေတစ်ရပ်ကို ဘယ်သူကမှ အဆိုမပြုကြပါဘူး။ ပြည်သူလူထုကြီးက အားလုံးကို စွန့်ပစ် လွှတ်ချလိုက်ပြီး ထွက်ခွာသွားကြပါတယ်။

နောက်ပိုင်း စိန့်ပီတာစဘတ်မြို့ကို ပြန်ရောက်တော့ အလွန်တရာမှ စိတ်ဝင်စားစရာကောင်းတဲ့ တွေ့ဆုံမှုတစ်ခု ပြုလုပ်ခဲ့ပါတယ်။ အဲဒါက ကစ်ဆင်ဂျားနဲ့ တွေ့ဆုံခြင်းပါပဲ။ စောစောက ကျွန်တော်ပြောတဲ့ စိတ်ကူးမျိုး သူလဲ စိတ်ကူးခဲ့ဖူးကြောင်း အတည်ပြု ပြောကြားပါတယ်။ ကော်မရှင်နာမည်က ကစ်ဆင်ဂျား-ဆို့ချက်ကော်မရှင် ဖြစ်ပါတယ်။ ကော်မရှင်ရဲ့ လုပ်ငန်းက စိန့်ပီတာစဘတ်မြို့တော် ခုမြို့ရေး၊ နိုင်ငံခြားရေး ရင်းနှီးမြှုပ်နှံမှု ဖိတ်ခေါ်ရေး ဖြစ်ပါတယ်။ ကစ်ဆင်ဂျားက စိန့်ပီတာစဘတ်မြို့တော်ကို မကြာခဏ လာပါတယ်။ တစ်ကြိမ်ကတော့ ကျွန်တော်နဲ့ ကစ်ဆင်ဂျားတို့ လေဆိပ်မှာ ဆုံတွေ့ခဲ့ကြပါတယ်။ ကားအတူစီးပြီး သူတည်းရမယ့်နေရာကို သွားပါတယ်။ လမ်းခရီးမှာပဲ ကစ်ဆင်ဂျားက ကျွန်တော် ဘယ်သူလဲ၊ ဘယ်ဌာနကလဲလို့ မေးပါတယ်။ ကစ်ဆင်ဂျားဟာ စပ်စုတဲ့ အဘိုးကြီးပါပဲဗျာ။ သူ့ပုံစံက ပြောသမျှ ခေါင်းညိတ်ပြီး အိပ်ငိုက်နေတဲ့ အဘိုးကြီးလို့ ထင်နေရပေမယ့် တကယ်တော့ အကုန်မြင်၊ အကုန်သိနေတဲ့ ပုဂ္ဂိုလ်ကြီးပါပဲ။ ကျွန်တော်တို့ စကားပြန်ကတစ်ဆင့် စကားပြောကြပါတယ်။ သူက ကျွန်တော့်ကို မေးပါတယ်။

‘ဒီနေရာမှာ အလုပ်လုပ်တာ ကြာပြီလား’

တစ်နှစ်လောက်ပဲ ရှိဦးမယ်လို့ ကျွန်တော်က ဖြေလိုက်ပါတယ်။

‘အရင်က ဘယ်မှာ လုပ်သလဲ’

ကစ်ဆင်ဂျားက မေးလိုက်ပါတယ်။

‘လီနင်ဂရက်မြို့ရဲ့ မြို့တော်ဝန်ရုံးမှာ’

ကျွန်တော်က ဖြေပါတယ်။

‘အဲဒီမှာ မလုပ်ခင်ကကော’

‘တက္ကသိုလ်မှာ’

'တက္ကသိုလ်မတိုင်ခင်မှာကော'

'တပ်မတော်မှာ အမှုထမ်းပါတယ်'

'ဘယ်တပ်မှာလဲ'

အင်း မစ္စတာ ကစ်ဆင်းဂျား၊ ခင်ဗျားကို စိတ်ညစ်အောင် လုပ်သလို ဖြစ် တော့မယ်လို့ ကျွန်တော် စိတ်ထဲက တွေးတောမိလိုက်ပါတယ်။

'ထောက်လှမ်းရေးမှာပါ'

လို့ ကျွန်တော်က ပြောလိုက်ပါတယ်။

'နိုင်ငံခြားမှာ တာဝန်ထမ်းဆောင်ဖူးသလား'

ကစ်ဆင်းဂျားက တည်ငြိမ်စွာ မေးပါတယ်။

'ထမ်းဆောင်ဖူးပါတယ်။ ဂျာမနီမှာပါ'

လို့ ကျွန်တော်က ပြောလိုက်ပါတယ်။

'အရှေ့လား၊ အနောက်လား'

'အရှေ့ဂျာမနီမှာပါ'

'အေးဗျ၊ ယဉ်ကျေးတဲ့ လူတွေဟာ အလုပ်စဝင်ရင် ထောက်လှမ်းရေးနဲ့ စကြတာပဲ။ ကျွန်တော်လည်း ထောက်လှမ်းရေးလုပ်ငန်း လုပ်ဖူးတယ်'

ကစ်ဆင်းဂျားကဖြေပါတယ်။

ပြီးမှ လုံးဝဥဿုံ မျှော်လင့်မထားဘဲ ဘာလင်တံတိုင်းကြီး ပြိုကျသွားရကြောင်း၊ ဤအဖြစ်ဟာ စိတ်ဝင်စားစရာကောင်းအောင် ကစ်ဆင်းဂျားက ပြောပြပါတယ်။

'ခင်ဗျားလည်း သိတဲ့အတိုင်းပဲ၊ ဆိုဗီယက်ဆိုရှယ်လစ်ပြည်ထောင်စု သမ္မတနိုင်ငံကို တာဝန်ယူပေးနေရတဲ့ ကျွန်တော်ဟာ ဆိုဗီယက်တွေရဲ့ လုပ်ရပ်ကြောင့် ကျွန်တော့်ကို ဝိုင်းဝန်းဝေဖန်နေကြတယ်ဗျ။ ကျွန်တော် ယုံကြည်ထားတာကတော့ ဆိုဗီယက်ပြည်ထောင်စုဟာ အရှေ့ဥရောပတိုက် နိုင်ငံတွေကို ခုထက် မြန်မြန်ဆန်ဆန်ကြီး စွန့်ပစ်ဖို့ မကောင်းပါဘူး။ အဲဒီလို စွန့်လိုက်တဲ့အတွက် ကမ္ဘာကြီးရဲ့ ချိန်ခွင်လျှာဟာ တစ်ဘက်စောင်းနင်း ဖြစ်သွားပါတော့တယ်။ အဲဒီတော့ မလိုလားအပ်တဲ့ အကျိုးဆက်တွေ ဖြစ်ပေါ်စေမှာ ဖြစ်ပါတယ်။ ခုတော့ အဲဒီလို ဖြစ်သွားတဲ့အတွက် ကျွန်တော်ကို ဝိုင်းဝေဖန်နေကြပါရဲ့ဗျာ။ လူတွေက ခုလို ပြောကြတယ်။

'ကြည့်စမ်း၊ ဆိုဗီယက်တွေ စွန့်သွားပြီ။ အားလုံး ပုံမှန်ဖြစ်သွားပြီ။ အဲဒီလို မဖြစ်နိုင်ဘူးလို့ ခင်ဗျား ထင်ထားတယ် မဟုတ်လားဗျ'

လို့ကစ်ဆင်းဂျားက ပြောပါတယ်။

'ဒါပေမယ့် အဲဒါ မဖြစ်နိုင်ဘူးလို့ ကျွန်တော်ထင်ထားပါတယ်'



လို့ ကျွန်တော်က ပြောလိုက်ပါတယ်။

ကစ်ဆင်းဂျားက အတန်ကြာအောင် စဉ်းစားနေပါတယ်။ ပြီးမှ ယခုလို ဖြည်းဖြည်းစွက်ပြောပါတယ်။

'ပွင့်ပွင့်လင်းလင်း ပြောမယ်ဗျာ။ ဂေါ်ဗာချော့(ဖ) ဘာလို့ အဲဒီလို လုပ်ရသလဲဆိုတာ ကျွန်တော် ခုချိန်ထိ သဘောမပေါက်သေးဘူး'

ကစ်ဆင်းဂျား နှုတ်ဖျားကနေ ဒီလိုစကားမျိုး ထွက်လာလိမ့်မယ်လို့ ကျွန်တော် ထင်မထားပါဘူး။ ကျွန်တော် ဘယ်လို စဉ်းစားထားတယ်ဆိုတာ ကစ်ဆင်းဂျားကို ပြောပြလိုက်ပါတယ်။ အဲဒီစကားကို ကျွန်တော် ခင်ဗျားတို့ကို ထပ်ပြီးပြောပြပါတယ်။ ကစ်ဆင်းဂျား ပြောတာ မှန်ပါတယ်။ တကယ်လို့သာ ဆိုဗီယက်တွေဟာ အရှေ့ဥရောပကနေ ကသုတ်ကယက် မထွက်သွာခဲ့ဘူးဆိုရင် ကျွန်တော်တို့ဟာ ပြဿနာ အမြောက်အမြားတွေ ရှောင်လွှဲနိုင်ခဲ့မှာ ဖြစ်ပါတယ်။

* * *

လို့ ကျွန်တော်က ပြောလိုက်ပါတယ်။

ကစ်ဆင်းဂျားက အတန်ကြာအောင် စဉ်းစားနေပါတယ်။ ပြီးမှ ယခုလို ဖြည့်စွက်ပြောပါတယ်။

'ပွင့်ပွင့်လင်းလင်း ပြောမယ်ဗျာ။ ဂေါ်ဗာချော့(ဖ) ဘာလို့ အဲဒီလို လုပ်ရ သလဲဆိုတာ ကျွန်တော် ခုချိန်ထိ သဘောမပေါက်သေးဘူး'

ကစ်ဆင်းဂျား နှုတ်ဖျားကနေ ဒီလိုစကားမျိုး ထွက်လာလိမ့်မယ်လို့ ကျွန် တော် ထင်မထားပါဘူး။ ကျွန်တော် ဘယ်လို စဉ်းစားထားတယ်ဆိုတာ ကစ်ဆင်းဂျား ကို ပြောပြလိုက်ပါတယ်။ အဲဒီစကားကို ကျွန်တော် ခင်ဗျားတို့ကို ထပ်ပြီးပြောပြ ပါတယ်။ ကစ်ဆင်းဂျား ပြောတာ မှန်ပါတယ်။ တကယ်လို့သာ ဆိုဗီယက်တွေဟာ အရှေ့ဥရောပကနေ ကသုတ်ကယက် မထွက်သွားခဲ့ဘူးဆိုရင် ကျွန်တော်တို့ဟာ ပြဿနာ အမြောက်အမြားတွေ ရှောင်လွှဲနိုင်ခဲ့မှာ ဖြစ်ပါတယ်။

* * *

## အပိုင်း (၆)

### ဒီမိုကရက်

ကေဂျီဘီနဲ့ သဟာဇာတ မဖြစ်တော့သော ပူတင်သည် တက္ကသိုလ် ပုရဝဏ်မှာ ခေါ်ချပြီး ပညာတတ်တစ်ယောက်အဖြစ် အသက်မွေး ဝမ်းကျောင်းပြုရန် ဆုံးဖြတ်လိုက်၏။ လီနင်ဂရက် တက္ကသိုလ် တွင် ဒေါက်တာဘွဲ့ယူ စာတမ်းတင်ရန် တက်ရောက်သည်။ သို့သော် မြို့တော်ဝန်ဌာနမှ အာနာတိုလီ ဆိုချက်က သူ့နှင့် လက်တွဲလုပ်ရန် ဆွယ်သည်။ သို့ဖြင့် ပူတင်သည် နိုင်ငံရေး လောကထဲသို့ ခြေစုံပစ်ဝင်လိုက်သည်။ ဆိုချက် မြို့တော်ဝန် ဖြစ်ရေးကိုလည်း အကူအညီပေးခဲ့ရသည်။ သည်နောက်ကား အကုသိုလ်များနှင့် ကြုံတွေ့ရတော့၏။ လျူ(ဒ)မီလာ မော်တော် ကား တိုက်ခံရသည်။ သူတို့နေသော တိုက်ခန်း မီးလောင်သည်။ ဆိုချက် မြို့တော်ဝန် ရွေး ကောက်ပွဲတွင် ရှုံးနိမ့်သည်။ ပူတင်က မြို့တော်ကောင်စီမှနေ၍ နုတ်ထွက်ပြီး တခြား ခြေလှမ်းတစ်ခု စတင်သည်။

■ **ခင်ဗျားအနေနဲ့ကော ကေဂျီဘီ ခေတ်ကုန်သွားပြီလို့ ထင်ထားပါသလား။**

ကျွန်တော့်ကို မော်စကိုမှာရှိတဲ့ ကေဂျီဘီ ဗဟိုဌာနချုပ်မှာ လုပ်ဖို့ ကမ်းလှမ်းကြပါတယ်။ ဒါပေမယ့် ကျွန်တော် ငြင်းပယ်ခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကေဂျီဘီမှာ အနာဂတ်ဆိုတာ မရှိတော့လို့ပါပဲ။ နိုင်ငံတော်မှာကလဲ အနာဂတ် မရှိတော့ပါဘူး။ ဒီအခြေအနေမှာ စနစ်တစ်ခုထဲမှာ ငြိမ်သက်စွာ ထိုင်နေဖို့ဆိုတာ မဖြစ်ပါဘူး။ ကျွန်တော့်ဘေးပတ်လည်မှာရှိနေတဲ့ အရာတွေ ပြိုလဲပျက်စီးနေတာကို ထောင်ကြည့်နေလို့လဲ မဖြစ်ပါဘူး။

ဆာရဂေး ရို(လ)ဒူဂင်။ ။

[အရှေ့ဂျာမနီမှာရှိတဲ့ ထောက်လှမ်းရေး ကွန်ယက်ကြီး တစ်ခုလုံး ပြိုကွဲပျက်စီးသွားတာနဲ့ ပတ်သက်ပြီး ပူတင် ဝမ်းနည်းကြေကွဲခဲ့ရပုံတွေ၊ စိတ်ရှုပ်ထွေးခဲ့ရပုံတွေကို ကျွန်တော် ကောင်းကောင်းကြီး မှတ်မိခဲ့ပါတယ်။

သူက ခုလိုပြောလိမ့်မယ် ထင်ပါတယ်။

'ခင်ဗျား အဲဒီလို မလုပ်သင့်ဘူး။ ဘယ်လိုများ လုပ်လိုက်တာလဲ။ ကျွန်တော် မှားကောင်းမှားနိုင်တယ်ဆိုတာ ကျွန်တော် သိပါတယ်။ ဒါပေမယ့် အလွန် အရည်အသွေးမြင့်မားတဲ့ ကြေးစားပုဂ္ဂိုလ်တွေက အမှားတွေ ပြုလုပ်မိခဲ့တာပဲ'

ပူတင်ခမျာ အတော်ကြာ စိတ်ကုန်သွားပုံရပါတယ်။

ကျွန်တော်က သူ့ကို ပြောလိုက်ပါတယ်။

'ပူတင် မင်းလည်းသိပြီးသားပဲ။ ငါ ဘာမှ မပြောချင်ဘူး'

သူက

'ငါ ကေဂျီဘီကနေ နုတ်ထွက်တော့မယ်ကွာ' တဲ့။

'ဟေ့ ထောက်လှမ်းရေး တစ်ယောက်မှာ အဲဒီသဘောထား မရှိရဘူးလေ'

လို့ ကျွန်တော်က ပြောလိုက်ပါတယ်။
ပူတင်က တကယ့် ခံစားချက်နဲ့ ပြောနေတာ ဖြစ်ပါတယ်။ ကျွန်တော် အဲဒီလိုလဲ ယုံကြည်ထားပါတယ်။ ဒါပေမယ့် ထောက်လှမ်းရေးသမားတစ်ယောက်ရဲ့ ခေါင်းထဲမှာရှိတဲ့ အသိပညာ၊ ဗဟုသုတနဲ့ သတင်းအချက်အလက်တွေ မေ့ပစ်လိုက်လို့ ဘယ်ရမှာလဲ။ တစ်စုံတစ်ယောက်ဟာ ထောက်လှမ်းရေးအဖွဲ့အစည်းနဲ့ အဆက်အသွယ် ပြတ်သွားကောင်း ပြတ်သွားနိုင်ပါတယ်။ ဒါပေမယ့် စဉ်းစား တွေးခေါ်ပုံ၊ ကမ္ဘာလောကကြီးကို ရှုမြင်သုံးသပ်ပုံတွေကိုတော့ မဖျောက်ပစ်နိုင်ပါဘူး။]

ကျွန်တော်တို့ လုပ်တဲ့ လုပ်ငန်း မလိုအပ်လှတော့ပါဘူးဗျာ။ လုပ်စရာဆိုလို့က သတင်းရေးသားတာ၊ လှုစုတာ၊ ထောက်လှမ်းရေး သတင်းတွေပေးပို့ရတာလောက်ပဲ ရှိပါတော့တယ်။ မော်စကိုမှာ ရှိနေတဲ့ ထောက်လှမ်းရေးဌာနချုပ်ကလည်း ကျွန်တော်တို့ရဲ့ သတင်းတွေကို အရေးလုပ်ပြီး ဖတ်မနေပါဘူး။ ကျွန်တော်တို့က ရှေ့ ဘာဖြစ်မယ်ဆိုတာတွေကို ရေးသားပေးပို့ခဲ့ပါရဲ့။ ပြဿနာဖြစ်လာရင် ဘယ်လို ဆောင်ရွက်ရမယ်ဆိုတာလဲ ပြောပြထားပါရဲ့။ ဒါပေမယ့် ကျွန်တော်တို့ရဲ့ အစီရင်ခံစာတွေ၊ သတင်းပေးပို့ချက်တွေကို ဘာမှ တုန့်ပြန်ဖြေကြားလုပ်ဆောင်တာ မရရှိခဲ့ပါဘူး။ ဘာမှ တုန့်ပြန်မှု မရှိရင် ဘာလို့ လုပ်ငန်း လုပ်နေရမှာပါလဲ။ နှစ်ပေါင်းများစွာ ကုန်လွန်နေရတာ ဘာကိစ္စအတွက်ပါလဲ။ ပိုက်ဆံရဖို့ တစ်ခုပဲလား။

ဥပမာဆိုတော့ဗျာ၊ ထောက်လှမ်းရေးက သိပ္ပံနဲ့ နည်းပညာရပ်ဆိုင်ရာ ဌာနမှာ အလုပ်လုပ်နေတဲ့ ကျွန်တော့် သူငယ်ချင်းဆိုရင် အရေးကြီးတဲ့ သိပ္ပံနည်းကျ ရှာဖွေတွေ့ရှိမှုကြောင့် ဒေါ်လာငွေ အမြောက်အမြားရပါတယ်။ အဲဒီ လုပ်ငန်းကိုပဲ ကျွန်တော်တို့ နိုင်ငံမှာ သီးသန့် ပြုလုပ်မယ်ဆိုရင် ပိုက်ဆံအများကြီး ကုန်ကျမှာ ဖြစ်ပါတယ်။ ကျွန်တော့် သူငယ်ချင်းက သတင်းကို ရရှိအောင်လုပ်ပြီး ဗဟိုဌာနချုပ်ကို ပေးပို့ပါတယ်။ ဌာနဆိုင်ရာ လူတွေက ရောက်လာကြပြီ။

'အံ့ဖွယ်ရာပါပဲ၊ ထူးခြားလှတဲ့ သတင်းအချက်အလက်တွေ တစ်ခုပဲ။ ကျေးဇူးပဲ။ အနမ်းတွေပေးရမယ်။ မင်းအတွက် ဆုတံဆိပ်ရဖို့ တင်ပြမယ်'

လို့ ပြောကြတယ်။

ဒါပေမယ့် ထောက်လှမ်းရေးကို အသုံးမပြုကြဘူး။ သုံးကြည့်ဖို့လည်း မကြိုးစားကြဘူး။ ကျွန်တော်တို့နိုင်ငံရဲ့ နည်းပညာအဆင့်အတန်းကလည်း အသုံးပြုနိုင်တဲ့ အနေအထားမရှိဘူး။

အတိုချုပ်ပြောရမယ်ဆိုရင်ပေါ့ဗျာ၊ ဇန်နဝါရီလ ၁၉၉၀ ခုနှစ်မှာ အရှေ့ဂျာမနီ



ကနေ ဆိုဗီယက်ကို ပြန်ရောက်တယ်။ ကျွန်တော် ဌာနနဲ့ ဆက်သွယ်ပြီး ပူးပေါင်းလုပ်ဆောင်နေခဲ့ပါတယ်။ ဒါပေမယ့် နုတ်ထွက်ဖို့ အကြံအစည်ကို တိတ်တဆိတ်ဆွဲနေခဲ့ပါတယ်။ ကျွန်တော့်မှာ ကလေးနှစ်ယောက် ရှိတယ်။ ကျွန်တော် ဘာမှ အလဟဿ မဆုံးရှုံးနိုင်ဘူး။ ကျွန်တော် ဘာလုပ်ရမှာလဲ။

ဆာရဂေး ရို(လ)ဒူဂင်။ ။
ပူတင် ဂျာမနီက ပြန်လာတော့ သူ့ကို ဌာန မော်စကို ဒါမှမဟုတ် ပီတာစဘတ်မြို့မှာ ရာထူးတိုးမြှင့်ပြီး တာဝန်ဆက်လက်ထမ်းဖို့ ပြောတဲ့အကြောင်း ပြောပြပါတယ်။ ဘယ်နေရာက ရာထူး အဆင့် ပြေမယ်ဆိုတာ ကျွန်တော်တို့ ဆွေးနွေးကြပါတယ်။
'မော်စကိုမှာတော့ လူတိုင်းက ဆရာကြီးချည်းပဲ။ သာမန် လူ တစ်ယောက်မှ မရှိကြဘူး။ လူတစ်ယောက်ဆိုရင် သူ့ဦးလေးက ဝန်ကြီးဌာနမှာ ရှိတယ်။ နောက် တစ်ယောက်က ဝန်ကြီးဌာနမှာပဲ အစ်ကို ရှိတယ်။ နောက်တစ်ယောက်က အဲဒီဝန်ကြီးဌာနမှာ ယောက်ဖရှိနေတာမျိုးကွ။ မင်းမှာက ဘာအဆက်အသွယ် ဆွေမျိုးမှ မရှိဘူး။ အဲဒီလို နေရာမျိုးမှာ မင်း ဘယ်လို လုပ်မှာလဲ'
လို့ ကျွန်တော်က ပြောလိုက်ပါတယ်။
ပူတင်က ခေတ္တမျှ စဉ်းစားနေပါတယ်။
'ဒါပေမယ့် မော်စကိုမှာ တက်လမ်းရှိတယ် မဟုတ်လားကွ'
လို့ ပြန်ပြောပါတယ်။
ဒါပေမယ့် ပူတင်ဟာ စိန့်ပီတာစဘတ်မှာ နေဖို့ သေသေချာချာ ဆုံးဖြတ်ပြီး ဖြစ်နေတာကို ကျွန်တော် တွေ့ရပါတယ်။]

လီနင်ဂရက်တက္ကသိုလ်မှာ သူလျှိုအဖြစ် လုပ်ရတာ ကျွန်တော် သဘောကျပါတယ်။ ကျွန်တော် ဒေါက်တာဘွဲ့ယူစာတမ်းပဲ ရေးချင်တယ်လေ။ ဒီတော့ တက္ကသိုလ် လေ့လာကြည့်တယ်။ အလုပ်တစ်ခုလည်း ရနိုင်တယ်။ ဒီလိုနဲ့ ၁၉၉၀ မှာ ကျွန်တော် တက္ကသိုလ် အဓိပတိရဲ့ လက်ထောက်အဖြစ် ခန့်အပ်ခြင်း ခံရပါတယ်။ တာဝန်ကတော့ နိုင်ငံတကာရေးရာကိစ္စကို လုပ်ဆောင်ရပါတယ်။

လျူ(ဒ) မီလာ ပူတင်နာ။ ။
ကျွန်မတို့ ပြုပြင်ပြောင်းလဲရေးတွေနဲ့ အမှီလိုက်ရပါတယ်။ ၁၉၈၆ မှ ၁၉၈၈ ခုနှစ် အခြေအနေတွေကို သေသေချာချာ လေ့လာပါတယ်။ ဒါပေမယ့် ရုပ်မြင်သံကြားကနေပဲ ကြည့်ရတာပါ။ အဲဒီကာလမှာ လူတွေရဲ့ ပျော်ရွှင်ကြည်နူးမှု ပုံပြင်တွေကို နားထောင်ရဖူးပါရဲ့။

> ဒါပေမယ့် ကျွန်မတို့ ဌာနေလည်း မြို့ရောက်ကော ပြောင်းလဲမှုတွေ ဘာမှ သိပ်မတွေ့ရပါဘူးရှင်။ အရင်ကလိုပဲ တန်းစီနေတဲ့ လူတွေက ကြောက်စရာ၊ တမျှော်တခေါ်ကြီးပါ။ ရာရှင်ကတ်၊ ကူပွန်ကတ်တွေ ရှိနေတုန်းပဲ။ ဆိုင်တွေမှာက စင်မှာလည်း ပစ္စည်း မရှိပါဘူး။ အဲဒီအချိန် အိမ်ပြန်ရောက်စ စတိုးဆိုင်သွားရမှာကို ကျွန်မ လန့်နေမိပါတယ်။ တချို့မိန်းမတွေလို အစားလေး တစ်လုပ်စားရဖို့ တန်းစီစောင့် ဆိုင်းရတဲ့ အလုပ် မလုပ်နိုင်ပါဘူး။ နီးရာဆိုင်ကနေသွားပြီး လိုချင်တဲ့ ပစ္စည်းဝယ်ယူရပါတယ်။ အခြေအနေက ကြောက်စရာ ကောင်းလှပါရဲ့။
>
> အရှေ့ဂျာမနီမှာ စုဆောင်းလာခဲ့တဲ့ ပိုက်ဆံတွေလဲ ကုန် လောက်ပြီ ထင်ပါတယ်။ ပိုက်ဆံတွေက မော်တော်ကားထဲ အကုန် ရောက်သွားပြီ လေ။ ဂျာမနီမှာရှိတဲ့ အိမ်နီးနားချင်းတွေက အနှစ် နှစ်ဆယ်လောက် သက်တမ်းရင့်နေပြီဖြစ်တဲ့ အဝတ်လျှော်စက်ကို ပေးလိုက်ပါတယ်။ အဲဒါ ကို ကျွန်မတို့ နောက်ထပ် ၅ နှစ်လောက် ဆက်သုံးခဲ့ပါတယ်။
>
> ကျွန်မယောက်ျား လုပ်ငန်း ပြောင်းလဲသွားပါတယ်။ တကယ် တမ်း ပြောရရင် အရှေ့ဂျာမနီမှာတုန်းက သူ့လုပ်ငန်းက အောင်မြင် ပါတယ်။ ဒါပေမယ့် ရှေ့ ဘာဆက်လုပ်ရမယ်ဆိုတာကို သူ ရှင်းလင်း ပြတ်သားစွာ စဉ်းစားပြီး ဖြစ်ပါတယ်။ အချိန်တစ်ချိန်မှာ သူလုပ်နေရ တဲ့ လုပ်ငန်းက သူ့ဘဝရဲ့ အမှန်တကယ် မျှော်မှန်းချက်နဲ့ မကိုက်ညီ ဘူးဆိုတာ သူခံစားခဲ့ပုံရပါတယ်။ ဒါပေမယ့် အတိတ်နဲ့ ကင်းကွာဖို့ဆို တာကော နိုင်ငံရေးလောကထဲ ခြေစုံပစ်ဝင်ဖို့ ဆိုတာက မလွယ် ကူလှပါဘူးရှင်]

အဲဒီအချိန်က လီနင်ဂရက်တက္ကသိုလ်ကျောင်းအုပ်ကြီးက စတန်နီဆလ ပီထရိုဗစ်(ချ) မာကူရီယဲ့(ဖ) ဖြစ်ပါတယ်။ သူက လူတော်ပါ။ ထူးချွန်တဲ့ တက္ကသို ပညာရှင်တစ်ယောက်။

ကျွန်တော်က ဒေါက်တာ ဘွဲ့ယူစာတမ်း စတင်ရေးသားပါတယ်။ ကျွန်တော် ရွေးချယ်တဲ့ ပုဂ္ဂိုလ်က ဗဲလရီ အေဘရမ်မိုဗစ်(ချ) မူဆင် ဖြစ်ပါတယ်။ သူက နိုင်ငံတကာ ဥပဒေပညာရပ်နဲ့ ပတ်သက်လို့ လေးစားရတဲ့ ထူးချွန်သူတွေထဲမှ တစ်ယောက်အပါအဝင် ဖြစ်ပါတယ်။ သူက ကျွန်တော့် စာတမ်းကြီးကြပ်ပေးရသူ ဖြစ်ပါတယ်။ ရေးသားမည့် အကြောင်းအရာကတော့ နိုင်ငံတကာ ပုဂ္ဂလိက ဥပဒေ ဖြစ်ပါတယ်။ ကျွန်တော် စာတမ်းအတွက် ပါဝင်ရမယ့် အခန်းကဏ္ဍတွေကို အကြမ် ဖျင်း ရေးသားပါတယ်။

လီနင်ဂရက်တက္ကသိုလ် ဥပဒေဌာနမှာရှိတဲ့ မိတ်ဆွေသူငယ်ချင်းတွေနဲ့ ပြ ဆက်သွယ်ရပါတယ်။ တော်တော်များများက ဌာနမှာရှိနေပါတယ်။ ဒေါက်တာဘွဲ့



ဖြစ်နေကြပြီး ကထိကတွေ၊ ပါမောက္ခတွေ ဖြစ်နေကြပါပြီ။ အဲဒီထဲက တစ် ယောက်က လီနင်ဂရက်မြို့တော်ကောင်စီရဲ့ ဥက္ကဋ္ဌ အနာတိုလီ ဆိုချက်ကို အကူ ညီပေးဖို့ အကူအညီတောင်းခဲ့လာပါတယ်။ ဆိုချက်မှာ လူ ကောင်းတွေနဲ့ ဖွဲ့ထားတဲ့ အဖွဲ့တစ်စု လိုအပ်နေပါတယ်။ တကယ်တော့ သူက လူလိမ် လူညာတွေရဲ့ ဝိုင်းထားတာ ခံနေရပါတယ်။ ကျွန်တော် သူနဲ့ လက်တွဲ လုပ်ကိုင်ရမှာလား။

'အေး ငါ စဉ်းစားပါရစေဦး။ ပြီးတော့ ငါက အရင် ကေဂျီဘီဟောင်းနော်။ ဒါကော သူသိထားရဲ့လား။ ငါ သူနဲ့ စေ့စပ်ဆွေးနွေးရဦးမယ်'

လို့ ကျွန်တော်က ပြောလိုက်ပါတယ်။

'မင်း သူနဲ့ စကားပြောကြည့်ကွာ'

လို့ သူငယ်ချင်းက ပြောပါတယ်။

အဲဒီချိန်ထဲက ဆိုချက်က ထင်ရှားကျော်ကြားအောင်မြင်နေတဲ့ ပုဂ္ဂိုလ်မှန်း ကျွန်တော် သိထားပါတယ်။ သူကိုယ်တိုင်က ပြောဆိုတာတွေ ကျွန်တော် စိတ်ဝင် စားတယ်။ အရမ်းအရမ်းကို စိတ်ဝင်စားတယ်။ သူနဲ့တွေ့တော့ အားလုံး သဘော ကျပေမယ့် ကျွန်တော့်ရဲ့ လေးစားမှုကိုတော့ သူက ရအောင်ယူနိုင်ခဲ့ပါတယ်။ ချင်တာက တက္ကသိုလ်မှာရှိစဉ်က ကျွန်တော်တို့ ဆရာအဖြစ် ရှိစဉ်ကထက် ဂုဏ်ရာထူးနဲ့ကျမှ ပိုပြီး နူးညံ့သိမ်မွေ့နေပါတယ်။ တက္ကသိုလ်မှာ ရှိစဉ်တုန်းက ၊ ကျွန်တော် ပုဂ္ဂိုလ်ရေး ဆက်စပ်မှု ဘာမှ မရှိခဲ့ပါဘူး။ ကျွန်တော်က သူ့ရဲ့ တပည့်တော် ကျောင်းသားလို့ ရေးကြသားကြတာတွေ ရှိပါတယ်။ အဲဒါမမှန်ပါဘူး။ ကျွန်တော်ရဲ့ စာသင်နှစ် နှစ်နှစ်လောက်မှာ သူဟာ ကျွန်တော်တို့ရဲ့ ကထိကအဖြစ် စာသင်ကြားပေးခဲ့ဖူးပါတယ်။

လီနင်ဂရက်မြို့တော် ကောင်စီရုံးမှာပဲ ဆိုချက်နဲ့ ကျွန်တော် တွေ့ဆုံရပါ တယ်။ အဲဒီရှုခင်းကို ကျွန်တော် ကောင်းကောင်း မှတ်မိနေပါတယ်ဗျာ။ ရုံးခန်းထဲ ဝင်သွား၊ မိတ်ဆက်စကား ကိုယ့်ဖာသာပြောပြ၊ ပြီးမှ ဖြစ်ကြောင်းကုန်စင် ပြောပြရတာ ပါ။ သူက စိတ်မြန်ကိုယ်မြန်ရှိသူ ဖြစ်ပါတယ်။ ချက်ချင်းပဲ ပြောပါတယ်။

'ငါ စတန်နီစလပ် ပီထရိုဗစ်(ချ်) မာကူရီယက်(ဖ)ကို အကြောင်းကြားလိုက် မယ်။ မင်း တနင်္လာနေ့ အလုပ်လာဆင်းတော့။ အေး ဒါပဲ။ မင်းနဲ့ငါ သဘောတူညီ ချက်လုပ်ပြီးပြီ။ မင်းကို မြို့တော်ကောင်စီကို ပြောင်းလိုက်ပြီ'

ကျွန်တော်က ခုလိုပဲ ပြောလိုက်ပါတယ်။

'အနာတိုလီ အလက်ဆန်ဒရိုဗစ်(ချ) ခင်ဗျား၊ ဒီလုပ်ငန်းလုပ်ရမှာ ကျွန်တော် ဝမ်းသာပါတယ်ခင်ဗျာ။ စိတ်လည်း စိတ်ဝင်စားပါတယ်။ ဒါပေမယ့် ပြောင်းရွှေ့ ရက်စွက အတော်လေး ခက်ခဲမယ်ထင်ပါတယ်'

'ဘာပြောတယ်။ ကျုပ်ပြောမယ်၊ ကျုပ်က နိုင်ငံတော်သမ္မတရဲ့လက်ထော
ဖြစ်ရုံမကဘူး ကောဂျီဘီထောက်လှမ်းရေးရဲ့ အရာရှိတစ်ယောက် သိရဲ့လား'

လို့ သူက ပြောပါတယ်။

ပြီးတာနဲ့ သူက ငြိမ်သက်သွားပါတယ်။ ကျွန်တော်လဲ တကယ်ပဲ သူ့
အံ့အားသင့်သွားပါတယ်။ သူက စဉ်းစားနေပါတယ်။ ပြီးမှ ရုတ်တရက်ဆိုသ
ပြောချလိုက်တယ်။

'ကဲ မေ့ထားလိုက်ကွာ'

လို့ ပြောလိုက်ပါတယ်။

အဲဒီလို အဖြစ်မျိုးနဲ့ ရင်ဆိုင်ရမယ်လို့ ကျွန်တော် ထင်မထားပါဘူး။ အဲ
က ကျွန်တော်တို့ နှစ်ယောက် ပထမဆုံး တွေ့ကြုံတဲ့ အဖြစ်ပါပဲ။ သူက ပါမောက
ဥပဒေဘွဲ့ရ ဒေါက်တာ။ လီနင်ဂရက်မြို့တော်ကောင်စီဥက္ကဋ္ဌ။ ယခုလို ပွင့်ပွင့်လင
လင်း စကားပြောရလိမ့်မယ်လို့ မျှော်လင့်မထားဘူး။

ပြီးမှ သူက ယခုလို ဆက်ပြောပါတယ်။

'ကျုပ်မှာ လက်ထောက်တစ်ယောက် လိုအပ်နေတယ်။ ပွင့်ပွင့်လင်းလင
ပြောရရင် ကျုပ်က ညီခံပွဲတွေ ဘာတွေ တက်ရမှာ ကြောက်ရွံ့တယ်။ အဲဒီမှ
ရှိတဲ့ ပုဂ္ဂိုလ်တွေဟာ ဘယ်လို လူစားတွေလဲဆိုတာ ကျုပ်မသိဘူး'

ဆိုချက်ရဲ့ အပြင်စည်းဝိုင်းမှာ တာဝန်ယူလုပ်နေတဲ့ ရုံးအဖွဲ့ဝင်တွေဟာ
ရိုင်းလည်းရိုင်း၊ ကြမ်းလည်းကြမ်းတမ်းကြပါတယ်။ ဆိုဗီယက်ခေတ်ကာလ ကျော
က ရှေ့ဆောင်လူငယ်တွေရဲ့ အစဉ်အလာကောင်းတွေကို လုပ်ဆောင်နေကြသူတ
ဖြစ်ပါတယ်။ သူတို့က မြို့တော်ကောင်စီရဲ့ ကိုယ်စားလှယ်တွေကို အနှောက်အယှ
ပေးကြတယ်။ ဆိုချက်နဲ့ ကိုယ်စားလှယ်တွေ မသင့်မတင့် ဖြစ်အောင် ရန်တိုက်ပေ
ကြပါတယ်။ အဲဒါတွေကို သိတဲ့အချိန်ကစပြီး ကျွန်တော်က ဆိုချက်နဲ့ ဝမ်းမြောက
ဝမ်းသာစွာနဲ့ လက်တွဲဖို့ ဆုံးဖြတ်ခဲ့တာပါပဲ။ တစ်ခုပဲ ရှိပါတယ်။ ကျွန်တော့်ရဲ
ကေဂျီဘီ အထက်အရာရှိကို ဒီကိစ္စ ပြောပြရမယ်။ တက္ကသိုလ်မှာ ခန့်ထားတ
ရာထူးကနေ နုတ်ထွက်ရမှာ ဖြစ်ပါတယ်။

အဲဒီကိစ္စက ကိုင်ရတွယ်ရ ခက်ခဲပါတယ်။ ကျွန်တော် အလုပ်ဌာန ပြောင်းချ
တယ်ဆိုတဲ့အကြောင်းကို အထက်အရာရှိတွေကို တင်ပြဖို့ အတော်ခက်ခဲပါရဲ့။

ကျွန်တော် အထက်အရာရှိကို ယခုလိုသွားပြောခဲ့ပါတယ်။

'ကျွန်တော် တက္ကသိုလ်က ထွက်လာခဲ့မယ်ဆိုရင် အနာတိုလီ အပက်(စ)မ
ဒရိဗစ်(ချ)က သူ့ဆီမှာ လာလုပ်ဖို့ ခေါ်နေပါတယ်။ ဖြစ်နိုင်မယ်ဆိုရင် ကျွန်တော
တက္ကသိုလ်ကနေ နုတ်ထွက်ချင်ပါတယ်'



'မရဘူး။ ဘာဖြစ်လို့ ပြောင်းချင်ရတာလဲ။ အဲဒီကို ဘာလို့ သွားလုပ်ချင်
တာလဲ။ မဖြစ်နိုင်ဘူး'

လို့ သူတို့က ပြောကြပါတယ်။

ကျွန်တော့်ရဲ့ အထက်အရာရှိတွေဟာ သဘောသက္ကယကောင်းသူတွေ ဖြစ်
ကြပါတယ်။ အခြေအနေကို ရိပ်စားမိကြပါတယ်။ ကျွန်တော့်အပေါ်မှာလဲ ဖိအား
တော့ သိပ်မပေးရဘူး။ ဒါကြောင့်လည်း ကျွန်တော့်ကို လုံခြုံရေးထောက်လှမ်းရေးမှာ
ရင်းအဖြစ် ထည့်ပေးထားခဲ့တာ ဖြစ်ပါတယ်။ ဒါပေမယ့် ထောက်လှမ်းရေးဌာနချုပ်
ကို ခြေလှုံးဝ မချခဲ့ဘူးပါဘူး။

အံ့ဩစရာကောင်းတာတစ်ခုကတော့ ကျွန်တော့်အထက်အရာရှိက စုံစမ်း
စစ်ဆေးရေး စစ်ဆင်ရေး၊ စီမံကိန်းတွေမှာ အသုံးမပြုတာပါပဲ။ ကျွန်တော့်အထင်
တော့ ဘာမှ ထိရောက်မှာ မရှိဘူးလို့ သူတို့ နားလည်သဘောပေါက်ထားကြလို့
ဖြစ်မှာပါ။ နောက် ပြောစရာရှိတာကတော့ အစစအရာရာ အားလုံး၊ ဥပဒေဆိုင်ရာ
ဌာနတွေပါ တစ်စစီပြိုကွဲ ပျက်စီးနေလို့ပဲ ဖြစ်ပါတယ်။

> ဗလာဒီမာ ချူရော့(ဖ)။ စိန့်ပီတာစဘတ်မြို့တော်ဝန်ရုံးရှိ နိုင်ငံခြား ဆက်သွယ်ရေး ကော်မတီဒုတိယဥက္ကဋ္ဌ။
>
> [၁၉၉၁ ခုနှစ်မတိုင်ခင်က စမိုး(လ)နီမှာ ရုံးခန်းတွေ သီးသန့် ခွဲခြားထားပါတယ်။ ရုံးခန်းထဲမှာ ဓာတ်ပုံနှစ်ပုံ ချိတ်ဆွဲထားပါတယ်။ လီနင်ရဲ့ပုံနဲ့ လီရော့(ဖ)ရဲ့ ပုံဖြစ်ပါတယ်။ လီနင်ရဲ့ပုံအောက်မှာ တခြား ပုံတွေကို ချိတ်ဆွဲထားပါတယ်။ အဲဒီနောက်မှာတော့ လီနင်ပုံကော၊ လီရော့(ဖ)ပုံပါ ဖယ်ရှားပစ်လိုက်ပါတယ်။ နံရံမှာ သံချက်တွေသာ ကျန် ရှိနေပါတယ်။ ဓာတ်ပုံတွေကတော့ ကိုယ်ကြိုက်တဲ့ပုံ ကိုယ့်အခန်းထဲမှာ ချိတ်ဖို့ ယူသွားကြပါတယ်။ လူအတော်များများက ယဲ့(လ)ဆင်ကို ရွေးချယ်ကြပါတယ်။ ပူတင်ကတော့ ပီတာဘုရင်မင်းမြတ်ကို ရွေးချယ်ခဲ့ ပါတယ်။ သူ့အခန်းထဲမှာ သူ့စိတ်ကြိုက်ဓာတ်ပုံ နှစ်ပုံ ရွေးထားပါတယ်။ တစ်ပုံက ဆံပင်ကောက်ကောက်နဲ့ လုလင်ပျို ပီတာဘုရင်မင်းမြတ်။ စစ်ဝတ်စစ်စား ပန်းပွားတွေ ဝတ်ထားပါတယ်။ အဲဒီပုံကို ဆွတ်ပျံ့လွမ်း မောဖွယ်ကောင်းအောင် ပန်းချီနဲ့ ဆွဲထားတာပါ။ နောက်တစ်ပုံက ပီတာဘုရင်ရဲ့ နောက်ဆုံးပြုပြင်ပြောင်းရေးတွေ အရှိန်အဟုန်နဲ့ လုပ်နေ ချိန်က ရေးဆွဲထားတဲ့ ပုံတူပဲ ဖြစ်ပါတယ်။ ပီတာဘုရင်ရဲ့ ပြုပြင် ပြောင်းလဲရေးထဲမှာ ပရုပ်ရှားစစ်ဆင်ရေးကိစ္စ ကျဆုံးမှုလဲပါသလို၊ ပြောက်ပိုင်းဒေသ စစ်ပွဲလဲပါပါတယ်။ သဘောကတော့ ပီတာက ရှုံးနိမ့်နောက် ရဲ့တွင်တာပါပဲ။

ကျွန်တော့်အထင်ကတော့ ပူတင်က ရည်ရွယ်ချက်နဲ့ ပီတာပုံ ရွေးချယ်တာ ဖြစ်ပါလိမ့်။ ဒီပန်းချီကားက ရှားပါးပန်းချီဖြစ်သလို၊ လူသိလည်း အင်မတန်နဲလှပါတယ်။ ပီတာဘုရင်ဟာ ဝမ်းနည်းနေတဲ့ စိတ်စောနေတဲ့ ပုံသဏ္ဌာန်ပေါ်လွင်နေပါတယ်။]

ထောက်လှမ်းရေးလုပ်ငန်းမှာရှိတဲ့ ကျွန်တော့်အပေါင်းအသင်းတချို့က တစ်ချိန်မှာတော့ ဆိုချက်နဲ့ ကျွန်တော် အရမ်းရင်းနှီးတာကို ဖျက်ဆီးပစ်ဖို့ ကြိုးစားခဲ့ပါတယ်။ ဆိုချက်ဟာ စီးပွားရေးလုပ်ငန်းနဲ့ ပတ်သက်ပြီး ခရီး မကြာခဏ ထွက်လေ့ရှိပါတယ်။ ဒါ့အပြင် မြို့မှာလည်း ကြာရှည်မနေတတ်ပါဘူး။ ရုံးခန်းကို လှည့်ပတ်ကြည့်ဖို့ ကျွန်တော့်ကိုပဲ တာဝန်လွှဲထားပါတယ်။ တစ်နေ့တော့ ခရီးမထွက်ခင် သူ အရမ်းကို အလုပ်များနေပါတယ်။ သူ့လက်မှတ်ပါမှ ဖြစ်မယ့် ကိစ္စ ပေါ်ပေါက်နေပါတယ်။ အဲဒီစာချုပ်ကလည်း မပြီးသေးဘူး။ သူကလဲ ပြီးတဲ့အချိန်ထိ စောင့်မနေနိုင်ဘူး။ ဒါနဲ့ ဆိုချက်က စက္ကူလွတ် သုံးရွက်ပေါ်မှာ လက်မှတ်ရေးထိုးပေးထားခဲ့တယ်။ ပြီးတာနဲ့

'မင်းပဲ ပြီးအောင်လုပ်လိုက်တော့'

လို့ ပြောပြီး ထွက်သွားပါတယ်။

အဲဒီညနေမှာပဲ ကေဂျီဘီမိတ်ဆွေတွေက ကျွန်တော့်ဆီ ပေါက်ချလာပါတယ်။ ကျွန်တော်တို့ ဟိုအကြောင်း သည်အကြောင်း ပြောနေကြပါတယ်။ အဲဒီအချိန်မှာပဲ သူတို့က ကျွန်တော့်ကို တစ်စုံတစ်ခုသော အထောက်အထားအတွက် ဆိုချက် လက်မှတ်သာရရင် သိပ်ကောင်းမှာပဲလို့ ပြောရှာကြပါတယ်။ ကျွန်တော်တို့ အဲဒီကိစ္စ ပြောဖြစ်ကြလို့လား။ ဒါပေမယ့် ကျွန်တော်က သတိနဲ့နေတဲ့လူ။ ဘဝ တစ်လျှောက်မှာ နှုတ်လုံအောင်ထိန်းပြီး ရှင်သန်အောင် နေလာခဲ့တဲ့ လူ။ အခြေအနေမှန်ကို ကျွန်တော် သဘောပေါက်သွားခဲ့ပါတယ်။ ကျွန်တော်က စက္ကူအိတ်ထဲကနေပြီးတော့ စာရွက်လွတ်တွေပေါ်မှာ ရေးထားတဲ့ ဆိုချက်ရဲ့ လက်မှတ်တွေ သူတို့ကို ပြသလိုက်ပါတယ်။ သူတို့ကော ကျွန်တော်ပါ ဆိုချက်ရဲ့ ကျွန်တော့်အပေါ် ထားရှိတဲ့ ယုံကြည်ကိုးစားမှုနဲ့ ပတ်သက်လို့ သဘောပေါက်သွားကြတော့တာပါပဲ။

'သူ ငါ့ကို ယုံကြည်မှုရှိတယ်ဆိုတာ မြင်ပြီမဟုတ်လား'

ကျွန်တော်က ပြောလိုက်ပါတယ်။

ပြီးမှ

'မင်းတို့ ငါ့ဆီက ဘာလိုချင်တာရှိလို့လဲ'

သူတို့ ချက်ချင်းပဲ နောက်ဆုတ်သွားကြပါတော့တယ်။



'ဘာမှ မေးစရာ၊ မရှိတော့ပါဘူး၊ ဝမ်းနည်းပါတယ်'

လို့ သူတို့က ပြောလိုက်ပါတယ်။

ဒီလိုနဲ့ပဲ အရာရာဟာ ပြီးဆုံးသွားတော့တာပါပဲ။

ဒါပေမယ့် အခြေအနေကတော့ ပုံမှန်မဟုတ်ဘဲ ရှိနေပါရဲ့။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်ဟာ ကေဂျီဘီကနေ လစာငွေ ရနေသေးလို့ ဖြစ်ပါတယ်။ အဲဒီ လစာငွေက မြို့တော်ကောင်စီကရတဲ့ ငွေထက် ပိုများနေပါတယ်။ အဲဒီမှာတင်ပဲ ကေဂျီဘီကနေ နှုတ်ထွက်စာ ရေးသားရင် ကောင်းမယ်ဆိုတဲ့ စိတ်ကူးကို ကျွန်တော် ရလိုက်ပါတော့တယ်။

မြို့တော်ကောင်စီမှာရှိတဲ့ ကိုယ်စားလှယ်တွေနဲ့ ဆက်ဆံရတာဟာ အမြဲတမ်း ချောမွေ့ခြင်း မရှိလှပါဘူး။ ဘာကြောင့်လဲဆိုတော့ ဒီပုဂ္ဂိုလ်တွေဟာ တခြားလူတွေရဲ့ ကိစ္စရပ်တွေကို ဝင်ရောက်စွက်ဖက်တတ်လို့ ဖြစ်ပါတယ်။ တစ်နေ့တော့ ကိုယ်စားလှယ်တစ်ယောက်က ကျွန်တော့်ဆီ ပေါက်ချလာပြီး ခုလိုပြောပါတယ်။

'ခင်ဗျား အသိပဲနော်။ ကျွန်တော်တို့ ကူညီစရာတွေ တစ်ပုံတစ်ခေါင်း ရှိနေတယ်။ ဒီတော့ ခင်ဗျားက ဟိုဟာလေး ဒီဟာလေး လုပ်ပေးပါဗျာ' တဲ့။

ကျွန်တော် သူတို့ကို ကြိမ်ဖန်များစွာ မောင်းထုတ်ပစ်ခဲ့ပြီး ဖြစ်ပါတယ်။

တစ်နေ့တော့ အဲဒီပုဂ္ဂိုလ် ကျွန်တော့်ဆီ ရောက်လာပြီး–

'ဒီနေရာမှာ မကောင်းတဲ့လူတွေ အများကြီးရှိတယ်။ တကယ်တော့ ရန်သူတွေပဲ။ ခင်ဗျားဟာ ကေဂျီဘီ ထောက်လှမ်းရေးသမားဆိုပြီး အပုပ်ချနေတယ်။ ဒီတော့ အဲဒီလူတွေကို ခင်ဗျားအနေနဲ့ နှိပ်ပစ်ရမယ်။ ကျွန်တော် ခင်ဗျားကို အကူအညီပေးမယ်။ ဒါပေမယ့် ခင်ဗျား တစ်ခုတော့ လုပ်ပေးနိုင်ရလိမ့်မယ်'

ဒီငတိတွေ ကျွန်တော့်ကို လွှတ်ထားမှာ မဟုတ်ဘူးဆိုတာ ကျွန်တော် သဘောပေါက်ပါတယ်။ သူတို့ ကျွန်တော့်ကို ငွေညှစ်မှာ ဖြစ်ပါတယ်။ အဲဒါ သေချာပါတယ်။ ဒီတော့ ခက်ခဲတဲ့ ဆုံးဖြတ်ချက်ကို ကျွန်တော် ချလိုက်ပါတယ်။ အဲဒါကတော့ ကေဂျီဘီကနေ နှုတ်ထွက်စာတင်လိုက်တာပါပဲ။ ဒီလို မျက်နှာပြောင်တိုက် ငွေညှစ်တာမျိုးတွေ ခံရပေါင်းများလို့ စိတ်ညစ်လှပါပြီ။

အဲဒီလို နှုတ်ထွက်ဖို့ ဆုံးဖြတ်လိုက်တာဟာ ကျွန်တော့်အတွက် အင်မတန်ခက်ပါတယ်။ အဲဒီနှစ်မှာပဲ ကေဂျီဘီနဲ့ မပတ်သက်၊ အလုပ်မလုပ်ဘဲ နေခဲ့ပေမယ့် ကျွန်တော့်ဘဝက ကေဂျီဘီနဲ့ လုံးဝ ပြတ်တောက်သွားပြီလို့ မဆိုနိုင်ပါဘူး။ ကာလက ၁၉၉၀ လေ။ ဆိုဗီယက်ဆိုရှယ်လစ် ပြည်ထောင်စုကြီးက လုံးဝဥဿုံ မပြိုကွဲသေးဘူးလေ။ ဩဂုတ်လ အာဏာသိမ်းမှုတွေ မပေါ်ပေါက်သေးဘူးလေ။ နိုင်ငံတော် ဘယ်ကို ဦးတည်သွားနေတယ်ဆိုတာ ဘယ်သူမှ မခန့်မှန်းနိုင်ဘူး။ ဆိုချက်ဟာ ထင်ရှားတဲ့

နိုင်ငံရေးသမားတစ်ယောက် ဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော့် ဘဝ နောင်ရေးကို သူနဲ့ပဲ နှောင်ဖွဲ့ထားဖို့ မဖြစ်သေးဘူး။ ဖျတ်ကနဲ သတိပြုမိချိန်မှာပဲ အရာရာဟာ ရှင်းလင်းနေပြီ။ ပြီးတော့ မြို့တော်ဝန်ဌာနကနေ ပြုတ်သွားခဲ့ရင်ရော ကျွန်တော် ဘာဆက်လုပ်ရမှာလဲ ဆိုတာကိုလဲ ကြိုတင် စဉ်းစားထားနေရပါတယ်။ အဲဒီကို အခြေအနေဆိုး ပေါ်ပေါက်လာပြီဆိုရင်တော့ ကျွန်တော် တက္ကသိုလ် ပြန်သွား၊ ပါရဂူဘွဲ့ကို ပြီးအောင် ပြန်လုပ်မယ်။ အချိန်ပိုမှာ တခြားနေရာကနေ ပိုက်ဆံရှာရမယ်။

ကျွန်တော် ကေဂျီဘီမှာ လုပ်တုန်းက တည်ငြိမ်အေးဆေးတဲ့နေရာမှာ လုပ်ခဲ့ရတာ ဖြစ်ပါတယ်။ လူတွေကလဲ ကောင်းကောင်းမွန်မွန် ဆက်ဆံကြပါတယ်။ စနစ်တကျနဲ့ ဖွဲ့စည်းထားတဲ့ ကျွန်တော့်ဘဝဟာ အောင်မြင်ခဲ့ပါရဲ့။ ခုတော့ ကျွန်တော် အဲဒီ အလုပ်ကနေ နုတ်ထွက်စွန့်ခွာချင်နေပြီဗျာ။ ဘာလို့လဲ။ ကျွန်တော် အဲဒီအလုပ်မှာ မပျော်တော့ဘူး။ အဲဒီလို နုတ်ထွက်ဖို့ စဉ်းစားရတာလဲ ကျွန်တော့်ဘဝမှာ အင်မတန်မှ ခက်ခဲတဲ့ ဆုံးဖြတ်ချက်ချရတာပါ။ အချိန်အတော်ကြာအောင် စဉ်းစားခဲ့ရတယ်။ တစ်နေရာမှာထိုင်၊ စဉ်းစား။ ပြီးတာနဲ့ နုတ်ထွက်စာ စာကြမ်းကောက်ခြစ်လိုက်တော့တာပါပဲ။

အဲဒီကနေ နုတ်ထွက်စာလဲ တင်ပြီးရော ကျွန်တော်ဟာ ကေဂျီဘီမှာ အလုပ်လုပ်ဖူးသူဖြစ်ကြောင်း ကြေညာဖို့လည်း ဆုံးဖြတ်ခဲ့ပါတယ်။ ကျွန်တော့်သူငယ်ချင်း ရုပ်ရှင်ဒါရိုက်တာ အီဂေါ် အာဘာရာမိုဗစ်(ချ) ရှ(ဒ)ခန်ကို အကူအညီပေးဖို့ ပြောရပါတယ်။ သူက ပါရမီရှိတဲ့ လူ။ သူ့နာမည်ကြီးရုပ်ရှင်က **လူရွယ်များကို စမ်းသပ်ခြင်း** ရုပ်ရှင်ကားဖြစ်ပါတယ်။ သူက အဲဒီကာလမှာ လီနင်ဂရက် ရုပ်မြင်သံကြား စတူဒီယိုမှာ အလုပ်လုပ်နေပါတယ်။ သူ့ဆီ ကျွန်တော်သွားပြီး ခုလို ပြောလိုက်ပါတယ်။

'အီဂေါ် ငါအရင်တုန်းက ဘယ်မှာ လုပ်ခဲ့တယ်ဆိုတာကို ပြည်သူတွေ ဖွင့်ဟပြမယ်။ အဲဒီလို လျှို့ဝှက်ချက်ကို ဖွင့်ပြလိုက်မှပဲ ငါကို အဲဒီဌာနက လူတွေက ငွေညှစ်တာတွေ မလုပ်ဘဲ နေနိုင်မှာ'

သူက ကျွန်တော်နဲ့ တွေ့ဆုံပြောဆိုထားတာတွေကို ရုပ်မြင်သံကြား ရိုက်ကူးထားခဲ့ပါတယ်။ ကေဂျီဘီမှာ ကျွန်တော် ဘာလုပ်ရတယ်ဆိုတာ အသေးစိတ် ပြောကြားထားခဲ့ပါတယ်။ ဒါတင်မကဘူး ကျွန်တော် ဘာတွေလုပ်ခဲ့တယ်ဆိုတာတွေလည်း ပါတယ်။ တခြားအကြောင်းအရာတွေကို ပြောပြခဲ့ပါတယ်။ အဲဒီရုပ်သံခွေကို လီနင်ဂရက် ရုပ်သံကနေ ထုတ်လွှင့်ပြသခဲ့ပါတယ်။ နောက်တစ်ကြိမ်မှာတော့ တစ်စုံတစ်ယောက်က ကျွန်တော့်ဘဝကို လာရောက်ပြီး ဘာတွေလုပ်ခဲ့သလဲဆိုတာ အရိပ်အမြွက်ပြောလာတာနဲ့

ကျွန်တော်က–



'တော်လောက်ပြီ။ စိတ်ဝင်စားစရာ မကောင်းဘူး။ လူတိုင်းသိပြီးသား ဖြစ်နေ ပြီ'

လို့ ပြောပစ်လိုက်ပါတယ်။

ဒါပေမယ့် ကျွန်တော် နုတ်ထွက်စာက တစ်နေရာမှာပဲ ချောင်ထိုးထားခဲ့ပုံ ရပါတယ်။ ကျွန်တော့်အထင်ကတော့ နုတ်ထွက်စာကို အဲဒီတစ်စုံတစ်ယောက်သော ဗိုလ်ချုပ်က ဆုံးဖြတ်နိုင်ပုံ မရပါဘူး။ ဒါကြောင့် အာဏာသိမ်းမှုလဲဖြစ်ရော ကျွန်တော်က တက်ကြွတဲ့ ကေဂျီဘီ အရာရှိတစ်ယောက်အဖြစ် ပါဝင်နေရတော့တယ်။

## ■ ဩဂုတ်လ ၁၈၊ ၁၉၊ ၁၉၉၁[*] ခုနှစ် ညမှာ ခင်ဗျား ဘယ်ရောက်နေသလဲ။

ကျွန်တော် ခရီးထွက်နေပါတယ်။ အဲဒီအရေးအခင်းလည်းဖြစ်ရော ကျွန်တော် အရမ်း စိတ်ပူသွားခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော် လီနင်ဂရက်ကို အရက် ၂၀ မှ ပြန်ရောက်ခဲ့ပါတယ်။ ဆိုချက်နဲ့ ကျွန်တော် ကျွန်တော်တို့ မြို့တော်ကောင်စီကို လက်တွေ့ပြောင်းရွှေ့ခဲ့ကြပါတယ်။ ကျွန်တော်တို့နှစ်ယောက်တင် မဟုတ်ပါဘူး၊ လူတော်တော်များများပါ အဲဒီမြို့တော်ကောင်စီကို ရောက်နေကြပါတယ်။ ကျွန်တော်တို့လဲ အဲဒီလူတွေနဲ့အတူ ရောပါနေကြတော့တာပေါ့။ အန္တရာယ်လည်း ကြီးတယ်။ ဒါပေမယ့် ကျွန်တော်တို့ဟာ လက်တွေ့ကျကျ လုပ်စရာတွေ လုပ်ခဲ့ကြပါတယ်။ ကျွန်တော်တို့ ကီရော့(ဖ) စက်ရုံနဲ့ တခြားစက်ရုံတွေသွားပြီးတော့ အလုပ် သမားတွေနဲ့ စကားပြောကြပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ စိတ်လှုပ်ရှားနေကြပါတယ်။ ကျွန်တော်တို့ကို ပစ္စတိုတောင်ပေးကြပါတယ်။ ကျွန်တော့်ရဲ့ ကေဂျီဘီ ထောက်လှမ်းရေးသုံး ခြောက်လုံးပြူးကိုတော့ ကျွန်တော် မီးခံသေတ္တာထဲမှာ သိမ်းထားခဲ့ပါတယ်။

ရောက်လေရာမှာ လူတွေအားလုံးက ကျွန်တော်တို့ကို ထောက်ခံကြပါတယ်။ တစ်စုံတစ်ယောက်က ခုလို ဖြစ်ပေါ်နေတဲ့ အခြေအနေကို တားဆီးမယ်ဆိုရင် အဲဒီမှာ ကြီးမားတဲ့ အကျိုးဆက်တွေ အများကြီး ဖြစ်လာမှာ သေချာပါတယ်။ ဒီလိုနဲ့ပဲ အာဏာသိမ်းပွဲဟာ ပြီးဆုံးသွားပါတယ်။ အာဏာသိမ်းဖို့ ကြိုးစားတဲ့ လူတွေကို လိုက်လံဖမ်းဆီးကြပါတော့တယ်။

---

* ဩဂုတ်လ ၁၈–၁၉–၁၉၉၁ ခုနှစ်က ရုရှသမ္မတ ဘောရစ်ယဲ့(လ)ဆင်က အာဏာသိမ်းဖို့ ကြိုးစားတဲ့ ဆိုဗီယက်ခေတ်ဟောင်း အမာခံတွေကို ခုခံတဲ့နေ့ ဖြစ်ပါတယ်။ ဒီနေ့ဟာ ၁၉၉၁ မှာ ယခင် ဆိုဗီယက်ဆိုရှယ်လစ်ပြည်ထောင်စု သမ္မတနိုင်ငံကြီးဟာ ပြိုကွဲ ပျက်စီးသွားခဲ့ပါတယ်။

■ **အာဏာသိမ်းတဲ့ လူတွေကို ခင်ဗျား ဘယ်လိုယူဆပါသလဲ။**

ရှင်းနေပါတယ်ဗျာ။ သူတို့ဟာ တိုင်းပြည်ဖျက်ဆီးကြတာပဲ။ သူတို့ရဲ့ ပန်း တိုင်ရည်မှန်းချက်ဖြစ်တဲ့ ဆိုဗီယက်ပြည်ထောင်စုကြီး ပြိုကွဲပျက်စီးသွားပြီ ဒါ သူတို့ မျက်မြင်ကိုယ်တွေ့ပဲလေ။ သူတို့စံထားတဲ့ စနစ်ကို ရှိစေချင်တာနဲ့ လုပ်တဲ့ လုပ်ရပ် နည်းလမ်းနဲ့ ရည်မှန်းချက်တွေက တိုင်းပြည်ကို ပျက်စီးအောင် ကြံဆောင်တာပဲ။ ရုပ်မြင်သံကြားမှာ အဲဒီအာဏာသိမ်းတဲ့ ပုဂ္ဂိုလ်တွေရဲ့ မျက်နှာတွေ တွေ့လိုက်ရ ကော ပြီးဆုံးသွားပြီဆိုတာ သိလိုက်ရပါတယ်။

■ **ပြောရမယ်ဆိုရင်တော့ အာဏာသိမ်းပွဲဟာ ကြံဆောင်တဲ့လူတွေ၊ ကြံစည်တဲ့ နည်းတွေနဲ့အတူ နိဂုံးချုပ်သွားခဲ့ပါပြီ။ ဒါပေမယ့် ခင်ဗျားက ကေဂျီဘီအရာရှိ မဟုတ်လား။ ဆို့ချက်နဲ့ ခင်ဗျားတို့က အာဏာသိမ်းတဲ့ဘက်ကနေ မကြိုးစား ကြဘူးလား။**

ကျွန်တော်က ကေဂျီဘီ အရာရှိ မဟုတ်တော့ဘူး။ အာဏာသိမ်းပွဲ စတင် တာနဲ့ ဘယ်ဘက်က ရပ်တည်ရမယ်ဆိုတာ ကျွန်တော် ဆုံးဖြတ်ပြီးပြီ။ အာဏာ သိမ်းဖို့ ကြိုးစားတဲ့ ပုဂ္ဂိုလ်တွေရဲ့ အမိန့်တွေ မနာခံဘူးလို့ ကျွန်တော် သံမိဋ္ဌာန် ချပြီးပြီ။ ဘယ်တော့မှ အဲဒီပုဂ္ဂိုလ်တွေဘက်က ရပ်တည်မှာ မဟုတ်ဘူး။ ပါဝင်မှာ မဟုတ်ဘူး။ ကျွန်တော်ကောင်းကောင်းသိပါတယ်။ ကျွန်တော့်လုပ်ရပ်က ရာဇဝတ် မှုမကင်းတဲ့ လုပ်ရပ်ဆိုတာ။ ဒါကြောင့် ဩဂုတ်လ ၂၀ ရက်နေ့မှာပဲ ကေဂျီဘီကနေ နှုတ်ထွက်စာကို ဒုတိယအကြိမ်မြောက် တင်ခဲ့ပါတယ်။

■ **ဒါပေမယ့် ပထမ နှုတ်ထွက်စာလိုပဲ ချောင်ထိုးထားခဲ့ရရင်ကော။**

အဲဒီလို ဖြစ်နိုင်တာကို ကျွန်တော် ချက်ချင်း ဆိုသလိုပဲ ဆိုချက်ကို သတိပေးခဲ့ပါတယ်။

'အနာတိုလီ အလက်ဆန်ဒရိုဗစ်(ချ)၊ ကျွန်တော် နှုတ်ထွက်စာတစ်စောင် တစ်ကြိမ်တင်ပြီးပြီ။ ဒါပေမယ့် ဘယ်မှာ ချောင်ထိုးထားသလဲ မသိဘူး။ ခုနောက် တစ်စောင် ထပ်တင်ရပြန်ပြီ'

လို့ ကျွန်တော်က ပြောလိုက်ပါတယ်။

အဲဒီမှာပဲ ချက်ချင်းဆိုသလို ဆို့ချက်က ဗလာဒီမာ ကရူ(ချ)ကော့(ဖ) (ကေဂျီဘီအကြီးအကဲ) ကို ခေါ်တယ်။ ပြီးတာနဲ့ ကျွန်တော့်အထက်အရာရှိကိုပါ ခေါ်လိုက်ပါတယ်။ နောက်နေ့လဲကျကော ကျွန်တော့်ရဲ့ နှုတ်ထွက်စာက အတည်ပြု လက်မှတ်ထိုးပြီးပြီလို့ အကြောင်းပြန်ကြားပါတယ်။ ကေဂျီဘီအကြီးအကဲ ကရူ(ချ) ကော့(ဖ)ဟာ ကွန်မြူနစ်ဝါဒကို အကြွင်းမဲ့ ယုံကြည်သူ ဖြစ်ပါတယ်။ သူက



အာဏာသိမ်းတဲ့ ပုဂ္ဂိုလ်များနဲ့ ပူးပေါင်းခဲ့ပါတယ်။ ဒါပေမယ့် လူကတော့ အင်မတန် မှ ယဉ်ကျေးတဲ့ လူပါ။ အဲဒီနေ့ကစပြီး ကျွန်တော် သူ့ကို အရမ်းလေးစားသွားခဲ့ ပါတယ်။

■ **ခင်ဗျား ခံစားရပါသလား။**

အရမ်းကိုပါပဲ။ ဘာလို့လဲဆိုတော့ ကျွန်တော့်ဘဝကို အပိုင်းပိုင်းဖြစ်အောင် ခွဲဆုတ်ပစ်လိုက်လို့ပါပဲ။ အဲဒီအချိန်ထိ ရုရှပြည်မှာ ပြောင်းလဲမှုတွေ တကယ် ဖြစ်ပေါ်နေတယ်ဆိုတာ ကျွန်တော်ကောင်းကောင်း နားမလည်သေးပါဘူး။ အရှေ့ ဂျာမနီကနေ မိခင်မြေကို ပြန်ရောက်တော့မှ တစ်စုံတစ်ခုဖြစ်နေပြီဆိုတာ ရှင်းနေပါ တော့တယ်။ ဒါပေမယ့် အာဏာသိမ်းပွဲကြုံတော့မှ ကေဂျီဘီအပေါ်မှာ ထားရှိတဲ့ ကျွန်တော့်ရဲ့ ရည်မှန်းချက်တွေ၊ မျှော်မှန်းချက်တွေဟာ အမှန်တကယ်ပဲ ပြိုကွဲပျက် သုဉ်းသွားပါတော့တယ်။

ဘာပဲဖြစ်ဖြစ် ဒီ ခက်ခဲတဲ့ ကမ်းကို ဖြတ်သန်းသွားဖို့ ခက်လှပါတယ်။ ကျွန်တော့်ရဲ့ ဘဝတော်တော်များများဟာ ကေဂျီဘီအဖွဲ့အစည်းအတွက် ပေးဆပ် လုပ်ဆောင်ခဲ့တာ ဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော်ဟာ ကိုယ်လျှောက်ရမယ့် လမ်း ကိုယ့်ဘာသာ ရွေးချယ်ခဲ့ပါတယ်။

■ **အဲဒီအချိန်တုန်းက Moskovskiye Novosti နဲ့ Ogonyok မှာ ရေးထားတာတွေ ဖတ်ဖြစ်ပါသလား။ ဗိုလ်ချုပ် ကာလုဂင်[*]ရဲ့ ထုတ်ဖော်ပြော ကြားချက်နဲ့ ပတ်သက်လို့ပေါ့။**

ကာလုဂင်က သစ္စာဖောက်ပဲဗျ။ ကျွန်တော် ကေဂျီဘီမှာ တာဝန်ထမ်းဆောင် နေတုန်း သူက ကေဂျီဘီ အဖွဲ့အစည်းရဲ့ ဒုတိယအကြီးအကဲအဖြစ်နဲ့ တွေ့ဖူးပါ တယ်။ ဒီလူက တကယ့်ကို ကလေကချေတစ်ယောက်ပါပဲ။

■ **ကလေကချေ ဟုတ်လား၊ ဒါပေမယ့် သူက ခင်ဗျား မှတ်မိတာပဲ။**

ဒီလူ ဘာမှ မမှတ်မိတော့ပါဘူး။

---

[*] အိုလက် ကာလုဂင်ဟာ ကေဂျီဘီတွင် နှစ်ပေါင်း ၃၀ နီးပါး တာဝန်ထမ်းဆောင်ခဲ့ ပါတယ်။ သူက ကေဂျီဘီ လျှို့ဝှက်ချက်များကို လူသိရှင်ကြား ဖွင့်ချခဲ့တယ်။ ဂေါ် ဘာချော့၏ စီးပွားရေး ပြုပြင်ပြောင်းလဲမှု ကာလများ၏ လုံခြုံရေးဝန်ထမ်းများနှင့် ပတ်သက်၍ ပြစ်တင်မှုများ ပြုလုပ်ခဲ့တယ်။ ကာလုဂင်က သူ့ရဲ့ ကေဂျီဘီဘွဲ့ တံဆိပ် များကို စွန့်ပစ်ခဲ့ပါတယ်။

■ **သူမှတ်မိသလောက် ပြောကြားချက်တွေအရ ထောက်လှမ်းရေး ရှုထောင့်က ပြောရမယ်ဆိုရင်တဲ့ ခင်ဗျားတာဝန် ထမ်းဆောင်ရတာက ပြည်နယ်အဆင့်ပဲတဲ့။ ခင်ဗျား လုပ်ဆောင်ချက်ကလဲ ဘာမှ မယ်မယ်ရရ မပြသနိုင်ဘူးတဲ့။**

သူဘာမှ မမှတ်မိပါဘူးဗျ။ သူ ကျွန်တော့်ကို ဘယ်လို မှတ်မိမှာလဲ။ ကျွန်တော်နဲ့ သူနဲ့ အဆက်အသွယ်မရှိပါဘူး။ လူချင်းလဲ မတွေ့ဖူးပါဘူး။ ကျွန်တော်ကသာ သူ့ကို မှတ်မိနေတာ။ ဘာလို့လဲဆိုတော့ ကေဂျီဘီရဲ့ အကြီးအကဲ ဖြစ်နေတာကိုး။ လူတိုင်းက သူ့ကို သိပါတယ်။ သူက ကျွန်တော့်ကို ဘယ်လို မှတ်မိနိုင်မှာလဲ။ ကျွန်တော့်လို လူတွေက ရာပေါင်းများစွာ ရှိနေတာ။

> ဗလာဒီမာ ချူရော့(ဗ)။ ။
>
> အာဏာသိမ်းပွဲဖြစ်ပြီး လအတန်ကြာတဲ့အခါမှာ ကွန်မြူနစ်တွေ ကြီးစိုးထားတဲ့ ဒီ အဆောက်အဦးဟာ နိုင်ငံတကာ စီးပွားရေး ဌာန ဖြစ်သွားခဲ့ပါတယ်။ ဒါပေမယ့် ခေါင်းဆောင်သစ်တွေက ကွန်မြူနစ်တွေကို မျက်နှာသာပေးထားတယ်။ အဲဒီ အဆောက်အဦမှာ နေခွင့်ပေးထားတယ်။ ရုရှဖက်ဒရေးရှင်း ပြည်ထောင်စုရဲ့ ကွန်မြူနစ်ပါတီက အဲဒီ အဆောက်အဦ လက်ဝဲဘက်တန်းမှာ နေရာ ယူထားတယ်။ အဲဒီမှာပဲ တခြား ကွန်မြူနစ်ပါတီအဖွဲ့အစည်းတွေလဲ ရှိနေပါသေးတယ်။ အဆောက်အဦရဲ့ အမိုးမှာ အလံတိုင် ရှိပါတယ်။ ကွန်မြူနစ်တွေက အလံနီ စိုက်ထူထားဖို့ ဆုံးဖြတ်ထားကြပါတယ်။ မြို့တော်ရဲ့ ခေါင်းဆောင်သစ်တွေဟာ စမိုလ်(လ)နီကနေ ထွက်လာကြရင် သူတို့တစ်တွေဟာ အလံနီကို မြင်အောင်လုပ်တဲ့ သဘောပါပဲ။ အဲဒီအလံဟာ ဆိုချက်နဲ့ ပူတင်ရဲ့ ရုံးခန်း ပြတင်းပေါက် ကနေကြည့်ရင် အထင်သားတွေ့နေရပါတယ်။
>
> ပူတင်ကပဲ အဲဒီအလံကို ဖယ်ရှားပစ်ဖို့ အမိန့်ပေးလိုက်ပါတယ်။ ပြောတဲ့နေ့ပဲ ဖယ်ရှားလိုက်ပါတယ်။ နောက်နေ့ ပြန်ပေါ်လာတော့တာပါပဲ။ ပူတင်က အမိန့် ထပ်ပေးတယ်။ အလံကို ဖြုတ်ချလိုက်တယ်။ နောက်နေ့ပြန်တပ်၊ နောက်ပြန်ဖြုတ်။ နောက်တော့ ကွန်မြူနစ်တွေက အလံနီကို မသုံးတော့ဘူး တခြားအရာတွေ စတင် အသုံးပြုလာပါတယ်။ သူတို့ရဲ့ နောက်ဆုံး အလံအရောင်ဟာ အနီမဟုတ်တော့ဘူး။ အညိုရောင်။ ပူတင် သည်းမခံနိုင်တော့ဘူး။ သူက ကရိန်း တစ်ခုရှာပြီး သူ့ရဲ့ ကြီးကြပ်မှုနဲ့ အလံတိုင်ကိုပါ အပြီးပိုင် ဖျက်ချပစ်လိုက်တယ်။]

■ **ခင်ဗျား ပါတီက ဘယ်တုန်းက နှုတ်ထွက်လိုက်တာလဲ။**

မထွက်ပါဘူး။ ပါတီက သူ့ဘာသာသူ ချုပ်ငြိမ်းသွားတာပါ။ ပါတီဝင်ကတ်ပြားကို အံဆွဲထဲမှာ သိမ်းထားလိုက်ပါတယ်။



■ **၁၉၉၃ ခုနှစ်ကို စိန့်ပီတာစဘတ်က ဘယ်လို ဖြတ်သန်းခဲ့ပါသလဲ။**

မော်စကိုမြို့တော်လိုပါပဲ။ လူတွေ တစ်ယောက်နဲ့တစ်ယောက် သေနတ်နဲ့ ပစ်ကြတာပဲ ရှိပါတယ်။ အဲဒီအချိန်တည်းက ဆမိုလ်(လ)နီ အဆောက်အဦထဲမှာ မြို့တော်ဝန်ရုံးခန်းက ရှိနေပြီ။ ကိုယ်စားလှယ်တွေက လီနင်ဂရက်မြို့တော် ကောင်စီရုံးခန်းမှာ ရှိနေကြတယ်။

■ **ဒီတော့ စိန့်ပီတာစဘတ်မြို့မှာလဲ ယဲ့(လ)ဆင်နဲ့ အထက်လွှတ်တော် (ဆိုဗီယက်အမတ်) တွေနဲ့ မပြေလည်တာမျိုးတွေ ဖြစ်နေပြီပေါ့။**

ဟုတ်တယ်။ ဒါပေမယ့် မှတ်သားစရာ အချက်တစ်ချက် ရှိပါတယ်။ တရားဥပဒေ ပြဋ္ဌာန်းရေးအဖွဲ့စည်းတွေဟာ ယခင်နဲ့ မတူတော့ပါဘူး။ အက်(ဖ) အက်(စ)ဘီ[၁]အဖွဲ့ဆိုတာ ရှိပါတယ်။ အဲဒီအဖွဲ့ရဲ့ ခေါင်းဆောင်က ဇစ်တာ ချိကရာဆော့(ဗ) ဖြစ်ပါတယ်။

အဲဒီအဖွဲ့ကို မြို့တော်ဝန်ကိုယ်တိုင်က အထောက်အပံ့ပေးပါတယ်။ အက်(ဖ) အက်(စ)ဘီဟာ အကြမ်းဖက်ဖို့ လှုံ့ဆော်နေတဲ့ အစွန်းရောက်သမားများ၊ ဖောက်ခွဲရေးသမားနဲ့ တည်ငြိမ်နေသော အခြေအနေကို ဖျက်ဆီးရန် ကြိုးပမ်းနေသူများကို စတင် ဖြိုခွဲဖမ်းဆီးခဲ့ပါတယ်။

> မာရီနာ ယန်တာဆီဗာ (ပူတင်၏ အတွင်းရေးမှူး ၁၉၉၁–၁၉၉၆)။ ။
>
> [ကျွန်မ ပူတင်ကို စတင်တွေ့ဖူးတာက မှန်တံခါးနောက်ကွယ်မှာ ရှိနေတဲ့ ရုံးခန်းထဲမှာ ဖြစ်ပါတယ်။ ကျွန်မက တံခါးနဲ့ မျက်နှာချင်းဆိုင် နေရာမှာထိုင်ပြီး နှုတ်ခမ်းနီ ဆိုးနေခဲ့ပါတယ်။ ရုတ်တရက် ဆိုသလို နိုင်ငံခြား ဆက်သွယ်ရေးကော်မတီ ဥက္ကဋ္ဌက ညှိခန်းမထဲမှနေ လျှောက်လာနေတာ တွေ့ရပါတယ်။ 'အင်း ငါတော့ အလုပ်ရမှာ မဟုတ်ဘူးလို့ တွေးနေမိပါတယ်'။ ဒါပေမယ့် အားလုံး အဆင်ပြေသွားခဲ့ပါတယ်။ ပူတင်က ကျွန်မ နှုတ်ခမ်းနီဆိုးနေတာကို မသိချင် ဟန်ဆောင်နေခဲ့ပါတယ်။ အဲဒီအချိန်ကစပြီး အလုပ်ထဲမှာ ကျွန်မ နှုတ်ခမ်းနီ မဆိုးတော့ပါဘူးရှင်။
>
> ပူတင်ဟာ စည်းကမ်းတင်းကြပ်တဲ့ အထက်အရာရှိလို့ ကျွန်မ မပြောလိုပါဘူး။ တချို့တွေ ညံ့ဖျင်းကြလို့ ပူတင် ဒေါသထွက်ရတာ

---

၁။ F. S. B ရုရှဖက်ဒရယ်လုံခြုံရေးလုပ်ငန်း ဖြစ်တယ်။ ကေဂျီဘီကို အစားထိုးဖွဲ့စည်းထားခြင်း ဖြစ်ပါတယ်။ ၁၉၉၈ ခုနှစ်တွင် ပူတင်ဟာ ယင်းအဖွဲ့အစည်း၏ ဥက္ကဋ္ဌ ဖြစ်ပါတယ်။

တွေ ရှိပါတယ်။ ဒါပေမယ့် ပူတင်က စကားကို အသံကျယ်ကျယ် မပြောတတ်ပါဘူး။ စည်းကမ်းတင်းကျပ်တယ်။ အမြဲတမ်း ဖျတ်လတ်နေတယ်။ ဒါပေမယ့် အသံတော့ ကျယ်ကျယ် မပြောဘူး။ သူက လုပ်ငန်းတာဝန်တစ်ခု ပေးတော့မယ်ဆိုတာနဲ့ အဲဒီလုပ်ငန်းက ဘယ်လောက်လုပ်ကိုင်ပြီးပြီတို့၊ ဘယ်သူလုပ်ထားတာတို့၊ ဘာပြဿနာရှိတယ်ဆိုတာတို့ကို မစဉ်းစားပါဘူး။ လုပ်ငန်းကို ပြီးအောင်လုပ်ဖို့ပဲ စဉ်းစားပါတယ်။]

ပလာဒီမာ ဒျူးရော့(ဖ)။ ။

[၁၉၉၁ ခုနှစ်မှာ ဆိုဗျက်က လီနင်ဂရက်မြို့တော်ကောင်စီမှာ နိုင်ငံခြားဆက်သွယ်ရေး ကော်မတီတစ်ခု ဖန်တီးဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ အဲဒီ ကော်မတီရဲ့ ဥက္ကဋ္ဌက ပူတင် ဖြစ်ပါတယ်။

အဲဒီအချိန်တုန်းက မြို့တော်ရဲ့ နိုင်ငံတကာ ကုန်သွယ်ရေးပုံသဏ္ဌာန်ဟာ နိုင်ငံတော်နဲ့တစ်ပုံစံတည်း ရှိနေခဲ့ပါတယ်။ စီးပွားရေးကို နိုင်ငံတော်က ချုပ်ကိုင်ထားပြီးတော့ ကြောက်မက်ဖွယ် ကောင်းလှတဲ့ နိုင်ငံတော်က အသိအမှတ်ပြုထားတဲ့ လုပ်ငန်းကြီးတွေဖြစ်တဲ့ လန်ပင်တော့(ဂ)နဲ့ လင်ဖင်နက်(ရှ)ကော့(ဂ)တို့က လက်ဝါးကြီး အုပ်ထားပါတယ်။ အကောက်ခွန်လုပ်ငန်း၊ ဘဏ်လုပ်ငန်း၊ ရင်းနှီးမြှုပ်နှံမှု၊ စတော့ဈေးကွက်နဲ့ တခြား ကိစ္စတွေ မရှိသေးပါဘူး။

နိုင်ငံခြားဆက်သွယ်ရေး ကော်မတီဟာ အနောက်တိုင်း ဈေးကွက်စီးပွားရေးသမားများနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ ကြိုတင် စည်းကမ်းချက်တွေ ချမှတ်ဖို့ပဲ ဖြစ်ပါတယ်။ ပထမခြေလှမ်းအနေနဲ့ နိုင်ငံခြားဘဏ်တွေ စတင်ဖွင့်လှစ်ခဲ့ပါတယ်။ ပူတင်ရဲ့ တက်ကြွတဲ့ ဆောင်ရွက်မှုနဲ့ ဒရက်နာဘဏ်နဲ့ ပါရီအမျိုးသားဘဏ်တို့ စိန့်ပီတာစဘတ်မြို့မှာ လာရောက်ဖွင့်လှစ်ခဲ့ပါတယ်။

မြို့တော်အုပ်ချုပ်ရေးအဖွဲ့ကလည်း နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများ စိတ်ဝင်စားလာအောင် ဆွဲဆောင်မှုများ လုပ်ပေးပါတယ်။ အုပ်ချုပ်ရေးကော်မီတီက ရင်းနှီးမြှုပ်နှံမှုဇုန်များ တည်ဆောက်ပေးပါတယ်။ ဥပမာပြရရင် ပါးနား(စ)ဇုန်နဲ့ ဖူး(လ) ကိုနီ ကုန်းမြင့်ဇုန်တို့ဖြစ်ပြီး ယနေ့ထက်တိုင် တည်ရှိနေပါတယ်။ ပြီးတော့ ကိုယ်ပိုင်လုပ်ငန်းများကိုလည်း စီမံဆောင်ရွက်ပါတယ်။ ဥပမာ ရင်းနှီးမြှုပ်နှံမှု ကြီးမားတဲ့ ကိုကာကိုလာကုမ္ပဏီကို ဖူး(လ)ကိုနီ ကုန်းမြင့်ဒေသမှာ တည်ဆောက်စေပါတယ်။ အဆင့်မြင့် ဓာတ်အားပေးရုံနဲ့ ဓာတ်အားပေး လိုင်းတွေထားရှိပါတယ်။ သဘောကတော့ တခြားကုမ္ပဏီတွေလည်း လာရောက်ရင်းနှီးမြှုပ်နှံအောင် ခေါ်ယူတဲ့ သဘောပါပဲ။ ကိုကာကိုလာက သူ့မြေနဲ့ သူ့စက်ရုံ တည်ဆောက်ပြီးတဲ့အခါမှာတော့ ဂျီလက် မှတ်ဆိတ်ရိတ်စက်ရောက်လာတယ်။



ဒီနောက် ဝရင်ဂလေ ဒီတော့ တခြား ဆေးဝါးကုမ္ပဏီတွေ ရောက်လာကြပါတယ်။ ဒီလိုနဲ့ မြို့တော်မှာ စီးပွားရေးဇုန်တွေ ပေါ်ထွန်းလာပါတော့တယ်။ ရင်းနှီးမြှုပ်နှံမှု စုစုပေါင်းကလည်း ဒေါ်လာ သန်း ၅၀၀ ခန့် ရှိလာပါတယ်။

ကော်မီတီရဲ့ ကြိုးပမ်းအားထုတ်မှုကြောင့် မြို့တော်ရဲ့အပေါ်ထပ် အဆောက်အဦကြီးဟာ ခေတ်မီပြီး အောင်မြင်တဲ့ စီးပွားရေးမြို့တော်ကြီးတစ်ခုဖြစ်လာဖို့ အခြေအနေကောင်းများ ဖြစ်ပေါ်လာပါတယ်။ ပထမဆုံး ပူတင်ရဲ့ ဆောင်ရွက်ချက်ကတော့ ကိုပင်ဟေဂင်မြို့နဲ့ ဗိုင်ဘာကြေးနန်းကြိုး စက်ရုံတည်ဆောက်ခြင်းပါပဲ။ ဒီစီမံကိန်းဟာ ဆိုဗီယက်ခေတ်ကာလကတည်းက တည်ဆောက်ခဲ့ပေမယ့် လက်စ မသတ်ခဲ့ပါဘူး။ ခုတော့ ကြိုးပမ်းချက်တွေ အရာထင် အောင်မြင်ခဲ့ပါပြီ။ စိန့်ပီတာစဘတ်မြို့မှာ နိုင်ငံတကာ အဆင့်မီ တယ်လီဖုန်းတွေ ရှိလာခဲ့ပါတယ်။

နောက်ဆုံးကျတော့ ပုဂ္ဂိုလ်ရေးပြဿနာပဲ ရှိပါတော့တယ်။ နိုင်ငံခြားစကား ကျွမ်းကျင်စွာ ပြောတတ်တဲ့ ကျွမ်းကျင်သူတွေ နည်းနေတာပါပဲ။ ဆိုဗျက်ရဲ့ ထောက်ပံ့မှုနဲ့ပဲ ပူတင်က နိုင်ငံတကာဆက်သွယ်ရေးသင်တန်းတွေကို လီနင်ဂရက်တက္ကသိုလ်မှာ ဖွင့်လှစ်ခဲ့ပါတယ်။ ပထမသင်တန်းဆင်းပွဲကို ၁၉၉၄ ခုနှစ်မှာ ပထမဆုံး ဘွဲ့နှင်းသဘင် ပေးအပ်ခဲ့ပါတယ်။ အဲဒီက ဘွဲ့ရကျောင်းသား ကျောင်းသူတွေဟာ နိုင်ငံခြား စီးပွားရေးဆက်သွယ်မှု ကော်မတီနဲ့ တခြား အဖွဲ့အစည်းတွေမှာ တာဝန်ထမ်းဆောင်နေကြပြီ ဖြစ်ပါတယ်။]

■ **အစားအစာ ဖြန့်ဝေမှုနဲ့ပတ်သက်တဲ့ အတင်းအဖျင်းသတင်းတွေကို စိန့်ပီတာစဘတ် သတင်းစာတွေက ရေးသား ဖြန့်ချိနေတာ ရှိပါတယ်။ အဲဒီကိစ္စက။**

၁၉၉၂ ခုနှစ်မှာ ကျွန်တော်တို့နိုင်ငံဟာ အစာရေစာ အကြပ်အတည်းနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ လီနင်ဂရက်မြို့ဟာ ကြီးမားတဲ့ ပြဿနာတွေ ရင်ဆိုင်ခဲ့ရပါတယ်။ ကျွန်တော်တို့ရဲ့ စီးပွားရေးလုပ်ငန်းရှင်တွေက လုပ်ငန်းစဉ် တစ်ခု ဖော်ပြလာပါတယ်။ တကယ်လို့ သူတို့ကို အစားအသောက် ကုန်ပစ္စည်းတွေ ရောင်းချခွင့်ရမယ်ဆိုရင် အထူးသဖြင့် ကုန်ကြမ်း ပစ္စည်းတွေကို နိုင်ငံခြားကို တင်ပို့ရောင်းချခွင့်ရမယ်ဆိုရင် သူတို့က ရုရှကို အစားအသောက်တွေ တင်သွင်း ဖြန့်ဝေပေးမယ်ဆိုတာပါပဲ။ ကျွန်တော်တို့မှာ တခြား ရွေးချယ်စရာ မရှိပါဘူး။ ဒီတော့ ကျွန်တော်တို့ ဆောင်တဲ့ နိုင်ငံခြားဆက်သွယ်ရေး ဌာနအနေနဲ့ သူတို့ရဲ့ကမ်းလှမ်းချက်ကို လက်ခံလိုက်ရတော့တာပါပဲဗျာ။

ကျွန်တော်တို့က အစိုးရပိုင်း လူကြီးတွေနဲ့တွေ့၊ တရားဝင် စာချုပ်စာတမ်းတွေ ချုပ်ဆိုကြရပါတယ်။ လုပ်ငန်းရှင်တွေ ကုမ္ပဏီကြီးတွေက လိုအပ်တဲ့ စာရွက်

စာတမ်းတွေကို ဖြန့်၊ ပို့ကုန်လိုင်စင်လျှောက်လွှာတင်၊ ပြီးတာနဲ့ ကုန်ကြမ်း ပစ္စည်း ကို နိုင်ငံခြားတင်ပို့ကြပါတယ်။ အကောက်ခွန်ဌာနက ပြည့်စုံလုံလောက်တဲ့ အထော အထား စာရွက်စာတမ်းတွေ မပါရင် နိုင်ငံခြားပို့ခွင့် မပြုပါဘူး။ အဲဒီအချိန်တု က လူတော်တော်များများက ခုလိုပြောပါတယ်။ ရှားပါးတဲ့ မြေကြီးကိုတော နိုင်ငံခြားပို့ဖို့ ကြံရွယ်ထားသတဲ့။ သံထည်ပစ္စည်းတွေ တင်ပို့ရင်တော့ လျှောက်လွှ တင်ရပါတယ်။ အထူးအခွင့်အရေး လက်မှတ်ရှိထားရင်တော့ အကောက်ခွန် ဖြတ်သန်းဖို့ မလိုပါဘူး။

လုပ်ငန်းစဉ်က အသက်ဝင်နေပါတယ်။ ခက်တာက တချို့ကုမ္ပဏီအ အစည်းကြီးတွေက စာချုပ်ပါ အဓိက အချက်အလက်တွေကို ဖောက်ဖျက်ပစ် ပါတယ်။ နိုင်ငံခြား တိုင်းပြည်ကနေ အစားအစာတွေ မတင်သွင်းကြပါဘူး။ ဒ မဟုတ် ယုတ်စွအဆုံး အစားအစာကို အရည်အတွက် ပြည့်မီအောင် မတင်သွင်း ပါဘူး။ မြို့တော်ကောင်စီနဲ့ ချုပ်ဆိုထားတဲ့ ကတိတွေကို ချိုးဖောက်ကြပါတယ

■ **ကော်မရှင်ကိုယ်စားလှယ်အဖွဲ့ကို မာရီနာဆေး(လ)ခေါင်းဆောင်ပြီး ဖွဲ့ခဲ့တ နော်။ အထူးစုံစမ်းရေးကို ဘယ်သူက လုပ်ဆောင်တာပါလဲ။**

မရှိပါဘူး။ အထူးစုံစမ်းရေး ဆိုတာလဲ တကယ်တော့ မရှိခဲ့ပါဘူး။ ဘယ် လုပ်ပြီး ရှိနိုင်မှာလဲဗျာ။ ဒါက ရာဇဝတ်မှုမှ မဟုတ်တာ။

■ **ဒါဖြင့် ချစားတဲ့ စာတ်လမ်းက ဘယ်ကနေ စတာလဲ။**

ဒါကတော့ဗျာ၊ မလိုသူတွေက ကျွန်တော့်ကို ချောက်ချပြီး အလုပ်က ထုတ်ပစ်ဖို့အတွက် ဆိုချက်ကို ဖိအားပေးဖို့ လံကြုပ်စာတ်ခင်းတာပါ။

■ **ဘာဖြစ်လို့လဲ။**

အကြောင်းကတော့ တစ်ချိန်က ကေဂျီဘီထောက်လှမ်းရေးသာမား ဖြစ် လို့ပဲ။ ပြီးတော့ တခြား ရည်ရွယ်ချက်တွေလဲ ရှိမှာပေါ့ဗျာ။ တချို့ကိုယ်စားလှယ် တွေက စာချုပ်တွေ ချုပ်ရင် ငွေဖန်ချင်ကြတယ်။ သူတို့က ဘာမှ လုပ်တတ်ကြတာ မဟုတ်ဘူး။ ကျွန်တော့်နေရာမှာ သူတို့လူ ထည့်ချင်ကြတာပါပဲ။

မြို့တော်ကလဲ လုပ်နိုင်သလောက် အကုန်မဆောင်ရွက်နိုင်ခဲ့ဘူး။ တကယ် တော့ တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်နေတဲ့ အဖွဲ့အစည်းတွေနဲ့ နီးနီးကပ်က လက်တွဲဆောင်ရွက်သင့်ပါတယ်။ ဒါပေမယ့် ဒီခေါင်းပုံဖြတ်တဲ့ လူတွေကို တရားရုံ တင်ဖို့ဆိုတာလဲ ခက်ပါတယ်။ အဲဒီ ကတိဖျက်တဲ့ လူတွေဟာ အလျင်မြန် ပျောက်



ယ်သွားကြတယ်။ နိုင်ငံခြားကို ကုန်ပစ္စည်းတွေ တင်သွင်းမှုလဲ မပြုကြတော့ပါ ဘူး။ သူတို့ကို အရေးယူဖို့လဲ ဘာမှမရှိဘူး။ ခင်ဗျားတို့ကော အဲဒီနေ့ရက်တွေကို တိရရဲ့လား။ နေရာတကာမှာ ရုံးခန်းတွေ မှိုလိုပွနေတာပဲ။ ပြီးတော့ ပိရမစ် ာရိဂံ) စီမံကိန်းတွေနဲ့ပေါ့ဗျာ။ မသုံးလုံး ကုမ္ပဏီကို မှတ်မိသေးရဲ့လား။ အဲဒါတွေ ဖြစ်အပျက်တွေတွေကို အလှမ်းကွာသွားပြီလို့ မထင်ပါနဲ့။

ခင်ဗျားတို့ တစ်ခုတော့ သဘောပေါက်ထားရလိမ့်မယ်ဗျ။ ကျွန်တော်တို့က ကုန်သွယ်ရေး လုပ်နေတာ မဟုတ်ဘူး။ နိုင်ငံတကာ ဆက်သွယ်ရေး ကော်မတီဟာ ကုန်သွယ်ရေး လုပ်ဆောင်နေတာလဲ မဟုတ်ပါဘူး။ ကုန်သွယ်မှု၊ ကုန်စည်ဖလှယ် မှု ဒါမှမဟုတ် ရောင်းချမှုတွေ မပြုလုပ်ပါဘူး။ နိုင်ငံတကာ ကုန်သွယ်မှု အဖွဲ့ အစည်း တစ်ခုလဲ မဟုတ်ပါဘူး။

■ **ဒါပေမယ့် လျှောက်လွှာလိုင်စင်တော့ အာမခံပေးတယ် မဟုတ်လား။**

ကျွန်တော်တို့အနေနဲ့ လျှောက်လွှာလိုင်စင် ခွင့်ပြုဖို့ အခွင့်အရေး မရှိပါဘူး။ နိုင်ငံခြား စီးပွားကူးသန်း ဝန်ကြီးဌာနကသာ လိုင်စင်ခွင့်ပြုချက်ပေးနိုင်ပါတယ်။ မြို့တော်အုပ်ချုပ်ရေး ပုံစံနဲ့ ဘာမှ မပတ်သက်ပါဘူး။

> ဆာရဂေး ရှိ(လ)ဒွဂင်။ ။
>
> မြို့တော်ဝန်ရုံးမှာ အလုပ်ဝင်ကာတည်းက ပူတင်က အတော်ကြီး ပြောင်းလဲသွားခဲ့ပါတယ်။ ကျွန်တော်တို့တစ်တွေ တွေ့ဆုံကြတာလည်း နည်းသွားကြပါတယ်။ သူအရမ်းအလုပ်များပါတယ်။ အိမ်က မနက်စောစော ထွက်၊ ညဘက်နိုးချွင်မှ ပြန်ရောက်ပါတယ်။ တွေ့လိုက်ရင် သူ အတော် ပင်ပန်းနေပုံပဲ၊ ကျွန်တော်တို့ တွေ့ဆုံကြတဲ့ ခဏမှာတောင် သူက အတွေး ထဲမှာ နစ်မျောပြီး စိတ်က အလုပ်ထဲရောက်နေပုံရတယ်။ ပူတင်ဟာ စိန့်ပီတာစဘတ်ရဲ့ အရေး အခင်းကိစ္စတွေမှာပဲ ကိုယ်ရော စိတ်ပါ နှစ်ထား ပါတယ်။ သူဟာ ခံစားချက်တွေ ခန်းခြောက်သွားပါတော့တယ်။ ပူတင် တစ်ယောက် လက်တွေ့သမား၊ ကိုယ်ကျိုးကိစ္စ ပဓာနဝါဒီ ဖြစ်လာပါ တယ်။]
>
> မာရီယာ ယန်တာဆီဗာ။ ။
>
> ပူတင်မှာ ခွေးတစ်ကောင်ရှိတယ်။ ကော့ကေးဆပ် အမျိုးအစား ခွေးပါ။ မားလစ်(ရှ)လို့ခေါ်ပါတယ်။ ခွေးကို တိုက်ခန်းအပြင်ဘက် မြို့စည်း ရိုးနားမှာထားတယ်။ ခွေးကတစ်ချိန်လုံး အပြင်ဘက်ကိုပဲ ထွက်ဖို့ ကြိုးစားနေတတ်တယ်။ တစ်နေ့တော့ ခွေးက မြေကြီးကို တူးပြီး

> အပြင်ထွက်သွားတယ်။ အပြင်လည်းရောက်ရော ကားတိုက်ခံရတော့တာပါပဲ။ လျှ(ဒ)မီလာက ခွေးလေးကို တိရစ္ဆာန်ဆေးရုံ ဆရာဝန်ဆီ လိုက်ပို့ရတယ်။ လျှ(ဒ)မီလာက ဆေးခန်းကနေ ကျွန်မဆီ ဖုန်းဆက်လိုက်ပါတယ်။ ပြီးတာနဲ့ ကျွန်မကို ခွေးကလေးဟာ အသက်မရှိတော့ဘူးဆိုတဲ့အကြောင်း သူမ ယောက်ျား ပူတင်ကို ပြောပြဖို့ မှာပါတယ်။
>
> ဒါနဲ့ ကျွန်မလဲ ဗာလဒီမာ ဗလာဒီမီရိုဗစ်(ချ) ရုံးခန်းသွားပြီးတော့ ယခုလို ပြောလိုက်ပါတယ်။
>
> 'ရှင်သိတယ် မဟုတ်လား။ ကျွန်မတို့ ခုလို အဖြစ်ကြုံရပါတယ်။ မာလစ်(ရှ) သေဆုံးသွားပါပြီ'
>
> ကျွန်မ သူ့ကို ကြည့်လိုက်ပါတယ်။ ပူတင်မျက်နှာပြင်မှာ ခံစားချက် သုည။ ဗလာနတ္တိ။ အဲဒီလို မျက်နှာကို တွေ့လိုက်ရတဲ့ ကျွန်မ အရမ်းအံ့အားသင့်သွားပါတယ်။ ဒီလို ဘာမှ တုန်ပြန်မှု မရှိတဲ့ မျက်နှာပြင်ကို ကြည့်ပြီး စိတ်မထိန်းနိုင်တော့ဘဲ–
>
> 'ရှင့်ကို အဲဒီအကြောင်း တစ်ယောက်ယောက်က ပြောထားပါသလား'
>
> လို့ မေးလိုက်ပါတယ်။
>
> ပူတင်က တည်ငြိမ်မှုအပြည့်နဲ့–
>
> 'မပြောပါဘူး။ ခင်ဗျား လာပြောတာ ပထမဆုံးပါပဲ'
>
> လို့ ပြောပါတယ်။
>
> ကျွန်မတော့ ရိုင်းပျသလို ဖြစ်သွားပြီလို့ သိလိုက်ပါတယ်။
>
> တကယ်တော့ ပူတင်က အလွန်ခံစားထိရှလွယ်တဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်။ ဒါပေမယ့် အရေးကိစ္စ ကြုံလာရင် ခံစားချက်ကို မြိုသိပ်ထားနိုင်ပါတယ်။ ပြီးတော့ စိတ်ကို ဘယ်လို လျှော့ဖြေရမယ်ဆိုတာ သိတယ်လေ။]

ဘယ်လိုပြဿနာပဲရှိရှိ ကျွန်တော်က ခေါင်းဆောင်အဖြစ် ဖြေရှင်းပေးရပါတယ်။ ဘာလို့လဲဆိုတော့ ဂျာမန်ဘာသာစကားကို နားလည်လို့ပါပဲ။ ကျွန်တော် ဟမ်းဘာ့(ဂ)မြို့ကို ပထမဆုံးအကြိမ် ရောက်တာ မဟုတ်ပါဘူး။ ကျွန်တော် ပြည့်တန်ဆာတွေရှိတဲ့ အရပ်ဒေသကိုလဲ ရောက်ခဲ့ပါတယ်။ ယုံချင်မှ ယုံပေါ့ကွာ၊ ကျွန်တော် အဲဒီနေရာတွေ ရောက်ရတာကတော့ အလုပ်သဘောနဲ့ သွားလေ့လာတာဖြစ်တယ်။ အဲဒီအချိန်မှာပဲ စိန့်ပီတာစဘာတ်မြို့မှာ လောင်းကစားဝိုင်းတွေ ဖွင့်ဖို့ ကြိုးစားနေခဲ့ပါတယ်။

ကျွန်တော့်ရဲ့ အယူအဆမှန်ချင်မှ မှန်မယ်ပေါ့ဗျာ။ ဒါပေမယ့် ကျွန်တော် တွေးခေါ်ထားတာကတော့ လောင်းကစား စီးပွားရေးမှာ အစိုးရက လက်ဝါးကြီး



အုပ်ရမယ်ဆိုတဲ့ အချက်ပါပဲ။ ကျွန်တော့်ရဲ့ ရာထူးက လက်ဝါးကြီးအုပ်ဆန့်ကျင်ရေး ဥပဒေသစ်နဲ့ ဆန့်ကျင်ဘက် ဖြစ်နေပါတယ်။ ဒါပေမယ့် ကျွန်တော်က ရှိသမျှ အခွင့်အာဏာနဲ့ လောင်းကစားလုပ်ငန်းရပ်ကို နိုင်ငံတော်က တင်းကြပ်တဲ့ ထိန်းချုပ်မှု ပြုလုပ်ဖို့ ကြိုးစားခဲ့ပါတယ်။

ကျွန်တော်တို့ဟာ မြို့တော် လုပ်ငန်းတစ်ရပ်အဖြစ် ကာဆီနိုကစားဝိုင်းတွေ မတည်ထောင်ဘဲ တခြား စတော့ရှယ်ယာ ကစားတဲ့ လုပ်ငန်းရပ်တွေကို ဖွင့်ပေးခဲ့ပါတယ်။ အဲဒီအထဲက ၅၃% ကို မြို့တော်စည်ပင်က ချုပ်ကိုင်ထားခဲ့ပါတယ်။ အခွန်ရဲတွေ၊ အခွန်ဌာနတွေ ထားရှိပြီး အကောက်ခွန်တွေကို တိတိကျကျ ကောက်ခံခဲ့ပါတယ်။ သဘောကတော့ အစိုးရဆိုတာ စတော့ရှယ်ယာပိုင်ရှင်တွေ ဖြစ်ပြီး အမြတ်စွန်းတွေ ရယူနိုင်ပါတယ်။

တကယ်တော့ အဲဒါက မှားပါတယ်။ ဘာကြောင့်လဲဆိုတော့ စတော့တွေကို တန်ပေါင်းများစွာ ပိုင်ဆိုင်ထားနိုင်ပါတယ်။ ဒါပေမယ့် ဘာမှ ချုပ်မထားနိုင်ပါဘူး။ လောင်းကစားဝိုင်းမှာ ရှိတဲ့ စားပွဲဝိုင်းတွေက ရတာက ငွေကြေးတွေ။ အဲဒါတွေကို ပြောင်းလဲပစ်နိုင်ရမယ်။

ကာဆီနိုကစားဝိုင်းတွေ ဖွင့်ပေးထားပါတယ်။ ပိုင်ရှင်တွေက အရှုံးကို စာရင်းစာအုပ်တွေနဲ့ ပြသကြပါတယ်။ ကျွန်တော်တို့က စာရင်းဇယားတွေနဲ့ အမြတ်တွေကို တွက်ပြီးတော့ ပိုက်ဆံတွေ ဘယ်လို သုံးရမလဲဆိုတာ စဉ်းစားနေကြပါတယ်။ မြို့တော်ရဲ့ စီးပွားရေးလုပ်ငန်းမှာလဲ သုံးရမလား၊ လူမှုရေးလုပ်ငန်းမှာပဲ သုံးရမလားလို့ စဉ်းစားနေကြပါတယ်။ ဒါပေမယ့် ကာဆီနိုလောင်းကစားပိုင်ရှင်တွေက ဟားတိုက်ရယ်မောကြတယ်။ သူတို့ အရှုံးကို ပြတယ်။ လွတ်လပ်တဲ့ ဈေးကွက်ကို လူတွေ နမူနာ ဒါးတွေ ရင်ဆိုင်ရင်း တွေ့ကြုံရတဲ့ ဂန္ထဝင်အမှားတွေပါပဲ။

နောက်ပိုင်းမှာ အနာတိုလီ ဆိုချက်က ၁၉၉၆ ခုနှစ်မှာ ရွေးကောက်ပွဲဝင်ဖို့ မဲဆွယ်ရေး လှုပ်ရှားမှုမှာ ကျွန်တော်တို့ရဲ့ ဆန့်ကျင်ဘက်အဖွဲ့အစည်းက ကျွန်တော်တို့ဟာ ရာဇဝတ်မှုတွေ ပြုလုပ်ကြတယ်၊ လာဘ်စားမှုတွေ ချစားမှုတွေ ပြုလုပ်ကြတယ်လို့ စွပ်စွဲကြပါတယ်။ သူတို့ရဲ့ စွပ်စွဲချက်ကတော့ မြို့တော်ဝန်ရုံးဟာ လောင်းကစားဝိုင်းကြီး ဖွင့်ထားတဲ့နေရာပဲ ဖြစ်သတဲ့။ အဲဒါ ဖတ်ရရင် တကယ့်ရယ်စရာပါပဲဗျာ။ ကျွန်တော်တို့ ပြုလုပ်သမျှဟာ ဘာမှ ပိတ်ဆို့မထားဘူး။ တိုးယိုပေါက် မြင်သာအောင် ပြုလုပ်ထားပါတယ်။

ကျွန်တော်တို့ အနေနဲ့ ငြင်းချက်တစ်ခု ထုတ်နိုင်တာကတော့ စီးပွားရေးရှုထောင့်ကနေ ကြည့်ပြီး ကျွန်တော်တို့ ပြုလုပ်တာတွေဟာ မှန်ပါရဲ့လားဆိုတာပါပဲ။ ထင်ရှားတဲ့အချက်ကတော့ ကျွန်တော်တို့ရဲ့ စီမံကိန်းတွေဟာ ထိရောက်မှု မရှိဘူး။

စီမံကိန်းကို အကောင်အထည် မဖော်နိုင်ခဲ့ပါဘူး။ ကျွန်တော်တို့ အရာရာကို မှ
ကန်စွာ မသုံးသပ်နိုင်ခဲ့ပါဘူး။ အကယ်၍ ကျွန်တော်သာ စိန့်ပီတာစဘတ်မှာ ဆက်နေ
ရမယ်ဆိုရင် ကက်ဆီနို လောင်းကစားဝိုင်းတွေ ပိတ်ပစ်မှာပဲဗျ။ အဲဒါအစား လူ
အဖွဲ့အစည်း တိုးတက်ရေးကို အတင်းလုပ်နိုင်းမယ်။ ရတဲ့ အမြတ်ခွန်တွေကို မြို့တော်
အတွက် အသုံးပြုစေမယ်။ ပိုက်ဆံကို ပင်စင်စား သက်ကြီးရွယ်အိုတွေ၊ ဆရာမတွေ၊
ဒေါက်တာတွေကို ပေးပစ်မယ်ဗျာ။

ဗာလဒီမာ ချူရော့(ဖ)။ ။

[အမေရိကန်ပြည်ထောင်စု ခုတိယသသမ္မတ အယ်ဂိုး ကျွန်တော်တို့ မြို့ကို လာရောက်လည်ပတ်တဲ့အချိန်မှာ စိတ်မချမ်းသာစရာ အဖြစ်အပျက်တစ်ခု ဖြစ်ပျက်ခဲ့ပါတယ်။ ဒုတိယသမ္မတကို လေဆိပ်မှာ သွားရောက် တွေ့ဆုံချိန်မှာ စိန့်ပီတာစဘတ်မြို့ရှိ အမေရိကန် ကောင်စစ်ဝန် တစ်ယောက်က ကျွန်တော်တို့ရဲ့ ခေါင်းဆောင်တစ်ယောက်ကို ရိုင်းရိုင်းစွာ ပြုမူဆက်ဆံခဲ့ပါတယ်။ ဘယ်လို ဖြစ်တယ်ဆိုတာကတော့ အတိအကျ မမှတ်မိတော့ပါဘူး။ ကျွန်တော့်အထင်ကတော့ အမေရိကန်ပြည်ထောင်စု အရာရှိတစ်ယောက်ဟာ ဗိုလ်မှူးကြီးတစ်ယောက်ကို တွန်းထိုးပစ်လိုက်တာ ပါပဲ။ အဲဒီအဖြစ်အပျက်လဲ ဖြစ်ပြီးရော ဗလာဒီမာပူတင်က တရားဝင် ကန့်ကွက်လွှာ တစ်စောင် ထုတ်ပြန်လိုက်ပါတယ်။ မြို့တော်အုပ်ချုပ်ရေး အဖွဲ့အနေနဲ့ အထက်ပါ အမေရိကန်အရာရှိကို လက်ခံတွေ့ဆုံခြင်း မပြုနိုင်ဘူးဆိုတဲ့ အချက်ပါပဲ။ ရုရှရဲ့ အမေရိကန်သံအမတ်ကြီးက ဒီအဖြစ်အပျက်ကို လာရောက်ဖြေရှင်းပါတယ်။ သံအမတ်ကြီးက အဲဒီအရာရှိ ကောင်စစ်ဝန်ကိုပါ ခေါ်လာပါတယ်။ အဲဒီရဲ့ ရလဒ်ကတော့ အမေရိကန်ပြည်ထောင်စု သံဝန်ထမ်းတွေက ပူတင်ကို အတော်လေးစားသွားခဲ့ကြပါတယ်။

ဒီနောက် နိုင်ငံတကာ ပြဿနာတစ်ခု ထပ်ကြုံရပြန်ပါတယ်။ အဲဒါကတော့ မတ်လ ၁၉၉၄ ခုနှစ်မှာ ဖြစ်ခဲ့ပါတယ်။ အက်(စ)တိုနီးယား သမ္မတ လီနတ်မာရီဟာ ပူတင်နဲ့ကော ဆိုချက်နဲ့ပါ ရင်းနှီးသူ ဖြစ်ပါတယ်။ ဥရောပ သမ္မတရဲ့ ဆွေးနွေးပွဲတစ်ခုမှာ သူက ရုရှ ဆန့်ကျင်ရေးကို မိန့်ခွန်းထဲမှာ ထည့်ပြောခဲ့ပါတယ်။ ဆွေးနွေးပွဲမှာ ပူတင်ကော တခြား ရုရှသံအဖွဲ့ဝင်တွေ ရှိနေကြပါတယ်။ မာရီက အသရေဖျက်တဲ့စကား ထပ်ပြောပါတယ်။ ရုရှတွေဟာ ကျူးကျော် သိမ်းပိုက်ရေးသမားတွေလို့ ပြောလိုက်တဲ့ အခါမှာတော့ ပူတင်က ထိုင်ရာမှ ဝုန်းကနဲ ထပြီး အခန်းထဲက ထွက်သွားခဲ့ပါတယ်။ ဒါဟာ ရဲရင့်တဲ့ အပြုအမူ ဖြစ်ပါတယ်။ ဆွေးနွေးပွဲက သူ့ရဲ့ကောင်း ခန်းမထဲမှာ ဖြစ်ပါတယ်။



အခန်းရဲ့ အမြင့်က မျက်နှာကျက်ထိ ၃၀ ပေ အမြင့်ရှိပါ တယ်။ ကြမ်းပြင်သလင်းကျောက်ပြား ခင်းထားပါတယ်။ ပူတင်ထွက်သွား တော့ ညီလာခံထဲမှာ ခြေသံတွေ တဒေါက်ဒေါက် ထွက်ပေါ်သွားတယ်။ ပူတင်က သံမဏိတံခါးကြီးကို ပိတ်လိုက်တဲ့ အသံက တစ်ခန်းလုံး ဟိန်းသွားပါတယ်။ နောက်ကျမှ ပူတင် တစ်ခုပဲ ပြောပါတယ်။ သူတံခါးကို ဖွင့်ကြည့်ဖို့ ကြိုးစားကြည့်တယ်။ သိပ်ပြီးလေးနေတယ်တဲ့။ ကျွန်တော်တို့ရဲ့ နိုင်ငံခြားရေး ဝန်ကြီးဌာနက ပူတင်ရဲ့ လုပ်ရပ်ကို ချီးကျူးစကား ပြောကြားခဲ့ပါတယ်။]

မရီနာ ယန်တာဆီဗာ။

[ဗလာဒီမာ ဗလာဒီမီရိုဗစ်(ချ) ဟာ နိုင်ငံခြားသံတမန်တွေ၊ အဆင့်မြင့်အရာရှိတွေနဲ့ ဆက်ဆံတဲ့ နေရာမှာ သိပ်တည်ငြိမ်ပါတယ်။ လူတွေက ကိုယ့်အထက်အရာရှိတွေနဲ့ တွေ့ရရင် ရှက်တယ်၊ မနေတတ် မထိုင်တတ် ဖြစ်တတ်ပါတယ်။ ဒါပေမယ့် ပူတင်ကတော့ အမြဲတစေ သက်တောင့် သက်သာပါပဲ။ ကျွန်မ သူ့ကို မနာလိုဝန်တို ဖြစ်ပါတယ်။ သူ့လို နေနိုင်ဖို့ ဘယ်လို သင်ကြားယူရမလဲလို့လည်း စဉ်းစားမိပါတယ်။ ဒါကြောင့် သူ့မိန်းမက ပူတင်ဟာ ရှက်ရွံ့တတ်တယ်လို့ ပြောတော့ အံ့အားသင့်ရပါတယ်။ သူ့မိန်းမ အပြောအရတော့ လူတွေနဲ့ ဆက်ဆံရမှာ ရှုံ့တဲ့သဘော ပါပဲ။

သူနဲ့ စကားပြောရတာ လွယ်ကူပါတယ်။ ပထမတစ်ကြိမ် ဖျတ်ကနဲ တွေ့ရရင်တော့ သူ့ပုံက အလွန်လေးနက်တဲ့ ပုံပါပဲ။ ဒါပေမယ့် ရယ်စရာမောစရာတွေ ပြောလို့ရပါတယ်။ ဥပမာ– သူက ယခုလို ပြောပါတယ်။

'မော်စကိုကို ဖုန်းဆက်စမ်း။ ဆွေးနွေးပွဲ ဘယ်နေရာမှာ လုပ်မယ်၊ ဘယ်အချိန်ကျင်းပမယ် ဆိုတာ သေသေချာချာမေး။ ငါ ညီလာခံထဲမှာ ထိုင်ပြီး အချိန်တွေ အလဟဿ ဖြုန်းမနေချင်ဘူး'

အဲဒီခါမှာ ကျွန်မက ခုလို ပြန်ဖြေလိုက်ပါတယ်။

'ဟုတ်တယ်၊ ရှင်ရဲ့ ရုံးခန်းရှေ့မှာ လူတွေ ထိုင်စောင့်နေသလို မျိုးပေါ့'

အဲဒီခါမှာ ပူတင်က ရယ်မောသလိုနဲ့ ခေါက်ပါတယ်။

'မာရီနာ ကောင်းမစုတ်'

ကျွန်မက ပူတင်ရဲ့ဇနီး လျူ(ဒ)မီလာနဲ့လည်း ခင်ပါတယ်။ မိတ်ဆွေရင်းချာလိုပဲ စကားစမြည် ပြောဆိုကြပါတယ်။ ကျွန်မ မှတ်မိပါသေးတယ်။ ကျွန်မ သူတို့အိမ်ကို သွားလည်ချိန်မှာပေါ့။ မီးဖိုချောင်မှာ ထိုင်ပြီး လက်ဖက်ရည် သောက်နေကြပါတယ်။ ပူတင်က အိမ်ကို ဖုန်းဆက်ပါတယ်။ ဇနီးသည်က 'မာရီနာနဲ့ ကျွန်မ လက်ဖက်ရည် သောက်နေကြတယ်' လို့ ပြောလိုက်ပါတယ်။

ပူတင်က ပြန်မေးပါတယ်။

'ဘယ်က မရီနာလဲ'

'ဘယ်သူ့ မရီနာ ရှိရဦးမှာလဲ၊ ရှင့် မရီနာပဲပေါ့'

လို့ ပူတင်ရဲ့ ဇနီးက ပြန်ဖြေလိုက်ပါတယ်။

လျူ(ဒ)မီလာ ကားတိုက်ခံရပြီးတဲ့နောက် ကျွန်မနဲ့ လျူ(ဒ)မီလာတို့ ပိုပြီး ခင်မင်ရင်းနှီးသွားခဲ့ပါတယ်။]

၁၉၄၄ ခုနှစ်မှာ တက်တာနာနဲ့ ဂျိန်းဖောင်ဒါတို့ကို စိန့်ပီတာစဘတ်မြို့ ရောက်လာကြတယ်။ သူတို့က လူပုဂ္ဂိုလ်အနေနဲ့ လာကြတာ။ သူတို့ရဲ့ ဆွေးနွေးပွဲတွေ မှန်သမျှ ကျွန်တော်လည်း တက်ရပါတယ်။ သူတို့မှာက ရက်ချိန်းတွေအပြည့်။

ရုတ်တရက်ဆိုသလို ကျွန်တော့်ရဲ့ အတွင်းရေးမှူးထံက ဖုန်းလာပါတယ်။ လျူ(ဒ)မီလာ ကားတိုက်ခံရတဲ့ သတင်းပါ။

'သိပ် စိုးရိမ်ရသလား'

ကျွန်တော်က မေးလိုက်ပါတယ်။

'သိပ်မပြင်းထန်ပါဘူး။ လူနာတင်ယာဉ်နဲ့ ဆေးရုံခေါ်သွားပါပြီ'

'အေး အစည်းအဝေးပြီးတာနဲ့ ငါ ဆေးရုံလိုက်သွားတယ်'

လို့ ကျွန်တော် ဖြေလိုက်ပါတယ်။

အရေးပေါ်အခန်းထဲ ကျွန်တော် ရောက်သွားပြီး အထူးကု သမားတော်နဲ့ တွေ့ပါတယ်။

'စိတ် သိပ်မပူပါနဲ့၊ ဒဏ်ရာက မပြင်းထန်ပါဘူး။ အသက်အန္တရာယ် မစိုးရိမ်ရပါဘူး'လို့ သူက အာမခံပါတယ်။

'ကျွန်တော်တို့ သူ့ကို ခုပဲ အရိုးကျပ်စည်းပေးထားပြီးပါပြီ။ အားလုံးကောင်းသွားမှာပါ'

လို့ ပြောပါတယ်။

'သေချာရဲ့လားဗျ'

'သိပ်သေချာတာပေါ့ဗျာ'

လို့ ဆရာဝန်က ဖြေပါတယ်။

ဒါနဲ့ ကျွန်တော်လဲ ဆေးရုံက ပြန်လာခဲ့ပါတယ်။



[လျူ(ဒ)မီလာ ပူတင်နာ။ ။

ကျွန်မတို့ ကိုယ်ပိုင်ကား ဇီဂူလီကို ကျွန်မကိုယ်တိုင် မောင်းလာခဲ့ပါတယ်။ မီးစိမ်းပြတာနဲ့ မောင်းထွက်လိုက်ပါတယ်။ ကာတျာက နောက်ခုံမှာ အိပ်နေပါတယ်။ ရုတ်တရက်ဆိုသလို မော်တော်ကားတစ်စီး ကျွန်မ မော်တော်ကားနဘေး ထိုးဝင်လာပါတယ်။ အဲဒီကား အရှိန်က တစ်နာရီ ၈၀ ကီလိုမီတာ ရှိမှာ ဖြစ်ပါတယ်။ အဲဒီကားကို ကျွန်မ မမြင်လိုက်ပါဘူး။ မီးစိမ်းတာနဲ့ ထွက်လိုက်တာ၊ ညာဘက်ကို မကြည့်မိပါဘူး။ အဲဒီကားက မီးနီကို ဖြတ်ပြီး မောင်းလာတာ။ မီးနီတာတွေ့လို့ တခြား ကားတစ်စီးကို မတိုက်မိအောင် ကွေ့ချလိုက်တာ ဖြစ်ပါတယ်။

ကျွန်မတို့ ကံကောင်းတာက တစ်ဖက်ကားမောင်းသမားက ကား ညာဘက် ရှေ့ခြမ်းကို တိုက်လိုက်တာကြောင့်ပါပဲ။ သူက နောက်တံခါးရှေ့ဘက်ခြမ်း ဝင်တိုက်မိရင် ကျွန်မတို့ဖြစ်ဖြစ်၊ ကလေးကို ဖြစ်ဖြစ် တိုက်မိမှာ သေချာပါတယ်။

ကျွန်မ တစ်နာရီခွဲလောက် သတိမေ့နေပါတယ်။ ကျွန်မ နိုးလာတော့ ကျွန်မ ကားဆက်မောင်းချင်နေပါတယ်။ ဒါပေမယ့် မောင်းလို့မရမှန်း ကျွန်မ သဘောပေါက်လိုက်ပါတယ်။ ကျွန်မ အနည်းအကျဉ်းပဲ ထိခိုက်မိတာပါ။ ဒါပေမယ့် ကျွန်မ လန့်နေတယ်။ လူနာ တင်ယာဉ်နဲ့ ကျွန်မကို တင်ခေါ်သွားတယ်။ အိပ်ဆေးထိုးပေးရတယ်။ ကျွန်မ စဉ်းစားမိလိုက်တာကတော့

'ဘုရားရေ ငါတော့အိပ်ရမှာပါလား'

ဆိုတာပါပဲ။

ကျွန်မ ရက်သတ္တပတ် တော်တော်များများ အိပ်မပျော်ဘဲ ရှိနေခဲ့ပါတယ်။

သတိရရခြင်း ကျွန်မ စဉ်းစားမိတာက သမီးလေးအကြောင်းပါပဲ။

'ကလေး ဘာဖြစ်သွားသလဲ။ နောက်ဘက်မှာ သူထိုင်လိုက်လာတာ'

လို့ ရုတ်တရက် မေးလိုက်ပါတယ်။

ကျွန်မ နဘေးမှာ ရပ်ကြည့်နေတဲ့ လူတစ်ယောက်ကို ပူတင်ရဲ့ လက်ထောက် အီဂေါ် နိုဗစ်(ချ)ဆီချင်ရဲ့ ဖုန်းနံပါတ်ကို ပေးလိုက်ပါတယ်။ ဒါဆို ပူတင်လည်း ကားတိုက်တဲ့ နေရာ ရောက်လာပြီး ကလေးကို လာခေါ်သွားနိုင်မှာ ဖြစ်ပါတယ်။ အခင်းဖြစ်တဲ့ နေရာနဲ့ စမိုနီရိပ်သာက သုံးမိနစ်လောက်မောင်းရင် ရောက်တယ်လေ။ လမ်းသွား လမ်းလာ တစ်ယောက်က အရမ်းကို သိတတ်တယ်။ အများဆုံး အကူအညီ ပေးပါတယ်။ အဲဒီအမျိုးသမီးကပဲ သူနာပြုကား ခေါ်ပေးပါတယ်။ ဆီချင်ကို ဖုန်းဆက်ခေါ်တယ်။ ကာတျာကို အဲဒီအမျိုးသမီးက စောင့်

ရှောက်ပေးပါတယ်။ အခင်းဖြစ်ပွားချိန်မှာ သူမကတစ်ချိန်လုံးရှိပြီး အကူအညီပေးပါတယ်။ သူမက တယ်လီဖုန်း နံပါတ်ပေးထားပါတယ်။ ဒါပေမယ့် ကားထဲ ဘယ်နေရာထားမှန်း မသိဘူး။ ရှာမတွေ့ဘူး ဖြစ်ခဲ့ပါတယ်။ အဲဒါ သိပ်ဆိုးဝါးသွားပါတယ်။ ကျွန်မ သူ့ကို အရမ်းကို ကျေးဇူးတင်ချင်နေတာရှင့်။

သူနာပြုယာဉ်နဲ့ ဆေးရုံသွားရတာ ၄၅ မိနစ်ကြာပါတယ်။ ဆရာဝန်တွေက စစ်ဆေးကြည့်ပြီး ကျောရိုးကျိုးသွားတယ်လို့ ယူဆထားကြပါတယ်။ ယူရီလီ ယိုနိုဗိုဗစ်(ချ်)ရှ(ဗ) ချင်ကိုရှိတဲ့ စစ်တက္ကသိုလ်ဆေးရုံကို ပို့ဖို့ ပြောရမှာ ကျွန်မ ပါးစပ်မရဲဘူး ဖြစ်နေပါ တယ်။ ဒါနဲ့ ကျွန်မကို အတွင်းလူနာတွေ ကုသပေးတဲ့ ဆေးရုံတစ်ရုံကို ခေါ်သွားပါတယ်။ အဲဒီဆေးရုံက တကယ်ကို ထိတ်လန့် တုန်လှုပ်စရာပါပဲ။ သေကောင်ပေါင်းလဲ လူနာတွေနဲ့ ပြည့်နှက်နေပါတယ်။ လူသွား စင်္ကြံမှာဆိုရင်လည်း လူသေကောင်တွေ တင်ထားတဲ့ လက်တွန်း လှည်းတွေ အများကြီးပါပဲ။ ကျွန်မ တစ်သက်တာ မမေ့နိုင်တဲ့ မြင်ကွင်းပဲ ဖြစ်ပါတယ်။ အဲဒီဆေးရုံ နာမည်က 'အောက်တိုဘာ ၂၅' ဖြစ်ပါတယ်။ ကျွန်မက အဲဒီဆေးရုံကို တက်ရမယ်ဆိုရင် ကျွန်မသေမှာပဲ။ သူတို့က ကျွန်မရဲ့ ကျောရိုးကို ခွဲစိတ်ဖို့ စိတ်ကူး မရှိကြပါဘူး။

ဆရာဝန်တွေဟာ ကျွန်မရဲ့ ဦးခေါင်းခွံ ဘာဖြစ်တယ်ဆိုတာလဲ မသိကြပါဘူး။ ကျွန်မ ခေါင်းထိခိုက်တာကြောင့် မေ့လျော့တဲ့ ဝေဒနာ တစ်ခု ခံစားရပါတယ်။]

မာရီနာ ယန်တာဆီဗာ။ ။

[မိန်းမတစ်ယောက်က ကျွန်မတို့ ရုံးခန်းကို ဖုန်းဆက်ပါတယ်။ 'လျူ(ဒ)မီလာက ရှင် ဖုန်းဆက်နိုင်းလို့ ဆက်ရတာပါလို့၊ လျူ(ဒ)မီလာ ကားတိုက်ခံရလို့ အဲဒါ ဖုန်းဆက်ပြောရတာပါ' လို့ ပြောလာပါတယ်။ အဲဒီအချိန်မှာ ကျွန်မ ဘာလုပ်သင့်သလဲ။ ဘာလုပ်ရမှာလဲ။ မစ္စတာပူတင်ကလည်း ရုံးမှာ မရှိပါဘူး။ နိုင်ငံခြားသားတွေနဲ့ အစည်းအဝေး ကျင်းပနေပါတယ်။ ကျွန်မတို့ ရုံးက ကိုယ်စားလှယ် တစ်ယောက်က မော်တော်ကားယူပြီး ကာတျာကို သွားကြိုပါတယ်။ ပြီးတာနဲ့ စမိုနီမှာရှိတဲ့ ရုံးကို ခေါ်ဆောင်လာပါတယ်။ ကျွန်မက ကလေးကို မေးရပါတယ်။

'ကာတျာ ဘာဖြစ်တာလဲ'

'သမီးမသိဘူး။ သမီးအိပ်ပျော်နေတာ'

လို့ ကာတျာက ဖြေပါတယ်။

ကာတျာလေးဟာ မော်တော်ကားနောက်ဘက်ခန်းမှာ ရှိနေပါတယ်။ မော်တော်ကားချင်းတိုက်မိတဲ့ အချိန်မှာ ကာတျာဟာ လွင့်စင်သွားတော့တာပါပဲ။



ပထမတော့ လျူ(ဒ)မီလာဟာ အဆင်ပြေနေတယ်လို့ ကျွန်မ ထင်ထားပါတယ်။ ဘာကြောင့်လဲဆိုတော့ ဆရာဝန်တွေရဲ့ ကုသမှုကို ခံနေရတာကိုး။ ကာတျာကလည်း ဒဏ်ရာ ရထားတာမို့ ဆရာဝန်ဆီခေါ်သွားဖို့ စိတ်ကူးပါတယ်။ ဒါကြောင့် စမိုနီမှာရှိတဲ့ ဆရာဝန်ဆီကို သွားပြပါတယ်။ ဆရာဝန်က ကလေးကုဆရာဝန်ထံ သွားပြဖို့ ညွှန်ကြားပါတယ်။ ကာတျာခမျာ ထိခိုက်ဒဏ်ရာကြောင့် အာရုံကြောများ ထိခိုက်မလားဆိုပြီး ကလေးအကြောရောဂါကုသုတေသနက အကြောရောဂါဗေဒကု ဆရာဝန်ဆီ သွားပြရပါတယ်။ ဆရာဝန်က ဘာမှ သေသေချာချာ မပြောပါဘူး။ ကလေးကို တိတ်ဆိတ်ငြိမ်ချမ်းတဲ့ နေရာမှာထားဖို့ပဲ ပြောခဲ့ပါတယ်။ ဆရာဝန်က ကာတျာက ဘာဖြစ်တာလဲလို့ မေးပါတယ်။ ကလေးက ဘာမျှ ရှင်းပြနိုင်တဲ့ အခြေအနေ မရှိပါဘူး။ ကလေးက ကြောက်လန့်သွားပါတယ်။

ကာတျာကို စမိုနီကို ခေါ်လာတဲ့ ကားမောင်းသမား ပြောပြချက်အရ လျူ(ဒ)မီလာ အလက်ဇန်ဒရိုဗစ်(ချ်)ဟာ သူနာတင်ယာဉ် ရောက်လာချိန်မှာ သတိရနေပါတယ်။ ကျွန်မ ကိုယ့်ဘာသာ ပြောနေမိပါတယ်။

'အင်း ဒါဆိုရင် အခြေအနေ သိပ်မဆိုးဘူးပေါ့'

နောက်မှ ဆေးရုံကို ရောဂါအခြေအနေ ဘယ်လိုရှိသလဲ ဆိုတာ မေးလိုက်ပါတယ်။ အရိုးအက်သွားတာလား။ ဒါမှမဟုတ် ကျောရိုးအဆစ် လွဲသွားတာလား ဆိုတာ ဘယ်သူမှ အတိအကျ မပြောနိုင်ပါဘူး။

ပူတင်က စစ်တက္ကသိုလ်ဆေးရုံက ယူရီ ရှက်(ဗ)ချင်ကိုထံ ဖုန်းဆက်နိုင်းထားသလား ဆိုတာလဲ မမှတ်မိပါဘူး။ ကျွန်မ သူ့ဆီ ဖုန်းဆက်ပါတယ်။ သုံးလေးငါးကြိမ် ဆက်ကြည့်တယ်။ သူ မရှိပါဘူး။ နောက်ဆုံး အကြိမ်ကျမှပဲ ဖုန်းခေါ်လို့ ရပါတယ်။ သူက ချက်ချင်း ဆိုသလိုပဲ လျူ(ဒ)မီလာကို တင်ထားတဲ့ ဆေးရုံကနေ သူ့ဆေးခန်းကို ပြောင်းသယ်လာဖို့ ခွဲစိတ်ဆရာဝန်ကို မှာပါတယ်။]

■ ဒီတော့ ကျွန်းမာရေးဝန်ကြီး ဒေါက်တာ ရှက်(ဗ)ချင်ကိုနဲ့ ခင်မင်ကောင်း ကောင်းကြီး သိပါသလား။

မသိပါဘူး။ ကျွန်တော့်ဇနီး ယာဉ်တိုက်မှုဖြစ်ပြီးတဲ့ချိန်ထိ ကျွန်တော်တို့ ရင်းရင်းနှီးနှီး မသိကျွမ်းပါဘူး။ သူက တကယ့်ဆရာဝန်စစ် ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ တစ်နှစ် လောက်က ၁၉၉၆ ခုနှစ်မှာပေါ့။ ချေချင်းညှာစစ်ပွဲ ဖြစ်ပွားချိန် ဖြစ်ပါတယ်။ ရှက်(ဗ)ချင်ကိုက စစ်သားနှလုံးသားထဲမှာ ထိမှန်ထားတဲ့ ကျည်ဆန်ကို ဖယ်ထုတ်ပစ်ခဲ့ပါတယ်။ ကျည်ဆန်က နှလုံးသား ကြွက်သားထဲ ဝင်ရောက်နေတာ ဖြစ်ပါတယ်။ ခွဲစိတ်ကုသပြီးတော့ အဲဒီစစ်သား အသက်မသေဘဲ ရှင်သွားပါတယ်။

ရှက်(ဖ)ချင်ကိုက ပီတာစဘတ်ကို တစ်ပတ်တစ်ခါ သွားပြီး ခွဲစိတ်ကုသမှုတွေ ပြုလုပ်ပေးပါတယ်။

လျူ(ဒ)မီလာ ပူတင်နာ။ ။

[ဗယ်လာရီ အီဗနိုဗစ်(ချ်) ပါရှိနေ့(ဖ) ကျွန်မကို ဆေးခန်းခေါ်သွားပါတယ်။ ကျွန်မ နားရွက် စုတ်ပြတ်သွားပါတယ်။ အဲဒါကို ပြန်ချုပ်ဖို့ ဆုံးဖြတ်ကြပါတယ်။ ကျွန်မကို ဝတ်လစ်စလစ်နဲ့ အေးစက်နေတဲ့ ခွဲစိတ်ခန်းထဲက ခုတင်မှာ ထားပါတယ်။ ကျွန်မဟာ သတိရတစ်ချက် မရတစ်ချက်နဲ့ ဆိုးဝါးတဲ့ အခြေအနေ ရင်ဆိုင်နေရပါတယ်။ နောက်တော့ ကျွန်မသတိမေ့သွား ပါတယ်။ ဗယ်လာရီခွဲစိတ်ခန်း ထဲရောက်လာတော့ ခုလိုပြောပါတယ်။

'ဘာမှ မလိုအပ်တော့ဘူး။ ခွဲစိတ်လို့ရပြီ။ အားလုံး အဆင်ပြေတယ်'

ဗယ်လာရီက ခွဲစိတ်ခန်းထဲရောက်လာပါတယ်။ ကျွန်မ မျက်လုံးဖွင့်ကြည့်လိုက်ပါတယ်။ စစ်ယူနီဖောင်း ဝတ်ထားတဲ့ အရာရှိတစ်ယောက် ကျွန်မရှေ့မှာ ရပ်နေတယ်။ ကျွန်မလက်ကို ကိုင်ထားပါတယ်။ သူ့လက်က နွေးထွေးနေပါတယ်။ ကျွန်မလဲ နွေးထွေးမှု ခံစားရပါတယ်။ ကျွန်မ အသက်မသေတော့ဘူးဆိုတာ သိလိုက်ရပါတယ်။

စစ်တက္ကသိုလ် ဆေးရုံမှာပဲ ကျွန်မကို ဓာတ်မှန်ရိုက်ပါတယ်။ ကျောဆစ်ရိုးကို အရေးပေါ် ခွဲစိတ်ရမယ်လို့လဲ သူတို့က ပြောပါတယ်။]

မာရီနာ ယန်တာဆီဗာ။ ။

[လျူ(ဒ)မီလာ မြို့ပြင်မှာရှိတဲ့ အစိုးရပိုင် လုံးချင်းတိုက်တာမှာ ကလေးနှစ်ယောက်နဲ့အတူ နေပါတယ်။ မာရှာက ကျောင်းတက်နေဆဲပါ။ မော်တော်ကားတိုက်တဲ့ အချိန်မှာ သူက ကျောင်းတက်နေပါတယ်။ လျူ(ဒ)မီလာနဲ့ ကာတျာတို့က မာရှာကို ကျောင်းသွားအကြိုမှာ ကားတိုက်ခံရတာ ဖြစ်ပါတယ်။ အဲဒီမနက်မှာ ကာတျာက ဖျားနေတယ်။ ကလေးက ဘယ်မှမသွားချင်ဘူး ဖြစ်နေတယ်။ လျူ(ဒ)မီလာကပဲ မာရှာကို ကျောင်းသွားကြိုမှာ လိုက်ခဲ့ဖို့ခေါ်လို့ လိုက်လာရတာ ဖြစ်ပါတယ်။

ခုတော့ ကျွန်မ မာရှာကို ကျောင်းသွားကြိုရတယ်။ ကလေးနှစ်ယောက်နဲ့ ဘယ်လို ခစနီးသွားရမလဲ မသိဘူးလေ။ ဒါနဲ့ ဗလာဒီမာ ပူတင်ကို မေးရတယ်။

'ကလေးနှစ်ယောက်ကို ကျွန်မ အမေ့အိမ်မှာ သွားထားပါရစေ'



လို့ ကျွန်မက ပြောပါတယ်။

'ဒါ မဖြစ်နိုင်ဘူး။ ဒါပေမယ့် ကလေးနှစ်ယောက်နဲ့အတူ တိုက်ခန်းထဲ တစ်ညလုံး အချိန်ပြန်းမယ်ဆိုရင်တော့ ငါ သိပ်ကျေးဇူးတင်မှာပဲ'

အဲဒီလို ပူတင်က ပြောပါတယ်။

'ကောင်းပြီ'

ကျွန်မက ဖြေလိုက်ပါတယ်။

တိုက်ခန်းရှိရာ အသွားမှာ လျူ(ဒ)မီလာရှိတဲ့ ဆေးရုံကို ကျော်ဖြတ်သွားရပါတယ်။ အဲဒီမှာတင် ဆေးရုံရှေ့မှာ ပူတင်ရဲ့ မော်တော်ကားကို လှမ်းမြင်ရပါတယ်။ သူက ဆေးရုံကနေ ပြန်တော့မလို့။ ကျွန်မက ကားမောင်းသမားကို ပူတင် မော်တော်ကားရှိတဲ့ နေရာ မောင်းနိုင်းလိုက်ပါတယ်။

'ကလေးတွေ ကားပေါ်မှာ'

လို့ ကျွန်မ ပူတင်ကို ပြောလိုက်ပါတယ်။

ပူတင်က ကလေးနှစ်ယောက်ရှိရာ လျှောက်သွားပါတယ်။ ကျွန်မလည်း ဆေးရုံထဲ ဝင်ခဲ့ပါတယ်။ ဆေးရုံထဲကို ကလေးဝင်ခွင့် မပြုပါဘူး။

လျူ(ဒ)မီလာကို ခွဲစိတ်ပြီးနေပါပြီ။ သူမ သတိရနေပါတယ်။ ကလေးတွေအတွက် အနွေးထည်ပါရဲ့လားလို့ မေးပါတယ်။ အဲဒီနေ့က အရမ်းအေးပါတယ်။ အဆောက်အဦထဲမှာ အနွေးထည် ဝတ်ထားဖို့ လိုပါတယ်။

ကျွန်မတို့ ပြန်မယ်လို့ ပြင်ချိန်မှာ ပူတင်က ယခုလို ပြောပါတယ်။ သူ အိမ်ပြန်လာဖို့ ကြိုးစားမှာ ဖြစ်ပေမယ့် ထုံးစံအတိုင်း စောစော ပြန်လာနိုင်မှာ မဟုတ်ဘူး။ အစည်းအဝေးက မိုးချုပ်မှ ပြီးလေ့ရှိတဲ့ အကြောင်း ပြောပြပါတယ်။

ကားသမားက ကျွန်မတို့ကို တိုက်ခန်းရှေ့မှာ ချထားပေးပါတယ်။ ပြီးတာနဲ့ ထွက်သွားပါတယ်။ ဒါပေမယ့် ပူတင် သတိမေ့ သွားတာက တိုက်ခန်းထဲမှာ အပူချိန် ဘယ်လိုတင်ရမလဲဆိုတာ ပြောမသွားတာ ဖြစ်ပါတယ်။ အဲဒီအချိန်က အရမ်းအေးနေပါတယ်။ ကလေးနှစ်ယောက်က ချစ်စရာပါ။ အိမ်ထဲရောက်တာနဲ့ ကလေးတွေက ကူညီလုပ်ကိုင်ကြပါတယ်။

'ဒေါ်လေး မာရီနာ၊ စောင်တွေက ဟိုမှာထားတာ၊ အိပ်ရာခင်းက ဒီမှာ'

လို့ ပြောကြပါတယ်။ ကလေးနှစ်ယောက်စလုံး ထိတ်လန့် မနေကြဘူး။ အခန်းထောင့်မှာ ကုပ်ပြီး ငိုကြွေးမနေကြပါဘူး။

သူတို့ရဲ့ မိခင်က စိုးရိမ်နေတဲ့ အခြေအနေမှာ ရှိကြောင်း ကလေးနှစ်ယောက်စလုံး သိထားကြပါတယ်။ ကျွန်မတို့တစ်တွေ တိုက်ခန်းဖြတ်ကျော်ပြီး ဆေးရုံရောက်လာတော့ ကလေးနှစ်ယောက်စလုံး သူတို့အမေကားကို တွေ့လိုက်ကြပါတယ်။ ရုတ်တရက် ဆိုသလိုပဲ

'မေမေ အဲဒီမှာလားဟင်'

လို့ ကလေးတွေက မေးခွန်းထုတ်ပါတယ်။

ဆေးရုံသစ် ပြောင်းတင်ကာ သူတို့ ဘယ်လိုသိလိုက်ကြပါလိမ့်။ စစ်ဆေးတဲ့ဘူသိုလ်ဆေးရုံဟာ ကလေးနှစ်ယောက်ကို အသိပေး မထားပါဘူး။ သူတို့စိတ် မပူစေချင်လို့ပါ။

ကလေးနှစ်ယောက်စလုံး ခုတင်တစ်ခုထဲမှာပဲ သိပ်ထားပါတယ်။ နွေးအောင်ပါပဲ။ မနက် ၃ နာရီလောက်မှာ တံခါးခေါက်သံကြားလို့ ကျွန်မ လန့်နိုးသွားပါတယ်။ ကျွန်မ လန့်ဖြန့်သွားပါတယ်။ တိုက်ခန်းမှာ ဘယ်သူမှ မရှိကြဘူးလေ။ တံခါးဖွင့်လိုက်တော့ ဗလာ ဒီမာပူတင်။ သူက အပူပေးစက်ခလုတ်ကို ဖွင့်လိုက်တယ်။ ဒီတော့မှ အိပ်ခန်းထဲ နွေးသွားပါတယ်။

ကျွန်မ ပူတင်ကို အဲဒီပုံစံနဲ့ မတွေ့ဖူးပါဘူး။ သူဟာ ကြိုးတန်းပေါ်က ပြုတ်ကျပြီး လုံးဝဥဿုံ ရှုံးနိမ့်သူ တစ်ယောက်လို ဖြစ်နေတယ်။ ဘာလိုမှ ဆွဲယူ လုပ်ကိုင်လို့မှ မရတဲ့ ပုံစံမျိုးပါပဲ။ သူ့ပုံစံကတော့ ခေါင်းထဲမှာ အကြံအစည် တစ်ခုကို စဉ်းစားလာတဲ့ ပုံဖြစ်ပါတယ်။ ဘာပဲပြောပြော သူ့ကို ဒီလိုပုံစံမျိုးနဲ့ မဖြစ်ဘူးတာ အမှန်ပါပဲရှင်။

သူက အိပ်ကို မနက် (၃) နာရီမှ ပြန်လာတယ်။ မနက် (၇) နာရီမှ ပြန်ထွက်သွားတယ်။ ကျွန်မကတော့ ကလေးတွေနဲ့ ညနေဘက် (၃) နာရီအထိ နေပေးရတယ်။ အဲဒီ အချိန်ကျမှ လျူ(ဒ)မီလာရဲ့ အမေကြီး ယခါတာရီနာ တစ်ခိုနီဗာက ကာလင်နင်ဂရက်မြို့မှ ရောက်လာတာ ဖြစ်ပါတယ်။]

လျူ(ဒ)မီလာအမေက ဘယ်လိုသိတာလဲ မာရီနာ။ ။

[ကျွန်မ သံကြိုးရိုက်လိုက်တာပါ။ လျူ(ဒ)မီလာကတော့ ကျွန်မ ခုလို လုပ်လိုက်တာကို စိတ်ဆိုးမှာပါပဲ။ ဒါပေမယ့် ဒီလို မလုပ်လို့က မဖြစ်ဘူးလေ။ ကျွန်မ ခုလို လုပ်လိုက်တာကလည်း ပူတင်ရဲ့ သဘောတူညီချက်ရယူပြီးမှ လုပ်တာပါ။ သမီးဖြစ်သူ ဆေးရုံကဆင်းတဲ့ အချိန်အထိ အဘွားကြီးက ကလေးတွေနဲ့အတူ နေခဲ့ပါတယ်။]

## ■ လျူ(ဒ)မီလာ နာလန်ထဖို့ တော်တော်ကြာသလား။

ဆေးရုံမှာ တစ်လခွဲ၊ နှစ်လလောက် ကြာမယ်ထင်ပါတယ်။ သူမရဲ့ ခေါင်းခွံမှာ အက်သွားတာ ရှာဖွေတွေ့သွားပါတယ်။ ကျောဆစ်ရိုး အက်တာထက် ပိုဆိုးလို့ ဆရာဝန်တွေက စိတ်ပူနေကြပါတယ်။



လျူ(ဒ)မီလာ ပူတင်နာ။ ။

[ကျောရိုးခွဲစိတ်ပြီးတဲ့အခါမှာတော့ အထူးကုသရေးဆောင်မှာ ကျွန်မနေခဲ့ရပါတယ်။ ကျွန်မကျောရိုးတွေ နာနေပြီလို့ ဆရာဝန်တွေကို ပြောပြခဲ့ပါတယ်။ ဆရာဝန်တွေက ရယ်မောပြီး မပူပါနဲ့၊ အသစ်ထပ်ထည့်ပေးမယ်လို့ ပြောကြပါတယ်။ ဒီနောက်တော့ ကျွန်မကို ခွဲစိတ်ကုသပေးတဲ့ သမားတော်က ဓာတ်မှန်ရိုက်ကြည့်ဖို့ ဆုံးဖြတ်ပါတယ်။ အဲဒီမှာတင် ဦးခွံအောက်မှာ အက်နေတာ သွားတွေ့တော့တာပါပဲ။ ဒီမှာတင်ပဲ နောက်တစ်ကြိမ် ထပ်မံ ခွဲစိတ်ရပါတော့တယ်။ ဆရာဝန်တွေ အနေနဲ့ ခွဲစိတ်ကုသမှုလုပ်ရင်း ကျွန်မဟာ အသက်ရှင်နိုင်ပါ့မလားဆိုတာ သံသယရှိနေခဲ့ကြပါတယ်။ ဒါပေမယ့် ကျွန်မ ကံကောင်းပါတယ်။ အက်သွားတာ ပြန်ဆက်နိုင်ပါတယ်။

ကျွန်မ စိတ်မကောင်းတစ်တစ်ခုက ကျွန်မရဲ့ လည်ချောင်းနှစ်ဖက်မှာ ရှေ့ဘက်မှာ နောက်ဘက်မှာ ခွဲစိတ်ထားတဲ့အတွက် ချုပ်ရာတွေ ထင်နေတာပါပဲ။ ကားမတိုက်ခင်က ကျွန်မ ပိုပြီး လှနေတယ်လေ။]

## ■ လျူ(ဒ)မီလာ ခင်ဗျားရဲ့ ရောဂါကို သိရတော့ မကြောက်ဘူးလား။

သိပ်တော့ မကြောက်ပါဘူး။ ဘာလို့လဲဆိုတော့ အထူးကြီးကြပ်ဆောင်မှာထားလို့ပါပဲ။ ကျွန်မလည်ပင်းနဲ့ ပတ်သက်လို့တော့ အရမ်းဝမ်းနည်းသွားပါတယ်။ ကျွန်မ ငိုမိပါရဲ့။ ခွဲစိတ်ကုသမားတော် ဗယ်လာရီ အိဂျန်ရေဗစ်(ချ) က ကျွန်မ ဘာကြောင့် ငိုနေတယ်ဆိုတာ သိသွားပါတယ်။

'အရူးမ၊ အရိုးကျိုးတာ ဦးခွံကွဲအက်တာတော့ ဘာမှ မဖြစ်ဘဲနဲ့၊ လည်ပင်း အမာရွတ်ထင်တဲ့အတွက် ငိုရတယ်လို့'

လို့ ဆရာဝန်က ပြောပါတယ်။

ဟုတ်တယ်။ ကျွန်မငိုပါတယ်။ အမာရွတ်တွေ မပျောက်ဘဲ ထင်နေမှာ စိုးရိမ်လို့အတွက်ပါပဲ။ တကယ်တော့ အမာရွတ်တွေက သတိထားမကြည့်ရရင် မမြင်ရပါဘူး။

မရီနာယန်တာဆီဗာ။ ။

[လျူ(ဒ)မီလာက ဆေးရုံဝင်းထဲမှာပဲ နေရပါတယ်။ အခန်း တစ်ခန်းမှာ လူနာ (၄) ယောက်ရှိပါတယ်။ လျူ(ဒ)မီလာက ဦးခွံအက်က ပြန်ကောင်းလာပြီးတဲ့ အခါမှာတော့ ပူတင်ရယ်၊ သူ့သမီးတွေရယ်၊ ပြီးတော့ ကျွန်မပါ ဆေးရုံသွားပြီး လူမမာ သတင်းမေးကြပါတယ်။]

လျူ(ဒ)မီလာ ပူတင်နား။ ။

[ကျွန်မ ဆေးရုံကဆင်းပြီးတဲ့နောက် တိုက်ခန်းထဲမှာ နှစ်ပတ်လောက် လေးဘက်တွားသွားနေရပါတယ်။ ဒီနောက်တော့ တဖြေးဖြေး တခြားအရာတွေ လုပ်ကိုင်လာနိုင်ပါတယ်။ အဆုံးမတော့ နှစ်နှစ် သုံးနှစ်လည်းကြာရော မူလအခြေအနေ ပြန်ရောက်ခဲ့ပါတယ်။]

ဆရာဂေး ရှိ(လ)ဒူဂင်။ ။

[တစ်နေ့တော့ ပူတင်က ကျွန်တော့်တိုက်ခန်းကို ကားဒရိုင်ဘာနဲ့အတူ ရောက်လာပါတယ်။ ကျွန်တော်တို့ ခဏတဖြုတ် စကားပြောကြတယ်။ ပြီးမှ အိပ်ရာဝင်ခဲ့ကြပါတယ်။ ပူတင်က သူ့နဘေးမှာ လေသေနတ်ထားပြီး အိပ်နေတာကို ကျွန်တော် သတိပြုမိပါတယ်။ တစ်စုံတစ်ခု လွဲချော်နေပြီဆိုတာ လက်တွေ့သိမြင်နေရပြီ ဖြစ်ပါတယ်။

'ပူတင် မင်း ဘာလုပ်နေတာလဲ။ လေးသေနတ်က မင်းကို အကာအကွယ်ပေးနိုင်မယ် ထင်နေသလား'

လို့ ကျွန်တော်က မေးလိုက်ပါတယ်။

'ဒါကို အကာအကွယ်တော့ မပေးနိုင်ပေမယ့် ဒီလို လေ သေနတ်ကိုင်ထားရရင် လုံခြုံမှုတော့ ရှိသလို ခံစားရပါတယ်။

ပူတင်က အဲသလို ပြန်ဖြေလိုက်ပါတယ်။

ဒီအဖြစ်အပျက်ကတော့ မြို့တော်ဝန်ရုံးမှာ ပူတင်အလုပ်လုပ် နေစဉ် နောက်ဆုံးနေ့ရက်များ ဖြစ်ပါတယ်။ ဆိုချက် ရွေးကောက်ပွဲဝင်မယ့် ကာလ ဖြစ်ပါတယ်။]

၁၉၉၆ ခုနှစ်မှာ မြို့တော်ဝန် ရွေးကောက်ပွဲဟာ အလွန်ရှုပ်ထွေးနေတယ်ဆို တာ သိသာထင်ရှားလှပါတယ်။ ကျွန်တော်က ဆိုချက်ကို ရွေးကောက်ပွဲက အတော် လေး ကြမ်းတမ်းခက်ခဲမယ်လို့ ကြိုတင် သတိပေးထားခဲ့ပါတယ်။

၁၉၉၂ တုန်းကလည်း ကျွန်တော်ဟာ မြို့တော်ဝန်ရွေးကောက်ပွဲမှာ ပါဝင်ယှဉ် ပြိုင်ခဲ့တဲ့ ဆိုချက်ဘက်ကနေပြီး အဓိက အခန်းကဏ္ဍမှ ဆောင်ရွက်ပေးခဲ့ပါတယ်။ လီနင်ဂရက်မြို့တော်ကောင်စီဟာ စနစ်ဟောင်း လက်အောက်မှာပဲ ရှိနေတာမို့ ဆိုချက် ကို ကောင်စီအဖွဲ့ဝင်တွေက အချိန်မရွေး ဖြုတ်ပစ်နိုင်တဲ့ အနေအထားမှာ ရှိပါတယ်။

အဲဒီမှာတင် ဆိုချက်က မြို့တော်ဝန်ရာထူးကို ဖန်တီးဖို့ နောက်ဆုံးမှာ သဘောတူခွင့်ပြုခဲ့ပါတယ်။ သူ့အနေနဲ့ ကောင်စီဝင်လူကြီးတွေနဲ့ အမြဲတမ်း ဆိုသလို ဆက်ဆံရေးက ပြဿနာ ဖြစ်နေတာမို့ သူတင်ပြခဲ့တဲ့ ရာထူးကို လက်ခံ အတည် မယ်လို့ ထင်မထားပါဘူး။ အဲဒီအချိန်တုန်းက ဆိုချက်ဟာ ပေါ်ပြူလာ ဖြစ်နေ



ပါတယ်။ လူကြိုက်ကလည်း အမှန်များနေပါတယ်။ ကိုယ်စားလှယ်တွေ အနေနဲ့က လည်း သူ့ကိုသာ သဘောတူလိုက်မယ်ဆိုရင် ဆိုချက်ကို မြို့တော်ဝန်အဖြစ် ရွေးကောက်မယ် ဆိုတာလဲ သဘောပေါက်ထားကြပါတယ်။ အဲဒီလို ဖြစ်မှာကို ပြိုင်ဘက်တွေက မလိုလားကြပါဘူး။ သူတို့အနေနဲ့က ဆိုချက်မှာ အမြဲတစေ ကြီးကိုင်နေချင်ကြပါတယ်။

ကျွန်တော်က တခြားကိုယ်စားလှယ်တွေကို တကယ်လို့ ဆိုချက်သာ မြို့တော် ဝန်အဖြစ် ရွေးချယ်ခံရရင် အဲဒါဟာ အသင့်လျော်ဆုံး အကောင်းမွန်ဆုံး ဖြစ်မယ် ဆိုတာကို ပြောပြရပါတယ်။ ကျွန်တော်ပြောတဲ့ ပုဂ္ဂိုလ်တွေက မဲပေးပိုင်ခွင့် မရှိတဲ့ လူတွေပါ။ ဒါပေမယ့် သူတို့က မြို့တော်ဝန်ရုံးက ကိုယ်စားလှယ်တွေအပေါ်မှာ သြဇာရှိပါတယ်။

နောက်ဆုံးမတော့ မြို့တော်ဝန်ထားရေးဆိုတဲ့ အဆိုကို မဲခွဲဆုံးဖြတ်ရာမှာ ထားရှိရေးဘက်က တစ်မှတ်အသာနဲ့ အနိုင်ရသွားပါတယ်။[၁]

နောက် ၄ နှစ်ကြာမှာတော့ သိသာထင်ရှားတဲ့ အချက်တစ်ချက်ကို တွေ့ လိုက်ရပါတယ်။ ရွေးကောက်ပွဲမှာ နိုင်ချင်ရင် အဲဒီလူအနေနဲ့ ရွေးကောက်ပွဲ အနိုင် ရရေးအတွက် မန်နေဂျာများ ဒါမှမဟုတ် အတတ်ပညာရှင်များ လိုအပ်ပါတယ်။ ကိုယ်စားလှယ်တစ်ယောက်ရဲ့ သိမ်မွေ့နက်နဲမှုကိုသာ သိတဲ့ ပုဂ္ဂိုလ်ဖြစ်ရုံနဲ့ မရပါဘူး။ ဒါဟာ ကစားနည်းသစ် တစ်ခုပဲ ဖြစ်ပါတယ်။

## ■ ရွေးကောက်ပွဲ ဝင်ရောက်ဆင်နွှဲရေးကိစ္စမှာ ဘယ်လိုဆင်နွှဲရမယ်ဆိုတာ ခင်ဗျားက ဆိုချက်ကို အကြံဉာဏ် ပေးခဲ့ပါသလား။

ဟုတ်ပါတယ်။ 'ခင်ဗျားအနေနဲ့ တစ်ခါမှ ခြေမချဘူးတဲ့ ကစားကွင်းပေါ် ခုရောက်နေပြီ။ ဒီတော့ ခင်ဗျားမှာ အထူးကျွမ်းကျင်သူတွေ၊ ပါရဂူတွေ လိုအပ်နေ တယ်လို့ ပြောလိုက်ပါတယ်' အဲဒီအချက်ကို ဆိုချက်ကလဲ သဘောပေါက်ခဲ့ပါတယ်။ ဒါပေမယ့် ရွေးကောက်ပွဲဝင်ရေးအတွက် အထူးစီမံကိန်းကို သူ့စိတ်ကြိုက် သူ့လူတွေနဲ့ ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။

---

၁။ ဆိုချက်ရဲ့ ရာထူးက မြို့တော်ဝန် ဖြစ်ပါတယ်။ ၁၉၈၀ ခုနှစ်နောက်ပိုင်း၊ ၁၉၉၀ အစောပိုင်းကာလမှာ ဖန်တီးဖော်ထားတဲ့ ရာထူးပါ။ သဘောကတော့ ဒီမိုကရက်တစ် နည်းကျကျ ရွေးကောက်တင်မြှောက်တဲ့ မြို့တော်ကောင်စီရဲ့ ဥက္ကဋ္ဌ ရာထူး ဖြစ်ပါတယ်။ ၁၉၉၆ ခုနှစ်နောက်ပိုင်းမှာတော့ စိန့်ပီတာစဘတ်မြို့တော်မှာ ရာထူးသစ်တစ်ခု ဖြစ်တဲ့ မြို့တော်ဝန်ရာထူးကို ဖော်ဆောင်လိုက်ပါတယ်။ ၁၉၉၆ ယာကော့(ဗ)လက်ဟာ မြို့တော်ဝန်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရပါတယ်။

**■ ကိုယ့်ကိုယ်ကို ယုံကြည်မှုလွန်တဲ့ ပုံစံမျိုးနဲ့ပေါ့။**

အဲဒီလို ပြောရခက်ပါတယ်။ သိတဲ့အတိုင်းပဲဗျ။ ရွေးကောက်ပွဲဝင်ရောက်ရေးအတွက် အထူးကျွမ်းကျင်သူတွေ သုံးပြီး မဲဆွယ်ရေး၊ ရွေးကောက်ပွဲ အနိုင်ရရေးဆိုတာက ပိုက်ဆံအရမ်းကုန်တဲ့ လုပ်ငန်းတစ်ခုပါပဲ။ ကျွန်တော်တို့မှာ ပိုက်ဆံကသိပ်ရှိကြတာ မဟုတ်ဘူး။ ပြီးတော့ ဆိုချက်က စစ်ဆေးခံနေရတဲ့ကာလလေ။ မြို့တော်ရဲ့ ရံပုံငွေတွေ အလွဲသုံးစား လုပ်ပြီး တိုက်ခန်းတွေ ဝယ်တယ်လို့ စွပ်စွဲခံနေရတာ။ တကယ်တော့ ဆိုချက်ဟာ ဘယ်ကငွေမှ မရပါဘူး။ ဘယ်တိုက်ခန်းမှလဲ မဝယ်နိုင်ပါဘူး။ ရွေးကောက်ပွဲဝင်ရေးအတွက် ငွေကြေး အကုန်အကျလဲ မခံနိုင်ဘူး။ မြို့တော်အသုံးစရိတ်ရဲ့ ငွေတွေကို ထုတ်မသုံးနိုင်ပါဘူး။ ထိုငွေကို မြို့တော်အသုံးစရိတ်ကနေယူဖို့ စိတ်တောင် မကူးခဲ့ကြပါဘူး။

**■ နီဓာကော့(ဖ)က ဆိုချက်ကို ဆန့်ကျင်တဲ့နေရာမှာ အဓိက အခန်းကဏ္ဍ ပါဝင်တယ်ပေါ့။**

ကျွန်တော်တို့ ရထားတဲ့ သတင်းအချက်အလက်တွေအရ ဆော့(စ)ကိုဇက်(စ)တွေရဲ့လက်ချက် ဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးရေးအဖွဲ့စည်းတွေက နောက်ပိုင်းမှ ဝင်လာတာ ဖြစ်ပါတယ်။ သူတို့တစ်တွေက မကောင်းတဲ့ လုပ်ငန်းတွေကို လုပ်နေကြပါတယ်။

ရွေးကောက်ပွဲ မလုပ်မီ တစ်နှစ်– နှစ်နှစ်လောက်အလိုတုန်းက စိန့်ပီတာဘတ်မြို့ကို မော်စကိုမြို့က ကော်မရှင်အဖွဲ့တစ်ဖွဲ့ ရောက်လာပါတယ်။ အဲဒီကော်မရှင်ကို အဖွဲ့အစည်း သုံးရပ်က လူတွေနဲ့ ဖွဲ့စည်းထားတာ ဖြစ်ပါတယ်။ ဖက်–အက်–ဘီ ဆိုတဲ့ ဖက်ဒရယ်ထောက်လှမ်းရေးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနဲ့ အစိုးရတရားရုံးချုပ်က ပုဂ္ဂိုလ်တွေနဲ့ ဖွဲ့စည်းထားတာ ဖြစ်ပါတယ်။ သူတို့က ရာဇဝတ်မှုဖော်တော်များများကို စတင်စစ်ဆေးပါတယ်။ ပြီးတော့မှ အမှုနှစ်မှုမှာ ဆိုချက်ကိုသက်သေအဖြစ် ထည့်သွင်းလိုက်ပါတယ်။ ရွေးကောက်ပွဲကာလမှာ တရားရုံးချုပ်ကိုစစ်ဆေးရေးကော်မရှင်အဖွဲ့ ရောက်လာပြီး ရာဇဝတ်မှုစစ်ဆေးရေးတွေနဲ့ ဆိုချက်တို့ ဆက်နွယ်မှု ရှိမရှိ မေးမြန်းခဲ့ပါတယ်။ သူတို့တစ်တွေ လာရောက်မေးတဲ့နေ့မှာပဲ အဖြေက ပြန်ရောက်လာခဲ့ပါတယ်။ ရာဇဝတ်မှုနှစ်ခု စစ်ဆေးမှုတွေ ပြုလုပ်ခဲ့ပါတယ်။ အဲဒီအမှုနဲ့ပတ်သက်ပြီး သက်သေ၊ ဒါမှမဟုတ် သံသယရှိတဲ့ တရားခံကိုရှင်းလင်းဖော်ပြထားတာ မရှိပါဘူး။ တရားရုံးချုပ်ကနေ ရရှိလာတဲ့ ပြန်ကြားချက်တွေကို မိတ္တူကူးထားပါတယ်။ ပြီးတော့ မြို့တော်ပေါ်ကနေ ရဟတ်ယာဉ်နဲ့ စာရွက်စာတမ်းတွေ ကြဲချခဲ့ပါတယ်။ သဘောကတော့ ရွေးကောက်ပွဲမှာ တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်ရတဲ့ အဖွဲ့အစည်းတွေက ဝင်ရောက်စွက်ဖက်နေခြင်းပါပဲ။



ဆိုချက်က ရွေးကောက်ပွဲအတွက် ကိုယ်ပိုင်ရုံးခန်းတစ်ခု ဖွင့်ပြီး စည်းရုံးရေးဆင်းဖို့ ဆုံးဖြတ်ထားပါတယ်။ အဲဒီအဖွဲ့ထဲမှာ ဆိုချက်ရဲ့ ဇနီးသည် လျူ(ဒ)မီလာ ဘောရစ်(စ)ဆိုဗနာလဲ ပါတယ်။ သူမက ရွေးကောက်ပွဲ စည်းရုံးလှုံ့ဆော်ရေးခန်းနေရာ ဖြစ်ပါတယ်။ ကျွန်တော်တို့က ဆိုချက်တို့ လင်မယားကို ဒီကိစ္စနဲ့ပတ်သက်ပြီး ဆွေးနွေးပါတယ်။ ဆွေးနွေးတဲ့ အကြောင်းအရာကတော့ လျူ(ဒ)မီလာ မပါဘို့ပါပဲ။ စည်းရုံးရေးကိစ္စတွေနဲ့ ပတ်သက်တဲ့ ပါဝင်ဆောင်ရွက်နေသူတွေအနေနဲ့ လျူ(ဒ)မီလာရဲ့ ဩဇာကို နာခံမယ်လို့ ကျွန်တော်တို့ မယုံကြည်ထားလို့ပါပဲ။

ဒါဖြင့် ရွေးကောက်ပွဲ စည်းရုံးရေးကိစ္စ ဘယ်သူဘယ်ဝါ တာဝန်ယူမယ်ဆိုတာ ကျွန်တော်တို့ စကားအခြေအတင် အကြာကြီး ပြောခဲ့ကြရပါတယ်။ နောက်ဆုံးတော့ ဆိုချက်ရဲ့ လက်ထောက် အလက်ဆေ ကုဒရင်ကိုပဲ ရွေးလိုက်ကြပါတယ်။ ဒါပေမယ့ ဆိုချက်က ကျွန်တော့်ကို မြို့တော်အရေးကိစ္စတွေ လုပ်ဖို့ ပြောလာပါတယ်။ သဘောကတော့ အဲဒီအချိန်ကာလကုန်က စိန့်ပီတာစဘတ်မြို့မှာ လူဦးရေ (၅) သန်းလောက်ရှိနေပြီး သူတို့ရဲ့ စီးပွားရေးနဲ့ ပတ်သက်လို့ စီမံခန့်ခွဲမှုတွေ ဆောင်ရွက်ဖို့လူလိုအပ်နေပါတယ်။ ရွေးကောက်ပွဲ နောက်ဆုံး မိနစ်အချိန်အထိ ကုဒရင်နဲ့ကျွန်တော်တို့ဟာ အကြိတ်အနယ် ကြိုးပမ်းခဲ့ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ဘာမှ အရာမထင်ခဲ့ပါဘူး။ မျှော်လင့်ချက် တွေ ကင်းမဲ့ခဲ့ရပါတယ်။ ကျွန်တော်တို့ရှုံးနိမ့်ခဲ့ပါတယ်။

အဲဒီလို မြို့တော်ဝန်ရွေးကောက်ပွဲ ရှုံးနိမ့်ပြီး အချိန်အတော်ကြာအောင် စမိုနီမှာရှိတဲ့ ကျွန်တော့်ရုံးခန်းမှာပဲ ကျွန်တော် အလုပ်လုပ်နေခဲ့ပါတယ်။ ဒုတိယအကြော့သမ္မတ ရွေးကောက်ပွဲက မကြာခင် ကျင်းပတော့မှာ ဖြစ်ပါတယ်။ ကျွန်တော်က စိန့်ပီတာစဘတ်မြို့မှာပဲ ယဲ့(လ)ဆင်အတွက် ရွေးကောက်ပွဲ မဲဆွယ်ရေး လှုပ်ရှားမှုမှာ ပါဝင်ခဲ့ပါတယ်။ လီနင်ဂရက်ရဲ့ မြို့တော်ဝန်ဟောင်းဖြစ်တဲ့ ဗလာဒီမာ ယာကော့(ဗ) လက်က ခု စိန့်ပီတာစဘတ်မြို့တော်ရဲ့ မြို့တော်ဝန် ဖြစ်လာခဲ့ပါတယ်။ ဒါပေမယ့် သူက ကျွန်တော့်ကို မောင်းမထုတ်ဘဲ ဆက်ထားပါတယ်။ ဒါပေမယ့် သမ္မတရွေးကောက်ပွဲကြီး ပြီးဆုံးသွားရင်တော့ ကျွန်တော်ဟာ လက်ရှိရုံးခန်းကနေထွက်ခွာပေးရမှာ ဖြစ်ပါတယ်။ ဗလာဒီမာ ယာကော့(ဗ)က ဒု မြို့တော်ဝန်လုပ်ဖို့ကမ်းလှမ်းတာရှိပေမယ့် ကျွန်တော် လက်မခံဘဲ ငြင်းပယ်ခဲ့ပါတယ်။ သူက သူ့လူတွေကနေ တစ်ဆင့် ကမ်းလှမ်းလာတာပါ။ ဒါပေမယ့် ယာကော့(ဗ)လက်နဲ့လက်တွဲလုပ်ဖို့ ဆိုတာ မလွယ်ဘူးလို့ ကျွန်တော် စဉ်းစားမိပါတယ်။ ဒါကြောင့်ကျွန်တော် ငြင်းပယ်တဲ့အကြောင်းကို သူတို့ ပြန်ပြောခဲ့ပါတယ်။

ရွေးကောက်ပွဲအတွက် စည်းရုံးလှုပ်ရှားနေတဲ့ အချိန်မှာပဲ မြို့တော်ဝန်ရုံးခန်းတည်ရှိရာ စမိုနီမှာရှိတဲ့ ရုံးတွေ အားလုံးဟာ ဆိုချက် ရှုံးနိမ့်ခဲ့ရင် အဲဒီနေရာကနေ

ထွက်သွားရမယ်ဆိုတဲ့ အချက်ကို ကျွန်တော်ကပဲ ဦးဆောင် လှုံ့ဆော်ခဲ့ပါတယ်။ ဒါဟာ ကျွန်တော်တို့တစ်တွေရဲ့ ရင်းနှီးသွေးစည်းမှုကို ထုတ်ဖော်ပြသတာပဲ ဖြစ်ပါတယ်။ ဒါမှလဲ အနာတိုလီ အလက်(စ)ဆန်ဒရိုဗစ် ဆိုချက်နဲ့အတူ လက်တွဲလုပ်ဆောင်နေသူအနေနဲ့ ဆိုချက်စ ရှုံးနိမ့်ခဲ့ရင် အဲဒီရှုံးနိမ့် မှုဟာ အားလုံး ရှုံးနိမ့်မှုဆိုတဲ့ အချက်ကို သဘောပေါက် နားလည်စေချင်တာပါပဲ။ ဒါမှလဲ ရွေးကောက်ပွဲမှာ အနိုင်ရမယ် အားကြိုးမာန်တက် လုပ်ဆောင်ဖို့ တွန်းအားပေးလိုက်တာ ဖြစ်ပါတယ်။

ကျွန်တော်တို့ သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့ပါတယ်။ ပြည်သူလူထုအတွက် ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့ပါတယ်။ အဲဒါကို ကျွန်တော်က ဖတ်ပြခဲ့ပါတယ်။ ဒါမှလဲ ဆိုချက် ရှုံးနိမ့်ပေမယ့် ကျွန်တော်ဟာ မြို့တော်ဝန်ရုံးမှာပဲ ဆက်နေခွင့်ရရှိမှာ ဖြစ်ပါတယ်။

ရွေးကောက်ပွဲ စည်းရုံးရေး ဆင်နွှဲနေတဲ့ကာလမှာပဲ ကျွန်တော်ဟာ ယာကော့(ဗ) လက်ကို ဆန့်ကျင်တိုက်ခိုက်ခဲ့ပါတယ်။ ကျွန်တော် သူ့ကို ဘယ်လိုရှုပ်ချတိုက်ခိုက်ခဲ့တယ်ဆိုတဲ့ အချက်အလက်အသေးစိတ်တော့ မမှတ်မိတော့ပါဘူး။ ဒါပေမယ့် ရုပ်မြင်သံကြား အင်တာဗျူးတစ်ခုမှာတော့ ကျွန်တော် သူ့ကို ဂျူးလို့ သမုတ်ခဲ့ပါတယ်။ အဲဒီစကားလုံးက သူနဲ့ သင့်တော်လို့ ကျွန်တော် အသုံးပြုခဲ့တာ ဖြစ်ပါတယ်။

ကျွန်တော်နဲ့ ယာကော့(ဗ)လက်တို့ရဲ့ ဆက်ဆံရေးက တိုးတက်မှု မရှိပါဘူး။ ပိုပြီးတော့လဲ မဆိုးဝါးခဲ့ပါဘူး။ ဒါပေမယ့် ကျွန်တော့်အနေနဲ့ သူတို့ရဲ့ နောက်ကွယ်မှာ မနေနိုင်ပါဘူး။ ကျွန်တော့် သဘောထားမျိုးကလဲ တခြား ကျွန်တော့် အပေါင်းအသင်းများတွေမှာ ရှိနေကြပါတယ်။ မစ်ရှာမာနေဗစ်(ချ) ဆိုရင် ကျွန်တော့်ဆီ ပေါက်ချလာပြီး ခုလိုပြောပါတယ်။

'ကျွန်တော်ပြောတာ နားထောင်ပြီး အကြံဉာဏ်ပေးပါဗျာ။ ယာကော့(ဗ)လက်က ကျွန်တော်ကို ဒုမြို့တော်ဝန် လုပ်ဖို့ ပြောနေတယ်'

'မစ်ရှာ ခင်ဗျား လက်ခံလိုက်ပေါ့'

လို့ ကျွန်တော်က ပြောလိုက်ပါတယ်။

'ဟာ ဘယ်ဖြစ်ပါ့မလဲ။ ကျွန်တော်တို့အားလုံး သူနဲ့ လမ်းခွဲဖို့ သဘောတူပြီးပြီ မဟုတ်လား။

မစ်ရှာက ကျွန်တော့်ကို ပြောပါတယ်။

ကျွန်တော်က မစ်ရှာကို ပြန်ပြောရပါတယ်။

'မစ်ရှာ ခင်ဗျား ဘာတွေ ပြောနေတာလဲ။ ကျွန်တော်တို့လုပ်တာက ရွေးကောက်ပွဲအတွက် စည်းရုံးရေးလုပ်တဲ့ လုပ်ငန်းဗျ။ အဲဒါက လုပ်ကို လုပ်ကြရမှာ။



ဒါပေမယ့် ဒီမှာရှိတဲ့ လုပ်ငန်းတွေကို ပစ်ထားမလို့လား။ မြို့တော်မှာ ပညာရှင်တွေလိုအပ်နေတယ်။'

ကျွန်တော်က ယာကော့(ဗ)လက်နဲ့ လက်တွဲဖို့ ဖျောင်းဖျလိုက်ရပါတယ်။

မစ်ရှာက အင်မတန်မှ အံ့သြဖို့ ကောင်းတဲ့ လူတစ်ယောက် ဖြစ်ပါတယ်။ သူ အသတ်ခံရတဲ့ ကျွန်တော်စိတ်မကောင်းပါဘူး။ အဲဒါက တရားမျှတမှု မရှိတာပြသနေတာပါပဲ။ မစ်ရှာက ဘယ်သူ့ရဲ့ ခြေရာကိုများ နင်းလိုက်တာပါလိမ့်။ တကယ်ကို ထိတ်လန့်တုန်လှုပ်စရာပါပဲ။ သူက အရမ်းသိမ်မွေ့တဲ့လူ။ ယဉ်ကျေးသိမ်မွေ့တယ်။ ပျော့ပျောင်းနူးညံ့တယ်။ သူက မူဝါဒ စည်းကမ်းနဲ့ နေထိုင်တဲ့လူ။ သူက လူတိုင်းနဲ့ ရောရောထွေးထွေး မနေတတ်ဘူး။ ဒါပေမယ့် သူက ဘဝင်မြင့်တဲ့ လူမဟုတ်ပါဘူး။ သူက ဘာတော့မဆို ပြဿနာတစ်ခု ကြုံလာရင် အဖြေကို ရအောင်ရှာဖွေတတ်တယ်။ သူ ဘာကြောင့် အသတ်ခံရတယ်ဆိုတာ ကျွန်တော် ခုချိန်ထိ သဘောမပေါက်သေးဘူး။

မစ်ရှာအပြင် တခြား လုပ်ဖော်ကိုင်ဘက်တွေကိုလဲ မြို့တော်ဝန်ရုံးမှာ လုပ်ဖို့ တိုက်တွန်းခဲ့ပါတယ်။ တရားဥပဒေဌာနရဲ့ အကြီးအကဲ ဒီမာကိုဇက်ဆိုရင်လဲ နုတ်ထွက်စာတင်ထားပါတယ်။ ကျွန်တော်က ပြန်လုပ်ဖို့ ပြောခဲ့ပါတယ်။ ဒါပေမယ့် မရပါဘူး။ လူတော်တော်များများက နုတ်ထွက်သွားကြပါတယ်။

> **မာရီနာ ယန်တာဆီဗာ။ ။**
>
> [စမိုနီမှာ ပူတင် အလုပ်လုပ်နေတဲ့ ပူတင်ရဲ့ နောက်ဆုံးနေ့ရက်မှာပဲ ကျွန်မ နုတ်ထွက်စာ တင်ခဲ့ပါတယ်။ ကျွန်မ ထွက်စာသာတင်တာ တခြားအလုပ်က ဘယ်နေရာမှန်း မသိသေးဘူး။ ကျွန်မမှာ တခြား ဘာစိတ်ကူး အကြံအစည်မှလဲ မရှိဘူး။
>
> ပူတင်နဲ့ အလုပ်လုပ်ရတာ အရမ်းပင်ပန်းတယ်။ ဒါပေမယ့် စိတ်ဝင်စားဖို့ ကောင်းတယ်။ တကယ့်ကို စမတ်ကျကျနေတဲ့ လူတွေနဲ့ လက်တွဲလုပ်ရတာ အရမ်းကို စိတ်ဝင်စားဖို့ ကောင်းတယ်။ အဲဒီပုဂ္ဂိုလ်တွေနဲ့ အမြဲလက်တွဲရမယ်လို့တော့ ကျွန်မ မမျှော်မှန်းထားပါဘူး။ ကျွန်မ နုတ်ထွက်စာ မတင်ခင်မှာပဲ ကျွန်မရဲ့ ခံစားချက်တွေကို ပူတင်က ရိပ်စားမိတာမို့ ယခုလို ပြောပါသေးတယ်။
>
> 'မာရီနာ ဘာလို့ အလုပ်ထွက်ရတာလဲ။ မထွက်ပါနဲ့'
>
> သူပြောတာကတော့ သူကိုယ်တိုင်လည်း ဘယ်နေရာ သွားရမယ်ဆိုတာ မသိသေးဘူးတဲ့။ သူ့အနေနဲ့ ကျွန်မကို အလုပ်တစ်ခု ရှာပေးမယ်လို့လဲ အာမခံနိုင်ဘူးတဲ့။
>
> 'ရှင့်အနေနဲ့ ကျွန်မကို အနာဂတ်မှာ အလုပ်ရှာပေး မပေးပေး ကျွန်မ ဒီမှာ အလုပ်ဆက်မလုပ်တော့ဘူး'

လို့ ဖြေလိုက်ပါတယ်။

ကျွန်မ နုတ်ထွက်စာပေါ်မှာ ပူတင်က လက်မှတ်ရေးထိုးပေးချိန်မှာ ကျွန်မရဲ့ မျက်ဝန်းမှာ မျက်ရည်တွေ ဖုံးလွှမ်းနေပါတယ်။ အဲဒါလို ပူတင်က သတိပြုမိလိုက်ပါတယ်။ သူက ကျွန်မကို ဖျောင်းဖျစကား ပြောပါတယ်။

'ဟုတ်ကဲ့- ကျွန်မ မငိုတော့ပါဘူး'

'အေး ဝမ်းနည်းမနေပါနဲ့ကွယ်'

လို့ ပူတင်က ပြောပါတယ်။

ဂျူလိုင်လမှာ ကျွန်တော်တို့ မိသားစုဟာ နှစ်ဦးပိုင်းက ဆောက်လုပ်ထားတဲ့ တိုက်ခန်းမှာ ပြောင်းရွှေ့နေထိုင်ကြပါတယ်။ ကျွန်တော် တစ်စုံတစ်ရာကို မျှော်လင့်စောင့်ဆိုင်းနေခဲ့ပါတယ်။ သူတို့ကလည်း ကျွန်တော့်ကို တစ်ယောက်ယောက်ကတော့ အလိုရှိတာမို့ ခေါ်ကြမှာပါလို့ ပြောကြပါတယ်။ တစ်ယောက်ယောက်ကတော့ ကျိန်းသေ အသုံးပြုဖို့ ခေါ်မှာပါပဲတဲ့။ ဆိုချက်ကတော့ ကျွန်တော့်ကို သံအမတ်ခန့်မယ်လို့ ပြောပါတယ်။ သူက အဲဒီကိစ္စကို ပရိုင်မာကော့ကို ပြောထားပြီး ဖြစ်ပါတယ်။ ဆိုချက်က ခုလို ပြောပါတယ်။

'ငါ ဝန်ကြီးချုပ်ကို ပြောဆိုထားပြီးပြီ။ မင်း သံအမတ်ဖြစ်တော့မှာ'

ကျွန်တော့်ကို သံခင်းတမန်ခင်းအဖြစ် စေလွှတ်ဖို့ဆိုတာကို ကျွန်တော် မယုံနိုင်ပါဘူး။ ဆိုချက်က အမှန်ပြောနေတယ်ဆိုတာလဲ မယုံနိုင်စရာပါပဲ။

'ဆိုချက် ခင်ဗျား မဖြစ်နိုင်တာကို ပြောမနေပါနဲ့။ ခင်ဗျားနဲ့ ကျွန်တော် ခုလို တွေ့နေရတာပဲ ကောင်းပါတယ်။ သံတမန်အဖြစ်နဲ့ တွေ့ဆုံတာမျိုး မဖြစ်ချင်ပါဘူး'

လို့ ပြောချင်ပေမယ့် မပြောဖြစ်ခဲ့ပါဘူး။

ကျွန်တော့် ယူဆချက် မှန်ပါတယ်။

ဆိုချက်ဟာ စိတ်လှုပ်ရှားလွယ်တဲ့ ပုဂ္ဂိုလ်တစ်ယောက် ဖြစ်ပါတယ်။ သူက သူ့ကို လူစိတ်ဝင်စားတာ ခံချင်တယ်။ သူ့အကြောင်းပြောတာ ကြိုက်တယ်။ ချီးကျူးစကားပြောတာ ကဲ့ရဲ့စကားပြောတာကို ဘာမှ မဆန်းဖူးလို့ ကျွန်တော် ထင်တယ်လေ။

လီနင်ဂရက်မြို့တော်ကောင်စီမှာ အလုပ်လုပ်ချိန်မှာ ဆိုချက်က စစ်တပ်ကို ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့တယ်။ စစ်ဗိုလ်ချုပ်ကြီးတွေကို နလပိန်းတုံးတွေလို့ ပြောခဲ့တယ်။ တကယ်တော့ ဆိုချက်ဟာ စစ်တပ်အပေါ် အာဃာတ မရှိဘူး။ အပြုသဘောဆောင်တဲ့ သဘောထားရှိတာ ကျွန်တော် သိထားပါတယ်။ ဒါပေမယ့်



အတော်ကိုများတဲ့ လူတွေရှေ့မှာ စကားမဆင်မခြင် ပြောမိတာ အမှားကျူးလွန်လိုက်တာပါပဲ။

ဗိုလ်ချုပ်ကြီးတွေကလဲ သူ့ကို ရှုံ့မုန်းနေကြပါတယ်။ တကယ်တော့ ဆိုချက်ဟာ လီနင်ဂရက်စစ်ဒေသ ကော်မတီ အဖွဲ့ဝင်တစ်ယောက် ဖြစ်ပါတယ်။ သူ့အနေနဲ့ စစ်တပ်က ကျင်းပတဲ့ ဆွေးနွေးပွဲတစ်ခု တက်ရောက်ဖို့ ကြိုလာပါတယ်။ ဒီအစည်းအဝေးက ပုံမှန်ကျင်းပတဲ့ အစည်းအဝေးလဲ ဖြစ်ပါတယ်။ ဒါပေမယ့် အဲဒီအချိန်မှာပဲ ပေါ့(ပ)အဆိုကျော် အဲလာဘိုရစ်ဆိုဗညာ ပူဂါချီဗာက အစည်းအဝေး ကျင်းပမယ့်နေ့မှာပဲ တိုက်တိုက်ဆိုင်ဆိုင် လီနင်ဂရက်ကို ရောက်လာမှာ ဖြစ်ပါတယ်။ အဲဒီမှာတင် ဆိုချက်က ကျွန်တော့်ကို ပြောပါတယ်။

'ဗိုလ်ချုပ်ကြီးတွေ ပြောလိုက်ကွာ၊ အစည်းအဝေး မလုပ်ဖြစ်ဘူးလို့'

ဆိုချက်က အဆိုကျော် ပူဂါချက်ဗာကိုပဲ တွေ့ချင်နေတာ။ သူက အစည်းအဝေး မဖြစ်ဘူးလို့ ပြောနေချိန်မှာ ဗိုလ်ချုပ်ကြီးတွေက နဂိုထဲက စီစဉ်ထားပြီး ဖြစ်တဲ့အတိုင်း အစည်းအဝေး ကျင်းပမယ့် နေရာကို သွားနှင့်နေကြပြီ။

'ခင်ဗျား အစည်းအဝေး သွားတက်ပါ'

ကျွန်တော်က ဆိုချက်ကို ပြောလိုက်ပါတယ်။

'ငါ ဖျားနေတယ်လို့ ပြောလိုက်'

ဆိုချက်က ပြောလိုက်ပါတယ်။

ပြောပြီးတာနဲ့ အဆိုကျော် ပူဂါချီဗာကို သွားကြိုဖို့ လေဆိပ်ကို ထွက်သွားပါတော့တယ်။

ကျွန်တော်က ဗိုလ်မှူးကြီးကို ခုလို ဖုန်းဆက်ပြောလိုက်ပါတယ်။

'သိတဲ့အတိုင်းပါပဲ။ ဆိုချက် ဖျားနေလို့ အစည်းအဝေး မတက်ရောက်နိုင်ပါဘူး'

'ဩော် ဟုတ်လား၊ ခုလိုပြောတဲ့အတွက် ကျေးဇူးပါပဲ'

လို့ ဗိုလ်မှူးကြီးက ပြန်ပြောပါတယ်။

ဒီလိုနဲ့ နှစ်ပတ်ကြာသွားပါတယ်။ ကျွန်တော်က ဖုန်းဆက်အကြောင်းကြားခဲ့တဲ့ ဗိုလ်မှူးကြီးနဲ့ ပြန်ဆုံပါတယ်။ ကျွန်တော့်ကို တွေ့တာနဲ့ ပြစ်တင်စကား ပြောတော့တာပါပဲ။

'ဆိုချက်က ဖျားနေတယ် ဟုတ်လား'

လို့ ပြောပြီးတာနဲ့ ခုလိုပြောပါတော့တယ်။

ဆိုချက် လေဆိပ်မှာ ပူဂါချီဗာ သွားကြိုတာကို ရုပ်သံမှာ ဗိုလ်မှူးကြီး ကြည့်ခဲ့ရကြောင်း၊ ပြီးတာနဲ့ ဆိုချက်ဟာ ပူဂါချီဗာနဲ့အတူ ကပွဲသွားတာကိုပါ

သိတဲ့အကြောင်း ပြောပြပါတယ်။ ဒါနဲ့ မပြီးသေးပါဘူး။ ဗိုလ်မှူးကြီးက ဘာမှမဆိုင်တဲ့ ဆိုချက်ရဲ့ ဇနီးဖြစ်သူ လျူ(ဒ)မီလာ ဘောရစ်ဆိုဗညာနဲ့ ပတ်သက်ပြီး မဖွယ်မရာ မှတ်ချက်တွေ ပေးပါတော့တယ်။ တကယ်တော့ သူမဟာ ခုဖြစ်တဲ့ ကိစ္စနဲ့ ဘာမှ မပတ်သက်ပါဘူးဗျာ။

'ဆိုချက်က ဖျားနေရက်နဲ့ အဆိုကျော်မနဲ့ တွေ့နိုင်တယ်နော။ မင်း အစိုးရ ကိစ္စကျတော့ မတက်ရောက်နိုင်တော့ဘူးလား']

■ **ဆိုချက် ပါရီကို လေယာဉ်ပျံနဲ့ ထွက်ပြေးသွားချိန်မှာ ခင်ဗျား ဘယ်ရောက်နေသလဲ။**

ကျွန်တော် စိန့်ပီတာစဘတ်မှာပဲ ရှိနေပါတယ်။ ကျွန်တော် မော်စကိုမှာ အလုပ်ဝင်နေပါပြီ။

■ **အဲဒါ ပြောပြပါ။**

ဘာပြောရမှာလဲ။

■ **ဆိုချက် ထွက်သွားရတာနဲ့ပတ်သက်ပြီး ပဟေဠိတွေများ ရှိနေသေးသလား။**

ဘာမှ မရှိဘူး။ ကျွန်တော် စိန့်ပီတာစဘတ်မှာ ရှိနေတယ်။ ဒါကြောင့် သူရှိတဲ့ ဆေးရုံကို ကျွန်တော် သွားလည်ပတ်ခဲ့တယ်။

■ **နှုတ်ဆက်စကားပြောဖို့ သွားတာလား။**

မဟုတ်ပါဘူး။ ကျွန်တော် နှုတ်ဆက်စကား မပြောပါဘူး။ ကျွန်တော် သူတက်နေတဲ့ ဆေးရုံကို လူမမာမေးသွားတယ်။ ဒါပေမဲ့။ နှလုံးရောဂါဌာန ရောက်နေတယ်။ စစ်ဆေးတဲ့ဆရာဝန်က ဌာနမှူး ရှက်ချင်ကိုက နှလုံးရောဂါဌာနကို လွဲပြောင်း ပေးလိုက်တာ ဖြစ်တယ်။

နိုဝင်ဘာလ (၇) ရက်နေ့ကျတော့ ကျွန်တော့်အထင် ပြောရရင် ဖင်လန်မှာ ရှိတဲ့ သူ့မိဘတွေက ဆေးလေယာဉ်ပျံတစ်စီး လွှတ်ပြီး သူ့ကို ပြင်သစ်ကို ခေါ် သွားတော့တာပါပဲဗျာ။

■ **အဲဒီလိုလား။ ဒီလိုလုပ်ဖို့ ကြိုတင်ပြင်ဆင်ထားတာ မဟုတ်ဘူးပေါ့။ လူတစ်ချို့က လေယာဉ်ပျံ လွှတ်လိုက်တာပဲပေါ့။**

ဟုတ်တယ်။ သူ့မိတ်ဆွေတွေက လေယာဉ်ပျံ လွှတ်ပေးလိုက်တာ။ အဲဒီနေ့က နိုဝင်ဘာလ (၇) ရက်နေ့။ အစိုးရ ရုံးပိတ်ရက်နေ့။ ဆိုချက် စိန့်ပီတာစဘတ်ကနေ ပျောက်သွားတာ နိုဝင်ဘာလ (၁၈) ရက်နေ့အထိ ဘယ်သူမှ မသိကြဘူး



■ **ဒီကိစ္စက နိုင်ငံအပြင်ဘက်က ထောက်လှမ်းရေးသမားတွေရဲ့ အထူး စီမံကိန်း တစ်ရပ်အဖြစ် ကယ်ထုတ်သွားတာမျိုးနဲ့ တူနေပါတယ်။**

ခင်ဗျား ဘာတွေ လာပြောနေတာလဲ။ ဒီကိစ္စက ဘာမှ ထူးထူးထွေထွေ စီမံလိုက်တာမျိုး မဟုတ်ဘူး။ ဆိုချက်ဟာ အကောက်ခွန်ဌာနကို မဖြတ်သန်းဘဲနဲ့ တိတ်တိတ်ပုန်း ထွက်သွားတာ ဖြစ်တယ်လို့ သတင်းစာတွေက ရေးသားတာတွေ ရှိခဲ့ပါတယ်။ ဒါမမှန်ပါဘူး။ ဆိုချက်ဟာ ပုံမှန်အတိုင်း အကောက်ခွန် ဌာနတို့၊ နိုင်ငံကူးလက်မှတ် စစ်ဆေးရေး ဌာနတို့ကို ဖြတ်ကျော်ပြီးမှ တိုင်းပြည်ကနေ တရားဝင် ထွက်ခွာသွားခဲ့တာ ဖြစ်ပါတယ်။ သူ့ရဲ့ နိုင်ငံကူးလက်မှတ်မှာ တရားဝင်တဲ့ တံဆိပ်တုံးတွေ ထုထားပါတယ်။ ပြီးမှ သူ့ကို လေယာဉ်ပေါ် တင်ခဲ့တာပါ။ ပုံပြင်ကတော့ ဒါပါပဲ။

■ **ဒိုးကျူးပါတယ်၊ ဒိုးကျူးပါတယ်။ ဒါပေမယ့် သူ့ကို ဖမ်းဆီးခဲ့တယ် မဟုတ်လား။**

ဟုတ်တယ်။ ကျွန်တော် စဉ်းစားမရတာကတော့ ဘာလို့ ဖမ်းဆီးရသလဲ ဆိုတာပါပဲ။

■ **ကနေ့အထိ ခင်ဗျား နားမလည်ထားဘူးဆိုပါတော့။**

မဟုတ်ဘူး။ ဒါနဲ့ ခင်ဗျား ဘာလို့အဲဒီစကားပြောနေရတာလဲ။ ကျွန်တော် သိထားသလောက်ကတော့ ဆိုချက်ကို သူတို့ ဖမ်းဖို့ ဘာမှ အကြောင်းကိစ္စ ခိုင်ခိုင်လုံလုံ မရှိပါဘူး။ သူ့ကို အမှုဖွင့်တယ်။ ဒါပေမယ့် နောက်ဆုံးကျတော့ အမှုပြန်ပိတ်လိုက်ရတယ်။ သူတို့က ဆိုချက်ကို လေးနှစ်လောက် တင်းတင်းကြပ်ကြပ် စောင့်ကြပ်ထားတယ်။ ဥရောပတိုက် တစ်ခုလုံးမှာ ဆိုချက်နောက်ကို တကောက်ကောက် လိုက်နေတော့တာပါပဲ။

■ **ခင်ဗျား ဒီဇာတ်လမ်းကို အောက်ခြေထိ လိုက်ခြေရာခံခဲ့တယ်ပေါ့။**

မလိုက်ဘူး။ ပွင့်ပွင့်လင်းလင်း ပြောရရင် အသေးစိတ်တွေကို ကျွန်တော် ဘာမှ မသိပါ ဘူး။ နောက်ပိုင်းကျမှ ကျွန်တော်ကိုယ်တိုင် စုံစမ်းကြည့်ခဲ့တာ။

■ **ဒီအမှုနဲ့ ပတ်သက်ပြီး ခင်ဗျားအနေနဲ့ အသေးစိတ် အချက်အလက်တွေကို တူးဆွကြည့်တော့ စိတ်ဝင်စားစရာတွေ တွေ့ခဲ့တယ်ဆိုပါတော့။ အဲဒီလို လုပ်ရတာကလဲ ခင်ဗျားနဲ့အတူ လက်တွဲလုပ်နေရတဲ့ ပုဂ္ဂိုလ်က ဘယ်လိုလူစားလဲဆိုတာ သိချင်လို့ ဖြစ်မယ်တူပါရဲ့။ ဒါမှမဟုတ် ခင်ဗျား ဘာတစ်ခုမှ သံသယ မရှိလို့ပဲ ဖြစ်မှာပေါ့နော်။**

ဆိုချက်ဟာ တကယ်ကို ရည်မွန်တဲ့ ပုဂ္ဂိုလ်လို့ ယူဆထားပါတယ်။ ရာနှုန်းပြည့် ရည်မွန်တဲ့လူ။ သူနဲ့ကျွန်တော် နှစ်ပေါင်းများစွာ ဆက်ဆံခဲ့ဖူးပါတယ်။ သူ

ဘယ်လိုတွေးတောတတ်တယ်။ ဘာတွေ တန်ဖိုးထားတယ်၊ ဘာတွေကို တန်ဖိုးမထားဘူး၊ သူ ဘာတွေ စွမ်းဆောင်နိုင်တယ်၊ ဘာကို မစွမ်းဆောင်နိုင်ဘူးဆိုတာတွေ ကျွန်တော် သိထားပါတယ်။

ဓားနဲ့ဒိုင်းဆိုတဲ့ ရုပ်ရှင်ကားထဲမှာ ပါရှိတဲ့ ပြကွက်တစ်ခုကို ကျွန်တော် သတိရနေသေးတယ်။ ဂျာမန်တွေက ဆိုဗီယက် စစ်ဗိုလ်တစ်ယောက်ကို စည်းရုံးတဲ့ စကားတစ်ခွန်း ဖြစ်ပါတယ်။

'မင်းကို သူရဲကောင်းတစ်ယောက်အဖြစ် တို့က အသေခံနိုင်းမယ် ထင်နေသလား။ ဟောဒီမှာ ဂျာမန်ဝတ်စုံဝတ်ထားတဲ့ မင်းဓာတ်ပုံ။ သဘောကတော့ မင်းက သစ္စာဖောက် တစ်ကောင်ပဲ'

လို့ ပြောလိုက်ပါတယ်။

ဆိုဗီယက်စစ်ဗိုလ်က သူ့ကို စည်းရုံးတဲ့လူကို ခုံနဲ့ ရိုက်နှက်လိုက်ပါတယ်။

အဲဒီမှာတင် ဂျာမန်စစ်ဗိုလ်က သေနတ်နဲ့ပစ်ပြီး ခုလိုပြောလိုက်ပါတယ်။

'အစထဲက မှားနေတဲ့ စိတ်ကူးပဲ။ အကြပ်ကိုင်ဖို့ စိတ်ကူးမထားဘူး။ သူ့နိုင်ငံမှာ ဒီစစ်ဗိုလ်ရဲ့ ဂုဏ်သိက္ခာဟာ ပြောင်မြောက်နေတယ်'

ဆိုချက် အဖြစ်ကလည်း အဲဒီလိုပဲ။ သူက ရည်မွန်တဲ့လူ။ သူ့လုပ်ငန်းရပ်နဲ့ ပတ်သက်ပြီး ဘာတစ်ခုမှ ချို့ယွင်းချက် မရှိဘူး။ ဒီထက်ပိုပြောရင် သူက သိပ်ထက်မြက်တယ်။ မွင့်လင်းတယ်။ အရည်အချင်းပြည့်ဝတဲ့ သူတစ်ယောက်လည်း ဖြစ်တယ်။ တကယ်တော့ သူနဲ့ ကျွန်တော်ဟာ မတူခြားနားတဲ့ အချက်တွေ အများကြီး ရှိနေတယ်။ ဒါပေမယ့် ကျွန်တော် သူ့ကို သဘောကျတယ်။ သူလို ပုဂ္ဂိုလ်မျိုးကို ကျွန်တော် သဘောကျတယ်။ သူဟာ တကယ် လူသားစစ်ဖြစ်တယ်။

ကျွန်တော်နဲ့ ဆိုချက် အရမ်းကို ရင်းနှီးခင်မင်တာ၊ ကျွမ်းဝင်ကြတာ၊ အတွင်းရေးကိစ္စတွေထိ ဆွေးနွေးတိုင်ပင်ကြတယ်ဆိုတာကို သိတဲ့လူ အင်မတန်နဲ လှပါတယ်။ သူနဲ့ ကျွန်တော်တို့ စကားတွေ အများကြီး၊ အကြာကြီး ပြောဖြစ်ကြပါတယ်။ အထူးသဖြင့် နိုင်ငံခြား ခရီးသွားဖြစ်တဲ့ အချိန်မျိုးမှာပေါ့။ ကျွန်တော်တို့ နှစ်ယောက်တည်း ရှိနေချိန်မျိုး ဖြစ်ပါတယ်။ ဆိုချက်ဟာ ကျွန်တော်ရဲ့ မိတ်ဆွေ။ ပြီးတော့ ကျွန်တော့် ဆရာသခင်။[၁]

---

၁။ ယခု ပြောဆိုသော စကားရပ်မှာ ဆိုချက် မကွယ်လွန်မီ (၂) ရက်အလိုတွင် ပြောခဲ့သော စကားဖြစ်ပါတယ်။ ဆိုချက်ရဲ့ ကွယ်လွန်မှုဟာ ဝမ်းနည်းကြေကွဲဖွယ် ကောင်းလှပါတယ်။ ၂၀၀၀ ခုနှစ် ဖေဖော်ဝါရီလ ၁၉ ရက်နေ့မှာ ဆစ်ဗက်လိုက်ရှော့(စ) မြို့တော်မှာ နှလုံးရောဂါနဲ့ သေဆုံးသွားခဲ့ပါတယ်။



လျူ(ဒ)မီလာ ပူတင်နာ။ ။

[၁၉၉၆ ခုနှစ် နွေဦးရာသီ။ ရွေးကောက်ပွဲတွေ ပြီးဆုံးတဲ့ အခါမှာတော့ ကျွန်မတို့ဟာ လွန်ခဲ့တဲ့ ခြောက်နှစ်လောက်ကတည်းက ဆောက်လုပ်ခဲ့တဲ့ အိမ်သစ်ကို ပြောင်းခဲ့ပါတယ်။ အိမ်က စိန့်ပီတာစဘတ်မြို့ပြင် ကီလိုမီတာ ၁၀၀ အကွာမှာ ရှိပါတယ်။ အဲဒီ အိမ်မှာ (၆) ပတ်လောက် နေခဲ့ပါတယ်။ ကျွန်မတို့ ခန်းစီးသစ်တွေ ချုပ်ကြပါတယ်၊ အိမ်သန့်ရှင်းရေး လုပ်ကြတယ်။ ပရိဘောဂတွေကို နေရာချထားကြတယ်။ အဲဒီလို အစစအရာရာ ပြင်ဆင်ပြီးမှ အိမ်က မီးလောင်သွားခဲ့ပါတယ်။ တကယ့်ကို ဝမ်းနည်းစရာကောင်းတဲ့ ဖာတ်လမ်းပါပဲ။ အိမ်မီးလောင်သွားတာ အားလုံးပြာပုံအတိ ဖြစ်သွားတဲ့ အထိပါပဲ။]

မာရီနာ ယန်တာဆီဗာ။ ။

[ကျွန်မတို့ ပူတင်ရဲ့ နေအိမ်ကို မော်တော်ကားနဲ့ သွားခဲ့ပါတယ်။ သူတို့အိမ်က ဆောက်ပြီးကာစပဲ ရှိပါသေးတယ်။ ကျွန်မတို့ ရောက်သွားတော့ အတော်လေး နောက်ကျနေပြီ။ မှောင်ရီပျိုးစ။ ကျွန်မနဲ့ ကျွန်မယောက်ျားက ချက်ချင်းပဲ ပြန်ချင်နေကြတာ။ ဒါပေမယ့် ပူတင်ကော သူ့ရဲ့ဇနီးကပါ

'ဘာတွေ ပြောနေတာလဲ။ ရေလေး ဘာလေးချိုး။ နားနားနေနေ နေရမယ်' လို့ပြောခဲ့ပါတယ်။

သူတို့ရဲ့ သမီးနှစ်ယောက်ကလဲ ကျွန်မတို့ ကိုယ်ပေါ်တက်ပြီး

'ဆက်တုလယာကို ထားခဲ့ပါ'

လို့ ပြောကြပါတယ်။

ဆက်တုလယာက ကျွန်မရဲ့ သမီးပါ။]

ကျွန်တော်တို့ အိမ်က တိုက်ခံအိမ် ဖြစ်ပါတယ်။ မီးလောင်တဲ့နေ့မှာ ကျွန်တော်တို့ မိသားစုအားလုံး တစ်နေရာကို အလည်အပတ် ရောက်နေကြပါတယ်။ ပြန်လာလို့ ကြာခင်မှာပဲ မရီနာ ယန်တာဆီဗာ (ကျွန်တော့်ရဲ့အတွင်းရေးမှူး) နဲ့ သူ့ ယောက်ျား ပြီးတော့ သူ့ကလေးပါ ရောက်လာကြပါတယ်။ အိမ်အပေါ်ထပ် ညာဘက်မှာရှိတဲ့ ရေချိုးခန်းထဲမှာ ယောက်ျားသားတွေ သွားနေကြပါတယ်။ ခဏလောက် အပန်းဖြေပြီးတာနဲ့ မြစ်ထဲသွားပြီး ရေကူးကြပါတယ်။ ပြီးမှ ရေချိုးခန်းထဲမှာ ပြန်နားကြပါတယ်။ အဲဒီအချိန်မှာပဲ ပေါက်ကွဲသံကြားလိုက်ရတယ်။ ပြီးတော့ မီးခိုးငွေ့တွေ တွေ့လိုက်ရတယ်။ နောက် မီးတောက်မီးလျှံတွေ ပန်းထွက်လာပါတယ်။ အိမ်မှာရှိတဲ့ လူတွေအားလုံး အိမ်ထဲကနေ အမြန်ထွက်သွားကြဖို့ ကျွန်တော်က အသံပြကြီးနဲ့ အော်ဟစ်သတိပေးလိုက်ရပါတယ်။ ဧည့်ခန်းထဲမှာ မီးလောင်နေပြီဗျာ။

ကာတျာက မီးဖိုချောင်ထဲမှာ အစာစားနေသဗျ။ သူက တကယ့်ကို အမ်း နာခံတယ်။ ကျွန်တော့်ရဲ့ အော်သံဖြစ်တဲ့ 'အားလုံး အိမ်ပြင်အမြန်ထွက်ကြ' ဆိုတဲ့ အသံထွက်ပေါ်လာတာနဲ့ တစ်ပြိုင်နက် ကာတျာဟာ စားလက်စ ဇွန်းကို ခုံပေါ်ချပြီး ဘာမှ မေးမနေတော့ဘဲ အိမ်ပြင်ဘက် တန်းပြေးထွက်ခဲ့တော့တာပါပဲ။ ပြီးတာနဲ့ ကာတျာက အိမ်ဘက်ကို ငေးကြည့်နေတယ်။ ကျွန်တော်ကတော့ အိမ်ပေါ် ပြေး တက်ခဲ့ပါတယ်။

ကျွန်တော့်သမီးကြီး မာရှာရဲ့ အနေအထားက တစ်မျိုးဗျ။ မာရှာက ဒုတိယ ထပ်မှာ သန့်ရှင်းရေး လုပ်နေတယ်။ ကျွန်တော် မာရှာကို လက်ကဆွဲပြီးတော့ လေသာဆောင်ဘက် ထွက်လာခဲ့ပါတယ်။ ကျွန်တော် အိပ်ယာခင်းတွေကို ဆုတ်ဖြဲ ပြီး ထုံးချည်လိုက်ပါတယ်။ ပြီးတာနဲ့ လေသာဆောင် သံလက်ရန်းမှာ ကြိုးထုံးကို ချည်လိုက်ပါတယ်။ ပြီးမှ မာရှာကို ပြောလိုက်ပါတယ်။

'အောက်ဆင်း'

'သမီးမဆင်းဘူး ကြောက်တယ်'

မာရှာက အကြောက်အကန် ငြင်းတယ်။

ကျွန်တော်က မာရှာကို ငေါက်ငမ်းလိုက်ပါတယ်။

'ပြောမရဘူးဆိုရင် သမီးကို ဖေဖေ ဖမ်းချုပ်ပြီး ခွေးပေါက်လေးတစ်ကောင် လို အောက်ပစ်ချလိုက်မှာ၊ ဘယ်လိုလဲ။ အိမ်မီးလောင်နေတယ်ဆိုတာ နင်မသိဘူး လား'

ကျွန်တော် မာရှာရဲ့ လည်ဂုတ်ကို ကိုင်ပြီးတော့ သံလက်ရန်းပေါ် ကျော် ချလိုက်တယ်။ အောက်ကလူတွေက ကျလာတဲ့ မာရှာကို ဆီးဖမ်းကြတယ်။

ကျွန်တော့်ရဲ့ လက်ဆွဲသေတ္တာက အခန်းထဲမှာ ကျန်ခဲ့တာကို ကျွန်တော် သတိရလိုက်တယ်။ လက်ဆွဲသေတ္တာထဲမှာက ကျွန်တော်တို့ စုဆောင်းထားတဲ့ ငွေ တွေက အပြည့်ရှိနေတယ်။ ပိုက်ဆံမရှိရင် ကျွန်တော်တို့ ဘာလုပ်ကြမလဲ။ ကျွန် တော် အိပ်ခန်းဘက် ပြန်သွားပြီး အကဲခတ်လိုက်တယ်။ အချိန်နဲနဲရရင်တော့ ကျွန်တော် အထဲဝင်နိုင်မှာ ဖြစ်ပါတယ်။ ကျွန်တော် ပိုက်ဆံထည့်ထားတဲ့ သေတ္တာ ကို စိုက်ကြည့်နေမိပါတယ်။ ပြီးမှ ကျွန်တော် လေသာဆောင်ဘက် ပြန်ပြေးထွက် လာခဲ့ပါတယ်။ ကျွန်တော် သံလက်ရန်းပေါ် ခွတက်လိုက်တယ်။ အိပ်ယာခင်း ကို ဆုပ်ကိုင်လိုက်တယ်။ ကျွန်တော် အောက်ဘက်ကို လျှောဆင်းလာခဲ့တယ်။ အသေးစိတ်ပြောပြမယ်ဆိုရင်တော့ ကျွန်တော့်ပုံစံက ခန္ဓာကိုယ်အပေါ်ပိုင်းက ဗလာ၊ အောက်ပိုင်းက မျက်နှာသုတ်ပဝါကို ပတ်ထားတယ်။ မြင်ကွင်းကို စဉ်းစားသာ ကြည့်ပေတော့ဗျာ။ အိမ်က မီးလောင်နေတယ်။ ဝတ်လစ်စလစ် ဖြစ်လုနီးပါးရှိနေတဲ့



လူတစ်ယောက်။ လေသာဆောင်ကနေ အိပ်ယာခင်းကို ကြိုးအဖြစ်သုံးပြီး လျှော ဆင်းလာနေတယ်။ လေကလဲ တဟူးဟူးတိုက်နေတယ်။ ကိုယ်မှာပတ်ထားတဲ့ အိပ် ယာခင်းက ရွက်တိုင်ကို တလူလူလွှင့်လို့။ လူအုပ်ကြီးက တောင်ကုန်းထိပ်မှာ စုဝေးရောက်ရှိနေကြပြီ။ သူတို့က အရမ်းကို စိတ်ဝင်တစားနဲ့ ကြည့်နေကြတယ်။

အိမ်နဘေးမှာ မော်တော်ကား နှစ်စီးရပ်ထားတယ်။ အိတ်တွေကလည်း ကားထဲမှာ။ မော်တော်ကားသော့တွေကလဲ အိမ်ထဲမှာ။ အိမ်တံခါးတွေကလည်း သော့ပိတ်လျက်သား ရှိနေရဲ့။

မာရီနာ ယန်တာဆီဗာ။ ။

[ကျွန်မတို့တစ်တွေ သော့တွေထားပြီး အပြင်ကို ထွက်လာကြတာ ဖြစ်ပါတယ်။ ပစ္စည်းအားလုံးက အိမ်ထဲမှာ ရောက်နေပါတယ်။ လျှူ(ဒ)မီလာက အလက်စန်ဒရိုဗာက

'ဒီ ကားကို တွန်းသွားရမယ်'

လို့ ပြောလိုက်ပါတယ်။

ကျွန်မတို့မှာက မော်ဒယ်အမှတ် (၃) ဇီဂူလီမော်တော်ကား တစ်စီး ရှိပါတယ်။ ကျွန်မက အရူးတစ်ယောက်လို အော်ဟစ်လိုက်ပါတယ်။

'ဒီကား ဘာလုပ်ရမှာလဲ။ အိမ် မီးလောင်နေတဲ့ဥစ္စာ'

အလက်စန်ဒရိုဗာက ကျွန်မတို့ တအံ့တသြ ကြည့်နေပါတယ်။

'ဒီကားက ကျွန်မတို့ အသုံးပြုလို့ ရသေးပါတယ်'

ပြောပြောဆိုဆို ခဲတစ်လုံးကောက်ပြီး ကားမှန်ကို ပစ်ပေါက် လိုက်ပါတယ်။

ပြီးတာနဲ့ ဂီယာဖြုတ်ပြီး မော်တော်ကားကို ပန်းခြံထဲ တွန်းထုတ် ခဲ့ပါတယ်။

ကျွန်မ မီးသင့်ထားတဲ့ အိမ်ကို တိတ်ဆိတ်စွာ ငေးကြည့်နေမိပါ တယ်။ ကျွန်မအတွက် အရမ်းကိုပဲ ထိတ်လန့်ချောက်ချားစရာ ကောင်းလှ ပါတယ်။ လျှူ(ဒ)မီလာ အလက်စန်ဒရိုဗာက ပထမဆုံး စကားစတင် ပြောသူ ဖြစ်ပါတယ်။

'အားလုံး မသေကောင်း မပျောက်ကောင်းဖြစ်ရတာ ဘုရားသခင် ရဲ့ ဂုဏ်ကျေးဇူးကြောင့်ပဲ'

အိမ်က ဖယောင်းတိုင်လိုပဲ လောင်ကျွမ်းသွားခဲ့ပါတယ်။ မီးသတ်သမားတွေ ရောက်လာကြတယ်။ သူတို့ ရေသွားရှာနေကြပါတယ်။ အိမ်အနားမှာ ရေကန်တစ်ခု ရှိပါတယ်။

'ဘာပြောတယ်။ ရေပြတ်နေပြီ။ အနားမှာ ရေကန်ရှိနေတာပဲဥစ္စာ'

ကျွန်တော်က ပြောလိုက်ပါတယ်။

'ဟုတ်တယ်။ ရေကန်ရှိတယ်။ ဒါပေမယ့် ရေပိုက်ခေါင်း မရှိဘူး'

သူတို့အားလုံးက ဝိုင်းပြောကြပါတယ်။

မီးသတ်သမားတွေ ရောက်လာကြတယ်။ ရေကန်ရှိရာ သုံးကြိမ်သွားပြီး ရေသယ်ကြရပါတယ်။ ကျွန်တော်တို့ရဲ့ အိမ်က ပြာပုံအတိပြီးသွားပြီ ဖြစ်ပါတယ်။

မိန်းကလေးတွေက မီးလောင်နေတဲ့ ဖြစ်ရပ်နဲ့ပတ်သက်ပြီး စိတ်ထိခိုက်ခဲ့ကြပါတယ်။ သူတို့အားလုံးက သူတို့ပိုင်တဲ့ ပစ္စည်းပစ္စယတွေကို သယ်ယူလာကြပါတယ်။ သူတို့ရဲ့ ကစားစရာပစ္စည်းတွေဖြစ်တဲ့ အရုပ်တွေ သယ်ယူလာကြပါတယ်။ ဒီအရုပ်တွေက သူတို့နဲ့အတူ အမြဲရှိနေတဲ့ ပစ္စည်းတွေ ဖြစ်ပါတယ်။ မီးလောင်ပြီးတဲ့ နောက်ပိုင်းအချိန်အတော်ကြာတဲ့အထိ မာရှာခမျာ အိပ်မပျော်တဲ့ ဝေဒနာ ခံစားနေရတယ်ဆိုတာ သိရပါတယ်။ သူတို့နဲ့အတူ ရှိနေတဲ့ အရာတွေအားလုံးဟာ ပျောက်ဆုံးခဲ့ကြပြီ ဖြစ်ပါတယ်။

မီးလောင်ရတဲ့ ကိစ္စနဲ့ပတ်သက်ပြီး မီးသတ်ဌာနက လေ့လာခဲ့ကြပါတယ်။ ရှာတွေ့တဲ့ ပြစ်ချက်ကတော့ အိမ်ဆောက်တဲ့ ပုဂ္ဂိုလ် ဆောက်လုပ်ရေးသမားတွေရဲ့ ချွတ်ယွင်းချက်ပါတယ်။ သူတို့က အဆောက်အဦထဲမှာ မီးဖိုကို စနစ်တကျ တပ်ဆင်မထားခဲ့ဘူး။ အဲဒါကြောင့် မီးဖိုကနေ မီးထလောင်တာပဲ ဖြစ်ပါတယ်။ ဒီတော့ မီးလောင်ရတာဟာ ဆောက်လုပ်ရေးသမားတွေရဲ့ ချွတ်ယွင်းချက်၊ သူတို့ကို အပြစ်ပုံချရမယ်ဆိုရင် ပျက်စီးဆုံးရှုံးရသမျှကို သူတို့အနေနဲ့ လျော်ပေးဖို့ ကောင်းပါတယ်။

လျော်ကြေးပေးတဲ့ နေရာမှာ ပထမဆုံးလုပ်တဲ့ နည်းက ငွေကြေးလျော်ကြေးပေးဖို့ပါပဲ။ ဒါပေမယ့် မရှင်းလင်းတာက ကျွန်တော်တို့နေအိမ်ရဲ့ တန်ဖိုး အတိအကျ တွက်ချက်မရတာပါပဲ။ အိမ်မီးလောင်တာက ၁၉၉၆ ခုနှစ်။ အိမ်ဆောက်တာက ၅ နှစ်ကြာတယ်။ ကျွန်တော် ကောင်းကောင်း မှတ်မိနေတာကတော့ အိမ်ဆောက်တဲ့နှစ်က ၁၉၉၁ နှစ်ပဲ ဖြစ်ပါတယ်။ အုတ်ခဲ တစ်လုံးကို သုံးရူဘယ်နဲ့ ဝယ်ခဲ့ရတာ ဖြစ်ပါတယ်။ နောက်ပိုင်းကျတော့ ကျွန်တော်လိုအပ်တဲ့ အုတ်ခဲတွေ မဝယ်နိုင်တော့ဘူးဗျ။ ဘာလို့လဲဆိုတော့ အုတ်ခဲတစ်လုံး ၇ ရူဘယ် ဖြစ်သွားလို့ပါပဲ။ ကုန်ဈေးနှုန်းတွေ တက်နေတော့ ကုန်ကျစရိတ်ကို တွက်လို့ မရတော့ဘူးလေ။

ဒီတော့ ကျွန်တော်လိုချင်တဲ့ လျော်ကြေးပုံစံကတော့ နောက်အိမ်တစ်လုံး အပ်ဆောက်ပေးတာပဲ ဖြစ်ပါတယ်။ သူတို့ကလည်း အဲဒီလိုပဲ လုပ်ဆောင်ပေးကြပါတယ်။ သူတို့က မူလအိမ်ပုံစံအတိုင်းပဲ ဆောက်ပေးတယ်။ အိမ်အချောသတ် ပြင်ဆင်တာ ကို ပိုလန်ကုမ္ပဏီ တစ်ခုကိုအပ်ပြီး လုပ်ခိုင်းပါတယ်။ အိမ်ဆောက်တာက တစ်နှစ် တစ်နှစ်ခွဲလောက် ကြာပါတယ်။ အိမ်ပုံစံက မီးမလောင်ခင်က ပုံစံအတိုင်း



ပါပဲ။ ခုတစ်ကြိမ် ဆောက်ထားတာက ပိုလို့တောင် ကောင်းနေပါသေးတယ်။ ကျွန်တော်တို့ အနေနဲ့ ရေချိုးခန်း တစ်ခုကို လုံးဝဥဿုံ မထည့်ဘဲ ထားလိုက်တာပါပဲ။

[လျူ(ဒ)မီလာ ပူတင်နာ။ ။

အိမ် မီးလောင်သွားခဲ့ရတဲ့အတွက် ကျွန်မဟာ အတော်လေး လောကကို စိတ်ကုန်သွားပါတယ်။ ဒီအဖြစ်အပျက် ကြုံရပြီးတဲ့နောက် အိုးအိမ်၊ ငွေကြေးနဲ့ ပစ္စည်းပစ္စယတွေဟာ လူတစ်ယောက်ရဲ့ဘဝကို အများကြီး ဖိစီးနိုင်ပါကလားဆိုတဲ့ သံဝေဂလည်း ရခဲ့ပါတယ်။ ဘာမှ တန်ဖိုးမရှိပါဘူး။ ကျွန်မ ဘယ်လို သံဝေဂရတာလဲ။ မီးလောင်လိုက်တာနဲ့ မိနစ်ပိုင်းအတွင်း ပြာကျဆုံးရှုံးသွားနိုင်လို့ ဖြစ်ပါတယ်။

အပိုင်း (၇)

ဂျူရှိကာရက်

ပူတင်သည် ခြေလှမ်းများကို အတန်အသင့် လှမ်းပြီးနောက် ၁၉၉၆ ခုတွင် မော်စကိုသို့ ပြောင်းရွှေ့ခဲ့သည်။ အစိုးရလုပ်ငန်းက သူနှင့် အံဝင်ခွင်ကျ ဖြစ်သည်။ ရာထူးတွေက တစ်ခုပြီးတစ်ခု လျှင်မြန်သော အဟုန်ဖြင့် တက်ခဲ့သည်။ သူသည် ဖက်ဒရယ် လုံခြုံရေးအဖွဲ့ကို ဦးစည်းဦးကိုင် ပုဂ္ဂိုလ်တစ်ယောက် ဖြစ်လာသည်။ ဖက်အက်(စ)ဘီ ခေါ် ဖက်ဒရယ်လုံခြုံရေးအဖွဲ့ကို ယခင်က ကေဂျီဘီ ထောက်လှမ်းရေးအဖွဲ့အစည်းဟု အမည်ပေးထားခြင်း ဖြစ်၏။ ဤအချက်သည် ပူတင်ကို ပြင်းထန်စွာ ထိုးနှက်လိုက်ခြင်းပါပဲ။ ပူတင်ကော– သူ့ဇနီးပါ အထီးကျန်ဆန်သော၊ စိတ်လွတ်ကိုယ်လွတ် မဖြစ်သော၊ အင်မတန် မှုန်းကြပ်သော ထောက်လှမ်းရေးလုပ်ငန်းရပ်နှင့် မပတ်သက်ချင်တော့ပေ။ ပူတင်က ဗိုလ်ချုပ်ကြီးရာထူး မယူ။ အရပ်သား အကြီးအကဲ။ သို့ဖြစ်၍ ထောက်လှမ်းရေး အဖွဲ့အစည်းတွင် အရပ်သား အကြီးအကဲရာထူး ဆက်ခံသူမှာ ဗလာဒီမာပူတင်။ ကံကောင်းသည်ဟု ဆိုရမည်။ ထိုရာထူးကို ပူတင် ကြာမြင့်စွာ မထမ်းဆောင်လိုက်ရပေ။ မမျှော်လင့်ဘဲ သမ္မတယဲ့ဆင်က ပူတင်ကို ဝန်ကြီးချုပ်ရာထူးနေရာ တင်သွင်းခဲ့သည်။ ထိုအချိန်တွင် ကော့ကေးရှဒေသမှာ ချေချင်းညာ ပြဿနာ ပေါ်ပေါက်နေသည်။ ချေချင်းညာသူပုန်တွေက လွတ်လပ်ရေး တောင်းဆိုနေကြသည်။ ပူတင်က ခွဲထွက်ရေးကိစ္စနှင့် ပတ်သက်၍ သဘောထား တင်းမာသည့်ဘက်မှ ရပ်တည်ခဲ့သည်။ ခွဲထွက်ပိုင်ခွင့် မပြုသည့်ဘက်မှ အပြတ်ရပ်တည်သည်။ နိုင်ငံရေးသမားဘဝ ပျက်သုဉ်းလျှင်

ပျက်သုဉ်းပါစေ အမှုမထားဘဲ ချေချင်းသူပုန်များကို ဖြိုခွဲ
သည့်ဘက်မှ ရပ်တည်သည်။ ဤသို့ ရပ်တည်၍ သူပုန်များကို
ချေမှုန်းခြင်းသည် စစ်ပွဲတစ်ခုကို ရှောင်လွှဲခြင်းဟူသော အယူ
အဆကို ပူတင်က ထုတ်ဖော်ခဲ့၏။



**■ယာကော့(ဗ) လက်ရဲ့ ရုံးကနေ နုတ်ထွက်စွန့်ခွာပြီးတဲ့နောက် ခင်ဗျား ဘာလုပ်ခဲ့သလဲ။ သံအမတ်ရာထူးက ခင်ဗျားအတွက် မဖန်တီးရသေးဘူး မဟုတ်လား။**

စိန့်ပီတာစဘတ်မှာ ကျင်းပတဲ့ ရွေးကောက်ပွဲ ရှုံးနိမ့်ပြီးတဲ့နောက်၊ လအနည်းငယ်ကြာတဲ့အခါမှာ ကျွန်တော် အလုပ်လက်မဲ့ဘဝ ရောက်သွားပါတယ်။ အလုပ်လက်မဲ့ ဘဝ ရောက်ရတာ သိပ်မနိမ့်ဘူးဗျ။ ခင်ဗျား သိတဲ့အတိုင်း ကျွန်တော်က အိမ်ထောင်သည်လေဗျာ။ ဘာပဲဖြစ်ဖြစ် အလုပ်လက်မဲ့ ပြဿနာကို တစ်နည်းနည်းနဲ့တော့ ဖြေရှင်းရမှာပေါ့။ ဒါပေမယ့် မော်စကိုက ပေးပို့တဲ့ အချက်အလက်တွေက ရှုပ်ထွေးနေတယ်။ ပထမ မော်စကိုမှာရှိတဲ့ လူတွေက သူတို့ဆီ အလုပ်လာလုပ်ဖို့ ပြောကြတယ်။ ဒီနောက်တော့ မခေါ်ကြပြန်တော့ဘူး။

**■နေပါဦး ခင်ဗျားကို အလုပ်လာလုပ်ဖို့ ဘယ်သူက ခေါ်တာလဲ။**

ဘိုရိုဒင်ပါ။

သမ္မတရုံးရဲ့ ညွှန်ကြားရေးမှူး ပေဗယ်ဘိုရိုဒင်ပါ။ သူကပဲ သမ္မတရုံးမှာ အလုပ်လာလုပ်ဖို့ ခေါ်တာ ဖြစ်ပါတယ်။ ဘာလို့ခေါ်တယ်ဆိုတာတော့ ကျွန်တော် မပြောတတ်ဘူး။ ကျွန်တော်တို့ ကြိမ်ဖန်များစွာ ဆုံဖူးကြပါတယ်။ အဲဒါပေါ် အမှီပြုပြီး ရုံးရဲ့ ညွှန်ကြားရေးမှူးချုပ် နီကိုလိုင် ရီဂိုရော့(ဗ) ကို ကျွန်တော့်အကြောင်း ဘိုရိုဒင်က ပြောထားဖူးပုံရတယ်။ ရီဂိုရော့(ဗ)က ကျွန်တော့်ကို မော်စကို ပြောင်းလာပြီး သူ့လက်ထောက်အဖြစ် အလုပ်လုပ်ဖို့ ခေါ်တော့တာပါပဲ။ သူက ကျွန်တော့်ကို အလုပ်ခန့်အပ်လွှာကို ပြတယ်။ သမ္မတ ကိုယ်တိုင် အကြမ်းရေးထိုးထားတဲ့ ဒီကရီအမိန့်စာကြမ်းဖြစ်တယ်။ နောက်တစ်ပတ်ကြာရင် ဒီစာကို ယဲ့ဆင်ကို လက်မှတ်ထိုးခိုင်းမယ်လို့ ပြောခဲ့တယ်။ ဒါဆိုရင် ကျွန်တော် အလုပ်ဆင်းနိုင်ပြီပေါ့။

'ကောင်းပြီ။ ကျွန်တော်က ဘာလုပ်ရမှာလဲ'

ကျွန်တော်က မေးလိုက်ပါတယ်။

'စိန့်ပီတာစဘတ် ခဏပြန်နေ။ လက်မှတ်ထိုးပြီးတာနဲ့ ခေါ်လိုက်မယ်'

လို့ ရီဂိုရှော့(ဖ)က ပြောပါတယ်။

ဒါနဲ့ ကျွန်တော်လည်း စိန့်ပီတာစဘတ်ကို ပြန်လာခဲ့တယ်။ နောက် ၂ ရက် ၃ ရက်ကြာတော့ ရီဂိုရှော့(ဖ)က သူ့ရာထူးကနေ ဖယ်ရှားခံလိုက်ရပါတယ်။ သူ့နေရာကို အနာတိုလီ ချူဘိုင်းက ဆက်ခံလိုက်ပါတယ်။ ကျွန်တော့်ကို လျာထားချက်ကို ချူဘိုင်းက ဖယ်ရှားပစ်လိုက်ပါတယ်။ ဒီလိုနဲ့ မော်စကို ပြောင်းရွှေ့ရေး စီမံကိန်းလဲ ပျက်စီးသွားတော့တယ်။

အချိန်တွေ ကုန်သွားခဲ့ပါတယ်။ အုပ်ချုပ်ရေး ယန္တရားမှာလည်း ပြောင်းလဲမှုတွေ ကြုံတွေ့လာတယ်။ ဒီတစ်ကြိမ်က ချာနိုမြာဒင်ရဲ့ လက်အောက်ကျရောက်ခဲ့ပြီဖြစ်တယ်။ ဘိုရှာကော့(ဖ)က ပီတာစဘတ်မြို့သားလေ။ ညှိခံပွဲတစ်ခုမှာ ဘိုလိုရှီကော့(ဖ)က ဘိုရီဒင်ကို ယခုလို ပြောလိုက်ပါတယ်။

'ခင်ဗျား ဘာလုပ်နေတာလဲ။ ဒီလူကို အလုပ်ရမယ်လို့ ခင်ဗျား ပြောခဲ့တယ်။ နောက်တော့ အလုပ်ခေါ်မခန့်ဘူး။ အခု သူ အလုပ်လက်မဲ့ဘဝနဲ့ အိမ်မှာ ငုတ်တုတ်ထိုင်နေရပြီ။

အဲဒီမှာ ဘိုရီဒင်က ပြန်တုန့်ပြန်ပါတယ်။

'ကျွန်တော် မခန့်တာ မဟုတ်ဘူး။ သူ့ဘဝကို ဖျက်ဆီးတာ ချူဘိုင်း'

'ဒါဆိုရင်လည်း ခင်ဗျား ရုံးမှာ ခေါ်ခန့်ဗျာ'

ဘိုလိုရှီကော့(ဖ)က ပြောလိုက်ပြန်ပါတယ်။

ဒါပေမယ့် ဘိုရီဒင်ထင်နေတာက ကျွန်တော်က အထွေထွေ အုပ်ချုပ်ရေးရုံးမှာ လုပ်မှာမဟုတ်ဘူး။ ကျွန်တော် တခြား အလုပ်ကို လုပ်လိမ့်မယ်လို့ယူဆနေပုံရပါတယ်။

ဘိုရှီကော့(ဖ)က ထပ်ပြီး သတိပေးစကား ပြောတယ်။

'တစ်ခုခုတော့ လုပ်ပေးလိုက်ဗျာ'

အဲဒီလိုပြောပြီး ဘိုရှီကော့(ဖ)နဲ့ ဘိုရီဒင်တို့ လမ်းခွဲလိုက်ကြပါတယ်။ ဘိုရီဒင်က ကျွန်တော့်အတွက် တစ်ခုခု စဉ်းစားပေးပါမယ်လို့ ကတိပြုခဲ့ပါတယ်။ ကတိအတိုင်းလည်း ဘိုရီဒင်က လုပ်ခဲ့ပါတယ်။ ဒါပေမယ့် အဲဒါတွေကို ကျွန်တော်နောက်ပိုင်းကျမှ သိခဲ့ရတာ ဖြစ်ပါတယ်။

တစ်နေ့ ကျွန်တော့်ကို အလက်ဆေ ကူဒရင်က ကျွန်တော့်ကို ခေါ်တွေ့ပါတယ်။ ကူဒရင်က သမ္မတရဲ့ အုပ်ချုပ်ရေးမှူးချုပ် ဖြစ်ပါတယ်။ သူက ကျွန်တော့်ကို လာတွေ့ဖို့ ခေါ်ပါတယ်။ ကျွန်တော့်အတွက် ဘယ်လိုလုပ်ငန်းက သင့်တော်သလဲ



ဆိုတာ ညှိနှိုင်းဖို့ ဖြစ်ပါတယ်။ ဒါပေမယ့် ရာထူးတစ်ခုကတော့ ဖယ်ရှားပစ်လိုက်ပြီ ဖြစ်ပါတယ်။ ဒါပေမယ့် တခြား အလုပ်တွေကတော့ ရှိနေပါသေးတယ်။ ကျွန်တော် မော်စကိုမြို့ကို လေယာဉ်ပျံနဲ့ ထွက်ခွာခဲ့ရပါတယ်။ ကျွန်တော် ကူဒရင်နဲ့ တွေ့ဆုံခဲ့ပါတယ်။ ကူဒရင်က ချူဘိုင်းနဲ့ သွားရောက် တွေ့ဆုံခဲ့ပါတယ်။ ချူဘိုင်းက အပန်းဖြေခရီးထွက်လုဆဲဆဲ ဖြစ်ပါတယ်။ သူက ကျွန်တော့်ကို လူထုဆက်သွယ်ရေးဌာနရဲ့ အုပ်ချုပ်ရေးမှူးအဖြစ် ခန့်ထားပါတယ်။ အဲဒီလုပ်ငန်းက ကျွန်တော်နဲ့ မအပ်စပ်ပါဘူး။ ကျွန်တော် ဘာလုပ်သင့်ပါသလဲ။ ကျွန်တော့် လုပ်ရမယ့်လုပ်ငန်းက ပြည်သူလူထုနဲ့ ထိတွေ့ဆက်ဆံရမှာဖြစ်တော့ ကျွန်တော့်အနေနဲ့ ပြည်သူလူထုနဲ့ ရင်းနှီးအောင် ပြုလုပ်ရမှာ ဖြစ်ပါတယ်။ ဒီအလုပ်က သမ္မတရုံးရဲ့ လက်အောက်မှာပဲ ရှိနေပါသေးတယ်။ ဒါကြောင့် လုပ်မယ်လို့ ကျွန်တော် သဘောတူခဲ့ပါတယ်။

ကူဒရင်နဲ့ ကျွန်တော်တို့ဟာ ကားတစ်စီးနဲ့ လေဆိပ်ကို ထွက်လာခဲ့ပါတယ်။ လမ်းခရီးမှာပဲ ကူဒရင်က ယခုလို ပြောပါတယ်။

'နားထောင်။ ခုချက်ချင်းပဲ ဘိုရှကော့(ဖ)ကို ခေါ်ဗျာ။ ကျေးဇူးတင်စကားပြောကြရအောင်။ သူက ကျွန်တော်တို့ အဖွဲ့ဝင်ထဲကပဲ။ သူကလဲ စိန့်ပီတာစဘတ်သားပဲ။ သူက ပထမလက်ထောက်ရာထူး တိုးမြှင့်ခံရပြီ'

'ဟုတ်လား'

ကျွန်တော်က ပြောလိုက်ပါတယ်။

မော်တော်ကားထဲကပဲ ဆယ်လူလာဖုန်းနဲ့ ဘိုရှကော့(ဖ)ဆီကို ဖုန်းဆက်လိုက်ပါတယ်။ လိုင်းခွဲကနေပြီး ကျွန်တော်တို့ကို ဘိုရှကော့(ဖ) ဖုန်းကို ချိတ်ပေးပါတယ်။ သမ္မတရုံး ညွှန်ကြားမှု ဦးစီးဌာန ဌာနကြီးမှူး ကူဒရင်ကအနေနဲ့ မည်သူ့ကိုမဆို တိုက်ရိုက်ပြောနိုင်တဲ့ အခွင့်အရေး ရှိနေပါတယ်။

ကူဒရင်က ဘိုရှီကော့(ဖ)ကို ချီးကျူးစကား စပြောပါတယ်။ ပြီးမှ

'ဟောဒီမှာ ဗလာဒီမာပူတင်လည်း ပါတယ်။ သူကလဲ ခင်ဗျားကို ဂုဏ်ပြုစကားပြောချင်လို့တဲ့'

လို့ ပြောပါတယ်။

ဘိုရှကော့(ဖ)က ဖုန်း သူ့ပေးလိုက်ဗျာတဲ့။

ကျွန်တော် ဖုန်းကို ယူလိုက်ပါတယ်။

'ခင်ဗျား ဘယ်ရောက်နေသလဲ'

လို့ ဘိုရှီကော့(ဖ)ကမေးပါတယ်။

ပြောနေကျ လေသံနဲ့ ပြောပါတယ်။

'ဘာပြောချင်တာလဲ၊ ခု မော်တော်ကားပေါ်မှာလေ၊ အလက်ဆီနဲ့အတူ လေဆိပ်သွားမလို့ဗျ'

'အင်း၊ ခင်ဗျားတို့ ခုဘယ်နေရာရောက်နေသလဲ'

'ခရင်မလင်မှာ။ ကျွန်တော့်အတွက် အလုပ်တစ်ခု သူတို့ ဆုံးဖြတ်နေကြတာ။ ကျွန်တော့်အလုပ်က လူထုဆက်သွယ်ရေး အုပ်ချုပ်မှု ဌာနရဲ့ ဌာနကြီးမှူးလေ'

'နာရီဝက်ကြာရင် ကျွန်တော့်ပြန်ခေါ်'

လို့ ဘိုရှီကော့(ဖ)က ပြောလိုက်ပါတယ်။

ဒါပေမယ့် မော်တော်ကားက လေယာဉ်ကွင်းနား နီးကပ်လာပါပြီ။

ကျွန်တော် လေယာဉ်ပျံပေါ် တက်မယ့်ဆဲဆဲ အချိန်မှာ ဘိုရှီကော့(ဖ)က ဖုန်းထပ်ခေါ်ပါတယ်။

'ကျွန်တော်ပြောမယ်- ခင်ဗျား မော်စကိုမှာ နေနိုင်မလား'

ဘိုရှီကော့(ဖ)က မေးလိုက်ပါတယ်။

ပြီးမှ သူကပဲ ဆက်ပြောပါတယ်။

'ကျွန်တော် ဘိုရိဒင်နဲ့ မနက်ဖြန်သွားတွေ့လိုက်မယ်'

ဘာဘာကို လိုချင်တယ်ဆိုတာ ကျွန်တော် သဘောမပေါက်ဘူး။ ကျွန်တော် တက်နေလိုက်ပါတယ်။ ဘိုရှီကော့(ဖ) ကျွန်တော့်ကို မှတ်မိနေတယ်လို့ ကျွန်တော် မထင်ပါဘူး။ သူဘာလို့ ခုလို လုပ်နေရတာလဲ။ သူ့ကို ကျွန်တော်မေးရမှာ စိတ်ထဲမှာ မသန့်ဘူး။

ကျွန်တော် တစ်ခုတော့ သူ့ကို ရှင်းပြမယ်လို့ စိတ်ကူးမိပါတယ်။ လက်ဆီ အလက်ဆီရေဗစ်(ချ) ဘိုရှီကော့(ဖ)ဟာ ထင်ရှားတဲ့ ပုဂ္ဂိုလ်ကြီးတစ်ယောက် ဖြစ်ပါတယ်။ တစ်ချိန်က လီနင်ဂရက်မြို့တော်ကောင်စီရဲ့ အုပ်ချုပ်မှုကော်မတီ အဖွဲ့ဝင်လူကြီးတစ်ယောက် ဖြစ်တယ်။ မြို့တော်ကို တာဝန်ယူလုပ်ကိုင်နေရတဲ့ ပုဂ္ဂိုလ်ပဲ။ ဘိုရှီကော့(ဖ)နဲ့ ပတ်သက်ပြီး အစီရင်ခံစာတွေက အရမ်းကို ကောင်းနေတယ်။ သူက လုပ်နိုင်စွမ်းရှိတယ်။ အလုပ် အရမ်းကို လုပ်တယ်။ ဖျတ်လတ်တက် ကြွတယ်။ သူဟာ ရှေးရိုး တရားသေ ကွန်မြူနစ်တစ်ယောက် မဟုတ်ပါဘူး။ ဒီမိုကရေစီ လှိုင်းလုံးက သူ့ကို ဖယ်ရှားပစ်လိုက်ပါတယ်။ ဘိုချက်က ဘိုရှီကော့(ဖ)ကို ရာထူးကနေ ဖယ်ရှားလိုက်ပါတယ်။

ဘိုရှီကော့(ဖ)ဟာ လမ်းမပေါ်ရောက်သွားတယ်။ သူအလုပ်တွေရတယ်။ မော်စကိုမှာ ရာထူးကောင်းတစ်နေရာ ရရှိနိုင်မယ်လို့ မျှော်မှန်းမထားနိုင်ဘူး။ ဘိုရှီကော့(ဖ)ဟာ ဆမိုနီမှာ စီးပွားရေးလုပ်ငန်းရပ်နဲ့ပတ်သက်ပြီး ပြန်ပေါ်လာတယ်။



ကျွန်တော် သူ့ကို ညှော်ခန်းထဲမှာ ထိုင်စောင့်နေရတယ်ဆိုတာ မဖြစ်စေချင်ပါဘူး။ ကျွန်တော် ဘယ်လောက် အလုပ်များနေပါစေ၊ သူရောက်လာတာနဲ့ လုပ်လက်စ အလုပ်တွေချထား၊ ပြီးတာနဲ့ ညှော်ခန်းထဲကို ထွက်လာခဲ့ပါတယ်။

'အလက်ဆေ အလက်ဆီယေဗစ်(ချ) ဒီဘက်ကြွဗျာ'

လို့ ခေါ်လိုက်ပါတယ်။

ကျွန်တော်တို့ နှစ်ယောက် သိပ်မရင်းနှီးကြပေမယ့် သူ ကျွန်တော့်ကို မှတ်မယ်ထင်ပါရဲ့။

နောက်တစ်နေ့မနက်ကျတော့ ကျွန်တော် ဘိုရိဒင်ရှိရာ ရောက်သွားခဲ့ပါတယ်။ သူ့လက်ထောက်အဖြစ် ကျွန်တော့်ကို ခန့်အပ်ပါတယ်။

အဲဒါကတော့ ၁၉၉၆ ခုနှစ် ဩဂုတ်လမှာ ဖြစ်တဲ့ အဖြစ်အပျက်ပါပဲဗျာ။ မော်စကိုမြို့ရှိ စတုရန်းကွက်လပ် ပန်းခြံဟောင်းထဲက အစိုးရအဆောက်အဦကနေ ထွက်ခဲ့ပါတယ်။ ပြီးပြတ်သွားပြီပေါ့ဗျာ။ သမ္မတရုံးရဲ့ အထွေထွေဦးစီးဌာန လက်ထောက် အုပ်ချုပ်ရေးမှူးရာထူးကနေ ထွက်လာခဲ့တာပါ။ ကျွန်တော့်ရဲ့ ရာထူးသစ်က နိုင်ငံ ရပ်ခြားရှိ ရုရှပိုင် ဥစ္စာပစ္စည်းများကို တရားဥပဒေပြုရေးဌာနရဲ့ အကြီးအကဲဖြစ်ပါတယ်။

လျူ(ဒ)မီလာ ပူတင်နာ။ ။

[မော်စကိုကို သွားမလား။ မသွားဘူးလားဆိုတဲ့ မေးခွန်းက အဓိက မကျပါဘူး။ ပူတင်နဲ့ ကျွန်မတို့ လုပ်ငန်းသစ်နဲ့ ပတ်သက်ပြီး ဆွေးနွေးတာလည်း မပြုခဲ့ပါဘူး။ ပူတင်ကတော့ ခုလိုပြောဖူးပါရဲ့။ သူ့ကို အလုပ်သစ်တစ်ခု ပေးကြမှာဖြစ်တဲ့အကြောင်း။ ထိုအလုပ်ကို သူ သဘောမကျတဲ့အကြောင်း။ သူ့မှာ ရွေးချယ်စရာလမ်း မရှိကြောင်း ပြောပါတယ်။ နောက်ဆုံးတော့ ပူတင်ဟာ သူတို့ ကမ်းလှမ်းလိုက်တဲ့ အလုပ်ကို လက်ခံလိုက်ပါတယ်။

ကျွန်မကတော့ စိန့်ပီတာစဘတ်ကနေ မပြောင်းချင်ပါဘူး။ ကျွန်မတို့ တိုက်ခန်းအသစ်မှာနေတာ ဘာမှ မကြာသေးပါဘူး။ ခုတော့ ကျွန်မတို့တစ်တွေ အစိုးရဝန်ထမ်းဘဝ ပြန်ရောက်ရဦးတော့မယ်။ ဒါပေမယ့် ကျွန်မ ယောက်ျားကို ဘယ်လိုစောဒက တက်လို့ရမှာတဲ့လဲ။ ကျွန်မတို့ အာ့ခန်ဂျဲ(စ)မှာ အိမ်တစ်လုံးရပါတယ်။ အိမ်ကတော့ အိမ်ဟောင်းကြီး ဖြစ်ပါတယ်။ အိမ်က နှစ်ထပ်အိမ် ဖြစ်ပါတယ်။ အောက်ထပ်မှာ နှစ်ခန်း။ အပေါ်ထပ်မှာက လေးခန်း။ ကျွန်မ မော်စကိုမြို့တော်ကို နှစ်ခြိုက်စွဲလန်းသွားပါတော့တယ်။ ကျွန်မနဲ့ မြို့ဟာ တတ်တည့်ပါတယ်။ မြို့တော်ရဲ့ ပတ်ဝန်းကျင် အငွေ့ အသက်ကြောင့်ပဲလား။ ရှုပ်ထွေးတဲ့

လမ်းကြောင်းလား စနစ်တကျ လုပ်ထားလို့လား။ ဘာရယ်လို့ မပြောတတ်ပါဘူး။ ကျွန်မ စိန့်ပီတာ စဘတ်မြို့တော်ကို အရူးအမူး သဘောကျခဲ့ပါတယ်။ ဒါပေမယ့် မော်စကိုမြို့တော် ရောက်ပြီးတဲ့အခါမှာတော့ စိန့်ပီတာစဘတ်ကို မေ့သွားပါတယ်။ မူတင်ကလည်း မော်စကိုမှာ အနေမကြာသေးပေမယ့် မြို့တော်နဲ့သူ သဟဇာတ ဖြစ်သွားပါပြီ။ သူ့ဘဝဟာ စတင်လည်ပတ်နေပြီလို့ ခံစားရပါတယ်။]

ကျွန်တော် မော်စကိုမြို့တော်ကို သဘောမကျဘူးလို့ မပြောခဲ့ပါဘူး။ ကျွန်တော် စိန့်ပီတာစဘတ်ကို ပိုပြီး သဘောကျပါတယ်။ ဒါပေမယ့် မော်စကိုက တကယ့် ဥရောပမြို့တော်ပါပဲဗျာ။ မော်စကိုမှာလဲ ပြဿနာတွေရှိတာ အမှန်ပါပဲ။ ဒါပေမယ့် မြို့တော်ရဲ့ ဘဝက ရှုပ်ထွေးနေပါတယ်။ စိန့်ပီတာစဘတ်မြို့ဟာ ကျေးလက်ဆန်တယ်။ နိုင်ငံရေးမှာလဲ တောဆန်တယ်။

**■ မော်စကိုမြို့တော်မှာ ခင်ဗျားရဲ့ လုပ်ငန်းတိုးတက်မှုက အံ့မခန်းဘဲ နော်။ ရာထူးက နှစ်ငှဲ့တက်လာခဲ့တယ်။ ၁၉၉၇ ဗဟိုကွပ်ကဲရေး ဦးစီးဌာနအကြီးအကဲ။ ၁၉၉၈ ခုနှစ်ကျတော့ သမ္မတရုံးအဖွဲ့ရဲ့ ဒေသန္တရ အုပ်ချုပ်ရေး ပထမလက်ထောက် ဌာနကြီးမှူး။ ၁၉၉၈ ခုနှစ်ကျတော့ အက်(ဖ)အက်(စ)ဘီရဲ့ ညွှန်ကြားရေးမှူး။ နောက်တော့ လုံခြုံရေးကောင်စီ အတွင်းရေးမှူး၊ ၁၉၉၉ ဩဂုတ်လကျတော့ ဝန်ကြီးချုပ်။ ၁၉၉၉ ဒီဇင်ဘာ (၃) ရက်ကျတော့ ယာလီသမ္မတ။ အဲဒီရာထူးအားလုံးတွေပေါ်မှာ ခင်ဗျား စိတ်ဝင်စားမှု ရှိပါရဲ့လား။**

အားလုံးအပေါ်မှာ မရှိပါဘူး။ သမ္မတရုံးကနေ ထွက်ချင်တဲ့စိတ် ဖြစ်ခဲ့ဖူးပါတယ်။

**■ ဘယ်တုန်းကပါလဲဗျာ။**

ကွပ်ကဲရေး ဦးစီးဌာနမှာပေါ့ဗျာ။ လုပ်ငန်းက ဘာမှ တီထွင်လုပ်ဆောင်ရတာ မရှိပါဘူး။ အရေးကြီးတဲ့ အလုပ်ဖြစ်တာ၊ လိုအပ်တာကိုတော့ ကျွန်တော် သဘောပေါက်ထားပါတယ်။ ဒါပေမယ့် ကျွန်တော်ကတော့ သိပ်စိတ်မဝင်စားလှပါဘူး။ အဲဒီဌာနကနေ ထွက်သွားရင် ဘာလုပ်ရမယ်ဆိုတာ ကျွန်တော် သဘောမပေါက်ပါဘူး။ အင်း ရှေ့နေလုပ်ရရင် ကောင်းမယ်ထင်တာပဲ။ စားဝတ်နေရေး မပြေလည်ပေမယ့် စိတ်ဝင်စားစရာကောင်းတဲ့ လုပ်ငန်းတစ်ခုလို့ ကျွန်တော်ထင်တာပဲလေ။ ကျွန်တော့် မိတ်ဆွေတော်တော်များများက ကိုယ်ပိုင်လုပ်ငန်း တစ်ခုအနေနဲ့ ရှေ့နေလိုက်နေကြတယ်။ သူတို့အတွက်တော့ အဆင်ပြေနေတာပဲ။



**■ ခင်ဗျား အလုပ်က ဘာလို့ မထွက်ရတာလဲ။**

အလုပ်ထွက်သင့် မထွက်သင့် စဉ်းစားနေတုန်းမှာပဲ သမ္မတရုံး အဖွဲ့ရဲ့ လက်ထောက် ရုံးအဖွဲ့မှူး ဖြစ်လာပါတယ်။ ကျွန်တော် တာဝန်ယူရတဲ့ ဌာနကတော့ ဒေသန္တရ အဖွဲ့အစည်းနဲ့ အဲဒီအရပ်ဒေသမှာရှိတဲ့ ပြည်နယ်အုပ်ချုပ်ရေးမှူးတွေကို ဆက်သွယ်ပေးရတဲ့လုပ်ငန်း ဖြစ်ပါတယ်။ အဲဒီလုပ်ငန်းက စိတ်ဝင်စားစရာ ကောင်းတာလို့ ခုချိန်ထိ ယူဆထားနေဆဲ ဖြစ်ပါတယ်။ အဲဒီအချိန်တုန်း ပြည်နယ် အုပ်ချုပ်ရေးမှူး တော်တော်များများနဲ့ ရင်းနှီးခဲ့ပါတယ်။ ဒေသဆိုင်ရာ ခေါင်းဆောင်တွေဟာ နိုင်ငံတော်ကြီးအတွက် အရေးပါတဲ့ အခန်းကဏ္ဍကနေ လုပ်ဆောင်နေကြတယ်ဆိုတာကို ကျွန်တော် နားလည် သဘောပေါက်ခဲ့ပါတယ်။ လူတိုင်း ပြောနေကြတဲ့ စကားတစ်ခွန်းရှိပါတယ်။ နိုင်ငံတော် အုပ်ချုပ်ရေးရဲ့ ဒေါင်လိုက် ကွင်းဆက်ဟာ ပြတ်တောက်သွားပြီ၊ အဲဒါကို ပြန်လည် အသက်ဝင်အောင် လုပ်ရမယ်လို့ ပြောနေကြပါတယ်။

**■ ဒါပေမယ့် ပြည်နယ်အုပ်ချုပ်ရေးမှူးတွေကကော သူတို့ရဲ့ လိုအပ်ချက်ကို သိရဲ့လား။ သူတို့ကကော ဒေါင်လိုက်ကွင်းဆက်ကို လက်ခံကြပါ့မလား။**

ပြည်နယ်အုပ်ချုပ်ရေးမှူးတွေဟာ နိုင်ငံတော်ရဲ့ အစိတ်အပိုင်းတစ်ရပ် ဖြစ်ပါတယ်။ သူတို့ ကိုယ်တိုင် စီမံခန့်ခွဲမှု အားနည်းမှုကို ခံစားနေကြရပါတယ်။ လူတိုင်းကတော့ ဒေါင်လိုက် ကွင်းဆက်နည်းလမ်းကို နှစ်သက်ချင်မှ နှစ်သက်ကြလိမ့်မယ်။ လူတိုင်းကို နှစ်သက်သဘောကျအောင်တော့ ပြုလုပ်မရနိုင်ပေမယ့် သင့်အနေနဲ့ အများစု သဘောကျနိုင်မယ့် နည်းလမ်းကိုတော့ ရှာဖွေရမှာပေါ့ဗျာ။ ကျွန်တော့်အနေနဲ့ လိုနေတဲ့ နိုင်ငံအကြောင်းသိအောင် လုပ်ရတာကို စိတ်ဝင်စားပါတယ်။ နိုင်ငံခြားမှာ အလုပ်သွားခဲ့ဖူးပေမယ့် ပြည်တွင်းမှာတော့ စိန့်ပီတာစဘတ်မှာ အလုပ်လုပ်ရတာ (၇) နှစ် ကြာပါတယ်။ အဲဒီ (၇) နှစ်မှာ လုပ်ငန်းအတွေ့အကြုံက သိပ် အဖိုးတန်ပါတယ်။ အုပ်ချုပ်ရေးပိုင်းကော၊ စီမံခန့်ခွဲမှုပိုင်းမှာပါ အရမ်းကောင်းတဲ့ အတွေ့အကြုံတွေ ရခဲ့ပါတယ်။ ဒါပေမယ့် စိန့်ပီတာစဘတ်ဟာ နိုင်ငံတစ်ခုလုံးကို ကိုယ်စားမပြုဘူးလေ။ ဒါကြောင့် တခြား အရပ်ဒေသကိုသွားပြီး လေ့လာဖြစ်တာပါပဲ။

**■ ဒါဖြင့် ဒီစိတ်ဝင်စားတဲ့ လုပ်ငန်းကို ရပ်ပစ်ပြီး အက်(ဖ) အက်(စ) ဘီခေါ်တဲ့ ဖက်ဒရယ်ထောက်လှမ်းရေးဌာနရဲ့ ညွှန်မှူးသွားလုပ်ရတာလဲ။ ထောက်လှမ်းရေး လုပ်ငန်းအပေါ်မှာ ခင်ဗျား သံယောဇဉ် မကုန်တာပဲလား။**

မဟုတ်ပါဘူး။ ဘယ်နေရာမှာ လုပ်ချင်တယ်လို့၊ ဘာလုပ်ချင်ပါတယ်ဆိုတာကို ကျွန်တော် ရွေးမများခဲ့ပါဘူး။ ကျွန်တော့်ကို ရာထူးပြောင်းရွှေ့ပေးတာက သမ္မတ ရဲ့ အမိန့်နဲ့ ဖြစ်ပါတယ်။

■ ဒါပေမယ့် သမ္မတရုံး အဖွဲ့မှူးက ဗလာတင် ယူမာရှက်(ဖ) မဟုတ်လား။

ဟုတ်ပါတယ်။ ကျွန်တော့်အိမ်ရဲ့ ရုံးခန်းမှာ ထိုင်နေတုန်း တယ်လီဖုန်း မြည်လာပါတယ်။

'ခင်ဗျား လေဆိပ်ကို သွားပြီး ကီရီယန်ကိုနဲ့ တွေ့နိုင်ပါ့မလား'

လို့ မေးပါတယ်။

ကီရီယန်ကိုက ဝန်ကြီးချုပ်ဖြစ်ပါတယ်။ သူက သမ္မတနဲ့အတူ ခရီးထွက်ရာကနေ ပြန်လာတာ ဖြစ်ပါတယ်။ သမ္မတနဲ့သူက ကရီလီယာကို ခရီးထွက်ခဲ့ကြတာ ဖြစ်ပါတယ်။

'တွေ့နိုင်ပါတယ်'

လို့ ကျွန်တော် ဖြေလိုက်ပါတယ်။

ဘာပါလိမ့်လို့ ကျွန်တော် စဉ်းစားနေမိပါတယ်။ တစ်ခုခု ဆိုးဆိုးဝါးဝါး ဖြစ်နေပြီလို့ ကျွန်တော် သံသယ ဝင်နေပါတယ်။ ကျွန်တော် လေဆိပ်ရောက်တဲ့ အချိန်မှာ ကီရီယန်ကို လေဆိပ်က ထွက်လာပါတယ်။

သူက

'ဟိုင်း ပူတင် ဂုဏ်ယူပါတယ်'

လို့ ပြောလိုက်ပါတယ်။

'ဘာအတွက်လဲ'

ကျွန်တော်က မေးလိုက်ပါတယ်။

'သမ္မတက ဒီဂရီ အမိန့်နဲ့ လက်မှတ်ရေးထိုးလိုက်ပြီလေ။ ခင်ဗျားကို အက်(ဖ) အက်(စ)ဘီရဲ့ ညွှန်မှူးအဖြစ် ခန့်လိုက်ပြီ။

လို့ သူက ပြောပါတယ်။

ကျွန်တော် အရမ်းပျော်တယ်လို့ မပြောခဲ့ပါဘူး။ မြစ်ထဲကို နှစ်ကြိမ်ဆင်းတဲ့အဖြစ် မဖြစ်ချင်လို့ပါပဲ ဗျာ။

ခင်ဗျားတို့ သိတဲ့အတိုင်းပါပဲ။ စစ်တပ်ပုံစံမျိုး အဖွဲ့အစည်းမှာ တာဝန်ထမ်းဆောင်ရတာက အင်မတန်မှ ခက်လှပါတယ်။ ကေဂျီဘီရုံးထဲမှာ အလုပ်တာဝန်ထမ်းဆောင်ရတာဟာ လျှပ်စစ်ဓာတ်အား လွှတ်ထားတဲ့ ခုံမှာထိုင်နေရသလို ခံစားနေရပါတယ်။ ဒီလို ခံစားမှုမျိုး ကျွန်တော် တစ်ယောက်တည်း ခံစားနေရတာပါလားဆိုတာလဲ ကျွန်တော် မသိဘူး။ ဒါပေမယ့် ထောက်လှမ်းရေးဌာနမှာ တာဝန်ထမ်းဆောင်ဖူးတဲ့ လူအများစုအနေနဲ့ ကျွန်တော့်လို ခံစားဖူးမယ်လို့ ထင်တာပါပဲ။ သဘောကတော့ တစ်ခုခုကို ကြောင့်ကြနေရတဲ့ ပုံစံပဲ ဗျ။ အားလုံးကို လျှို့ဝှက်ထားတယ်။



အဲဒီအချိန်တုန်းက စားသောက်ဆိုင်တွေကိုတောင် မသွားဝံ့ကြဘူး။ ထောက်လှမ်းရေးဌာနက လူတွေ ယူဆထားတာကတော့ မှောင်ခိုတွေနဲ့ ပြည့်တန်ဆာတွေ လောက်သာ စားသောက်ဆိုင်သွားကြတယ်။ ဒီတော့ သဘောသဘာဝကောင်းတဲ့၊ ယုံကြည်မှုရှိတဲ့ ထောက်လှမ်းရေး အရာရှိတစ်ယောက်အနေနဲ့ စားသောက်ဆိုင်သွားပြီး မှောင်ခိုတွေ၊ ပြည့်တန်ဆာတွေနဲ့ ဘာကြောင့်ပူးပေါင်းရမှာလဲ။

ပြီးတော့ ထောက်လှမ်းရေး အရာရှိတစ်ယောက်ဖြစ်နေပြီ ဆိုတာနဲ့ ခင်ဗျားဟာ မလွတ်လပ်တော့ဘူး။ အမြဲတမ်း နောက်ယောင်ခံလိုက်တာ ခံနေရတယ်။ အမြဲတမ်း မဟုတ်ပေမယ့် ဒီအဖြစ်က သိပ်မနိပ်ဘူးဗျာ။ ပြီးတော့ အစည်းအဝေးကလည်း အပတ်စဉ်ဆိုသလို ရှိနေတတ်တာ။ တစ်နေ့ ဘာလုပ်ရမယ်ဆိုတာလည်း စီမံကိန်းချထားရတယ်လေ။ ရယ်လည်း မရယ်မောရဘူး။ 'သီးသန့်' ဆိုတဲ့ မှတ်စုစာအုပ်ကိုလည်း အမြဲဆောင်ထားရတယ်။ သောကြာနေ့ဆိုတာနဲ့ အဲဒီစာအုပ်ကိုဖွင့်၊ တစ်ပတ်လုပ်ရမယ့် လုပ်ငန်းအစီအစဉ်တွေ ရေးရတယ်။ ရေးတဲ့နေရာမှာ နေ့စဉ် ဘာတွေလုပ်ရမယ်ဆိုတာကို ရေးထားရပါတယ်။ ပြီးမှ နေ့စဉ်နာရီအလိုက် ဘာလုပ်ရမယ်ဆိုတာ ရေးရပါတယ်။

ခရင်မလင်မှာတော့ ကျွန်တော့်ရာထူးက တစ်မျိုးထူးခြားပါတယ်။ ဘယ်သူကမှ ကျွန်တော့်ကို ချုပ်ကိုင်ထားတာ မရှိပါဘူး။ ကျွန်တော်က တခြားလူတွေကို ချုပ်ကိုင်ထားရပါတယ်။ ဒါပေမယ့် အက်(ဖ)အက်(စ)ဘီမှာကျတော့ ကျွန်တော့်အနေနဲ့ ဒေသဆိုင်ရာ ဌာနကြီးမှူးနဲ့ အက်(ဖ)အက်(စ)ဘီ ဌာနကြီးမှူးဆီကို အစီရင်ခံစာ ရေးသားပေးပို့ရပါတယ်။ သူတို့ကို လုပ်ငန်းစီမံကိန်း တင်ပြရပါတယ်။ အဲဒါနဲ့ ဆက်စပ်ပြီး တစ်ပတ်အတွင်း ဘာတွေ လုပ်ခဲ့သလဲ။ အဲဒါကို ကျွန်တော်က သုံးသပ်ပြီး အစီရင်ခံစာရေးသားရပါတယ်။ ဘာကိစ္စနဲ့ တချို့ကိစ္စတွေ မပြီးဆုံးရတာလဲဆိုတာကို ဆန်းစစ်ရပါတယ်။ ပြီးတော့ ကြီးမားတဲ့ စီမံကိန်းတွေဆိုရင် သတ်တလော မပြီးနိုင်တဲ့ အကြောင်းကို ရှင်းလင်း တင်ပြရပါတယ်။ အဲဒါနဲ့ ဆက်စပ်ပြီးတော့ ဌာနကြီးမှူးတွေက ဘာကြောင့် ဒီစီမံကိန်းကို တင်ပြရတာလဲ။ လုပ်နိုင်တာကို မတင်ပြနဲ့၊ လုပ်နိုင်တာကို တင်ပြပါဆိုတဲ့ အစီရင်ခံစာတွေကို ကျွန်တော် ရေးသားရပါတယ်။

ကျွန်တော် ခုလိုရှင်းပြနေရတာက ဘာတွေလုပ်ခဲ့တယ်ဆိုတာ သိစေချင်လို့ပါပဲ။ လုပ်ငန်းမှာ ဖိအားတွေ အရမ်းများတာ သိစေချင်တာပါ။

ကျွန်တော် အက်(ဖ)အက်(စ)ဘီ ညွှန်ကြားရေးမှူး တာဝန်ယူခဲ့ပါတယ်။ အဲဒီတာဝန်ယူဖို့ ရုံးခန်းထဲ ဝင်သွားပြီးတော့ ဒီရာထူးကို ကျွန်တော့်အရင် ထမ်းဆောင်နေတဲ့ နီကိုလိုင်ကိုဗာလက်ကို တွေ့ဆုံခဲ့ပါတယ်။ သူက မီးခံသေတ္တာကို ဖွင့်ပြီးတော့-

'ဟောဒီမှာ ကျွန်တော်ရဲ့ လျှို့ဝှက်မှတ်စုစာအုပ်။ ဟောဒီမှာ ကျွန်တော့်ရဲ့ လက်နက်'

လို့ ပြောပြီး ပစ္စည်းတွေ ထုတ်ပေးပါတယ်။

ကျွန်တော် သူပေးတဲ့ ပစ္စည်းတွေကို လွမ်းဆွတ်ကြေကွဲစွာနဲ့ ကြည့်နေခဲ့ပါ ရဲ့။

> လျူ(ဒ)မီလာ ပူတင်နာ။ ။
>
> အိမ်မှာ ပူတင်နဲ့ ကျွန်မတို့ အလုပ်အကြောင်း တိုင်ပင်ဆွေးနွေးတာဆိုလို့ သူ့ကို ဝန်ကြီးချုပ်ရာထူးခန့်အပ်တဲ့ ကိစ္စနဲ့ပတ်သက်ပြီး ဆွေးနွေးတာ ဖြစ်မယ်ထင်ပါတယ်။ လွန်ခဲ့တဲ့ ၃ လလောက်က ပူတင်ကို အက်(ဖ)အက်(စ)ဘီ ညွှန်ကြားရေးမှူးရာထူး ခန့်အပ်တဲ့ကိစ္စကို ကျွန်မတို့ စကားပြောခဲ့ဖူးတယ် ထင်ပါရဲ့။ အဲဒီတုန်းက သူတို့ပေးအပ်တဲ့ ရာထူးကို သူ မနှစ်သက်ဘူးလို့ ပြောပါတယ်။ သူဘာကြောင့် မသွားချင်ရတာလဲ ဆိုတာ ကျွန်မ သဘောပေါက်ပါတယ်။ ပူတင် ကေဂျီဘီမှာ အလုပ်လုပ်ခဲ့ချိန်မှာ သူ့ဘဝဟာ ပိတ်လှောင်ထားတဲ့ ဘဝမျိုး ဖြစ်ခဲ့ပါတယ်။ ဒါ မပြောနဲ့၊ ဘယ်ကို မသွားနဲ့၊ ဒီလူနဲ့ စကားပြော၊ ဒီလူနဲ့ စကားမပြောရဘူး။ ပြီးတော့ ကေဂျီဘီကနေ ထွက်ဖို့ ဆိုတာ အလွန်ခက်ခဲတယ်လေ။ ပူတင်က ကေဂျီဘီက ထွက်ခွာခဲ့တာ ရာသက်ပန် စွန့်ခွာခဲ့တာလို့ ယူဆထားတာ။
>
> ကျွန်မ ဘောလတစ်ကမ်းခြေမှာ အပန်းဖြေနေတဲ့အချိန်။ ပူတင်က ကျွန်မထံ ဖုန်းဆက်ပြီး ပြောတယ်။
>
> 'မိန်းမရေ သတိသာထားပေတော့။ ငါတော့ ဘဝဟောင်းကို ပြန်သွားပါတော့မယ်တဲ့'
>
> ကျွန်မထင်လိုက်တာက ဘိုရီဇင်ရဲ့ လက်ထောက်အလုပ် ပြန်ရတာလို့ပဲ ထင်လိုက်ပါတယ်။ အဲဒီနေရာကနေ သူက ထုတ်ပယ်ခံခဲ့ထားရတာ မဟုတ်လား။ ဒါပေမယ့် ပူတင် ဘာကို ရည်ရွယ်ပြောနေမှန်း ကျွန်မ မရိပ်စားမိဘူး။ ကျွန်မ တစ်နေရာ ရောက်နေချိန်မှာ တိုင်းပြည်မှာ တစ်ခုခုတော့ ဖြစ်နေပြီလို့ ထင်လိုက်ပါတယ်။ အခြေအနေတွေ တစ်မျိုးတစ်ဖုံ ပြောင်းနေပြီလား။ ပူတင်က ဆက်ပြောပါတယ်။
>
> 'မိန်းမရေ ငါ ဘဝစခဲ့တဲ့နေရာ ပြန်ရောက်တော့မယ်'
>
> သူက အဲဒီလို ပြောတော့မှ ကျွန်မလဲ သဘောပေါက်သွားခဲ့ပါတယ်။ ကျွန်မ အပန်းဖြေခရီးက ပြန်ရောက်တော့မှ သူနဲ့ လူချင်းတွေပြီး မေးမြန်းကြည့်ရပါတယ်။
>
> 'သူတို့က ငါ့ကို အက်(ဖ)အက်(စ)ဘီရဲ့ ညွှန်ကြားရေးမှူး ခန့်ကြတာပဲကွာ။ ဒါပဲ'
>
> လို့ ပူတင်က ပြောပါတယ်။
>
> ကျွန်မလည်း ဘာမှ ဆက်မမေးတော့ပါဘူး။
>
> ပူတင်က အက်(ဖ)အက်(စ)ဘီရဲ့ ညွှန်ကြားရေးမှူး ခန့်အပ်ခံရတဲ့အခါမှာ ဗိုလ်ချုပ်ရာထူးပေးပါတယ်။ ဒါပေမယ့် ပူတင်က စစ်ဘက်မပြောင်းဘဲ အရပ်ဘက်မှာပဲ နေခဲ့ပါတယ်။
>
> ရာထူးသဘောက ကျွန်မတို့ရဲ့ ဘဝအပေါ် ရိုက်ခတ်မှု ရှိပါသလားလို့ မေးရင် မရှိဘူးလို့ ဖြေရမှာ ဖြစ်ပါတယ်။ ဒါပေမယ့် ဂျာမနီမှာရှိတဲ့ ကျွန်မတို့ရဲ့ မိတ်ဆွေလင်မယားနဲ့ အဆက်အသွယ် ပြတ်တောက်လိုက်ရပါတယ်။ ကျွန်မ အရင်ကတော့ ဒီလို ကွေကွင်းမှုဟာ ယာယီမျှသာပဲ ဖြစ်လိမ့်မယ်လို့ ယူဆခဲ့ပါတယ်။ ဒါပေမယ့် အဲဒီ ပြတ်တောက်ထားရတဲ့ မိတ်ဆွေလင်မယားနဲ့ ခုချိန်ထိ ပြန်လည် ဆက်သွယ်မှု မပြုရသေးပါဘူးရှင်]

**■အက်(ဖ)အက်(စ) ဘီက လူတွေက ခင်ဗျားကို ဘယ်လို ကြိုဆိုနှုတ်ဆက်ခဲ့ပါသလဲ။**

ကျွန်တော့်ကို သတိထားပြီး ကြိုဆိုကြပါတယ်။ ဒီနောက်တော့ အစစအရာရာ အဆင်ချောခဲ့ပါတယ်။ ဗိုလ်မှူးကြီးတစ်ယောက်အနေနဲ့ကတော့ အနိုးကပ် လေ့လာကြည့်ကြစို့ဗျာ။ ကျွန်တော်က ဗိုလ်မှူးကြီးအဆင့်လျှာထားခံရတဲ့ လူပါ။ တကယ်ရှိခဲ့တဲ့ ရာထူးက ဒုဗိုလ်မှူးကြီးလေ။ ကျွန်တော် စစ်ထဲမှာ ၁၈ နှစ်ကြာခဲ့တာဆိုတော့ အဲဒီလောက်ဟာ အတော့်ကို ခက်ခဲကြမ်းတမ်းခဲ့ပါတယ်။ ကျွန်တော် အက်(ဖ)အက်(စ)ဘီကို ရောက်တော့ အရပ်သားဘဝနဲ့ပါ။ ကျွန်တော်ဟာ သမ္မတရုံးရဲ့ လက်ထောက်ရုံးအဖွဲ့မှူး ဖြစ်နေပါပြီ။

**■ဒီလက်ထောက်ရုံးအဖွဲ့မှူးကြောင့် ထောက်လှမ်းရေးလုပ်ငန်း အကြီးအကဲအဖြစ်ကို အရပ်သားတစ်ယောက်အနေနဲ့ ခန့်အပ်ထားခြင်းခံရတာလား။**

ဖြစ်နိုင်ပါတယ်။ ဒါပေမယ့် လူတော်တော်များများက အဲဒီအကြောင်းကို စဉ်းစားမိကြဘူးလေ။ အသိဉာဏ် နုန့်နဲ့ကြလို့လား၊ ညံ့ဖျင်းကြလို့လား၊ ဒါမှမဟုတ် စေ့စပ်းချင်လို့လား ဘာကြောင့်လဲဆိုတော့ မပြောတတ်ဘူးဗျာ။

**■ခင်ဗျားလက်အောက်မှာ ထိပ်တန်း ခေါင်းဆောင်တွေကော တော်တော်ပြောင်းလဲခဲ့သလား။**

ပြောင်းလဲတာတော့ ရှိပါတယ်။ ဒါပေမယ့် များများစားစားတော့ မဟုတ်ပါဘူး။ ကျွန်တော်က အခြေအနေတွေကိုပဲ ဆန်းစစ်လေ့လာခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့ ပြောင်းလဲပစ်ဖို့ လိုအပ်တဲ့ ကိစ္စတွေကိုပဲ ပြုပြင်ပြောင်းလဲခဲ့တာပါ။

**■ခင်ညွှန့်အနေနဲ့ လီနင်ဂရက်သားတွေလိုချည်းပဲ ခန့်နေတယ်လို့ ပရိုင်မာကော့(ဖ) က ပြောခဲ့တာ ဟုတ်ပါသလား။**

တခြားလူတွေကလဲ အဲဒီလိုပြောကြတာတွေ ရှိပါတယ်။ ကျွန်တော်က လီနင်ဂရက်သားတွေကို ဖြုတ်ပစ်နေတယ်။ ဘယ်သားမှန်း မသိတဲ့ လူတွေကို ခေါ်ခန့်နေတယ်။ ဒါပေမယ့် ကျွန်တော် အက်(ဖ)အက်(စ)ဘီ တစ်ဖွဲ့လုံးကို ပရိုမာကော့ဆီ ခေါ်သွားပြီး တွေ့ဆုံပေးပါတယ်။ အားလုံး သူ့အနေနဲ့သူ ခန့်ထားပေးပါတယ်။ ဘယ်တစ်ယောက်ကိုမှ ဖြုတ်မပစ်ပါဘူး။ ပရိုင်မာကော့က ကျွန်တော်တို့ကို တောင်းပန်စကား ပြောကြားပါတယ်။ သူပြောတဲ့ စကားက သူခေါင်းဆောင်မှု ညံ့ဖျင်းသွားပါသတဲ့။

**■အက်(ဖ)အက်(စ)ဘီရဲ့ ညွှန်ကြားရေးမှူး တစ်ယောက်အနေနဲ့ ခင်ညွှန့်က ဗလာဒီမာ ခရူချကော့(ဖ)[၁]ကို ဖြုတ်ပစ်တယ်ဆိုတာ မှန်ပါသလား။**

မှန်ပါတယ်။

**■မတော်တဆ ဖြစ်ခဲ့တာလား။**

မတော်တဆ မဟုတ်ပါဘူး။ ကျွန်တော် ဝါရင့်ပုဂ္ဂိုလ်ဟောင်းတွေနဲ့ လက်တွဲလုပ်ဖူးပါတယ်။

**■လူတွေက အက်(ဖ)အက်(စ)ဘီဟာ အမ်ဗွီဒီဆိုတဲ့ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ အဖွဲ့အစည်းနဲ့ ပူးပေါင်းလိုက်ပြီလို့ ပြောပါတယ်။ အဲဒီကိစ္စနဲ့ပတ်သက်လို့ ဘယ်လိုယူဆပါသလဲ။[၂]**

အဲဒီအယူအဆကို ကျွန်တော် ကန့်ကွက်ပါတယ်။ အထူးစုံစမ်းထောက်လှမ်းရေးအဖွဲ့အစည်းတွေဟာ ခုမှ ပေါင်းစည်းလာတာပါ။ အဲဒါတွေ ပြိုကွဲပြီဆိုရင် အလွန်ဆိုးဝါးမှာ ဖြစ်ပါတယ်။ ဝန်ကြီးဌာနတွေရဲ့ ရှုထောင့်က ကြည့်ရင် ဘာမှ

---

၁။ ဗလာဒီမာ ခရူချကော့(ဖ)။ ကေဂျီဘီဌာနကြီးမှူးဟောင်း။ ၁၉၉၁ ခုနှစ် အာဏာသိမ်း အုပ်စုထဲမှာ တစ်ယောက်အပါအဝင်။

၂။ ၁၉၅၃ ခုနှစ် မတ်လ ၆ ရက်နေ့၊ စတာလင် ကွယ်လွန်အနိစ္စရောက်သောနေ့။ လျှို့ဝှက်ပုလိပ်အဖွဲ့ ခေါင်းဆောင် လဗရင်တီ ဘဲရီးယား (Lavrenty Beria) အမ်ဗွီဒီနှင့်အတူ အမ်ဂျီဘီ (နောင်တွင် ကေဂျီဘီ အဖွဲ့အစည်း) ကို ကြီးကိုင်ခဲ့ပါတယ်။ ၁၉၅၄ ခုနှစ်တွင် ဘဲရီးယား ဖြုတ်ထုတ်သတ် ခံရတော့မှ ဤအဖွဲ့အစည်းလည်း ရုပ်တန့်သွားခဲ့ပါတယ်။



ပြဿနာမရှိပါဘူး။ ဒါပေမယ့် နိုင်ငံရေး ပေါ်လစီ ရှုထောင့်ကနေ ကြည့်မယ်ဆိုရင်တော့ ခုလို အဖွဲ့ နှစ်ဖွဲ့ထားတာ သိပ်မနိပ်ဘူးပေါ့။ အခွင့်အရေး ယူတာပဲပေါ့ဗျာ။ ဒါပေမယ့် သတင်းတွေကို ဌာနတစ်ခုထဲက ရယူတာထက် နှစ်ခုက နေရတာ ပိုမကောင်းဘူးလား။

**■အဲဒီဌာနနှစ်ခု မပူးပေါင်းဘဲ တစ်ယောက်ကိုတစ်ယောက် မျက်စိဒေါက်ထောက်ကြည့်နေတာမျိုး ဆိုရင်ကော။**

အဲဒီမေးခွန်းက ကျွန်တော်နဲ့ ဘယ်လိုမှ မပတ်သက်ပါဘူး။ ဂျာမနီမှာကတော့ ဖြစ်ခဲ့တာပေါ့ဗျာ။ ၁၉၉၃ ခုနှစ်မှာတော့ ဂျာမနီမှာ အဲသလို ဖြစ်ခဲ့ပါတယ်။ လူတိုင်းဟာ တစ်စုံတစ်ယောက်ရဲ့ ဒေါက်ထောက်ကြည့်ခံနေရတယ်လို့ ထင်နေကြပါတယ်။ အဲဒါကတော့ ဂက်(စ)တာပိုတွေရဲ့ လုပ်ရပ်ပါပဲ။

**■ခင်ညွှန့်ဟာ စိန့်ပီတာစဘတ်သားတစ်ယောက်ဖြစ်တဲ့ ဆာရဂေး စတီဖန်ရှင်ရဲ့ ရာထူး နှစ်ခုကို ခင်ညွှန့်က ဆက်ခံတဲ့ ကိစ္စကို လူတွေက အရမ်းစိတ်ဝင်စားနေကြပါတယ်။ ပထမ အက်(ဖ)အက်(စ)ဘီ၊ (ယခုတော့ အက်(ဖ)အက်(စ) ကေ[၁]လို့ ခေါ်နေပြီ။) အဲဒီမှာ ခင်ညွှန့်က အကြီးအကဲ။ နောင်တစ်ခါ ဝန်ကြီးချုပ်ပေါ့။ သူကော ခင်ညွှန့်ပါ စိန့်ပီတာစဘတ်သားတွေလေ။ စတီဖန်ရှင်ကိုက အက်(စ)အက်(စ)ဘီမှာ လုပ်ရတာ မပျော်ပိုက်ဘူးထင်တယ်။**

မဟုတ်ဘူး။ ခုလိုပြောတာနဲ့ ပြောင်းပြန်ပဲ။ သူ့ကို လူတိုင်းက သဘောကျတယ်။ အက်(ဖ)အက်(စ)ကေ ဌာနကို သူကပိုင်ပိုင်နိုင်နိုင် ကိုင်နိုင်စွမ်းရှိတယ်။ အဲဒါကို ဘယ်သူကမှ မရိပ်စားမိကြဘူး။ သူက တကယ်ကို သိမ်မွေ့တယ်ဗျ။ သူ့ကို လူတိုင်းက လေးစားကြောင်း။ အဲဒီထဲမှာ ကျွန်တော်လဲ ပါတယ်။

ဆိုချက်က စတီဖန်ရှင်ကို လီနင်ဂရက်ရဲ့ အက်(ဖ)အက်(စ)ကေ အကြီးအကဲအဖြစ် ထောက်ခံခဲ့ပါတယ်။ အဲဒီအချိန်မှာ ကျွန်တော်က မြို့တော်အုပ်ချုပ်ရေးဌာနမှာ တာဝန်ထမ်းဆောင်နေပါတယ်။ အာဏာသိမ်းပွဲပြီးတဲ့ နောက်ပိုင်းမှာ အက်(စ)အက်(စ)ကေ အဖွဲ့အစည်းကို ဒီမိုကရက်တစ်တွေပဲ အကြီးအကဲအဖြစ်အုပ်ချုပ်ရမယ်လို့ ဆိုချက်ပြောခဲ့တာကို ကျွန်တော် သတိရနေပါတယ်။ အဲဒါကို ကျွန်တော် သဘောမတူပါဘူး။ ခုတော့ တချို့ရဲ့ အဖွဲ့ဝင်တွေက ထောက်လှမ်းရေးအဖွဲ့

---

၁။ အက်(ဖ)အက်(စ)ကေ (F. S. K) တန်ပြန်ထောက်လှမ်းရေးအဖွဲ့။

အစည်းတွေမှာ ရောက်ရှိနေကြပါပြီ။ ချက်ကာ*မှာတော့ ကျွန်တော်တို့က ရဲတပ်ဖွဲ့က လူတွေ မသုံးကြပါဘူး။ ပြီးတော့ စတီဖန်ရှင်က လျှို့ဝှက်ထောက်လှမ်းရေးအဖွဲ့အစည်းတွေနဲ့ အဆက်အသွယ်မရှိပါဘူး။ သူက ဒီမိုကရက်တစ် လှိုင်းလုံးကို ကိုယ်စားပြုတဲ့ ပုဂ္ဂိုလ်တစ်ယောက် ဖြစ်ရမှာကို ထိတ်လန့်နေသူ တစ်ယောက် မဟုတ်ပါဘူး။ ကျွန်တော်ကိုယ်တိုင်ကလည်း ရာစုသစ်ကို ကြိုဆိုဖို့ အသင့်ဖြစ်နေသူ တစ်ယောက်ပါ။ ဒါပေမယ့် ကျွန်တော် အရှမ်းအံ့အားသင့်တာ တစ်ခုရှိပါတယ်။ အဲဒီအချိန်ကာလမှာ ဖြစ်ပျက်နေတဲ့ ထောက်လှမ်းရေးအဖွဲ့အစည်းတွေအကြောင်းကို မှတ်မိတယ် မဟုတ်လား။ ထောက်လှမ်းရေး အဖွဲ့အစည်းဝင်တွေ စာရင်း- ပြီးတော့ သူတို့ရဲ့ ရာထူးအဆင့်အတန်း ခွဲခြားတဲ့ ဖိုင်တွဲတွေကိုပါ လိုချင်တယ်လို့ တောင်းဆိုနေကြတဲ့ကာလ။ ဒါပေမယ့် စတီဖန်ရှင်က မထင်မှတ်တဲ့ လုပ်ငန်းတစ်ခုကို ပြုလုပ်ခဲ့ပါတယ်။ သဘောကတော့ စတီဖန်ရှင်က ဒီမိုကရက်တစ် အခွင့်အာဏာကို အသုံးပြုပြီး ထောက်လှမ်းရေးအဖွဲ့အစည်းတွေကို အကာအကွယ်ပေးခဲ့ပါတယ်။ အစပိုင်းကတည်းက သူက ယခုလို ပြောခဲ့ပါတယ်။

'ခင်ဗျား တကယ်လို့ ကျွန်တော့်ကို ယုံတယ်ဆိုရင် ပြီးတာနဲ့ ကျွန်တော့်ကို ယုံပါ။ ကျွန်တော့်တို့ လူတွေ အသိပေးနိုင်တာတွေရှိရင် ကျွန်တော်တို့တစ်တွေက အသိပေးမှာ ဖြစ်ပါတယ်။ ဒါပေမယ့် နိုင်ငံတော်အတွက် ထိခိုက်အန္တရာယ် ရှိနိုင်မယ်ဆိုရင်တော့ ဘာကိုမှ အသိပေးမှာ မဟုတ်ပါဘူး။

ဒီတော့ စတီဖန်ရှင်ကို ဂုဏ်ပြုသင့်ပါတယ်။ သူက ထောက်လှမ်းရေးအဖွဲ့အစည်းက ခေါင်းဆောင်တွေနဲ့ လက်တွဲလုပ်ဆောင်နိုင်ခဲ့ပါတယ်။ သူ့တို့ ထောက်လှမ်းရေးအဖွဲ့အစည်းက ယုံကြည်သက်ဝင်ခဲ့ပါတယ်။

နောက်ပိုင်းမှာတော့ ကျွန်တော်နဲ့ စတီဖန်ရှင်ကို မော်စကိုမြို့မှာ တွေ့ဆုံခဲ့ပါတယ်။ ကျွန်တော်တို့နှစ်ယောက်က မိတ်ဆွေလဲ မဟုတ်ဘူး။ ရင်းလဲ မရင်းနှီးပါဘူး။ စတီဖန်ရှင်က အက်(ဖ)အက်(စ)ဘီကနေ နှုတ်ထွက်တဲ့နောက်မှာ ခင်ဗျား သိတဲ့အတိုင်း သူက အစိုးရဌာန ဗျူရိုကရေစီမှာ တာဝန်ယူဆောင်ရွက်ခဲ့ပါတယ်။ ကျွန်တော်က သမ္မတရဲ့ အုပ်ချုပ်ရေးဌာနမှာ တာဝန်ယူဆောင်ရွက်နေပါတယ်။ အဲဒီမှာတင် မေးခွန်းတစ်ခုပေါ်လာပါတယ်။ တရားသူကြီးချုပ် ဘယ်သူ့ခန့်မလဲဆိုတာပဲ။ ကျွန်တော်က အဲဒီရာထူးအတွက် စတီဖန်ရှင်ကို ရွေးချယ်ဖို့ အကြံပြုခဲ့

---

* ချက်ကာ (Cheka)မှာ ရုရှားဘာသာစကားဖြင့် အတိုကောက် အသုံး ဖြစ်တယ်။ 'အထူးစုံစမ်းရေး ကော်မရှင်'ဟု အဓိပ္ပာယ်ရပါတယ်။ လီနင်ကမ္ဘာကထ ဖွဲ့စည်းထားသော ရုရှလျှို့ဝှက် ရဲထောက်လှမ်းရေးအဖွဲ့အစည်း ဖြစ်တယ်။ လျှို့ဝှက် ရဲတပ်ဖွဲ့ကို ရည်ညွှန်းလျှင် 'ချက်ကာ ဟူသော စကားကို သုံးသည်။ ဤ စကားရပ်သည် ထင်ရှားတယ်။



ပါတယ်။ ကျွန်တော် စတီဖန်ရှင်နဲ့ အဲဒီရာထူးအကြောင်း ပြောဆိုဖူးထားတာ ရှိပါရဲ့။

'သူက အဲဒီရာထူး သဘောကျသလား။ အဲဒီရာထူးကို ကျွန်တော်ကတော့ မခန့်နိုင်ဘူး။ ဒါပေမယ့် ခင်ဗျားကိုတော့ ကျွန်တော်က ထောက်ခံတဲ့ လူပါ'

လို့ ကျွန်တော်က ပြောလိုက်ပါတယ်။

စတီဖန်ရှင်က အဲဒီရာထူးကို သူ သဘောကျကြောင်း၊ သူ့အနေနဲ့ စာရွက်တွေကို ထိန်းသိမ်းရတာ ငြီးငွေ့လာပြီဖြစ်ကြောင်း ပြောပြပါတယ်။

■ **ဆတီဖန်ရှင် ဝန်ကြီးချုပ် ဖြစ်လာတော့ ခင်ဗျား ဝမ်းမသာဘူးလား။**

ဝမ်းသာတာပေါ့။

■ **ဝန်ကြီးချုပ်ရာထူးကို ခင်ဗျားလဲ ရွေးချယ်ခံထားရတယ်ဆိုတာ သိပါသလား။**

စတီဖန်ရှင် ဘယ်တုန်းက ဝန်ကြီးချုပ်ရာထူး ရွေးချယ်ခံရတာလဲ။ အဲဒီအတွေး ကျွန်တော့်ခေါင်းထဲ မရောက်ခဲ့ပါဘူး။

■ **စတီဖန်ရှင်က ဝန်ကြီးချုပ်ရာထူး လအနည်းငယ်ပဲ လုပ်ခဲ့ရတာ မဟုတ်လား။ ဒီရာထူးကနေ နှုတ်ထွက်ခဲ့ရလို့ သူ အရှမ်းခံစားနေရတယ်ဆိုတဲ့ အချက်ကို စတီဖန်ရှင်က မကွယ်ဝှက်ဘဲ ထုတ်ဖော်ပြောဆိုခဲ့ပါတယ်။ ခင်ဗျားကော သူနဲ့ မျက်နှာချင်းဆိုင်ပြီး စကားစမြည် ပြောခဲ့ပါသလား။**

စတီဖန်ရှင်ရာထူးက ဖယ်ရှားခံရတာ ကျွန်တော်နဲ့ ဘယ်လိုမှ မပတ်သက်ဘူးဆိုတာ သူ သဘောပေါက်ပါတယ်။ အဲဒီရာထူးနှုတ်ထွက်ခါနီး အကြိုညမှာပဲ ကျွန်တော် စတီဖန်ရှင်ဆီကို ဖုန်းဆက်ပြောတဲ့အခါမှာ အလွန်ကို ဆိုးဝါးနေပါတယ်။ နောက်တစ်နေ့ မနက်မှာ ယဲ့ဆင်နဲ့ တွေ့ဆုံဖို့လဲ ပြောပါတယ်။ တွေ့ဆုံပွဲမှာ လေးယောက်ရှိပါတယ်။ ယဲ့ဆင်၊ စတီဖန်ရှင်၊ နီကိုလိုင် အက်(စ)ဆင်လိုနဲ့ ကျွန်တော်တို့ပဲ ဖြစ်ပါတယ်။ ယဲ့ဆင်က စတီဖန်ရှင်ကို ရာထူးက နှုတ်ထွက်ဖို့ ပြောပါတယ်။ အဲဒီတော့ ကျွန်တော် ဘယ်လို နေရမယ်ဆိုတာကို စဉ်းစားသာကြည့်ပေတော့။ စတီဖန်ရှင်က ကျွန်တော့်ရဲ့ အပေါင်းအသင်းလေဗျာ။ ကျွန်တော်က သူ့ကို ဘယ်လို ပြောရမှာလဲ။

ဆာရဂေလ ခင်ဗျားကို ရာထူးက ဖယ်ရှားတော့မှာနော်။ အဲဒီစကားကို ကျယ်ကျယ်လောင်လောင် ဘယ်လိုပြောရမှာလဲ။ အဲဒီစကားတွေ ထုတ်ပြောရမှာ အတော်ခက်ပါတယ်။ ဖြစ်ရတဲ့ အဖြစ်ကတော့ တကယ်ကို စိတ်မကောင်းစရာပါပဲဗျာ။

■ **ခင်ဗျား ယဲ့ဆင်နဲ့ လက်တွဲဖြုတ်ပြီးတော့ စကားစမြည်ပြောဖြစ်ကြသေးလား။**

ကျွန်တော်တို့ နှုတ်ဆက်စကား ပြောခဲ့ကြပါတယ်။ ဒါပါပဲ။

**■ အဲဒီ တွေ့ဆုံကြတဲ့ မနက်ခင်းအကြောင်းကို ခင်ဗျားနဲ့ စတီဖန်ရှင်တို့ ပြောဖြစ်ကြပါသလား။**

ကျွန်တော်တို့ ပြောဖြစ်ခဲ့ပါတယ်။ ကျွန်တော့်အထင်ကတော့ စတီဖန်ရှင် ချောစော်ကားခံရတာပါပဲ။ ဒါမှမဟုတ်ရင် သူက စားစာခံ ဖြစ်ရတာ။ အချိန်တွေ ကုန်သွားတာနဲ့အမျှ သူ့ကို မေ့သွားမှာ ဖြစ်ပါတယ်။ အလုပ်က ထုတ်ပစ်လောက်တဲ့ အမှားမျိုး သူ မကျူးလွန်ခဲ့ပါဘူး။ ဒါပေမယ့် ယဲ့ဆင်က တစ်မျိုး ယူဆထားပါတယ်။ သူက ဆုံးဖြတ်ချက်ကို ချတဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်။ ဆာရဂေး စတီဖန်ရှင် ဝန်ကြီးချုပ်အဖြစ် သုံးလလောက် ထမ်းဆောင်ခဲ့တာတွေ ကြည့်ပြီး ဆုံးဖြတ်တယ်လို့တော့ ကျွန်တော် မထင်ပါဘူး။

ဘောရစ်ယဲ့ဆင် ကျွန်တော့်ကို သူ့ရုံးခန်းကို လာရောက်တွေ့ဆုံဖို့ ပြောပါတယ်။ ယဲ့ဆင်က ဝန်ကြီးချုပ် ရာထူးကို ကျွန်တော့်ကို ကမ်းလှမ်းဖို့ စိတ်ကူးမေ့ ဖုံ့ရပါတယ်။ ဒါပေမယ့် သူက အဲဒီ ကမ်းလှမ်းချက်ကို စတီဖန်ရှင်ကို အရင်ပြောခဲ့ပြီးပါပြီ။ ကျွန်တော်က သိပ်တော့ မအံ့သြလှပါဘူး။ အခြေအနေတွေက စတီဖန်ရှင်ကို ဖယ်ရှားပစ်ဖို့ ဦးတည်နေပါတယ်။ ပြောချင်တာက ကျွန်တော့်ကို ခန့်ဖို့ ကိစ္စပြောနေတာ မဟုတ်ပါဘူး။ စတီဖန်ရှင်ကို ဖယ်ရှားတဲ့ ကိစ္စပါ။ ကျွန်တော့်အနေနဲ့ ဝန်ကြီးချုပ်ရာထူး လက်ခံမှလား၊ လက်မခံဘူးလားဆိုတာကို မေးမနေပါဘူး။ စတီဖန်ရှင်အပေါ်မှာ သူ့ရဲ့ ဆုံးဖြတ်ချက် သဘောထားကိုသာ ကျွန်တော့်ကို ပြောပြနေတာ ဖြစ်ပါတယ်။

ကျွန်တော်နဲ့ ယဲ့ဆင်စကားပြောကြတဲ့အထဲမှာ စတီဖန်ရှင်ရဲ့ ရာထူးကို ဆက်ခံမယ်ဆိုတဲ့ အကြောင်း မပါပါဘူး။ အဲဒီ အသုံးမျိုး သူက မသုံးစွဲပါဘူး။ သူ သုံးတဲ့စကားက ခုလို ဖြစ်ပါတယ်။ အနာဂတ်ရဲ့ဝန်ကြီးချုပ်လို့သာ သုံးစွဲခဲ့ပါတယ်။ ဆိုချင်တာကတော့ တကယ်လို့ အားလုံးသာ အဆင်ပြေ ညီညွတ်မယ်ဆိုရင် အဲဒါက ဖြစ်နိုင်ပါတယ်။[၁]

နောက်ပိုင်းကျတော့ ယဲ့ဆင်က ရုပ်သံမှာ ကျွန်တော်ဟာ နောင်အနာဂတ်ရဲ့ ဝန်ကြီးချုပ်လောင်းလို့ သုံးနှုန်းခဲ့ပါတယ်။ သူက တစ်တိုင်းပြည်လုံးသိအောင် ကြွေးကြော်လိုက်တာပါပဲ။ ကျွန်တော့်ကို မေးခွန်းတွေ တစ်လျှောက်ကြီး မေးခဲ့ပါတယ်။

၁။ ယဲ့ဆင်က ဝန်ကြီးချုပ် လေးယောက်ကို (၁၉၈၉- ၁၉၉၉) ခုနှစ်အတွင်း လေးကြိမ် ပြောင်းလဲပစ်ခဲ့ပါတယ်။ ယဲ့ဆင်ခန့်အပ်ခဲ့သော ဝန်ကြီးချုပ်များမှာ ဗစ်တာ–အက်(စ)– ချာနိုမြာဒင် (ဒီဇင်ဘာ ၁၉၉၂– မတ် ၁၉၉၈), ဆာရဂေး ကီရီယန်ကို (ငါးလ), အမ်– ပရိုင်မာကော့(ဗ) (ရှစ်လေ)၊ ဆာရဂေး စတီဖန်ရှင် (၃) လ, ဗလာဒီမာပူတင် (၁၉၉၉ ဩဂုတ်လ (၁၀) ရက်မှစ၍)



'သမ္မတကြီးက အဲသလို ပြောမှတော့ ကျွန်တော် လုပ်ရမှာပေါ့'

ကိုယ့်ကိုယ်ကို သိပ်တော့ မသေချာလှပါဘူး။ ဒါပေမယ့် ကျွန်တော် ဘာပြောရမှာလဲ။

အဲဒီတုန်းက နိုင်ငံတော်ရဲ့ အခြေအနေကို သဘောပေါက်တယ် မဟုတ်လား။ ရွေးကောက်ပွဲ မကျင်းပရသေးတဲ့အချိန် ဖြစ်ပါတယ်။ ယဲ့ဆင်က ဆုံးဖြတ်ချက်တစ်ခု ချမှတ်ရမှာ ဖြစ်ပါတယ်။ မြို့တော်ဝန်တွေအားလုံးကလဲ ကျွန်တော်တို့ ပြောခဲ့တဲ့ စကားတွေကို နားလည်သဘောပေါက်ပြီး ဖြစ်နေပါတယ်။ အခြေအနေကလဲ အေးတိအေးစက် ဖြစ်နေပါတယ်။ သူတို့ဟာ ဆုံးဖြတ်ချက် တစ်ခုကို ချမှတ်ရတော့မှာ ဖြစ်ပါတယ်။ သူတို့ဘာလို့ အိုဗီအာ ပါတီ[၁]ကို တည် ထောင်လိုက်ရတာလဲ။ ဘာလိုလဲဆိုတော့ သူတို့မှာ တခြား ရွေးချယ်စရာ မရှိလို့ပါပဲ။ ဒီတော့ သူတို့ဟာ ရွေးစရာ တစ်ခုခုကို ဖန်တီးရတော့တာပေါ့။

**■ ခင်ဗျားပြောချင်တာက ယူနီတီ[၂] (ညီညွတ်ရေး) ကို ဖြိုင်ဖို့ပါတီပေါ့။**

ဟုတ်ပါတယ်။

> လျူ(ဒ)မီလာ ပူတင်နာ။ ။
>
> [ကျွန်မယောက်ျားရဲ့ ဘဝလမ်းကြောင်းဟာ အလင်းရောင်လိုပဲ အရှိန်နှုန်းနဲ့ သွားနေတာကို မအံ့သြမိပါဘူး။ တစ်ခါတစ်ခါတော့ ကျွန်မ ခုလိုစဉ်းစားနေမိပါရဲ့။
>
> 'ကျွန်မ ကံကြမ္မာကလည်း ဆန်းလှပါရဲ့။ မနေ့တုန်းက ဘယ်က မှန်း မသိတဲ့ စိန့်ပီတာစဘတ်မြို့က ဒုတိယ မြို့တော်ဝန်ကို လက်ထပ်ခဲ့တယ်။ ခုတော့ သူက ဝန်ကြီးချုပ်ဖြစ်နေပြီ' ဒါပေမယ့် ဒီအဖြစ်က ပူတင်သာ ဖြစ်လေ့ဖြစ်ထ ဖြစ်တတ်တာမျိုးကို ကျွန်မယုံကြည်ထားပါတယ်။
>
> ဒီလို ဖြစ်ရတဲ့အတွက် ကျွန်မ ဘာမှ မကြောက်လန့်ပါဘူး။ ဘာမှလဲ ဘဝင်မြင့်စရာအကြောင်း မရှိပါဘူး။ ပူတင်က တကယ့်ကို ခွဲနပဲကြီးတဲ့လူ။ အချည်းနှီးဖြစ်တာတို့ အရှုံးပေးတာတို့ မရှိဘူး။ ရည်မှန်းချက်ထားတယ်၊ ပန်းတိုင်ကို ရောက်အောင် သွားတတ်တယ်။ လူတချို့က ပိုက်ဆံရဖို့ တစ်ခုတည်းသာကြည့်တဲ့ လူတွေ ရှိပါတယ်။ ပူတင်က

၁။ O. V. R အဖနိုင်ငံတော်၊ ရုရှအားလုံးပတ်သက်သည့်ပါတီ။

၂။ Unity- ပူတင် တည်ထောင်သော ပါတီ။ ၁၉၉၉ ဒီဇင်ဘာလ တောင် တည်ထောင် ဖွဲ့စည်းခဲ့ပါတယ်။

တော့ အတွေးအခေါ်အတွက် အလုပ်လုပ်တဲ့ လူ။ လုပ်ငန်းရဲ့ ဖြစ်စဉ်တွေကို နှစ်သက်သဘောကျနေတဲ့ လူ။ အဲဒါတွေကို ကျော်လွှန်အောင် ရောက်သွားတတ်တဲ့လူ။ ရှင်တို့လည်း သိပါတယ်။ ကျွန်မက ဝန်ကြီးချုပ်ရဲ့ မိန်းမပါ။ တကယ်တမ်းကျတော့ သူဟာ ဝန်ကြီးချုပ် တစ်ယောက်ဆိုတာကိုက အံ့ဩစရာကောင်းနေပါတယ်။]

မာရီနာ ယန်တာဆီဗာ။ ။

[ပူတင် ဝန်ကြီးချုပ်ဖြစ်ပြီး ရက်အနည်းငယ်ကြာတဲ့အချိန်မှာ သူ့ဖခင် သေဆုံးသွားပါတယ်။ ပူတင်က တစ်ပတ်တစ်ကြိမ်ဆိုသလို မော်စကိုကနေ သူ့ဖခင်ရှိတဲ့ စိန့်ပီတာစဘတ်ကို အရောက်သွားပါတယ်။ ပူတင်က အရမ်းအလုပ်ရှုပ်နေတာ။ ဒါပေမယ့် သူ စိန့်ပီတာစဘတ်ကို တစ်ပတ်တစ်ကြိမ် ရောက်အောင်လာပါတယ်။ နေ့ဝက်ခန့်လောက်ဖြစ်စေနေပါတယ်။ သူ့ဖခင် ရှိရာသွားပြီး နှုတ်ဆက် စကားပြောရမှာက ပူတင်က နှုတ်ဆွံ့နေပါတယ်။ သူက ကျွန်မကို ခုလိုပြောပါတယ်။ သူ့ဖခင်ရဲ့ နောက်ဆုံးအချိန်ပိုင်း ကာလလေးမှာ နှုတ်ဆက်စကားမပြောဘဲ နေရမှာကို ထိတ်လန့်နေပါတယ်။ သူ့ ဖခင် မကွယ်လွန်မီအချိန်လေးမှာ ပူတင်ရောက်ရှိနေဖို့ ကျွန်မက ပြောလိုက်ပါတယ်။]

■ **ယခုဆင်က ခင်ဗျားဟာ သူ့ရဲ့ ရာထူးဆက်ခံမယ့်လူလို့ ကြေညာချိန်မှာ ခင်ဗျား ဘယ်လို ခံစားရပါသလဲ။ တုန်လှုပ်သွားပါသလား။**

မတုန်လှုပ်ပါဘူး။

■ **ခင်ဗျား ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု အပြည့်ရှိပါသလား။**

မဟုတ်ပါဘူး။ ဂဲနာဒီ ဆဲလဲညက်(စ) ပြောခဲ့တဲ့ စကားကို ပြန်စဉ်းစားကြည့်စမ်းပါ။

'သူတို့ ခင်ဗျားကို ဘာလို့ အဲဒီလို လုပ်လိုက်ရတာလဲ။ သူတို့က ခင်ဗျားကို မြေမြှုပ်ပစ်လိုက်ကြပြီ' တဲ့။

လူတွေအားလုံးက ကြီးမားတဲ့ရာထူး ခန့်လိုက်တာ ကျွန်တော့်ကို ကိစ္စတုံးစေလိုက်တာပဲလို့ ပြောကြပါတယ်။ တခြားဘာသာအကြောင်းကိစ္စတွေကို ကြည့်ပြီး ကျွန်တော့်ရဲ့ဘဝတက်လမ်းက ကိစ္စပြီးသွားပြီလို့ ယူဆခဲ့ပါတယ်။

ကျွန်တော် ကြိုးစားရှင်းပြချင်ပါတယ်။ ဒဂါစတန်မှာ ဖြစ်ပေါ်နေတဲ့ ပြဿနာက သိပ်ကြီးမားနေတဲ့အချိန်ပေါ့ဗျာ။ ကျွန်တော့်ရဲ့ ဘဝလမ်းကြောင်းကလဲ ပြီးသွားပြီလို့ ဆုံးဖြတ်ခဲ့ပါတယ်။ ကျွန်တော့်ရဲ့ ပိုင်ဆိုင်ရာ တာဝန်ကြီးပေါ့ဗျာ၊ အဲဒါကတော့



မြောက်ပိုင်း ကော့ကေးရှပ်ဒေသရဲ့ အကြပ်အတည်းတွေကို ပြေလည်အောင် ဖြေရှင်းဖို့ပဲ ဖြစ်ပါရဲ့။ အဲဒီအချိန်တုန်းက ဘယ်သူတစ်ဦးတစ်ယောက်ကမှ အဲဒီကိစ္စကြီး ဘယ်လို အဆုံးသတ်သွားမယ်ဆိုတာ မသိပါဘူး။ တခြားလူတွေကလဲ ကျွန်တော့်ကို ချာတိတ်တစ်ယောက်လို သဘောထားပြီး မြောက်ပိုင်း ကော့ကေးရှပ် အခြေအနေနဲ့ ပတ်သက်လို့ ဒီငတိတစ်ယောက်တော့ ဒုက္ခရောက်တော့မှာပဲလို့ ပြောဆို နေကြပါတယ်။ အဲဒါကတော့ ကျွန်တော်မြင်ထားတဲ့ အမြင်ပါ။ ကျွန်တော်ကို ကျွန်တော် ပြန်ပြောလိုက်ပါတယ်။

'ကိစ္စမရှိပါဘူး။ ကျွန်တော့်မှာတော့ အချိန်သိပ်မရှိလှဘူး။ နှစ်လသုံးလလောက်တော့ ကြာဦးမယ်။ ဒီ သူပုန်တွေကို တိုက်ထုတ်ဖို့ တော်တော်လေး ကြာဦးမယ်။ ဒါဆို ဒီငတိတွေက ကျွန်တော့်ကို မောင်းထုတ်ကြတော့မှာပဲ'

ကျွန်တော့်ရဲ့ အယူအဆကတော့ ချေချင်းညာမှာရှိတဲ့ သူပုန်တွေကို နှိမ်နင်းဖို့ လိုတယ်လို့ ကျွန်တော် ယူဆပါတယ်။ ပွင့်ပွင့်လင်းလင်း ပြောရရင် သိပ်မကြာသေးခင်က နှစ်ကာလတွေမှာ ချေချင်းညာ ဒေသမှာ အစိုးရ ပြုတ်ကျမသွားစေဖို့ လုပ်ဆောင်နေရတယ်။ အဲဒီလို လုပ်ရာမှာ ဘယ်သူ တစ်ဦးတစ်ယောက်ကိုမှ ထိခိုက်အောင်လုပ်တာ မဟုတ်ပါဘူး။ ၁၉၉၀–၁၉၉၁ ခုနှစ်မှာတုန်းက ကျွန်တော် ပြောဆိုတဲ့ စကားတွေက အတန်ငယ် ပြင်းထန်ကောင်း ပြင်းနေပါလိမ့်မယ်။ ဆိုဗီယက် ဆိုရှယ်လစ်သမ္မတ နိုင်ငံတော်ကြီး ပြိုကွဲတာနဲ့ ပတ်သက်လို့ လက်နက်ကိုင်အဖွဲ့တွေနဲ့ ထောက်လှမ်းရေးအဖွဲ့တွေကို ပြောဆိုတဲ့ စကားတွေ ဖြစ်ပါတယ်။ ကျွန်တော်တို့ တိုင်းပြည်ဟာ ပြိုကွဲပျက်စီးမှု ချောက်ကမ်းပါးမှာ ကျရောက်နေပါပြီ။ ကဲ ခုတော့ ကော့ကေးရှပ်အကြောင်းပဲ ပြောကြရမယ်ဗျာ။ ကော့ကေးရှပ် မြောက်ပိုင်းနဲ့ ချေချင်းညာအခြေအနေက ဘယ်လို ဖြစ်နေသလဲ။ အဲဒီဒေသရဲ့ အဖြစ်အပျက်က ဆိုဗီယက်ပြည်ထောင်စုကြီး ပြိုကွဲခြင်းရဲ့ အကျိုးဆက်ပဲ ဖြစ်ပါတယ်။ ရှင်းလင်းတဲ့ အချက်တစ်ခုကတော့ တစ်ချိန်ချိန်မှာ ဒီပြိုကွဲပျက်စီးမှုကို ရပ်တန့်အောင် လုပ်ရမှာ ဖြစ်ပါတယ်။ ဒီလို ပြိုကွဲလုနီးပါး ဖြစ်နေတဲ့ အချင်းအရာကို ဒီမိုကရက်တစ် အခြေအနေတွေနဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတွေက တားဆီးနိုင်မှာ ဖြစ်ပါတယ်။ ဒါပေမယ့် အချိန်နဲ့ အတွေ့အကြုံက အဲသလို ဖြစ်လာမယ့်ပုံ မရှိပါဘူးဗျာ။

သူပုန်တွေက ဒဂါစတန်ကို ဩဂုတ်လမှာ ဝင်ရောက်တိုက်ခိုက်တဲ့အခြေအနေနဲ့ ပတ်သက်ပြီး စဉ်းစားနေမိတာပါပဲ။ ကျွန်တော်တို့ အနေနဲ့ ဒဂါစတန်ကို မကာကွယ်နိုင်ဘူးဆိုရင် ရုရှနိုင်ငံရဲ့တည်ရှိမှုကလဲ ရပ်သွားတော့မှာပါပဲ။ ဒဂါစတန်ဟာ နိုင်ငံတော် မပြိုကွဲအောင် တားဆီးရေး စီမံကိန်းတစ်ခုပဲ ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့နိုင်ငံရေး ဘဝနဲ့လည်း ဆက်စပ်ပတ်သက်နေပါတယ်။ တန်ဖိုးကတော့ ဘာမှ

သိပ် မကြီးသေးပေမဲ့ ကျွန်တော့်ဘက်က ပေးစပ်ဖို့ အသင့်ရှိနေပါတယ်။ ယဲ့ဆင်က သူ့နေရာ ဆက်ခံမယ့်လူဟာ ကျွန်တော်ဖြစ်ပါတယ်လို့လဲ ပြောလိုက်တော့ ကျွန်တော့်ရဲ့ ဘဝဟာ နိဂုံးချုပ်တော့မယ်လို့ လူတွေက မှတ်ထင်နေကြပါတော့တယ်။ ဒါပေမယ့် ကျွန်တော်ကတော့ တည်တည်ငြိမ်ငြိမ်ပါပဲဗျာ။ ကျွန်တော် ဘာမှ စဉ်းစားမနေတော့ပါဘူး။ အခြေအနေကို တွက်ကြည့်လိုက်ပါတယ်။ ကျွန်တော့်မှာ လအနည်းငယ်တော့ ကျန်ရှိပါသေးတယ်။ သဘောကတော့ တပ်မတော်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အက်(ဖ)အက်(စ)ဘီ၊ ပြီးတော့ ပြည်သူ့လူထု ၊ အဲဒါတွေ အားလုံးရဲ့ထောက်ခံမှု၊ ညီညွတ်မှု စွမ်းအား ဖန်တီးဖို့ လနည်းနည်းပဲ ကျန်ပါတော့တယ်။ ကျွန်တော့်မှာ အချိန်များစွာရှိရင် ကောင်းမှာပဲ။ ကျွန်တော် အချိန်မရှိမှာဘဲ ပူနေပါတယ်။

- **ဒါတောင် ဒဂါစတန်နဲ့ ချေချင်းညှာကို ထိုးစစ်ဆင်ဖို့ စီစဉ်ကိန်းကို ချတာ ခင်ဗျားမဟုတ်ဘူး မဟုတ်လား။ ယဲ့ဆင်က သမ္မတလေ။ မအောင်မြင်တဲ့ စီမံကိန်းရဲ့ ဝန်ထုပ်ဝန်ပိုးဟာ ယဲ့ဆင်နှင့် စတီဖန်ရှင်ကြောင့် ဖြစ်ရတာ မဟုတ်လား။**

စတီဖန်ရှင်က ဝန်ကြီးချုပ်ရာထူးကို ရေရှည်ရထားသူတစ်ယောက် မဟုတ်ဘူးလေ။ ယဲ့ဆင်ကတော့ ကျွန်တော့်ကို အများကြီး အထောက်အကူပြုခဲ့ပါတယ်။ ဆွေးနွေးပွဲတိုင်းမှာ ချေချင်းညှာကိစ္စကို ထည့်သွင်းပြောကြားခဲ့ကြပါတယ်။

- **ဆိုချင်တာက တာဝန်အလုံးစုံက ခင်ဗျားပခုံးပေါ်မှာ ရှိတယ်ဆိုတဲ့ သဘောလား။**

တော်တော်များများက ကျွန်တော့် တာဝန်ပဲ ဖြစ်ပါတယ်။ ကာကွယ်ရေးဦးစီးဌာနတို့၊ စစ်ဦးချုပ်တို့၊ ပြည်ထဲရေးဝန်ကြီးတို့နဲ့ ကျွန်တော် တွေ့ဆုံပြီးမှ စစ်ဆင်ရေး ပြုလုပ်ခဲ့တာပါ။ ကျွန်တော်တို့တစ်တွေ နေ့တိုင်း တွေ့ဆုံကြပါတယ်။ တစ်ခါတလေ တစ်ရက်နှစ်ကြိမ်လောက် တွေ့ကြတယ်။ မနက်တစ်ကြိမ် ညနေတစ်ကြိမ်ပေါ့ဗျာ။ အားလုံး တစ်ယောက်သဘောထား တစ်ယောက် ညှိပြီးတဲ့အခါမှာတော့ ဝန်ကြီးတွေအားလုံး စည်းရုံးညီညွတ်သွားကြပါတယ်။ ကျွန်တော့်အနေနဲ့ ပထမဆုံး လုပ်ရတဲ့ လုပ်ငန်းက ဝန်ကြီးအချင်းချင်း စိတ်ဝမ်းကွဲပြားနေတာကို စုစည်းရတဲ့ လုပ်ငန်း ဖြစ်ပါတယ်။ ပြည်ထဲရေးဝန်ကြီး လုပ်နေတာကို ကာကွယ်ရေးဌာနက လူတွေ သဘောမပေါက်ကြဘူး။ အက်(ဖ)အက်(စ)ဘီကလဲ တခြားဌာနက ဘာမှ အကူအညီမပေးဘူးလို့ ဝေဖန်နေတာလဲ ရှိပါတယ်။ ကျွန်တော်က ဝန်ကြီးဌာနတွေ အားလုံး စုစည်းညီညွတ်မှု ရှိလာအောင် တစ်သဘောတည်း တစ်ဖွဲ့တည်းရှိလာအောင် လုပ်တာပါပဲ။ ဒါမှ အောင်မြင်မှု ရရှိမှာ ဖြစ်ပါတယ်။



- **ကော့ကေးရှပ်မြောက်ပိုင်းဒေသ စစ်ဆင်ရေးနဲ့ ပတ်သက်ပြီး ခင်ဗျား လုပ်ဆောင်ချက်တွေဟာ ခင်ဗျားဘဝတက်လမ်းအတွက် ရည်ရွယ်ပြီး လုပ်ခဲ့တာလို့ ခင်ဗျား ပြောခဲ့တယ်နော်။ ဒါပေမယ့် တကယ်လက်တွေ့မှာတော့ စစ်ဆင်ရေး တစ်ခု ဆင်နွှဲတာက လူ့အသက်သွေးချွေးတွေ၊ ငွေကြေးတွေပါ ကုန်ကျရတယ် မဟုတ်လား။**

တကယ်လို့ ကျွန်တော်တို့အနေနဲ့ အစွန်းရောက် လက်ယာဝါဒီတွေကို မနှိမ်နင်းနိုင်ခဲ့ဘူးဆိုရင် ရုရှားဖက်ဒရေးရှင်းကြီးဟာ ယူဂိုဆလားဗီးယားလို အစိတ်စိတ်အမွှာမွှာ ကွဲသွားနိုင်တယ်လေ။ အစွန်းရောက် လက်ယာသမားတွေက ရုရှ ဖက်ဒရေးရှင်းကို ယူဂိုဆလားဗီးယားဖြစ်အောင် လုပ်နေကြတာ။

- **ခင်ဗျားအနေနဲ့ ဒဂါစတန်မှာရှိတဲ့ သူပုန်တွေကို နှိမ်နင်းနိုင်လိုက်ပြီးတော့ ချေချင်းညှာကို ဝိုင်းဝန်းပိတ်ဆို့မယ်ပေါ့။**

မဟုတ်ပါဘူး၊ အဲဒီဟာ နည်းပညာအရလည်း မှားပါတယ်။

- **နှစ်ပေါင်းအတော်ကြာကြီးထဲက လီနင်က ဖင်လန်ကို လွတ်လပ်ခွင့် ပေးထားတဲ့ ကိစ္စကို ခင်ဗျားက မနှစ်သက်ဘူးဆို။ ခုလဲ ချေချင်းညှာကို အဲဒီအယူအဆနဲ့ပဲ လိုက်နေတာလား။**

မဟုတ်ပါဘူးဗျာ။

ကျွန်တော် နိုင်ငံကြီး မပြိုကွဲအောင် ထိုးနှက်နေတဲ့ ကိစ္စကိုပဲ ခေါင်းထဲထားပြီး လုပ်ဆောင်နေတာ ဖြစ်ပါတယ်။ ကျွန်တော်ဟာ ရက်စက်ကြမ်းကြုတ်တယ်လို့ လူတချို့က ပြောကြပါတယ်။ အဲဒါတွေက ကျွန်တော့်အပေါ် မလိုတမာ စွပ်စွဲချက်တွေပါပဲဗျာ။ ကျွန်တော် ချေချင်းညှာကိစ္စကို လုပ်နေတာနဲ့ ပတ်သက်လို့ အခြေခံ နိုင်ငံရေး ဗဟုသုတရှိတဲ့ လူတိုင်း နားလည်သဘောပေါက်ကြမှာပါ။ ချေချင်းညှာကိစ္စကို လွှတ်ထားရင် တစ်နေ့ ကျွန်တော်တို့ ရုရှားဖက်ဒရေးရှင်းဟာ အန္တရာယ်ကြုံနိုင်ပါတယ်။

ကျူးကျော်မှုက အဲဒီမှာတင် စတင်တာပါပဲ။ ချေချင်းညှာမှာ စစ်အင်အား ထူထောင်ကြတယ်။ အိမ်နီးနားချင်းနိုင်ငံတွေကို ကျူးကျော်ဝင်ရောက်ကြတယ်။ ဘာဖြစ်လို့လဲ။ ချေချင်းညှာရဲ့ လွတ်မြောက်မှုကို ထိန်းသိမ်းကာကွယ်ဖို့လား။ တကယ်တော့ မဟုတ်ပါဘူး။ တခြားနယ်မြေဒေသတွေကို ကျူးကျော်ဖို့ပဲ ဖြစ်ပါတယ်။ ပြီးရင် ဒဂါစတန်ကို ဝင်ရောက် သိမ်းပိုက်မယ်။ ပြီးတာနဲ့ ကော့ကေးဆပ်နယ်မြေ

တစ်ခုလုံး ကျူးကျော်သိမ်းပိုက်ခြင်းခံရတော့မှာ ဖြစ်ပါတယ်။ ဒဂါစတန်၊ အင်ဂုရှီစတာ၊ ပြီးတော့ ဗော်လဂါမြစ်ရိုးမှာ ရှိနေတဲ့ ဘ(ရှ)ခိုရိုစတန်နဲ့ တာတာစတန် အရပ်ဒေသတွေအထိ ကျူးကျော်မှာ ဖြစ်ပါတယ်။

ကျွန်တော်က ဖြစ်လာမယ့် အကျိုးဆက်တွေကို မျှော်ကိုးပြီး ရင်လေးနေတာဗျ။ စစ်ဖြစ်ပြီဗျာ၊ အဲဒီအရပ်ဒေသမှာရှိတဲ့ စစ်ပြေးဒုက္ခသည်တွေကို ဥရောပနဲ့ အမေရိကက ဘယ်လောက်များ လက်ခံကြမှာလဲ။ အင်မတန်ကြီးမားတဲ့ နိုင်ငံကြီးဟာ စစ်မီးတောက်တွေ ကြုံတွေ့ရပြီး စစ်ပြေးဒုက္ခသည်တွေ သန်းချီပြီး ရှိလာတဲ့ အချိန်မှာ ကမ္ဘာကြီးအတွက် အင်မတန်မှ ကြီးမားတဲ့ ကပ်ဆိုးကြီးတစ်ခု ဖြစ်လာသလို ကြုံတွေ့ရမှာ ဖြစ်ပါတယ်။ ခုရှိနေတဲ့၊ ဖြစ်ပျက်နေတဲ့ ကြေကွဲစရာ ဖြစ်ရပ်တွေဟာ အဲဒီဖြစ်ရပ်ဆိုးကြီးနဲ့ ယှဉ်ကြည့်ရင် အများကြီး သက်သာနေပါတယ်။ ကျွန်တော်လုပ်တဲ့ အလုပ်က အမှန်ဖြစ်တယ်ဆိုတာ လုံးဝသံသယ မဝင်ပါဘူး။ ကျွန်တော်တို့ရဲ့ အနေအထားက ဆိုးဝါးပြင်းထန်နေပါလိမ့်မယ်။ တကယ်လို့ အကွဲအပြဲတွေ အရမ်းများပြားလာပြီဆိုရင် တပ်မတော်ကလည်း ထိန်းနိုင်တော့မှာ မဟုတ်ဘူး။ ဒီတော့ အရန်အင်အားစုတွေ ထားရမယ်။ ပြီးတော့ တိုက်ပွဲဝင်ရမယ်။ ကြီးမားတဲ့ စစ်ဆင်ရေးကြီးတစ်ခု ဆင်နွှဲရမယ်။

တခြားနည်းလမ်း စဉ်းစားကြည့်ကြရအောင်ဗျာ။ နိုင်ငံကို တိုင်းနဲ့ ပြည်နယ်တွေအဖြစ် ခွဲကြည့်ကြရအောင်လား။ ရတ်ချည်းဆိုသလိုပဲ မကျေမနပ်ဖြစ်နေတဲ့ ပြည်နယ်ခေါင်းဆောင်တွေက ခုလိုပြောလာကြမှာ ဖြစ်ပါတယ်။

'ကျွန်တော့်တို့ ရုရှပြည်ထောင်စုမှာ ခုပုံစံမျိုးနဲ့ မနေချင်ကြဘူး။ ကျွန်တော်တို့ လွတ်လပ်ရေးလိုချင်တယ်' လို့ ပြောကြမယ်။ လက်တွေ့လဲ လုပ်ကြလိမ့်မယ်။ ခုချိန်ခါမှာ ရုရှပြည်ထောင်စုရဲ့ နယ်မြေတွေဟာ ညီညွတ်နေဖို့၊ တပေါင်းတစည်းတည်း ရှိနေဖို့ အရေးကြီးတယ်ဆိုတာ လူတိုင်း နားလည်သဘောပေါက်ထားကြပါတယ်။ ခွဲထွက်ရေးသမားတွေ၊ အကြမ်းဖက် ဖျက်ဆီးရေးသမားတွေကို နှိမ်နင်းပစ်ဖို့လည်း လိုပါတယ်။ ဒါပေမယ့် ပြည်နယ်တွေရဲ့ လွတ်လပ်ခွင့်ကို ကျွန်တော်တို့ လက်ခံပါတယ်။ အသိအမှတ်ပြုပါတယ်၊ ချေချင်းညာရဲ့ လွတ်လပ်ခွင့်ကို အသိအမှတ်ပြုပါတယ်လို့ သဘောတူခဲ့ကြပြီဆိုပါစို့။ အဲဒါဆိုရင် အခြေအနေက လုံးဝဥဿုံကို ပြောင်းလဲသွားမှာ ဖြစ်ပါတယ်။ တကယ်လို့ ကျွန်တော်တို့အနေနဲ့ ချေချင်းညာရဲ့ လွတ်လပ်ခွင့်ကို ခွင့်ပြုမယ်ဆိုရင် ကျန်နိုင်ငံတချို့ကလည်း ချေချင်းညာ လွတ်လပ်ခွင့်ကို တရားဝင် အသိအမှတ်ပြုကြမှာ ဖြစ်ပါတယ်။ တစ်ချိန်တည်းမှာပဲ အဲဒီနိုင်ငံတွေက ချေချင်းညာကို တရားဝင်ကျယ်ကျယ်ပြန့်ပြန့် ထောက်ခံအားပေးမှုတွေကို တပံ့



တပင်ပေးကြမှာ ဖြစ်ပါတယ်။ ခုလောလောဆယ်မှာ ကျွန်တော်တို့ရဲ့ ပြမှုချက်တွေက ကျူးကျော်မှုလို့ ထင်စရာ ရှိပါတယ်။ အိမ်တွင်းရေး ပြဿနာတွေကို ဖြေရှင်းတဲ့ ပုံစံမျိုးပေါက် မနေပါဘူးလို့ ထင်ကောင်းထင်ကြပါလိမ့်မယ်။ ဒီလို လုပ်တာဟာ ရုရှကို ဘေးဒုက္ခကနေ ကင်းဝေးအောင် လုပ်ပေးနေတာ ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ နွေရာသီမှာ ကျွန်တော်တို့က ချေချင်းညာကို ထိုးစစ်ဆင်နွှဲခဲ့ပါတယ်။ အဲဒီလို ထိုးစစ်ဟာ လွတ်လပ်တဲ့ ချေချင်းညာကို တိုက်ခိုက်နေတာ မဟုတ်ပါဘူး။ ချေချင်းညာပိုင်နက်မှာ ရှိနေတဲ့ ကျူးကျော်ရေးသမားတွေ တိုးပွားမှုမရှိအောင် တားဆီးနေတာ ဖြစ်ပါတယ်။ ကျွန်တော်တို့က တိုက်ချင်နေတာ မဟုတ်ဘူး။ ကျွန်တော်တို့တစ်တွေက ကိုယ့်ကိုယ်ကိုယ် ခုခံကာကွယ်နေတာပါ။ ဒဂါစတန်မှာရှိတဲ့ သူပုန်တွေကို ကျွန်တော်တို့က တိုက်ထုတ်ခဲ့ပါတယ်။ သူတို့က ပြန်ဝင်လာကြပါတယ်။ ဒီတော့ ကျွန်တော်တို့က တတိယတစ်ကြိမ် ပြန်မောင်းထုတ်ခဲ့ရပါတယ်။ သူတို့ကလည်း ကျွန်တော်တို့ကို ပြင်းပြင်းထန်ထန် ထိုးနှက်တိုက်ခိုက်ပြန်ပါတယ်။ သူပုန်တွေက မော်စကို၊ ဘျူနာစစ်နဲ့ ဗိုရိုဒွန်(ခ)မြို့တွေမှာရှိတဲ့ ကျွန်တော်တို့ရဲ့ နေအိမ်တွေကို ဗုံးတွေနဲ့ ဖောက်ခွဲခဲ့ကြပါတယ်။

- **ခင်ဗျားအနေနဲ့ ချေချင်းညာကို တိုက်ခိုက်ဖို့ အမိန့်ပေးတာက အိမ်တွေ ဗုံးခွဲမခံရခင်လား၊ ခံပြီးမှလား။**

  ဗုံးခွဲခံပြီးမှ။

- **ခင်ဗျားလဲ သိပြီးဖြစ်မှာပါ။ ချေချင်းညာကို စစ်ရေးအရ ဝင်ရောက်တိုက်ခိုက်တဲ့အတွက်ကြောင့် ချေချင်းညာ သူပုန်တွေက တိုက်တာတွေကို ဗုံးဖောက်ခွဲရပါတယ်ဆိုတဲ့ ဇာတ်လမ်းလဲ ရှိထားတာပဲ။ အဲဒီဗုံးဖောက်ခွဲမှုတွေကို ရုရှထောက်လှမ်းရေးသမားတွေ လုပ်တာတော့ မဖြစ်နိုင်ဘူးလား။**

ဘာပြောတယ်။ ကျွန်တော်တို့က ကိုယ့်တိုက်တာတွေ ကိုယ်ပြန်ဗုံးခွဲရမယ်။ ဒါ လုံးဝ အဓိပ္ပာယ် မရှိဘူး။ လုံးဝဥဿုံ ရူးသွပ်မှုပဲ။

ဘယ်ရုရှ ထောက်လှမ်းရေးသမားမှ ကိုယ့်ပြည်သူတွေကို ထိခိုက်နစ်နာစေမယ့် ရာဇဝတ်မှုကို မပြုလုပ်ကြဘူး။ စွပ်စွဲချက်က လုံးဝ အဓိပ္ပာယ်မရှိဘူး။ ဒါကရုရှကို ဆန့်ကျင်တဲ့ လူတွေရဲ့ ဝါဒဖြန့်ချိရေး စစ်ပွဲဆင်နွှဲတာပဲဗျာ။

လျူ(ဒ)မီလာ ပွတင်နာ။ ။

[နှစ်သစ်အကြိုညမတိုင်မီ သုံးပတ်အလိုမှာ ပွတင်က ခုလို ပြော ပါတယ်။

'မိန်းမရေ ငါတော့ ချေချင်းညှာသွားရလိမ့်မယ်။ မင်းကော လိုက်မလား'

လို့ ပြောပါတယ်။

ပထမတော့ ကျွန်မလဲ အရမ်းအံ့အားသင့်သွားပါတယ်။ ကလေးတွေကို ဘယ်လိုလုပ်ပြီး ပစ်ထားခဲ့ရပါ့မလဲ။ ချေချင်းညှာ သွားလို့ ကျွန်မတို့ နှစ်ယောက် တစ်ခုခုဖြစ်ခဲ့ရင် ကလေးတွေ ဘယ်လိုနေကြမှာလဲ။ ကျွန်မ လိုက်မသွားဘူးလို့ ဆုံးဖြတ်ချက် ချထားခဲ့ပါတယ်။ ကျွန်မလည်း စိန့်ပီတာစဘတ်မှာ ရက်အနည်းငယ်ခန့် နေခဲ့ပါတယ်။ အေးအေးဆေးဆေး သွားစဉ်းစားတာပါ။ ပြီးမှ မော်စကိုကို ပြန်လာခဲ့ပါတယ်။ ပွတင် ကျွန်မလည်း ရှင်နဲ့အတူ ချေချင်းညှာ လိုက်မယ်လို့ ပြောလိုက်ပါတယ်။ ဘာလို့ အဲဒီလို ဆုံးဖြတ်လိုက်ရသလဲ၊ ကျွန်မ မသိပါဘူး။ သူနဲ့ ခွဲပြီး ကျွန်မ မနေနိုင်ဘူးဆိုတာ သိလိုက်ပါတယ်။ ဘယ်သူမှ တစ်ခုခု မဖြစ်ဘူးလို့ အာမမခံနိုင်ဘူးလေ။ ဘယ်သူမှ ကြိုတင်ပြီး ဟောကိန်းမထုတ်နိုင်ဘူး။

အက်(ဖ)အက်(စ)ဘီရဲ့ ညွှန်ကြားရေးမှူးရဲ့ဇနီးဖြစ်သူ ပါထရူရှက်(ဖ)လည်း ကျွန်မတို့နဲ့အတူ ပါလာပါတယ်။ ကျန်တဲ့ လူတွေအားလုံးက ယောကျ်ားတွေချည်းပါပဲ။ ကျွန်မတို့တစ်တွေ လေယာဉ်ပျံနဲ့ ဒဂါစတန်ရဲ့ မြို့တော်ဖြစ်တဲ့ မက်ချလန်ကာကို ထွက်ခွာလာခဲ့ပါတယ်။ ပြီးမှ ရဟတ်ယာဉ်သုံးစီးနဲ့ ဂူဒါမီး(စ)ကို ပျံသန်းလာခဲ့ပါတယ်။ ချေချင်းညှာရဲ့ ဒုတိယမြို့တော်ပဲ ဖြစ်ပါတယ်။ ဒါပေမယ့် ရဟတ်ယာဉ်မှူးက ဂူဒါမီး(စ)မှာ ရဟတ်ယာဉ် မဆင်းသက်ဖို့ အဲဒီကိုဆင်းသက် မယ်ဆိုရင်လဲ အရမ်း စွန့်စားရာကျမှာလို့ ပြောပါတယ်။ သဘောကတော့ မြင်ကွင်းက ဘာမှ မသဲမကွဲ ဖြစ်နေလို့ပါပဲ။ ကျွန်မအထင်တော့ ရဟတ်ယာဉ်မှူးက ရှေ့ မီတာ ၁၅၀ လောက်မြင်မှ ဖြစ်မယ်။ ဒါပေမယ့် သူက မီတာ ၁၀၀ လောက်ပဲ မြင်မှာ ဖြစ်ပါတယ်။ နှစ်သစ်ကူးဖို့ မိနစ် ၂၀ လောက်ပဲ လိုတော့တယ်။ ကျွန်မတို့ တစ်တွေ ရဟတ်ယာဉ်ကို အောင်ဘက်မဆင်းတော့ပဲ ပျံတက်လာခဲ့ပါတယ်။ သန်း ခေါင်ယံလဲကျကော ရဟတ်ယာဉ်ပေါ်မှာပဲ ကျွန်မတို့တစ်တွေ ရှန့်ပိန်အရက် ပုလင်းကို ဖောက်လိုက်ကြပါတယ်။ ကျွန်မတို့မှာ ဖန်ခွက်တွေ မပါကြဘူးလေ။ ဒီတော့ တစ်ယောက်တလှည့် ပုလင်း လိုက်ပဲ မော့ကြရတာပေါ့ရှင်။ ကျွန်မ တို့ အုပ်စုအတွက် အရက် (၂) ပုလင်း ပါလာတယ်လေ။

ကျွန်မတို့ လူဒါမီး(စ) ကို ရဟတ်ယာဉ် ပြန်ကွေ့လာတဲ့အခါမှာ မြို့မှာရှိတဲ့ လူတွေက ရဟတ်ယာဉ် မဆင်းနိုင်ဘူးဆိုတာ သဘော



ပေါက်ကြပါတယ်။ ဒါပေမယ့် အဲဒါကို ပွတင် သိထားမှ ဖြစ်မယ်လေ။ ကျွန်မတို့တစ်တွေ စစ်စခန်း အမြန်ဆုံး ရောက်မှဖြစ်မယ်ဆိုတာ ကျွန်မ ယုံမှားသံသယ မရှိပါဘူး။ ဘယ်တော့ ရောက်မှာလဲ၊ ဘယ်လို ရောက်မှာလဲ ဆိုတာက အရေးမကြီးပါဘူး။ အရေးကြီးတာက ရောက်သွားဖို့ပါပဲ။ ကျွန်မတို့အုပ်စု၊ မခါချလန်ကာကို ပြန်လာခဲ့ကြပါတယ်။ ရောက်ရောက်ချင်းလဲ ပွတင်က ကျွန်မကိုပြောလာပါတယ်။

'မင်း နောက်မှာပဲနေနော်။ ကိုယ်တို့ကားနဲ့ ခရီးဆက်ကြမယ်'

ဒီနည်းလမ်းက လွဲပြီး တခြားနည်းလမ်း မရှိတော့ပါဘူး။ တကယ်တော့ ဘယ်တော့ ရောက်မယ်ဆိုတာ မသိရတဲ့ ခရီးဝေးကြီးကို ကားနဲ့ သွားရမှာထက် လေယာဉ်ပျံနဲ့ သွားရတာ ပိုမကောင်းဘူးလား။ ကျွန်မတို့ မော်တော်ကားတွေကို စုဝေးလိုက်ကြပါတယ်။ ကားတွေစုပြီးတော့ မနက် ၂း၃၀ ရှိနေပြီလေ။ နောက် နှစ်နာရီခွဲလောက် ကြာတဲ့အခါမှာ ကျွန်မတို့ တပ်စခန်းချတဲ့ နေရာ ရောက်ပါတယ်။ ကျွန်မတစ်နေကုန် အိပ်နေခဲ့ပါတယ်။

သွားလိုရာနေရာရောက်တဲ့အချိန်မှာတော့ ရဲဘော်တွေရဲ့ အံ့အားသင့်တဲ့ မျက်လုံးတွေကို ကျွန်မတို့တစ်တွေ တွေ့မြင်ကြရပါတယ်။ သူတို့တစ်တွေကြည့်ရတာ ပင်ပန်းနွမ်းနယ်နေကြပါတယ်။ သူတို့ဟာ အနည်းငယ်တော့ နေသားမကျတဲ့ ပုံစံပေါက်နေပါတယ်။ သူတို့ဆီကို တကယ်ပဲ ပွတင်ရောက်လာပြီး နှုတ်ဆက်စကား ပြောနေတာလား။ သူတို့တစ်တွေ အိပ်မက်မက်နေတာပဲလား။

အဲဒီရှေ့တန်းစခန်းမှာ ကျွန်မတို့တစ်တွေဟာ တစ်နာရီလောက် နေခဲ့ကြပါတယ်။ ပြီးမှ မော်တော်ကားနဲ့ ပြန်လာခဲ့ကြပါတယ်။ ကျွန်မတို့ ကားမောင်းလာတဲ့ လမ်းက ဗုံးဆန်တွေ ထိမှန်ထားတဲ့ လမ်းပါ။ ဒါပါပဲ ရှင်။ ပြီးတာနဲ့ မော်စကိုကို လေယာဉ်ပျံနဲ့ ပြန်လာခဲ့ကြပါတယ်။ ဇန်နဝါရီလ ၁ ရက်နေ့ကျတော့ ဘောရစ်ယဲ့ဆင်က သူ့နေအိမ်မှာ ခေါ်တွေ့ပါတယ်။ ကျွန်မ ဘဝမှာ ယဲ့ဆင်နဲ့ တွေ့ဆုံရတာ ဒုတိယအကြိမ်မြောက်ပါပဲ။]

မာရှာ။ ။

သမီးတို့က ဖေဖေနဲ့ မေမေကို ခုလိုမေးပါတယ်။

'သမီးတို့ နှစ်သစ်ကူးပွဲတော် ဘယ်မှာ ကျင်းပမလဲ'

အားလပ်ရက်မရောက်ခင် တစ်ပတ်လောက်အလိုမှာ မေမေက ခုလို ပြောပါတယ်။ သူနဲ့ ဖေဖေက နှစ်သစ်ကူးနေ့မှာ အိမ်မှာ မရှိဘူး။ ခရီးတစ်ခုသွားကြမယ်လို့ ပြောပါတယ်။ ဘယ်ဒေသကို သွားမယ်ဆိုတာတော့ မပြောပါဘူး။ သမီးတို့ ညီအစ်မက ဘယ်သွားမယ်ဆိုတာ မသိပါဘူး။ ဖေဖေနဲ့မေမေ မရှိကြလို့လဲ သမီးတို့ ဝမ်းမနည်းကြပါဘူး။

ဦးဦးနှင့် ဒေါ်ဒေါ်က သမီးတို့နဲ့အတူ လာနေပေးကြပါတယ်။ သမီးတို့ သူငယ်ချင်းတွေကိုလဲ အလည်ခေါ်ပါတယ်။ သမီးတို့ လက်ဆောင် တွေလည်း ရကြပါတယ်။ ကွန်ပျူတာ ယူမလားလို့ မေးကြပါတယ်။ ယူမယ်လို့ ပြောလိုက်တဲ့အတွက် သမီးတို့ညီအစ်မနှစ်ယောက် ကွန်ပျူတာ တစ်ယောက်တစ်လုံးစီ ရကြပါတယ်။ နောက်နေ့ညမှာပဲ ဖေဖေနဲ့မေမေ ပြန်ရောက်လာပါတယ်။ ပြီးတာနဲ့ ပြန်ထွက်သွားကြပါတယ်။ သမီးတို့ ရုပ်သံကြည့်တော့မှ ဖေဖေနဲ့မေမေ ချေချင်းညာ သွားတယ်ဆိုတာ သိရပါတယ်။

* * *



**အပိုင်း (၈)**

အိမ်ထောင်ရှင်
လျူ(ဒ)မီလာ ပူတင်နာနှင့် တွေ့ဆုံခြင်း

**ပူတင်၊ လျူ(ဒ)မီလာနှင့် သမီးနှစ်ယောက် မာရှာနှင့် ကာတျာ တို့က တွေ့ဆုံမေးမြန်းသူများကို ပူတင်၏ အိမ်ဂေဟာထဲသို့ ခေါ်ဆောင်သွားကြသည်။ ပူတင် အာဏာရရှိသည့် အချိန်တွင် အခြေအနေများသည် ပြောင်းလဲသွားတော့၏။ မိသားစုတွေ ကတော့ ဖြစ်ပေါ်လာသည့် ကြီးကျယ်မှုကို ရှင်းရှင်းလင်းလင်း နားလည်သဘောပေါက်ထားပြီး ဖြစ်ကြသည်။ မိသားစုက ဈေး ဝယ်ထွက်ရန် ဝါသနာကြီးပုံများ၊ ရုပ်သံနှစ်သက်မှုများ၊ စိတ်တို သော ဖခင်၏ အကျင့်စရိုက်၊ သမ္မတကြီး၏ မိသားစု ဖြစ်လာ သဖြင့် ဆားပဃောဂ ဖိစီးမှုများကို ပွင့်ပွင့်လင်းလင်း ရှင်းပြ ကြသည်။**

■ **ခင်ဗျားနဲ့ပူတင်တို့ပေါင်းသင်းလာကြတာ အနှစ် (၂၀) ကျော်ပြီနော်။ သူ့အကြောင်းအားလုံးစုံ ဘာတွေသိထားမှာပေါ့။**

အကုန်မသိပါဘူး။ လူတစ်ယောက်အကြောင်း အကုန်စင်သိဖို့ ဆိုတာ မဖြစ်နိုင်ပါဘူး။ လူတိုင်းမှာ လျှို့ဝှက်ချက် ကိုယ်စီ ရှိကြတယ်လေ။

■ **ပူတင်က စကားများတဲ့ လူလား။**

သူ့ကို နှုတ်နဲတယ်လို့တော့ မပြောချင်ပါဘူး။ သူ စိတ်ဝင်စားတဲ့အကြောင်း အရာဆိုရင် သူနဲ့ လေပေးဖြောင့်တဲ့လူဆိုရင် စိတ်ဓာတ်တက်ကြွစွာနဲ့ ပြောလေ့ ရှိပါတယ်။ ဒါပေမယ့် သူနဲ့အတူ အလုပ်လုပ်ဖော်ကိုင်ဖက် ပုဂ္ဂိုလ်တွေနဲ့တော့ တွေ့ဆုံဆွေးနွေးတာမျိုး မရှိပါဘူး။ ကျွန်မကတော့ သူနဲ့ ပြောင်းပြန်ရှင့်။ ကျွန်မနဲ့ သိတဲ့လူ၊ ဒါမှမဟုတ် ရုပ်မြင်သံကြားမှာ တစ်ခုခုကို တွေ့လိုက်ရင် ကျွန်မရင်ထဲမှာ ရှိတာကို ဖုံးမထားဘဲ ဖြောင့်ဖွင့်ပြောလေ့ ရှိပါတယ်။ ပူတင်ကတော့ အဲဒီလိုစရိုက်မျိုး မရှိပါဘူး။

■ **ဟုတ်ပါပြီ။ ကိုယ့်အကြောင်း တခြားသူကို ဖွင့်ပြောတတ်တဲ့ သဘာဝရှိတယ်ပေါ့။ ဒါနဲ့ ချူဘိုင်းအကြောင်း လုပ်ပါဦး။ ခင်ဗျား အဲဒီလူကို သိပါသလား။**

အနည်းအကျဉ်းလည်း သိပါတယ်။

■ **ပူတင်က မိန်းမ မစွဲတဲ့လူလား။**

ကျွန်မအမြင်ကတော့ ပူတင်က မိန်းမတွေကို အလေးအနက် သိပ်မရှိပါဘူး။ မိန်းမတွေကို အနည်းငယ် အထင်သေးတဲ့ သဘောနဲ့ ဆက်ဆံတတ်ပါတယ်။

ကျွန်မက မ ဝါဒီမဟုတ်ပါဘူး။ ဒါပေမယ့် ဒီကမ္ဘာလောကမှာ မိန်းမသားတွေဟာ သူတို့နဲ့ ထိုက်တန်တဲ့ နေရာတစ်ခုကိုတော့ ရစေချင်ပါတယ်။

■ **ခင်ဗျားက ယောကျ်ားအပေါ် သြစာညောင်းပါသလား၊ ရှုရှမိန်းမတွေဟာ အနှိပ်စက်ခံရတယ်ဆိုတဲ့စကား ပူတင်သုံးလေ့ရှိတယ်နော။**

ကျွန်မ သူကို မလွှမ်းမိုးပါဘူး။ သဘောထားနှစ်ခုကတော့ မတော်တဆ တိုက်ဆိုင်တာပါရှင်။

■ **သူက တခြားမိန်းမတွေကိုကော စိတ်မဝင်စားဘူးလား။**

ကျွန်မအထင်တော့ မိန်းမချောချောဆိုရင် သူက စိတ်ဝင်စားတတ်ပါတယ်။

■ **ခင်ဗျားအနေနဲ့ကော ဒီလို ဖြစ်ရင် တည်တည်ငြိမ်ငြိမ် ရှိနိုင်ပါ့မလား။**

ဘာကယ်လို့ သူက မိန်းမတွေရဲ့ စိတ်ဝင်စားမှုခံရတဲ့ လူမဟုတ်ရင် ဘယ်လို လူစားမျိုး ဖြစ်မှာလဲလေ။

■ **ယောကျ်ားတော်တော်များများဟာ တစ်နေကုန်တဲ့အခါမှာ မကျေနပ်ချက်တွေကို အိမ်မှာ ဖောက်ခွဲတတ်ကြတယ်လေ။**

ပူတင်ကတော့ သူ့ မကျေနပ်ချက် ပြဿနာတွေကို ကျွန်မအပေါ် ပုံမချ တတ်ပါဘူး။ ဘယ်တော့မှ မပြုလုပ်ပါဘူး။ သူ့ပြဿနာကို သူ့ဘာသာပဲ ဖြေရှင်း တတ်ပါတယ်။ သူ မဖြေရှင်းရသေးတဲ့ ပြဿနာကို သူက ဘယ်သူနဲ့မှ တိုင်ပင် ဆွေးနွေးတာမျိုး မပြုလုပ်ပါဘူး။ ပြီးမှသာ သူက တစ်ခုခုပြောတတ်ပါတယ်။ ဒါပေမယ့် သူ့မှာ ဘာအခက်အခဲတွေ ကြုံတွေ့နေတယ်၊ ဘယ်ပြဿနာတွေ ရှိနေတယ်ဆိုတာ ကျွန်မ သဘောပေါက်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သူက ဖုံးကွယ်ထားတတ်တဲ့ လူစားမျိုး မဟုတ်ပါဘူး။ ယေဘုယျအားဖြင့် ပြောရရင် သူက မေးပါတယ်။ တစ်ခါတလေတော့လဲ သူ့ကို ဘာမှ အနှောက်အယှက် မပေးတာ အကောင်းဆုံးပါပဲ။

■ **ရန်ဖြစ်တာတွေများ ရှိပါသလား။**

ဘာကိစ္စကို ပြောချင်တာပါလိမ့်။ ပြောချင်တာက ပန်းကန်တွေ ခွဲပစ်တာ လား။ ပူတင်က အသံကျယ်ကျယ်တောင် မပြောတတ်ပါဘူး။ ဒါပေမယ့် မကျေနပ် တာတော့ ပြတ်ပြတ်သားသား ပြောတတ်ပါတယ်။



■ **အရက်သေစာကော မူးယစ်တတ်ပါသလား။**

ဒီလိုအဖြစ်မျိုး မရှိပါဘူး။ သူက အရက် မကြိုက်တာ အမှန်ပါပဲ။ ဂျာမနီ မှာတုန်းကတော့ သူက ဘီယာသောက်ပါတယ်။ သူက ဗေါ့ဒကာနဲ့ ကော့ညက် တော့ ကြိုက်တတ်ပါတယ်။

■ **ခင်ဗျားတို့က သိပ်ချမ်းသာကြတာ မဟုတ်ဘူးနော်။ လစာထုတ်ရက်မတိုင် ခင် ပိုက်ဆံဘယ်လောက်များရှိသလဲလို့ ရေတွက်ခဲ့ဖူးပါသလား။**

မရှိပါဘူး။ ပိုက်ဆံရေတွက်ဖို့ မလိုအောင်လဲ ပိုက်ဆံတွေ အများကြီး မရှိ ပါဘူး။

■ **မိသားစု စီးပွားရေး ခင်ဗျားပဲ ဦးစီးနေတာပေါ့။**

ဟုတ်ပါတယ်။

ဗလာဒီမာ ပူတင်။ ။

[ဟုတ်တယ်။ စီးပွားရေးကို ကြီးကိုင်လုပ်ဆောင်နေတာက လျူ(ဒ) မီလာပဲဗျ။ ကျွန်တော်ကတော့ စားဝတ်နေရေးကိစ္စတွေ ဘာမှ မသိဘူး။ ကျွန်တော်က ပိုက်ဆံတွေ ဘာတွေ စုဆောင်းတာလဲ ဝါသနာမပါဘူး။ ပိုက်ဆံ ဘာတွက် စုရမှာလဲ။ ကျွန်တော် ယုံကြည်ထားတာ တစ်ခု ကတော့ သက်တောင့်သက်သာနဲ့ အိပ်စရာနေရာလေး တစ်ခုရှိရမယ်။ ပုံမှန်စားသောက်နိုင်ရမယ်။ သပ်သပ်ယပ်ယပ် ဝတ်စားဆင်ယင်ရမယ်။ ကလေးတွေကိုလည်း အဆင့်မြင့်မြင့် ပညာသင်ကြားပေးနိုင်ရမယ်။ အားလပ်ရက်မှာ အပန်းဖြေခရီးထွက်နိုင်ရမယ်။ လူ့ဘဝမှာ ဒါတွေ ပြည့်စုံရင် လုံလောက်ပြီလေ။ အဲဒီလို သုံးနိုင်ဖို့ ပိုက်ဆံရှိရင် လုံလောက်ပြီ။ တခြား ဘာလိုသေးသလဲ။

တကယ်လို့ ကျွန်တော့်မှာ ငွေတစ်ပုံတစ်ခေါင်းရှိမယ်ဆိုရင် ကျွန်တော် ခရီးထွက်မှာပဲဗျ။ ဟုတ်တယ် ခရီးဝေးသွားမှာ။ အရက် ပေါ်တဲ့ နိုင်ငံတွေကို ကျွန်တော် မရောက်ဖူးဘူး။ ကျွန်တော် အမေရိကန် ကို နှစ်ကြိမ်ပဲ ရောက်ဖူးပါတယ်။ ရောက်တဲ့နေရာက နယူးရော့(ခ) မြို့တော် ဖြစ်ပါတယ်။ ချွေးသံတလုံးလုံးနဲ့ပေါ့ဗျာ။ နောက်တစ်နေရာက တော့ လော့(စ)အိန်ဂျယ်လိ(စ)မြို့ပါ။ လုပ်ငန်းကိစ္စနဲ့ ခရီးထွက်တဲ့ အချိန်မှာတော့ လေဆိပ်– မော်တော်ကားနဲ့ အစည်းအဝေးခန်းမတွေနဲ့တင် ပြီးသွားခဲ့တာပါပဲ။ တခြား ဘယ်မှ မရောက်ဘူးလေ။

အာဖရိကတိုက်မှာရှိတဲ့ ဆာဟာရကိုလဲ သွားချင်ပါသေးတယ်။ ကျွန်တော့်ကလေးတွေကိုလည်း အဲဒီအရပ်ဒေသကို ပြချင်ပါတယ်။

အိန္ဒိယနိုင်ငံလည်း သွားချင်တယ်။ အာရပ်နိုင်ငံတွေလည်း မရောက်ဖူးသေးဘူး။ အီဂျစ်နဲ့ ဆောဒီအာရေဗျနိုင်ငံတွေလည်း ရောက်ချင်သေးတယ်။ ကျွန်တော် မရောက်ဘူးသေးတဲ့ နိုင်ငံတွေထဲမှာ လက်တင်အမေရိက နိုင်ငံတွေလည်း ပါတယ်ဗျ။ အဲဒီနိုင်ငံတွေက စိတ်ဝင်စားစရာကောင်းမှာ အမှန်ပါပဲ။ လူတွေ အပြောကတော့ လက်တင်အမေရိကက နိုင်ငံတွေက ၁၉၅၀ ခုနှစ်မတိုင်ခင် ဆိုဗီယက်ပြည်ထောင်စုရဲ့ တူတယ်တဲ့။]

■ **ခင်ဗျား အိမ်မှာ ထမင်းချက်ပါသလား။**

မနက်စောစော၊ နေ့လယ်စာ၊ ညစာတွေကို ချက်လေ့ရှိပါတယ်။ ခုတော့ ကျွန်မတို့အိမ်မှာ ထမင်းချက် တစ်ယောက်ရှိနေပါပြီ။

■ **နိုင်ငံတော်ရဲ့ အကြီးအကဲ ရာထူးရတာနဲ့ တစ်ပြိုင်နက် အဲဒီပုဂ္ဂိုလ်က အဆီဖုံးပြီးဝသွားတော့တယ်ဆိုတာ သတိပြုမိရဲ့လား။**

ပူတင်က မနက်ဘက် မိနစ် ၂၀- ၃၀ လောက် အားကစား လေ့ကျင့်ခန်းလုပ်တယ်။ ရေလည်း ကူးတယ်။

ဗလာဒီမာ ပူတင်။ ။

ကျွန်တော် နေ့လည်စာ စားခဲ့ပါတယ်။ အချိန် မအားလို့ပါပဲ။ မနက်ဘက်မှာတော့ အချိုရည်သောက်တယ်။ တစ်ခါတလေကျတော့ ဘာမှ မစားဖြစ်ပါဘူး။ ညနေခင်းမှာတော့ အစားစားပါတယ်။ ကျွန်တော် သိပ်မဝပါဘူး။ ကျွန်တော့်ဗိုက်သည်ဆိုရင်လဲ ၁၆ ကီလိုလောက် အလေးချိန်လျော့သွားပါတယ်။ အဲဒီလောက်ဝိနံမယ်လို့တောင် ကျွန်တော် မထင်ပါဘူး။ ကျွန်တော့် သမီးနှစ်ယောက်လဲ ပိန်ပိန်သွယ်သွယ်ပါပဲ။

ဝန်ကြီးချုပ်ရဲ့ နေအိမ်မှာ ကျွန်တော်တို့နေကြပါတယ်။ အိမ်ဝင်းထဲမှာ ၁၂ မီတာလောက်ကျယ်တဲ့ ရေကူးကန်လေးတစ်ကန် ရှိပါတယ်။ ကျွန်တော် နေ့စဉ် ရေကူးပါတယ်။ အတွေ့အကြုံအရ အားကစားလေ့ကျင့်ခန်း တစ်ခုတော့ လုပ်နေရမယ်လို့ ခံယူထားပါတယ်။ အားကစားလေ့ကျင့်တာ ရပ်လိုက်တာနဲ့ ခုဝတ်တဲ့ အဝတ်အစားတွေနဲ့ တော်မှာ မဟုတ်တော့ပါဘူး။ ဒီတော့ အားကစားလေ့ကျင့်ခန်းကို တစ်နေ့ နာရီဝက်-တစ်နာရီလောက်တော့ လေ့ကျင့်ပါတယ်။

ကျွန်တော့်မှ ပြောစရာတစ်ခုရှိပါတယ်။ လူတိုင်းကိုလည်း ပြောပြဖူးပါတယ်။ လက်နက်မဲ့ ခုခံနည်း အားကစားပညာရပ်တွေ လေ့ကျင့်ဖို့ ပြောခဲ့ပါတယ်။ အဲဒီတော့ အပြောခံရတဲ့ လူတွေက ကျွန်တော့်ဆီကို



ယခုလို လှမ်းမေးပါတယ်။

'ကျွန်တော်တို့မှာ ပြိုင်ပွဲရှိပါတယ်။ ဘယ်တော့ ရက်သတ်မှတ်မှာပါလဲ'

'ဘာပြောတယ်'

သူတို့က ပြန်ပြောပါတယ်။

'ကျွန်တော်တို့မှာ ပြိုင်ပွဲတစ်ခုရှိပါတယ်။ ဘယ်ရက်သတ်မှတ်ရင် ကောင်းမလဲ ခင်ဗျ'

'ကြိုက်တဲ့နေ့ လုပ်ဗျာ'

လို့ ကျွန်တော်က ဖြေလိုက်ပါတယ်။

'ဘယ်နေ့ဆိုရင် ခင်ဗျားအတွက် သင့်တော်မလဲ၊ ခင်ဗျားလာမယ် မဟုတ်လား'

လို့ တစ်ယောက်က မေးလိုက်ပြန်ပါတယ်။

ကျွန်တော် ဒေါသ မထိန်းသိမ်းနိုင်တော့ပါဘူး။ အော်ငေါက်ပြီး ပြောလိုက်ပါတယ်။

'ကျုပ်လာနိုင်ရင် လာခဲ့မယ်၊ မလာနိုင်ရင် မလာဘူး။ လာအရှုးလုပ်မနေနဲ့'။]

■ **ခင်ဗျားတို့ ဆိုချီမြို့နားမှာရှိတဲ့ စရာ့(စ)ညာဟာ ပိုလီယာနာမှာ ရေခဲလျှောစီးကြတယ်ဆို။ ရေခဲပြင်လျှောစီးတဲ့ ဝါသနာက ဂျာမနီက ရလာတာလား။**

ကလေးတွေက ရေခဲလျှောစီးတာ ကျွန်မတို့ထက်တောင် တော်သေးတယ်။ သူတို့က သူငယ်ချင်းတွေ ရောက်နေတဲ့အတွက် ကျွန်မတို့နဲ့ ရေခဲပြင်လျှောစီးတာ မလိုက်ခဲ့ပါဘူး။

ဗလာဒီမာပူတင်။ ။

ကျွန်တော် ရေခဲပြင် လျှောစီးလာတာ ကြာပါပြီ။ ကျွန်တော် ချီကက်ကို သွားပြီး ရေခဲပြင်လျှောစီးသလို ယူကရိန်းမှာရှိတဲ့ ဆလပ်ကိုလည်း သွားခဲ့ဖူးပါတယ်။ ကျွန်တော် နိုင်ငံခြားကို အတန်အသင့် ရောက်ဖူးပါတယ်။ လျူ(ဒ)မီလာကလည်း ရေခဲပြင်လျှောစီးတတ်ပါတယ်။ ပြီးခဲ့တဲ့ တစ်ကြိမ် ရေခဲပြင်လျှောစီးသွားတော့ လျူ(ဒ) မီလာက အတော်အသင့် တိုးတက်လာနေပါပြီ။ ဗေဗေါ်ဝါရီလမှာ ဆိုချီကိုသွားပြီး ရေခဲပြင်လျှောစီးတော့ လျူ(ဒ)မီလာ ရေခဲလျှောစီးတာ ကြည့်ပြီး လူတွေ အံ့ဩနေကြတယ်။ သူတို့ရဲ့ တုန့်ပြန်မှုက အရမ်းကိုကောင်းတယ်။ ကြင်နာတဲ့ စိတ်ဓာတ်နဲ့ ဖြစ်တယ်။

ကျွန်တော်တို့ ရေခဲလျှောစီးဖို့ တန်းစီသွားကြတယ်။ ခွတ်တချက် ဆိုသလို အော်ဟစ်သံတွေ ကြားရတယ်။

'အဲဒီလို မလုပ်နဲ့'

ဒါပေမယ့် လူတွေက ကျွန်တော်တို့ကို ရှေ့ကိုသွားဖို့ ခွင့်ပြုကြပါတယ်။ တချို့တွေက ဓာတ်ပုံတွေ ရိုက်ယူကြတယ်။ လူတစ်စုက ကျွန်တော်တို့ နဘေးမှာ လာရပ်ကြပါတယ်။ ကျွန်တော်တို့ ဓာတ်ပုံ စုပေါင်းရိုက်ကြပါတယ်။ ပရိသတ်ကြီးက အမှတ်တရစာအုပ်တွေ ထိုးပေးကြပါတယ်။ ဒါပေမယ့် ကျွန်တော်က လက်မှတ်ရေးထိုးဖို့ ငြင်းပယ်လိုက်ပါတယ်။ ဘာကြောင့်လဲဆိုတော့ လူအုပ်ကြီးက များလွန်းလို့ဖြစ်ပါတယ်။ ကျွန်တော်က ရေခဲပြင်လျှောစီးဖို့ လာတာပါ။ လက်မှတ်ရေးထိုးဖို့ လာတာ မဟုတ်ဘူးလေ။ တစ်ယောက်က ခုလို လှမ်းပြောပါတယ်။

'ကျွန်တော်တို့ကြားမှာ ခင်ဗျားက ရေခဲပြင် လျှောစီးမလို့လား' တဲ့။

ကျွန်တော်က ရယ်မောလိုက်ပါတယ်။

'ဒါဖြင့် ဘယ်မှာသွားစီးရမှာလဲ။ အာဖရိကလူမျိုးတွေနဲ့လား။ သူတို့ ရေခဲပြင် လျှောမစီးတတ်သလို သူတို့မှာ ရေခဲပြင်လဲ မရှိဘူးဗျ'

လို့ ကျွန်တော်က ပြောလိုက်ပါတယ်။]

■ **ခင်ဗျားယောက်ျား ညနေဘက် အိမ်ပြန်အလာကို စောင့်နေရပါသလား။**

စောင့်ပါတယ်။ မနက်ဆိုရင် ပူတင်နဲ့အတူ ကျွန်မ အိပ်ရာက ထပါတယ်။ သူ ဝန်ကြီးချုပ် မဖြစ်ခင်တုန်းက မနက်အိပ်ရာ စောစောထရတာ လွယ်တယ်လေ။ ကျွန်မတို့ အိပ်ရာဝင်တာ ည သန်းခေါင်ယံကျော်ပေမယ့် အဆင်ပြေပါတယ်။ ကျွန်မတို့ နှစ်ယောက်စလုံး ဘာမှ မပင်ပန်းကြပါဘူး။ ခုတော့ တာဝန်ကြီးမားလွန်းလှတယ်။ ကျွန်မအဖို့ လူသားမဆန်ဘူးလို့ ထင်ပါတယ်။ ပူတင်နဲ့ မယ်ဒလင်အောဘရိုက်တို့ ရုပ်သံမှာ တွေ့ဆုံဆွေးနွေးတာ တွေ့ရတော့ ကျွန်မ အရမ်း အံ့အားသင့်သွားပါတယ်။ သူ မနေ့ညက ၄နာရီပဲ အိပ်ရပါသေးတယ်။ ပြီးတာနဲ့ အောဘရိုက်နဲ့ ၃ နာရီကြာ တွေ့ဆုံဆွေးနွေးနေရတယ်။ သူတို့နှစ်ယောက် တွေ့ကြတာက လူမှုရေးသဘော မဆောင်ဘူးလေ။

■ **ပူတင်က လုပ်ငန်းအားလုံးကို လွယ်လင့်တကူ လုပ်ဆောင်နိုင်တာကို ခင်ဗျား အံ့အားမသင့်ဘူးလား။**

မှန်ပါတယ်။ ကျွန်မ အံ့အားသင့်ပါတယ်။ ပူတင်က မှတ်ဉာဏ်သိပ်ကောင်းပါတယ်။ စိန့်ပီတာစဘတ်မြို့မှာ အလုပ်လုပ်နေပုံကို ကျွန်မ မှတ်မိနေပါသေးတယ်။ ပြင်သစ်ကောင်စစ်ဝန်ရုံး ညှိခံပွဲ တက်ရောက်ဖို့ ဖိတ်ကြား ခံရတဲ့နေ့ပါပဲ။ အဲဒီတုန်းက ပူတင်ဟာ သံတမန်လောက၊ နိုင်ငံရေးလောကထဲ ဝင်ရောက်ခြေချစပဲ



ရှိပါသေးတယ်။ ပူတင်က အိမ်ကို နောက်ကျမှ ပြန်ရောက်လာပါတယ်။ ကျွန်မ အပါအဝင် လူ (၇) ယောက်လောက်က သူ့ကို စောင့်မျှော်နေကြရပါတယ်။ ပူတင်ရောက်လာတော့ လူတွေက သူ့ကိုမေးခွန်းတွေ မေးကြပါတယ်။ ကျွန်မတို့ တစ်တွေကို လာရောက်ဖို့ ဖိတ်ထားတဲ့တိုင်အောင် သူက ၂ နာရီလောက် သတင်းစာရှင်းလင်းပွဲ တစ်ခု လုပ်သွားခဲ့ပါတယ်။

■ **သူဘာတွေ ပြောသွားခဲ့သလဲ။**

စုံလို့ပါပဲရှင်။ သူ တကယ်ကို လှုပ်ရှားနေတာ ကျွန်မအဖို့ ပထမဆုံးအကြိမ် မြင်တွေ့တာပါပဲ။ ကျွန်ပါ ပါးစပ်အဟောင်းသား ငေးကြည့်နေမိခဲ့ပါရဲ့။ နိုင်ငံရေးအကြောင်းလည်း ပြောတယ်။ စီးပွားရေး၊ သမိုင်းနဲ့ ဥပဒေပညာရပ်လည်း ပြောပြတယ်။ ကျွန်မ သူပြောတာ နားထောင်ရင်း စဉ်းစားနေမိပါတယ်။ 'သူ ဘယ်လိုလုပ်ပြီးများ သိထားတာပါလိမ့်'။ ရှင်တို့ သိထားတဲ့အတိုင်းပါပဲ။ ကျွန်မ သူတို့ကို ယုံကြည်ထားပြီးသား။ သူက တစ်ခါတစ်ရံမှာ သုံ့ညအဆင့်ကနေ ကြိုးစားလာခဲ့တယ်။ လိုချင်တာ ပြည့်မြောက်သွားတာပါပဲ။ မော်စကိုမှာတော့ အားလုံး အဆင်ပြေပါတယ်။ ရှင်တို့သိထားတဲ့အတိုင်းပဲ သူ ဒုမြို့တော်ဝန်ဘဝက နုတ်ထွက်ပြီးတဲ့နောက်ပိုင်းမှာ သူ အကြပ်အတည်းတွေ အရမ်းတွေ့ဆုံခဲ့ရပါတယ်။ အလုပ်ပြုတ်ပြီး အလုပ်ရှာတာ ဘာအလုပ်မှ မရပါဘူး။ သူ့အတွက် အကြပ်အတည်းတွေနဲ့ ကြုံတွေ့ရတဲ့ ကာလပါပဲ။ ပူတင်က တိတ်ဆိတ်ငြိမ်သက်နေပါတယ်။ သူဘာမှ မပြောဘူး။ ကျွန်မ နားလည်သဘောပေါက်ပါတယ်။ ကျွန်မ သူ့ကို ယုံကြည်ပါတယ်။ ဒါပေမယ့် နည်းနည်းတော့ လန့်နေမိပါရဲ့။

■ **ခင်ဗျားယောက်ျားရဲ့ ဘဝဟာလဲ သိသိသာသာကို ပြောင်းလဲသွားခဲ့တယ်နော်။ အဲဒီအတွက် ခင်ဗျားရဲ့ဘဝမှာလဲ အကျိုးသက်ရောက်မှုတွေ ရှိမှာပေါ့။ ခင်ဗျား အနေနဲ့ ကန့်သတ်ချက်တွေ ပိုများတာ ခံစားရမှာပေါ့။ ခင်ဗျားဆီကို မိတ်ဆွေ အပေါင်းအသင်းတွေ လာမလည်နိုင်ကြတော့ဘူးလေ။ ပြီးတော့ ခင်ဗျားရဲ့ သမီးလေးတွေက အရွယ်ရောက်လာပြီ ဖြစ်တဲ့အပြင် သူငယ်ချင်းတွေနဲ့လဲ အပေါင်းအသင်း သိပ်မလုပ်ရတော့ဘူးပေါ့။**

မှန်ပါတယ်။ ကျောင်းလွှတ်တာနဲ့ ကလေးတွေ အိမ်ပြန်ရတော့တာပေါ့။ လုံခြုံရေးက တင်းတင်းကြပ်ကြပ် လုပ်ထားတယ်လေ။ မာရှာက ကိုးတန်း။ ကာတျာက ရှစ်တန်း။ ဆရာမတွေက အိမ်လာသင်ပေးပါတယ်။ ကျွန်မရဲ့ သမီးလေးတွေက ပြဇာတ်တွေ၊ ရုပ်ရှင်တွေ သွားကြည့်ပါတယ်။ ခါတိုင်းလိုတော့ မလွတ်လပ်တော့ဘူးပေါ့ရှင်။ အပြောင်းအလဲတွေက ကလေးတွေရဲ့ ဘဝကို မထိခိုက်စေပါဘူး။

မာရှာ။ ။

[အရိုးသားဆုံးပြောရရင် သမီးကျောင်းတက်ချင်ပါတယ်။ သူငယ်ချင်းတွေက ဖေဖေ့အကြောင်း မျိုးစုံအောင် ပြောပါတယ်။ ယဉ်ကျေးတဲ့ လူတွေကတော့ ဘာမှ မမေးမြန်းကြပါဘူး။ ဒါပေမယ့် ယဉ်ကျေးသိမ်မွေ့မှု မရှိသူတွေကတော့ မေးကြမြန်းကြပါတယ်။ သူတို့က တကယ်ကို စပ်စုကြတဲ့ လူတွေလေ။ ဖေဖေ ဝန်ကြီးချုပ်လဲ ဖြစ်လာကော လူတွေက တလေးတစား ဆက်ဆံလာကြပါတယ်။ သိပ်ကို သိသာလှပါတယ်။ တစ်ချိန်တုန်းက ဂရုမစိုက်ဘဲ နေခဲ့တဲ့ လူတွေကလဲ ခုတော့ ကောင်းကောင်း မွန်မွန် ဆက်ဆံလာကြပါပြီ။ အဲဒါမျိုးတွေက ကျွန်မကို အနှောက်အယှက်ပေးနေပါတယ်။ တချို့ကဆိုရင် 'အဲဒါ ပူတင်သမီးပေါ့' လို့ ပြောကြပါတယ်။ ဒါပေမယ့် ခြုံကြည့်ရရင်တော့ သူငယ်ချင်းအများစုဟာ သမီးနဲ့ ရင်းရင်းနှီးနှီး ရှိနေကြဆဲ ဖြစ်ပါတယ်။]

ကာတျာ။ ။

[သမီးတို့ကတော့ နိုင်ငံရေး ဘာမှ မသိပါဘူး။ ဖေဖေ့ကို ရုပ်သံမှာ ကာတွန်းကားတွေ ကြည့်ဖို့ ပြောပါတယ်။ တစ်ခါတလေတော့ ဖေဖေလည်း သမီးတို့နဲ့အတူ လာကြည့်ပါတယ်။ သမီးတို့ နှစ်သက်တဲ့ ဇာတ်လမ်းတွဲက The Matrix ပါ။ ဒါပေမယ့် ဖေဖေကတော့ အဲဒီဇာတ်လမ်းကို မကြည့်ပါဘူး။ ဖေဖေမှာက အချိန်ပို မရှိဘူးလေ။ နောက်ကျရင် အဲဒီကားကို ဖေဖေကြည့်မှာ သေချာပါတယ်။ အဲဒီ The Matrix လို ရုပ်ရှင်ရုံမှာ သမီးတို့ ကြည့်ဖူးပြီးသားပါ။ ရုရှားစာတမ်းထိုး ရုပ်ရှင်ပေါ့။ ပြီးတော့မှ အင်္ဂလိပ်အသံထွက် တိပ်ခွေကို ထပ်လိုက်ပါတယ်။ ကျောင်းမှာ ဘာသာသုံးမျိုး သင်ကြားရပါတယ်။ ဂျာမန်၊ အင်္ဂလိပ်၊ ပြင်သစ်။]

မာရှာ။ ။

[ဆရာမတွေက အိမ်စာတွေ အရမ်းပေးကြတယ်။ သမီးတို့ကျောင်းမတက်ရပေမယ့် အိမ်စာတွေ အရမ်းများတာပဲ။]

ကာတျာ။ ။

[ရုပ်ရှင်ရုံမှာ ရုပ်ရှင်သွားကြည့်ရင် သမီးတို့ဘေးမှာ အစောင့်ကြပ်တွေ ရှိနေပါတယ်။ ရုပ်ရှင်ရုံထဲမှာ လူတစ်ယောက်က အမြဲစောင့်ကြည့်နေတယ်။ ကျွန်မ အထင်ကတော့ သူကလဲ သမီးတို့နဲ့အတူ တစ်ချိန်လုံးရှိနေတယ် ထင်တာပဲ။ များသောအားဖြင့်တော့ သမီးတို့ အစောင့်တွေကို သတိမထားမိပါဘူး။ သမီးတို့ သူငယ်ချင်းတွေနဲ့ ရှိနေ



ရင်တောင်မှ အစောင့်တွေက ဘေးကနေ အကဲခတ်နေကြပါတယ်။ ဒါပေမယ့် ဘာမှတော့ အနှောက်အယှက် မပေးပါဘူး။ အစောင့်ကို သမီးတို့နဲ့အတူ စားဖို့သောက်ဖို့ အကြိမ်ပေါင်းများစွာ ခေါ်ဖူးပါတယ်။ သူတို့က အဆက်အဆံ မလုပ်ကြပါဘူး။]

မာရှာ။ ။

[တစ်ခါတစ်ခါမှာတော့ လူတွေက ခုလို ပြောကြတာတွေ ရှိပါတယ်။

'မင်းတို့ အဖေ ဘာလုပ်ဖို့ ရည်ရွယ်ထားတာ သိလား' ဆိုတဲ့ မေးခွန်း ဖြစ်ပါတယ်။

သမီးတို့ကတော့ ဘာမှ မေးလေ့မေးထ မရှိပါဘူး။ ဘာလို့ မေးရမှာပါလဲ။ ဖေဖေကတော့ သမီးတို့ကို မေးခွန်းတွေ အများကြီး မေးလေ့မေးထ ရှိပါတယ်။ ဖေဖေ့ကို ကိုယ့်အကြောင်း မကြာခဏ ပြောပြကြရပါတယ်။ အဲဒါ ဖေဖေ့အတွက် အရမ်းကို စိတ်ဝင်စားစေပါတယ်။]

- **ကြည့်ရတာက ခင်ဗျားသမီးနှစ်ယောက် အပေကို တော်တော် သံယောဇဉ်ရှိတယ်နော်။**

ပူတင်က သမီးတွေကို သိပ်ချစ်ပါတယ်။ အဖေတွေက သမီးတွေကို အရမ်းအလိုလိုက်ကြတာ သဘာဝပါပဲ။ အဖေကပဲ ကလေးတွေ ဖျက်ဆီးတတ်ကြပါတယ်။ ကျွန်မကတော့ စည်းနဲ့ကမ်းနဲ့ နေရတာ သဘောကျပါတယ်။

- **ပူတင်က သားယောကျ်ားလေး မလိုချင်ဘူးလား။**

'ဘုရားပေးသမျှပေါ့ကွာ' ဆိုတာ ပူတင်ရဲ့ လက်သုံးစကားပါပဲ။ သားယောကျ်ားလေး လိုချင်တယ်လို့ သူတစ်ခါမှ မပြောဖူးပါဘူး။

- **မာရှာနဲ့ ကာတျာက အနာဂတ်အကြောင်း ပြောဆိုတာများ ရှိပါသလား။ ကြီးလာရင် သူတို့ ဘာများ ဖြစ်ချင်ကြပါသလဲ။**

မာရှာက စီမံခန့်ခွဲရေး (Management) ဆိုတဲ့ အင်္ဂလိပ်ဝေါဟာရကို အလေးအနက် ရေရွတ်လေ့ရှိပါတယ်။ ကာတျာကတော့ ကြီးပြင်းလာရင် ဖရိုဘော ဒီဇိုင်းပညာရှင်တစ်ယောက် ဖြစ်ချင်တယ်လို့ ပြောပါတယ်။

■ **ကလေးတွေက အဖေနဲ့ တွေ့ချိန် နည်းတယ်ထင်ပါရဲ့။**

ကလေးတွေနဲ့ သူ့အဖေ တွေ့ရတာဟာ အိမ်မှာ တွေ့ရတာထက် ရုပ်သံမှာပဲ တွေ့ရတာ များနေပါတယ်။ ပူတင်ကတော့ အိမ် ဘယ်အချိန် ပြန်ရောက်ရောက် သူ့သမီးတွေကို သွားတွေ့ပါတယ်။ သမီးနှစ်ယောက်ကို ည ၁၁း၀၀ နာရီ အိပ်ရာဝင်ရမယ်ဆိုတဲ့ ဥပဒေသ ချမှတ်ထားပါတယ်။

■ **ဂျာမန်ဘာသာနဲ့ ရေးထားတဲ့ စာအုပ်က ဘာပါလိမ့်။ ခင်ဗျားဂျာမန်ဘာသာ တတ်ပါသလား။**

သမီးရဲ့ ဆရာမပေးထားတဲ့ စာအုပ်ပါ။ သူက ဂျာမန်အမျိုးသမီးလေ။ သူပေးတဲ့ လက်ဆောင်စာအုပ်က အရမ်းကို စိတ်ဝင်စားစရာ ကောင်းပါတယ်။ ကျွန်မ မဖတ်ရသေးဘူး။

> ဗလာဒီမာပူတင်။ ။
>
> [စာအုပ်နာမည်က ဘယ်လိုခေါ်သလဲဆိုတာ သိချင်ပါသလား။ ကျွန်တော့် မိန်းမ ပြန်ဆိုတဲ့ ဘာသာပြန်က Talented Women in the Shadow of Their Great Husbands တဲ့။ အဓိပ္ပာယ်ကတော့ သိပ်မတိကျလှပါဘူး။ စာပေဆန်ဆန် ဘာသာပြန်ရမယ်ဆိုရင် ထင်ပေါ်ကျော်ကြား လင်သားများ အရိပ်နောက်ကွယ်မှ ထူးချွန်သော ဇနီးသည်များ ဖြစ်ပါတယ်။ မိန်းမသားတွေက ထူးချွန်ပြီး ယောကျ်ားတွေက နာမည်ကျော်တွေပေါ့ဗျာ]

■ **နိုင်ငံရေးသမား လင်ယောကျ်ားတွေရဲ့ အရိပ်နောက်ကွယ်မှာ နေနေရတဲ့ မိန်းမသားတွေရဲ့ ဘဝဟာ အရမ်းကို ရှုပ်ထွေးမယ် ထင်ပါတယ်။ မိန်းမသားတွေက ဂရုစိုက်တာ ခံချင်တယ်လေ။ အယုယခံချင်ကြတယ် မဟုတ်လား။**

ကျွန်မကတော့ ယုယမခံချင်ပါဘူး။ ကျွန်မက ရှေးဟောင်း ရုရှားရုပ်ပြင် တွေထဲမှာပါတဲ့ မိန်းမတွေနဲ့ ပိုတူနေပါတယ်။

'သူမဟာ မြင်းလို ကဆုန်ပေါက်ရပ်ပြီးနောက် မီးလောင်နေသော အိမ်ထဲသို့ ပြေးဝင်သွားလေသတည်း' ဆိုတာလိုပါပဲ။ အဲဒီကို မိန်းမမျိုးက ယုယတာ မခံချင်ကြဘူးလေ။

■ **ဒါပေမယ့် ထင်ပေါ်ကျော်ကြားတဲ့ နိုင်ငံရေးသမားရဲ့ ဇနီးသည်တွေကို လူတွေက စိတ်ဝင်စားကြတယ် မဟုတ်လား။ တနယ်ခင်းသမားတွေကိုကော စိတ်မပျက်ဘူးလား။**

စိတ်မပျက်ဘူးလား။ ဟုတ်တယ် အဲဒီစကား သိပ်ကောင်းတယ်။ သူတို့



တစ်တွေ အနီးအနား ဒုက္ခပေးလာရင် လူတွေက အရူးတစ်ယောက်လိုပဲ စိတ်ပျက်စရာကောင်းပါတယ်။ သတင်းထောက်တွေက ရှင်ရဲ့မိဘတွေ၊ မောင်ဖွားတွေကို စိတ်ကသိကအောင့် ဖြစ်အောင် လုပ်တာမျိုးပေါ့။ ပြောချင်တာက ဘာမှ ကြိုတင်အသိမပေးပဲ၊ အခွင့်အရေးယူပြီး လာရောက်တွေ့ဆုံတာမျိုးပေါ့။ ပြီးတော့ လူတစ်ယောက်ရဲ့ အတိတ်ဘဝကို တူးဖော်တာမျိုးလဲ ပါတာပေါ့ရှင်။ သတင်းထောက်တွေ လိမ်ညာ ပြောတာခံရတာလဲ စိတ်ပျက်စရာကောင်းလှပါတယ်။

■ **ဒတင်းစာတွေအပေါ်မှာ ခင်ဗျားယောကျ်ားက ဘယ်လို သဘောထားပါသလဲ။ သူ ရုပ်သံကော ကြည့်သလား။**

သတင်းတွေ ကြည့်တယ်။ တစ်ခါတစ်ရံ ရုပ်ရှင်ကြည့်တယ်။

■ **သူဘယ်လိုတုန့်ပြန်သလဲ။**

ရယ်စရာတွေ တွေ့ရင် ရယ်တယ်။ ဝမ်းနည်းစရာ တွေ့ရင် ဝမ်းနည်းတယ်။ ဒါမှမဟုတ် ပူပင်သောက ရောက်ပါတယ်။ ကျွန်မပြောချင်တာက သူဟာ ဝမ်းသာစရာ ဝမ်းနည်းစရာ တစ်ခုခု ကြုံတွေ့ရင် ခံစားမှုနဲ့အတူ တုန့်ပြန်တတ်တာပါပဲ။ တကယ်လို့ စနေ- တနင်္ဂနွေနေ့ အိမ်မှာရှိရင် ပူတင်က ဗဟုသုတ ဖြစ်စေတဲ့ အစီအစဉ်တွေ ကြည့်ပါတယ်။

> ဗလာဒီမာပူတင်။ ။
>
> [ကျွန်တော် ထွက်တဲ့ သတင်းစာတွေအားလုံး ဖတ်ပါတယ်။ ပြောချင်တာက တကယ့် သတင်းစာကြီးတွေ ပြောတာ။ အနှစ်ချုပ်ထားတဲ့ သတင်းစာတွေ ပြောတာ မဟုတ်ပါဘူး။ ဘယ်သတင်းစာကို အရင်ဖတ်မယ်ဆိုတဲ့ ပုံသေ စိတ်ကူး မရှိပါဘူး။ အပေါ်ဆုံးက သတင်းစာကို အရင်ကောက်ဖတ်ပါတယ်။ ကျွန်တော် ဖတ်လေ့ဖတ်ထ ရှိတဲ့ သတင်းစာတွေက အစ်ဇဗက်ရှာ၊ ကွန်ဆိုမိုစကာ၊ ပါရာဗားဒါ၊ ဆိုဗက် စကားယားရိုစီယာ၊ ကွန်မာဆန့် ဖြစ်ပါတယ်။ အချိန်အားရင်လဲ ရုပ်သံကြည့်ပါတယ်။ ကုလီ အမည်ပေးထားတဲ့ ရုပ်သေးပွဲ ကြည့်တယ်။ ဘရာကျော်ကြော်တဲ့ ရုပ်သေးလေ။ ဒါပေမယ့် ကြည့်ခဲ့ပါတယ်။]

■ **ခင်ဗျားမှာ အပေါင်းအသင်း ရှိပါသလား။**

အမျိုးသမီး သုံးယောက်ရှိပါတယ်။

■ **ခင်ဗျားယောက်ျားနဲ့ကော ခင်ဗျား မိတ်ဆွေတွေ ခင်ကြပါသလား။**

စိန့်ပီတာစဘတ်မှာရှိတဲ့ သူငယ်ချင်းတွေ တစ်ဝက်လောက်က ပူတင်နဲ့ ခင်ကြတယ်လေ။ အားလပ်ရက်မှာဆိုရင် အိမ်မှာ ဧည့်သည်တွေနဲ့ ပြည့်နေတတ်ပါတယ်။ တစ်ယောက်မဟုတ် တစ်ယောက် ရောက်လာတတ်ကြပါတယ်။ ပူတင်ကလဲ အိမ်လာလည်ဖို့ ဖိတ်တတ်ပါတယ်။ သူက လူတွေနဲ့ ရောရောနှောနှော နေရတာ သဘောကျလှပါတယ်။ အဲဒီလိုမှ မနေရင် စိတ်ဖိစီးမှုဒဏ်ကနေ ဘယ်လိုမှ ရုန်းထွက်နိုင်မှာ မဟုတ်ပါဘူး။ ပီတာစဘတ်က သူ့အပေါင်းအသင်းတွေ ညအိပ်ညနေ လာလည်တတ်ကြပါတယ်။

> ဗလာဒီမာပူတင်။ ။
>
> [သူငယ်ချင်းတွေနဲ့ မတွေ့ရတာ စိတ်သိပ်မကောင်းဘူးဗျာ။ ဘာလို့လဲဆိုတော့ ကျွန်တော့်မှာ သူငယ်ချင်းကောင်းတွေ အများကြီး ရှိနေလို့ပါပဲ။ တကယ်တော့ သူငယ်ချင်းတွေ၊ မိတ်ဆွေတွေရဲ့ ဘဝဟာ ကျွန်တော်တို့ရဲ့ ဘဝပါပဲ။ ကျွန်တော်တို့ရဲ့ ဘဝအစိတ်အပိုင်း တစ်ခုလဲ ဖြစ်ပါတယ်။ နိုင်ငံခြားသွား အလုပ်လုပ်တော့မှ မိတ်ဆွေ သူငယ်ချင်းတွေရဲ့ အရေးပါပုံကို နားလည်သဘောပေါက်မိပါတယ်။ နိုင်ငံခြားသွားနေတဲ့ ပထမပိုင်းနှစ်ကာလတွေမှာ ကျွန်တော့် သူငယ်ချင်းတွေကို အရမ်းသတိရပါတယ်။သူတို့နဲ့ ကွေကွင်းရတာ ကျွန်တော့်အဖို့ အထီးကျန်ဆန်တယ်။ သိပ်လည်း သတိရပါတယ်။ ကျွန်တော့်မှာ အလုပ်တာဝန်က အရမ်းကြီးပါတယ်။ များလည်း များပါတယ်။ မိသားစု တာဝန်ကလည်း ကြီးလှပါတယ်။ ဒါပေမယ့် ကျွန်တော့် ဘဝဟာ သူငယ်ချင်းတွေနဲ့ ချည်နှောင်ထားတဲ့ ဘဝဖြစ်တယ်ဆိုတာ သဘောပေါက်ခဲ့ပါတယ်။ ဂျာမနီ ရောက်တဲ့ တတိယနှစ်မှာ ကျွန်တော်တို့ဟာ မိတ်ဆွေသစ်တွေကို ရှာဖွေရပြီး ဘဝကို နေသားတကျ ဖြစ်လာအောင် ပြုလုပ်ရပါတော့တယ်။ ရုတ်တရက် ဆိုသလို အားလပ်ရက်တွေမှာ ကျွန်တော်ဟာ အိမ်မပြန်ဖြစ်တော့ပါလား။ ကျွန်တော် **တကယ့်ကို** တုန်လှုပ်သွားပါတယ်။
>
> ကျွန်တော့်မှာ မိတ်ဆွေတွေ အများကြီး ရှိပါတယ်။ ဒါပေမယ့် ကျွန်တော်နဲ့ တရင်းတနှီး နေတဲ့လူက လူနည်းစုပါ။ အဲဒီလူနည်းစုက ကျွန်တော့်အပါးမှာ နေပြီး ခွဲမသွားပါဘူး။ ကျွန်တော့်အပေါ် ဘယ်တော့မှ သစ္စာ မဖောက်ပါဘူး။ ကျွန်တော်ကလဲ သူတို့ အပေါ်ကို သစ္စာ မဖောက်ပါဘူး။ ကျွန်တော်က သစ္စာစောင့်သိမှုကို အလေးအနက်ထားပါတယ်။ မိတ်ဆွေသူငယ်ချင်းတွေကို ဘာကြောင့် သစ္စာဖောက်ရမှာလဲ။ ဘဝတက်လမ်းကြောင့်လား။ ဘဝတက်လမ်း အလုပ်အကိုင်က ကျွန်တော့်အတွက် အရေးမကြီးလှပါဘူး။ ဘဝတက်လမ်း အလုပ်အကိုင် ဆိုတာက လူတစ်ယောက်ချင်းရဲ့ စိတ်ဝင်စားမှုနဲ့ အခွင့်အလမ်းပေါ်မှာ မူတည်နေပါတယ်။ ကိုယ့်ကိုယ်ကိုယ် သစ္စာဖောက်နေမှတော့ လူတစ်ယောက်ရဲ့ တန်ဖိုးက ဘာမှ ရှိမှာ မဟုတ်တော့ပါဘူး။ လူ့ဘဝဆိုတာ အရမ်းကို လွယ်ကူလှပါတယ်။ ဆိုပါတော့ဗျာ ဘဝတက်လမ်းဆိုတာက အာဏာရယူဖို့ လူတွေကို ချုပ်ကိုင်ဖို့ပဲ လား။ အဲဒါတွေ ရရင်ပြီးတာပဲ၊ တခြား ဘာကို ဆုံးရှုံးရ ဆုံးရှုံးရ ဂရုမစိုက်ဘူးဆိုရင်တော့ တစ်မျိုးပေါ့ဗျာ။ လူ့ဘဝမှာ လူ့တန်ဖိုးတွေ၊ လူ့ အနှစ်သာရတွေ ထားရှိမယ်ဆိုရင် မိမိဘဝရဲ့ အရေးပါ အရာရောက်တဲ့ လူတွေကို သစ္စာမဖောက်ဖို့က အရေးကြီးဆုံးပဲ ဖြစ်ပါတယ်။ အဲဒါလောက် အရေးကြီးတဲ့အရာ ဘာမှ မရှိပါဘူး။ အဲဒီလို မလုပ်ဘဲ သစ္စာ မရှိဘူးဆိုရင်တော့ ရသမျှ အကုန် ဆုံးရှုံးသွားမှာ ဖြစ်ပါတယ်။]



■ **ခင်ဗျား ဧည့်ခံပွဲတွေ တက်ရမှာပေါ့နော်။ ဒီတော့ ဧည့်ဝတ်ကျေအောင် လူမှုရေးကိစ္စတွေ လုပ်ရတော့မှာပေါ့။ ယောက်ျားရဲ့ လူမှုဘဝက ခင်ဗျားအပေါ်မှာ ဖိစီးထားပါသလား။**

မိန်းမတွေက လှလှပပ ဝတ်စားရတာ သဘောကျပါတယ်။ နိုင်ငံရေးကိုတော့ ကျွန်မ စိတ်မဝင်စားဘူး။ ပျင်းတယ်။

■ **ဂါဝန်ဝတ်ရတာ သဘောကျသလား။ ဘောင်းဘီရှည်ဝတ်ရတာက ကြိုက်သလား။**

ခုချိန်မှာတော့ ဂါဝန်ရှည်ဝတ်ရတာ သဘောကျနေပါပြီ။ အရင်ကတော့ ဘောင်းဘီရှည် ဝတ်ရတာကို သဘောကျပါတယ်။ နိစ္စဓူဝ ကျွန်မနှစ်သက်စွာ ဝတ်စားတာကတော့ ဂါဝန်နဲ့ ဆွတ်တာအင်္ကျီပါပဲ။ တရားဝင် ပွဲလမ်းသဘင်တွေ၊ အခမ်းအနားတွေကျတော့ ဝတ်စုံဝတ်ရတာပေါ့။

■ **ခေတ်ဟောင်းကာလတုန်းကတော့ တိုင်းပြည်ခေါင်းဆောင်တွေရဲ့ ဇနီးသည်တွေက ဂျီ- ယူ- အမ်[၁] (G. U. M) မှာ ဈေးဝယ်ထွက်ကြသတဲ့။ ခုတော့ ဘယ်မှာ ဈေးဝယ်ထွက်ပါသလဲ။**

မကြာခဏဆိုသလို ကျွန်မ အက်ကာဒါမှာ ဈေးဝယ်ထွက်လေ့ ရှိပါတယ်။ ဘောင်းဘီရှည်တွေ၊ ဆွယ်တာတွေ သွားဝယ်တာပါ။ ကျွန်မ နှစ်သက်တဲ့ ဖိနပ်တွေကိုလဲ ကျွန်မကိုယ်တိုင် သွားဝယ်လေ့ရှိပါတယ်။ ဒါပေမယ့် ကျွန်မလိုချင်တဲ့ ဖိနပ် အရွယ်အစား မရပါဘူး။

---

၁။ G. U. M မော်စကိုမြို့ရှိ ကုန်တိုက်ကြီး

■ **ခင်ဗျားယောက်ျားအတွက် အဝတ်အစားတွေကော ဝယ်ပေးတတ်ပါသလား။**

သူ့အတွက် ဈေးဝယ်ထွက်ခဲ့ရတဲ့ အချိန်တွေ ရှိဖူးပါတယ်။ ခုလဲ လုပ်ပေးနေပါတယ်။ နောင်လဲ လုပ်ပေးရမှာပါ။ အဝတ်အစားနဲ့ပတ်သက်ပြီး ပူတင်က ဈေး မများပါဘူး။ သူ့မှာ ဝတ်စုံနှစ်စုံ သုံးစုံထက် ပိုပြီးမရှိပါဘူး။ သူက ဂျင်းဘောင်းဘီနဲ့ ရှုယ်တာဝတ်တာ များပါတယ်။ အဝတ်အစား ဖြစ်သလို ဝတ်တတ်တယ်။ ခုတော့ ပရိသတ်အများစု ဂရုစိုက်ခြင်း ခံနေရလေတော့ အဝတ်အစားကို ရွေးပြီး ဝတ်တတ်လာပါပြီ။

■ **ပူတင်ဝတ်တဲ့ အင်္ကျီက လက်တွေ အရှမ်းရှည်နေတယ်လို့ လူတွေက မှတ်ချက်ချပါတယ်၊ အဲဒီအတွက်ကကော။**

အဲဒါကတော့ ကျွန်မအပြစ်ပါ။ သူ့အင်္ကျီလက်တွေကို ဖြတ်ပစ်ဖို့ ကျွန်မ အလုပ်များနေလို့ ဖြစ်ရတာပါ။ ခုတော့ ပူတင် အပ်ချုပ်ဆိုင်သွားချုပ်တတ်တဲ့ အကျင့် ရှိနေပါပြီ။

■ **ခင်ဗျားက သူ့အတွက် လည်စီးဝတ်ပေးရင် ဘာမှ စောဒက မတက်ဘဲ ဝတ်တတ်ပါသလား။**

ရှပ်အင်္ကျီနဲ့ ကုတ်အင်္ကျီဝတ်ရင်တော့ လည်စီးဝတ်လေ့ ရှိပါတယ်။ ကျွန်မ ဝယ်ပေးတဲ့ လည်စီးဆို မငြင်းပါဘူး။

■ **အရင်တုန်းက ခင်ဗျားက ဆံပင်ရှည်ထားတယ်။ ခုတော့ ဆံပင်က တိုသွားပြီ။ ဆံပင်ကို ဘယ်မှာ ညှပ်တာလဲ။**

အိုင်ရင်နာ ဘာရိုနိုဗာရဲ့ ဆိုင်မှာပါ။ သူမက ယဲ့ဆင်ဇနီးဖြစ်သူ နိနာ အီယိုဆီဗိုနာရဲ့ ဆံပင်ကိုပါ အလှပြင်ပေးတဲ့ မိန်းမပါ။ အိုင်နာရင်က တကယ့်ကို အံ့အားသင့်ဖို့ ကောင်းတဲ့ မိန်းမပါ။ သူ့မှာက ကိုယ်ပိုင် ဆံသပြင်ခန်း ရှိပါတယ်။

■ **ကူတင်ကကော ဘယ်မှာ ဆံပင်ညှပ်ပါသလဲ။**

ဆံသသမားတွေကတော့ အများကြီးပါပဲ။ အက်(ဖ)အက်(စ)အို*မှာကော အက်(ဖ)အက်(စ)ဘီမှာပါ ရှိပါတယ်။ သူက ဆံပင်ကို အရေးမထားပါဘူး။ သူဆံပင်ကိုတို ညှပ်ထားတာပဲ ကျွန်မ သဘောကျပါတယ်။

---

* အက်(ဖ)အက်(စ)အို (F. S.0) သမ္မတနှင့် ရာထူးကြီးမားသော ပုဂ္ဂိုလ်များ၏ လုံခြုံရေး တာဝန်ယူရသော တပ်ဖွဲ့။



■ **ခင်ဗျားတို့နှစ်ယောက် ခရီးအတူတကွ ထွက်ကြပါသလား။**

သွားလေ့သွားထ ရှိပါတယ်။ လတ်ဗီးယားမှာရှိတဲ့ ကူရိုစကီဇာလိ(ဖ)ကို နှစ်ယောက်အတူ နှစ်ကြိမ်သွားဖူးပါတယ်။ နိုင်ငံခြားကိုလဲ အတူ သွားဖူးပါတယ်။ ခုတော့ သိတဲ့အတိုင်းပါပဲ ခရီးထွက်ဖို့ အစီအစဉ်တွေ မဆွဲရသေးပါဘူး။ ကျွန်မ ရေးဆွဲတာတဲ့ အစီအစဉ်တစ်ခု ပျက်ရင် ကျွန်မ အရမ်းကို စိတ်ဓာတ်ကျတတ်ပါတယ်။ ဒါပေမယ့် ကျွန်မခုတော့ သဘောပေါက်လာပါပြီ။ ဘာလဲဆိုတော့ အားလပ်ရက်တွေ၊ ခွင့်ရက်ရှည်တွေ ရတဲ့အချိန်မှာ ခရီးထွက်ဖို့ အစီအစဉ်တွေ မရေးဆွဲတော့ပါဘူး။ ဒီတော့ ဘာမှ စိတ်ဓာတ်ကျစရာ၊ စိတ်ပျက်စရာတွေ မဖြစ်တော့ဘူးပေါ့။

* * *

## အပိုင်း (၉)

### နိုင်ငံရေးသမား

ရုရှားပြည်၏ အခက်ခဲဆုံး ပြဿနာကို ပူတင်ကိုင်တွယ်ဖြေရှင်းနေရ၏။ သူ ရင်ဆိုင်နေရသော ပြဿနာမှာ ရက်စက်ကြမ်းကြုတ်သော ချေချင်းညှာစစ်ပွဲ၊ ကိုဆိုဗို အရေးခင်း၊ နေတိုး၏ အကွဲအပြဲ၊ စီးပွားရေး အကြပ်အတည်း၊ လာဘ်စားမှု၊ တရားစီရင်ရေး အားနည်းမှု စသည်ဖြင့် ပြဿနာရပ်ပေါင်းစုံ ဖြစ်လေသည်။ ပူတင်က ယုံဆင်၊ ကလင်တန် စသည့် ပုဂ္ဂိုလ်များ၊ ထို့ပြင် သူ ယုံကြည်စိတ်ချရသော ပုဂ္ဂိုလ်များ၊ သူ မယုံကြည်သော ပုဂ္ဂိုလ်များနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။ အင်မတန်မှ ရှုပ်ထွေးသော၊ ကိုင်တွယ်ရ ခက်သော၊ အလုပ်များကို လုပ်နိုင်ပါမည်လော။ တကယ်ပဲ ပူတင် ထမ်းဆောင်နိုင်မည်လော။

■ **ခင်ဗျားမိန်းမက ခုလိုပြောဖူးပါတယ်။ ပြင်သစ်တွေနဲ့ လက်တမ်းအင်တာဗျူး တစ်ခုကို နှစ်နာရီ သုံးနာရီကြာအောင် လုပ်ခဲ့တယ်ဆို။ ခုလဲ ဒီလိုပဲ လက်တမ်းပြောကြမလား။**

ဘာတွေပြောကြမှာပါလိမ့်။

■ **အားလုံးပေါ့။**

■ **ခင်ဗျား ချေချင်ညာမှာ ဘာကို ကြိုးစားပြီး လုပ်နေတာလဲ။**

ပထမစစ်ဆင်ရေးတွေကို ရပ်ဆိုင်းပစ်မယ်။ အဲဒါ ဘာကိုပြဆိုနေတာလဲ။ သူပုန်တွေရဲ့ အခြေခံစခန်းတွေကို ရှင်းပစ်ရမယ်။ ပြီးတာနဲ့ ငြိမ်ဝပ်ပိပြားရေး တရားဥပဒေစိုးမိုးရေး ပြန်လည်ရရှိအောင် လုပ်ရမယ်။ လူမှုရေး ပြဿနာတွေကို ပြေလည်အောင် ရှင်းကြရမယ်။ ကျောင်းတွေ၊ ဆေးရုံတွေ၊ ဆေးခန်းတွေဖွင့်ရမယ်။ လူတွေ အလုပ်တွေရရှိအောင် လုပ်ကြရမယ်။ ပြီးမှ ရွေးကောက်ပွဲတွေ လုပ်ပေးရမယ်။

ပြီးမှ ပါလီမန်ရွေးကောက်ပွဲတွေ လုပ်ရမယ်။ ချေချင်းညာပြည်ထောင်စုက လွှတ်တော်ကိုယ်စားလှယ်တွေဟာ ရုရှလွှတ်တော်မှာ ပါဝင်ရမယ်။ သမ္မတရဲ့ တိုက်ရိုက်ကွပ်ကဲမှုနဲ့ ထိန်းချုပ်မှုအောက်မှာတော့ ရှိရမှာပေါ့။

■ **သမ္မတရဲ့ တိုက်ရိုက်ကွပ်ကဲမှုအောက်မှာ ထားမယ်။ ဘယ်လောက်ကြာကြာ ထားမှာလဲ။**

နှစ်နှစ်လောက်တော့ ကြာမှာပေါ့။ အဲဒီကာလမှာ အစိုးရရဲ့ အုပ်ချုပ်မှုပိုင်းဆိုင်ရာ ပုဂ္ဂိုလ်တွေနဲ့ အသစ်ဖြစ်တဲ့ နိုင်ငံရေးဆိုင်ရာ လုပ်ငန်းစဉ်တွေကို ထားရှိဖွဲ့စည်းရမှာ ဖြစ်ပါတယ်။ သဘောကတော့ ဒေသန္တရဆိုင်ရာ အုပ်ချုပ်မှုဆိုင်ရာ အဖွဲ့တွေ ဖွဲ့မယ်။ ပြည်ထောင်စုရဲ့ ခေါင်းဆောင်ကို ရွေးချယ်မယ်။ ယုံကြည်စိတ်ချရတဲ့ လူတွေနဲ့ ဖွဲ့စည်းဖို့ပဲ ဖြစ်ပါတယ်။

■ **အဲဒီပုဂ္ဂိုလ်ကို မော်စကိုကနေ ခန့်အပ်မှာလား။ ရုရှလူမျိုးလား၊ ချေချင်းညာက လူလား။**

ဘယ်သူနဲ့မဆို ဖြစ်ပါတယ်။ လူမျိုးစုံတွေ ရောနှောထားရင်လဲ ရပါတယ်။ ဒီတော့ ဖြစ်နိုင်ချေတွေ အများကြီး ရှိပါတယ်။ ဆုံးဖြတ်ရမယ့် ကိစ္စကတော့ ကျွန်တော်တို့ရဲ့ တာဝန်ပါပဲ။ ကျွန်တော်တို့ ယူရမှာပေါ့။ ခေါင်းဆောင်တွေ၊ အစိုးရ အဖွဲ့ဝင်တွေကို လူမျိုးစုအပေါ်မှာ မသတ်မှတ်ဘဲနဲ့ သူတို့ရဲ့အရည်အချင်းပေါ်မှာပဲ မူတည်သတ်မှတ်ရမှာ ဖြစ်ပါတယ်။

■ **ဒါပေမယ့် အဲဒါတွေအားလုံး ကျွန်တော်တို့ဆီမှာ ရှိနေပြီဥစ္စာ။ ဒါပေမယ့် တခြားပုံစံနဲ့ ရှိနေတာ။ ဆိုချင်တာက ရွေးကောက်ပွဲပုံစံ၊ အစိုးရပိုင်းဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့၊ လူမှုရေးအရ အထောက်အပံ့ပေးမှုတွေ၊ သူပုန်တွေက ဂရွှန်ဆီကို ပြန်သိမ်းပိုက်ခဲ့တယ်။ ခုလို အဖြစ်အပျက်နောက်တစ်ကြိမ် မဖြစ်ဘူး ဆိုတာ ဘယ်သူကမှ အာမ မခံနိုင်ဘူးလေ။**

အာမခံချက်ဆိုတာ ဘာလဲ၊ ခင်ဗျားတို့ သိရဲ့လား။ ကျွန်တော် ထပ်ပြောမယ်။ သူပုန်တွေကို အပြတ်ချေမှုန်းပစ်ရမယ်။ လက်နက်ကိုင်ပြီး အစိုးရဆန့်ကျင်သူတွေကို တိုက်ခိုက်ပစ်ရမယ်။ ပြီးတော့မှ လုပ်ငန်းကိစ္စတွေ လုပ်ဖို့ စဉ်းစားမယ်လေ။ ပြည်သူလူထုက ပြည်ထောင်စုခေါင်းဆောင်ကို ရွေးချယ်ပါစေ။ ချေချင်းညာနဲ့ ဓာစပ်ဆွေးနွေးရေး လက်မှတ်ရေးထိုးဖို့ အဆင့်ဆင့်ပါပဲ။ ဒီနေရာမှာ အာဏာနဲ့ ပတ်သက်တဲ့ ကန့်သတ် တားဆီးချက်တွေက ဘာတွေလဲ။ တည်ငြိမ်အေးချမ်းတဲ့ နိုင်ငံတော်တစ်ခုမှာ နေထိုင်ဖို့ နည်းလမ်းပေါင်းစုံနဲ့ လူမျိုးပေါင်းစုံကို ကူညီပေးရမှာ ဖြစ်ပါတယ်။ သဘောကတော့ လူအမျိုးမျိုး ကွဲပြားနေတာတွေ ရှိနေတဲ့ တိုင်အောင် သူတို့တစ်တွေကို နည်းလမ်းပေါင်းများစွာ အသုံးပြုပြီး ကူညီရပါလိမ့်မယ်။ ဒီလို ညီညွတ်တဲ့ အယူအဆကို ဘယ်သူကမှ ကျွန်တော်တို့ကို ဖိအားပေးလို့ မရပါဘူး။

■ **ဒါပေမယ့် ကျွန်တော်တို့က ဖိအားပေးခံနေရတာများ ရှိပါသလား။ ဘယ်သူက လက်စားချေတဲ့ လုပ်ငန်းလုပ်မယ် ထင်ပါသလဲ။ လူတစ်ယောက်က လုပ်နေတာလား။**

ရုရှတွေက သူပုန်တွေကို နှိမ်နင်းဖို့ လုပ်နေရတာ ဖြစ်ပါတယ်။ သူပုန်တွေက ချေချင်းညာမှာ ခိုးဝှက်မှုတွေ၊ လုယက်တိုက်ခိုက်မှုတွေ လုပ်နေကြပါတယ်။ သူပုန်တွေဟာ သူတို့ရဲ့ ပြည်သူလူထုကို ဒုက္ခပေးနေတာ ဖြစ်တယ်။ သုံးနှစ်လုံးလုံး ပြည်သူရဲ့ လစာငွေတွေ၊ ပင်စင်စားတွေရဲ့ လစာငွေတွေကို လုယက်ခဲ့တယ်။ အဲဒီလုပ်ရပ်တွေကို ချေချင်းညာ ပြည်သူအများစုက ထိုးနက်တိုက်ခိုက်ရလိမ့်မယ်။



■ **ခင်ဗျားအနေနဲ့ အမိန့်ဥပဒေပြဋ္ဌာန်းဖို့ ကြိုးစားနေတာလား။**

အဲဒီလိုမျိုး မဟုတ်ဘူး။ ကျွန်တော်တို့တစ်တွေက သူပုန်တွေကို နှိမ်နင်းဖို့ ကြိုးစားနေတာ။ ပြည်သူလူထုကို ဒုက္ခပေးဖို့ မဟုတ်ဘူး။ သူပုန်တွေက ချေချင်းညာ ပြည်သူတွေကို သြဇာပေးဖို့ ကြိုးစားနေကြတာ။ ကျွန်တော်တို့က ဥပဒေတည်တံ့ဖို့ ကြိုးစားနေတာ။ ပြည်ထောင်စုအတွင်းမှာ တရားဥပဒေစိုးမိုးရေး ငြိမ်ဝပ်ပိပြားရေးကို လုပ်ဆောင်နေတာ။ ပြီးရင် ရွေးကောက်ပွဲလုပ်ပေးမယ်။ ခေါင်းဆောင်သစ်တစ်ယောက် ရွေးကောက် တင်မြှောက်ပေးမယ်။ အဲဒီခေါင်းဆောင်သစ်က ချေချင်းညာနဲ့ ဖက်ဒရယ် အစိုးရကြားမှာ ပေါင်းကူးဆက်သွယ်ပေးမယ့် အားလုံး သဘောတူညီမယ့်၊ တစ်ယောက်နဲ့တစ်ယောက် နားလည်သဘောပေါက်မယ့် လူပါပဲ။

ခင်ဗျားတို့မှာကော ပိုကောင်းတဲ့ အကြံဉာဏ်တွေ ရှိပါသလား။ ကျွန်တော်တို့ ဒီအတိုင်းပဲနေ၊ သူပုန်တွေ တိုက်ခိုက်တာကို လက်ပိုက်ကြည့်နေရမှာလား။ သူတို့တစ်တွေ ခုလို တိုက်ခိုက်နေတာက ရာဇဝတ်မှု ကျူးလွန်တာပဲ မဟုတ်လား။ ဒီ ရာဇဝတ်မှုလုပ်ရပ်ကို ချေချင်းညာပြည်သူတွေက ဥပေက္ခာပြုထားရမှာလား။ ဒီလုပ်ရပ်ဟာ ရုရှကို စော်ကားတဲ့ လုပ်ရပ်တစ်ခုပဲ မဟုတ်လား။

■ **ချေချင်းညာမှာ စောင့်ဆိုင်းနေပြီး သူပုန်တွေ တိုက်တာကိုစောင့်နေရမှာလား။ ကျွန်တော်တို့ ဘာလုပ်ကြရမှာလဲ။**

ကျွန်တော်တို့ ဘာလုပ်မယ်ဆိုတာ ပြောပြီးပါပြီ။ တောင်တန်းတွေပေါ်တက်ရောက်ပြီး သူပုန်တွေရှိတဲ့ နေရာကို တိုက်ခိုက်ရမှာပဲ ဖြစ်ပါတယ်။ သမ္မတ ရွေးကောက်ပွဲတွေလုပ်ပြီးရင်တော့ နှစ်အတော်ကြာတဲ့အထိ သမ္မတက တိုက်ရိုက် အုပ်ချုပ်တဲ့စနစ်ကို ကျင့်သုံးရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့တစ်တွေ ချေချင်းညာ ဒေသရဲ့ စီးပွားရေး နလန်ထူအောင် လုပ်ရမယ်။ လူမှုရေးလုပ်ငန်းရပ်တွေ လုပ်ပေးရမယ်။ ပြည်သူလူထုရဲ့ဘဝ ပုံမှန်ဖြစ်အောင် လုပ်ဆောင်ပေးရမယ်။ လူငယ် မျိုးဆက်သစ်ကို အကြမ်းဖက်မှု ပတ်ဝန်းကျင်ကနေ ဆွဲထုတ်ရမယ်။ ဒီ အကြမ်းဖက်တိုက်ခိုက်နေရတဲ့ လူမှုပတ်ဝန်းကျင်ကနေ ကျန်းမာရေးနဲ့ ပညာရေးတွေရှိတဲ့ ပတ်ဝန်းကျင်ရောက်လာအောင် စီမံကိန်းတွေချပြီး လုပ်ရမယ်။ ကျွန်တော်တို့ အလုပ် လုပ်ကြရမယ်။ တစ်ချိန်က လုပ်သလို ချေချင်းညာကို ဥပေက္ခာပြုထားတဲ့ အလုပ်မျိုးလုပ်ထားလို့ မရတော့ဘူး။ ချေချင်းညာတွေကို စွန့်ပစ်ထားရင် သူပုန်တွေ ဝင်ရောက်လာပြီးတော့ ရာဇဝတ်မှုတွေ ပြုလုပ်မှာပဲ ဖြစ်ပါတယ်။ ဒီတော့ ကျွန်တော်တို့ အလုပ်ကြိုးစား လုပ်ကြရမယ်။ ပြီးတာနဲ့ နိုင်ငံရေးအရ လုံးဝဥဿုံ ပြည့်ဝအောင် လုပ်ပေးမယ်။ ကျွန်တော် တို့တစ်တွေ အပြည့်အဝ ပူးပေါင်းညီညွတ်မှုရကြောင်း သက်သေပြကြမယ်။

အဲဒါဟာ ငြင်းပယ်လို့မရတဲ့အချက်ပါပဲ။ ကျွန်တော်တို့ အတူတကွလက်တွဲနေကြရမယ်။

စတာလင် တစ်ကြိမ်က ဖြေရှင်းခဲ့သလို ချေချင်းညာ လူမျိုးတွေကို တခြားတစ်နေရာ ပို့တဲ့လုပ်ငန်း၊ လုပ်လို့ မရပါဘူး။ ရုရှမှာ တခြားရွှေ့ချယ်စရာလမ်း မရှိတော့ပါဘူး။ ဘာကို ဘယ်လိုဖြေရှင်းရမယ်လို့ ဘယ်သူ ကမှ တွန်းအားပေးလို့ မရပါဘူး။ ကျွန်တော်တို့က ချေချင်းညာအတွက် အကျိုးစီးပွား တွေကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ တစ်တွေ အတူတကွ လက်တွဲပူးပေါင်းနေဖို့ နည်းလမ်းတွေ ရှာဖွေရမှာ ဖြစ်ပါတယ်။ အဲဒါဆိုရင် လက်ခံနိုင်လောက်တဲ့ အဖြေတစ်ခုကို ကျွန်တော်တို့ ရကြမှာ ဖြစ်ပါတယ်။ ဒါဆိုရင် သူတို့တစ်တွေ လက်နက်တွေ ဆွဲကိုင်ထားဖို့ မလိုတော့ပါဘူး။

ဒါပေမယ့် ချေချင်းညာက လူတွေ အဲဒါကိုမှ သဘောမပေါက်သေးဘူးဆိုရင် အေးချမ်းတဲ့ နေအိမ်တွေဟာ သူပုန်စခန်းတွေ ဖြစ်သွားမှာပါပဲ။ ပြီးတာနဲ့ ပြည်သူတွေကို တိုက်ခိုက်မှာ ဖြစ်ပါတယ်။ ဒါကို ချေချင်းညာက လူတွေ နားလည်သဘောပေါက်ပါမလားဆိုတာ မပြောတတ်ပါဘူး။ ကျွန်တော်တို့ကတော့ သူပုန်တွေကို လက်နက်ပေးဖို့ ဖျောင်းဖျထောက်ပံ့နေသူတွေကို တိုက်ခိုက်ရမှာပဲ ဖြစ်ပါတယ်။ ချေချင်းညာရဲ့ အစိတ်အပိုင်းဟာ ရုရှရဲ့ အစိတ်အပိုင်းတစ်ခု၊ အကျိုးစီးပွားတစ်ခု ဖြစ်နေတယ်ဆိုတာကို နားလည်သဘောပေါက်တဲ့ ဒေသန္တရ အဖွဲ့အစည်းတစ်ခုကို ဖန်တီးရမှာ ဖြစ်ပါတယ်။ ချေချင်းညာနဲ့ ပတ်သက်ပြီး ရုရှ မပါရဘူးဆိုတဲ့ အချက်ကိုတော့ လုံးဝ လက်မခံပါဘူး။

■ **သူပုန်တွေကတော့ ခင်ဗျားကို မကြာခဏ သေဒဏ်ပေးထားတယ် မဟုတ်လား။**

ဒီခြိမ်းခြောက်မှုတွေ ကြောက်နေလို့ ဘယ်ဖြစ်ပါ့မလဲ။ ခွေးဟောင်တဲ့သဘော ပါပဲဗျာ။ ကျွန်တော်ကတော့ သူပုန်တွေခေါင်းမထောင်အောင် တိုက်ခိုက်နှိမ်နင်းပစ်မှာပဲ ဗျ။

■ **ရုရှပြည်အတွက် အထူးလမ်းကြောင်းသစ် တစ်ခု ရှာဖို့ လိုပါသလား။**

ရှာမနေပါနဲ့။ တွေ့ပြီးပါပြီ။ အဲဒီလမ်းကြောင်းကတော့ ဒီမိုကရေစီ ဖွံ့ဖြိုးမှု တိုးတက်ရေး လမ်းကြောင်းပဲ ဖြစ်ပါတယ်။ တစ်ခုတော့ ရှိတယ်။ ရုရှဟာ အင်မတန်မှ ကျယ်ပြန့်တဲ့ နိုင်ငံကြီးတစ်ခု ဖြစ်ပါတယ်။ လူမျိုးစုတွေလဲ အများကြီးရှိပါတယ်။ ဒါပေမယ့် ကျွန်တော်တို့က ဥရောပတိုက် ယဉ်ကျေးမှုရဲ့ အစိတ်အပိုင်းတစ်ခု ဖြစ်နေပါတယ်။ နိုင်ငံရဲ့ အရှေ့စွန်များမှာပဲနေနေ၊ တောင်ပိုင်းမှာပဲ နေနေ ကျွန်တော်တို့ဟာ ဥရောပတိုက်သားတွေပါပဲ။



■ **ဥရောပကလဲ အဲဒါတွေ စဉ်းစားရမယ်ပေါ့။**

ဟုတ်တယ်။ ရုရှရဲ့ ပထဝီဝင် အနေအထားအရကော၊ စိတ်ပိုင်းဆိုင်ရာကိုကော ထိန်းသိမ်းထားရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ကို ဒီဥရောပတိုက်က ဖယ်ရှားခဲ့ရင် ကျွန်တော်တို့ အနေနဲ့ မဟာမိတ်သစ်တွေ ရှာရမယ်၊ ကိုယ်ကိုယ်ကိုယ် အားအင်ပြည့်အောင် လုပ်ရမယ်။ ကျွန်တော်တို့ ဘာလုပ်ကြရမှာလဲ။

■ **ဘာဘစ်စကီးကို ပြန်ခေါ်လိုက်ပေါ့။**[1]

ဒီကိစ္စနဲ့ပတ်သက်ပြီး ခင်ဗျား သူပုန်တွေနဲ့တိုက်ရိုက်ဆွေးနွေးပေါ့ဗျာ။

■ **သူ့ကို သူပုန်တွေက ထောက်ပံ့ထားတယ်လို့ လူတွေ သံသယရှိနေတယ် မဟုတ်လား။**

ဟုတ်လား။ ပြီးတော့ ကိုချက်တဲ(လ)[2]ကော။ သူ ဘယ်ရောက်နေသလဲ။ ဗိုလ်ချုပ် ရှစ်ပုဂရန်ကော။[3] သူပုန်တွေက လူ ၂၅၈ ယောက်ကို ဘာလို့ ဖမ်းထားရတာလဲ။ အဲဒီလူတွေကော။

---

၁။ အွန်ဒရေ ဘာဗစ်စကီးမှာ ရုရှလူမျိုး သတင်းစာဆရာ။ အမေရိကန်အထောက်အပံ့ခံ လွတ်မြောက်ရေး အသံလွှင့်ဌာနမှ သတင်းထောက် ဖြစ်တယ်။ သူပုန်ရှေ့တန်းစခန်းမှနေ၍ ချေချင်းညာ စစ်ပွဲအကြောင်းကို သတင်းသွားယူနေသူ။ မျိုးချစ်စိတ်ဓာတ်မရှိသော သတင်းထောက်တစ်ယောက်ဟု ရုရှအစိုးရက သတ်မှတ်ပြီး ဖေဖော်ဝါရီ ၂၀၀၀ မှာ ဖမ်းဆီးခဲ့ပါတယ်။ ထို့နောက် ရုရှစစ်သုံ့ပန်းများနှင့် ၎င်းအား လဲလှယ်ရန် ချေချင်းညာ သူပုန်များနှင့် အပေးအယူလုပ်ခဲ့ပါတယ်။ သူ့ကို ရုရှစစ်တပ်အတွက် လုပ်ဆောင်ပေးနေသော ချေချင်းညာများထံ အပ်လိုက်ခြင်းမျှသာ ဖြစ်ကြောင်း ဘာဘစ်စကီးက နောက်ပိုင်းမှာ ထုတ်ဖော်ပြောခဲ့ပါတယ်။ ယခု ပူတင်နှင့် တွေ့ဆုံခြင်းမှာ ဘာဘစ်စကီးကို မလွှတ်ခင် မတ်လ ၂၀၀၀ ပြည့်နှစ်က ပြုလုပ်ခဲ့သော အင်တာဗျူး ဖြစ်သည်။

၂။ ဗင်းစင့်ကိုချက်တဲ(လ)၊ ကုလမဂ္ဂ ဒုက္ခသည်စခန်းမှာ တာဝန်ရှိ ပုဂ္ဂိုလ်။ သူ့ကို သူပုန်များက ဖမ်းဆီးသွားပြီး ၁၉၉၈ ခုနှစ်တွင် ပြန်လွှတ်ပေးခဲ့ပါတယ်။ ပူတင်က ကိုချက်တဲ(လ)နှင့် ဘရိုက်(စ) ဖလူတီးဟော့(စ)နှင့် မှားနေခြင်း ဖြစ်၏။ ဘရိုက်(စ)က ပြင်သစ်လူမျိုး သတင်းထောက်ဖြစ်ပါတယ်။ ချေချင်းညာတွင် နေစဉ် သူပုန်၏ ဖမ်းဆီးခြင်းခံရပါတယ်။ ခံရသည့်နှစ်က ၁၉၉၉ ခုနှစ် အောက်တိုဘာလ။ မတ်လ ၂၀၀၀ ထိ ချေချင်းညာ သူပုန်များ၏ ဓားစာခံအဖြစ် ဖမ်းထားခြင်း ခံရပါတယ်။

၃။ ၁၉၉၉ မတ်လ ၅ ရက်နေ့ အမည်မသိရသော လူတစ်စုက ဗိုလ်ချုပ် ဂန်နာဒီရှစ်ပူဂန်ကို ချေချင်းညာမြို့တော် ဆင်ခြေဖုံးအရပ်ဒေသတွင် သေနတ်ထောက်၍ ဖမ်းဆီးသွားခဲ့ပါတယ်။ ဗိုလ်ချုပ် ရှပူကန်မှာ ကောကေးရှပ်ဒေသသား ဖြစ်ပါတယ်။ ချေချင်းညာရှိ ရုရှပြည်ထဲရေးဝန်ကြီး ဖြစ်ပါတယ်။ သူ့ကို မတ်လ ၂၀၀၀ ထိ သူပုန်များက ဖမ်းဆီးထားတယ်။

ကိုချက်တဲ(လ)ခမျာ ခတ်ပုံလေးတောင်မှ မရိုက်နိုင်ခဲ့ဘူး။ သူက ချော်ကိုယာနယ်မြေကို ဖြတ်ကျော်လာပြီးတဲ့အချိန်မှာ သူက ရုတ်တရက် အဖမ်းခံလိုက်ရတာ ဖြစ်ပါတယ်။ ခုတော့ သူလဲ မြေတိုက်ခန်းထဲမှာ ထိုင်ပြီး စာတွေချည်းကုန်းရေးနေရမှာ ဖြစ်ပါတယ်။

'ကျွန်တော် ဒီထက်ပိုပြီး သည်းခံနိုင်စွမ်း မရှိတော့ဘူး။ ကျွန်တော့်ကို လွတ်အောင် တစ်ခုခု လုပ်ပေးပါ' ပြီးတော့ မာရှကာဒေါ့(ဖ)[၁]ကလဲ ပြင်သစ်သတင်းထောက် ဘယ်ရောက်နေသလဲဆိုတာ မသိဘူးလို့ ပြောတယ်။ လောလောဆယ်မှာတော့ လော့(ဒ)ရပ်ဆဲ- ဂွန်စတွန်[၂]ကို ခေါ်ယူတွေ့ဆုံပြီး မာရှကာဒေါ့(ဖ)ကို သုံ့ပန်းခြင်း ဖလှယ်ဖို့ ပြောကြားခဲ့ပါတယ်။

ဒီတော့ မာရှကာဒေါ့(ဖ)က အခြေအနေကို ထိန်းထားနိုင်လိုက်ပါတယ်။ ဒါပေမယ့် သူက ဝန်တော့ မခံပါဘူး။ ဆိုချင်တာကတော့ သူ့ကို မယုံကြည်ရတဲ့ သဘောပါပဲ။ သူ့အနေနဲ့ ဘာဘာစ်စကီ ဘယ်ရောက်နေတယ်ဆိုတာ သူ မသိဘူးကြောင်း၊ စစ်ဆင်ရေးမှူး အနေနဲ့လဲ ဘာဘာစ်ကီးကို ကယ်တင်ဖို့ ကြိုးစားနေကြကြောင်း ပြောခဲ့ပါတယ်။

## ■ ဘာဘာစ်စကီး အသက်ရှင်နေရဲ့လား။

သူပေါ်လာတော့မှာပါ။ သူ လူလုံးထွက်ပြလိုက်တာနဲ့ သူ့ကိုဝိုင်းပြီး မေးကြမြန်းကြမှာ ဖြစ်ပါတယ်။

## ■ အဲဒါ အဓိပ္ပာယ်တော့ သိပ်မရှိလှဘူးဗျ။ ပထမ ခင်ဗျားကပဲ ဘာဘာစ်စကီးကို မော်စကိုမြို့တော်ကနေ စွန့်ခွာမသွားဖို့ တောင်းပန်စာ တစ်စောင်ကို ရေးခိုင်းခဲ့ဖူးတယ်။ ပြီးတော့ ဘာဘာစ်စကီးကို သုံ့ပန်းဖလှယ်တဲ့နေရာမှာ သုံးခဲ့တယ်။ ခု တွေ့ဆုံမေးမြန်းဖို့ လုပ်နေပြန်ပြီ။

ကျွန်တော် ပြောမယ်ဗျာ။ ကျွန်တော်တို့ နိုင်ငံဟာ အင်မတန်မှ ရှုပ်ထွေးတဲ့ ကာလတစ်ရပ် ကြုံတွေ့နေရပါတယ်။ ရုရှဟာ ချေချင်းညှာစစ်ပွဲမှာ ပထမ တစ်ကြိမ်ရှုံးနိမ့်သွားရတာနဲ့ ပတ်သက်ပြီး လူ့အဖွဲ့အစည်းရဲ့ ကျင့်ဝတ်နီတိပိုင်းဆိုင်ရာတွေမှာ

---

၁။ အယ်(စ)န် မာရှကာဒေါ့(ဖ)။ ချေချင်းညှာ သမ္မတ ဖြစ်ပါတယ်။ ၁၉၉၆ ခုနှစ် ဒီမိုကရက်တစ် ရွေးကောက်ပွဲဝင် ရွေးချယ်တင်မြှောက်ခြင်း ခံရသူ။

၂။ လော့(ဒ)ရပ်ဆဲ- ဂွန်စတွန် ဥရောပပါလီမန်ဆိုင်ရာ ရွေးချယ်တင်မြှောက်ရေး ကော်မတီဝင် ဥက္ကဋ္ဌအဖြစ် ၁၉၉၉ ခုနှစ် ဇန်နဝါရီလတွင် ရွေးချယ်တင်မြှောက်ခြင်းခံရသူ။



အတော်လေး ထိခိုက်စေခဲ့တယ်ဆိုတာ ခင်ဗျားတို့လဲ သိပြီးဖြစ်မှာပါ။ ကျွန်တော်တို့ရဲ့ စစ်သည်တော်တွေ ဘာအတွက် တိုက်ပွဲဝင်နေရတယ်ဆိုတာကို ရှုမြင်သူတွေ သဘောမပေါက်ကြပါဘူး။ စစ်သည်တော်တွေ အသက်စွန့်လွှတ်နေကြရတယ်။ သူတို့ဟာ နိုင်ငံတော် အကျိုးစီးပွားအတွက် အသက်စွန့်လွှတ်နေကြတာ။ ဒါပေမယ့် လူအများစုအမြင်မှာတော့ အကောင်းဘက်ကနေ မရှုမြင်ကြဘူး။

ခုအချိန်ကျတော့ အခြေအနေကတစ်မျိုးတစ်ဖုံ ဖြစ်နေပြီ။ ဘာဘာစ်ကီးနဲ့ သူ့လူတွေက အခြေအနေကို ပြောင်းပြန်ဖြစ်အောင် ကြိုးစားနေကြတယ်။ သူက ရန်သူတွေ ဘက်ကနေ ရပ်တည်နေခဲ့တယ်။ သူက ကြားနေမဟုတ်ဘူး။ သူပုန်တွေဘက်ကနေ လုပ်နေတာ။

## ■ ခင်ဗျား ဘာဘာစ်စကီးပေးပို့တဲ့ သတင်းတွေကို မယုံဘူးပေါ့။

ကျွန်တော် စကားကို ဆုံးအောင် ပြောပါရစေဦး။ ဘာဘာစ်စကီးက သူပုန်တွေဘက်မှာ နေတဲ့လူ။ အလုပ်လုပ်ပေးနေတဲ့လူ။ စစ်ဘက်က သူ့ကို တခြားစစ်သားတွေနဲ့ သုံ့ပန်းခြင်း ဖလှယ်ဖို့ အသင့်ရှိနေနေတယ်လဲ ပြောရော သူ့ကို ခုလို မေးခဲ့ကြပါတယ်။

'ခင်ဗျား- လူဖလှယ်တဲ့နေရာမှာ ပါဝင်ချင်ပါသလား။

ဆိုတော့ သူက ခုလို ပြန်ဖြေတယ်။

'ပါမယ်'တဲ့။

သုံ့ပန်းဖလှယ်ရေး ကိစ္စမှာ ကျွန်တော်တို့က ဘာဘာစ်စကီးနဲ့ တခြားရဲဘော်သုံးလေးယောက်လဲဖို့ တင်ပြခဲ့ပါတယ်။ အဲဒီ ရဲဘော်တွေက ကျွန်တော်တို့သာ မကယ်ရင် သေဖို့ နီးစပ်နေပါတယ်။ သတ်ပစ်ခံရမယ့် လူတွေပါပဲ။ အဲဒီရဲဘော်တွေ ကျွန်တော်တို့ရဲ့ ရဲဘော်တွေ။ သူတို့တစ်တွေက ရုရှနိုင်ငံအတွက် တိုက်ပွဲဝင်နေကြတာလေ။ တကယ်လို့သာ ဒီရဲဘော်တွေကို မကယ်ဘူးဆိုရင် ပြန်မရဘူးဆိုရင် သူတို့ဟာ သေနတ်နဲ့ ပစ်သတ်ခံရမှာ ဖြစ်ပါတယ်။ သူပုန်တွေက ဘာဘာစ်စကီးကိုတော့ လက်ဖျားနဲ့တောင် ထိမှာ မဟုတ်ဘူး။ ဘာကြောင့်လဲဆိုတော့ ဘာဘာစ်စကီးက သူတို့ရဲ့ လူဖြစ်နေတာကိုး။

ဒီတော့ သူပုန်တွေက ခုလိုပြောလာတယ်။ ဘာဘာစ်စကီးကို သူတို့ လက်ထဲအပ်ခဲ့မယ်ဆိုရင် ကျွန်တော်တို့ ရဲဘော်နှစ်ယောက်လဲ ထပ်လွှတ်မယ်လို့ ပြောပါတယ်။ ဒီတော့ဗျာ ဘာဘာစ်စကီးနဲ့ ကျွန်တော်တို့ ရဲဘော်ငါးယောက်ကို သုံ့ပန်းခြင်း ဖလှယ်နိုင်ခဲ့ပါတယ်။

■ **ဒီတော့ သူက ရုရှရဲ့ သူရဲကောင်းပဲပေါ့။**

သူရဲကောင်းလား၊ သစ္စာဖောက်လား။ သူပုန်တွေနဲ့ပေါင်းသင်းတာကတော့ ဘယ်ကောင်းမလဲ။ ဒီစစ်ပွဲမှာ သူပုန်တွေက ရုရှစစ်သားတွေရဲ့ ခေါင်းကို ဖြတ်ပစ်တဲ့ သတင်းရေးတာကတော့ ဘယ်ကောင်းမလဲဗျ။ အစောပိုင်းထဲက သူပုန်တွေက စစ်သားတွေရဲ့ ခေါင်းတွေကို ဖြတ်နေကြတာ။ သူတို့က လူတွေကို ပြန်ပေးဆွဲပြီး ငွေညှစ်နေကြတယ်။ ဒီ ရာဇဝတ်မှု မကင်းတဲ့ လုပ်ငန်း လုပ်နေတဲ့ သူပုန်တွေကို ဘာဘစ်စကီးက မှန်ကန်ကြောင်း ပြောနေသေးတယ်။

■ **ဘာဘစ်စကီး အတိအကျရေးထားတာက။**

ကျွန်တော် ဖတ်ပြီးပါပြီ။ သူပုန်တွေ စခန်းရှိရာ သွားတယ်။ ပြန်ထွက်လာတယ်။ ကျွန်တော်တို့ စစ်သည်တော်တွေ စခန်းချတဲ့နေရာတွေကိုလဲ မြေပုံနဲ့တကွ အတိအကျ ရေးပြထားတယ်။ သူဘာအခွင့်အရေးရှိလို့ အဲဒါတွေကို အသေးစိတ် ရေးပြနေရတာလဲ။

■ **အဲဒါကြောင့် ဘာဘစ်စကီးကို ဖော်စကိုခေါ်လာတာပေါ့။**

သူ့ကို ဖမ်းလိုက်တာ။ စစ်ဆေးရေးတွေ လုပ်တာပါ။ သူက ဘာပြောတယ် ထင်သလဲ။

'ကျုပ် ခင်ဗျားကို မယုံဘူး။ ချေချင်းညှာတွေကို ယုံတယ်။ သူတို့က ကျွန်တော့်ကို သူတို့လက်ထဲ လွှဲပြောင်းဖို့ ပြောနေကြတယ်။ ဒီတော့ သူတို့လက်ထဲ အပ်ပါ'တဲ့။

■ **သူပြောတာတွေ အကုန်မှန်ရဲ့လား။**

စစ်ပွဲနဲ့ ပတ်သက်လို့ ခင်ဗျားတို့ အဖြစ်မှန် ဘယ်သူ့ကိုမဆို မေးနိုင်တယ်။ ရန်သူဘက်က ရပ်တဲ့ လူကို တစ်ဘက်က ဘယ်လို သတ်မှတ်မလဲဆိုတာ စဉ်းစားကြည့်ပေါ့ဗျာ။

■ **စာနယ်ဇင်းသမားတွေက စစ်ပွဲ ဆင်နွှဲပါ့မလား။**

ဘာဘစ်စကီးလုပ်တဲ့ လုပ်ရပ်က စက်သေနတ်ကိုင်တာထက် ပိုဆိုးတယ်လေ။

■ **လွပ်လပ်စွာ ဖော်ပြခွင့်နဲ့ ပတ်သက်လို့ကကော။**

လွတ်လပ်စွာ ဖော်ပြခွင့်နဲ့ ပတ်သက်ပြီး ကိုယ်သန်ရာ ကိုယ်ထင်ရာနည်းနဲ့



အဓိပ္ပာယ်တွေ ဖွင့်ဆိုခဲ့ကြပါတယ်။ ရာဇဝတ်မှုနဲ့ မကင်းတဲ့ ကိစ္စနဲ့ ပတ်သက်ပြီး လွတ်လပ်စွာ ရေးသားဖော်ပြခွင့် တောင်းဆိုမယ်ဆိုရင်တော့ ကျွန်တော် ခွင့်မပြုနိုင်ဘူး။ ငြင်းပယ်ရလိမ့်မယ်။

■ **ဘာဘစ်စကီးရဲ့ ကံကြမ္မာကို ခင်ဗျား မဖန်တီးနိုင်ဘူးဆိုတာ လက်ခံတယ် မဟုတ်လား။ ခင်ဗျားရင်ထဲရှိတာ ပြောပါ။**

ကျွန်တော်တို့က သူ့ကို ဖမ်းတာ မဟုတ်ဘူး။ သူ့ဘာသာသူ လုပ်တာ။

■ **သေချာရဲ့လား။**

ဒါအမှန်တရားပဲ။ သူပြောခဲ့တဲ့ စကားတွေကို ခင်ဗျားတို့ကို ကျွန်တော် ပြောနေတာပဲ။

■ **တိပ်ခွေကကောဗျာ။ တိပ်ခွေထဲမှာ သူပြောထားတာ ရှိတယ်။ သူ့အနေနဲ့ အဲဒီနေရာကို သူ အရမ်းသွားချင်တာပါတယ်။[၁] ချေချင်းညှာ သူပုန်တွေက ရုရှသတင်းစာဆရာ တစ်ယောက်ကို ဖမ်းသွားကြတာပဲပေါ့။**

ဒီလူက ရုရှသတင်းစာဆရာ မဟုတ်ဘူး။

■ **သူက ရုရှပြည်သူတစ်ယောက်လေဗျာ။**

အော် ခင်ဗျားက သူ့ကို ရုရှပြည်သူတစ်ယောက်၊ နိုင်ငံသားတစ်ယောက် ဖြစ်တယ်လို့ ဆိုချင်တာလား။ ဒါဖြင့်ရင် သူ့နိုင်ငံက ပြဋ္ဌာန်းထားတဲ့ တရားဥပဒေနဲ့အညီ နေထိုင်ခိုင်းလေဗျာ။

■ **အဲဒါကိုက မရှင်းလင်းသေးဘူး။ ခင်ဗျားက သူ့ကို ဘာဥပဒေနဲ့ လွှဲပေးရတာ လဲ။**

သူ့ ကိုယ်တိုင်မေးကြည့်ပေါ့ဗျာ။

■ **သူက သူ့ကို သေဒဏ်ပေးပါဆိုရင်ကော ခင်ဗျားပေးမှာလား။**

ဒါတော့ ဘယ်ဖြစ်ပါ့မလဲ။ ပြည်တွင်းမှာပဲ ဒီလို ဥပဒေ မပြဋ္ဌာန်းဘူး။ ကျွန်တော် ပြောမယ်။ သေဒဏ်ပေးဖို့ဆိုတာ လုံးဝ အဓိပ္ပာယ် မရှိဘူး။ ဒါပေမယ့် သူ့အသက်နဲ့ စစ်သည်လေးငါးယောက် လဲမယ်ဆိုရင်တော့ ဖြစ်တယ်။

---

၁။ ဗီဒီယိုတိပ်ခွေထဲမှာ ဘာဘစ်စကီးက သူ့ကို ချေချင်းညှာ သူပုန်များထံသို့ လက်လွှဲပြီးသည့်နောက်တွင် သူဟာ အရမ်းကို ပျော်တော့မိန့်လိုနေပြီး စကားကိုသည်း လွှာ လေး အာလေးဖြင့် ပြောပါတယ်။ သူပြောသည့် စကားမှာ အိမ်ပြန်ချင်သည့် အကြောင်းကို လွတ်လပ်သော အသံလွှင့်ဌာနမှာ ဖွင့်ဟခဲ့ပါတယ်။

■ **ဘာဘစ်စကီးကို ပြန်ခေါ်မယ်ဆိုရင်ကော။**

ကျွန်တော်တို့ သူ့ကို ပြန်မခေါ်ပါဘူး။ သူဘယ်မှာရှိတယ်ဆိုတာ လိုက်ရှာမယ်။ ပြီးမှ ရုံးတင်ပြီး တရားစွဲ ဆိုမယ်။ ရုံးတော်မှာ ဘယ်လိုစွဲမလဲ ဆိုတာတော့ ကျွန်တော် မသိဘူး။ အတိအကျလဲ မပြောနိုင်ဘူး။ ဒါပေမယ့် သူ့ကိုတော့ မေးမြန်းစစ်ဆေးစရာတွေ ရှိနေတာ အမှန်ပဲ။

■ **နေတိုးနဲ့ကော ကျွန်တော်တို့ ဆက်ဆံရေးက ဘာတွေ ဖြစ်ကြတာလဲ။**

နေတိုးအဖွဲ့လုပ်ငန်းစဉ်မှာ အချိန်ပြည့်အဖြစ် မနေချင်သေးဘူးလေ။ ကျွန်တော်တို့ကိုသာ နေတိုးအဖွဲ့ဝင်အဖြစ် အချိန်ပြည့် ထားရှိမယ်ဆိုရင် အခြေအနေတွေ သိပ်ဆိုးဝါးလာမှာ မဟုတ်ပါဘူး။

■ **ယူဂိုဆလားဗီးယားအခြေအနေကို ကြည့်ရင် ရုရှတွေ မပါဘဲနဲ့ ဆုံးဖြတ်ချက်ချလို့ ရတာပဲဆိုတဲ့ အနေအထားပေါ်လွင်နေတယ်။**

အဲဒါကလဲ အချက်တစ်ချက်ပဲပေါ့။ အဲဒီလို ဆက်ဆံရေးမျိုး ကျွန်တော်တို့ မလိုချင်ဘူး။

■ **ယူဂိုဆလားဗီးယား ပြဿနာပေါ်လာချိန်မှာ ခင်ဗျားက လုံခြုံရေးကောင်စီအတွင်းရေးမှူး မဟုတ်လား။ သမ္မတဖြစ်ဖြစ်၊ ဝန်ကြီးချုပ်ကပဲ ဖြစ်ဖြစ် ခင်ဗျားရဲ့ သဘောထားတွေကို စိတ်မဝင်စားဘူးလား။**

သမ္မတက ကာကွယ်ရေးဝန်ကြီးဌာနနဲ့ နိုင်ငံခြားရေး ဝန်ကြီးဌာနနဲ့ ဆက်သွယ်ပြီး ဆုံးဖြတ်ချက်တွေ ချမှတ်တာ ဖြစ်ပါတယ်။

■ **ဒါပေမယ့် ခင်ဗျားကို ပရိုင်မာကော့(ဖ)နေရာမှာ အစားထိုးခန့်အပ်မယ်ဆိုရင် ခင်ဗျားလဲ လေယာဉ်ပျံကို အတ္တလန္တိတ်[၁] သမုဒ္ဒရာပေါ်ကနေ လှည့်ပြန်ခဲ့မယ် မဟုတ်လား။**

ဖြစ်နိုင်ပါတယ်။ ပရိုင်မာကော့(ဖ)ဟာ အင်မတန်မှ ကြပ်တည်းတဲ့ အနေအထားမျိုး ကြုံတွေ့ရပါတယ်။ ဟုတ်တယ်– သူဝါရှင်တန်ကို အရောက်သွားပြီးတော့ ရုရှရဲ့ ရပ်တည်ချက်ကို ပြောဖို့ သင့်ပါတယ်။ ဒါပေမယ့် အမေရိကန်တွေက

၁။ မတ်လ ၁၉၉၉ ခုနှစ်တွင် ဝန်ကြီးချုပ် ပရိုင်မာကော့(ဖ)သည် ဘော်လကန်အရေးအခင်းကိစ္စနှင့် ပတ်သက်၍ အမေရိကန်သမ္မတ ကလင်တန်နှင့် တွေ့ဆုံဆွေးနွေးရန် အမေရိကန်ပြည်ထောင်စုသို့ ထွက်ခွာသွားခဲ့တယ်။ အမေရိကန်တို့က ဆာဗီးယားမြို့တော်သို့ ဗုံးကြဲရန် ဆုံးဖြတ်ချက် ချပြီးသည့်အခါတွင် သူက လေယာဉ်ပျံဖြင့် ရုရှနိုင်ငံသို့ ချက်ချင်း လှည့်ပြန်ခဲ့ပါတယ်။



သူတို့ရဲ့ ရပ်တည်ချက်၊ ရည်ရွယ်ချက် သဘောထားတွေနဲ့ ဆွေးနွေးပွဲ လုပ်တာပါ။ ယူဂိုဆလပ် ပြဿနာဖြေရှင်းဖို့ ကိစ္စကို သူတို့သဘောထားတွေကို ရုရှက လက်ခံအတည်ပြုဖို့ ရုရှဝန်ကြီးချုပ်က ဝါရှင်တန် သွားရတဲ့ အဖြစ်မျိုး လုပ်ထားပါတယ်။

ဆိုဗီယက်ပြည်ထောင်စုကြီး ပြိုကွဲပျက်စီးပြီးကတည်းက ယူဂိုဆလပ် ပြဿနာကို ဘယ်လို ဖြေရှင်းရမလဲဆိုတာ ကြိုပြီး စဉ်းစားထားပြီးသား ဖြစ်ပါတယ်။

■ **အင်အားချိနဲ့နေတဲ့ ရုရှက ဘာမှ မလုပ်နိုင်တဲ့ သဘောပေါ့။ ဘာဖြစ်လို့ ဆန္ဒပြပွဲတွေ မလုပ်ရတာလဲ။**

အဲဒီအချက်က မမှန်ပါဘူး။ ရုရှက လုပ်နိုင်တာတွေ အများကြီးရှိနေပါတယ်။ အခြေအနေတွေကို ကျွန်တော်တို့ဟာ အစောကြီးကတည်းက ဆန်းစစ်လေ့လာဖို့ ကောင်းပါတယ်။ သဘောကတော့ ယူဂိုစလားဗီးယားကို ဗုံးမကြဲခင်ကတည်းကပေါ့ဗျာ။ ကျွန်တော်တို့ရဲ့ မဟာမိတ်တွေရဲ့ ဆုံးဖြတ်ချက်အပေါ် ဩဇာပေးနိုင်စွမ်းရှိဖို့ပဲပေါ့။ ဘာပဲဖြစ်ဖြစ် အဖြစ်အပျက်တွေပေါ်မှာ သဘောထားခြင်း ကွဲလွဲနေတဲ့ နိုင်ငံတွေနဲ့ ပိုမို ပူးပေါင်းဆောင်ရွက်မှုရှိဖို့ လိုအပ်နေပါတယ်။

■ **ကျွန်တော်တို့ ဥရောပတိုက်နဲ့ ပူးပေါင်းဆောင်ရွက်ဖို့ ပြောနေတဲ့ အချိန်ကာလမှာပဲ ကျွန်တော်တို့တစ်တွေ ခေတ္တခဏလောက် ချေချင်းညှာကိစ္စကို ပြောကြရအောင်လား။ ချေချင်းညှာဒေသမှာ ငြိမ်းချမ်းရေးတပ်ဖွဲ့တွေ စေလွှတ်ဖို့ ခင်ဗျားသဘောတူပါသလား။**

အဲဒါ မေးစရာ မလိုပါဘူး။ တကယ်လို့ ကျွန်တော်တို့အနေနဲ့ ချေချင်းညှာကို လွတ်လပ်တဲ့ နိုင်ငံတစ်ခုအနေနဲ့ သဘောထားပြီးပြီဆိုတာနဲ့ ခင်ဗျားပြောတဲ့ ငြိမ်းချမ်းရေးတပ်တွေ စေလွှတ်ဖို့ဆိုတာ ဖြစ်နိုင်ပါတယ်။ လိုအပ်တယ် ဆိုရင် ချေချင်းညှာဒေသအနေနဲ့ ငြိမ်းချမ်းရေးတပ်တွေကို ပြန်လည်ရယူနိုင်မှာ ဖြစ်ပါတယ်။

■ **ကိုဆိုဗိုဟာ ယူဂိုဆလားဗီးယားရဲ့ ပိုင်နက်ထဲမှာပဲ ရှိနေပြီး စစ်တပ်တွေ ဝင်ရောက်နိုင်တယ်လို့ နေတိုးတွေက ပြောနေပါတယ်။**

အဲဒီကိစ္စကို ကျွန်တော်တို့ သဘောမတူကြောင်း ပြောနေတာပဲပေါ့။ ကိုဆိုဗိုဒေသမှာ နေတိုးလုပ်နေတာတွေဟာ မူလ သူတို့ ချမှတ်ထားတာတွေနဲ့ မကိုက်ညီဘူး ဖြစ်နေတယ်။

■ **ခင်ဗျားက 'ကျွန်တော်တို့ သဘောမတူဘူး'လို့ ပြောနေတယ်နော်။ နေတိုးဘက်ကကော ကမ်းလှမ်းမှုတွေ ရှိသလား။**

ချေချင်းညှာပြဿနာကို ပြေလည်စေဖို့ စေ့စပ်ရေးသမားတွေ ကျွန်တော်တို့က ကြိုဆိုဖိတ်ခေါ်နေတယ်လို့ ပြောတယ်ဆိုကြပါစို့။ တကယ်တော့ ကျွန်တော်တို့အနေနဲ့ ဘယ်စေ့စပ်ရေးသမားမှ မလိုဘူး။ စေ့စပ်ရေးသမားတွေခေါ်တာဟာ ပြဿနာကို နိုင်ငံတကာက သိအောင် လုပ်ခြင်းပါပဲ။ သဘောက စေ့စပ်ရေးသမားတွေလာမယ်။ ပြီးတော့ တခြားပုဂ္ဂိုလ်တွေ ပါလာမယ်။ ပြီးတော့ လေ့လာရေးသမားတွေ၊ စစ်ရေးလေ့လာရေးသမားတွေ၊ ပြီးတော့ ကုလသမဂ္ဂစစ်တပ်တွေ ရောက်ချလာမယ်။

■ **ဒါပေမယ့် ကုလသမဂ္ဂ လေ့လာရေးသမားတွေကိုကောဗျာ။**

ချေချင်းညှာကိစ္စမှာလား။ အင်း သူပုန်တွေအားလုံး နှိမ်နင်းပြီးရင်တော့ စစ်ဆင်ရေးတွေ ရပ်ပစ်မှာပါ။ ကျွန်တော်တို့က လာဖို့ အသင့်ဖြစ်နေပြီဆိုရင် ဖိတ်ခေါ်မှာပါ။

■ **ခင်ဗျား ချဉ်းကပ်တဲ့ နည်းလမ်းက ဘယ်လိုပါလဲ။ အဲဒီမိုးကုတ်စကော်ဝန်းမှာ ဥရောပတိုက်က မပါရှိတဲ့သဘောမျိုးလား။**

ခင်ဗျားဆိုချင်တဲ့ ဥရောပတိုက်က ဘယ်လိုပါလိမ့်။ အဲဒီကိစ္စကို ခွဲခြမ်းစိတ်ဖြာကြရအောင်လား။ မှန်တယ်။ ကမ္ဘာလောကကြီးက ပြောင်းလဲသွားပြီ။ ဘာမှ လျှို့ဝှက်ချက်တွေ မရှိတော့ဘူး။ ကုလသမဂ္ဂကလဲ ကမ္ဘာ့ချိန်ခွင်လျှာ အင်အားတွေကို စိတ်ထဲမှာ ရေးဆွဲပြဋ္ဌာန်းထားတယ်။ ကျွန်တော်တို့က ဒုတိယကမ္ဘာစစ်နောက်ပိုင်းမှာ စစ်အောင်နိုင်သူတွေ ဖြစ်ပါတယ်။

ဒါပေမယ့် ခုတော့ ကျွန်တော်တို့က အင်အားတဖြည်းဖြည်း ချိနဲ့လာတယ်။ ကုလသမဂ္ဂ ပဋိညာဉ်ကလဲ သက်ရောက်မှု ရှိနေပါရဲ့။ အဲဒါကို ဥရောပနိုင်ငံတွေက သဘောမကျကြဘူး။ ပြောင်းလဲပစ်ဖို့ ကြိုးစားနေကြပါတယ်။ ဥပမာ နေတိုးတွေ ချမှတ်ထားတဲ့ ဥပဒေတွေပေါ့။ အဲဒါကို ကျွန်တော်တို့ သဘောမတူနိုင်ဘူး။

လူတွေကတော့ မေးကောင်းမေးနေလိမ့်မယ်။ ၁၉၄၀ ခုနှစ်ကုန်မှာ နေတိုးတွေ ဖန်တီးထားတဲ့ ကိစ္စရပ်တွေပေါ့ဗျာ။ ဆိုဗီယက်ပြည်ထောင်စုကို နေတိုးအုပ်စုထဲ မဝင်ဖို့ တားဆီးပိတ်ပင်ခဲ့တာလေ။ ဒီတော့ ကျွန်တော်တို့က ဝါဆော စာချုပ်ချုပ်ဆိုရတာပေါ့။ ခုတော့ ဝါဆောနိုင်ငံများကလဲ မရှိတော့ပါဘူး။

■ **ဒါဆို နေတိုးထဲ ဝင်ဖို့ ပြန်စဉ်းစားမှာလား။**

စဉ်းစားရမှာပေါ့ဗျာ။ ဒါပေမယ့် လောလောဆယ်မှာတော့ မဟုတ်သေးဘူး။ ကျွန်တော်တို့ ပြောနေတာက ဘယ်လို နေတိုးလဲဆိုတာ ဖြစ်ပါတယ်။ ကုလသမဂ္ဂ



ပြဋ္ဌာန်းချက်တွေကို တိုက်ရိုက်ချိုးဖောက်တဲ့ နေတိုးကို ရည်ညွှန်းနေတာ ဆိုရင်တော့ အဲဒါကို ဆွေးနွေးဖို့ စိတ်ကူးထဲတောင် စဉ်းစားစရာ မလိုပါဘူး။ နေတိုးဟာ ရုရှနိုင်ငံရေးအရ အပြုသဘောဆောင်ပြီး ရင်းနှီးစွာ ပူးပေါင်းမယ်ဆိုရင်တော့ နေတိုးထဲဝင်ဖို့ဟာ ဆွေးနွေးရမယ့် အကြောင်းရာတစ်ခုပဲ ဖြစ်ပါတယ်။

အနှစ်ချုပ်ပြောရမယ်ဆိုရင်တော့ ရုရှနဲ့ နေတိုးတို့ဟာ ရုရှကို မိတ်ဖက်နိုင်ငံအဖြစ် အပြည့်အဝ ဆက်ဆံရင် ဆွေးနွေးဖို့ ဘာမှ မဖြစ်နိုင်စရာ မရှိပါဘူး။

ခင်ဗျားတို့အနေနဲ့ အဆိုပြုချက်တွေကို ပြုလုပ်နေမယ်ဆိုရင် ခင်ဗျားအနေနဲ့ ရေရှည်အကျိုးကို မျှော်ကိုးရမှာ ဖြစ်ပါတယ်။ ဒီမှာ ပြဿနာတွေ အများကြီး ရှိနေပါသေးတယ်။ နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး စသဖြင့်ပေါ့။ ဥပမာ ဘယ်အုပ်စု မဆိုပေါ့ဗျာ။ နေတိုးမှ ချွင်းချက်မဟုတ်ပါဘူး။ ဘယ်အုပ်စုမဆို လက်နက်တွေ အသုံးပြုရမှာဖြစ်ပြီး အဲဒါက ကာကွယ်ရေးလုပ်ငန်းအပေါ်မှာ အများကြီး အကျိုးသက်ရောက်မှု ရှိစေပါတယ်။

■ **ဒါပေမယ့် နေတိုအုပ်စုဝင်တွေက ခင်ဗျားပြောတဲ့ အယူအဆပေါ်မှာ ဘယ်လို သဘောထားသလဲ။**

နေတိုး ဖျက်သိမ်းရမှာ သိပ်ကြောက်လန့်နေကြတယ်။ ကျွန်တော် အဲဒီအချက်ကို ကောင်းကောင်း သဘောပေါက်ပါရဲ့။ တစ်နေ့မှာတော့ အင်အားကြီးနိုင်ငံတစ်ခုကတော့ အမေရိကန်ပြည်ထောင်စုပဲ။ ဒုတိယအင်အားကြီးနိုင်ငံတစ်ခု ပေါ်ပေါက်လာမယ်ဆိုရင် အဲဒီ အင်အားကြီးနိုင်ငံက ပထမတစ်ခုကိုတော့ မမီပါဘူး။ ဒါပေမယ့် အင်အားချိန်ခွင်ညှာကတော့ ပျက်စီးသွားမှာ ဖြစ်ပါတယ်။ နေတိုးအဖွဲ့အစည်းကို တည်ထောင်တဲ့ ပုဂ္ဂိုလ်ကြီးတွေက နေတိုးအဖွဲ့ကြီး ပျက်စီးသွားမှာ အရမ်းကို ကြောက်လန့်နေပါတယ်။ ကျွန်တော်ရဲ့ အမြင်ကတော့ နေတိုးအဖွဲ့ကြီး ပျက်သွားတာက ပိုကောင်းဖို့ပါပဲ။ သူတို့အဖို့ကတော့ အကောင်းကနေ အဆိုးဖြစ်သွားတာပါပဲ။

■ **ခုချိန်ထိတော့ အဲဒီလို မဖြစ်သေးဘူး။ ရုရှက နေတိုးကို ဝေဖန်တာဟာ ယူဂိုဆလပ်ကိစ္စမှာ တန်းတူရည်တူ လုပ်ပိုင်ခွင့် မရတဲ့ အဖွဲ့ဝင်တွေ ဖြစ်နေကြောင့်မို့လား။ တကယ်လို့ အဲဒီလို ပူးပေါင်းဆောင်ရွက်ခွင့် အပြည့်အဝ ရမယ်ဆိုရင်ကော။**

ဟုတ်တယ်။ ပြောချင်တဲ့ ကိစ္စက အဲဒါပဲ။ တကယ်လို့ ကျွန်တော်တို့ကို အမြဲတမ်း အဖွဲ့ဝင်အဖြစ် လက်ခံမယ်ဆိုရင် အဲဒီ ဆုံးဖြတ်ချက်ကို ချမှတ်မှာ

မဟုတ်ပါဘူး။ တခြား နိုင်ငံတစ်ခုရဲ့ ပြည်တွင်းရေးကိစ္စကို ဝင်ရောက်စွက်ဖက်မှု မျိုး ပြုလုပ်မှာ မဟုတ်ဘူး။ သူတစ်ပါးအတွင်းရေး ဝင်စွက်တာဟာ လူသားချင်း စာနာထောက်ထားတဲ့ ကိစ္စမဟုတ်သလို တရားမျှတတဲ့ လုပ်ရပ်လဲ မဟုတ်ပါဘူး။ ကျွန်တော် ယုံကြည်ထားတာ တစ်ခုကတော့ နေတိုးရဲ့ လုပ်ဆောင်ချက်ဟာ နိုင်ငံတကာ ဆက်ဆံရေးမှာ ကြီးကျယ်တဲ့ အမှားတစ်ခု ဖြစ်တဲ့အပြင် နိုင်ငံတကာ ဥပဒေရဲ့ အခြေခံ စည်းမျဉ်းတွေကို ချိုးဖောက်ထားတာလို့ ယုံကြည်ပါတယ်။

■ **၁၉၅၆ ခုနှစ်မှာ ဝါဆောနိုင်ငံအုပ်စုအဖွဲ့က ဟန်ဂေရီကို ကျူးကျော်တာ၊ ၁၉၆၈ ခုမှာ ချက်ကို ကျူးကျော်တာနဲ့ ယူဂိုဆလားဗီးယားကို နေတိုးက ကျူးကျော်တာ ဘာကွာပါသလဲ။ ဝါဆောအဖွဲ့ဝင် နိုင်ငံတွေလုပ်တဲ့ အလုပ်တွေ ကကော မဟာအမှားတွေပဲ မဟုတ်လားခင်ဗျ။**

၁၉၅၃ ခုနှစ်မှာ ဂျာမနီကို ကျွန်တော်တို့ ကျူးကျော်ခဲ့တာ ခင်ဗျားတို့ မေ့နေပြီနဲ့ တူတယ်။ ဟုတ်တယ်။ ဝါဆောနိုင်ငံတွေ လုပ်ရပ်တွေက ကြီးကျယ်တဲ့ အမှားတွေလို့ ကျွန်တော် ယုံကြည်ပါတယ်။ ဥရောပအရှေ့ပိုင်းမှာ ရုရှတွေ ကြီးစိုးရေး အယူအဆဟာ အဲဒီအမှားတွေရဲ့ အသီးအပွင့်တစ်ခုပဲ ဖြစ်ပါတယ်။

ဒါပေမယ့် သေသေချာချာ ကြည့်ဗျာ။ ရုရှနဲ့ ဥရောပတိုက် ဆက်ဆံရေးကို ကျွန်တော်ပြောနေတာ နေတိုးနဲ့ ဆက်ဆံရေးကို ချုံ့ပစ်နေတာ ဖြစ်ပါတယ်။ နေတိုးနဲ့ ဥရောပဟာ တစ်ခုတည်း မဟုတ်ပါဘူး။ ဥရောပတိုက်ရဲ့ ပေါ်လစီဟာ နေတိုးရဲ့ ပေါ်လစီ မဖြစ်စေရပါဘူး။ ကျွန်တော် ပြောခဲ့ပြီးပြီ။ ရုရှဟာ ဥရောပ ယဉ်ကျေးမှုတွေနဲ့ ဆက်စပ်နေခဲ့ပါတယ်လို့။ ဒါပေမယ့် နေတိုးယဉ်ကျေးမှုနဲ့တော့ မဆက်စပ်ပါဘူး။

■ **ကျွန်တော်တို့ ကြားနေရတာကတော့ ရုရှဟာ အင်အားချိနဲ့နေပြီ။ ဒီတော့ ပြည်တွင်းပြည်ပ ပြဿနာတွေ ဖြစ်နေရတာက အဲဒီ အားနည်းချက်ကြောင့်ပဲ ဖြစ်တယ်ဆိုတဲ့ အယူအဆတွေ ဖြစ်ပေါ်နေပါတယ်။ ခင်ဗျားရဲ့ အယူအဆ ကတော့ ပြည်ထောင်စု နိုင်ငံတော်ကြီးကို နိုင်မာအောင် လုပ်ရမယ်။ သဘော ကတော့ ခွန်အားကြီးမားတဲ့ နိုင်ငံတော်ကြီးပဲပေါ့လေ။ အဲဒါကတော့ သဘော ပေါက်နိုင်ပါတယ်။ ဆိုချင်တာက နိုင်ငံတော်ပိုင် လုပ်ငန်းတွေ၊ ဘဏ္ဍာတော် တွေကို ပြန်လည် ဖြည့်ဆည်းဖို့လား။**

အဲဒီလို မဟုတ်ပါဘူး။ လိုအပ်ရင်တော့ နိုင်ငံတော်ပိုင်လုပ်ငန်းတွေ အနည်း ကျဉ်း ထားရမှာပေါ့ဗျာ။ ဥပမာ ကာကွယ်ရေးလုပ်ငန်းပဲပေါ့။



■ **ဆိုချင်တာက ပုဂ္ဂလိကလုပ်ငန်းတွေ တိုးချဲ့ဖို့လား။**

ပထမဆုံးအချက်က ပုဂ္ဂလိကပစ္စည်းတွေနဲ့ ပတ်သက်တဲ့ ကာကွယ်စောင့် ရှောက်ပိုင်ခွင့် ဥပဒေ ပြဋ္ဌာန်းရမယ်။ နိုင်ငံတော်ရဲ့ ပဓာနကျတဲ့ လုပ်ငန်းတစ်ခုက ဥပဒေပြဋ္ဌာန်းခြင်းပဲလို့ ကျွန်တော် ခံယူပါတယ်။ ဥပဒေတွေ၊ ညွှန်ကြားချက်တွေ၊ ဥပဒေကဲ့သို့ တည်တဲ့ အမိန့်တွေပဲပေါ့။ ဒုတိယအချက်က အဲဒီဥပဒေတွေကို အသက်ဝင်အောင် လုပ်ရပါတယ်။ အသက်ဝင်လာရင်လဲ မပျောက်ပျက်အောင် ထိန်း သိမ်းရပါတယ်။

■ **ကျွန်တော်တို့ဆီမှာလဲ ဖော်ပြပါ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်တွေရှိပြီးသား မဟုတ်လား။ အခု ဘယ်ရောက်သွားသလဲ။**

ခင်ဗျားပြောတာ မှန်ပါတယ်။ လူထုက အစိုးရကို ဘာလို့ အယုံအကြည် ကင်းမဲ့နေရတာလဲ။ လူမှုရေး နယ်ပယ်မှာ သက်ရောက်ပျံ့နှံ့နေတဲ့ ဥပဒေတွေ ကြည့်ဗျာ။ ဥပမာ– တပ်မတော်သားတွေ၊ မိသားစုတွေအတွက် အခမဲ့ခရီးသွားလာခွင့် ကိစ္စ။ အဲဒါက ဥပဒေနဲ့ ပြဋ္ဌာန်းရမှာ။ ဒါပေမယ့် ဒီအသုံးစရိတ်ကို ကာကွယ်ရေး ဌာနက ပေးနေရတယ်။ အလားတူကိစ္စတွေ အများကြီးရှိသေးတယ်။ ဒီအခြေအနေ ကို ပြောင်းပစ်ချင်တယ်ဆိုရင်တော့ အစိုးရအနေနဲ့ လူကြိုက်မများတဲ့ လုပ်ငန်းရပ် တွေကို လုပ်ရတော့မှာ ဖြစ်ပါတယ်။

■ **လူကြိုက်မများတဲ့ လုပ်ရပ်က ဘာတွေလဲ။**

မကြာခင် နှစ်တွေက ချမှတ်ပေးထားတဲ့ လူမှုရေးဆိုင်ရာ အာမခံချက် တွေပဲပေါ့။ အဲဒါတွေနဲ့ ပတ်သက်ပြီး ဘာမှ မထောက်ပံ့ရသေးဘူး။ ကျွန်တော်တို့မှာ ဘာမှ ရွေးချယ်စရာ မရှိတော့ပါဘူး။

■ **တိတိကျကျ ပြောဗျာ။ စစ်သားတွေအတွက် အခမဲ့ခရီးသွားခွင့်လား။**

မှန်တာပေါ့။ စစ်သားတွေကော၊ အရပ်သားတွေပါ လစာတွေ တိုးပေးဖို့ မကောင်းဘူးလား။ ပိုက်ဆံပါပေးလိုက်ရင် သူတို့အနေနဲ့ အခကြေးငွေပေးစီးနိုင်တာ ပေါ့။ ခုလို အလကားပဲတင်း စီးစေတဲ့ အဖြစ်မျိုး မဖြစ်တော့ဘူးလေ။

လက်ဝဲအတွေးအခေါ် ဝင်လာတယ်ပြောလဲ ခံရမှာပဲ။ ပြည်သူအတွက် ဘာအကျိုးမှ မရှိတဲ့ ကိစ္စ။ အကူညီမဲ့နေတဲ့ လုပ်သားပြည်သူလူထုကို အလဲထိုးတာ မျိုး ဖြစ်နေတတ်တယ်။ ပြည်သူအကျိုးစီးပွားကို မလုပ်ပေးနိုင်ရင် အဲဒီအစိုးရက အစိုးရနဲ့ မတူတော့ဘူး။ အဲဒါကြောင့် ပြည်သူက အစိုးရကို အယုံကြည်မဲ့နေတာပဲ။

■ **ခင်ဗျား လက်ဝဲသမားတွေနဲ့ အပေးအယူလုပ်နေတာပေါ့။ လူကြိုက်မများတဲ့ ဆုံးဖြတ်ချက်တွေ ချမှတ်တာက ခင်ဗျားက လက်ဝဲသမားတွေနဲ့ ပူးပေါင်းတာ ပေါ့နော်။ ဒါကြောင့် ဆီလေညက်(ဖ)ကို ပြောရေးဆိုခွင့်ရှိတဲ့ နေရာမှာ ထားတာပေါ့။**

လက်ဝဲသမားတွေ ကျွန်တော်လိုအပ်ပါတယ်။ ဆီလေညက်(ဖ)နဲ့ ဖယူဂါနော့(ဗ)ကို အရာရာကို သန့်စင်တဲ့ မျက်နှာနဲ့ ရင်ဆိုင်ဖို့ ပြောခဲ့ပါတယ်။

■ **ကွန်မြူနစ်တွေနဲ့အတူ ခင်ဗျားကော သန့်စင်တဲ့ မျက်နှာနဲ့ ပူးပေါင်းမလို့လား။**

နားထောင်ပါ။ ကျွန်တော်တို့ရဲ့ လွှတ်တော်မှာ ကွန်မြူနစ်တွေနဲ့ အမြဲပူးပေါင်းနေတာပဲ ဥစ္စာ။ ကွန်မြူနစ်တွေရဲ့ သဘောတူညီချက် မပါဘဲနဲ့ ဘယ်ဥပဒေမှ မပြဋ္ဌာန်းနိုင်ပါဘူး။ ကျွန်တော်တို့နိုင်ငံမှာ ပါတီတွေ အမြောက်အမြား ရှိနေပါတယ်။ အုပ်စုတွေ၊ အဖွဲ့အစည်းတွေလဲ အများကြီးရှိပါတယ်။ လူမှုရေးအရ ကျောထောက်နောက်ခံ မရှိဘဲနဲ့ အဖွဲ့အစည်းတွေ အများကြီး ဖွဲ့ထားကြပါတယ်။ ကွန်မြူနစ်တွေကတော့ ပါတီကြီး ဖြစ်တယ်။ လူမှုရေး ကျောထောက်နောက်ခံလဲ ရှိပါတယ်။ သူတို့ကတော့ အယူဝါဒရေး အစွဲလန်း သိပ်ကြီးတယ်ဗျ။

■ **ဘယ်လို အယူဝါဒရေး အစွဲအလန်းကြီးတာလဲ။**

ဥပမာပေးရရင် နိုင်ငံပိုင် ပြုလုပ်ရေးကိစ္စလိုဟာမျိုးပေါ့။

■ **အဲဒါမျိုး အဖြစ်ခံဦးမှာလား။**

ဘယ်တော့မှ ပြန်မဖြစ်နိုင်တော့ပါဘူး။ ကျွန်တော်တို့အနေနဲ့ အဓိကလွှမ်း မောစရာကိစ္စကြီးတွေ တစ်ရပ်ကို မဖြစ်စေတော့ပါဘူး။ အဲဒီပုံစံ အနေအထားမျိုးကို ကွန်မြူနစ်တွေ ထိန်းချုပ်ထားရင် အဲဒီလိုလူတွေနဲ့ ပူးပေါင်းပြီး မလုပ်ပါဘူး။ တစ်ခုတော့ ရှိတယ်၊ ဥပဒေကြောင်းနဲ့ မညီတဲ့ လုပ်ရပ်မျိုး ပေါ်ပေါက်ခဲ့တာကတော့ တစ်မျိုးပေါ့ဗျာ။

ကွန်မြူနစ်တွေအနေနဲ့ သူတို့ရဲ့ အန္တိမရည်ရွယ်ချက်တွေကို ပြောင်းလဲပစ်ဖို့ လိုအပ်ပါတယ်။ ဥရောပတိုက်မှာရှိနေတဲ့ လက်ဝဲအဖွဲ့အစည်း ပုံစံတွေမျိုးလုပ်ရင် ဖြစ်ပါတယ်။ အဲဒီလမ်းကြောင်းလိုက်ရင် သူတို့ သက်စိုးရှည်နိုင်ပါတယ်။

■ **သူတို့ အဲဒီလို ယုံဖို့ ခက်တယ်လေ။**

ခေါင်းဆောင်တွေ သဘောပေါက်ရင် သူတို့ရဲ့ လမ်းစဉ်တွေကို ပြောင်းလဲပစ်ကြမှာပါ။ လောလောဆယ်ဆယ်မှာတော့ သူတို့အနေနဲ့ ပြောင်းလဲနိုင်မှာ မဟုတ်ပါဘူး။ ပြောင်းရမှာကို ကြောက်နေကြပါတယ်။



■ **လူတော်တော်များများအဖို့ 'ခိုင်မာတဲ့အာဏာ' ရလိုမှုဟာ အာဏာရှင်စနစ်နဲ့ ဆက်နွယ်နေတယ် မဟုတ်လား။**

ကျွန်တော်ကတော့ ခိုင်မာတဲ့ အာဏာလို့ မသုံးဘူးဗျာ။ ထိရောက်တဲ့ ဩဇာအာဏာလို့ပဲ သုံးချင်ပါတယ်။

■ **ဒါကတော့ ခင်ဗျားကြိုက်သလို သုံးပေါ့ဗျာ။ အာဏာက ဘယ်လို ထိရောက်မှု ရှိလာမှာလဲ။ ထိရောက်မှု ရှိအောင် ဘယ်လိုတည်ဆောက်မှာလဲ။**

တရားရုံးတော်က လုပ်လိမ့်မယ်လေ။ ဥပဒေပြဋ္ဌာန်းပြီးတာနဲ့ တရားရုံးတွေနဲ့ ရုံးတော်ကို ကိုယ်စားပြုနေတဲ့ အဖွဲ့အစည်းတွေက လုပ်ကြလိမ့်မပေါ့ဗျာ။ တရားရုံးတော်တို့၊ ဥပဒေနဲ့ သက်ဆိုင်တဲ့ အဖွဲ့အစည်းတို့ဆိုတာက အခကြေးငွေ မပေးဘဲနဲ့ မရပါဘူး။ ဘာလို့ အခကြေးငွေ မပေးဘဲ နေရမှာလဲ။ ဆိုဗီယက်ခေတ်ကာလ အသိစိတ်တွေ ကျွန်တော်တို့ဆီမှာ စွဲနေတုန်းပဲ ဖြစ်ပါတယ်။ ဘယ်လို စိတ်ကူးမျိုးလဲ စဉ်းစားကြည့်လေ။ 'တရားရုံးတော်ဆိုတာ ဘာမှ မဟုတ်ဘူး၊ ဘာမှ ပိုပြီး ထူးတာလဲ မဟုတ်ဘူး။ ဘာမှ လုပ်ပေးနိုင်တာလဲ မဟုတ်ဘူး။ ဒေသပါတီကော်မတီကပဲ အားလုံးကို အဆုံးအဖြတ်ပေးနေတာ။ အဲဒါက အရေးကြီးတာ၊ တရားသူကြီးတွေက ဘာလုပ်နိုင်တာမှတ်လို့။ အဲဒီ ဒေသပါတီကော်မတီက ပြောတာလိုက်လုပ်နေရတာ'

တရားသူကြီးတွေကို လစာငွေကောင်းကောင်းပေးဖို့ မလိုဘူး။ သာမန်အမှုထမ်းတစ်ယောက်လိုပဲ လစာပေးရင်ရပြီလို့ ထင်နေကြတယ်။

■ **ခု– ပြည်နယ်အုပ်ချုပ်ရေးမှူးတွေက ခင်ဗျားပြောတဲ့ ထိရောက်တဲ့ ဩဇာအာဏာကို အသုံးပြုနိုင်ဖို့ ခက်ခဲနေပါလိမ့်မယ်။ သူတို့ရဲ့ လွတ်လပ်မှုကို ခင်ဗျားအနေနဲ့ ဖြတ်တောက်လိမ့်မယ်လို့ ထင်နေကြတယ်ဗျ။**

ကျွန်တော်တို့အနေနဲ့ ဒေသန္တရဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ရေးနဲ့ အုပ်ချုပ်ရေးမှူးတွေ ရွေးချယ်ရေးဆိုတာတွေကို ရွေးချယ်ရမှာ ဖြစ်ပါတယ်။ အဲဒီနှစ်ခုဟာ ချိန်ခွင်ညှာ မျှတဖို့ လိုပါတယ်။ ပြည်နယ်အုပ်ချုပ်ရေးမှူးတွေ ရွေးချယ်ဖို့ကို စဉ်းစားမယ်ဆိုရင် သူတို့ကို ဆန့်ကျင်တဲ့ ဥပဒေတွေကို ဖယ်ရှားပစ်ဖို့ လိုပါတယ်။ ဆိုချင်တာက ရုံးခန်းထဲကနေပြီး ဖယ်ရှားဖို့ပါပဲ။

■ **လူတွေ ဖြုတ်ပြီး အသစ်ရွေးဖို့ပေါ့။**

ကျွန်တော်တို့အနေနဲ့ ဗဟိုနဲ့ ဆက်သွယ်ဝန်းရံပြီး လုပ်တဲ့စနစ်ကို ကျင့်သုံးဖို့ လိုပါတယ်။ သီးသန့်လွတ်လပ်မှုဆိုတာတော့ မရှိနိုင်ပါဘူး။

■ **ဆိုချင်တာက သတိမမူတဲ့ စနစ်ပေါ့။**

သတိမမူမိတာလို့၊ ဩဇာလွှမ်းချင်တာလို့ပေါ့ဗျာ။ ရုရှဖက်ဒရေးရှင်း အဖွဲ့ဝင် အားလုံးဟာ ဖက်ဒရယ်ဗဟိုရဲ့ စီးပွားရေး ညီတူမျှဝေ ခံစားမှုအောက်မှာ ရှိနေရမှာ ဖြစ်ပါတယ်။ အာဏာခွဲဝေတဲ့ ကိစ္စနဲ့ပတ်သက်ပြီး နားလည်သဘောတူညီမှု တော်တော်များများကို ရထားပြီး လက်မှတ်ထိုးထားပြီး ဖြစ်ပါတယ်။ တချို့ ဖက်ဒရေးရှင်း ခေါင်းဆောင်ကတော့ မညီမျှတဲ့ အခွင့်အရေးတွေကို ရယူချင်နေကြပါတယ်။

■ **ဥပမာ တတာဆန်ပေါ့။**

ဟုတ်ပါတယ်။

■ **ရှိုင်မီယက်(ဖ)[၁]က ခင်ဗျားကို နားလည်မှာ မဟုတ်ဘူးနော်။**

ခင်ဗျားအထင်မှားနေတာ။ သူက ကျွန်တော့်ကို နားလည်သဘောပေါက်ပါတယ်။ သူနဲ့ ကျွန်တော် ယေဘုယျ သဘောတူညီချက်တွေ တော်တော်များများ ရခဲ့ပြီးပါပြီ။ သူကလဲ ကျွန်တော့်ရဲ့ ကိစ္စ အတော်များများကို သဘောတူညီခဲ့ပါတယ်။

နိုင်ငံရဲ့စီးပွားရေးနဲ့ နိုင်ငံရေးတွေ ဘက်ပေါင်းစုံကနေ ပျက်စီးနေတယ်ဆိုတာ ကျွန်တော်တို့ နားလည်သဘောပေါက်ထားပါတယ်။ အဲဒါက ပထမဦးစားပေး လုပ်ငန်းပါပဲ။

နောက်တစ်ဆင့်ကတော့ သိပ္ပံပညာနဲ့ ပညာရေးပဲ ဖြစ်ပါတယ်။ ခေတ်မီတဲ့ မန်နေဂျာ (စီမံခန့်ခွဲသူတွေ) မရှိဘဲနဲ့၊ ဘာလုပ်ရမယ်ဆိုတာကို ခေတ်ပြိုင်အသိနဲ့ နားလည်သဘောပေါက်ခြင်း မရှိဘဲနဲ့၊ ဒီ နားလည်သဘောပေါက်မှုတွေကို လုပ်ဆောင်သူတွေ မရှိဘဲနဲ့ အထက်ဖော်ပြပါ လုပ်ငန်းရပ်တွေကို လုပ်ဆောင်လို့ မရပါဘူး။

■ **ဒါပေမယ့် ခင်ဗျားပြောတဲ့ သူတွေ နိုင်ငံခြား ထွက်သွားကြကုန်ပြီ မဟုတ်လား။**

အကုန် မဟုတ်သေးပါဘူး။ အရေးကြီးဆုံး အချက်ကို ကျွန်တော်တို့ ရထား ပါတယ်။ သိပ္ပံပညာနဲ့ ပညာရေးပဲပေါ့။ အဲဒါတွေ ပျက်စီးသွားရင်တော့ အားလုံး သွားပြီ၊ ပျက်စီးသွားပြီ။

---

၁။ ရှိုင်မီဖက်(ဖ)၊ တတာဆန်ဆယာသမတ။



■ **ခုပြောတာတွေလုပ်ဖို့ ပိုက်ဆံ ဘယ်က ရမှာလဲ။**

ပိုက်ဆံသိပ်မလိုပါဘူး။ ပြဿနာကလဲ ငွေကြေးမဟုတ်ဘူး။ နားလည်မှု။

■ **ကျွမ်းကျင်သူ လူငယ်တွေ ပိုက်ဆံ ဘယ်လောက်ပေးရမှာလဲ။**

အနောက်နိုင်ငံမှာတော့ တစ်လ ဒေါ်လာ ၅၀၀၀ ပေးရမှာပေါ့။ ကျွန်တော်တို့ အနေနဲ့ ပေးပါဆိုရင်တော့ တစ်လ ဒေါ်လာ ၂၀၀၀ လောက် ပေးရမှာပေါ့။ သဘောတရားအရ ပြောတာ။

■ **အို**

ဟုတ်တယ်။ တစ်လ အဲဒီလောက်ပေးရင် နိုင်ငံကနေ တခြား ထွက်သွားမှာ မဟုတ်တော့ဘူး။ ကိုယ့်နိုင်ငံမှာ ကိုယ်နေရမယ်။ ကိုယ့်ဘာသာစကားပြောတဲ့ နေရာမှာ နေရမယ်။ ကိုယ်နဲ့ ရင်းနှီးကျွမ်းဝင်တဲ့ လူတွေ၊ သူငယ်ချင်း၊ မိတ်ဆွေ၊ မိသားစု၊ ဆွေမျိုးစတာတွေနဲ့ နေချင်ကြမှာပေါ့။ ပိုက်ဆံနည်းပေမယ့် ဥမကွဲသိုက်မပျက် နေရတာ အမြတ်လို့ ယူဆထားကြတယ်။

■ **ခင်ဗျားက စစ်တပ်ကိုကော၊ တရားသူကြီးတွေကော၊ တခြား အစိုးရရာထူးကြီးကြီး ပုဂ္ဂိုလ်တွေကို လစာငွေ ကောင်းကောင်း ပေးချင်နေတယ်။ ပြီးတော့ ပညာရေးနဲ့ သိပ္ပံပညာရပ်အတွက်လဲ ငွေအရမ်းကာရော သုံးစွဲ ချင်တယ်။ ဒီတော့ လိုအပ်တဲ့ ငွေ ဘယ်ကနေရမှာလဲ။ တကယ်လို့ အမေရိကန်တွေက အရန် ရေနံတွေကို ရောင်းချလိုက်ရင်ကော။ ရေနံဈေးတွေ ကျကုန်မှာပေါ့။**

ကျွန်တော်တို့မှာ ပိုက်ဆံရှိပါတယ်။ ဒါပေမယ့် အဲဒီပိုက်ဆံတွေက ကျွန်တော် တို့ရဲ့ လက်တွေထဲကနေ လျှောကနဲ လျှောကနဲ ထွက်နေပါတယ်။ ခိုင်မာတဲ့ နိုင်ငံတော်တစ်ရပ် မဖြစ်သေးခင်တော့ တခြားနိုင်ငံတွေရဲ့ အရန်ရေနံတွေပေါ်မှာ မှီခိုနေရဦးမှာပဲ။

■ **ခင်ဗျားက တရားဥပဒေ ကျွမ်းကျင်သူတစ်ယောက်နော်။ တရားဥပဒေဆိုတာက အမြဲတည်မြဲပါသလား။**

တရားဥပဒေဆိုတာ ဆန်းစစ်လေ့လာရမှာပါ။ ဥပဒေတစ်ခုက ခေတ်မမီတော့ဘူးဆိုရင် ပြင်ရမှာ ဖြစ်ပါတယ်။ တရားဥပဒေ သဘောတရား တစ်ခုရှိပါရဲ့။ အဲဒါကတော့ ဥပဒေရဲ့ တောင်းဆိုချက်လဲ ဖြစ်ပါတယ်။ ဘဝရဲ့ နောက်ဘက်မှာ ကျန်ခဲ့မယ်၊ ဘဝနဲ့ သဟာဇာတ မဖြစ်ဘူးဆိုရင် အဲဒီဥပဒေကို ပြင်ရမှာပါ။

■ **ကျွန်တော်တို့ရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကကော။ ဘဝနဲ့ သဟာဇာတ ဖြစ်ရဲ့လား။ နောက်ဘက်မှာ ကျန်နေခဲ့သလားလို့။**

ဖွဲ့စည်းအုပ်ချုပ်ပုံဆိုတာက ယေဘုယျအခြေခံ ဥပဒေတွေမှာ အတောက်ပဆုံး အပြောင်မြောက်ဆုံး ဖြစ်ရမှာပါ။ ဒီတော့ သာမန်ဥပဒေ တစ်ရပ်ထက် ပိုပြီး အစွန့်ရှည်ရမှာ ဖြစ်ပါတယ်။ ဒါက သဘာဝပါပဲ။ ဖွဲ့စည်းအုပ်ချုပ်ပုံဟာ လူ့အဖွဲ့အစည်းရဲ့ တချို့တရားဥပဒေတွေကို ရေရှည်တည်တံ့စေရပါတယ်။ ပြင်ဆင်ဖြည့်စွက်ချက်တွေတော့ ပြုရမှာပေါ့ဗျာ။

■ **ပြင်ဆင်ချက် ဥပဒေတွေကို သမ္မတရဲ့ အခွင့်အာဏာနဲ့ ဖြစ်နိုင်ကြောင်း အခြေခံဥပဒေမှာ ထည့်ထားပါသလား။ ပြင်ဆင်ချက် ဥပဒေကို ကန့်သတ်ထားရမှာလား။ ဒီတော့ ပြင်ဆင်ချက်ဥပဒေကို အတည်ပြုလိုက်ပြီ။ သမ္မတရဲ့ ရုံးသက်တမ်းက (၇) နှစ်။**

ကျွန်တော်တော့ ဘာမှ မသိဘူး။ ၄ နှစ်နဲ့ လုံလောက်မယ်လို့တော့ မထင်ပါဘူး။ ဒါပေမယ့် ၄ နှစ်သက်တမ်းကတော့ နည်းပါတယ်။ ဥပဒေကြောင်းကို တတ်ကျွမ်းတဲ့လူတွေက တစ်နှစ်ပြီးတစ်နှစ် ထိထိရောက်ရောက် လုပ်ကိုင်နေပါတယ်။ ပထမပိုင်းက ရည်မှန်းချက်နဲ့ နှစ်ကာလတွေ သတ်မှတ်ဖို့ ဖြစ်တယ်။ ဒုတိယနဲ့ တတိယ နှစ်သက်တမ်းကတော့ တိကျတဲ့ လုပ်ဆောင်ချက်ရလဒ် အဖြေတွေ ရယူရမယ်။ တတိယနှစ်သက်တမ်း နိဂုံးနဲ့ စတုတ္ထနှစ်သက်တမ်းအစမှာတော့ ရလဒ်တွေ အားလုံး အဖြေရှာရမယ်၊ နောက်နှစ် ရွေးကောက်ပွဲ လှုပ်ရှားမှုအတွက် ပြင်ဆင်ရမှာ ဖြစ်ပါတယ်။ အဲဒီစက်ဝိုင်းက ပုံမှန်မဟုတ်တော့ဘဲ ပျက်စီးသွားခဲ့ရင် အားလုံးဟာ ကစဉ့်ကလျား ဖြစ်သွားတော့မှာ ဖြစ်ပါတယ်။ ဘာမှ ရှေ့ဆက်လုပ်လို့လဲ ရမှာ မဟုတ်တော့ဘူး။ လာမယ့် ရွေးကောက်ပွဲအတွက် ဘာမှလဲ ပြင်ဆင်ထားနိုင်မှာ မဟုတ်တော့ဘူး။

■ **သမ္မတရဲ့ အခွင့်အာဏာက ဘာတွေပါလိမ့်။**

ကျွန်တော် ဘာမှ မပြဋ္ဌာန်းနိုင်ပါဘူး။ ပြင်ဆင်ချက်တွေကိုတော့ သမ္မတက ပြုလုပ်နိုင်ပါတယ်။ ဥပဒေတွေ ဘာပြဋ္ဌာန်းထားသလဲဆိုတာ သေသေချာချာ လေ့လာရမယ်။ အဲဒီဥပဒေဟာ လူ့အဖွဲ့အစည်းနဲ့ နိုင်ငံတော်ရဲ့ အကျိုးစီးပွားနဲ့ အဆင်ပြေရဲ့လားဆိုတာ သုံးသပ်ရမှာ ဖြစ်ပါတယ်။ တကယ်လို့ သမ္မတရဲ့ အခွင့်အာဏာနဲ့ ပတ်သက်ပြီး လုပ်ပိုင်ခွင့် ချွင်းချက်ထားရှိတယ်ဆိုရင် အဲဒါကို ပြန်လှန်သုံးသပ်ရမှာ ဖြစ်ပါတယ်။ အဲဒီကိစ္စကိုလဲ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးဖို့ လိုအပ်တယ်လို့လဲ ကျွန်တော် ယူဆပါတယ်။ ဒါပေမယ့် အစောပိုင်းကတည်းက ရုရှဟာ ဗဟိုဦးစီး



ချုပ်ကိုင်ထားတဲ့စနစ်ဖြစ်ပါတယ်။ တရားဥပဒေဆိုတာ နိုင်ငံတစ်နိုင်ငံရဲ့ လူမျိုးတွေ ရိုးရာအစဉ်အလာတွေ၊ ပြည်သူလူထုရဲ့ စိတ်ဓာတ်တွေကိုပါ ထည့်သွင်းစဉ်းစားရမှာ ဖြစ်ပါတယ်။

■ **ခင်ဗျားအနေနဲ့ တရားဥပဒေနဲ့ပတ်သက်လို့ အဲဒီကိုမျိုး စဉ်းစားထားတယ်ဆိုရင် ရုရှအစဉ်အလာဟာ သက်ဦးဆံပိုင်ဘုရင်စံနစ် အစဉ်အလာကို မေ့ထားလို့ မရဘူးနော်။ အဲဒီ ဘုရင်စံစနစ်ကို ပြန်လည် အသက်သွင်းရမှာလား။**

အဲဒီလို သက်ဦးဆံပိုင် ဘုရင်စနစ်ရှိရမယ်လို့ ပြောတာ မဟုတ်ဘူး။ ဒါပေမယ့် ယေဘုယျအားဖြင့် တချို့အချိန်ကာလတွေမှာ တချို့ နေရာဒေသတွေမှာ သက်ဦးဆံပိုင် စနစ်က တည်မြဲနေတုန်းဖြစ်သလို အရေးပါ အရာရောက်တဲ့ အခန်းကဏ္ဍကနေ ရှိနေတုန်းပဲ ဖြစ်ပါတယ်။ ဥပမာ စပိန်နိုင်ငံပဲ ဖြစ်တယ်ပေါ့။ သက်ဦးဆံပိုင်ဘုရင်စနစ်ဟာ အာဏာရှင်စနစ်နဲ့ တစ်ပါတီအာဏာရှင် စနစ်ရဲ့ ဆားအန္တရာယ်ကနေ အကာအကွယ်ပေးနိုင်ပါတယ်။ သက်ဦးဆံပိုင် စနစ်က တည်ငြိမ်တဲ့ အခန်းကဏ္ဍမှာ ရှိပါတယ်။ ရွေးချယ်တင်မြှောက်ခြင်းခံရသလား၊ မခံရဘူးလားဆိုတဲ့ ပြဿနာမျိုးလဲ မကြုံတွေ့ရပါဘူး။ ရွေးကောက်ပွဲကိစ္စတွေနဲ့ ပတ်သက်ပြီးလဲ စိတ်ပူစရာ မရှိဘူး။ ရွေးကောက်ပွဲ ဝင်မယ့်လူတွေပေါ်မှာလဲ ဘယ်လိုဩဇာလွှမ်းမိုးမလဲ ဆိုတဲ့ ပြဿနာတွေလဲ ပူနေစရာ မလိုတော့ဘူး။ ပြည်သူလူထုရဲ့ ကိစ္စတွေပဲ စဉ်းစားစရာ လိုပါတော့တယ်။

■ **ဒါဆိုဝန်ကြီးချုပ်က အားလုံးကို စီစဉ်ဆောင်ရွက်ရမှာပေါ့။**

ဟုတ်တယ်။ အစိုးရက လုပ်ဆောင်ရမယ်။

■ **ဒါပေမယ့် ရုရှမှာ အဲဒီကိစ္စက ဖြစ်နိုင်ပါ့မလား။**

မဖြစ်နိုင်ဘူးလို့ ထင်ထားရမယ့် အချက်တွေ အများကြီး ရှိနေပါရဲ့။ ဒါပေမယ့်ဗျာ၊ ဆိုဗီယက်ပြည်ထောင်စုကိစ္စပဲ စဉ်းစားကြည့်ပါ။ ခုလောက် လွယ်လွယ်ကူကူ ပြိုကွဲလိမ့်မယ်လို့ ဘယ်သူထင်ထားသလဲ။ ခုလို ဖြစ်ရပ်ဆိုး၊ အိပ်မက်ဆိုးတွေ ကြုံလာလိမ့်မယ်လို့ဘယ်သူ မျှော်မှန်းထားသလဲ။

■ **စိန့်ပီတာစဘတ်မြို့မှာ ဇာဘုရင် ဝူသွင်း မြှုပ်နှံပွဲမှာ ခင်ဗျား တက်ရောက်ခဲ့ပါသလား။**

မတက်ခဲ့ပါဘူး။

■ **အဲဒီလို မြုပ်နှံတာ သင့်တော်တယ်လို့ ယူဆပါသလား။**

ယူဆပါတယ်။

■ **အစိုးရနဲ့ စီးပွားရေးလုပ်ငန်းကြီးတွေ ဆက်နွယ်မှု ရှိရမယ်လို့ ယုံကြည်ပါသလား။**

လုံးဝဥဿုံ ယုံကြည်ထားပါတယ်။ ဘာကြောင့်လဲဆိုတော့ ကီစွတော်တော်များများက စီးပွားရေးလုပ်ငန်းကြီးတွေနဲ့ ဆက်စပ်ပတ်သက်နေလို့ပါပဲ။ ဒါပေမယ့် အစိုးရနဲ့ စီးပွားရေးလုပ်ငန်း ဆက်နွယ်မှု ကိစ္စရပ်တွေမှာတော့ စည်းမျဉ်း စည်းကမ်း ဥပဒေတွေ ချမှတ်ထားဖို့ လိုအပ်ပါတယ်။ စီးပွားရေးလုပ်ငန်းမှာလဲ စည်းကမ်းဥပဒေတွေ ရှိနေရပါတယ်။ ဒါမှလဲ အစိုးရက သူ့သဘောကျ စွက်ဖက်မှုတွေ မလုပ်နိုင်မှာ ဖြစ်ပါတယ်။ အစိုးရနဲ့ စီးပွားရေး လုပ်ငန်းရှင်တွေ အချိုးစား ညီမျှစွာနဲ့ ဆက်ဆံနိုင်မှာ ဖြစ်ပါတယ်။

■ **ဒီတော့ စီးပွားရေးလုပ်ငန်းရှင်ကြီးတွေနဲ့ ဆက်သွယ်မှုကို မပြတ်တောက်ရေးဆိုတဲ့ ခံယူချက် ခင်ဗျားမှာ ရှိတယ်ပေါ့။**

မှန်ပါတယ်။ နိုင်ငံတော်အနေနဲ့ အလုပ်သမားတွေ၊ ပြီးတော့ အလုပ်သမားသမဂ္ဂတွေ၊ လုပ်ငန်းရှင်ကြီးတွေရဲ့ ကိုယ်စားလှယ်တွေ၊ ထုတ်လုပ်သူတွေနဲ့ ဆက်သွယ်မှု ရှိနေရမှာ ဖြစ်ပါတယ်။ အဓိက ကုမ္ပဏီကြီးတွေ၊ လုပ်ငန်းရှင်ကြီးတွေရဲ့ ပေါ်လစီတွေအပေါ် မှီခိုနေရမှာ ဖြစ်ပါတယ်။ ဒီတော့ လုပ်ငန်းရှင်ကြီးတွေနဲ့ ဆက်သွယ်ရတဲ့ ပြဿနာရပ်ကို ကျွန်တော်က မသိဟန်ဆောင်ထားလို့ ဘယ်လို ဖြစ်မှာလဲ။ ဒါပေမယ့် နိုင်ငံတော်က စီးပွားရေးကို အမိန့်ပေးလို့ မရပါဘူး။

■ **တွေ့ဆုံဆွေးနွေးခန်း တစ်ခုမှာ ဘောရစ် ဆီရော့(ဖ)စကီး[*]က ယခုလို ပြောခဲ့ဖူးတယ်နော်။ သူနဲ့ ခင်ဗျားဟာ တစ်လတစ်ကြိမ် တွေ့ဆုံကြသတဲ့။ အဲဒါ မှန်သလား။**

အမြဲတမ်းတော့ မဟုတ်ပါဘူး။

---

[*] ထင်ရှားသော ဩစာတိက္ကမကြီးမားသည့် စီးပွားရေးလုပ်ငန်းရှင်၊ အစိုးရ လိုလားသည့် ORT ရုပ်သံ အသံလွှင့်ရုံပိုင်ရှင်။ ချေချင်ညာပြဿနာတွင် တက်ကြွသော ကဏ္ဍမှ ပါဝင်။ ယုံဆင်လက်ထက်တွင် အမျိုးသား လုံခြုံရေးဌာန ဒုတွဲဘက် အတွင်းရေးမှူး တာဝန်ထမ်းဆောင်ခဲ့။



■ **ဘယ်သူက စီစဉ်တာလဲ။**

သူက စီစဉ်တာပါ။ သူက လျင်မြန်ဖြတ်လတ်တဲ့ ပုဂ္ဂိုလ်။ သူ့စိတ်ကူးစိန်သန်းတွေက ကော့ကေးရှပ်နဲ့ နွယ်နေတယ်လေ။ ချေချင်းညာကိစ္စ၊ ကာရာချေချကက်တက်စီးယား ကိစ္စတွေနဲ့ ပတ်သက်ပြီး ပြောကြဆိုကြပါတယ်။ ပြီးတော့ သူက လုံခြုံရေးကောင်စီရဲ့ တွဲဘက်အတွင်းရေးမှူး တစ်ယောက် ဖြစ်ပါတယ်။ ကျွန်တော့် အမြင်ကတော့ ချေချင်းညာကိစ္စနဲ့ ပတ်သက်လို့ သူ့တင်ပြချက်တွေက မထိရောက်ဘူး။ လက်တွေ့မကျဘူး။ သူနဲ့ ကျွန်တော် တွေ့ကြတာ မှန်ပေမယ့် အဲဒီဆွေးနွေး ပွဲတွေမှာ စီးပွားရေးသမားတွေလဲ ပါပါတယ်။ ဥပမာ ပီတာအာမင်၊ ပိုတာနင်နဲ့ အလက်ပါရော့(ဖ)တို့ ဖြစ်ပါတယ်။

■ **ခင်ဗျားရဲ့ နီးပြောပြချက်အရကတော့ ခင်ဗျားရဲ့ လုပ်ငန်း အပေါင်းအသင်းနဲ့ ဆွေးနွေးတိုင်ပင်တာ သဘောမကျဘူးတဲ့။ ဒါပေမယ့် ကျွန်တော်တို့ကတော့ လူတွေကို စိတ်ဝင်စားပါတယ်။ ဘောရစ်ယုံဆင်နဲ့ ပတ်သက်ပြီးတော့ ခင်ဗျားရဲ့ အမြင်ပြောပါ။**

ဘာလဲ၊ ခင်ဗျားက ရာဇဝင်မှာ သူ့ရဲ့ အခန်းကဏ္ဍကို ဝေဖန်စိစစ်ခိုင်းနေတာလား ဗျ။

■ **ခင်ဗျားနဲ့ယုံဆင် ပုဂ္ဂိုလ်ရေးအရ ရင်းနှီးမှု ရှိပါသလား။**

ပုဂ္ဂိုလ်ရေးအရ မရင်းနှီးပါဘူး။ လုပ်ငန်းအရတော့ ရင်းနှီးခိုင်မာတဲ့ ဆက်ဆံရေး ရှိပါတယ်။ သူက ကျွန်တော့်ကို ကောင်းကောင်းမွန်မွန် ဆက်ဆံပါတယ်။ အဲဒီအတွက် ကျွန်တော် ဝမ်းသာပါတယ်။ ပုဂ္ဂိုလ်ရေးဘဝအနေနဲ့ကတော့ တွေ့ဆုံတာမျိုး မရှိပါဘူး။

■ **ခင်ဗျား တင်းနစ်ကော ကစားပါသလား။**

ကျွန်တော် တင်းနစ် မကစားပါဘူး။ ယုံဆင်သမ္မတအဖြစ် အနားမယူခင်မှာ အလုပ်ကိစ္စနဲ့ နွယ်ပြီး သူ့အိမ်ကို တစ်ကြိမ်ရောက်သွားခဲ့ပါတယ်။ သူရာထူးက နှုတ်ထွက်မယ့်အကြောင်း ကျွန်တော့်ကို တိုင်ပင်ဆွေးနွေးပါတယ်။ အဲဒီလို တွေ့ဆုံစကားပြောနေချိန် သူ့ဆီမှာ နွေးထွေးမှုတွေ ကျွန်တော် တွေ့မြင်ခံစားရပါတယ်။

■ **ခင်ဗျားသူ့ဆီကို ဖုန်းဆက်သလား။**

ဆက်ပါတယ်။ သူ အနားမယူခင်မှာ မကြာခဏဆိုသလို တယ်လီဖုန်းနဲ့ စကားပြောဖြစ်ပါတယ်။ အလုပ်ကိစ္စပဲ ပြောဖြစ်ကြတာပါ။ ခုတော့ သူနဲ့ ကျွန်တော် ဆက်ဆံရေးက တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားပါပြီ။ အလုပ်နဲ့ မပတ်သက်ဘဲ ပြောနိုင်ဆိုနိုင်ပါပြီ။

■ **ခင်ဗျား သူ့ဆီတော့ သွားလည်ပတ်တယ် မဟုတ်လား။**

ဟုတ်ပါတယ်။ ကျွန်တော် သွားလည်ပါတယ်။ သိပ်မကြာသေးခင်ကပဲ လုပ်ငန်းတစ်ခုအတွက် သူ့အိမ်ရောက်သွားခဲ့ပါသေးတယ်။ ယုံဆင်က ကျွန်တော့်ကို ခုလို ပြောတယ်။

'ညစာ စားပြီးမှ ပြန်ဗျာ။ ဆူရှီသွားစားရအောင်'

သူနဲ့ ကျွန်တော် ဆူရှီဆိုင်သွားခဲ့ဖူးတယ်။ သူက အဲဒီစားသောက်ဆိုင်ကို သဘောကျတယ်။ ဒီမှာတင် သူ့ဇနီးနဲ့ သမီးက ဂျပန်အစားအစာကို ဆိုင်ကနေ သွားဝယ်ပြီး အိမ်မှာစားဖို့ ဆုံးဖြတ်လိုက်ကြပါတယ်။ ဒါကြောင့် ကျွန်တော်လဲ မပြန်ဘဲနဲ့ ညစာ အတူစားကြတယ်။ စားတာ အတော်ကြာပါတယ်။ ဘီယာသောက်ရင်း စကားပြောကြတာပေါ့ဗျာ။

■ **ယုံဆင်က သူကိုယ်တိုင် ခင်ဗျားကို ဆက်သွယ်တာလား။**

ဟုတ်တယ်။ ယုံဆင်က ကျွန်တော့်ကို အတော်များများ ဖုန်းနဲ့ ဆက်သွယ်ဖူးပါတယ်။ ကော့ကေးဆပ်ပြဿနာတွေကို သူအတော်စိတ်ဝင်စားတယ်။ တစ်ကြိမ်မတော့ ကျွန်တော်တို့ စစ်သည်တွေ ဘာလုပ်နေသလဲ ဆိုတာ မေးပါတယ်။ သူက စီအိုင်အက်(စ) အဖွဲ့ဝင်တွေ ဆွေးနွေးပွဲလုပ်ဖို့ ပြောပါတယ်။ စီအိုင်အက်(စ) ခေါင်းဆောင်တွေ တွေ့ဆုံချိန်မှာ ဘယ်လို ကိစ္စရပ် ဦးစားပေး ဆောင်ရွက်ရမယ်ဆိုတာကို တင်ပြပါတယ်။ ပြီးတော့ ဓနသဟာယ နိုင်ငံတွေရဲ့ ခေါင်းဆောင်ကိစ္စကိုလဲ ဆွေးနွေးဖြစ်ကြပါတယ်။ စီအိုင်အက်(စ) အဖွဲ့ဝင်တွေနဲ့ ပတ်သက်တဲ့ ယုံဆင်ရဲ့ အမြင်သဘောထားတွေက အရမ်းကောင်းပါတယ်။ အဲဒီအတွက် သူ့ကို ကျေးဇူးလဲ တင်ရပါတယ်။

■ **လူတိုင်းကတော့ ခင်ဗျားနဲ့ လူ့ဇ်(စ)ကော့(ဖ)တို့ ထိပ်တိုက်တွေ့တော့မယ်လို့ ယူဆနေကြပါတယ်။**

ကျွန်တော်နဲ့သူ ဘာပြဿနာမှ မဖြစ်ခဲ့ပါဘူးဗျာ။

■ **ကောင်းပြီလေ။ ခင်ဗျား သူနဲ့ လမ်းခွဲမှာလား။ ဒါမှမဟုတ် ရုရှဖက်ဒရေးရှင်း ကောင်စီ[1]မှာ အဖွဲ့ဝင်တစ်ယောက် အဖြစ် သူနဲ့ လက်တွဲလုပ်မှာလား။**

ကျွန်တော် လက်တွဲလုပ်မှာပါ။ နိုင်ငံတော်ရဲ့ အရေးကြီးဆုံး ဒေသတွေပေါ်မှာ အလွန်လွှမ်းမိုးနိုင်စွမ်းရှိတဲ့ လူတစ်ယောက်အဖြစ် အားကိုးအားထားပြုပါမှာဗျာ။

---

၁။ ယူရီ လူ့ဇ်(စ)ကော့(ဖ)။ ယုံဆင်ခေတ်ကာလတွင် မော်စကိုမြို့တော်ဝန်။ မော်စကိုမြို့ရှိ Ring Road တည်ဆောက်ရေးနှင့် ပတ်သက်ပြီး ငွေအလွဲသုံးစား လုပ်သည်ဟု စွပ်စွဲခံခဲ့ရပါတယ်။



သူ့ရဲ့ လုပ်ဆောင်ချက်တွေက နိုင်ငံတော် တည်တံ့ရေးအတွက် တိုက်ရိုက်ခွန်အား ရှိစေရမှာ ဖြစ်ပါတယ်။

■ ***လူ့(ဇ)ကော့(ဖ) ဘာဖြစ်တာလဲ။***

ခုချိန်ထိတော့ လူ့(ဇ)ကော့(ဖ)ရဲ့ နိုင်ငံရေး ရည်မှန်းချက်တွေအပေါ်မှာ နှစ်သက်သဘောကျနေပုံ ရပါတယ်။ တစ်ခုတော့ ရှိပါတယ်။ ဒေသန္တရ ခေါင်းဆောင်တစ်ယောက်ဟာ အရမ်းကိုပဲ မျှော်မှန်းချက် ကြီးမားတယ်ဆိုရင် တိုင်းပြည်ကို ဖျက်ဆီးတယ်လို့ ဆိုရမှာ ဖြစ်ပါတယ်။

တကယ်လက်တွေ့မှာတော့ဗျာ ချွတ်ယွင်းချက်တွေက ပုဂ္ဂိုလ်ရေးအနေနဲ့ ဩဇာအာဏာရှိမှု တစ်ခုတည်းပေါ်မှာတော့ မူမတည်နေပါဘူး။ ဒေသန္တရဆိုင်ရာ ခေါင်းဆောင်တွေအနေနဲ့ နိုင်ငံတော်ဟာ သန်စွမ်းမယ်၊ ခိုင်မာတယ်ဆိုတဲ့ အာရုံခံစားမှု ရှိနေမှုရှိနေမယ်ဆိုရင် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေရဲ့ ပြဋ္ဌာန်းချက်ကို ဖော်ဆောင်နိုင်တဲ့ အခန်းကဏ္ဍကို ရရှိမှာ ဖြစ်ပါတယ်။ ပြီးတာနဲ့ သူတို့တစ်တွေဟာ စီးပွားရေးလုပ်ငန်းကို အာရုံစိုက်လာနိုင်မှာ ဖြစ်ပါတယ်။

■ **Ring လမ်းမကိစ္စကိုပေါ့။**

မှန်တယ်။

■ **လူတချို့ ပြောတာကတော့ ဒီလမ်းကိစ္စမှာ ငွေအတော်များများ အလွဲသုံးစား လုပ်ခံရတယ်ဆို။**

တစ်ယောက်ယောက်က လာဘ်စားတယ်တို့၊ ခိုးတယ်လို့ စွပ်စွဲပြောကြားလာရင် ကျွန်တော်က ခုလို ပြန်မေးချင်တယ်။ လူတွေကို အပြစ်မရှိဘူးလို့ သတ်မှတ်ထားရမှာလား။ ဆိုချင်တာက ရာဇဝတ်မှု ကျူးလွန်တယ်လို့ သက်သေသက္ခာယ ခိုင်ခိုင်လုံလုံနဲ့ သက်သေမပြနိုင်သ၍ အဲဒီသူကို ပြစ်မှုကျူးလွန်တယ်လို့ မစွပ်စွဲနိုင်ပါဘူး။

ခင်ဗျားတို့ ဆိုဗီယက်ခေတ်တုန်းက ဟာသပုံပြင် တစ်ခု မှတ်မိသေးတယ် မဟုတ်လား။ ဘရက်ဇ္ဇနက်က ကာတာဆီသွားလည်တယ်။ ကာတာက မေးတယ်။

'ဒီနေရာမှာရှိတဲ့ တံတားလှလှတစ်ခုတွေ့တယ် မဟုတ်လား'

'တွေ့သားပဲ'

လို့ဘရက်ဇ္ဇနက်က ဖြေလိုက်တယ်။

ကာတာက ဘရက်ဇ္ဇနက်ကို ခုလို ပြောတယ်။

'တံတားတစ်ဘက်ဆီမှာ ကားလမ်း (၅) လမ်းစီပါတယ်။ တကယ်တော့ စီမံကိန်းရေးဆွဲစဉ်က တံတားတစ်ဘက်မှာ (၁၀) လမ်းပြေး ကားလမ်းမတွေ ရှိရမယ်လို့ ရေးထားတာ။

ဒီတော့ ဘရက်ဧညက်က ခုလိုမေးလိုက်ပါတယ်။

'ကျန်တဲ့ လမ်းတွေကကော'

'ဟောဒီမှာလေ'

ကာတာက အိမ်ဖြူတော်ထဲမှာရှိနေတဲ့ ပရိဘောဂ ပစ္စည်းတွေကို လက်ညှိုး ထိုးပြလိုက်ပါတယ်။

'အင်း အဆင်ပြေတာပဲ'

လို့ ဘရက်ဧညက်က တွေးလိုက်ပါတယ်။

ဒီလိုနဲ့ ကာတာက ဘရက်ဧညက်ကို ဖိတ်ကြားလို့ ရုရှားပြည်ကို လာလည် ပါတယ်။

ဘရက်ဧညက်က ခုလိုပြောပါတယ်။

'မော်စကိုကို မြစ်ကြီးကို မြင်ရဲ့လား'

'မြင်ပါတယ်'

ကာတာက ပြန်ဖြေပါတယ်။

'မြစ်ကို ဖြတ်ပြီးဆောက်ထားတဲ့ တံတားကိုကော တွေ့ရဲ့လား'

'မမြင်မိပါလား'

'ဟောဟိုမှာလေ'

ဘရက်ဧညက်က သူ့ ကရင်မလင်ရုံးခန်းထဲက ပရိဘောဂတွေ ညွှန်ပြ လိုက်ပါတယ်။ လမ်းဖောက်တဲ့နေရာမှာ အလွဲသုံးစား လုပ်တယ်လို့ ပြောခဲ့ပေမယ့် လမ်းကြီးကိုတော့ မြင်ရတယ် မဟုတ်လား။ အဲဒီအတွက် ဂုဏ်ယူစမ်းပါ။ လမ်း ဖောက်တာနဲ့ပတ်သက်ပြီး ခိုးဝှက်တာတို့၊ အလွဲသုံးစား လုပ်တာတို့ တွေ့ရှိရင် တရားဥပဒေအရ အရေးယူပေါ့။

■ **လျူ(စ) ကော့(ဗ)က ခင်ဗျားကို ဘယ်လို ဆက်ဆံမယ်ထင်သလဲ။**

ကျွန်တော့်အထင်ကတော့ သူကအပြုသဘောနဲ့ ကောင်းကောင်းမွန်မွန် ဆက်ဆံမှာပါပဲဗျာ။

■ **ခင်ဗျား ဘာလို ဆိုချင်နေတာလဲ။**

ဘာမှ မဆိုချင်ပါဘူး။ ဘာမှ ဖိအားလဲ မပေးချင်ပါဘူး။ ခင်ဗျားလဲ သိသားပဲ။ သမ္မတမှာ အာဏာတွေ မရှိတော့ဘူးဆိုတာ လူတိုင်း သိထားကြတာပဲ။

■ **အလွန်နာမည်ကျော်တဲ့ စိန်ပီတာစဘတ်သားက အနာတိုလီ ချူဘိုင်းနော်။ သူနဲ့ လက်တွဲလုပ်ဖူးသလား။**

ကျွန်တော် ဆိုချက်ဆီမှာ အလုပ် လုပ်ဖို့ ရောက်လာတော့ လီနင်ဂရက်



မြို့တော်ကောင်စီရဲ့ လက်ထောက်က ချူဘိုင်းပဲ ဖြစ်ပါတယ်။ သူနဲ့ ကျွန်တော်က တော့ တိုက်ရိုက်ဆက်သွယ်မှု မရှိခဲ့ပါဘူး။ နီးနီးကပ်ကပ်လဲ မဆက်ဆံဘူးပါ။

■ **သူ့ရဲ့ ပြေစာဖြတ်ပိုင်း အကြံအစည်ကိုကော ဘယ်လို သဘောရသလဲ။**

မပြောတတ်ဘူး။ ဘာမှလဲ မသိဘူး။

■ **ခင်ဗျားက ကိုယ့်ပြေစာ ဖြတ်ပိုင်းကို သုံးတယ်ပေါ့။**

ပထမတော့ ရှာမတွေ့ဘူး၊ ပျောက်နေတယ်။ ရှာလဲတွေ့ကော အဲဒါနဲ့ပဲ ပစ္စည်းတွေ ဝယ်လိုက်ပါတယ်။ ပုဂ္ဂလိကပိုင် ပြုလုပ်ရေး မလုပ်မီ တစ်နှစ်လောက် ပေါ့ဗျာ' ကျွန်တော် ဗာဆီလီ လီယွန်တီနဲ့ စကား လက်ဆုံကျဖူးပါတယ်။ သူက နိုဘဲလ်ဆုရှင်ပါ။ သူက ယခုလို ပြောတယ်လေ။

'ပစ္စည်းကို ခင်ဗျား ပေးချင်တဲ့လူ ပေးလို့ရတယ်။ နှစ်နှစ်သုံးနှစ်အတွင်းမှာပဲ ကူပွန်တွေ လက်ထဲမှာ ကုန်သွားမှာပဲ။ ခင်ဗျားပိုင်ဆိုရင်တော့ အလကားသာ ပေးပေတော့' တဲ့။

ချူဘိုင်းကလဲ အဲဒီလို ပေးပစ်လိုက်တာပဲ။ သူ ချဉ်းကပ်တဲ့ နည်းကတော့ မှန်တာပေါ့။ ခင်ဗျား သိချင်တဲ့ ကိစ္စကိုတော့ သူ့ကိုမေးကြည့်ရင် ပိုကောင်းမယ်'

■ **သုံးနှစ်တော့ ကြာမှာပေါ့။ အဲဒီကိစ္စ မဖြစ်နိုင်ဘူး ထင်သလား။**

မပြောတတ်ပါဘူးဗျာ။ ဘာပဲဖြစ်ဖြစ် ဥစ္စာပစ္စည်းတွေက ကျွမ်းကျင်မှုရှိတဲ့ ပိုင်ရှင်လက်ထဲမှာပဲ ရှိနေရမယ်။

■ **ဒါပေမယ့် တခြားပိုင်ရှင်လက်ထဲရောက်သွားတယ် မဟုတ်လား။**

မှန်တာပေါ့။

■ **ချူဘိုင်းက သမ္မတအုပ်ချုပ်ရေးဌာနကို ရောက်လာတော့ သူ ပထမဆုံး လုပ်တဲ့ အလုပ်က ခင်ဗျားအတွက် လျာထားတဲ့ ရာထူးကို ဖယ်ပစ်တာပဲ မဟုတ်လား။**

ပြဿနာတစ်ရပ်ကို အတတ်ပညာ နည်းပညာရပ်ပေါ် အခြေခံ ဖြေရှင်းတာကို နားလည်ပါတယ်။ လက်ရှိ အုပ်ချုပ်ရေးစနစ်ရဲ့ စိန်ခေါ်မှုတွေကို လက်ရှိဝန်ထမ်းတွေနဲ့ အံတုနိုင်ခြင်း မရှိဘူးလို့ သူက ယူဆထားပါတယ်။

■ **ခင်ဗျားနဲ့ ပုဂ္ဂိုလ်ရေး ပြဿနာတော့ မရှိပါဘူးနော်။**

မရှိပါဘူး။ သူကလဲ ခံစားမှုနဲ့ အလုပ်လုပ်တတ်တဲ့လူ တစ်ယောက် မဟုတ် ပါဘူး။ အဲဒီမှာ အလုပ်လုပ်ရတာ ကျွန်တော် အရမ်းမပျော်သလို သူ့အပေါ်လဲ ဘာမှ မကျေမနပ် ဖြစ်တာမျိုး မရှိခဲ့ပါဘူး။

- **သူနဲ့ ပုံမှန် ဆက်သွယ်ရေး ဘယ်တုန်းက လုပ်ခဲ့ပါသလဲ။**

ဘယ်တုန်းမှ မလုပ်ခဲ့ပါဘူး။

- **သူကတော့ ခင်ဗျားနေအိမ် မကြာခဏ လာလည်တယ် မဟုတ်လား။**

ဟုတ်တယ်၊ လာလည်တယ်။

- **ချေချင်ညှာ စစ်ဆင်ရေးနဲ့ ပတ်သက်ပြီး ချူဘိုင်းက ထောက်ခံခဲ့တော့ ခင်ဗျားအနေနဲ့ မအံ့သြဘူးလား။**

အံ့သြပါတယ်။

- **ဘာလို့လဲ။**

သူ့အနေနဲ့ ဟုတ်ယောင်မှု ကမ္ဘာလောကထဲမှာ နေနေတယ်လို့ ယူဆထား ...ပါပဲ။ နောက်ပိုင်းကျတော့ သူက လက်တွေ့ကျလာတယ်။ လူ့ဘဝရဲ့ အရှိတရား ...တွေကို သဘောပေါက်ပါတယ်။ စိတ်ကူးယဉ် အတွေးအခေါ်ရဲ့ လမ်းညွှန်မှုကို ...ခံတော့ဘူး။

- **ပြီးတော့ ရွေးကောက်ပွဲဝင်မယ့် ခင်ဗျားကို သူက ထောက်ခံခဲ့သေးတယ်နော်။**

အဲဒါလဲ ကျွန်တော် မအံ့သြပါဘူး။ ကျွန်တော်က အာဏာရှင် မဟုတ်ဘူး ...ဆိုတာ သူသိလို့ပါပဲ။ ပြီးတော့ နိုင်ငံတော်ကို အာဏာပိုင်တွေရဲ့ လမ်းညွှန်ချုပ်ကိုင် ...ထားတဲ့ စီးပွားရေးစနစ် ဖြစ်မသွားဘူးဆိုတာ သူ ယုံထားလို့ပါ။

ချူဘိုင်းကလဲ ထူးချွန်တဲ့ အုပ်ချုပ်ရေးသမားတစ်ယောက် ဖြစ်ပါတယ်။ ...သူ့ရဲ့ လုပ်ဆောင်ချက်တွေကို လေ့လာဖူးပါတယ်။ အစိုးရပိုင်းဆိုင်ရာ ဆွေးနွေးပွဲတွေ ...က သူ့ရဲ့ လုပ်ဆောင်ချက်တွေကိုလဲ ကြည့်ဖူးပါတယ်။ သူက အဓိကအချက် ၊ ...သော့ချက်ကို မိအောင် ဆုပ်ကိုင်နိုင်တတ်တဲ့ လူတစ်ယောက် ဖြစ်ပါတယ်။ လီနင် ...ပြောသလို ကွင်းဆက်တစ်ခုလုံး မိအောင် ဖမ်းနိုင်တဲ့ လူပါ။ ဒါပေမယ့် တခြား ...ဘော်ရှီဗစ်တွေလိုပဲ သူက ခေါင်းသိပ်မာတယ်။ ဟုတ်တယ်၊ အဲဒီစကားလုံးက ...နဲ့ အလိုက်ဆုံးပဲ။ ကံမကောင်းစွာဘဲ သူ့ကို လူတွေက အကောင်းမမြင်ကြဘူး။ ...ပြည်ဆိုးရရှာတယ်။ ဆိုချင်တာက ပြည်သူက အကောင်းမမြင်ကြတာ။ ပြည်သူ ...ထုက သူ့အပေါ်မှာ ယုံကြည်မှု အရမ်းနဲ့တယ်။

- **ခင်ဗျား စိတ်ဝင်အစားဆုံး နိုင်ငံရေးခေါင်းဆောင်။**

နပိုလီယံ ဘိုနာပတ် (ရယ်မောသံများ)



- **မနောက်ပါနဲ့၊ အတည်ပြောပါ။**

ရှား(လ) ဒဂေါ(လ)။ ပြီးတော့ အာဟတ်။ သူက တကယ်ကို လက်တွေ့ကျ တဲ့ လူ။ သူက စစ်ပြီးခေတ် ဂျာမန်နိုင်ငံတော်ကို တည်ထောင်ခဲ့သူ။ လူ့အဖွဲ့အစည်း အတွက် ယဉ်ကျေးရေးသစ်၊ နီတိသစ်တွေကို ဖန်တီးတဲ့လူ။ နာဇီအယူဝါဒ ပျက်သုဉ်းပြီးနောက် သူ့ရဲ့ အယူအဆက အလွန်အရေးကြီးပါတယ်။

- **ရွေးကောက်ပွဲပြီးရင် နိုင်ငံခြား ခရီးစဉ်တွေ ဖျက်ပစ်မှာလား။**

သမ္မတနဲ့ ဝန်ကြီးချုပ်ဟာ တစ်ချိန်တည်းမှာ ပြည်ပခရီးသွားလို့ မရဘူးလေ။ ကျွန်တော်က ဝန်ကြီးချုပ်တာဝန်ကော၊ သမ္မတရာထူးပါ ယူထားရတာ။

- **တခြားအကြောင်းအချက်ကော မရှိဘူးလား။ ချေချင်းညှာကိစ္စနဲ့ ပတ်သက်ပြီး အတွယ်ခံရမှာ ကြောက်နေလို့လား။**

ကျွန်တော် အထိုးအကြိတ် ခံရဲတယ်။ ခန္ဓာတစ်ခုလုံး ကြေမွသွားပါစေဗျာ။ သူတို့တစ်တွေက ချေချင်းညှာကိစ္စကြောင့် ကျွန်တော်တို့ကို တွေ့ချင်နေကြတာ မဟုတ်ပါဘူး။ ဒါမှမဟုတ် သူတို့တစ်တွေက ကျွန်တော်တို့နဲ့ တွေ့ဖို့ ပြင်ဆင်ပြီး ဖြစ်နေပြီဆိုရင် ဒီဆွေးနွေးပွဲဟာ ပုံစံအသေချထားမယ်ဆိုရင် ကျွန်တော်တို့နဲ့ ဒီဆွေး နွေးပွဲဟာ ကိုက်ညီမှု ရှိမှာ မဟုတ်ဘူးလေ။ ကျွန်တော်တို့နဲ့ ကိုက်ညီမှုရှိတဲ့ ပုံစံတွေ ပေါ် မူတည်ပြီး ဆွေးနွေးပွဲလုပ်ရမှာပေါ့။ ကော့ကေးဆပ်ပြဿနာနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ အနေအထား ပုံစံကြောင့်ပါဆိုတာမျိုး ပြောလိုက်ရင်တော့ ကျွန်တော်တို့ နဲ့ ကိုက်ညီမှာ မဟုတ်တော့ဘူး။ နိုင်ငံခြား သွားရကျိုးလဲ နပ်မှာ မဟုတ်ဘူး။

- **ဒါပေမယ့်ပေါ့ဗျာ။ ခရီးသွားတဲ့ ဝန်ကြီးချုပ် တစ်ယောက်အနေနဲ့ ကလင်တန်နဲ့ နယူးဇီလန်နိုင်ငံမှာ တွေ့ဖို့ ရှိတယ် မဟုတ်လား။**

ဟုတ်တယ်။ ရှိတယ်။ ကျွန်တော် သူ့သဘောကျတယ်။

- **ဘာကို သဘောကျတာလဲ။**

သူက နှစ်လိုဖွယ်ကောင်းတဲ့လူ။ သူနဲ့စကားပြောရတာ သဘောကျတယ်။

- **ခင်ဗျားတို့ နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် 'ဗုံ' မြှောက်နေကျတာ မဟုတ်ပါဘူးနော်။ အင်တာနက်မှာ သူက ခင်ဗျားကို ထောက်ခံစကားပြောခဲ့ တယ်။**

ပထမတစ်ကြိမ် တွေ့ဆုံချိန်ကပေါ့ဗျာ။ အဲဒီထဲက သူက ကျွန်တော့်အပေါ် အလေးအနက် ထားတာ။ နယူးဇီလန်မှာတုန်းကလဲ ညစာစားချိန်လား– နေ့လည်

စာ စားချိန်မှာလား၊ ဘယ်အချိန်တုန်းကလဲ မပြောတတ်ဘူး၊ ကျွန်တော်တို့ နှစ်ယောက် ကိုယ့်စားပွဲနဲ့ ကိုယ် ထိုင်နေကြတာ။ သူက ကျွန်တော်နဲ့အတူ ထိုင်ဖို့ လာပြောတယ်။ ကျွန်တော်တို့ နှစ်ယောက်သား အတော်ကြာတဲ့ အချိန်ထိ စကားစမြည် ပြောဖြစ်ကြပါတယ်။ ပြီးမှ သူက ပြောတယ်။

'ပြန်ကြရအောင်တဲ့'

အားလုံး လူသွားစင်္ကြံမှာ တန်းစီပြီး ရပ်လိုက်ကြတယ်။ နိုင်ငံတော်ရဲ့ ခေါင်းဆောင်တွေ၊ ဧည့်သည်တွေ အကုန်ပေါ့ဗျာ။ သူနဲ့ ကျွန်တော် စင်္ကြံမှာ နှစ်ယောက်အတူ ယှဉ်တွဲလျှောက်လာခဲ့ကြပါတယ်။ ခန်းမတစ်ခုလုံးက လက်ခုတ်ပြိုင်တူ တီးကြတယ်။ စိတ်လှုပ်ရှားစရာပါပဲ။ အလေးအနက်ထားပြီး ဂုဏ်ပြုတဲ့ လက်ခုပ်သံကို ကျွန်တော့် နားလည်သဘောပေါက်လိုက်ပါတယ်။ အဲဒါကြောင့်လဲ သူက ကျွန်တော့်ကို လေးစားတာ ထင်ပါရဲ့။ စကားပြောချိန်မှာ သူက တကယ့်ကို ရိုးသား ဖြောင့်မတ်တဲ့လူတစ်ယောက်ပါပဲ။ ပွင့်ပွင့်လင်းလင်း၊ ရင်းရင်းနှီးနှီး ပြောပါတယ်။ အဲဒါ သိပ်အရေးကြီးပါတယ်။

■ **ပင်ကိုနှစ်လိုစရာကောင်းတယ်ပေါ့။**

မှန်တာပေါ့။ ပင်ကိုနှစ်လိုစရာ မရှိရင် ဘယ်လိုမှ နားလည်လို့ မရဘူး။ အဲဒါကိုတော့ ကျွန်တော် အသေအချာ သိတယ်။

■ **ခင်ဗျားနဲ့ တွေ့ဆုံဖူးသူတွေက။**

ခိုး၊ သက်ချာနဲ့ ဂျွန်မေဂျာ။

■ **ခိုးနဲ့ ခင်ဗျား ဂျာမန်လို ပြောခဲ့သလား။**

ခိုးနဲ့ ဆိုချက်တို့ နာရီဝက်လောက် စကားပြောဆိုခဲ့ကြတယ်။ ကျွန်တော်က ဂျာမန်ဘာသာပြန်ပေးခဲ့ရတယ်။ စကားပြောတာကတော့ အလွှာပ သလ္လာပပဲ။ ပြီးတာနဲ့ နေ့လည်စာ စားကြတယ်။ ခိုးက ခုလို ပြောတယ်။

'လေးလေးနက်နက် စကားတွေ မပြောဘဲ နေကြရအောင်တဲ့။ ဘွန်းကို (၃) ပတ်အတွင်း လာခဲ့ဗျာ၊ အဲဒီတော့မှ အေးအေးဆေးဆေး စကားပြောကြတာပေါ့ဗျာ' တဲ့။

နောက်တော့ ဆိုချက်က ခိုး ကမ်းလှမ်းချက်ကို လက်ခံ ခဲ့ပါတယ်။ ကျွန်တော်လဲ ဆိုချက်နဲ့အတူ ဘွန်းမြို့ကို လိုက်သွားခဲ့ရပါတယ်။ ခရီးစဉ်ကတော့ စီးပွားရေးလုပ်ငန်းခရီးပါပဲ။ ကျွန်တော် အံ့အားသင့်ရတဲ့ ကိစ္စက ဘာလဲသိလား။ ဥရောပတိုက်က ခေါင်းဆောင်ကြီးတစ်ယောက်က ရုရှအကြောင်း ခရေစေ့တွင်းကျ သိနေဗျ။ အဲဒါကို အရမ်းအံ့ဩတာ။



ခိုးပြောတဲ့ စကားတွေ အကုန် မမှတ်မိတော့ပါဘူး။ ဒါပေမယ့် ကျွန်တော် ခံစားနေရတာတွေကိုတော့ မှတ်မိပါတယ်။ ရုရှရာဇဝင်နဲ့ ခေတ်ပြိုင် လူနေမှုဘဝကို အသေးစိတ် သိထားတဲ့ ခိုးကို ကျွန်တော် လေးစားသွားပါတယ်။ ရုရှပြည်မှာ ဖြစ်ပျက်တဲ့ ဖြစ်ရပ်တွေရဲ့ အနှစ်သာရကို သူကောင်းကောင်း သဘောပေါက်တယ်။ ဥရောပတိုက်မှာ ရုရှမပါဘဲနဲ့ မဖြစ်ဘူးဆိုတဲ့ စိတ်ကူးကိုလဲ ကျွန်တော် သဘောကျပါတယ်။ ဂျာမန်တွေက ရုရှစီးပွားရေးဈေးကွက်ကို စိတ်ဝင်စားရုံမကဘူး၊ တန်ဖိုးရှိတဲ့ စီးပွားရေးတွေ ဖြစ်ချင်တယ်လို့ ဖွင့်ပြောခဲ့ပါတယ်။

■ **သူပြောတာတွေက ပျားရည်နဲ့ ဝမ်းချနေတာလား။**

ကျွန်တော် အဲဒီလို မထင်ဘူး။ အဲဒါက ကြားကောင်းအောင် ပြောနေတာ မဟုတ်ဘူး။ ရင်ထဲက ခံစားရတဲ့ အတိုင်းပြောနေတာ။

■ **သူက တကယ်ကို ပြတ်သားတဲ့ ခေါင်းဆောင်တစ်ယောက်လေ။ သူ နုတ်ထွက်ပြီးတဲ့ နောက်ပိုင်းမှာ အတင်းအဖျင်းပြောတာတွေ ရှိသလား။ အဲဒါ ထူးဆန်းတယ်နော်။**

အဲဒီကိစ္စက မဆန်းပါဘူး။ အကြောင်းကတော့ ခရိယန် ဒီမိုကရက်တစ်သမ္မဂ္ဂက အင်အားချိနဲ့နေပြီလေ။ ဒီတော့ ရှုံးနိမ့်သွားရတာပေါ့။ ခေါင်းဆောင်ပိုင်းက အမှားတွေလဲ ပါမှာပေါ့ဗျာ။ ဒါပေမယ့် ၁၆ နှစ်ကြာပြီးတဲ့အခါမှာတော့ ဘယ်လူမျိုးမဆို တည်ငြိမ်နေတဲ့ ဂျာမန်လူမျိုးတွေအပါအဝင် ခေါင်းဆောင်အပေါ်မှာ အယုံအကြည် နည်းလာတာတို့၊ ငြီးငွေ့တာတို့ ဖြစ်လာမှာပေါ့။ သဘောကတော့ ခိုး(လ)လို ထက်မြက်တဲ့ ခေါင်းဆောင်လဲ အပါအဝင်ပေါ့ဗျာ။

■ **ကဲ ခုတော့ ခင်ဗျားလဲ ခရင်မလင်ကို ရောက်ရှိလာပါပြီ။ ဘိုရိုဒင်နဲ့ မာဘီတက်(စ)[၁] တို့ရဲ့ငွေကြေးအရှုပ်တော်ပုံတွေ၊ မိသားစုပိုက်ဆံ[၂] အရှုပ်တော်ပုံတွေကျတော့ ခင်ဗျား ရှောင်နေခဲ့တယ်နော်။ အဲဒီကိစ္စတွေကို ခင်ဗျားက ထူးဆန်းစွာရှောင် နုတ်ပိတ်နေရတာက ခင်ဗျားက ယဲ့ဆင်မိသားစုနဲ့ ပတ်သက်နေလို့တဲ့။**

သမ္မတကော သမ္မတ မိသားစုတွေနဲ့ပါ ရင်းရင်းနှီးနှီး မရှိပါဘူး။ ကျွန်တော့် အနေနဲ့ ဘာမှ မသိဘဲနဲ့ ဒီကိစ္စကို ဝင်ရောက်စွက်ဖက်လို့ရမှာ မဟုတ်ဘူး။

---

၁။ ဘိုရိုဒင်သည် ဆောက်လုပ်ရေးကုမ္ပဏီ မာဘာတက်(စ)တို့ ယဲ့ဆင် မိသားစု လာဘ်ပေးသည့် ကိစ္စနှင့် ပတ်သက်၍ စွပ်စွဲခံရပါတယ်။

၂။ မိသားစုဆိုသည်မှာ ယဲ့ဆင်နှင့် မိသားစု၊ ဆွေမျိုးများကို ရည်ညွှန်းပါတယ်။

■ **ခင်ဗျားအနေနဲ့ ဘိုရိဒင်ကို ဘီလာရုပ်(စ)ကို ရုရှနိုင်ငံရဲ့ နိုင်ငံခြားရေးဝန်ကြီး ခန့်အပ်မယ်ဆိုတာကတော့ ခင်ဗျားအနေနဲ့ ဗွန့်စားမှု တစ်ခုလုပ်တာနဲ့ မတူဘူးလား။**

ကျွန်တော် သူ့ကို ခန့်အပ်တာ မဟုတ်ပါဘူး။ ကျွန်တော်က အဆိုပြုတာ။ သူ့ကို တခြားလူတွေက ဝိုင်းရွေးချယ် တင်မြှောက်ကြတာ။

■ **ဘိုရိဒင်က ငွေကြေးအရှုပ်တော်ပုံနဲ့ ရင်ဆိုင်နေရတာ ခင်ဗျား မသိဘူးလား။ သူ့ကို စုံစမ်းရေးကို အရင်ဆုံး လုပ်ရမယ်။ ရာထူးရွေးချယ်မခံရင်ပေါ့။ အဲဒီလို မစဉ်းစားမိဘူးလား။**

တရားဥပဒေ စာမျက်နှာပေါ်က စာသားတွေ ကျွန်တော် မှတ်မိနေပါတယ်။ အဲဒါက ရွှေဥပဒေပါ။ ဒီမိုကရေစီ စနစ်ရဲ့ အခြေခံလဲ ရှိပါတယ်။ အဲဒါကတော့ 'သံသယအကျိုးခံစားခွင့် ရှိရမယ်ဆိုတာပါပဲ။

■ **ဒါပေမယ့် တရားသူကြီး ဒိုလ်ချုပ် ပူရီ ဆခူ ရာတော့(ဖ)[၁]ကိစ္စကို ရုံးတော်က အတည် မပြုခဲ့ဘူးနော်။ အဲဒီအတွက် သူ့ကိုရာထူးကနေ ထုတ်ပယ်ခံရဖို့ အကာအကွယ် မပေးနိုင်ခဲ့ဘူး။**

ဆခူရာတော့(ဖ)ဟာ တရားဥပဒေနဲ့အညီ ရာထူးမှ ဖယ်ရှားခံရတာ ဖြစ်ပါတယ်။ သူ့ကို တရားဥပဒေကြောင်းအရ အမှုဖွင့်စစ်ဆေးနေတာမို့ ရာထူးကနေ ထုတ်ပစ်ရတာပါ။

■ **စစ်ဆေးလို့ အပြစ်မရှိရင် ပြန်ခန့်ခြင်း ခံရမယ်ပေါ့။ သဘောတရားရေးအရ ပြောရရင် ဟုတ်တယ်ပေါ့။ ဒါပေမယ့် ရာဇဝတ်ကြောင်း၊ ဥပဒေကြောင်းအရ စဉ်းစားရမှာတွေ အများကြီး ရှိနေပါသေးတယ်။ လူမှုကျင့်ဝတ် ရှုထောင့် ဆိုတာလဲ ရှိပါသေးတယ်။ ခုဖြစ်ရတဲ့ ကိစ္စနဲ့ ပတ်သက်ပြီး ကျင့်ဝတ် ရှုထောင့် ကတော့ ရှင်းနေပါရဲ့။ အချက်အလက် အတိအကျကို ကျွန်တော် သိပါတယ်။ ဆခူရာတော့(ဖ) နဲ့ ကျွန်တော်တို့ စကားစမြည် ပြောပြီးကြပါပြီ။**

■ **သူ့ဘက်မှ ပြောပြီးသား စာတ်လမ်းကို ဘာလို့ ငြင်းရတာလဲ။**

ဘာကြောင့်လဲဆိုတော့ သူ့အပေါ် ကျေအေးမှု မလုပ်ချင်လို့ပဲပေါ့။

---

၁။ သတင်းစာထဲမှာ ဆခူရာတော့(ဖ)နှင့် ပြည့်တန်စာများ အတူရှိနေပုံကို ဖော်ပြထားပါတယ်။ ဒီလိုနဲ့ ဆခူရာတော့(ဖ)လည်း ရာထူးမှ ဖယ်ရှားခြင်း ခံရပါတယ်။



■ **သတင်းစာထဲမှာ ယခုလို ဖော်ပြထားတာ ရှိတယ်။ ဘာလဲဆိုတော့ ခင်ဗျားနဲ့ သူ တွေ့ဆုံပြီးချိန်မှာ ဒုတိယအကြိမ်မြောက် နှုတ်ထွက်စာကို သူပေးခဲ့တယ်တဲ့။ ပြီးတော့ သတင်းစာထဲမှာ ယခုလို နှိုင်းယှဉ်ပြီး ရေးထားတာ ရှိတယ်။ အက်(ဖ)အက်(စ)ဘီဌာနချုပ် လု(ဘ)ယန်ကာဟာ နတ်ဘုံနတ်နန်းတစ္ဆေ ခမ်းနားတယ်တဲ့။ အစီပွာယ် မရှိတာတွေပါ။**

■ **ဘာတွေဖြစ်ခဲ့တယ်ဆိုတာ ပြောပါ။**

ကျွန်တော်တို့ (၄) ယောက် တွေ့ဆုံကြပါတယ်။ ဘောရစ်ယဲ့ဆင်၊ ဝန်ကြီးချုပ် ပရိုင်မာကော့(ဖ)၊ အက်(ဖ)အက်(စ)ဘီ ညွှန်ကြားရေးမှူးဖြစ်တဲ့ ကျွန်တော်၊ ပြီးတော့ ဆခူရာတော့(ဖ)။

ယဲ့ဆင်က ဗီဒီယိုကင်မရာကို ယူပြီး ဓာတ်ပုံတွေကို ရိုက်ပါတယ်။ ပြီးတာနဲ့ စားပွဲပေါ် တင်လိုက်ပြီး

'ဆခူရာတော့(ဖ) ခင်ဗျားအနေနဲ့ တရားသူကြီးရာထူး ဆက်လုပ်ဖို့ မလိုတော့ဘူး'

ပရိုင်မာကော့(ဖ)က သဘောတူပါတယ်။

'ဟုတ်တယ်၊ ဆခူရာတော့(ဖ)။ ခင်ဗျားအနေနဲ့ နှုတ်ထွက်စာ တင်သွင်းရင် ကောင်းပြီ'

ဆခူရာတော့(ဖ)က ခေတ္တမျှ စဉ်းစားနေပါတယ်။ ပြီးတာနဲ့ စာရွက်လွတ် တစ်ခုယူပြီး နှုတ်ထွက်စာရေးတော့တာပါပဲ။

■ **ခင်ဗျားအနေနဲ့ကော ဒီအပြစ်မျိုး ကြုံရင် ဘယ်လိုလုပ်မလဲ။**

တကယ်လို့ ကျွန်တော့်ရဲ့ ပုဂ္ဂိုလ်ရေး အကျင့်စရိုက်တွေက လုပ်ငန်းတာဝန်ဝတ္တရားတွေကို မလွန်ဆန်နိုင်ဘူးဆိုရင် ကျွန်တော့်အနေနဲ့ ထွက်ခွာသွားရမှာပေါ့ဗျာ။ တရားသူကြီးချုပ်အနေနဲ့ကတော့ ဒီလိုမှုခင်းမျိုး မဖြစ်သင့်ပါဘူး။

■ **ဝန်ကြီးချုပ်ဆိုရင်ကော။**

ဝန်ကြီးချုပ်ဟုတ်လား။ တရားသူကြီးချုပ်က တစ်မျိုးလေ။ တရားသူကြီးချုပ်ဆိုတာက ကိုယ်ကျင့်တရားမှာ စံပြ ဖြစ်ရမယ်လေ။

■ **နောက်မေးခွန်းတစ်ခု။ မူးယစ်ဆေးဝါးပြဿနာ။ ပြည့်တန်စာကိစ္စကို ဘယ်လို တိုက်ဖျက်မလဲ။**

လူမှုရေးနဲ့ စီးပွားရေး ရှုထောင့်ကနေ တိုက်ဖျက်ရမယ်။

■ **ဘယ်လိုနည်းမျိုးနဲ့ပါလိမ့်။**

ပြည်သူတွေ ပုံမှန်ဘဝနဲ့ နေစေချင်ပါတယ်။ ဒုတိယကမ္ဘာစစ်ကြီးမှာ အနောက်ဥရောပမှာ လူတွေ ဆင်းရဲကြပ်တည်းဒုက္ခကြောင့် ပြည့်တန်ဆာတွေ ဖြစ်သွားကြရပါတယ်။ ဒုတိယကမ္ဘာစစ်ပွဲမှာ ပါဝင်ခဲ့တဲ့ စစ်ပြန်ကြီးတွေကို မေးကြည့်ပါ။ ပေါင်းမုန့်တစ်ဖဲ့ ကျွေးခဲ့ရတဲ့ မိန်းမသားတွေဘဝကို ပြောပြပါလိမ့်မယ်။ ဆင်းရဲမွဲတေမှု၊ စိတ်ပျက်အားလျော့မှုတွေကြောင့် ပြည့်တန်ဆာ ဖြစ်ကြရတာပါပဲ။ တကယ်လို့ လူတစ်ယောက်ရဲ့ ဘဝဟာ ပုံမှန်ဖြစ်နေမယ်၊ စီးပွားရေးလဲ ဖွံ့ဖြိုးတိုးတက်မယ်ဆိုရင် လူနေမှုဘဝလဲ မြင့်မားမယ်ဆိုရင် ပြည့်တန်ဆာတွေ ရှိမှာ မဟုတ်ပါဘူး။

■ **ဂျာမနီမှာ လူနေမှုအဆင့်အတန်းက မြင့်မားလှပါတယ်။ ဒါပေမယ့် ပြည့်တန်ဆာတွေ အများကြီးရှိနေတယ်။ တရားဥပဒေတောင် ပြဋ္ဌာန်းပေးထားသေးတယ်။**

ဒါပေမယ့် တိုင်းတစ်ပါးက မိန်းမတွေက များနေပါတယ်။

■ **အဲဒါကို ခင်ဗျား ဘယ်လိုသိသလဲ။**

ခင်ဗျားတို့လို ကျွမ်းကျင်တဲ့ လူတွေဆီက သိရတာပေါ့။

■ **ဟုတ်ပြီ။ ဂျာမနီမှာ ပြည့်တန်ဆာတွေက ဂျာမန်လူမျိုးတွေ မဟုတ်ကြဘူး။ ဒါပေမယ့် ပြည့်တန်ဆာလုပ်ငန်းကတော့ ရှိနေတာပဲ မဟုတ်လား။**

ဟုတ်တယ်။ ပြည့်တန်ဆာလုပ်ငန်း ရှိနေပါတယ်။ ကျွန်တော် ခုပြောနေတာက တခြားနိုင်ငံက လူမျိုးခြား ပြည့်တန်ဆာတွေအကြောင်း ဖြစ်ပါတယ်။ ပြည့်တန်ဆာ လုပ်ငန်းက ပွင့်ပွင့်လင်းလင်းနဲ့ ဆောင်ရွက်နေတာပဲ။ အဲဒီ မိန်းမတွေထဲမှာ ဂျာမန်လူမျိုးတွေ မပါကြဘူး။ ဘာကြောင့်လဲ ဆိုတော့ အဲဒီနိုင်ငံရဲ့ လူနေမှုအဆင့်အတန်းက အရမ်းမြင့်နေလို့ပဲ။

■ **ခင်ဗျားက ပြည့်တန်ဆာလုပ်ငန်းကို တရားဥပဒေအရ ခွင့်ပြုထားတာ ထောက်ခံတဲ့ ဘက်ကလား။ ကန့်ကွက်တဲ့ ဘက်ကလား။**

ပြည့်တန်ဆာလုပ်ငန်းကို တရားဥပဒေကြောင်းအရ ခွင့်ပြုဘို့ မလိုဘူးလို့ ကျွန်တော် မယူဆပါဘူး။ ဒါပေမယ့် ခင်ဗျားတို့အနေနဲ့ အဲဒီလုပ်ငန်းကြီးကို လူမှုရေးနဲ့ စီးပွားရေး နည်းနိဿယတွေနဲ့ တိုက်ဖျက်ပစ်ရမှာ ဖြစ်ပါတယ်။ ခင်ဗျားက ဘာဖြစ်လို့ ဥပဒေကြောင်းအရ သဘောတူညီတဲ့ဘက်က ရပ်တည်နေရတာလဲ။



■ **ကဲ ပြည့်တန်ဆာလုပ်ငန်းမှာ ဆရာဝန်တွေ အားပေးတယ် မဟုတ်လား။ ခင်ဗျား စိတ်ကောင်း ရှိသားပဲ။**

■ **ခင်ဗျားက ဘာ အဆိုပြုချက်တွေ လက်ခံသလဲ။ ဘယ်သူ့ကို ယုံကြည်သလဲ။ ခင်ဗျားအနေနဲ့ ပထမဆုံးနှစ်မှာ အဖွဲ့ငယ်တစ်ခု တည်ထောင်မယ်ပေါ့။ ခင်ဗျား အဖွဲ့ထဲမှာ ဘယ်သူတွေ ပါမှာလဲ။**

ယုံကြည်သက်ဝင်မှု၊ ဟုတ်လား။ အဖွဲ့ထဲမှာ ဆာရဂေးအီဗန်နော့(ဗ)ပါမယ်။ သူက လုံခြုံရေးကောင်စီအတွင်းရေးမှူးလေ။

■ **ခင်ဗျားတို့နှစ်ယောက် သိကျွမ်းကြတာ ကြာပြီလား။**

သူနဲ့ သိတာကတော့ ကြာပါပြီ။ သိပ်တော့ မရင်းနှီးလှပါဘူး။ လီနင်ဂရက်မြို့ ကေဂျီဘီဌာနချုပ်မှာ သူနဲ့အတူ ကျွန်တော် လက်တွဲလုပ်ခဲ့ကြဖူးပါတယ်။ ကေဂျီဘီမှာ သူရှိနေတယ်ဆိုတာ ကျွန်တော် တစ်ယောက်ပဲ သိပါတယ်။ ပြီးတာနဲ့ သူက မော်စကိုရောက်သွားပါတယ်။ နိုင်ငံခြားတိုင်းပြည်တွေမှာလဲ တာဝန်ကျနေပါတယ်။ သူနဲ့ကျွန်တော်က သာမန်မိတ်ဆွေပါပဲ။ တခြား လူတွေဆီကလဲ သူ့အကြောင်းကို ကျွန်တော် ကြားဖူးပါတယ်။ သူ့ကို အကောင်းပဲ ပြောကြပါတယ်။ သူက ဘာသာစကား အတော်များများ တတ်ကျွမ်းပါတယ်။ အင်္ဂလိပ်၊ ဆွီဒင်၊ ဖင်လန်ဘာသာပေါ့ဗျာ။ သူက လူမှန် နေရာမှန် ရောက်နေပါတယ်။ အမေရိကန်ပြည်ထောင်စုလဲ မကြာခဏ သွားရပါတယ်။ အဲဒီမှာလဲ အားလုံး အဆင်ချောပါတယ်။ သူက ကလင်တန်၊ အော(လ)ဘရိုက်၊ ဘာဂျာတို့နဲ့ ဆုံစည်းခဲ့ပါတယ်။ သူနဲ့ အလုပ်တွဲလုပ်ရတာ ပျော်ပါတယ်။

■ **ခင်ဗျားနဲ့အတူ အချိန်တော်ကြာအောင် လက်တွဲလုပ်သူတွေက ဘယ်သူတွေလဲ။**

အလုပ်အတူတကွ လုပ်ခြင်းအားဖြင့် အကျိုးကျေးဇူးထူးတွေ အများကြီး ရရှိနိုင်ပါတယ်။ အဲဒါကို ရဲဘော်စိတ်လို့ ခေါ်ပါတယ်။ အီဖန်နော့(ဗ)၊ နီကိုလိုင်ပထရူရှက်(ဗ)၊ ပြီးတော့ ဒီမာမီဒီယက်(ဗ)နဲ့ လက်တွဲလုပ်ရတာ ရဲဘော်စိတ်တွေ ရရှိပါတယ်။

■ **မီဒီယက်(ဗ)က ရွေးကောက်ပွဲ လှုပ်ရှားမှုရဲ့ ခေါင်းဆောင်နော်။ သူကတော့ စိန့်ပီတာစဘတ်ကပဲ လား။**

သူက လီနင်ဂရက် တက္ကသိုလ်မှာ လူမှုဥပဒေကို သင်ကြားပြသဖူးပါတယ်။ သူက ဒေါက်တာဘွဲ့ ရထားပါတယ်။ ဆိုချက်နဲ့အတူ ကျွန်တော် တာဝန်ထမ်းဆောင်နေချိန်မှာ ကျွန်တော့်အတွက် လူတွေ လိုအပ်နေပါတယ်။ ဒီတော့ ဥပဒေ

သွားပြီး အကူအညီတောင်းခံရပါတယ်။ သူတို့က ဒီမာ မီဒီယက်(ဖ)ကို ညွှန်းကြပါတယ်။ ကျွန်တော် ဒုမြို့တော်ဝန် ဖြစ်လာချိန်မှာ ဒီမာ မီဒီယက်(ဖ)က ကျွန်တော့်အကြံပေး ပုဂ္ဂိုလ် ဖြစ်ပါတယ်။ ကျွန်တော်နဲ့ တစ်နှစ်ခွဲလောက်အတူ လက်တွဲလုပ်ခဲ့ပါတယ်။ ဒီနောက် မအောင်မြင်တဲ့ ရွေးကောက်ပွဲအပြီးမှာတော့ မီဒီယက်(ဖ)က မြို့တော်ဝန်ရုံးကို စွန့်ပြီး တက္ကသိုလ်ပြန်ရောက်သွားခဲ့ပါတယ်။

■ **သိပ်မကြာသေးခင်က သူ့ကို မော်စကိုသို့ ခင်ဗျားကပဲ ဖိတ်ခေါ်ခဲ့တယ်နော်။**

ဟုတ်ပါတယ်။ ဖက်ဒရယ် (ပြည်ထောင်စု) လုံခြုံရေးကော်မရှင်ရဲ့ ခေါင်းဆောင်အဖြစ် ဒီမာမီဒီယက်(ဖ)ကို ခန့်ထားဖို့ ကျွန်တော် စီစဉ်ခဲ့ပါတယ်။ မီဒီယက်(ဖ)က လုံခြုံရေးကိစ္စ ကျွမ်းကျင်သူ ဖြစ်ပါတယ်။ သူ ကျွန်တော်တို့ရဲ့ အဖွဲ့မှာ ပါဝင်ရတာ နှစ်သက်ပါတယ်။ ဒါပေမယ့် မီဒီယက်(ဖ)ကို တကယ် အသုံးပြုဖို့ မပြုဖို့ကတော့ မဆုံးဖြတ်ရသေးပါဘူး။

■ **တခြား ဘယ်သူရှိသလဲ။**

ကျွန်တော် အက်လက်ဆေ ကုဒရင်ကို ယုံကြည်တယ်။ သူက ဘဏ္ဍာရေးဝန်ကြီးရုံးမှာ ဒုဝန်ကြီး။ သူက ကျွမ်းလဲကျွမ်းကျင်တယ်။ အေးလဲအေးဆေးတည်ငြိမ်တယ်။ သူက ဆိုချက်နဲ့လဲ လက်တွဲဖူးတယ်။ ကျွန်တော်ကော ကုဒရင်ကော ဆိုချက်ရဲ့ လက်ထောက်အဖြစ် တာဝန်ထမ်းဆောင်ဖူးပါတယ်။

■ **ဒါနဲ့ အီဂေါ်ဆီချင်ကကော ဘယ်ကနေ ရောက်လာတာလဲ။**

သူက ဘာသာစကားပညာရှင်ဖြစ်တယ်။ သူက လူထုဆက်သွယ်ရေး ဌာနကလာတာ။ ပေါ်တူဂီဘာသာ၊ ပြင်သစ်ဘာသာ၊ စပိန်ဘာသာစကားတွေ တတ်ကျွမ်းတယ်။ မိုဇမ်ဘစ်နဲ့ အန်ဂိုလာနိုင်ငံတွေမှာ တာဝန်ထမ်းဆောင်ဖူးတယ်။

■ **သူကော တိုက်ပွဲမှာ ပါသေးသလား။**

ပါတယ်။ လီနင်ဂရက်မြို့တော်ကောင်စီရဲ့ အုပ်ချုပ်ရေးကော်မတီမှာ ပါဝင်ခဲ့ပါတယ်။ ကျွန်တော် ဒုမြို့တော်ဝန်တာဝန်ယူနေချိန်မှာ သူကို ကျွန်တော် ရွေးချယ်ခေါ်ယူခဲ့တာ။ ၁၉၉၂-၁၉၉၃ ခုနှစ်က ဖြစ်ပါတယ်။ ကျွန်တော် မော်စကိုမှာ တာဝန် ထမ်းဆောင်ရတော့ သူကလဲ ကျွန်တော်နဲ့ လိုက်ပါရစေလို့ ပြောတဲ့အတွက် ခေါ်လာခဲ့ရတာ ဖြစ်ပါတယ်။



■ **ကရင်မလင်က မြို့တော်တပ်ဖွဲ့ဝင်ဟောင်းတွေကကော ဘယ်လိုလဲ။ လူတိုင်း ပြောနေတာက ခဏစောင့်တဲ့။ ရွေးကောက်ပွဲမှာ ပူတင်နိုင်လိမ့်မယ်။ သူက ငါတို့ကို လွတ်လပ်ခွင့်ပေးမယ်တဲ့။ အကောင်းဆုံးကတော့ တို့ကို အလုပ်က ဖြုတ်ပစ်တာပဲတဲ့။**

အဲဒီစိတ်ခံစားချက်က တစ်ပါတီအာဏာရှင်စနစ်ညာဉ်ရှိတဲ့ လူတွေရဲ့ စိတ်ခံစားချက်ပဲ ဖြစ်ပါတယ်။ တစ်သက်လုံး အာဏာစွဲကိုင်ထားချင်သူတွေရဲ့ အမြင်ပဲ။ ကျွန်တော်ကတော့ အဲဒီအယူအဆမျိုး မရှိဘူး။

■ **တချို့ကို ပြည်သူတွေက သဘောမကျတာတွေ ရှိနေတယ်။ ဥပမာ ပေဗယ်ဗိုရိုဒင် ဆိုပါတော့။သမ္မတရုံးအုပ်ချုပ်ရေးဌာနက မိုလိုရှင်တို့ပေါ့ဗျာ။ ပြည်သူက မုန်းတီးခံကြရတယ်။**

ဘိုရိုဒင်ကို သဘောမကျတာကတော့ ရာထူးကြောင့်ပါပဲ။ တချို့ လူမျိုးတွေ၊ အုပ်စုတွေက သက်သက်မဲ့ တိုက်ခိုက်နေတာ။ ဗိုလိုရှင်နဲ့ ကျွန်တော်ကတော့ အဆင်ပြေပါတယ်။ သူ့နေရာ ဘယ်သူ့အစားထိုးရမလဲဆိုတဲ့ ကိစ္စနဲ့ ပတ်သက်ပြီး သူနဲ့ ကျွန်တော် စကားစမြည် ပြောဆိုဖူးပါတယ်။ ကျွန်တော်တို့က ဒီမာ ဗီဒီယက်(ဖ)ကို လျာထားကြပါတယ်။ ဗိုလိုရှင်က 'ဒီမိယက်(ဖ)ကို ကျွန်တော့ လက်ထောက်အဖြစ် ခန့်အပ်လိုက်ပါ။ အလုပ်မှာ ကြာလာတာနဲ့ ကျွန်တော့်နေရာ အစားထိုးလိုက်တာပေါ့ဗျာတဲ့'။

■ **ချေချင်းညှာစစ်ပွဲကို ခင်ဗျားရဲ့ ဘဝလုပ်ငန်းစဉ်နဲ့ ပေးဆပ်ရတာပဲ မဟုတ်လား။ ဒါပေမယ့် ခင်ဗျား  အနေနဲ့ ယာယီသမ္မတ ဖြစ်လာတာလေ။**

ကျွန်တော် ချေချင်းညှာစစ်ပွဲ ဆင်နွှဲခိုင်းတာ သမ္မတ လုပ်ငန်း ရာထူးလိုချင်လို့ မဟုတ်ဘူး။

■ **ယုံဆင်က သက်တမ်းမကုန်ခင် ရာထူးနုတ်ထွက်မယ်ဆိုတော့ 'ဘာတွေ လျှောက်လုပ်နေတာလဲ ဘောရစ်လို့ ခင်ဗျားက မတားဘူးလား'**

မပြောဘူး။ အဲဒီကိစ္စပြောဖို့ မကြိုးစားဘူး။ ပျော်လို့လဲ ကခုန်မနေဘူး။ ကျွန်တော့်အပေါ် သူယုံတာတော့ သိတယ်။ ကျွန်တော် ပထမဆုံး တုန့်ပြန်ချက်က-

'သမ္မတရာထူးနဲ့ ကျွန်တော် မထိုက်တန်သေးဘူး' ဆိုတာပဲ။

ကျွန်တော့်ကို ဝန်ကြီးချုပ်ရာထူး ခန့်အပ်တော့ ကျွန်တော် စိတ်ဝင်စားပါတယ်။ ဂုဏ်လဲ ယူပါတယ်။ ကျွန်တော် စိတ်ထဲမှာ ယခုလို စဉ်းစားနေမိတယ်။

'ငါ တစ်နှစ်လောက် လုပ်မယ်။ ဒါဆို ဟုတ်ပြီ။ ရှုရှုပြည်ထောင်စုကြီး ပြိုကွဲတဲ့ ဘေးကနေ ငါ ကယ်တင်နိုင်ပြီ။ အဲဒါဆိုရင် ငါလဲ ခေါင်းမော့နိုင်ပြီ။ လက်မထောင်နိုင်ပြီ'

ဝန်ကြီးချုပ်ရာထူးဟာ ကျွန်တော့်ဘဝရဲ့ အဆင့်တစ်ဆင့်ပါပဲ။ နောက်တစ်နေရာ ရွှေ့တာကတော့ တခြားကိစ္စတစ်ခုပေါ့ဗျာ။ နှစ်မကူးမီ နှစ်ပတ်သုံးပတ်လောက် အလိုမှာ ယဲ့ဆင်က သူ့ရုံးခန်းကို ကျွန်တော့်ကိုလာဖို့ ဖိတ်ခေါ်ပါတယ်။ သူ့ရာထူးက နှုတ်ထွက်တော့မယ့်အကြောင်း ပြောပါတယ်။ ကျွန်တော့်ကို ယာယီသမ္မတခန့်မယ်လို့ ပြောပါတယ်။ ကျွန်တော် ဘာပြောသလဲဆိုတာကို သူက စောင့်ကြည့်နေပါရဲ့။

ကျွန်တော် ဘာမှ မပြောဘဲ တိတ်ဆိတ်စွာနဲ့ ထိုင်နေခဲ့ပါတယ်။ ယဲ့ဆင်က အသေးစိတ် ပြောပြနေပါတယ်။ နှစ်မကူးခင် သူ နှုတ်ထွက်မယ့် စကား ပြောချင်ကြောင်းပါတယ်။ သူစကားရပ်တာနဲ့ ကျွန်တော်က ခုလို ပြောချလိုက်ပါတယ်။

'ခင်ဗျားလဲ သိသားပဲ ဘောရစ်။ ကျွန်တော် ရိုးရိုးသားသား ပွင့်ပွင့်လင်းလင်း ပြောရရင် ဒီရာထူးအတွက် ကျွန်တော် မထိုက်တန်သေးဘူး။ ဒီရာထူးက အင်မတန်နတ်ကြီးပါတယ်ဗျာ'

ကျွန်တော့်မှာ ရာဇပလ္လင် တက်ရမယ့်ဓာတာ ပါမပါတော့ မပြောတတ်ပါဘူး။ ယဲ့ဆင်က ဆက်ပြောပါတယ်။

'ကျုပ် ဒီရာထူး လက်ခံလိုက်ချိန်မှာ တခြား အစီအစဉ်တွေ ရှိနေပါတယ်။ ဘဝက တစ်ဆစ်ချိုးကွေ့ပြောင်းသွားခဲ့တယ်။ သမ္မတဖြစ်ချင်တဲ့ ဆန္ဒမရှိဘူး။ ဖြစ်ရအောင်လဲ အတင်းအဓမ္မ မလုပ်ခဲ့ဘူး။ အခြေအနေက တွန်းပို့လိုက်တာ။ အေးမင်းလဲ ကံကြမ္မာက အဆုံးအဖြတ်ပေးမှာ ဖြစ်တယ်လို့ ကျုပ် ယူဆတယ်။ ကျုပ်တို့နိုင်ငံက သိပ်မကြီးလှပါဘူး။ ခင်ဗျား စွမ်းဆောင်နိုင်မှာပါ'

ယဲ့ဆင်က စကားကို ရပ်လိုက်တယ်။ အတွေးထဲမှာ နစ်မျောနေတယ်။ ဖြို့ပြောရရင် သူနဲ့ ကျွန်တော့်စကားဝိုင်းက စိတ်ပျက်စရာကြီး။ ကျွန်တော် ယဲ့ဆင်နေရာကို ဆက်ခံရမယ်လို့ တစ်ခါမှ လေးလေးနက်နက် မစဉ်းစားမိဖူးပါဘူး။ ယဲ့ဆင်က သူ့ဆုံးဖြတ်ချက်ကို ကျွန်တော့်ကို ပြောပါတယ်။ ကျွန်တော်ကတော့ ဘာမှ မပြင်ဆင်သေးပါဘူး။

ဒါပေမယ့် ကျွန်တော် တစ်ခုခုတော့ တုန့်ပြန်ရမှာ ဖြစ်ပါတယ်။ လက်ခံမလား၊ ငြင်းဆန်မလားဆိုတာပါပဲ။ စကားလဲ ဆုံးကော ငါးမျှားချိတ်က ထွက်သွားသလိုမျိုး ခံစားလိုက်ရပါတယ်။ အားလုံးပြီးသွားပြီလို့လဲ ထင်ပါတယ်။ ဒါပေမယ့် ယဲ့ဆင်က ကျွန်တော့်ကို ကြည့်ပြီး



'ကျုပ်မေးတာ မပြောသေးဘူး'

လို့ ပြောပါတယ်။

ကျွန်တော့် ခန္ဓာကိုယ်အတွင်းမှာ ဝိရောဓိတွေ ဖြစ်နေပါတယ်။ ကျွန်တော… ကံကြမ္မာက တိုင်းပြည်ရဲ့ အကြီးမားဆုံးရာထူးကို ပေးနေပါပြီ။ 'ကျွန်တော် မလု… ချင်ဘူး၊ ရှေ့နေပဲလုပ်မယ်' ဆိုတဲ့ စကားတွေ ပြောနေလို့ မဖြစ်တော့ပါဘူး… ကျွန်တော် ဘာလုပ်ရမယ်ဆိုတာကို ဆုံးဖြတ်ချက်ချလိုက်ပါတယ်။

> ကာတျာ။ ။
>
> [ဖေဖေက ယာယီသမ္မတဖြစ်တော့မယ်ဆိုတဲ့ သတင်းကြားရတော့ သမီး အရမ်းပျော်သွားတယ်။ မေမေက ပြောပြလို့ ကြားရခါစမှာတော့ နောက်နေတယ်လို့ ထင်နေမိတယ်။ မေမေ နောက်ပြောင်နေတာ မဟုတ်ဘူး။ တယ်လီဖုန်းတွေက အဆက်မပြတ် မြည်နေပါတယ်။ ဖေဖေကို ဂုဏ်ပြုတဲ့ ဖုန်းတွေပါ။ သမီးတို့ ကျောင်းနေဘက်သူငယ်ချင်းတွေကော၊ ကျောင်းအုပ်ဆရာကြီးကလည်း ဖုန်းဆက်ပြီး ချီးကျူးစကား ပြောပါတယ်။ ကျောင်းအုပ်ဆရာမကြီးက သမီးတို့ကို အင်္ဂလိပ်စာ သင်ပေးပါတယ်။ ညဘက် သန်းခေါင်ယံအချိန်မှာ ရုပ်မြင်သံကြားဖွင့်ကြည့်လိုက်တဲ့ အခါမှာ ဖေဖေက ပြည်သူတွေရဲ့ လက်ဆွဲနှုတ်ဆက်နေတာ တွေ့မြင်ရပါတယ်။ အဲဒါကို ကြည့်ရတာ သမီး သဘောကျပါတယ်။ ဖေဖေက အရမ်း အလေးအနက် ရှိနေတာလား။ ဒါမှမဟုတ် တည်ငြိမ်နေတာလား။ ဖေဖေက ဖေဖေပါပဲ။ ဖေဖေကို သမ္မတ ဖြစ်စေချင်တယ်။ တစ်ဘက်က စဉ်းစားပြန်တော့လဲ မဖြစ်စေချင်ဘူး။]
>
> မာရှာ။ ။
>
> [ဖေဖေ့ကို သမ္မ မဖြစ်စေချင်ဘူး။ တစ်ဘက်က စဉ်းစားတော့လဲ ဖြစ်စေချင်ပါတယ်။ အဲဒီနေ့က ဘောရစ်ယဲ့ဆင်ကလဲ မိန့်ခွန်းပြောတာကို နားထောင်ပါတယ်။ အအေးမိသလိုပဲ လည်ချောင်းတွေ ခြောက်ကပ်နေသလို ခံစားရပါတယ်။]
>
> လျူ(ဒ)မီလာ ပူတင်နာ။ ။
>
> [၃၁ ရက်နေ့ မွန်းလွဲပိုင်းမှာ ဘောရစ်ယဲ့ဆင် သမ္မတရာထူးက နှုတ်ထွက်သတင်းကို သိလိုက်ပါတယ်။ သူငယ်ချင်းတစ်ယောက်က ဖုန်းဆက်ပြောတာ။
>
> 'မင်းကြားပြီးပြီလား' တဲ့။
>
> 'ဘာလဲကွ'

လို့ ကျွန်မ ပြန်မေးလိုက်ပါတယ်။
ဒီတော့မှ ဖြစ်ကြောင်းကုန်စင် သိရတာ။
တစ်နေ့လုံး ကျွန်မ ငိုနေမိတယ်။ ကျွန်မတို့ရဲ့ ပုဂ္ဂလိက ဘဝလေးတော့ (၃) လ လောက် ပျက်စီးသွားပြီဆိုတဲ့ ခံစားချက်နဲ့ ဖြစ်ပါတယ်။ ရွေးကောက်ပွဲဝင်လို့ အနိုင်ရရင်တော့ လေးနှစ်လောက် ပျက်သုဉ်းသွားပြီပေါ့']

■ **ဒီတော့ ခင်ဗျား သမ္မတ မဖြစ်ချင်ဘူးလား၊ ဖြစ်ချင်သလား။**

ယာယီသမ္မတရာထူး ထမ်းဆောင်နေချိန်မှာ စိတ်ကျေနပ်ပါတယ်။ အဲဒီစကားလုံးက အရမ်းကို ကောင်းမွန်တဲ့ စကားလုံးတော့ မဟုတ်ဘူးပေါ့ဗျာ။ ဆုံးဖြတ်ချက်တွေ ချမှတ်မယ်ဆိုရင် ကျွန်တော်က အခရာပဲ။ အတော်များများက ကျွန်တော့်အပေါ်မှာ မှုတည်နေတယ်။ ကျွန်တော်ကပဲ တာဝန်ယူရတာ။ တာဝန်ယူရတဲ့ ပီတိကို ကျွန်တော် သဘောကျပါတယ်။

ကျွန်တော့်မှာ ကိုယ်ပိုင် ဥပဒေသတွေ ရှိပါတယ်။ တစ်ခုက ဘယ်တော့မှ နောင်တမရတာပါပဲ။ ကိစ္စတစ်ခု လုပ်ပြီးတာနဲ့ ဒါ လုပ်သင့်လုပ်ထိုက်တဲ့ လုပ်ငန်းဆိုတဲ့ ဆုံးဖြတ်ချက် နိဂုံးကို ချုပ်နိုင်ပါတယ်။ နောင်တဆိုတာ မရှိပါဘူး။ အနာဂတ်ကိုပဲ မျှော်ကြည့်ဖို့ လိုအပ်ပါတယ်။ အရှည်ကို မျှော်ကြည့်ရမယ်။ အတိတ်က ချို့ယွင်းချက်တွေ၊ အမှားတွေကို ပြန်လှန်ဆန်းစစ်ရမယ်။

■ **ဘယ်လိုဘဝမျိုး သဘောကျသလဲ။**

လုပ်ငန်းစဉ် လုပ်ရင်းနဲ့ ပြီးဆုံးသွားရင် ကျေနပ်မှုမျိုးပေါ့ဗျာ။ ကျွန်တော်တို့က စက္ကန့်နှင့်အမျှ အသက်ရှင်နေရတာ။ ပြီးခဲ့တဲ့ စက္ကန့်ကို ပြန်မရနိုင်ဘူး။

■ **ခင်ဗျားပြောတာက အလွန်လေးနက်ပါတယ်။ မိုက်မဲတဲ့၊ မှားယွင်းတဲ့၊ အကျိုးမဲ့တဲ့ လုပ်ရပ်တွေကော လုပ်ဖူးပါသလား။**

လုပ်ဖူးတာပေါ့ဗျာ။

■ **ဥပမာလေး ပြောပြပါလား။**

ကောင်းပြီ။ တစ်နေ့က လီနင်ဂရက်မြို့ပြင်ကို သွားချိန်ပေါ့။ အဲဒီတုန်းက ကျွန်တော်က တက္ကသိုလ်ကျောင်းသား။ ကျွန်တော်က ထရု(၁)ကားမောင်းလာနေတာ။ နဘေးမှာက အားကစားနည်းပြဆရာလဲ ပါလာတယ်။ ပစ္စည်းအပြည့်နဲ့ ထရပ်ကားကြီး တစ်စီးက မျက်နှာချင်းဆိုင်က လာနေတယ်။ ကျွန်တော့်ကား ပြတင်းပေါက်ကဖွင့်ထားတယ်။ ကောက်ရိုးနဲ့သင်းနေတာကိုရနေတယ်။ ကွေ့တစ်ခုမှာ မျက်နှာချင်းဆိုင်က ထရပ်ကားနဲ့ တွေ့တယ်။ ကျွန်တော်က ပြတင်းပေါက်ကို ကျော်ပြီးကောက်ရိုးကို လှမ်းဆွဲလိုက်တယ်။ ဒီမှာတင် ကားက ဘီးချော်သွားတယ်။ ကျွန်တော့်ကားလက်ကိုင်ဘီး လွတ်သွားတယ်။ ကားက ထရပ်ကားဘီးနား တိုးဝင်သွားတယ်။ ကျွန်တော် လက်ကိုင်ဘီးကို ဆွဲလိုက်ရတယ်။ ကားက လမ်းဘေးမြောင်းထဲထိုးကျသွားတယ်။ ကံကောင်းတယ်ဗျာ။ ကားကို လမ်းပေါ် အလွယ်တကူ ပြန်တင်လိုက်နိုင်တယ်။



ကျွန်တော့်ရဲ့ အားကစားနည်းပြဆရာက စကား မပြောနိုင်ဘူး။ ကြက်သေသေနေတယ်။ ကားပေါ်မှာ ဘာမှ မပြောပေမယ့် ဟော်တယ်လဲ ရောက်ကော
'မင်း အရဲစွန့်လွန်းတယ်'
ပြောပြီး လှည့်ထွက်သွားတယ်။
'ကျွန်တော် အဓိပ္ပာယ်မရှိတဲ့ အလုပ် လုပ်တာပဲပေါ့'
ထရပ်ကားရှိရာကို သွားချင်အောင် ဘယ်အရာက ပြုလုပ်လိုက်တာပါလဲ။ ဖြစ်နိုင်တာကတော့ ကောက်ရိုးနံ့ပဲ ထင်ပါရဲ့ဗျာ။

အောင်မင်းသိုက်

An Astonishingly Frank Self Portrait by RUSSIA'S PRESIDENT

# Biography



ရုတ်တရက် မထင်မှတ်ဘဲ နိုင်ငံရေးဇာတ်ခုံပေါ်သို့ တက်ရောက်လာခဲ့ပြီး အင်အားကြီးမားသော၊ အလွန်လည်းရှုပ်ထွေးသော၊ ဆတ်ဆတ်ထိမခံသော နိုင်ငံကြီးတစ်နိုင်ငံ၏ ဩဇာအာဏာကိုရခဲ့သူ ----။

## ဗလာဒီမာပူတင်

# သံမဏိအပြုံးနှင့်လူ

"သံမဏိအပြုံးနှင့်လူ" ပူတင်သည် ၂၁ရာစုခေတ် စစ်အေးကာလခေတ်လွန် ရုရှားနိုင်ငံ၏ ခေါင်းဆောင်တစ်ယောက်၏ အတ္ထုပ္ပတ္တိ ဖြစ်သည်။ အတ္ထုပ္ပတ္တိစာအုပ်ဆိုသော်လည်း၊ ပျင်းစရာကောင်းသည့် စကားပြေအရေးအသားဖြင့်ရေးထားသည့် အတ္ထုပ္ပတ္တိစာအုပ်မဟုတ်။ တွေ့ဆုံမေးမြန်းခန်းများ၊ ရှားပါးဓါတ်ပုံများ ပါဝင်သည့်အတ္ထုပ္ပတ္တိစာအုပ်ဖြစ်သည်။

ရုရှခေါင်းဆောင်များသည် သူတို့၏ဘဝကို ပွင့်ပွင့်လင်းလင်းပြောဆိုခြင်းများ လုံးဝမရှိခဲ့ဘူးချေ။ ပူတင်ကတော့ သူကျင်လည်ကျက်စားခဲ့ရသောဘဝကို ပြောင်ဖွင့်ဟခဲ့သည်။ ထောက်လှမ်းရေးသမားဘဝ၊ ပြီးမှ နိုင်ငံရေးသမား ယဲ့(လ်)ဆင်က ဝန်ကြီးချုပ်အဖြစ်ခန့်ထားခြင်းခံရသူ။ အနာဂတ်ရုရှနိုင်ငံ၏ ကံကြမ္မာကို မင်းပဲစောင့်ရှောက်ပါဟု ပြောကြားခံရသူ။ မည်သို့ပင်ဖြစ်စေ ပူတင်သည် အလွန်သိရခက်သူဟု ထင်ရှားသည်။ ယခုတော့ အသိရခက်သည့်ကန့်လန့်ကာကို မတင်လိုက်သည့်အခါတွင် ပူတင်၏ အောင်မြင်မှုနှင့် ကျဆုံးမှုများကို မျက်ဝါးထင်ထင် တွေ့မြင်ရပြီဖြစ်သည်။

ပူတင် ဘဝဇာတ်လမ်းသည် နိုင်ငံတကာနိုင်ငံရေးလောကတွင် အရေးပါဆုံးမှတ်တိုင်တစ်ခု(ဝ်)မှတ်တမ်းတစ်ရပ်ဖြစ်သည်။

0010568001

PYI ZONE

ပြည့်စုံစာအုပ်တိုက်မှ ထုတ်ဝေသည်။